အဘိဂန္ဓိရာဘာဝဋ္ဌပ်ံဝုတ္ထုန်း

၁၄၂၂၅

နိကာယဆေက- နိကာယအတ္ထကောဝိဒ- နိကာယဂန္ဌဘာဏက
ဝိပဿနာ-ဉာဏ်စရိယ-ထေရဝါဒသမ္မာပထ ဝိတဇ္ဇဝါဒီ
ဖြစ်သော

ရန်ကုန်မြို့ ဆူးလေမဃကထိက

ဆရာကြီး ဦးမြင့်သိန်း

ရေးသားစီရင်သော

အဘိဓမ္မတ္ထသင်္ဂဟ

သဘာဝစွယ်စုံကျမ်း

ထေရဝါဒဗုဒ္ဓသာသနာကို ယုံကြည်သူတိုင်းလေ့လာသင့်သည်။

A

၁၉၇၇-ခု၊ စက်တင်ဘာလ။
အုပ်ရေ ၂၀၀၀
ဒုတိယအကြိမ်။

စမ္မဒါန

ပန်းချီ ဦးမြင့်မောင်
ဘလောက် သောင်းလှ
အဖုံးရိုက် ရာကျော်
ဘာသာရေးကင်းလွတ်ခွင့် အမှတ် ၉၉၆၆

ထုတ်ဝေသူ
ကင်းလွတ်ခွင့်အမှတ် ပ၃၉၇၀
ဦးတင်အောင်၊ ၃-၄၊ သထုံလမ်း၊ တက္ကသိုလ်ဝင်း၊ ရန်ကုန်။

ပုံနှိပ်သူ
ဦးကျော်လုံး (မြ-၀၁၄၁၀)
ရာကျော် ပုံနှိပ်တိုက်
အမှတ် ၂၁၃၊ ၃၀-လမ်း၊ ရန်ကုန်မြို့။

မာတိကာ

ပထမ ကဏ္ဍ

ပလ္လင်ဖွင့် ဗာဟိရနိဒါန်း

လူမျိုး ၁၀၁-ပါး
ဗုဒ္ဓဘာသာဝင်ဆောင်အား
နိဗ္ဗာန်နှင့် ဝေးခဲ့ကြပြီ
ထေရဝါဒကား-ဖြူစင်လျက်ပင်
အဝတ်ပြာဓြာကြောင့်
မြန်မာပြည်သို့

ပန္နက်ချ အဋ္ဌတ္တိုက နိဒါန်း

နိတတ္ထုန့် နေယျုတ္ထ
ဓမ္မစကြာ မိဂဒါဝုန်
ခန္ဓာ ဒုယ ဟောတော်မူပုံ
နိဗ္ဗာန်အကြောင်း ပုံပြောသလို
အနတ္တညာဏ်၌ မတွေဝေဆောင့်
ဥပါဒါနက္ခန္ဓာချုပ်လျှင် နိဗ္ဗာန်
နိဗ္ဗာန်သည် ဌိတိ ဘာဝ သဘော
နိဗ္ဗာန်ဟာ ခန္ဓာကိုယ်မှာလား
ခန္ဓာနှင့်နိဗ္ဗာန် ဘယ်လိုစပ်သလဲ

မီးခြစ်ဆံနှင့် ယမ်းကော်ပတ် ဥပမာ
အနန္တမည်သော နိဗ္ဗာန်
နိဗ္ဗာန်အဖြေ ၄-ခု
ရတနာတွယ ပဏာမ
သဘာဝ သုခဓာတ်

အဇ္ဈတ္တဝိညာဏ်နှင့်ဗဟိဒ္ဓဝိညာဏ်ကို ပြဆိုခြင်း

စရိယ ၃-ပါး
အာရုံကို သိရုံမျှသာ
အနန္တံ သဗ္ဗတော ပဘံ
ထုက်သက် ဝင်သက် အားထုတ်လျှင်
နိဗ္ဗတ္တိ လက္ခဏာ တွေ့ရပုံ
ယောဂီတို့သတိ
သန်္ဓါရကြောင့်ဖြစ်သောဝိညာဏ်
မြေငန်းကြီးနှင့် ဖါးသူငယ်
မြင်ခြင်းအကျိုးငှာ ဆင်ခြင်စိတ်
အကုသိုလ်တို့ကို ခွင့်ပေးလိုက်ပုံ

အညာဏစရိယကို ပြဆိုခြင်း

ရာဂနှင့်တကွ အညာဏစရိယ
အမှန်အတိုင်းမသိက အညာဏစရိယ
မြင်မှုကိစ္စ ဆောင်ရွယ်ပုံ
ဝိပဿနာရှုနိုင်သော တရားမဟုတ်
ရုပ်တဖွဲးဖွဲးဆိုသောစကား

ဉာဏစရိယကို ပြဆိုခြင်း

အမှန်အတိုင်းသိက ဉာဏစရိယ
ဝိညာဏ် ၂-ပါး
ဥပါဒါနက္ခန္ဓာသည်ရော ဂါ

အနုပါဒါနက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာကို
ဒွယအာဒေးဖြင့် ပြဆိုခြင်း

သမ္မာဒိဋ္ဌိဖြစ်နည်း

အာရုံဒွယဖြစ်ပုံကို ပြဆိုခြင်း

အတ္တလာဒ္ဓသော ဝညာဏ ၂-ခု
အမှန်သိနှင့် အမှားသိ
အရိယာဒေသျင်တို့၏ သံသရာ
လက်ဝဲ လက်ယာ
အတ္ထပဋိသမ္ဘိဒါဉာဏ်

သမုဒယော နတ္ထိကို ပြဆိုခြင်း

ပရဝါဒီနှင့် သကဝါဒီ

ပုဗ္ဗန္တဗ္ဗာနုသို့

နိရောဓော အတ္ထိကို ပြဆိုခြင်း

အစွန်းနှစ်ဖက်ကို ပြဆိုခြင်း

မဇ္ဈိမ ပဋိပဒါတရား
လမ်းမှားသို့ မရောက်နိုင်

စရုမတ္ထတရားလေးပါးကို အနုစိတ်၍ ပြဆိုခြင်း

ခမ္မာရုံ သုံးမျိုး
နိရောဓ သုံးမျိုး
အတ္တ သတ္တိ မရှိပုံ
ဇာဂရဒေါသချုပ်ခြင်း နိရောဓ
ချပ်ကြီးလေးပါး ဖြစ်အတူ ပျက်အတူ
ဘူတရုပ်နှင့် ဥပါဒါယရုပ်
ရုပ်နှစ်ဆယ့်ရှစ်ပါး၏ ဇယားပုံ
မဟာဘူတ
ရုပ်ငယ်နှစ်ဆယ့်လေးပါး

ဥပါဒါနက္ခန္ဓာ ငါးပါးကို ပြဆိုခြင်း

ဝိညာဏစရိယ
ကိလေသာဟူ၍ မြူမျှမရှိ
နွားပိုင်ရှင်နှင့် ခြံတံခါး
ဤ သံသရာလောက
ပုထုဇဉ်တွေ့ မပျင်းရအောင်
လေသာပြူတင်းနှင့် ရှုမျှော်ခင်း
သုခဘလှည့်၊ ဒုက္ခတလှည့်
ခန္ဓာအိမ်ဆောက်ရင်း မီးလောင်ရင်း

လောကသံသရာကို ပြဆိုခြင်း

အဝိဇ္ဇာနှင့် တဏှာအခဲကိုပြခြင်း

အဝိဇ္ဇာကို ပြဆိုခြင်း

သခ်ၤါရကို ပြဆိုခြင်း ၁၀၈

ကထိက အမျိုးမျိုး
စိတ်မချရသော တိဟိတ်

ဝိညာဏ်ကို ပြဆိုခြင်း ၁၁၂

နာမ်ရုပ်နှစ်ပါးကို ပြဆိုခြင်း ၁၁၅
ဆောင်ပုဒ်

ဆ အာယတနကို ပြဆိုခြင်း ၁၁၈

ဖဿကို ပြဆိုခြင်း ၁၂၁
အထင်မှားပုံ
သံသရာစက် ရပ်ရန်မှာ

ဝေဒနာကို ပြဆိုခြင်း ၁၂၄
မပယ်အပ်နှင့် ပယ်အပ်
ဝေဒနာနှင့် ယခုခေတ်ယောဂီ

တဏှာကို ပြဆိုခြင်း ၁၂၇
တရာ့ရှစ် မြောက်ပွားပုံ ဆောင်ပုဒ်
မြောက်ပွားပုံ
ဓမ္မတဏှာ
ကာမတဏှာ
ဘဝတဏှာ
ဝိဘဝတဏှာ
လောဘ ၂-ပါး

ဥပါဒါန်ကို ပြဆိုခြင်း

ဘေးကြီးလေးပါး

ဘဝကို ပြဆိုခြင်း

ဝိပါကဝဋ်

ဇာတိနှင့် ဇရာမရဏကို ပြဆိုခြင်း

နည်းလေးပါး

ယမကရဟန်း ချွတ်ရပုံ

ဘုရားကို မစွပ်စွဲပါနှင့်

သတ္တဝါဟု မရပါဘဲလျက်

အာသဝေါတို့မှ လွတ်ခြင်း

ဇာတိ ၂-မျိုး

ပရမတ္ထဇာတိ ဖြစ်ပုံ

ပဋိစ္စ သမုပ္ပါဒ်ဇာတိ

ဒုယဒပျောက်၍ မင်္ဂိုလ်မရ

ပရမတ္ထ မရဏ

အရိယာတို့ အပန်းဖြေရာ

လက်ဖြန့်ပြ ဆန္ဒရဂကင်း

သတ္တဇီဝ ချုပ်ငြိမ်းနေပုံ

ပူသောမီးမျိုးမဟုတ်

မခံသာသော မီး ၁၁-ပါး

ချစ်သူနှင့် အတူနေရခြင်းဒုက္ခ

ဥပါဒါန်ပြုတ်မှ မီးငြိမ်း

ဥပါဒါနက္ခန္ဓာသည် ဘေး

ဒုတိယ ကဏ္ဍ

ဂဟဏုပါဒါန်ဝါဒကို ပြဆိုခြင်း

တဏှာမရှိသောခန္ဓာ
အောင်သော မာရ်ငါးပါး
ရှင်းလင်းချက်
အရဟာတ္တဖိုလ် ဝိညာဏ်တော်

သန်တအနတ္တနှင့် အသန်တအနတ္တကို ပြဆိုခြင်း

အနိစ္စနှင့် ငြမ်းဝါးတို့တူ၏
ရဟန္တာပုဂ္ဂိုလ်၏ စုတိနောင်မဟုတ်
အနန္တ နိဗ္ဗာန်တော်
ဘုရားရှင် မဖြေသော အမေး
ကိုယ်တိုင်မြင်အောင်အားထုတ်မှ
ဂင်္ဂါရေနှင့် ယမုနာရေ ဥပမာ
စုတိနောင် ဥပသမတ်ဟု မဟော
ပုဒ္ဓဝါဒနှင့် လောကတ် သိပံ
မင်္ဂကိစ္စ ဖိုလ်ကိစ္စက တလမ်း
နှမြောဘွယ် အမေရိကန်ပညာရှင်
ပုဒ္ဓပျက်ရယ်ပြုခြင်း
ဘာသာမပြန်ရန် တားခဲ့၏

မုချအနက်ကို မသိရှာသူများ
ချာတိတ်ကြီး အုန်းသီးစားသလို

သဗ္ဗညုတဉာဏ်ကို ပြဆိုခြင်း

သဗ္ဗညုတဉာဏ်နှင့် အဓနာဂတ်တိုင်းပညာရှိ
အသင်္ခ်ာ ဆိုသည်မှာ
စျာန်နှင့်ဉာဏ် ခြားနားပုံ
မြန်မာ့နယ်မြေတ ငတိ
စာဖတ်ရှုသူ၏ အဖြေ
'ထွင်းဖောက်မြင်' မျက်မှန်
ဟော-မဟော တရားနှစ်ပါး

အသင်္ခ်တနှင့်နိဗ္ဗာန် အဆုံးအဖြတ်ကို ပြဆိုခြင်း

မှဏ်ရိပ်သဘောမြင်မှ သောတာပန်
လမ်းစ တွဲသောအခါ
သမုဒြာကိုမြင်သူ ဥပမာ
ဘုရားဟောနှင့်ညှ
ရဟန္တာ စုတိပြိုးနောက် နိဗ္ဗာန်
အရဟတ္တဖိုလ် ဝိညာဏ်တော်ကျန်၏
နိဗ္ဗာန်အတွက် ကထာ ၁၁-ပါး
မရှိနှင့်အရှိ ၂မျိုး၊ ဝန်ခံတော်မူ၏
သစ္စာသုံးမျိုး ကွဲပါစေ

သိတာမှာဆုံး ကိစ္စတုံး၏
တရားအားထုတ်သူများ
တခုချုပ်လျှင် တခုကျန်၏
အနန္တဝိညာဏ်တော်
အရှမ်း မယူဆ လိုက်ပါနှင့်
ဗုဒ္ဓအား ဈာထင်သေးသူများ
အစ၊ အလယ်၊ အဆုံး ပြည့်ဝပုံ
ပဘာသရဖြစ်၍ စံနေတော်မူသည်
အနောက်နိုင်ငံ ပညာရှင်များ
ဥပနိသျတို့၏ နိဗ္ဗာန်
အနုပဋိလောမကွဇ္ဈရအားဖြင့် ဟော၏
ပဋိသန္ဓေစိတ်သည် ဌီတိဝိညာဏ်
အနန္တဓာတ် ရှင်တော်မြတ်ကြီး
အတိဂမ္ဘီရသဘာဝစွယ်စုံ
မသိတာ သိအောင်လုပ်
ဥပါဒါနကွန္ဓာ ချုပ်ငြိမ်းရန်သာ
လွယ်လွယ်နှင့်မမြင်နိုင်
အသင်္ခတ ပဟေဋ္ဌိ
စပယ်ပန်းနှင့် ပဟေဋ္ဌိဖေါ်ထုတ်ခဏ်း
နိဗ္ဗာနဓာတ် အလိုလိုဖြစ်မလာ
ပရိနိဗ္ဗာန် ၂-မျိုး
မိမိနိဗ္ဗာန်နှင့် သူတပါးနိဗ္ဗာန်

အနန္တဓဇတ် ကိုယ်တော်မြတ်
အနန္တနိဗ္ဗာန်၌ အဘယ်အရာရှိသနည်း
နိဗ္ဗာန်၌ ဝိပါက်ကမ္မဇ ရုပ် မရှိ
မာလုက္ကပုတ္တန့်ငှ် ဗုဒ္ဓ
တထာဂတ အဓိပ္ပါယ်
ဒိဋ္ဌ ၇မျိုး ဖြစ်မှာစိုး၍
အနန္တနိဗ္ဗာန်
အကြောင်းဖြစ်သောနိဗ္ဗာန်
အသောကမင်းကြီးအတွက် သင်ဘန်း
စစ်မေးပံ
ဒိဋ္ဌ ၆၂-ပါး
ဝိဘင်္ဂဝါဒီဆိုသည်မှာ
စရိယအမည်ခံယူခြင်း
ခန္ဓာအိမ်၏ ဆောင်ရွက်ရမှုငြိမ်းခြင်း
အခဲ့ခဲ့ဂါ အနှစ်ကျန်
မိမိနိဗ္ဗာန် သူတပါးနိဗ္ဗာန်
အနန္တဓဇတ် ကိုယ်တော်မြတ်
သဇီဝရဟန္တာနှင့် နိဇ္ဇီဝဓဇတ်
သေပြီးမှ နိဗ္ဗာန်အစဲ့အလမ်း
စုတိမက္ခဏိက ပမာဏအတိုင်း
ဥတ္တမ ပရမတ္ထ အနန္တနိဗ္ဗာန်

ဟိုမ္ပဘာက်ကမ်း
အသံတူ၏ အတ္ထမ္ဘတူ
အရိပ်ထုက် နှင့် မထုက်
မင်္ဂလိက် ဖိလ်ဆိုက်
လူဝတ်နှင့် ရဟန္တာ
သောတာပန်နှင့် အရက်

တတိယ ကဏ္ဍ

လက္ခဏာဒွယကို ပြဆိုခြင်း

ဥပါဒါဝိညာဏ်ချုပ်ကာ၊ နာမ်ရုပ်ချုပ်
ချုပ်မချုပ်သိလျှင် ရှင်းသွားပြီ
ဝိပဿနာလုပ်ငန်း ဆိုသည်မှာ
ခေါင်းလောင်းလှူသူ ဥပမာ
သင်္ခါရဒုက္ခငြိမ်းသောအလုပ်
သိမြင်ရမည့် ဤ ၅-ချက်

ဝန်ထုပ်ကို ပြဆိုခြင်း

ဝန်ထုပ်ဘယ်နေရာ၌ ချသနည်း
နာမ်နှင့်ရုပ်ဖြစ်ပုံကို ပြဆိုခြင်း
ဖဿ ဖြစ်ခြင်း
ပရမတ္ထ၏ နိဗ္ဗတ္တိလက္ခဏာကို ပြဆိုခြင်း

ပရမတ္ထ၏ ဝိပရိဏာမ လက္ခဏာကို ပြဆိုခြင်း ၂၇၅

ယောဂိတို့ သတိ
ဉဒယဗ္ဗယဉာဏ

ဝေဒနာဖြစ်ပုံ ချုပ်ပုံကိုပြဆိုခြင်း ၂၇၉

ဣန္ဒြိယ အနုတ္တရ ဘာဝနာကို ပြဆိုခြင်း ၂၈၃

လျှောက်ထားပုံ
ကြည့်ရှုင် ဘယ်လိုဖြစ်တတ်သလဲ
ဤလိုကျင့်ကြပါ
အဓိပ္ပါယ်(မလွတ်မြောက်သောတရား)
အဓိပ္ပါယ်(ဆဋ္ဌဂုံပေကွာဉာဏ်)
နေ့ဟမ္မသိတ ဥပက္ခာ
အဓိပ္ပါယ် (ဒိဋ္ဌ ဒိဋ္ဌ မတ္တံအစစ်)
ဝိပဿနုပေက္ခာဉာဏ်
အထူးစီစစ်ချက်
ဝိပဿနုပေက္ခာနှင့် ပရမတ္ထခန္ဓာ
ဝိပဿနုပေက္ခာဖြင့်ပုံ
ဗုဒ္ဓအလိုတော်
ဆိုလိုရင်းအဓိပ္ပါယ်
ဧစ ဌစုံလင်အောင်
အဓိပ္ပါယ် ရဟန္တာ၏ ခံစားမှု

မေးဘွယ်ရှိ၏
ဥပေက္ခာဟူသည်
အဓိပ္ပါယ် လူတို့ထင်မြင်နိုင်ရန် ခက်၏
ပဥ္စုပါဒါနက္ခန္ဓာငါးပါးကို ဟောခဏ်း
ပါဠိတော်၏ နိဒဿနအားဖြင့်
အနာဂတ်၌ ဥပါဒါန် မဖြစ်စေရန်
အနာထပိဏ်သူဌေး ကွယ်လွန်ခြင်း
ရဟန္တာနှင့် ဥပေက္ခာ
ဝါဒနှစ်ပါးနှင့် ဥပေက္ခာ
ဝတ်ကြောင်နှင့် ဣန္ဒြိယဘာဝနာ
ပစ္စုပ္ပန်၌ ဥပါဒါန်မဖြစ်စေရန်
သတ္တဇီဝ မရှိသော်လည်း
အနက်မှန်
ပန်ကြားချက်

နိဂမနံ

မာတိကာပြီး၏။

ပလ္လင်ဖွင့်
ဗာဟိရ နိဒါန်း

ပထမ ကဏ္ဍ

လူမျိုး ၁၀၁-ပါး

ဤဇမ္ဗူဒီပါကျွန်းအလုံး၌ လောကဓာတ်ပညာ အလိုအားဖြင့်-

၁။ အာရျတိုက်

၂။ ဥရောပတိုက်

၃။ အာဖရိကတိုက်

၄။ သြစတြေလိယတိုက်

၅။ မြောက်အမေရိကတိုက်

၆။ တောင်အမေရိကတိုက်နှင့်

၇၊ အန္တာတိတ်ကတိုက်

(တောင်ဝင်ရိုးဖျားတွင် ရှိသည့်တိုက်)

ဟု တိုက်ကြီး ခုနှစ်တိုက်ရှိရာ၊ တိုက်ကြီးတတိုက်တိုက်တွင် နေထိုင်ကြသည့်လူမျိုးတို့၏အရေအတွက်မှာအရာမကမျှားလှစွာ၏။

အတိဂမ္ဘီရ ဘာသာဝစ္ဆယ်စုံကျမ်း

အိန္ဒိယပြည်နှင့် မြန်မာပြည်တို့သည် အာရှတိုက်ထဲတွင် ပါဝင်လျက်ရှိသည့် ပြည်နှစ်ပြည်ဖြစ်ရာ ထိုနှစ်ပြည်တို့၌ နေထိုင်ကြသည့် လူမျိုးဦးရေသည်ပင်-

"ကုလား ခြောက်ဆယ်
ရှမ်း သုံးဆယ်
မြန်ဝယ် သတ္တ
မွန် လေးဝ"

ဟူသောလင်္ကာ(ဆောင်ပုဒ်)အရ ကုလားလူမျိုး ၆၀၊ ရှမ်းမျိုး ၃၀၊မြန်မာ ၇-မျိုး၊ မွန် ၄-မျိုး၊အားလုံးပေါင်းပါမှ ၁၀၁-မျိုးသာရှိ၍ကြောင်း မှတ်သားခဲ့ရ ဘူးလေသည်။

သို့ရာတွင် မစ္စတာဒေးဗီး ဂျော့စကော့ စသော လူမျိုးရေးဆိုင်ရာ သုဇေတသိပ္ပါရှင်တို့အလိုအားဖြင့် ဆိုသော် မြန်မာတပြည်တည်းတွင်ပင် လူမျိုးဦးရေကို စကားအသံထွက်အလိုက် စိတ်ဖြာခဲ့ခြင်း၍ ရေတွက်ကြည့်သောအခါ၌ အမျိုးပေါင်း ၁၂၀-ခန့်မျှ ထွက်ပေါ်လာသည်ကို တွေ့ရှိရသည်ဟု ဆို၏။

ထိုလူမျိုးတို့သည်ပင် တမျိုးနှင့်တမျိုး ယှက်စပ်၍ ပေါက်ပွားလာခဲ့ကြသောကြောင့် ယခုအခါမှာဆိုလျှင် လူမျိုး၁၂၀-ထက်ပင် ကျော်လွန်ကာ လူမျိုးဦးရေတိုးပွား၍ လာခြေမည်မှာ ယုံမှားဘွယ်မရှိပေ။

လူဦးရေအနေနှင့်ကား တိုက်ကြီးခုနှစ်တိုက် ပါဝင်သော ဤကမ္ဘာမြေပေါ်တွင် ကုလသမဂ္ဂ၏ နောက်ဆုံး ခန့်မှန်းချက်အရ ကမ္ဘာလူဦးရေမှာ သန်းပေါင်း ၃၁၃၅-အမှတ်သို့ ထိုးဆောင်တိုးပွားလာခဲ့လေပြီ။

ဗုဒ္ဓဘာသာဝင် အင်အား

ကမ္ဘာ့လူမျိုးတို့တွင် မိမိတို့သက်ဝင် ယုံကြည်မှုဖြင့်၊အား‌ကိုး အားထားပြု၍ ကိုးကွယ်ဆည်းကပ်လာခဲ့ကြသော အရင်းခံမူလ မြစ်မကြီး သဖွယ်ဖြစ်သော ဘာသာကြီးတို့သည်ကား လေးမျိုး လေးစားရှိလေသည်။ ထိုလေးမျိုးတို့တွင် ဗုဒ္ဓဘာသာဝင်တို့မှာ အင်အား အကောင်းဆုံး ဖြစ်ခဲ့သည်။ မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာန စာအုပ်၏ ခန့်မှန်းချက်အရ ၉၃၅-ခုနှစ်မှာ ကမ္ဘာ့ တွင် လူဦးရေ ၁၆၄-ကုဋေခဲ့လောက် ရှိစဉ်က ကုဋေပေါင်း ၅၀ မှာ ဗုဒ္ဓဘာသာဝင်များဖြစ်၍ ကမ္ဘာ၏လူဦးရေ သုံးပုံ တပုံ နီး ပါးမျှ ကိုးကွယ်သော ဘာသာကြီး တရပ် ဖြစ်ခဲ့လေသည်။ ဤ ကုဋေ ၅၀-တွင် ထေရာဝါဒ ဂိုဏ်းဝင် တောင်ပိုင်း ဗုဒ္ဓဘာသာ ၂၅-သန်းနှင့် မဟာယာနဂိုဏ်းဝင် မြောက်ပိုင်းဗုဒ္ဓဘာသာသန် ပေါင်း ၄၆၀-ခန့်ရှိသည်ဟု ဘော်ပြထားသည်။ ၂-ရပ်ပေါင်း သော် သန်းပေါင်း ၄၈၅-သန်းဖြစ်၏။

၁၉၆၁-ခုနှစ် ပြိတိန်နိုကာ စွယ်စုံ ကျမ်း၏ ဘာသာဝင် ဇယားတွင်မူ ကမ္ဘာတဝှန်းလုံးတွင် ဗုဒ္ဓဘာသာဝင် ဦးရေသည် ၁၅၁-သန်း ခန့်ကျော်ကျော် ရှိလိမ့်မည်ဟု တွက်ဆထားသည်။ ဤ ၁၅၁-သန်း ကျော်ထဲတွင် မြောက် အမေရိက တိုက်မှ တသိန်း ခြောက်သောင်း ငါးထောင်၊ တောင် အမေရိက တိုက်မှ တသိန်း သုံးသောင်း ငါးထောင်၊ ဥရောပတိုက်မှ တသောင်း ပါဝင် သည်ဟု အဆိုရှိသည်။ သုံးရပ်ပေါင်းသော် ဗုဒ္ဓဘာသာဝင်ဦးရေ မာ အမေရိကတိုက်နှင့် ဥရောပတိုက်မှ သုံးသိန်း တသောင်းမျှသာ ရှိ၍ ကျန်သန်းပေါင်း ၁၅၀-နှင့် ခြောက်သိန်း ကိုးသောင်းမှာ အာရှတိုက်ကချည်း ဖြစ်လေသည်။ ထိုသန်းပေါင်း ၁၅၁-သန်း

ရှိသောဗုဒ္ဓဘာသာဝင်ဦးရေမှာလည်း မဟာယာနဗုဒ္ဓဘာသာက များ၍ ထေရာဝါဒ ဗုဒ္ဓဘာသာက အလွန်နည်းပါးလေသည်။

ယခုအချိန် ကမ္ဘာပေါ်တွင် ဘာသာကြီး လေးမျိုးကို ဘာသာရှင်းတမ်း စံထိုးကြည့်လျှင် အောက်ပါ အတိုင်း တွေ့ရလိမ့်မည်။

ကမ္ဘာတဝှမ်းတွင်—

ခရစ်ယန်ဘာသာဝင်ပေါင်း	၈၈၈·	သန်းကျော်။
ဣစလံဘာသာဝင်ပေါင်း	၄၃၀·	သန်းကျော်။
ဗြာဟ္မဏ ဘာသာ ဝင်ပေါင်း	၃၃၂·	သန်းကျော်။
ဗုဒ္ဓဘာသာဝင်ပေါင်း	၁၅၁·	သန်းကျော်။

ယခုအခါ ဤဘာသာကြီးလေးမျိုးကို နှိုင်းစာ ကြည့်လျှင် ဗုဒ္ဓဘာသာသည် ကမ္ဘာ့ဘာသာကြီး လေးမျိုးတို့တွင် ထက်ဝက် မျှတောင် မီအောင်မလိုက်နိုင်သော အနိမ့်ဆုံးသော အတန်းတွင် တအံ့တသြ ကျန်ခဲ့လေသည်။ ယခုလည်း အာရှ တိုက်တွင်သာ အနည်းငယ်မျှ တိုးတက်မှုရှိလိမ့်မည် ထင်သည်။ အခြားသော တိုက်တို့တွင်ကား....တက် တက်စင် ပြောင်တလင်း ခါတော့မည် ကား မလွဲတည်း။ ဤကဲ့သို့ဘာသာကြီး လေးမျိုးတွင် အောက် တန်းစား အနိမ့်ဆုံးသော အတန်းက သွားနေရသည်မှာ အဘယ် ကြောင့်နည်း?။ အကြောင်းက အသို့နည်း?။ စာမသင်လို့ လား?။ စာမတတ်လို့ လား?။ ပျင်းလို့လား။ ရိုလို့ လား?။ မယုံကြည်လို့လား? ဟူသော လားပေါင်းများစွာဖြင့်စောဒက တက်ချလိမ့်မည်။ အချို့ပုဂ္ဂိုလ်များက စာဇရားသူအား လာမေး ကြ၏။

မေးပုံ။ ။ဆရာကြီးခင်ဗျား၊ကျွန်တော်တို့ သာသနာသည် ကုဋေငါးဆယ်ကာ၅၅၁-သန်းကျော်မျှထိလျှင်ဆင်းလာတာဟာ မူလကုဋေငါးဆယ်နှင့် စာသော်သန်းပေါင်း၃၄၉-သန်းမျှယုတ် လျှော့သွားပါတယ်။ ဒီလိုဖြစ်ရတာဟာ ဗုဒ္ဓဘာသာကမမှန်ကန်လို့လား?။ သို့မဟုတ် သာသနာ့ဝန်ထမ်းတွေက ညံ့လို့လား? ပါဠိဉ ဘာသာကိုမြန်မာလို၊ အင်္ဂလိပ်လို၊ ရုရှားလို၊ ပြင်သစ်လို၊ တရုပ်လို၊ဆန်းစကရစ် နာဂလိလို ဘာသာအသီးသီးတို့အား ဓမ္မသဘော၊ သာဘာဝသဘော၊ အတ္ထသဘောတို့ကိုနားလည်အောင် ဘာသာမပြန်နိုင်လို့လား?၊ သို့မဟုတ် သာသနာပြု တရားပြု တရားဟောတဲ့ ပုဂ္ဂိုလ်တွေက အပြုမှား၊ အပြမှား၊ အပြောမှား၊ အဟောမှားလို့လား?ဟု အမျိုးမျိုး အဖုံဖုံမေးမြန်းကြသည်။

နိဗ္ဗာန် နှင့် ဝေးခဲ့ကြပြီ

ထိုအခါ စာရေးသူသည် မိတ်ဆွေတို့၏ မေးခွန်းများကို ဖြေကြားခြင်းငှာ မဝံဖြစ်ခဲ့သည်။ အာဘယ်ကြောင့် ဆိုသော် မြန်မာပြည်တွင် ပါဠိဉ အဋ္ဌကထာ ဋီကာ အနု မဟု ယောဇနာ ဂဏ္ဌိစသောကျမ်းအစောင်စောင်တို့ကို မဂဓတိုင်းနာလန္ဒစာသင်တိုက်ကြီးကဲ့သို့ ပို့ချနိုင်သော စာတတ်အမော် ကဝိကျော်တို့သည် များစွာပင် ရှိကြကုန်၏။ ထိုသို့ပင်ရှိကြပါကုန်သော်လည်း ထိုကဝိကျော်တို့သည်ကား တကဲ့ဘာဝေ ဆိတ်ဆိတ် နေတော်မူကြ၍ကိုယ်ကျိုးကိုယ်တာဝန်ကိုသာ အလွတ်ရုန်း၍ ထွက်မြောက်တော်မူကြသောကြောင့်တည်း။ ယခု ဗုဒ္ဓဘာသာ အယူဝါဒရှိကြကုန်သော ပုဂ္ဂိုလ်တို့၏ အာသီတ အလိုဆန္ဒသည်ကား ဒါန ပြုလျှင် နိဗ္ဗာန်ကိုသာတောင့်တကြ၏။ သီလ ဆောက်တည်လျှင် နိဗ္ဗာန်ကိုသာ တောင့်တကြ၏။ ယင်းကဲ့သို့တောင့်တကြပါသော်

လည်း၊ နိဗ္ဗာန်၏အရိပ်အမြွက်မျှကိုကား ယထာဘူတ, ယထာဓမ္မ သဘာဝကျအောင် သိနိုင် မြင်နိုင်ဘို့ကို ဝေးစွ၊ အနည်းငယ်မျှ တူသယောင်ယောင်ထင်မြင်နိုင်အောင်ကိုပင် မတတ်နိုင်ကြကုန်။ ထင်အောင်မြင်အောင် ဟောပြောနိုင်သော ဆရာကိုပင် ရှာပါသော်လည်း လှဘ် လာဘကိုရှေ.ရှုသောဆရာ အသီးသီးတို့နှင့် တွေ့ကြရသဖြင့် နိဗ္ဗာန် တရားတော်မြတ်ကြီးနှင့် အဝေးကြီးဝေး၍ အဆေးကြီး ဆေးကြကုန်၏။ ယင်းသို့ အဝေးကြီး ဝေးကြကုန်သော်လည်း အပြစ်မဆိုသာ၊ အဘယ်ကြောင့်နည်း ဟူမူကား နိဗ္ဗာနဆိုသောအရာ၊ နိဗ္ဗုတဆိုသောအရာ နှစ်ပါးတို့သည် အလွန်အလွန် နက်နဲသည်ထက်နက်နဲသော အသစ်၌ ယှဉ်, အပ္ပမေယျ, ဂမ္ဘီရတ္ထဖြစ်သောကြောင့် ကျမ်းတတ် ခေါင်ထိ ကဗိအမော် စွယ်စုံသော ပုဂ္ဂိုလ်ကျော်တို့သည်သာလျှင် အမြွက်မျှညွှန်ကြားတော်မူနိုင်သောကြောင့်တည်း။

ဤမှ လွဲချော်၊ မမော်ကဝိ၊ နတ္တိဗလာ၊ ရှင်းရှင်းကွာသော ပုဂ္ဂိုလ်တို့သည်ကား....နိဗ္ဗာန, သဒ္ဒါကိုကြံနိုင်ဘို့ပေးစွ၊ ရေးရေးမျှမထင်၊ သို့ပင်ဖြစ်သော်လည်း ဟောချင်တဲ့နိဗ္ဗာန် ဥစ္ဆေဒဆန်ဆန့်နှင့် ဒိဋ္ဌတန်တန် ညှစ်ထုတ်၍ ဟောပါသော်လည်း သဘောကမပါ စကားသာရှိသဖြင့်နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အထူးမသိနိုင်ကြသောကြောင့် အေးမြသော သီတိဘာဝ ပရမတ္ထအစစ် ဥတ္တမဖြစ်သော နိဗ္ဗာန်ကို ရလိုရောက်လိုကြသူများအလွန်ပင် ရှားပါး၍ လာလေတော့ သည်သာမက အဘာဝ, ရိတ္တ, တုစ္ဆ, ဥစ္ဆိန္နနှင့် သံသယမကင်း ချောက်ထဲသို့ ဆင်းရဲမည့်အရေးကို တွေး၍သာကြောက်ကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် လူဦးရေတို့သည် တိုးတက်မှုမရှိဘဲ ဆုတ်ယုတ်၍သာ လာလေတော့သည်ဟု ဆိုလျှင် မှားနိုင်မည်မထင်။

ထေရာဝါဒကား ဖြူစင်လျက်ပင်

ထို့ပြင်တဝ သာသနာပြု ၉-တိုင်း၊၉-ဌာနသို့ အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ် သာသနာပြု ဧလ္လတ်တော်မူသော သာသနာနှစ် အပိုင်းအခြားသည်ကား(တတိယမှန်၊ပဉ္စင်းခံ၊သုံးတန်မှတ်၍ထား)ဟူသော လက်ဝအရ ၂၃၅-ဖြစ်လေသည်။ အဓိပ္ပါယ်မှာ(ပဉ္စင်းခံ)ကို ပဋိလောမယူ၍ အကွာချနုံသင့်နောက်ပြန် ကျောက်ရမည်ဖြစ်၏။ ထို တတိယ သံဂါယနာ ဝန်ဆောင် မထေရ်မြတ်ကြီး ရွေးချယ်တော်မူသော သာသနာပြု မထေရ် အသျှင်နှစ်ပါးတို့သည်ကား အသျှင်သောဏနှင့်အသျှင်ဥတ္တရမထေရ် နှစ်ပါးတို့ဖြစ်လေသည်။ ယင်း တတိယ သံဂါယနာဘင်္ဂခြင်း အကြောင်းကလည်း ဝဇ္ဇီတိုင်းသား ရဟန်းများသည် ထေရာဝါဒ ဂိုဏ်းကြီးမှ ခွဲထွက်ကာ မိမိတို့၏ အသင်းအပင်း သဘောတူ မတူတို့ကို သွေးဆောင်ဖြားယောင်း၍ အဓမ္မဝါဒီ အလဇ္ဇီနှယ်ဝင် ရဟန်းပေါင်း တသောင်းမျှ လောက်နှင့် ကောသမ္ဗီ ပြည်တွင်း အဓမ္မ ဝါဒီ ဂိုဏ်းသား ရဟန်းများသည် သံဂါယနာ တင်ကြလေသည်။ ထိုဘသောင်းဂိုဏ်းကို မဟာသံဃိတိ ဂိုဏ် းဟုအမည် တွင်စေ၍ ၎င်းတို့ဝါဒ ကျယ်ပြန့်အောင် အလွန်အမင်း အား ထုတ်ကြိုးပမ်းကြလေသည်။ ယင်းကဲ့သို့ကြိုးပမ်းစဉ်ကပင် ကော သမ္ဗီပြည် အလဇ္ဇီသာသနာမှာ ၆-ဂိုဏ်းမျှ ကွဲပြား၍ လာခဲ့ကြ ပြန်၏။ ထေရာဝါဒ ဂိုဏ်းကြီးကလည်း ၁၂-ဂိုဏ်းမျှ ကွဲပြားခဲ့ ပြန်သည်။ ယင်း ၂-ရပ်ပေါင်း တဆယ့်ရှစ်ဂိုဏ်းတို့တွင် အဓမ္မ ဝါဒီ အလဇ္ဇီ ဂိုဏ်းတို့သည်ကား....ကိုယ်ကျင့်တရားမမှန်ကန်ကြ သဖြင့်၎င်း၊ကိုးကွယ်သော ကကာတကာမများက အယုံအကြည် နည်းပါးလာ၍ အားပေးချီးမြှောက်မှုမရှိကြသောကြောင့်၎င်း၊

တစတစ တဖြေးဖြေးနှင့် ထွန်းကားမှုမရှိသဖြင့် နောက်ပိုင်းသာသနာထိအောင် မပါကြတော့ဘဲ၊ ၎င်းတို့အဝတ်သာသနာကွယ်ခဲ့လေတော့သည်။ သို့သော်လည်း ၎င်းတို့၏ အယူပါဒကား.... ကျန်ရှိနေလျက်ပင်ဖြစ်၏။

ထေရဝါဒ ၁၂-ကိုကျင်းတို့သည်လည်း တကိုကျင်းနှင့်တကိုကျင်း ကွဲပြားကြခြင်းသော်လည်း ကိုယ်ကျင့် တရားတို့မှာကား....ကိုကျင်းမူလကွဲသို့ပကတိဖြစ်သောအယူဝါဒမပြောင်းလဲဘဲ တည်ရှိကြ၏။ သို့သော် ဖြစ်သော ကိုယ်ကျင့် တရားကို မကျင့်မကြံနိုင်ကြသဖြင့် ထေရဝါဒ ကိုကျင်းကဲ့ အချို့တို့သည်လည်း ကြက်ပျောက် ငှက်ပျောက် ပျောက်၍ သွားပြီးလျင် မူလထေရဝါဒကိုကျင်းကြီးသည်သာလျင် ပိဋကတ်တော်များနှင့် အတူတကွ မားမားမတ်မတ် ယခုထက်တိုင်ကျန် ရှိနေလေသည်။

အဝတ်ပြာကြောင့်

မဟာသဂီတိခေါ် ကောသမ္ဗီ သာသနာ သည်ကား....ယခုအခါ မဟာယာနခေါ်သည်၊ အဝတ်သာသနာ ပျောက်ပြီဟုဆိုရသော်လည်း၊ အကျင့် သာသနာကား....မပျောက်သေးပေ၊ အဝတ်သာသနာဆိုသည်မှာ အိန္ဒိယမြောက်ပိုင်းမှကူးပြောင်းပြီး မြန်မာပြည်တွင် အခြေစိုက်၍ဥာဏ်နီ ဥာဏ်နက် အမျိုးမျိုးထုတ်ကာ နက်ပြာရောင် အဝတ်ကို ဝတ်၍ ပရိတ်ကိုရွတ်ပြီး အဖုံဖုံလှည့်ပြားကာ သာသနာပြုသောသူတို့ကို အဝတ်ပြာ သာသနာဟုဆိုသည်။ ထို အဝတ်ပြာဝတ်သော မဟာယာန သာသနာသည်လည်းထေရဝါဒဗုဒ္ဓသာသနာအစစ်ကိုတိမ်ကောပပျောက်အောင် ဂုဏ်သတင်း ညှိုးနွမ်းအောင် ဖြစ်လာပေါ်လာသည်ဟုဆိုလျင်လည်း မမှားနိုင်ပေ။

ထို့ပြင်တဝ အသျှင်မဟာမောဂ္ဂလိ ပုတ္တ တိဿမထေရ်မြတ်သည် ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် နှစ်ပေါင်း ၂၃၅နှစ်မြောက်သောအခါ၊ကောသမ္ဗီသာသနာမှ ဆင်းသက်ခဲ့ကြသော အလဇ္ဇီဘေးရန်သည် အလွန်ကြီးမားလျှက်၏။ ထိုအခါ မထေရ်မြတ်သည် သုတ်, ဝိနည်း, အာဘိဓမ္မာဟူ ဆိုအပ်သော ပိဋကတ်တော်တို့ကို ပဌမ, ဒုတိယ အသျှင်မဟာကဿပနှင့် အသျှင် ယသမထေရ်မြတ်ကြီးတို့ကဲ့သို့ တတိယသံဂါယနာ တင်ရန် ကြိုးစားတော်မူလေသည်။ ထိုအခါ မြတ်စွာဘုရား ဟောထားတော် မူခဲ့သော မာတိကာရှစ်ပါးကို မူတည်၍၊ သကဝါဒဋ္ဌ သုတ်ငါးရာ ပရဝါဒဋ္ဌ သုတ်ငါးရာ သုတ်ပေါင်း တဆောင်တို့ဖြင့် တန်ဆာဆင်အပ်သော ကထာဝတ္ထုကျမ်းကို ဟောတော်မူပြီးလျှင် အာသောက မင်းကြီးနှင့်တိုင်ပင်၍ တတိယသံဂါယနာ တင်တော်မူကာ၊ ၉-တိုင်း၉-ဌာနတို့ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံတော် မူကြသော တဝိဇ္ဇ,ဆဠဘိည, ပဋိသမ္ဘိဒါပတ္တာ အာသျှင်မြတ် တို့ကို ရွေးချယ်တော်မူ၍ သုဝဏ္ဏဘူမိတိုင်းခေါ် ရာမညတိုင်းသို့အသျှင်သောဏနှင့် အသျှင်ဥတ္တရ မထေရ်မြတ်နှစ်ပါးကို သာသနာပြုစေလွှတ်တော်မူလေသည်။

မြန်မာပြည်သို့

ထိုအခါ အသျှင်မြတ်နှစ်ပါးတို့သည် မြန်မာပြည် အောက်ပိုင်းသို့ ဆိုက်ရောက်ချိန်မှာပင် ဘီးလူးရက္ခိုက်ဘေးရန် ရှိနေ၍ နိုင်ငံပိုင်ဘုရင်၏ နန်းတော်မှာ ဖွါးတိုင်းဖွါးတိုင်းသော သားတော်တို့ကို ဘီလူးမျှားလာ၍စားကြ၏။ မထေရ်နှစ်ပါး ရောက်ချိန်မှာပင် သားတော်တပါး ဖွါးမြင်ခဲ့၏။ ပင်လယ်ကမ်းအပြင် ဘီလူးကျွန်းမှ အခွေအရံ အသင်းအပင်းနှင့်တက်လာသော ဘီ

လူးမကို ပြည်သူအများမြင်ကြ၍ ကြောက်ရွံ့မြည်တမ်းကြသော အခါ၊ မထေရ်နှစ်ပါးတို့က မကြောက်ကြရန် တားမြစ်၍ နှစ်သိမ့် စေပြီးလျှင်၊ အသျင်နှစ်ပါးတို့က ထိုဘီလူးတို့ထက် နှစ်ဆကြီးမား သော ဘီလူးအသွင်ကို ဖန်ဆင်းကာ၊ ဘီလူးမတို့အား နှင်ထုတ် လေသည်။ ထိုနောက် ဘီလူးတို့၏ ဘေးရန်ကိုကာကွယ်နိုင်သော ဗြဟ္မဇာလသုတ်တော်ကို ဟောတော်မူသည်ဟု သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာတွင် အောက်ပါအတိုင်းဆိုသည်၊

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ၊
ပိသာစေ နိဒ္ဓမေတ္တွာန၊ ဗြဟ္မဇာလ မဒေသယျုံ။
အနက်ကား လွယ်ပြီ။

သုဝဏ္ဏဘူမိတိုင်း၏ မြို့တော်မှာ ကလျာဏီ ကျောက်စာအရ ကေလာသ တောင်၏ အနောက် တောင်ဘက် သမုဒ္ဒရာအနီးရှိ ဂေါလမတ္တိက မြို့တော်ဖြစ်သည်ဟုဆိုသည်။

ထိုသုဝဏ္ဏဘူမိတိုင်း၌ ဗြဟ္မဇာလသုတ်ကို ဟောတော်မူခဲ့သော အခါ၌ ခြောက်သောင်းခသာဖြည်သူပြည်သားတို့တည် မင်ဖိုလ် အမြိုက်ဝရားကို ရကြလျက် သုံးထောင့် ငါးရာသော အမျိုး ကောင်းသားများနှင့် နှစ်ထောင် ငါးရာသော အမျိုးသမီးများ ရဟန်းအဖြစ်ရကြောင်းဆိုသဖြင့် ဘိက္ခုသာသနာနှင့် ဘိက္ခုနီ သာသနာများ ထွန်းကားခဲ့လေသည်။

ပန္းတိုက်ချ
အစ္ဆတိုက နိဒါန်း

နိတတ္ထ နှင့် နေယျတ္ထ

ဤသို့အားဖြင့် မြန်မာနိုင်ငံတော်တွင် ထေရဝါဒ သာသနာ ထွန်းကားသည်မှာ နှစ်ပေါင်း ၂၀၀၀-ကျော်ပြီဟု မှတ်ယူအပ်၏။ သို့သော် မြန်မာနိုင်ငံ၏ သာသနာသည် တသမတ်တည်း တည်တန့်မနေဘဲ နိမ့်ချည် မြင့်ချည်နှင့်လာခဲ့ရာ တခါတရံတွင် ယိုးဒယားနှင့် သီဟိုဠ်ဆီမှ သာသနာဆက်၍ယူကြရ၏။

သာသနာ ဆိုသော မဂဓဘာသာသည် ဘုရားကိုယ်တော် မြတ်က ဤသဘောကားကောင်း၏၊ ဤသဘောကား မကောင်း ဟု ဆိုဆုံးမသောစကားတော်ဟူသမျှကို သာသနာဆိုသည်။ ယင်း သာသနာ၌ ဆိုဆုံးမသောစကားတို့သည်ကား .. နိတတ္ထအားဖြင့် တိုက်ရိုက် ဆုံးမ ဟောကြားသော ဒေသနာ တို့လည်းရှိ၏။ နေယျတ္ထအားဖြင့် မိမိအလိုရှိအပ်သော အနက်အဓိပ္ပါယ်သို့ဆိုက် အောင် ဆောင်ယူရသောသဘောလည်းရှိ၏။ ဥပမာ= "သင်္ဘေ တသန္တိ ဒဏ္ဍာသ" ကဲ့သို့မှတ်ရမည်၊ အလုံးစုံသော သူတို့သည် ဒဏ် ထားခြင်း ဒဏ်ပေးခြင်းကို ကြောက်လန့်ကြကုန်၏ ဆိုခဲ့သော်

ရဟန္တာပုဂ္ဂိုလ်များ ကြောက်တတ် လန့်တတ်ပါသလား၊ဟု အမေးစကား ကျန်နေ ပြန်သောကြောင့်၊ ဘုရားရဟန္တာများကို ချန်လှပ်၍ ဘုရားရဟန္တာတို့မှကြွင်းသော အားလုံးသော သူများကို သာလျှင် ဓေသဒ္ဒါကန့်၍ သော်၎င်း၊ ဆောင်၍ယူအပ်သည်ကို နေယျတ္ထနည်းခေါ်သည်။ သဗ္ဗေ ဟူသောပုဒ်၌ သဗ္ဗ, သဒ္ဒါလည်း အကြွင်းထား၍ ယူအပ် သောကြောင့် "သာဝ သေသ သဗ္ဗ" ဟုမှတ်လေ။

ပါဏော နဟန္တဗ္ဗော,ဟုဖေါ်ပြတော်မူခဲ့သော်(အလုံးစုံသော သတ္တဝါ အပေါင်းကိုမသတ်အပ်)ဟု ဆိုက နောက်ထပ် စောဒက တက်ရန် မရှိတော့ သဖြင့် တိုက်ရိုက် ဟောသောကြောင့် နီတတ္ထ နည်းခေါ်သည်။ ပါဠို အဋ္ဌကထာ, ဋီကာ တို့တွင် နည်းပေါင်းများစွာ တန်ဆာဆင်၍ ဟောတော်မူအပ်သောဒေသနာတို့သည် များစွာရှိကုန်၏။

ဥပမာ=ပဉ္စုပါဒါနက္ခန္ဓေဟုတိုက်ရိုက်နီတတ္ထအားဖြင့် ဟောခဲ့သော် ဘယ်ခန္ဓာလဲ ဘာလဲဟု မေးမြန်းစရာမရှိတော့ပါ။ ဥပါဒါနက္ခန္ဓာငါးပါးကိုသာလျှင် တိုက်ရိုက် ကောက်ယူအပ်၏။ ဤကဲ့သို့မဟောဘဲ ပဉ္စက္ခန္ဓေ,ဟု ဟောခဲ့သည် ရှိသော် ဟောအပ်သော ဝါကျသို့လိုက်၍ ပရမတ္ထခန္ဓာတို့ နီတတ္ထအားဖြင့် တိုက်ရိုက် ယူအပ်သည်လည်းရှိ၏၊ မယူအပ်သည်လည်းရှိ၏။

မယူအပ်သည်တို့ကား....အဘယ်နည်း။ပဉ္စက္ခန္ဓေအနတ္တဓာတာဟူ၍၎င်း, ပဉ္စန္နံ ခန္ဓာနံ နိရောဓော,ဟူ၍၎င်း, အနုလောမ ဉာဏ်နှင့် သမ္မတ္တနိယာမဉာဏ်နှစ်ပါးကို ဆောင်၍ ဟောတော်မူသောကြောင့် နီတတ္ထအားဖြင့် မကောက်ရ။ဥပါဒါနက္ခန္ဓာငါးပါးကို ဆောင်၍ နေယျတ္ထအားဖြင့်အဓိပ္ပါယ်ကောက်ယူရသည်မှတ်ပါ။

ထို့ပြင် သဒ္ဒါဘက် ဆိုင်ရာက ကြည့်ပြန်သော် အကြောင်းတရားကို အကျိုးဒ္ဒါတင်စား၍ ဟောခြင်း ကာရကူပစာ, အကျိုးတရားကို အကြောင်းဒ္ဒါ တင်စာ၍ ဟောခြင်းဖလူပစာ, နိဗ္ဗာန မာတ်သည် အရူပ နိရောဓ သမာပတ်နှင့် အလားတူ၏ဟု အတူထား၍ ဉာဏ်သက်ဝင်နိုင်အောင် သဒ်ဿုပစာ အစရှိသော ဥပစာ ဆယ်ပါးတို့ဖြင့်လည်း ဟောထားသော ပါဠိ အဋ္ဌကထာဋီကာကျမ်း အစောင်စောင်တို့၌ မျှားစွာတွေ့ရသည်ကား....မလွဲတည်း။

ဓမ္မစကြာမိဂဒါဝုန်

ဂင်းပြင် ပုဒ်ပဒ တခုတည်းဖြင့် အနက်နှစ်ပါးကို ရှုနိုင်သော ဘိန္နသတ္တိ သမဝေတ နည်း၊ တပုဒ်တည်းဖြစ်လျက် အချင်းချင်း စပ်၍ မျှားစွာသော အနက်ကို ဟောစမ်းနိုင်သော သိလေသ နည်း၊ မိမိလိုအပ်သော အဓိပ္ပါယ်သို့ရောက်အောင် ယူရသော ဗျဉ်္ဇန တွဲနည်းစသော မျှားစွာသော နည်းတို့ဖြင့် တန်ဆာဆင်၍ ပါဠိ အဋ္ဌကထာ၊ ဋီကာတို့၌ ဖွဲ့ဆိုဟောကြားထားသော ဝါကျရှည် ဝါကျတို့ စုဇ္ဈိယ ဂါထာတို့သည် မျှားစွာပင်ရှိကြကုန်၏။

ထို့ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဟောကြားတော်မူအပ်သော ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန်တရားတော်တို့တွင် အနုတ္တ ဓမ္မခန္ဓာတပုဒ်ကိုပင် ဝေနေယျတို့ဉာဏ်၌ ခြိုက်ခနဲ ဟိုက်ခနဲ သဘောကျလောက်အောင် ရေသား ထုတ်ဆောင်ဘို့ရာ အလွန်တလွန် ဝန်လေးလှ၏။ ထို့ထက် အဆပေါင်းမျှားစွာ နှိုင်းယှဉ်ရာ မရသည့် သီတိဘာဝ ဉာဏသခင် သဗ္ဗညုတ အရှင်တို့သည်သာလျှင် တိတိကျကျ အားရုံတော် ပြုစမ်းနိုင်သည့် အနန္တ

ဓာတ် နိဗ္ဗာန် ရှေ့ပြည့်မြတ်ကို ကလောင်သွေးဖြင့် သဘောကျ အောင် ဖေါ်ထုတ်ရမည် ဖြစ်သော်ကြောင့်၊ အနတ္တဥာဏ်ထက် သာလွန်၍ပင် ဝန်လေးပြန်၏။ သို့ပေတမင့် အခွင့် ရောက်လာ ခက်ခဲစွာကို ဖြေကာဖွင့်လှစ် အရည်စစ်၍ အဆီကို ညှစ်ပြီးလျှင် ဝေနေယျတို့အား သြသဓ အမြိုက်ဆေးကို တိုက် ကျွေး ရမည် ဖြစ်သောကြောင့် ယထာဓမ္မ ဒုလ္လဘဂါထာ ဂမ္ဘီရ ဝိသယာကို ဓမ္မစကြာ မိဂဒါဝုန်ကစ၍ ပန္နက်ချပါအံ့သတည်း။

အပိယေဟိ သမ္မယောဂေါ ဒုက္ခော။

အပိယေဟိ၊ဥပါဒါန်အာရုံကြောင့် ချစ်စရာ ခင်စရာမထင် အပြစ်ကိုသာ မြင်လျက် မချစ်နိုင် မခင်နိုင်သောသူတို့နှင့်၊ ဝါ၊ ငရဲ,တိရိစ္ဆာန်,ပြိတ်,အသုရာ မသမာ ညစ်ဆိုး အပါယ်အိုးတို့နှင့်၊ဝါ၊ အနှူအရွဲ့ အဝဲ အကဏ်း ဘဝဝိပါက်ကြမ်းတို့နှင့်၊ ဝါ၊ဒိဋ္ဌဘေး ဒဏ်တကျာရန်တို့နှင့်(သိလေသနည်း)။သမ္မယောဂေါ၊ယှဉ်တွဲ၍ နေရခြင်းသည်။ဒုက္ခော၊ဆင်းရဲ၏။

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

ပိယေဟိ၊ ပဋ္ဌုပါဒါန် မျက်လှည့်ဟန်ကြောင့် တန်တန်ရစ်ဝဲ အချစ်၍စွဲနေသော သူတို့နှင့်။ဝိပ္ပယောဂေါ၊အတူတကွ မတွဲရဘဲ ကွဲကွာ၍ နေရခြင်းသည်။ ဒုက္ခော၊ဆင် ရဲ၏။

ယမ္ပိစ္ဆံ နလာဘံ တမ္ပိ ဒုက္ခံ။

သံခိတ္တေန ပဋ္ဌုပါဒါနက္ခန္ဓာ ဒုက္ခာ။

ယပိစ္ဆံ အကြွင်အလုံရှိအပ်တဲ့ သဘောတရား အမျိုးမျိုးကို။ နလာဘတိ၊ မရ။ တမ္ပိ၊ ထိုမရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်းအားဖြင့်၊ပဋ္ဌုပါဒါနက္ခန္ဓာ၊ ဥပါဒါန်က္ခန္ဓာ ငါးပါးတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ခန္ဓာ ဒုဃ ဟောတော်မူပုံ

ဤကဲ့သို့ဒုက္ခဟူသမျှ၌ ဝိပဿနာရှုနိုင်သော ဒုက္ခမျိုးတို့သည်ကား... အဝိဇ္ဇာ တဏှာ ဥပါဒါန်ကြောင့်ဖြစ်သောသင်္ခါရ ဒုက္ခတရားမျိုးကိုသာ ရှုရမည်ဟုဆိုလိုသည်။ ထို့ကြောင့် ပဉ္စက္ခန္ဓာဟူ၍၎င်း၊ ပဉ္စုပါဒါနက္ခန္ဓာ ဟူ၍၎င်း၊ ခန္ဓာဒုဃကို ဘုရားရှင်ဟောတော်မူသည်။ ပရမတ္ထ ခန္ဓာသည် ပဋိစ္စသမုပ္ပါဒ် လောကသံသရာတွင်းတရားမဟုတ်၊ ခန္ဓပရိနိဗ္ဗာန်ပြုလတ္တံ့သော ပရိနိဗ္ဗန္တ ပုဂ္ဂိုလ်တို့၏၊ ဝါ၊ရဟန္တာအသျှင်မြတ်တို့၏ ခန္ဓပရိနိဗ္ဗာန်မပြုခင် ခေတ္တ ခိုလှုံနေကြသော နိဿရဏာ သံသရာ ခေါ်သည်။ ပရိနိဗ္ဗန္တပုဂ္ဂိုလ်တို့ကား....ဥပါဒါနက္ခန္ဓာငါးပါးချုပ်ငြိမ်း ပြီးကြ၍ကိုလေသ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့ ဟူ၍ သမုတ်လျှင်လည်းသမုတ်နိုင်၏။ ကိလေသာချုပ်ဆဲ ချုပ်လတ္တံ့ပုဂ္ဂိုလ်ကို ကိလေသပရိနိဗ္ဗန္တ ပုဂ္ဂိုလ်ဟူ၍ခေါ် (အနာဂါမ်မှတ်)၊ ဤကဲ့သို့ ဗျင်္ဂ္ဂတ္ထဘောကိုယူဆကာ ကောက်တတ်မှ သဘာဝ သဘောကို မြင်နိုင်မည်။

တနည်းအားဖြင့်ဆိုသော် သဘာဝနှင့်မဆန့်ကျင်ဘဲ ရသင့်ရထိုက် ယူသင့်ယူထိုက်သော နည်းသည်ကား ယထာလာဘနည်းမည်၏။ ထို့ကြောင့် နိဗ္ဗုနဓောတ်သည် ဂမ္ဘီရာ ဂမ္ဘီရဖြစ်၍ အလွန်အလွန် နက်နဲသည်ထက် နက်နဲ၏ဟုမှတ်ရမည်၊နိဗ္ဗာန်ရောက်ရန်အလုပ်ကို ပေါ့ပေါ့တန်တန် ခလေးကစားသလို လုပ်၍မဖြစ်ဟု မြဲမြံမှတ်ပါ။

နိဗ္ဗာန်အကြောင်း ပုံပြောသလို

ထို့ကြောင့်မဟုတ်ခလာ၊ ဆရာထက် ဆရာတို့သည် နိဗ္ဗာန်ရောက်ကြောင်းတရားကို သူတပါးက မေးသောအခါ ဒါနကို

ကြိုးစားပြု ဟူ၍ ၎င်း၊ သီလကို မျှားမျှားကြီး ဆောက်တည် ဟူ၍၎င်း၊ သက်သတ်လွှတ် မျှားမျှားစား ဟူ၍၎င်း၊ အမျိုးမျိုး တန်ဆာဆင်၍ ဟောကြ ပြောကြ၏။ ထို့ပြင် နိဗ္ဗာန် ဆိုသည်ကား သေပြီးသည့်နောက် ဇာတိမပေါ်လာ မဖြစ်လာ တာကို နိဗ္ဗာန်ရောက်သည် ဟူ၍၎င်း၊ ရုပ်နာမ်နှစ်ပါး ချုပ်လျှင် နိဗ္ဗာန် ရောက်တာဘဲဟူ၍၎င်း၊တချို့ကတော့ နိဗ္ဗာန်ရောက်သူတို့သည် ရုပ်နာမ်နှစ်ပါးမှ၍သဖြင့် အေးသွားတာဘဲ ငြိမ်းသွားတာဘဲ ဟူ၍၎င်း၊နိဗ္ဗာန်ရောက်သူတို့သည် ဘာမှမရှိတော့ဟူ၍၎င်း၊ကျိုက်သို့ပေါ့ပေါ့တန်တန် ခလေးတွေကို ပုံပြောသလို ပြောကြ၏။ ယင်းကဲ့သို့ ရောရဲရဲပြောဟောကြသဖြင့် နိဗ္ဗာန်ကို လိုချင်တဲ့ သူများ ရှားပါး၍ လာခဲ့လေသည်။

ဥပမာ= ဤ လောကတွင် ပြေ လည်အောင် မဖြေရှင်းနိုင် သော အရာဌာနဟူသမျှကို လူသားတို့သည် အာရုံမရှိကြသလို ယင်းနိဗ္ဗာနဓာတ်ကိုလည်း ပြေလည်အောင် မဖြေရှင်းနိုင်ပါက ဘယ်သူမှ အာရုံမရှိ တော့သဖြင့် တဖြည်းဖြည်း တိမ်ကော ပပျောက်ရ၏ဟူလို။

သို့အတွက် အလှန်နက်နဲသော နိဗ္ဗာန်ကို ဟောလို ပြောလို ကြလျှင် ပါဠိ အဋ္ဌကထာ ဋီကာ အနုမဒု ယောဇနာ ဂဏ္ဌိ စ သော နိဗ္ဗာန်နှင့်ဆိုင်ရာ အဖြာဖြာတို့ကို အခေါက်ခေါက် အခါခါ မေ့နှောက်၍ ယုတ္တိ ယုတ္တာ နှစ်ပါး မသင့်လျော်သော သာဝကဝါဒများကို ချန်လှပ်၍ ပါဠိဘေဒ်နှင့်ကိုက်ညီသော အသင့် ယုတ္တိရှိသော သဘောသဘာဝ တို့ကိုသာလျှင် အစောင်စောင့်သော ကျမ်းဂန်တို့နှင့်ညီပြီး ဟောကြပြောကြပါက နိဗ္ဗာန်ကိုလို ချင်တဲ့သူများ ပေါများလာလိမ့်မည် အမှန်တည်း။

အနတ္တညာဏ်၌ မတွေဝေသင့်

ဥပမာ—အနတ္တတရားကို ဟောမည်ဟူ မိမိ၌ နှစ်လုံးသွင်း ရှိသူမှာအရမ်းမဟောသင့်၊ အဘယ်ကြောင့်ဆိုသော် အနတ္တ တရားသည် ယုတ္တိတန်က ယူနိုင်သော အရာလည်းရှိသည်၊ ယုတ္တိမ တန်က မယူနိုင်သောအရာလည်းရှိသည်။ ယုတ္တိမတန်သောအရာ ကို ရသင့်ရကောင်းသည်ဟု နှလုံးပိုက်၍ ယထာလာဘနည်း ဆန် ဆန်ယူမိပါက အလဲကြီးလဲ့ အမဲကြီးမဲ့ အကဲကြီး ကဲရမည်ဟု မှတ်ပါ။ထို့ကြောင့် အနတ္တဟောသောပုဒ်တို့သည် အလွန်များ ၏၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှ အနည်းငယ်ထုတ်၍ ပြအံ့။

အဿမိက အနတ္တ အပြန်အားဖြင့် သာမိက ပရမတ္ထ။
တုစ္ဆ အနတ္တ ။ အတုစ္ဆ ပရမတ္ထ။
ရိတ္တ အနတ္တ ။ အရိတ္တပရမတ္ထ။
သုညတ အနတ္တ ။ အသုည ပရမတ္ထ။
အဒွေ၊ဝ အနတ္တ ။ ဓုဝ ပရမတ္ထ။
အဿရက္ခ အနတ္တ ။ သရက္ခ ပရမတ္ထ။
အသာရက အနတ္တ ။ သာရ ပရမတ္ထ။

ဤကဲ့သို့ ပါဠိတော်တွင် ဘုရားရှင်နှင့် ဓမ္မသေဿနာပတိအ သျှင်သာရိပုတ္တရာတို့ ဟောထား ညွှန်ပြတော်မူခဲ့သော အနတ္တ ညာဏ်တို့ကားများစွာပင်,ရှိသောကြောင့် မတွေဝေသင့်၊ နိတတ္ထ နည်းအားဖြင့် တိုက်ရိုက်ဟောထားသော ဒေသနာတော်တို့သည် အထင်အရှား ရှိကြ၏။ အနတ္တ၏ သဘောတရားသည် အတွေ့ဟူ ဆိုအပ်တဲ့ အနှစ်အသားမဟုတ်သဖြင့် အနတ္တာ အသာရကဋ္ဌေန ဟူ ဖွင့်ဆိုဟောကြားတော်မူသည်။ ထို့ကြောင့်=

ပဥ္စက္ခန္ဓေ အသာရကတော ပဿန္တော
အနုလ္လောမိကံ ခန္တိံ ပဋိလဘတိ။

—ပဋိသမ္ဘိဒါမဂ်ပါဠိတော်

ပဥ္စက္ခန္ဓေ၊ ဥပါဒါနက္ခန္ဓာ တရား၎င်းပါးတို့ကို။ အသာရကတော၊ အနှစ်အသားမရှိသောအား ဖြင့်။ ပဿန္တော၊ ရှုမြင်ခဲ့သည်ရှိသော်။ အနုလောမိကံ၊ မဂ်ဉာဏ်နှင့်လျော်သော။ ခန္တိံ၊ သမ္မာဒိဋ္ဌိဉာဏ် အမြင်မှန်ကို။ ပဋိလဘတိ၊ ရ၏။

ဤကား နေယျတ္ထနည်းအား ဖြင့် ဟောတော်မူသော ဒေသနာတော်ဖြစ်သည်။ ဤပဥ္စက္ခန္ဓေဟူသောပုဒ်၌ ပရမတ္ထခန္ဓာကို ကောက်ယူခဲ့လျှင် မသင့်၊ အဘယ်ကြောင့် မသင့် သနည်း ဟူမူ ပရမတ္ထခန္ဓာကို ဌကဝဆရာက—

ဗုဒ္ဓါနံယေဝ ဝိသယော၊
သာဝကာနံ န ဝိသယော။

ဤကဲ့သို့ဖွင့်ဆိုထားသောကြောင့် ပရမတ္ထခန္ဓာသည် သဗ္ဗညုတ ဘုရားရှင်တို့၏ အာရုံသာဖြစ်၏၊ သာဝကတို့၏ အာရုံကျက်စားရာမဟုတ်ဘူးတဲ့။ ထိုစကားမှန်၏၊ ပရမတ္ထခန္ဓာသည် ဓာတ်ကြီးလေးပါးနှင့်တကွ အထည် ဒြဗ်, ဥပါဒ်, ဋ္ဌိ, ဘင်, ဟူသော ခဏငယ်သုံးချက်ရှိသော ခန္ဓာဖြစ်၏။ ပဥ္စုပါဒါနက္ခန္ဓာသည် ခဏငယ်သုံးချက်နှင့်တကွ ဓာတ်ကြီးလေးပါးတည်းဟူသော အထည် ဒြဗ်မရှိ၊ သူည, ခန္ဓာဖြစ်၏။ ထိုသူည, ခန္ဓာ ချုပ်ငြိမ်းခဲ့လျှင်—

ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

အဓိပ္ပါယ်မှာ ဖြစ်ချုပ်ခန္ဓာ ငြိမ်းခဲ့လျှင် ဝူပသမ သုခဓာတ်ဟု ဆိုလိုသည်။ယင်းအနုလောမ ခန္တိ ဉာဏ်သည် ဥပါနက္ခန္ဓာ

ငါးပါးကို အနှစ်အသားမရှိဟု ဝိပဿနာ ဉာဏစရိယ ဉာဏ်ဖြင့် ရှုဆင်ခြင်ရမည်ဟု ဆိုလိုသည်။ မင်္ဂအားဖြင့် ပုဗ္ဗဘာဂမင်္ဂစူဠမင်္ဂ၊ သို့မဟုတ် စူဠသောတာပန်ဟုမူတ်လေ။ ဤအနှစ်မရှိသောအသာရက သဘောကို အနုတ္တဟု ဟောတော်မူလိုရင်းဖြစ်သည်။ အနုလောမဉာဏ်လေးဆယ်တွင် တခုအပါအဝင်ဖြစ်၏။

ဥပါဒါနက္ခန္ဓာချုပ်လျှင် နိဗ္ဗာန်
"ပဥ္စုန်ံ ခန္ဓာနံ နိရောဓော သာရုံ နိဗ္ဗာန" ဒိန်ံ
ပဿန္တော သမ္မတ္တာနိယာမုံ ဩက္ကမတိ
—ပဋိသမ္ဘိဒါမဂ်

ပဥ္စုန်ံ ခန္ဓာနံ၊ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏။ နိရောဓော ချုပ်ငြိမ်းခြင်းသည်၊ ချုပ်ရာသဘောသည်။ သာရုံ အနှစ်အသားဖြစ်သော နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုမြင်သောသူသည်။ သမ္မတ္တ နိယာမုံ၊ သမ္မတ္တနိယာမဉာဏ်သို့၊ ဝါ။ တိကျမှန်ကန်သော သဘောဖြစ်လျက် ကိန်းသေမြဲသော အရိယမဂ်သို့။ ဩက္ကမတိ၊ ဆိုက်ရောက်၏။

ဤဥာဏ်လည်း သမ္မတ္တ နိယာမဉာဏ် (လေးဆယ်) တွင် တခုအပါအဝင်ဖြစ်၏။ ဤဉာဏ်သို့ ဆိုက်ရောက်ခြင်းသည် သန်ဳိရသန်ဳိတတရားတို့အား အနှစ်အသားမရှိဟု မြင်ရသိရသဖြင့်၊ ဝါ အနတ္တဟု သိမြင်လိုက်သဖြင့် ဒိဋ္ဌုပါဒါနက္ခန္ဓာ, သီလဗ္ဗတုပါဒါနက္ခန္ဓာ, အတ္တဝါဒုပါဒါနက္ခန္ဓာ, ကာမုပါဒါနက္ခန္ဓာတည်းဟူသော ဥပါဒါန်ဦးစီးသော ပညတ်တို့ပထဝီခန္ဓာငါးပါးတို့ ချုပ်ငြိမ်းသဖြင့် သောတာပတ်တိမဂ်၏ ပစ္စဝေက္ခဏဉာဏ်ကို အာရုံမူဏာဓိပတိပစ္စည်းတပ်၍ ဉာဏစရိယဉာဏ်ဖြင့် ပရိမတ္တဖြစ်သော နိဗ္ဗာန်ကို အာရုံအားဖြင့် ဆိုက်ရောက်၏။ ထို့ကြောင့်-

"သမ္မတ္တနိယာမံ သြက္ကမမာနော သောတာပတ္တိဖလံဝါ သကဒါဂါမိဖလံဝါ အနာဂါမိဖလံဝါ အရဟတ္တံဝါ သစ္ဆိ ကရိဿတိ" တိ ဌာနမေတံ ဒိဋ္ဌတိ။

—ပဋိသမ္ဘိဒါမဂ်

သမ္မတ္တနိယာမံ၊ တိကျမှန်ကန်သော သဘောဖြစ်လျက် ကိန်းသေမြဲသော အရိယမဂ်သို့။ သြက္ကမမာနော၊ ဆိုက်ရောက်သော ပုဂ္ဂိုလ်သည်။သောတာပတ္တိဖလံဝါ၊ သောတာပတ္တိဖိုလ်ကိုသော်၎င်း။ သကဒါဂါမိဖလံဝါ၊သကဒါဂါမိဖိုလ်ကိုသော်၎င်း။အနာဂါမိဖလံဝါ၊အနာဂါမိဖိုလ်ကိုသော်၎င်း၊အရဟတ္တံဝါ၊ အရဟတ္တဖိုလ်ကိုသော်၎င်း။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုရလတ္တံ့။ကဲတိတံဌာနံ၊ဤသို့သောအကြောင်းသည်။ ဝိဇ္ဇတိ၊ထင်ရှားရှိပေ၏။

ဤစကားတော်ကို ဇေတဝန်ကျောင်းတော်တွင် ဘုရားရှင်ဟောတော်မူသည်။ ထို့ကြောင့် နိဗ္ဗာန်ကို အနိစ္စ, ဒုက္ခ, အနတ္တ ဖုံးကွယ်သည်ဟု ရှေးကဝိအကျော် ဆရာတော်တို့ မိန့်ဆိုတော်မူကြသည်။ အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ်တို့သည် အနုလောမခန္တီ ဉာဏ်များဖြစ်ကြ၍ ဖုံးကွယ်သည်ဟု ဆိုခြင်းမှာ ယင်းဉာဏ်များကား မဂ်ဉာဏ်များ မဟုတ်သေးသောကြောင့် မှတ်ပါ။

တဖန်ထပ်၍ စောဒကတက်ပြန်သော်=

"အနတ္တလက္ခဏေ ဒိဋ္ဌေနိဗ္ဗာနံ ဒိဋ္ဌနာမ" ဟုစကားတော်ရှိပြန်သောကြောင့် အနတ္တ လက္ခဏာကိုမြင်လျှင် နိဗ္ဗာန်ကို မြင်သည်မည်၏ဟုဆိုပြန်သည်။ ထို့ကြောင့်အနတ္တသည် နိဗ္ဗာန်ကိုမကွယ်၊ နိဗ္ဗာန်တော်မြင်သေးသည်ဟု ပရဝါဒီအထင်ရှိအံ့။ မှန်၏၊ ထို အနတ္တဉာဏ်နှင့် မြင်သော နိဗ္ဗာန်သည် ပုဗ္ဗနိဗ္ဗာန် ဟူ၍မှတ်။

သမ္မတ္တနိယာမ ဥာဏ်ဖြင့်မြင်သော ပစ္စဝေက္ခဏ်မျိုးမဟုတ် မှတ်လေ။

"သပ္ပေ ဓမ္မာ အနတ္တာ" ဟုဟောတော်မူသော ပါဠိတော်တို့သည် များစွာပင် ရှိကြ၏။ ဤအရာ၌ သပ္ပေဟူသော ပုဒ်သည် အကြွင်းမထားဘဲ အလုံးစုံ ယူရသော အနဝသေသ သပ္ပ မျိုးမဟုတ်။ အနတ္တာ ထိုက်၍ အနတ္တာဟု ရှုရသော ဓမ္မာရုံတရားတို့ကို သာလျှင် သီးခြားထုတ်ဆောင် အကြွင်းထား၍ ကောက်ယူအပ်သော သာဝသေသ သပ္ပမျိုးဖြစ်သည်။ ထို့ကြောင့် အနတ္တာ ဟူသော ပုဒ်၌ နအတ္တာ, ပုဒ်ဖြတ်။ (အတ္တာ၊အနှစ်အသားသည်။ နဲ့မရှိ။) အနှစ်အသားမရှိသော သဘောတရားတို့ကိုသာ အနတ္တာ ဆိုသည်မှတ်။ အနှစ်သာရနှင့်ပြည့်စုံသောတရားကို အနတ္တာဟု မဆို အပ်။ အနတ္တာဟုမဆိုအပ်လျှင် အတ္တာဟုဆိုလျှင် သင့်ပါ၊မသင့်လော ဟူမေးငြားအံ့၊ ဥာဏစရိယဖြစ်သော လောကုတ္တရာ သမ္မာဒိဋ္ဌိ ဥာဏ်ကိုရလျှင် သမ္မာအတ္တကားဆိုးနိုင်၏။ သမ္မာဒိဋ္ဌိဥာဏ်ကို မရလျှင် သာသနာတော်မှအပ အညတိတ္ထိယတို့စံယူသောအတ္တမျိုးနှင့် တသားထဲ တသဘောထဲ တထပ်ထဲဖြစ်သွားမည်ကို စိုးရိမ်ကြောင့်ကြတော်မူသောကြောင့် ပရမတ္ထဟု ပဋိသမ္ဘိဒါမဂ်တွင် ဟောတော်မူသည်။

နိဗ္ဗာန်သည် ဒုတိဘာဝသဘော

အနန္တ သီတိဘာဝ ခေါ်ဆိုအပ်တဲ့ နိဗ္ဗာန ဓာတ်သည် အနတ္တာဥာဏ်ထက်ဒုလ္လန့်ဒုလ္လန်နက်နဲ၏၊ ဝေနေယျတို့၏ ဥာဏ်နှင့် တိုင်းတာခြင်းငှာငင်း၊ ထောက်တည်ခြင်းငှာငင်း၊ နှိုင်းယှဉ်ခြင်းငှာငင်း၊ မှစွမ်းနိုင်ကြပေ။ ဦးချိုမရှိသောယုန်ကို ဦးချိုတပ်၍ အာရုံပြုလျှင် ပြုနိုင်သေး၏။ အမှေးမရှိသောလိပ်ကို အမွေး

တပ်၍ အာရုံပြုလျှင် ပြုနိုင်သေး၏။ နိဗ္ဗာန်သည်ကား ဓမ္မာရုံ ပရမတ္ထဖြစ်သည့်အတွက်ကြောင့် ဌီတိဘာဝ သဘောသာလျှင်ရှိ၏။ ဌီတိဆိုသော်လည်းသခ်ိတ ပရမတ္ထတို့ကဲ့သို့ ဌိ,မျိုးမဟုတ်၊အနန္တ ပရမတ္ထ၏ ဌီမျိုးသာ ဖြစ်သည်။ ဤဌီတိသဘာဝမှ မရှိလျှင် အဘာဝနှင့် တူစွဆဲသို့ သက်ရောက်မည်ဖြစ်သောကြောင့် တည်ငြိမ်သော ဌီတိသဘာဝကား.... ရှိရလေသည်။

နိဗ္ဗာန်ဟာ ခန္ဓာကိုယ်မှာလား?

အချို့သော ဝိပဿနာ ယောဂီတို့သည် စာရေးသူအား အမျိုးမျိုး အဖုံဖုံ မိမိတို့ဉာဏ်သက်ရောက်သလို မေးကြစမ်းကြ၏။ ဆရာကြီးခင်ဗျာ၊ကျွန်တော်တို့တော့ ကျမ်းဂန်ကိုလဲမသင်ကြား ဘူးပါ။ကျွန်တော်တို့မေးစရာရှိတဲ့ စကားကိုတော့ မေးပါရစေ၊ ခွင့်ပြုပါဟု တောင်းပန်ကြလေသည်။

မေးပုံ။ ။နိဗ္ဗာန်ဆိုတဲ့တရားဟာ ဤခန္ဓာနှင့် တစပ်ထဲ တတဲ့ထဲ အတူတူဟုကြားဘူးပါသည်။ တချို့ကလဲ တရားရှာကိုယ်မှာဟု ဆိုကြပါသည်။ တချို့ကလဲ နိဗ္ဗာန်ဟာ တောထဲ တောင်ထဲ ဂူထဲ ကျောင်းထဲမှာမရှိဘူး။ ခန္ဓာကိုယ်မှာသာရှိသည်ဟူ ဆိုကြပါသည်။ ဤကဲ့သို့ပြောကြဟောကြသော စကားတို့ကိုခြုံ၍ ကြည့်လိုက်လျှင် နိဗ္ဗာဓတ်သည် ခန္ဓာကိုယ်မှာသာရှိ၏ဟူသော အယူသို့သာလျှင် အဓိပ္ပါယ်ရောက်ကုန်၏။ ထို့ကြောင့်ဤခန္ဓာမှာ နိဗ္ဗာန်ရှိပုံကို အလွန်သိလိုကြပါသည်။ ဘယ်ပုံရှိ၍ ဘယ်နည်းရှိသည်ကိုကား ဉာဏ်မဝင်စားနိုင်ပါ၊ မကြံဆနိုင်ပါဟုမေးကြသည်။

စာရေးသူသည် သက်ပြင်းတချက် ချလိုက်ပြီးလျှင် အင်းဟူသော စူဠဒုအာမေဋိတ်ဖြင့် ဤစကားသည် မေးသင့်မေးထိုက်

မေးအပ်သောစကားဖြစ်သည်။ မဖြေဘဲနေက သဘောတရားဥ္ဒ မလိမ်မာရာကျမည်။ နားမလည်ဘဲနှင့်ဖြေက ဖြန်းရာ ဖြီးရာကျမည်။ မာယာဆင်၍ ငေါက်လွှတ်လိုက်ပါက သာသနာတော်၏ ရေကြော မြေကြောကို ဖြတ်ရာရောက်မည်ဟု အထွဏ်ထွဏ်စဉ်းစား ပြီးလျှင် ယောဂီကြီး မေးတဲ့အမေးကဖြင့် ဝန်လေးစရာကြီးဘဲ၊ သို့ပေမင့် ဖြေသင့်ဖြေရာ ဖြေစရာကိုတော့ ဖြေရတော့မည် အမှန်ပင်ဖြစ်၏။။ ဖြေဆိုသော်လည်း=

အင်း....ဟုတ်ကဲ့ မှန်မှန်လိုက်နိုင်ရင် ကောင်းပါတယ်၊မတော်တဲ့နေ့ဆိုမှာ အင်းလိုက်မိရင်တော့ ယောဂီနဲ့ ကျုပ်နဲ့ အညမည သံသန္ဓနှ,၊အချင်းချင်းနှိုးနှောမိမှာ မဟုတ်ဘူး။ အလဲလဲအချော်ချော် ဖြစ်ကုန်မှာဘဲ။ ကိုင်း....ဘယ်လိုသဘော ရသလဲဟု မေးသောအခါ ဝိရိယစိုက်၍ အင်း လိုက်တတ်အောင် လုပ်ပါမည် ဆရာဟု ဝန်ခံလေသည်။ (အင်း,အေး,ဟုတ်ကဲ့အတူတူ။) ကိုင်း ဒါဖြင့်ကောင်းပြီ၊ ယောဂီ၏အသက်ဟာ ငါးဆယ်ကျော်သော်လည်း ငါးဆယ် တန့်လဲ မဟုတ်ဘူး ငါးဆယ် သုံးနှစ်လဲ မရောက်သေးဘူး ဆိုလျှင် အဖြေထွက်ပါ့မလား? ထွက်ပါတယ် ဆရာ။ဒါဖြင့် ဘယ်နှစ်နှစ်ရှိပြီလဲ။ငါးဆယ်နှစ်နှစ် ရှိပါပြီ။သစ်သီးတလုံးဟာ အချို,အချဉ်, အခါး, အဖန်, အစပ် မရှိ ဘူးဟု ဆိုလျှင် အဖြေထွက်ပါမလား? ထွက်ပါတယ်ဆရာ။ ဘယ်လို ထွက်သလဲ? အဆိမ့်သီးဟု ဆိုရပါမယ်။ ဤစကား တို့သည်ကား လို အပ်တဲ့ အဖြေကို တိုက်ရိုက် မဖြေဘဲ ဝှက်ထားပြီး ဖေါထုတ်ရသော အဖြေ ဖြစ်သောကြောင့် သမ္မုဋ္ဌေပဟေဋ္ဌိဟုခေါ်သည်။ ဘုရားလက်ထက်က နိဗ္ဗာန်ကို မေးလျှောက်သောအခါ သမ္မုဋ္ဌေပဟေဋ္ဌိ မျိုးဖြင့် ဖြေဆိုသော အရာတို့သည် များစွာရှိ၏။

ကိုင်း=ဒါဖြင့် ယောဂီအမေးကို ဖြေတော့မယ်၊ ဟုတ်ကဲ့သာ မှန်မှန်လိုက်ပေတော့။

နိဗ္ဗာနမို့ ခန္ဓပဋိဗဒ္ဓမေဝ။
=ဝသုဒ္ဓမဂဋ္ဌကာ

နိဗ္ဗာန်သည် ခန္ဓာနှင့် တစပ်တည်းဟူဆိုလိုသည်။နိဗ္ဗာန်တရားသည် တောထဲတောင်ထဲ ဂူထဲ ကျောင်းထဲမှာမရှိ!ဆိုသောစကားသည် ဇာတဝန်ကျောင်းမှာကော ရှိသလားမေးလျှင် မရှိဟူဆိုရာရောက်တော့၏။ထို့ကြောင့် အလှန့်အလှန်တွေဝေစေတတ်သော သမ္မုဋ္ဌာ ပဟေဋ္ဌိမျိုးဖြစ်၍ နေသဖြင့် ထိုနိဗ္ဗာန် တရားတော်ကို ဖေါ်ထုတ်ရာတွင် လက်ညှိုးမထိုးဘဲ ပြီးနိုင်သော အဝုတ္တသိဒ္ဓိနည်းမျိုးဖြင့်ရင်း၊ လူတယောက်သည် နေ့အခါ ထမင်းမစားဟူဆိုလျှင် ထမင်းနှင့် သတ္တဝါသည် မကင်းရာသောကြောင့် ညအခါစား၏ဟူဆိုရာရောက်သော နည်းဖြစ်သောကြောင့် အတ္ထာပန္နနည်းမျိုးဖြင့်ရင်း၊ လူတယောက်အား သရက်ပင်ကို ရေလောင်းပါဟု ခိုင်းလိုက်သောအခါ ရေမလောင်းဘဲ သရက်ပင်ရင်းသို့သွား၍ ရေချိုးလေသည်၊ ဤကား ရေလောင်းမှုကိစ္စပါပြီးသောကြောင့်ရင်း၊ မြေတွင်း ဥမင်တခု တူးသောအခါ မြေကိုသာတူးသည် ဖြစ်သော်လည်း ဟင်းလင်းပွင့်သော ဝိဝရကာသကား(ဟင်းလင်းဖြစ်သော အာကာသ)အလိုလို ကိစ္စပြီးသောကြောင့် အမှတသေစန, နည်းမျိုးဖြင့်ရင်းဖေါ်ထုတ်သင့်လေသည်။

နိဗ္ဗာန်ဓာတ်သည် ဂမ္ဘီရ အသခ္ခေယျအပ္ပမေယျဖြစ်၍ဘုရားကိုယ်တော်မြတ်သည် ဥပမာ, ဥပမေယျတို့ဖြင့်ရင်း၊ နည်းပေါင်းများစွာတန်ဆာဆင်၍ရင်း ဟောတော်မူမှ သိနိုင်မြင်နိုင် အာရုံပြုနိုင်သော နိဗ္ဗာန်တရားတော်မြတ်ဖြစ်လေသည်။

ခန္ဓာနှင့်နိဗ္ဗာန်ဘယ်လိုစပ်သလဲ

ထို့ကြောင့် "နိဗ္ဗာနမ္ပိ ခန္ဓ ပဋိဗဒ္ဓမေဝ" ဟူသော ဋီကာအသျှင်မြတ်၏စကားတော်သည် ပရမတ္ထဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို ဂူထဲ ကျောင်းထဲတောထဲမှာ မရှိဟူ၍ပြတော်မူလိုသောကြောင့် ခန္ဓ ပဋိဗန္ဓ,ဟု မိန့်တော်မူသည်။ ခန္ဓာနှင့်တစပ်တည်းဆိုလျှင် အရာဝတ္ထု နှစ်ခု စပ်နေသလို စပ်နေတာလား၊ သို့မဟုတ်စိတ်စေတသိက်တို့ကဲ့သို့ ရှေ့စိတ်ဖျက်လျှင် နောက်စိတ်ဖြစ်၏။ ဤကဲ့သို့ အဆက်ဆက် အနန္တရ, သမနန္တရ ပစ္စည်းမျိုးကဲ့သို့ ရှေ့နောက်အစဉ် စပ်တာလားဟု မေးဘွယ်ရှိပြန်သောကြောင့်—

သဗ္ဗတောပဘ ံ၊ခပ်သိမ်းသော အရပ်၌တောက်ပလျက် ရှိ၏ ဟုမိန့်ပြန်လေသည်။

နိစ္စော,ဓုဒဝါ,အာကာသာဒိ ပညတ္တိဝိယ
သဗ္ဗ ကာလိကောတိ ဒဋ္ဌဗ္ဗော။

—ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိ

မြဲ၏၊ခိုင်ခန့်၏၊ အာကာသကောင်းကင် ပညတ်ကြီးကဲ့သို့ အခါခပ်သိမ်း ရှိနေသည်ဟု ဆိုသောကြောင့် ၎င်း၊ ဤစကားကို ထောက်လျှင် နိဗ္ဗာန်နှင့် ကင်းရာသော နေရာသည် မရှိဟု ဆိုရာရောက်ပြန်သောကြောင့် ဂူထဲ တောထဲ ကျောင်းထဲမှာလဲ နိဗ္ဗာန်ရှိသည်ဟု ဆိုသောစကားသည် ကိုစ္စပြီးပြန်၏။ သည်တော့ဋီကာနှင့် ဂဏ္ဌိဆရာ နှစ်ဦးတို့သည် အညမည သံသန္ဒန, မဖြစ်တော့ဘဲ ဆန့်ကျင်သော ဝိရောဓိဖြစ်ခဲ့ရာ၏။အရမ်းကာရောမဖြစ်သင့်၊ရှေ့ဋ္ဌပြလတ္တံ့သော ဝိညာဏစရိယ အဗျာကတ, ကမ္မနိရောဓ ဓာတ်တွင် ထင်ရှားလတ္တံ့။

မီးခြစ်ဆံနှင့် ယမ်းကော်ပတ် ဥပမာ

ဥပမာ— မီးခြစ်ဆံ၌ ရှိသော ယမ်းသည်၊ မီးတောက်ဖြစ်ရန် ယမ်းကော်ပတ်နှင့် ထိခဲ့သော် ဟုန်းကနဲထ၍ မီးတောက်မီးလျှံ ဖြစ်စေတတ်သော အမြဲဘေကို မီးလျှံနှင့် တစပ်ထဲရှိသည်ဟု မှတ်အပ်၏။ ဤကား ခန္ဓ ပဋိဗဒ္ဓ ဂုဠတ္တ အဓိပ္ပါယ်တည်း။

ထို့ပြင် အာသာကကောင်းကင် ပညတ်ကြီးကဲ့သို့ ဆိုသော စကားတွင် ပရမတ္ထဖြစ်သော ရေနှင့်မြေသည် ပကတိသော မျက်စိဖြင့် မြင်ကောင်းသော သနိဒဿန, ရုပ်မျိုး မဟုတ်၊ မမြင်ကောင်းသော အနိဒဿ ရုပ်မျိုးဖြစ်သည်။ ပရမတ္ထဓာတ်ကြီးလေးပါးတို့ မည်သည်မှာ လေးခုလုံး မမြင်ကောင်းသော ရုပ်ဖြစ်သည်။ အာကာသ ပရိစ္ဆေဒ,ရုပ်ကိုလည်း မျက်စိဖြင့် မမြင်ကောင်း၊ ထိုရုပ်တို့သည် အချင်းချင်း ကျေးဇူး ပြုကြသည်။ (ပြုလတ္တံ့သောဓာတ်ကြီးလေးပါး အခန်း၌ ထင်ရှားလတ္တံ့။)ထို့ကြောင့် အထက်ကောင်းကင်သို့ မော့၍ ကြည့်လိုက်သော အခါ ငါတို့သည် အာကာသ ရုပ်ကိုမြင်ရသည် မမှတ်လင့်။ မြင်ရသော ရုပ်သည်ကား အဆင်းဝဏ္ဏ ရုပ်သည်သာဖြစ်သည်။အာကာသဒိပညတ်ဝိဝိယ, ဆိုသောစကားသည် မျက်မြင် ပညတ် ကောင်းကင်ကို သဒိသူပစာအားဖြင့် တင်စား၍သာ ဆိုခြင်းဖြစ်သည်၊ပညတ်ကောင်းကင်ကို နိဗ္ဗာန်ဟု မဆိုလို။

အနန္တမည်သော နိဗ္ဗာန်

အနန္တ ဓာတ်သည် ယင်းပညတ် ကောင်းကင်ကြီးကဲ့သို့ အတိုင်းအတာ ပမာဏ မရှိသလို အနန္တဓာတ် တရားတော်မြတ်မှာလည်း ယင်း ကောင်းကင်ကြီးထက်ပင် အသင်္ချေ အနန္တ အတိုင်းအတာမရှိဟု မှတ်ပါလေ့။

နိဗ္ဗာနဓာတ်ကို "အနန္တံ ဝုစ္စတိနိဗ္ဗာနံ" နိဗ္ဗာန်ကို အနန္တဟူ၍ ဟောတော်မူသော အရာဝယ် ဥပရိပဏ္ဏာသဋ္ဌီကာ၌—

အနန္တန္တိ အန္တရဟိတံ၊နိစ္စန္တိ အတ္ထော။

အနန္တန္တိ၊အနန္တံဟူသည်ကား....အန္တရဟိတံ၊ အဆုံးကင်းသည်တည်း။ဝါ၊အဆုံးမရှိ။နိစ္စံ၊မပျက်မစီး အမြဲတည်နေ၏။ ဤတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

သဘာဝမှာ အနန္တမည်သော နိဗ္ဗာနသည် အန္တတရားမျိုးမဟုတ်၊အနန္တ သဘောတရား ဟူ၍ဎ၏း၊ အဆုံးမရှိဟု ဆိုသဖြင့် ယထာလာဘ နည်းအားဖြင့် အစကိုပါ ရဆင့် သောကြောင့် အစလည်းမရှိဟု ယူရမည် ယူလေ။ အန္တဆုံသောစကားဌ အန္တသဒ္ဒါသည် အဆုံးကိုလည်း ဟော၍ အယုတ်တရား ဟူ၍လည်း ဟော၏။အနက်နှစ်ပါးရသောကြောင့်(သိလေသနည်းယူ)။

ယထာလာဘ နည်းအားဖြင့် အစပါယူရမည်ဟု ညွှန်ပြသည်ကို ဝန်လေးလျှင် ပရိဝါအဋ္ဌကထာ၌—

ပရိယန္တဘာဝေ ရဟိတတ္တာ အနန္တံ ဝုစ္စတိ နိဗ္ဗာနံ။

ယင်းနိဗ္ဗာန်သည် ဥပါဒိန္နင့် ဘင်မရှိသောကြောင့် အနန္တဟူ၍ ဎင်း၊ ပရိယန္တဘာဝေရဟိတတ္တာ, ဟူသော ပါဌ်သည် ထက်ဝန်းကျင် အစနှင့်အဆုံး ကင်းနေသည်ဟု ဆိုသည်။ ထို့ကြောင့် ဥပါဒိန္နင့် ဘင်မရှိဟု ဆိုရမည်။ ဌိတိ သဘောကားရှိသည်။ အကယ်၍ ဌိတိသဘော မရှိခဲ့လျှင် နိစ္စ,ဓုဝသဘောမဖြစ်နိုင်။

သဗ္ဗတော ပဘ္ဿိ ကိလေသန္ဓ ကာရာ ဘာဝတေဇ။
သမန္တတော ပဘာသရံ။

သဗ္ဗတောပဘန္တိ၊ သဗ္ဗတောပဘံ ဟူသည်ကား....ကိလေသန္ဓကာရာဘာဝတော၊ကိလေသာ အမိုက်တိုက်တို့သည် မကပ်ရောက်မဝင်လာသည်ဖြစ်၍။ဝါ၊မဝင်လာသောကြောင့်။ တံ၊ ထိုအနန္တဓာတ် နိဗ္ဗာန်တော်မြတ်သည်။ပဘာသရံ၊ အရောင် တလက်လက်ပြိုးပြိုးပျက် တောက်ပ၍နေ၏။

ဤဒီကာ ဆရာ၏ အဓိပ္ပါယ်တို့ကိုကောက်နုတ်သော် အေးမြသော နိဗ္ဗာနဓာတ်သည် အစလဲမရှိ၊အဆုံးလဲမရှိ၊ အနန္တဖြစ်၍နေတော်မူသည်။အစနှင့် အဆုံး မရှိမှ ကာလဝိမုတ္တ ဖြစ်နိုင်၏။ အစအဆုံးမရှိဟုဆိုသော်လည်း ကောင်းကင် ပညတ်ကြီး ကဲ့သို့ တပြင်ထဲ တသားထဲလားဟု တွေးတောစီစစ်စရာ ကျန်ပြန်သောကြောင့် မဟာနိဒ္ဒေသ အဋ္ဌကထာ၌–

> အတ္တာနော သမာဓာနတ္ထာယ အတ္တာပရိနိဗ္ဗာန
> ပရိပရိနိဗ္ဗာန ပဝတ္တာနတ္ထာယာတိ ဒုပ်ဓေနာပိ
> ဉာဏေန အတ္တာနော ပရိနိဗ္ဗာနတ္ထာယ။

အတ္တာနော၊မိမိ၏။ သမာဓာနတ္ထာယ၊ဘောက်ပြန်ခြင်းမရှိ မြဲမြန်ခိုင်ခန့်စွာ စံနေရခြင်းအကျိုးငှာ။ အတ္တာပရိနိဗ္ဗာန ပရိပရိနိဗ္ဗာန ပဝတ္တာနတ္ထာယ၊မိမိ၏နိဗ္ဗာန် သူတပါးတို့၏ နိဗ္ဗာန်ဖြစ်လာခြင်းအကျိုးငှာ။ဤတို၊ဤသို့။ဒုဝိဓေနာပိ၊နှစ်ပါးလည်းဖြစ်သော ဉာဓေန၊ဉာဏစရိယ မဂ်ဉာဏ်ဖြင့်။ အတ္တာနော၊ မိမိ၏။ ပရိနိဗ္ဗာနတ္ထာယ၊အနန္တဓာတ် နိဗ္ဗာန်တော်မြတ်ကို စံစားရခြင်း အကျိုးငှာ။ဤတိအယံ၊ဤသည်ကား။ အတ္ထော၊ အဋ္ဌကထာ ဆရာ၏ အနက်သဘောတည်း။

ဤကဲ့သို့ အနန္တ နိဗ္ဗာန်တော် မြတ်ကို မိမိနိဗ္ဗာန် သူတပါးတို့၏ နိဗ္ဗာန်ဟု ခဲ့ခြားပြန်သောကြောင့် (မခဲ့ခြားဘဲ တပြင်ထဲ

ထား၍ ယူဆခဲ့လျှင် ထာဝရဆရာတို့၏ ကောင်းကင် ဘုံနန်းဟု ဆိုအပ်သော နိဗ္ဗာန်ကဲ့သို့ တပြင်ထဲ တသားထဲ ပြတ်သိပ် နိဗ္ဗာန် ဖြစ်သွားမည်။)

အသျှင်သာရိပုတ္တရာ၏နိဗ္ဗာန်တော်သည် မယ်တော်ပုဏ္ဏားမ မွေးဖွားသောတိုက်ခန်း၌ဌင်း၊ မြတ်စွာဘုရား၏နိဗ္ဗာန်သည်မလွှာ မင်းတို့၏ အင်ကြင်းပင်ပျိုု နှစ်ခုခြားး၌ဌင်း၊ ရွှေ.ရှားခြင်းမရှိဘဲ နိစ္စ ဓုဝ အခိုင်အခံ. အမြဲရှိနေသည်ဟု မှတ်ကြကုန်။

နိဗ္ဗာန် အဖြေ ၄-ခု

(၁) နိဗ္ဗာန်သည် ခန္ဓာနှင့် တစပ်တည်းဟူ၍ဌင်း။
(၂) မိမိ၏နိဗ္ဗာန် သူတပါးတို့၏နိဗ္ဗာန်ဟူ၍ဌင်း။
(၃) ကောင်းကင် ပညတ်ကြီးကဲ့သို့ဌင်း။
(၄) အစလည်းမရှိ အဆုံးလည်းမရှိဟူ၍ဌင်း။

အဖြေ။ ။ဂူထဲ ကျောင်းထဲ တောထဲမှာ ရှိမရှိ အမေးမှာ နိဗ္ဗာန်သည် ခန္ဓာနှင့် တစပ်တည်းဆိုသောကြောင့် ခန္ဓာရှိရာ နိဗ္ဗာန်ရှိ၏ ဟူ၍မှတ်။

အဖြေ။ ။မိမိနိဗ္ဗာန် သူတပါးတို့၏နိဗ္ဗာန် ရှိမရှိအမေးမှာ မိမိ၏ပရမတ္ထခန္ဓာ သူတပါးတို့၏ပရမတ္ထခန္ဓာ မိမိ၏စိတ် သူတပါးတို့စိတ် ခဲခြားမှုရှိသောကြောင့် နိဗ္ဗာန်မှာလဲ သူ.နိဗ္ဗာန်ငါ့ နိဗ္ဗာန်ရှိ၏ဟူ၍မှတ်။

အဖြေ။ ။နိဗ္ဗာန်သည် အနန္တရှိမရှိ အမေးမှာ အာကာသ ကောင်းကင်ကြီးကဲ့သို့ ဥပမာပြသောကြောင့် ယခုပစ္စက္ခ မျက်မှောက်မှာ သီတီဘာဝ အေးမြသောနိဗ္ဗာန်ကိုအဆုံးစွန်မရောက် ရသေးသော်လည်း အစမထင်သော အနုမတဂ္ဂသံသရာက မရေ

မတွက်နိုင်အောင် ပွင့်တော်မူကြတဲ့ ဘုရားရှင်တို့နှင့်တကွ သာဝက အသီးသီးဖြစ်သော သူတပါးတို့၏နိ နိဗ္ဗာန်တို့သည်ကား အကြားအလပ်မရှိ အနန္တ ပြန့်နှံ့နေသောကြောင့် နိဗ္ဗာန်သည် အနန္တရှိ၏ဟူမှတ်။

သည်တော့မှ ယောဂီပုဂ္ဂိုလ်များသည် အဆုံးစွန်ဖြစ်သော သမ္မာရယိက အနန္တနိဗ္ဗာန်တော်မြတ်ကို မျက်ဝါးထင်ထင်မြင်ရ ဘိအလား ပရမတ္ထသစ္စာတရားကို ဉာဏစရိယ လောကုတ္တရာ ဉာဏ်ဖြင့် အဆုံးစွန်အာရုံပြုနိုင်ကြတော့၏ဟူလို။

ပန္နက်ချ အဋ္ဌကထာက နိဒါန်းဖြစ်၏။

အတိဂန္ဓိရ သဘာဝစွယ်စုံကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ရတနတ္တယ ပဏာမ

●

၁။ ဂမ္ဘီရံ ဂမ္ဘီရံ ဉာဏံ၊ ဂမ္ဘီရံ ဂမ္ဘီရံ ဝပ္ပံ။
ဂမ္ဘီရံ ဂမ္ဘီရံ သိဿံ၊ ဒုဒ္ဒသံ အတိဂမ္ဘီရံ။

၁။ ဂမ္ဘီရံ ဂမ္ဘီရံ၊ နက်နဲသည့်အရာ ဟူသမျှတို့ထက် နက်နဲသည်ဖြစ်၍ နှိုင်းယှဉ်စရာ ရှာမရအောင် အလွန်တရာ နက်နဲတော်မူထသော။ အဉာဏံ၊ လူ,နတ်, ဗြဟ္မာ ဝေနေယျာတို့၏ ဉာဏ်အာရုလည်း မဟုတ်ထသော။(အ·ကား ပဋိသေဓတ္ထ)။ ။အဉာဏံ၊ ဉာဏထိပ်ခေါင် ဉာဏ်ဘန်ဆောင်တို့ ဉာဏ်ရောင်ကွန့်မြူး ဉာဏ်အထူးတို့တက် ဉာဏ်မှူးတဆူလည်း ဖြစ်ပေထသော။(ဤအ-ကား

ဗဝှာကာရဝုဟုတ္ထ)။ ။ဂမ္ဘီရံ ဂမ္ဘီရံညာဏံ၊ နက်နဲသည်ထက် နက်နဲသော အရာဟူသမျှကို။ ဂမ္ဘီရံညာဏံ၊ နက်နဲသော ဉာဏ်ဖြင့် ဉာဏ်ရှိသူတို့သာ ထိုးထွင်းသိမြင်နိုင်၏။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ အတိဂမ္ဘီရံညာဏံ၊ အစိန္တေယျ, အပ္ပမေယျ, အတုလထိပ်ဖူး ဉာဏ်မျိုးသခင် အတိ ဂမ္ဘီရဉာဏ်တော်ရှင်ကို။ အဟံ၊ ဂမ္ဘီရကထာ ဒေသနာကို သေချာတည့်မတ် ဆုံးဖြတ်လုတ္တံ့ဖြစ်သော အကျွန်ုပ်သည်။ နမာမိ၊ ပျပ်ဝပ်မြတ်နိုး ဦးနှိမ်မိုးချ ရှိခိုးပါ၏။

(ဂမ္ဘီရံညာဏံကို ဂမ္ဘီရံ+အညာဏံဟု ပဒစ္ဆေဒဖြို၊ ဥ, ဗျည်းနောင်းရာ၌ အကို, ချေ၊ ဂမ္ဘီရ၌ ဂံ ရှေးရှိသော ဘီဒိဓေတ်၊ဒကို ရ,ပြု၊ ဂမ္ဘီရံဟု ဤ,ကာရန္တနှင့် ရှိသင့်သော်လည်း ဆန်းကိုင့်၍ ဣ,ကာရန္တနှင့်ထားသည်။)

ဂမ္ဘီရံ ဂမ္ဘီရံ၊နက်နဲသော ကထာတို့ဃက် အလွန်အကြူး အထူးသဖြင့် နက်နဲတော်မူပေထသော။အဂမ္ဘီရံ၊ နက်နဲသော သဘာဝ မဟုတ်ဟုဆိုနိုင်အောင် ဂမ္ဘီရအား ဖြင့် အလွန်နက်နဲတော်မူပေထသော။ ။(အကား.... ဟိတာကာရ ဝုဟုတ္ထ)။ ဒုဒ္ဒသံ၊ မြင်နိုင်ခဲသော။ ဂမ္ဘီရံ မမှံ၊နိုးသည်ဟုလည်း မဆိုသော ဝေးသည်ဟုလည်း မပြောဝံ့ သဿတနှင့် ဥစ္ဆေဒအညွှန်လဲမပေါက်တုံးတိတိသို့လဲမရောက် အတိဂမ္ဘီရ ဉာဏအရှင် ထိပ်ခေါင်တင်တို့သည် သာလျှင် အာရမ္မဏိက ပစ္စယုပ္ပန္နဖြင့် အာရုံတော်ပြုစွမ်းနိုင်သော ကြောင့် အာရမ္မဏာဓိပတိ သခင် အလွန် နက်နဲသောထိပ်ခေါင်တင်ကို။အဟံ၊အတိဂမ္ဘီရကထာ ဒေသနာကို သေချာဂ နနည်းနယဖြင့် ပြသလုတ္တံ့ဖြစ်သော အကျွန်ုပ်သည်။နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုးချ ရှိခိုးပါ၏။

ဂမ္ဘီရံ ဂမ္ဘီရံ၊ ရူပုပါဒါနက္ခန္ဓာဒိ ဝိမုတ္တဖြစ်ခတော်မူ၍ အလွန်

နက်နဲသော သဇီဝဝိသေသလည်း ရှိတော်မူပေ ထသော။ ဂမ္ဘီရံ ဉာဏံ၊ယမက အစုံအစုံနက်နဲသော ဂုဏ်တို့ဖြင့် မွမ်းထုံအပ်သော ပရိနိဗ္ဗန် ပဋိလဝိသေသလည်းရှိတော်မူပေထသော။သံဃံ၊အသင်္ခ်တူသော်လည်း အမူခြားသဖြင့် သုပ္ပဋိပန္နေ တရားနှင့်ပြည့်စုံတော်မူကြတဲ့အသျှင်မြတ်များကို။အဟံ၊ အသျှင်မြတ်တို့၏ဂုဏ်ထူးဝိသေသ နှလုံဘိုးတန် ပဋိဘာန်ကို ပြည့်စုံနှန်ရေးသား လတ္တံ့ဖြစ်သော အကျန်ပ်သည်။နမာမိ၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဤဂါထာသည် ၄-ပါဒလုံးတို့၌ ယဂိုဏ်းဖြင့် မှတ်အပ်သောကြောင့် ဝတ္တဂါထာမည်၏။

ဤဂါထာကား အထပ်ထပ် ရွတ်ဆိုအပ်သော များသောအကျွန်ုရှိသောကြောင့် ယမက ဂါထာမည်၏။ အဗျပေတ ယမက, ဗျပေတ ယမက, ဗျပေတာ ဗျပေတယမက သုံးပါးတို့တွင် ပထမ ဒုတိယ တတိယ သုံးပါးဒတို့၌ အကျွန်ုရာ ဝဏ္ဏတာပါးမခြားဘဲ အစအစ၌ အထပ်ထပ် အစုံစုံ ရွတ်ဆိုအပ်သောကြောင့် အဗျပေတ ယမက ဂါထာမည်၏။

အာဒိမဇ္ဈန္တ သုံးမျိုးတို့တွင်လည်း ပဒုတ သုံးပါဒတို့၏အစ၌ အစုံအစုံ ယမက ရှိသောကြောင့် ပဒုတပါဒါဒိ အဗျာပေတ ယမက ဂါထာသည်း မည်၏။ ကိလိဋ္ဌ ဒေဒေါသမှု ကင်းသောကြောင့် အညစ် အကြေး ကင်းစင်၍ ကြည်လင်သောကြောင့်လည်း ပသာဒ,ဂုဏ္ဂလ္ဂစ္ဆိတ ယမက ဂါထာလည်းမည်၏။

ထို့ပြင် "ယမကာဒိကံ" ဟူသောပါဠိ၌ အာဒိ သဒ္ဒါ၏ အာဒိဝန်လည်း ရှိသင်္ခသောကြောင့် အချို့သော သဒ္ဒတ္ထာလင်္ကာရတို့၌ အလွန်လျှို့ဝှက်သော အတ္ထဂူဠာ လင်္ကာရတို့ဖြင့် တန်ဆာဆင်၍ ထားသောကြောင့် ဤအနက်ကား အဘယ်နည်း? ဤ

အဓိပ္ပါယ်ကား မည်သည့်အရာကို ဆိုသနည်း?ဟုတွေဝေအောင် ဝှက်၍ ဆိုသောကြောင့် အာဒိသဒ္ဒါ၏ အာဒိဝန်အရ သမ္မုဋ္ဌာပဟေဋ္ဌိ ဂါထာလည်း မည်၏။။

မဟေဋ္ဌိဆိုသည်မှာ သဒ္ဒပဟေဋ္ဌိ ၇-ပါး၊အတ္ထပဟေဋ္ဌိ ဂ-ပါး၊ ယင်းနှစ်ပါးပေါင်းစပ်၍ သဒ္ဒတ္ထပဟေဋ္ဌိ ၁၀ပါးအား ဖြင့် ၁၆—ပါးရှိ၏။ထိုတွင်"သမ္မုဋ္ဌာ မုဋ္ဌတာ ဃေဝ နိဒ္ဒိဋ္ဌတ္ထာပိ သာဓုကံ" ဟူသော သက္ကဋ္ဌ အလင်္ကာကျမ်းကြီးနှင့် အညီ—

သာဓုကံ၊ကောင်းစွာ။ နိဒ္ဒိဋ္ဌတ္ထပိ၊ တိုက်ရိုက် ညွှန်ပြအပ်သော အနက်ရှိသော်လည်း။ မုဋ္ဌတာယေဝ၊ တွေဝေအောင် အနက်ယောဇနာ ခြင်းသည်သာလျှင်။ သမ္မုဋ္ဌာ၊ သမ္မုဋ္ဌာပဟေဋ္ဌိမည်၏။။

ထို့ကြောင့် ဤရတနတ္တယ ပဏာမဂါထာ၌ အချို့သော အတ္ထယောဇနာတို့သည် စာရှုသူ စာဖတ်သူ သောတုဇဉ်တို့အား တိုက်ရိုက်မဆိုဘဲ တွေဝေအောင်အလိုရှိအပ်သော ဂူဆွဲတတ္ထကို ဝှက်၍ အလိုမရှိအပ်သော အနိဆွဲတတ္ထ သို့လည်း မရောက်စေ မသက်ဝင်စေဘဲ အာမဝိရောဓိ လုတ်ကင်းအောင် ယောဇနာခြင်းကြောင့် အတ္ထပဟေဋ္ဌိ ဂ-ပါးတို့တွင် အတ္ထသမ္မုဋ္ဌာပဟေဋ္ဌိဂါထာမည်၏။။

(တိုက်ရိုက်စကား၊ဆိုတုံးငြားလျက်၊ အနက်မထင်၊ တွေဝေလျှင်၊သိမြင်သမ္မုဋ္ဌာ။။ ။စကား ဝိုးဝါးရီတီးရာတား နေအောင် ဝှက်သည် ဟူလို)

သဒ္ဒပဟေဋ္ဌိ အတ္ထပဟေဋ္ဌိ သဒ္ဒတ္ထပဟေဋ္ဌိ သုံးမျိုးတို့ကို စာအခြေခံ အသင့် အတင့်ရှိသော စာရှုသူတို့ နားလည်စေရန် အနည်းငယ်ဘော်ပြဦးအံ့။။

"သုရာပါဏော သင်္ကော ဘဝိဿတို့"

သုရာပါဏော၊ အရက်ခေသာက်သော သူသည်။ သင်္ကော၊ သိမ်းကြုံးမင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဤကား သုရာသောက်ကို မသိဘဲ ပေးမိမှားသော အနက်တည်း။

သုရာပါဏော၊ ကုသိုလ်ကောင်းမှုပြုခြင်း၌ ရဲရင့်သော သတ္တိရှိသောသူသည်။ သင်္ကော၊ သိကြုံးမင်းသည်။ ဘဝိဿဟိ၊ ဖြစ်လတ္တံ့။ ။ဤကား သုရာတော်၏။ ရဲရင့်ခြင်းကို သိ၍ပေးသော အနက်မှန်ပေတည်း။

(ဓာတ်နှင့် ပစ္စည်း၊ သိမ့်ဝှက်ထား၊ တွေ့တုံ့ပြန်၊ မှတ်သား ဖရုသာ) ဤသုရာ ပါဏော ကား....သဒ္ဒဖရုသာ ပဟေဠိမျိုးမည်၏။

"နမော ကရောဟိ နာဂဿ"

နာဂဿ၊ နဂါမင်းအား။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ။ ပြုလော။

ဤကားအလိုရှိအပ်သော အတိုက္ကစ္ဆိတာရမ္မဏတ္ထကို ဝှက်၍ အလိုမရှိအပ်သော အနိစ္ဆိတတ္ထသဒ္ဒါ နာဂပုဒ်ဖြင့် ဝှက်ဆိုထားသောကြောင့် အနက်မှားကို ပေးမိသည်။

နာဂဿ၊ရဟန္တော အဿင်မြတ်အား။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ပြုလော။ ။ဤကား အလို ရှိအပ်သော အနက်မှန်ပေတည်း။ ဤနာဂ ပုဒ်၌ သဒ္ဒါဖြင့် လှည့်စား၍ ဝှက်သောကြောင့် သဒ္ဒပဟေဠိ ၇-ပါးတို့တွင် သဒ္ဒဝဉ္စိတာ ပဟေဠိ မည်၏။ ပါဠိသရမ်းသော စာသင်သားတို့၏။ "ဤတို့ ဗီဇံ အဟံ ဝန္ဒာမိ"မှာလည်း တထေဝ,ပင်။

သဒ္ဒါအနက်၊ နှစ်ချက်သင့်ရာ၊ မလိုတာကို၊ လိုတာထင်မှတ်၊ဝှက်တုံလှပ်၊ မှတ်အပ်ဝဋ္ဌတာ။

ပထမံ ကဏ္ဍေ, ယကပ်လို့ဣတင်, ဆျောင်းငင်လို့ရေး၊ ကသတ်ကယ် မှန်မှန်နှင့်, ဂဃက်လန် အာနှဉ် စပ်တယ် ဉာဏ်တတ်လို့တွေး။

ဤလိုရေးသားသောနည်းတို့သည်လည်း ပဟေဠိပင် မည်၏။ ဤရေးနည်းမျိုးကို စာရှုသူတို့ အနက်အဓိပ္ပါယ် ဖေါ်ထုတ်၍ ပဟေဠိဝဓ-ပါးတို့တွင် အဘယ်မည်သော ပဟေဠိ မည်အနည်း ဟုဖေါ်ကြကုန်။

သဘာဝသုခစာတ်

၂။ အသခ်တ ဓမ္မဋ္ဌိတိ၊အစ္ဆေရံ ဝတ နိဗ္ဗုတိ။
အဂ္ဂါ နဿါတိ ဂမ္ဘီရိ၊အာဟာသိ ဓမ္မဒုဒ္ဒဘိ။

၂။ အသခ်တ ဓမ္မဋ္ဌိတိ၊ သခ်တမှန် ဒုက္ခရုံသည့် ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာမှ လွတ်ကွာရှင်းရှင်း ဘေးရန်ကင်းအောင်ရှောင်ကွင်းခန့်ခန့် ရန်မျိုးလှန့်လျက် ကြံ့.ကြံ့.ကြီး တည်နေတော်မူထသော။(ဥဒါန်းပါဠိတော်ကို မှီး၍ သဿတုစ္ဆေဒ, ရန်ဘေးတို့၏ပုန်းအောင်းတည်နေရာ ဓာရုံဌိတ သဘာဝသုခ,ဓာတ်ကို ဆိုလိုသည်)။ ၊အသခ်တဓမ္မဋ္ဌိတိ၊ သခ်တမှန် ကုယိုလ်ကံတို့နှင့် ကင်းသည်ဟူ၍လည်း မဆိုသာ၊မကင်းသည်ဟူ၍လည်း မပြောဝံ ၊အကြောင်းဝေး အကြောင်းနီးဖြစ်သော ဟေတု ပစ္စယတို့ဖြင့် ပြုပြင်အပ်သော်လည်းပြုရာမထင်သော အသခ်တဓာတ်ကိုယ်တော်

မြတ်၏ အစ္စုတ,အစလနသဘော ရွှေ့လျောလှူပ်ရှားခြင်းမရှိဘဲ ငြိမ်းအေးစွာ စံနေတော်မူပေထသော။ ။(အင်္ဂုတ္တရနိကာယ် အဋ္ဌကထာကိုမှီးသည်။ ။ဗျင်္ဂ္ဂါ တ္ထအနက်။)

နိဗ္ဗုတိ၊ လူနတ် ဗြဟ္မာ သတ္တဝါအစားစား အလွန်တရာ မျှားပြားလှတဲ့ သောတုဇဉ် အနန္တတို့ အာရုံတော် ပြုကြတဲ့ အင်္ဂုတ,မြည်ဟီး ငြိမ်းအေးသော အရှင်မြတ်ကြီးသည်။ (အဇာတတ္တာယေဝအာဘူတံ,ဟုဖွင့်ပြသောနေတို့ အဋ္ဌကထာကိုမှီးသည်။ နိတတ္ထအနက်။) အစ္ဆေရံဝတာ၊ အလွန်အံ့သြခြင်းငှါ ထိုက်လှပေစွတကား။ ။(ဤကား....ယထာရဟတ္ထ။)

တဝ၊ အရှင်နိဗ္ဗာန်တော်မြတ်၏ ဝရုံ၊ မြတ်လှစ္စာသော။ ရုံသိ၊ အရောင်တော်သည်။ အစ္ဆေရံဝတာ၊ အံ့သြဘွယ်ကြီးပါတကား.... (ရုံဝတ္ဍ ရုံဝကို ဝရုံ,တချက်၊ ဝတကို တဝ,တချက်၊ ရုံကိုရုံသို့,တချက်၊ဤကဲ့သို့အစိတ်စိတ် ရွှေ့နောက်ပြန်၍ ယောဇနာခြင်းသည် ပဋိလော မကွာရာနည်း မည်၏။ ပုဒ်မျှားစွာ ထုတ်ဆောင်ခြင်းသည် ဘိန္နဿတို့ သမဝေတနည်း မည်၏။) အဂ္ဂါနှင့်၊ အဘိုးထိုက် အဘိုးတန်ဖြစ်သော အနက္ခဓာတ် ရတနာမြတ်ဟု ဆိုအပ်သော။ အတိဂမ္ဘီရိ၊ လူနတ်ဗြဟ္မာ သတ္တဝါ သာမန်တို့ ထောက်ရာ တည်ရာ မှီရာမရှိနိုင်သဖြင့် အလွန့်အလွန်နက်နဲ၍ နေတော် ထေသော။ ဓမ္မဒုဒ္ဒြတိ၊ အတိဂမ္ဘီရမြည်ဟီး နက်နဲသော ဓမ္မစည်တော်ကြီးကို။အာဟတိ၊ ငြိမ့်ငြိမ့်ငြိမ့်ငြိမ့် တသိမ့်သိမ့်နှင့် ဖိမ့်ဖိမ့် တုန်မြည်ဟီးအောင် အတိဂမ္ဘီရသဘာဝစံစွယ်စုံကျော်တဲ့ကျမ်းတော်ကြီးကိုရိုက်တီးဆော်ရှမ်းခြိမ့်ခြိမ့်မှန်းအောင် ငါးထောင်ကျော်တည်ထွန်းပါစေသတည်း။

ဤကား....ပုဇ္ဇကိစ္စကိုအားထုတ်ခြင်း
ရတနာတွယ ပဏာမအခန်းတည်း။

အစ္ဆတ္တာဂိညာဏ်နှင့်
ဗဟိဒ္ဓဓိညာဏ်ကိုပြခြင်း

စရိယ ၃-ပါး

ယောဂီတို့၏မဟာလှုတ်လပ်ရေးကြီးအတွက် ဝိပဿနာဉာဏ် အလုပ်စခန်းသို့ မှန်မှန်ကန်ကန် ဆိုက်ရောက်ရန်မှာ စရိယတရား တို့ကို မသိဘဲ အလုပ်လုပ်ရန်ခက်ခဲပေလိမ့်မည်။ ယခုမြန်မာပြည် ၌ ဗုဒ္ဓ အယူဝါဒကို ခံယူကြသော သူတို့တွင် အချို့ကား.... မြောက်ပိုင်းမဟာယာနပိဋကတ်ကျမ်းလာ သူညဝါဒကိုအရင်းခံ၍ နံတ်ဆိုက ဒိဋ္ဌဆန်ဆန် ကျင့်သုံးကြ၏။ တချို့ကလဲပြဟ္မာဏတို့၏ ဥပနိသျကျမ်းလာ မိမိတို့၏မဟာလှုတ်လပ်ရေးကြီးကို ဥစ္ဆေဒဒိဋ္ဌ အဘာဝဆန်ဆန် ကျင့်သုံးကြ၏။

ထို့ပြင် မူလတည်ကထိက ပရမတ္ထ စစ်စစ်ကိုတည်၍ကျင့်သုံးကြသောကြောင့် ယင်းပရမတ္ထမှ ပြောင်းလဲ၍ မရတော့ပေ။ တချို့လဲ နောက်ပိုင်းတွင် မှားမှန်းသိ၍ မိမိ၏ မူလ ဝါဒကိုစွန့်လိုက်ကြသည်။ တချို့ကတော့ အိုးကြီးက အိုးငယ် မဖြောင့်းတော့ဟုဆို၍ ဇွတ်မှိတ်ပြီး နေကြလေသည်။

ထို့ကြောင့် ဤကျမ်းဌ ဗုဒ္ဓဝါဒအစစ်အမှန်ကို လမ်းမမှားရအောင် စရိယသုံးပါးက စ၍ပြပေအံ့။

စရိယာတိ တိဿ၊ စရိယာယေယာ ဝိညာဏစရိယာ အညာဏ စရိယာ ညာဏစရိယာ။

—ပဋိသမ္ဘိဒါမဂ် စရိယနာနတ္တ

စရိယာတိတ္ထေ၊ စရိယဟူသော ဤပုဒ်ဌ်။ စရိယာယေယာ ဖြစ်ပေါ်ခြင်း စရိယတို့သည်။ဝိညာဏစရိယာ၊ ကိရိယာ အဗျာကတဝိညာ၏ ဖြစ်ပေါ်ခြင်းသည်ရင်း။ အညာဏ စရိယာ၊ မသိမှုအဝိဇ္ဇာမောဟ၏ ဖြစ်ပေါ်ခြင်းသည်ရင်း၊ ညာဏစရိယာ၊မှန်ကန်သော သမ္မာဒိဌ် အသိညာဏ်၏ ဖြစ်ပေါ်ခြင်းသည်ရင်း၊ ဤတို့ဤသို့။ တိဿော၊ သုံးပါးတို့ပေတည်း။

ဝိညာဏစရိယာတိ ကေနဋ္ဌေန ဝိညာဏစရိယာ?

ဝိညာဏ စရိယာတိတ္ထေ၊ဝိညာဏစရိယဟူသောဤပုဒ်ဌ်။ကေနဋ္ဌေန၊အဘယ်သို့သောအနက်သဘောကြောင့်။ဝိညာဏစရိယာ၊ ဝိညာဏ်စရိယ မည်သနည်း။

နိ ရာဂါ	စရတီတိ	ဝိညာဏ	စရိယာ။
နိဒ္ဒါသာ	။	။	စရိယာ။
နိမောဟာ	။	။	စရိယာ။
နိမာနာ	။	။	စရိယာ။
နိဒိဋ္ဌိ	။	။	စရိယာ။
နိဥဒ္ဓစ္စာ	။	။	စရိယာ။
နိဝိစိကိစ္ဆာ	။	။	စရိယာ။
နာနုသယာ	။	။	စရိယာ။

ရာဂဝိပ္ပယုတ္တာ ။ ။ စရိယာ။
ဒေါသဝိပ္ပယုတ္တာ ။ ။ စရိယာ။
မောဟဝိပ္ပယုတ္တာ ။ ။ စရိယာ။
မာနဝိပ္ပယုတ္တာ ။ ။ စရိယာ။
ဒိဋ္ဌိဝိပ္ပယုတ္တာ ။ ။ စရိယာ။
ဥဒ္ဓစ္စဝိပ္ပယုတ္တာ ။ ။ စရိယာ။
ဝိစိကိစ္ဆာဝိပ္ပယုတ္တာ ။ ။ စရိယာ။
ကုသလေဟိကမ္မေဟိ ဝိပ္ပယုတ္တာ ။ စရိယာ။
အကုသလေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ စရတိတိ ဝိညာဏာ စရိယာ။

အမှာ။ ။ဤပါဠိတွဲ အလယ်က ပိုဒ်မှ ခြားခြား၍ ပေယျာလ ထားခဲ့သော ကွက်လပ်တို့ကို (စရတိတိဝိညာဏကို) ဝါကျတိုင်း ထည့်၍ ဆိုပါလေ။

နိရာဂါဒ္ဓ နိဟရတိ,နိဝရဏ စသည်တို့ကဲ့သို့ နောက်ဒ္ဓသဒိသ, အသဒိသဒ္ဒဘော် မရှိသင့်သောကြောင့်နှိ, ဟု ဒီဃနှင့်ထားသည်၊ (ဒု,နိ အဋ္ဌကထာ၊ရှေးရိုးရာ၊နောက်မှာဒွေးဘော်ဆင့်) ဟုဆိုသော ကြောင့် သဒ္ဒါစည်းမျဉ်းကို သတိပြုလေ။

အာရုံကုသရုံမျှသာ

နိရာဂါ၊ ရာဂကင်းသည်ဖြစ်၍။ စရတိ၊ ဖြစ်တတ်၏။ ဣတိ တာသဗ္ဗာ၊ ထို့ကြောင့်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယမည်၏။ နိဒ္ဒေါသာ၊ ဒေါသကင်းသည်ဖြစ်၍။ နိမ္မောဟာ၊ မောဟကင်း သည်ဖြစ်၍။ နိမ္မာနာ၊မာန ကင်းသည်ဖြစ်၍။နိဒိဋ္ဌိ၊ဒိဋ္ဌိကင်းသည် ဖြစ်၍။ နိဥဒ္ဓစ္စာ၊ ဥဒ္ဓစ္စကင်းသည်ဖြစ်၍။ နိဝိစိကိစ္ဆာ၊ဝိစိကိစ္ဆာ ကင်းသည်ဖြစ်၍။ နာနုသယာ၊အနုသယကင်းသည်ဖြစ်၍။ ရာဂ

ဝိပ္ပယုတ္တာ၊ ရာဂနှင့်မယှဉ်သည်ဖြစ်၍။ ဒေါသ ဝိပ္ပယုတ္တာ၊ဒေါသနှင့် မယှဉ်သည်ဖြစ်၍။မာန ဝိပ္ပယုတ္တာ၊မာနနှင့်မယှဉ်သည်ဖြစ်၍။ ဒိဋ္ဌိ ဝိပ္ပယုတ္တာ၊ဒိဋ္ဌိနှင့်မယှဉ်သည်ဖြစ်၍။ဥဒ္ဓစ္စ ဝိပ္ပယုတ္တာ၊ဥဒ္ဓစ္စနှင့် မယှဉ်သည်ဖြစ်၍။ ဝိစိကိစ္ဆာ ဝိပ္ပယုတ္တာ၊ဝိစိကိစ္ဆာနှင့်မယှဉ်သည် ဖြစ်၍။ အနုသယ ဝိပ္ပယုတ္တာ၊ အနုသယနှင့် မယှဉ်သည်ဖြစ်၍။ ကုသလေဟိ၊ ကု သို လ် ဖြစ် ကုန်သော။ ကမ္မေဟိ၊ ကံတို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်သည်ဖြစ်၍။ (ဤ၌ ပဋိသန္ဓိဒါမင် ဆဋ္ဌမ္မာ— ကုသလေဟိ ကမ္မေဟိ သမ္ပယုတ္တာဟုရှိသည်၊မသင့်။)အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ကမ္မေဟိ၊ ကံတို့နှင့်။ ဝိပ္ပယုတ္တာ၊ မယှဉ်သည်ဖြစ်၍၊ စရတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဝိညာဏ စရိယာ၊ဝိညာဏ စရိယမည်၏။

အာရုံကို သိကာမျှဖြစ်သော အနက်သဘော သတ္တိသည် ဝိညာဏ စရိယမည်၏။

တနည်း။ ။ဗဟိဒ္ဓဖြစ်သော ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့ကို အာရုံပြုလိုလတ်သည် ရှိသော် အာဝဇ္ဇန်းကိရိယာဟူ ဆိုအပ်ဓသော အဗျာကတ မည်သောစိတ်သည် ရှေးဦးစွာ ဖြစ်လာ၏။ ယင်းစိတ်ဖြစ်ခြင်းသည် အကောင်းဆုံးသာလျှင် အကောင်းဆုံးဟု ဆိုအပ်သည်။ အဘယ်ကြောင့် နည်းဟူမူကား....လောဘ, ဒေါသ, မောက, မာန, ဥဒ္ဓစ္စ, ဝိစိကိစ္ဆာ, အနုသယတို့နှင့် မယှဉ်သော၊ကြောင့်တည်း။ ထို့ကြောင့် စူဠနိဒ္ဒေသ ပါဠိတော်အဇိတမာဏဝ နိဒ္ဒေသတွင်—

"ယံ စိတ္တံ မနောမာနသံ ဟဒယံ ပဏ္ဍရံ" ဟု ဟောတော်မူ၏။

မနော၊ မနမည်သော။ ယံစိတ္တံ၊ အကြင်အဇ္ဈတ္တ ဖြစ်သော ပကတိ ပရိသုဒ္ဓစိတ်သည်။ မာနသံ၊မာနသမည်၏။ ဟဒယံ၊ဟဒယမည်၏။ ပဏ္ဍရံ၊ဖြူစင်သောကြောင့် ပဏ္ဍရမည်၏။ (ဋီကာဝိညာဏ်)

ဤကား အဇ္ဈတ္တဖြစ်သော စိတ်ဝိညာဏ်ကိုနိရုတ္တိနည်း အမျိုးမျိုး၊ အမည် အမျိုးမျိုးတပ်၍ ဟောတော်မူ၏။ အမည် အမျိုးမျိုးပြားသော်လည်း အတ္ထ ပဋိသမ္ဘိဒါ သဘောမှာ တခုတည်း ပင်မှတ်ရမည်။

အနန္တံ သပ္ပတော ပဘံ

ဤဝိညာဏစရိယဖြစ်သော စိတ်ဝိညာဏ်ကို မြတ်စွာဘုရား သည် ဝိညာဏ်ဏဉ္စိတိ ဟူ၍ဖြင့်၊ ဝိညာဏံ ဓဇော့ဟူ၍ဖြင့်၊အနန္တံ သပ္ပတော ပဘံ ဟူ၍ဖြင့်၊ ပကတိ ပရိသုဒ္ဓိမိဒံ စိတ္တံ ဟူ၍ဖြင့် ဝိညာဏစရိယ ဝိညာဏ်ကို အမည်အမျိုးမျိုးပြား၍။ဟောတော်မူသည်။ ထိုဝိညာဏ်ကို ပဋိစ္စသမုပ္ပါဒ်ထဲသို့သွင်း၍ မယူနှင့်၊ပဋိစ္စသမုပ္ပါဒ်နှင့်လွတ်ကင်းသော ဝိညာဏ်ဖြစ်သည်။ဤဝိညာဏ်မှာဤမှာဘက်ကမ်းကဝိညာဏ်မဟုတ်၊ ထိုမှာဘက်ကမ်းက ဝိညာဏ်ဟူ ပြတ်ပြတ်သားသား နားလည်ထားရမည်။ ထို့ကြောင့် ထိုစိတ် ဝိညာဏ်သည်အနန္တ အယုတ်တရားနှစ်ပါးမှကင်း၏။ သန့်ရှင်းစင်ကြယ်၏၊ဖြူစင်၏။ နှုးညံ့သိမ်မွေ့၏ဟု မှတ်ရလေ။

ထုက်သက်ဝင်သက် အားထုတ်လျှင်

ဤဖြူစင်သော စိတ်ဝိညာဏ်ကို ပဋိသမ္ဘိဒါမက် ပါဠိတော် အာနာပါန ကထာ တတိယစတုက္က နိဒ္ဒေသတွင်လည်း ဟောတော်မူ၏။ အဘယ်သို့ ဟောတော်မူသနည်းဟူမူ-

"စိတ္တ ပဋိသံဝေဒီ အဿသိဿမီ" တိ သိက္ခတိ၊
"စိတ္တ ပဋိသံဝေဒီ ပဿသိဿာမီ"တိ သိက္ခတိ။

ထုက်သက်နှင့်ဝင်သက်နှစ်ပါးကို အားတုတ်ရာ၌ ထုက်သက်ခေါ်ထုက်လေကို, ဝင်သက်ခေါ်ရှူလေရှိုက်လေကို စိတ္တပဋိသံဝေဒီဟု ဟောတော်မူ၏။

ဤ"စိတ္တ ပဋိသံဓေဒိ"ဟူ သောပုဒ်သည် မိမိ ရှုဆင်သော စိတ်ကို ထင်ရှားစေရမည်ဟု ဆိုလိုသည်။ ထင်ရှားရမည်ဟု ဆို သည်မှာအဘယ်နည်း။ဤကား အဇ္ဈတ္တ စိတ်ဝိညာဏ်,ဤကား ဗဟိဒ္ဓစိတ်ဝိညာဏ်ဟု ထင်ရှားစေရမည်ဟု ဆိုလိုသည်။

နိဗ္ဗတ္တိလက္ခဏာ တွေ့ရပုံ

ထိုထွက်ဝင်လေနှစ်ပါးကိုရှုမှတ်ရာတွင် ဗဟိဒ္ဓစိတ်ဝိညာဏ်နှင့် ဉာဏ်ရှုမှတ်နေလျှင် (ပိုးသာကုန်မောင်ပုံစောင်းမတတ်) ဟူသော စကားပုံကဲ့သို့ရှိမည်ကို သတိပြုအပ်၏။ ထိုထွက်လေဝင်လေ နှစ် ပါးကို ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် ပထမ ရှု မှတ် ရာတွင် အဇ္ဈတ္တ စိတ်ဝိညာဏ်သည် လေခေတ်တွင် နိဗ္ဗတ္တိလက္ခဏာရှိသော ပရမတ္ထ ဝါယောခေတ်ကို တွေ့ရသည်။ သို့မဟုတ် ဝိပရိဏာမ လက္ခဏာရှိသော သဘောကိုတွေ့ရသည်။ ဤလို တွေ့မြင်ရခြင်း သည် အမှန်တရားကို တွေ့ရသိရမြင်ရသည်မည်၏။ ယင်းအဇ္ဈတ္တ စိတ်ဝိညာဏ်သည် ပဋိသန္ဓိဒါမင်္ဂ ပါဠိတော်တွင် နာနတ္တ စရိယ နိဒ္ဒေသ၌"နိက္ကိလေ သဉ္ဇေနာတိ"ဟု ဟောတော်မူသောကြောင့် ကိလေသာမရှိသော ဝိညာဏ်က ကိလေသာမရှိသော ဝါယော ခေါတ်ကို ရှုမှတ်နေသည်ဟု မှတ်ပါလေ။

မနော မနာယဘနံ မန္ဒြိယံ ဝိညဉ်ဏံ ဝိညာဏက္ခန္ဓော
တဇ္ဇာ မနောဝိညာဏ ဓာတု။ (စရိယဝိညာဏ်)
—ပဋိသမ္ဘိဒါမင်္ဂ
သတောကာရိ ဉာဏ နိဒ္ဒေသ

မနော၊ မနမည်သော။ ယံစိတ္တံ၊အကြင်ဗဟိဒ္ဓဖြစ်သော စိတ် သည်။ဝါ၊ ဝိညာဏခေတ် ခုနစ်ပါးသည်။ မနာယတနံ၊ မနာယ တနမည်၏။ မနိဒ္ဒြိယံ၊ မနိန္ဒြေမည်၏။ ဝိညာဏံ၊ ဝိညာဏမည်၏။

ဝိညာဏကွန္ဓေဝ၊ ဝိညာဏကွန္ဓဝမည်၏။ မနော ဝိညာဏဓာတု၊ မနော ဝိညာဏဓာတ်သည်။ ဝါ-ခုနစ်ပါးသော ဝိညာဏဓာတ်သည်။ တဇ္ဇာ၊ ထိုမာနသ, ဟဒယ, ပဏ္ဍရမည်သော အဇ္ဈတ္တခေါ်သော စိတ်ဝိညာဏ်ကို စွဲမှီရမှ ဖြစ်နိုင်၏။

ယေ ဝါ ပန တသ္မိံ သမယေ အညေပိ အတ္ထိ
ပဋိစ္စ သမုပ္ပန္နာ အရူပိနော ဓမ္မာ၊ ဣမေ ဓမ္မာ
ကုသလာ ဣမေ ဓမ္မာ အကုသလာ ဣမေ
ဓမ္မာ အဗျာကတာ။ —ဓမ္မသင်္ဂဏိပါဠိတော်

တသ္မိံ သမယေ၊ ထိုစကြာစသော ဝိထိတို့၏ ကျေးဇူးအခါ၌။ ယေ ဝါ ပန၊ အချို့ကုန်သော။ အညေ၊ အဇ္ဈတ္တဟာဒယတို စိတ် ဝိညာဏ်မှတပါး ဖြစ်ကုန်သော။ ပဋိစ္စ သမုပ္ပန္နာ၊ ပဋိစ္စ သမုပ္ပန္နဟု ဆိုအပ်ကုန်သော။ အရူပိနော၊ နာမ်မည်ကုန်သော။ ဓမ္မာ၊ ဗဟိဒ္ဓဟုခေါ်အပ်သော ဝိညာဏ်ဓာတ်စေတသိက် ဓမ္မာရုံတို့သည်။ အတ္ထိသဒ္ဒေါ၊ ရှိကုန်၏။ ဣမေဓမ္မာ၊ ဤပဋိစ္စသမုပ္ပန္နတရားတို့သည် ကုသလာ၊ ကုသိုလ်မည်ကုန်၏။ အကုသလာ၊ အကုသိုလ်မည်ကုန်၏။ အဗျာကတာ၊ အဗျာကတမည်ကုန်၏။

ဤကဲ့သို့ အဇ္ဈတ္တစိတ်ဝိညာဏ်နှင့်ဗဟိဒ္ဓ စိတ်ဝိညာဏ်တို့သည် စက္ခုဒ္ဒါရဝီထိ, သောတဒ္ဒါရဝီထိ, ဃာနဒ္ဒါရဝီထိ, ဇိဝှာဒ္ဒါရဝီထိ, ကာယဒ္ဒါရဝီထိစသော ဝီထိတို့၌ ကျုပ်ဘဒ္ဒန္တ ကေနဇောဓ ကောလမ္ဗဏ္ဍ ကောဏ္ဍဉ်ကြီး အဖြစ်ဖြင့် တဝီထိထဲအတူတူက ဖြစ်အတူပျက်အတူ အာရုံတူ မှီရာတူအားဖြင့် တခကြောင်းတည်းသွားကြသည်ကို အတိဂမ္ဘီရတို့ သဘောဖြစ်၍ သာမန်ပုဂ္ဂိုလ်များ သိနိုင်ရန် ခက်ခဲ၏၊ နက်နဲ၏ဟုမှတ်ပါလေ။

ယောဂီတို့-သတိ

ထိုကြောင့် သာတိ ရဟန်းနှင့် ယမက ရဟန်းတို့သည် ဤတစိဆိုထဲတွင် အဇ္ဈတ္တစိတ်ဝိညာဏ်နှင့် ဗဟိဒ္ဓ စိတ်ဝိညာဏ် နှစ်ပါးတို့ဖြစ်အတူ ပျက်အတူ သွားနေကြသည်ကို မသိမမြင် မထင်နိုင်ကြသည်ဖြစ်၍ မြတ်စွာဘုရား၏ ပါဝစန စကား တော်ကိုတော်လှန် ငြင်းခုံကြပြီး ဝိညာဏ်သည် နှစ်ခုမရှိ၊ တခုတည်းသာရှိသည်ဟု အယူရှိကြလေသည်။ယခုကာလ ယောဂီတို့မှာလဲ ထိုရဟန်းတို့ကဲ့သို့ အယူမမှားမိစေရန် သတိပေး တိုက်တွန်းလိုက်ရပေသည်။

အဇ္ဈတ္တ စိတ်ဝိညာဏ်သည် အဇာတိ, အဇရာ, အဗျာဓိ, အမရဏ,မည်၏၊ အနုပါဒါနက္ခန္ဓာမျိုးတည်း၊ဥပါဒါန်ကြောင့် ဖြစ်သော ဝိညာဏ်မျိုး မဟုတ်ဟု ဆိုလိုသည်။

သန်ါရကြောင့်ဖြစ်သော ဝိညာဏ်

ဗဟိဒ္ဓ စိတ်ဝိညာဏ်ကား အာရုံလည်း မည်၏။ ပဋိစ္စသမုပ္ပန္နလည်း မည်၏၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏလည်း မည်၏။ဤစိတ်ဝိညာဏ်ကို "သန်ါရ ပစ္စယာ ဝိညာဏ်" ဟု ဟောတော်မူသောကြောင့် သန်ါရကြောင့်ဖြစ်သော ဝိညာဏ်ဖြစ်လေသည်။ ဤဗဟိဒ္ဓ စိတ်ဝိညာဏ်တရားကိုကား ဘုရားရှင်များ ပွင့်တော်မမူသော ကမ္ဘာ သာသနာပ ကာလ ရသေ့တပသီ စျာန်ရယောဂီတို့သည်ပင်လျှင် သိမြင်ရှာကြံနိုင်သော ဝိညာဏ်ဖြစ်လေသည်။ သာဓကကို ဆောင်ရလျှင် စျာန်သာရ၍ မဂ်ဖိုလ်ကို မရကြသော ဗကာဗြဟ္မာစသော များစွာသောဗြဟ္မာတွေကို သိမြင်ကြပါလေ။

မြွေငန်းကြီးနှင့် ဖါးသူငယ်

ဤဗဟိဒ္ဓ စိတ်ဝိညာဏ်သည်ကား အဝိဇ္ဇာ,တဏှာ,ကံ,နာမ

ရူပ ဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်ပေါ်လာသော ဝိညာဏ်ဖြစ်လေသည်။ ဤဝိညာဏ်ကို မျက်လှည့်ဆရာနှင့် သန္ဓာန် တူသည်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ သတ္တဝါအနန္တတို့ကို လိမ်လည်လှည့်ဖျားပြီး အပါယ်လေးပါးသို့ပို့ဆောင်နေသော ဝိညာဏ်ဖြစ်လေသည်။ တနည်းအားဖြင့် ဆိုရသော် ဤဗဟိဒ္ဓ စိတ်ဝိညာဏ်သည် အဆိပ်ထန်ပြင်းသော မြွေနန်းကြီးနှင့်လည်း သဏ္ဌာန်တူ၏။ သတ္တဝါအနန္တတို့သည် မြွေ၏အစာဖါးသူငယ်နှင့်တူကြ၏။ ဖါးသူငယ်သည် မြွေတည်းဟူသော ရန်သူဘေးမှ လွတ်မြောက်အောင် ကြည်လင်အေးမြသော ရေအိုင်သို့မသွားဘဲ မြွေနန်း၏ခံတွင်းနား သို့သာလျှင် အမြဲမပြတ် ပျော်ရွှင် ခုန်ပေါက်ကာ သွားလာနေဘိသကဲ့သို့ ထို့အတူ ပုထုဇဉ်သတ္တဝါတို့သည် မြွေငန်းကြီးနှင့်တူသော ဗဟိဒ္ဓ ဝိညာဏ်ဘေးမှ လွတ်မြောက်အောင် ပို့ဆောင်ကယ်တင်ပါသော်လည်း မြွေငန်းကြီးကို ရန်သူမထင်ဘဲ အလွန်အလွန် ချစ်ကျမ်းဝင်သော မိတ်ကောင်း ဆွေကောင်းကဲ့သို့ မှတ်ထင်၍ နေလေသည်။

ဤ ဥပမာမှာ မြွေငန်းကြီးက ဗဟိဒ္ဓ ဥပါဒါန် ဝိညာဏ်နှင့်တူ၏။ ကြည်လင်အေးမြသော ရေအိုင်က ချမ်းသာသော သန္တိသုခရှိသော အဇ္ဈတ္တဝိညာဏ်ခေါ် ဝိညာဏစရိယဉာဏ်နှင့် အာလားတူလေသည်ဟု ဥပမာ ဥပမေယျနှစ်ပါး ဉာဏ်ဝင်စား၍ ကြည့်ပါလေ။

ဤအဇ္ဈတ္တ စိတ်ဝိညာဏ်သည် စက္ခုဝတ္ထု စသော ဝတ္ထုရုပ်ခြောက်ပါးကို မှီ၍ဖြစ်၏။ ထို စက္ခုဝိညာဏ်တို့၏ ဖြစ်ပုံသဘောသွားကို ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။

မြင်ခြင်းအကျိုးငှါဆင်ခြင်စိတ်

ကတမာ ဝိညာဏစရိယာ?

ဒဿနတ္ထာယ အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစဝယာ ရူပေသု။

—ပဋိသမ္ဘိဒါမဂ် စရိယာနာနတ္တ အဖွင့်

ဝိညာဏစရိယာ၊ဝိညာဏစရိယသည်။ကတမာအဘယ်နည်း။ ဒဿနတ္ထာယ၊ မြင်ခြင်းအကျိုးငှါ။ အာဝဇ္ဇန ကိရိယာဗျာကတာ အာဝဇ္ဇန်းဟု ဆိုအပ်သော နှလုံးသွင်း ဆင်ခြင်မှုဖြစ်သော ကိရိယာ အဗျာကတစိတ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ဝိညာဏစရိယာ၊ ဝိညာဏစရိယမည်၏။

စက္ခုနှင့် ရူပါရုံတို့ တိုက်ဆိုင်သောအခါ ပေါ်ထွက်လာသော စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကိုမြင်ဆဲ ပစ္စုပ္ပန်ခဏ၌ နှလုံးသွင်း ဆင်ခြင်ခြင်း၌ ကိလေသာဟူသမျှ မြူမျှမရှိသောကြောင့် ကိရိယာ အဗျာကတ ခေါ်၏။ ဤစိတ်ကိုပင် ဝိညာဏစရိယ စိတ် ဟုခေါ်၏။

ဒဿနဋ္ဌော စက္ခုဝိညာဏံ ဝိညာဏစရိယာ ရူပေသု။

—ပဋ္ဌာနပဋိသမ္ဘိဒါမဂ်

ဒဿနဋ္ဌော၊ မြင်ခြင်းသဘောရှိသော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ဝိညာဏ စရိယမည်၏။

မြင်ဆဲခဏ၌ ရူပါရုံကို နှလုံးသွင်း ဆင်ခြင်ပြီးနောက် မြင်ခြင်းသဘောရှိသော မြင်တဲ့သဘောဖြစ်သော မြင်နေသော အာခိုက်အတန့်၌လည်း ကိလေသာမရှိသောကြောင့် ဝိညာဏစရိယမည်၏။

ဒိဋ္ဌတ္တာ အဘိနိရောပနာ ဝိပါကမနောဓာတု
ဝိညာဏစရိယာ ရူပေသု။

—ပဋိသမ္ဘိဒါမဂ်

ဒိဋ္ဌတ္တာ၊ မြင်အပ်ပြီးသည်၏အဖြစ်ကြောင့်။ အဘိနိရောပနာ၊ မြင်အပ်ပြီးသော အဆင်းအာရုံသို့ ရှေး၌ထင်ခြင်း သဘော ရှိသော။ ဝိပါက မနောဓာတု၊ ဝိပါက် မနောဓာတ် မည်သော သမ္ပဋိစ္ဆိန်း စိတ်သည်။ ဝါ၊ ရူပါရုံကိုလက်ခံသော စိတ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ ဝိညာဏစရိယမည်၏။

ရူပါရုံကို မြင်၍ပြီးသောအခါ ထိုရူပါရုံ၏အဆင်းကို ရှေး၌ထင်နေခြင်းသည် ဝိညာဏစရိယ အမည်ခံသော သမ္ပဋိစ္ဆိန်းစိတ် က လက်ခံထားသည်ဟု ဆိုလိုရင်းဖြစ်သည်။ ဤသမ္ပဋိစ္ဆိန်းစိတ် လက်ခံထားသော အခါိန်ကာလ တခဏမျှသော်ငင်း ဝိပါက် မနော ဝိညာဏဓာတ်ဟု ဆိုအပ်သော ဝိညာဏစရိယမည်သော သန္ဋီရဏစိတ်သည်လည်း သမ္ပဋိစ္ဆိန်း လက်ခံထားသော ရူပါရုံကို စူးစမ်းဆင်ခြင်၏။

အဘိနိရောပိတတ္တာ၊ ဝိပါကမနောဝိညာဏ
ဓာတု၊ ဝိညာဏစရိယာ၊ ရူပေသု။

ဝ
၃-၉-၇၇-ပဋ္ဌေ။

အဘိနိရောပိတတ္တာ၊ အဆင်းရူပါရုံသို့ ရှေး၌တင်အပ်ပြီးသည်၏အဖြစ်ကြောင့်။ ပဝတ္တာ၊ဖြစ်သော။ ဝိပါကမနောဝိညာဏဓာတု၊ ဝိပါကမနောဝိညာဏဓာတ်မည်သော သန္ဋီရဏ စိတ်သည်။ ရူပေသု၊ ရူပါရုံတို့၌။ ဝိညာဏစရိယာ၊ ဝိညာဏစရိယမည်၏။

"သတိ"

သန္တိရဏာနန္တရံ၊ ဝေါဋ္ဌပ္ပနေ၊အဓုတ္တောပိ
အဋ္ဌကထာစရိယောဟိ၊ ဝုတ္တတ္တာ၊ လဗ္ဘတိတိ ဂဟေတဗ္ဗံ။
၃-၉-၂၆၅-ဋ္ဌ။

သန္တိရဏာနန္တရံ၊ ဝိပါက မနောဝိညာဏဓာတ် မည်သော သန္တိရဏစိတ်၏အခြားမဲ့၌။ဝေါဋ္ဌပ္ပနေ၊ အာရုံကိုဆုံးဖြတ်သော ဝုဋ္ဌေဝစိတ်ကို။ အဓုတ္တောပိ၊ အရှင်သာရိပုတ္တရာသည် မဟောအပ်ပါသော်လည်း။ အဋ္ဌကထာစရိယောဟိ၊ အဋ္ဌကထာဆရာတို့သည်။ ဝုတ္တတ္တာ၊ ဖွင့်ဆိုအပ်သည် အဖြစ်ကြောင့်။ လဗ္ဘတိ၊ ရအပ်၏။ ဂ္ဟတိ၊ထို့ကြောင့်။ ဂဟေတဗ္ဗံ၊ထည့်သွင်းမှတ်ယူအပ်၏။

အကုသိုလ်တို့ကို ခွင့်ပေးလိုက်ပုံ

ထိုသို့ဆင်ခြင်ပြီးနောက် အညာဏစရိယ ဖြစ်လိုလတ်သည် ရှိသော် စိတ်နှလုံးကို ပွားစေတတ်ကုန်သော ဝါးငြိတွယ်စေတတ်ကုန်သော အခွင့်အခါကို မပေးသော်လဲ ပေးဘိသကဲ့သို့ အာဝဇ္ဇန်း ကိရိယာဗျာကတဟု ဆိုအပ်သော ဝိညာဏစရိယ စိတ်သည် ရာဂ, ဒေါသ, မောဟ,မာန စသော အကုသိုလ်တရားတို့ကို၊ ဝါးစိတ်နှလုံးကို ပွားများနှစ်ခြိုက်စေတတ်သော ရာဂ၊စိတ်နှလုံးကို မပွားများ မနှစ်ခြိုက်စေတတ်သော ဒေါသ စသော အကုသိုလ်တရားတို့၏ ဖြစ်ပေါ်လာရမှုကို ဝိညာဏစရိယ အမှည့်ခံသော စိတ်တို့က မိမိတို့၏ လုပ်ငန်းကိစ္စကို၊ ဝါး၊ဖြူစင်သော၊ စင်ကြယ်သော အပြစ်မရှိသော အနဝဇ္ဇ ဗျာပါရ သတ္တိတို့ကို ရပ်နားပြီး အပြစ်နှင့်တကွ မကောင်းသောအကျိုးကို ပေးတတ်သော သာဝဇ္ဇမည်သော အကုသိုလ်စေတသိက်တို့ကိုဆောင်ရွက်

ခွင့် ပေးလိုက်သောဟူ၏။ မပေး သော်လဲ ပေးသကဲ့သို့ မှတ်ရမည်ဟုဆိုလိုသည်။ သောတ, ဃာန စသည်တို့၌လည်း ဤနည်းပင်မှတ်ဖွယ်။

ဧကာဒ်နုတ်ချက်။ ။ဝိညာဏ စရိယမည်သော ဝိညာဏ်သည် ညာဏစရိယ (အညာဏစရိယ ဥပါဒါန်ဝိညာဏ်တို့)မဖြစ်ခင် ရှေးဦးစွာ ပထမ ဘဝင်ကစ၍ ဖြစ်ပေါ်လာ၏။ ညာဏစရိယ (အညာဏစရိယဥပါဒါန်ဝိညာဏ်တို့သည်)ဇောအကြိမ်နှင့်တဒါရုံအကြိမ်တို့၌သာ ဖြစ်နိုင်ကြ၏။ ပထမ ဘဝင်ကစ၍မဖြစ်ဟုဆိုလိုသည်။ မသေကောင်း မပျောက်ကောင်း မချုပ်ကောင်းသော ဝိညာဏ်ဟု မှတ်လေ။

ဝိညာဏစရိယကို ပြဆိုခဲ့ကြပြီး၏။

အညာကစရိယကို ပြဆိုခြင်း

ကတာမာ အညာကစရိယာ ?

မနာပိယေသု ရူပေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။
ရာဂဿ ဇဝနာ အညာကစရိယာ။
ဒေါသဿ ဇဝနာ အညာကစရိယာ။
မောဟဿ ဇဝနာ အညာကစရိယာ။
မာနဿ ဇဝနာ အညာကစရိယာ။
ဒိဋ္ဌိယာ ဇဝနာ အညာကစရိယာ။
ဥဒ္ဓစ္စဿ ဇဝနာ အညာကစရိယာ။
ဝိစိကိစ္ဆာယ ဇဝနာ အညာကစရိယာ။
အနုသယဿ ဇဝနာ အညာကစရိယာ။

အမှာ။ ။ကျွပ်ဘိုးသည် အကျယ်ကိုအကျဉ်းချုံး၍ ပြထား သောပါဠိဖြစ်သည်။

အညာကစရိယာ၊ အညာကစရိယသည်။ ကတာမာ၊ အဘယ်နည်း ?

မနာပိယေသု၊ နှလုံးကို ပွားစေတတ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ ရာဂဿ၊ ရာဂ၏။ ဇဝနတ္ထာယ၊ ဖြစ်ခြင်းအကျိုးငှာ။ အာဝဇ္ဇန ကိရိယ အဗျာကတာ၊ နှလုံးသွင်းဆင်ခြင်မှုအာဝဇ္ဇန်းဟူဆိုအပ်သော ကိရိယာ အဗျာကတ စိတ်သည်။ ဝိညာဏစရိယာ၊ စိညာဏစရိယမည်၏။

ရာဂဿ၊ ရာဂ၏။ ဇဝနာ၊ ဖြစ်ခြင်းသည်။ အညာဏစရိယာ၊ အညာဏစရိယမည်၏။

ဒေါသဿ၊ ၏။ ဇဝနာ၊ သည်။ အညာဏ စရိယာ၊ ၏။
မောဟဿ၊ ၏။ ဇဝနာ၊ သည်။ အညာဏစရိယာ၊ ၏။
မာနဿ၊ ၏။ ဇဝနာ၊ သည်။ အညာဏ စရိယာ၊ ၏။
ဒိဋ္ဌိယာ၊ ၏။ ဇဝန်ာ၊ သည်။ အညာဏ စရိယာ၊ ၏။
ဥဒ္ဓစ္စဿ၊ ၏။ ဇဝနာ၊ သည်။ အညာဏ စရိယာ၊ ၏။
ဝိစိကိစ္ဆာယ၊၏။ ဇဝနာ၊ သည်။ အညာဏ စရိယာ၊ ၏။
အနုသယဿ၊၏။ ဇဝနာ၊ သည်။ အညာဏ စရိယာ၊ ၏။

မနာပိယေသု သဒ္ဒေသု။ ပ ။
မနာပိယေသု ဂန္ဓေသု။ ပ ။
မနာပိယေသု ရသေသု။ ပ ။
မနာပိယေသု ဖောဋ္ဌဗ္ဗေသု။ ပ ။
မနာပိယေသု ဓမ္မေသု။ ပ ။

ရူပါရုံမှတပါး ကျန်သော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌လည်း ဆိုအပ်ခဲ့ပြီးသော ရူပါရုံကဲ့သို့ မှတ်ပါလေ။

ရာဂနှင့်တကွ အညာဏစရိယ

အညာဏ စရိယာတိ ကေနဋ္ဌေန အညာဏစရိယာ ?

—ပဋိသမ္ဘိဒါမဂ် ပါဠိတော်

အညာဏ စရိယာတိ ဏ္ဍော၊ အညာဏစရိယ ဟူသော ဤပုဒ်ဖွဲ့။ ကေနဋ္ဌေန။ အဘယ်သို့သော အနက် သဘောကြောင့်။ အညာဏစရိယာ၊အညာဏစရိယ မည်သနည်း။

ဤကား အမေးတည်း။

သ ရာ ဂါ စရတီတိ အညာဏစရိယာ။

သ ရာ ဂါ၊ ရာဂနှင့်တကွ။ စရတိ၊ဖြစ်တတ်၏။ ဣတိတသ္မာ။ ထို့ကြောင့်။ အညာဏစရိယာ၊ အညာဏစရိယာမည်၏။

သဒေါသာ၊ ဒေါသနှင့်တကွ ဖြစ်ခြင်း၊
သမောဟာ၊ မောဟနှင့်တကွ။ ။
သမာနာ၊ မာနနှင့်တကွ။ ။
သဒိဋ္ဌိ၊ ဒိဋ္ဌိနှင့်တကွ။ ။
သဥဒ္ဓစ္စာ၊ ဥဒ္ဓစ္စနှင့်တကွ။ ။
သဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာနှင့်တကွ။ ။
သာနုသယာ၊ အနုသယနှင့်တကွ။ ။

ရာဂ သမ္ပယုတ္တာ၊ ရာဂနှင့် ယှဉ်သည်ဖြစ်၍။
ဒေါသ သမ္ပယုတ္တာ၊ ဒေါသနှင့် ယှဉ်သည်ဖြစ်၍။
မောဟ သမ္ပယုတ္တာ၊ မောဟနှင့် ယှဉ်သည်ဖြစ်၍။
မာန သမ္ပယုတ္တာ၊ မာနနှင့် ယှဉ်သည်ဖြစ်၍။
ဒိဋ္ဌိ သမ္ပယုတ္တာ၊ ဒိဋ္ဌိနှင့် ယှဉ်သည်ဖြစ်၍။
ဥဒ္ဓစ္စ သမ္ပယုတ္တာ၊ ဥဒ္ဓစ္စနှင့် ယှဉ်သည်ဖြစ်၍။
ဝိစိကိစ္ဆာ သမ္ပယုတ္တာ၊ ဝိစိကိစ္ဆာနှင့် ယှဉ်သည်ဖြစ်၍။
အနုသယ သမ္ပယုတ္တာ၊ အနုသယနှင့် ယှဉ်သည်ဖြစ်၍။
ကုသလေဟိ ကမ္မေဟိဝိပ္ပယုတ္တာ၊ ကုသိုလ်ကံနှင့် မယှဉ်သည်ဖြစ်၍။

အကုသလေဟိ ကမ္မေဟိ သမ္ပယုတ္တာ၊ အကုသိုလ်ကံနှင့်ယှဉ်၏။
သာဝဇ္ဇေဟိ ကမ္မေဟိ သမ္ပယုတ္တာ၊ အပြစ်ရှိသောကံနှင့်ယှဉ်၏။
အနဝဇ္ဇေဟိ ကမ္မေဟိ စိပ္ပယုတ္တာ၊ အပြစ်မရှိသောကံနှင့်မယှဉ်။
ကဏှေဟိကမ္မေဟိ သမ္ပယုတ္တာ၊ မည်းနက်သောကံနှင့် ယှဉ်၏။
သုက္ကေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ၊ ဖြူစင်သော ကံနှင့် မယှဉ်။
သုခုဒြယေဟိ ကမ္မေယိဝိပ္ပယုတ္တာ၊ချမ်းသာသောကံနှင့်မယှဉ်။
ဒုက္ခုဒြယေဟိကမ္မေဟိသမ္ပယုတ္တာ၊ဆင်းရဲသောကံနှင့်ယှဉ်၏။
သုခဝိပါကေဟိ ကမ္မေဟိ ဝိပ္ပယုတ္တာ၊ချမ်းသာသော အကျိုး
ကိုပေးသောကံနှင့် မယှဉ်။
ဒုက္ခ'ဝိပါကေဟိ ကမ္မေဟိ သမ္ပယုတ္တာ၊ ဆင်းရဲသော အကျိုး
ကိုပေးသောကံနှင့်ယှဉ်၏။

အမှုန်အတိုင်း မသိက အညာဏစရိယ

အညာတောစရတီတိ အညာဏစရိယာ။

အညာတေ၊ အမှုန်အတိုင်းမသိအပ်သော အာရုံ၌။ စရတိ၊ဖြစ်
တတ်၏။ ဣတိတသ္မာ၊ကြောင့်။အညာဏစရိယာ၊၏။

ဤ အညာဏစရိယာ၌ ရူပါရုံကို မြင်သောအခါ အမှုန်အတိုင်း
နှလုံးမသွင်းနိုင်ဘဲ၊ အမှားကို နှလုံးသွင်းခြင်းသည် ဝီထိပုဗ္ဗက
မနသိကာရဟူ မှတ်ရမည်။

စက္ခုဒ္ဒါရေ အယောနိသော မနသိကာရဘူတာ
အာဝဇ္ဇန ကိရိယာဗျာကတာ မနောဓာတု။
-ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ

စက္ခုဒ္ဒါရော၊စက္ခုဒ္ဒါရ၌။အယောနိသော မနဲသိကာရဘူတာ၊
မသင့်တင့်သော နှလုံးသွင်း ခြင်းကြောင့်ဖြစ်သော။အာဝဇ္ဇန

ကိရိယာဗျာကတာ၊အာဝဇ္ဇန်းဟုဆိုအပ်သော ကိရိယာဗျာကတစိတ်သည်။မနောဓာတု၊မနောဝိဉာဏ်မည်၏။

မနသိကာရ စေတသိက်ဟုဆိုအပ်သော အာရမ္မဏ ပဋိပါဒက မနသိကာရမျိုးမဟုတ်ဘဲ မသင့်မတင့်နှလုံးသွင်းသော အယောနိသောမနသိကာရ မည်သော ဝီထိပုဗ္ဗက မနသိကာရဟု မှတ်ပါလေ။ ဤမနသိကာရသည် အာဝဇ္ဇနစိတ်မျိုးပေတည်း။

ဤ အာဝဇ္ဇနစိတ် ဝိညာဏ်၌ အနုစိတ်၍ တဒါရုံဝါဒ, အတိမဟန္တာရုံ ဝီထိသွားပုံကို ပြဦးအံ့။

ရူပါရုံကို မြင်လိုလတ်သည်ရှိသော်-

လွန်ဘဝင်,လှုပ်ဘဝင်,ပြတ်ဘဝင်, ဟူ၍ ဘဝင်သုံးချက်ဟု မှတ်ထားရမည်။ ထိုသုံးချက်နောင် အာရုံကို စူးစမ်း ဆင်ခြင်သိမြင်လက်ခံကြသော ပဉ္စဒ္ဒါရာဝဇ္ဇန်းစိတ်, စက္ခုဝိညာဏ်စိတ်, သမ္ပဋိစ္ဆန်း, သန္တီရဏစိတ်, ဇောဌ္ဌေဝစိတ်ဟူ၍ ဇောရှစ်တွင်၊ဝါ၊ဇောမကျခင် အထက်ပါဘဝင်သုံးချက်နှင့် ဤငါးခုပါ ပေါင်း၍ ရှစ်ပါးသော စိတ်အစဉ်တို့သည် စက္ခုဒ္ဒါရ၌ ရူပါရုံကို အာရုံပြုရန်ရှေးဦးစွာ စိတ်အစဉ်အတိုင်း ဖြစ်၏ဟု မှတ်ထားရမည်။

ဤစိတ်တို့သည်ကား ဝိညာဏစရိယဟူသော အမည်ကို ခံယူထားကြသော စိတ်များဖြစ်ကြသည်။ထို့နောက် အာဂန္တုကစရိယ ဖြစ်လိုလတ်သည်ရှိသော်မောဟပြဋ္ဌာန်းသော မောဟစေတသိက်နှင့် ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သော အကုသိုလ်စိတ်စသော မောဟမူစိတ်တွေ့ပါဒ်တို့သည် (ဇော ၇-ကြိမ်)ထိုနောက်(ဇောအာရုံ)ကို မလွှတ်နိုင်သေးဘဲ၊ထို့ (ဇောအာရုံ) ကို မကြေနပ်မှုဖြင့် ပြန်၍ခံစားသော (တဒါရုံ) ၂ကြိမ်ဖြင့် ဝီထိစိတ်သက် (၁၇)ချက်

ပြည့်၍ ခဏငယ်(၅၁)ချက်ဖြင့် စိတ်၏ သက်တန်း ရုပ်၏သက်တန်းကုန်၍ ချုပ်လေတော့သည်။

မြင်မှုကိစ္စဆောင်ရွက်ပုံ

စက္ခုဝိညာဏ်သည် ရူပါရုံကို မြင်သည်ရှိသော် မြင်မှုကိစ္စတွင် အဘယ်သို့ဆောင်ရွက်ကြသနည်း?

အာဝဇ္ဇန်းစိတ်	၁	ခု။	ဤဟာ ဘာလဲဟု ဆင်ခြင်မှု။
စက္ခုဝိညာဏ်စိတ်	၂	။	အဆင်းမျိုးစုံကို မြင်မှု။
သမ္ပဋိစ္ဆိန်းစိတ်	၂	။	အာရုံကိုလက်ခံ သိမ်းပိုက်မှု
သန္တီရဏစိတ်	၃	။	အာရုံကိုစုံစမ်းမှု။
ဝုဋ္ဌေဗစိတ်	၁	။	အာရုံကိုမှတ်သားမှု။
အကုသိုလ်စိတ်	၁၂	။	အကုသိုလ် ဇောကျမှု။
ဟသိတုပ္ပါဒ်စိတ်	၁	။	ပြုံးရယ်ခြင်း ကြီယာ ဇော ကျမှု။
မဟာကုသိုလ်စိတ်	၈	။	မဟာကုသိုလ် ဇောကျမှု။
မဟာကြိယာစိတ်	၈	။	မဟာကြိယာ ဇောကျမှု။
မဟာဝိပါက်စိတ်	၈	။	ဇောနောင် မကြေနပ်၍ ခံစားမှု။

အထက်ပါ လေးဆယ့်ခြောက်ပါးသော စိတ်တို့သည် စက္ခုဒ္ဒါရ၌ အစဉ်အတိုင်း မိမိတို့၏ ကိစ္စအသီးသီးကို ဆောင်ရွက်ကြသည်။အာဝဇ္ဇန်းသည် ဆင်ခြင်ရုံမှတပါး အခြားကိစ္စကို မဆောင်ရွက်နိုင်၊စက္ခုဝိညာဏ်ကလဲ မြင်မှုမှတပါး ဘာမျှမလုပ်နိုင်၊ သမ္ပဋိစ္ဆိန်းကလဲ အာရုံကို လက်ခံခြင်းမှတပါး တခြားသော ကိစ္စကို အကူအညီ မပေးနိုင်၊ သန္တီရဏကလဲ စုံစမ်းခြင်းမှတပါး ရှေ့ကို

ဘာဘာညာညာ မဆောင်ရွက်နိုင်၊ ဝုဋ္ဌေကလဲ မှတ်ရုံ မှတ်ပြီး နောက်နောက် စိတ်တို့ကို တာဝန်မပေးသော်လဲ ပေးဘိသကဲ့သို့ မျက်နှာလှဲသွားတော့၏။ ဤစက္ခုဒ္ဒါရုဒ္ဓ ဖြစ်သော စိတ်အစဉ်တို့သည် တခုတခုဒ္ဓ ခဏငယ် သုံးချက်စီ ရှိကြသည်။ ဥပါဒ်, ဌိ, ဘင် ခဏငယ် သုံးခဲ့ကျမှာ ခဏကြီးတချက်ရှိသည်။ ခဏကြီး တချက်ပြည့်လျှင် စိတ်သက်တခု ပျက်သွားပြီဟုဆိုလိုသည်။ ခဏကြီးပေါင်း တဆယ့်ခုနှစ်ခါကို စက္ခုဒ္ဒါရတဝီထိ ပြီးဆုံးသွား၍ ရုပ်၏အသက်မှာ ဥပါဒ်,ဌိ,ဘင်ဟူ၍ တချက်သာ ပျက်သွား၏။

ဤကား....ဝိပဿနာ ရှုနိုင်လောက်သော တရားများ မဟုတ်ဟု အကျယ်မရေးတော့ပြီ။ သို့သော် ပရိယတ်ဖြင့် မြင်ကောင်း သိကောင်းသည်ဟု မှတ်ပါလေ။ နိဂုတ်ဤဉာဏ် ရစေခြင်းငှာသာ ရေးလိုက်သည်။ဘုရားရှင်၏ ရှေးဉာဏ်တော်ကျက်စားရာသာဖြစ်သည်ဟူ၍ မှတ်အပ်၏။

ဝိပဿနာ ရှုနိုင်သော တရားမဟုတ်

ရုပ်၏သက်တန်းဆိုသည်မှာ ပထဝီ, အပေါ်, တေဇော, ဝါယော, ဟူသော ဓာတ်ကြီးလေးပါးဘူတရုပ်ကြီးများသည် ဥပါဒ်, ဌိ, ဘင်ရှိသော ရုပ်တို့တည်း။ ခဏငယ်ဟူသော စိတ်သက်(ငါးဆယ့်တချက်)နှင့် ရုပ်သက် တကြိမ်ညီမျှ၏။ ရုပ်သက်, စိတ်သက် နှစ်ပါးဖြစ်သောအခါ စိတ်ဥပါဒ်နှင့်ရုပ်ဥပါဒ်နှစ်ပါးပြိုင်၍ ဖြစ်ကြသည်။ ဧကငယ်ပေါင်း ငါးဆယ် တချက် စေ့သောအခါ စိတ်၏ဘင်,နှင့် ရုပ်၏ဘင်,သည် ပြိုင်၍ ချုပ်၏။ စိတ်၏အစနှင့်အဆုံးဖြစ်သော ဥပါဒ်နှင့်ဘင်ကိုနုတ်လိုက်သည်ရှိသော် အလယ်ဌိ ကျန်သော ခဏငယ်ပေါင်းသည် လေးဆယ်ကိုးချက် ရှိသည်။ ဤလေးဆယ်ကိုးချက်ကို ရုပ်၏ဌိ,ကာလဟု မှတ်အပ်၏။ခဏငယ်

သုံးချက်ရှိသည်ဟုဆိုသော်လည်း ခန္ဓာငါးပါးပြည့်စုံသော ဘုံဌာန သာဉပါဒ်, ဌ, ဘင်ရှိနိုင်သည်။ အသည်သတ်ဘုံနှင့် အရူပလေးဘုံမှာ ခဏငယ်မရှိဟု မှတ်ရမည်။ အသည်သတ်ဘုံမှာ စိတ်နှင့်မတွဲမိသောကြောင့် ခဏငယ်မရှိ၊ အရူပလေးဘုံမှာရုပ်နှင့်မတွဲရသောကြောင့် ဧကငယ်မရှိမှတ်လေ။ ကျန်နှစ်ဆယ် ခြောက်ဘုံသည် ရုပ်နှင့် နာမ်တွဲ၍ ခန္ဓာငါးပါးပြည့်သောကြောင့် ဥပါဒ်, ဌ, ဘင် ခဏငယ်သုံးချက်ရှိလေသည်။

စိတ်သက်သည် ဥပါဒ် ဌ, ဘင် သုံးချက်မှာ စိတ်သက်တခုဖြစ်၏။ စိတ်သက်တဆယ် ခုနစ်ချက်မှာ ရုပ်သက် ဥပါဒ်, ဌ, ဘင် သုံးချက်နှင့်အညီအမျှဖြစ်သည်။ ဤဥပါဒ်, ဌ, ဘင်တို့၏ အဖြစ်အပျက်ကို သာဝကတို့သည် အဘိညာ ပရိညေယျ ဉာဏ်ဖြင့် ဝိပဿနာရှုနိုင်သော တရားများ မဟုတ်ပေ။ ထို့ကြောင့် ဇီနာလင်္ကာရ ဋီကာ၌-

စိတ္တာဿ ဟိ ခဏဘင်္ဂါ အတီလဟူကော၊
ဗုဒ္ဓါနံယေဝ ဝိသယော၊

ဟု ဖွင့်ပြတော်မူသည်။

ဟိ ဝိတ္ထာရေမိ၊ ခဲ့ဦးအံ့။ စိတ္တာဿ၊ ဝိညာဏစရိယစိတ်၏။ ခဏဘင်္ဂါ၊ ခဏငယ်သုံးချက်ဖြင့် ပျက်ခြင်း ချုပ်ခြင်းသည်။ အတီလဟုကော၊ လက်ပြစ်တတ်ခြက်လျှင့် ကုဋေတသိန်းကျော်မျှ လျင်မြန်၏။ ဗုဒ္ဓါနံ ယေဝ၊ မြတ်စွာဘုရားတို့သည်သာလျှင်။ ဝိသယော၊ အာရုံပြုနိုင်သော အရာပေတည်း။

ဤသို့ ဉာဏ်မြင်တိုက္ခ ကြွယ်ဝလှသော ကျမ်းတတ်အမော်ဆရာကျော်တို့သည် မိန့်ဆို အပ်လေသောကြောင့် အဘိညာ ပရိညေယျဉာဏ်ဖြင့် မရှုနိုင် မထင်နိုင် မမြင်နိုင်ဟုဆိုလိုသည်။ သို့

သော် ပရိညေယျဉာဏ်ဖြင့်ကား....ပိုင်းခြားရ၍သိအပ်မှတ်အပ်၏။ တဖန် ထပ်၍ မိန့်ပြန်သည်မှာ....

ဧစံ ခဏဘင်္သ အဝိသယတ္တာဝေါ။

ဝေါ၊ကျိသို့။ ခဏဘင်္သ၊ ဧကငယ်သုံးချက်ဖြင့် ချုပ်ပျက်၍ နေသောစိတ်ဝိညာဏ်၏။ အဝိသယတ္တာဝေါ၊ ဝိပဿနာ ဘာဝနာ စီးဖြန်းအပ်သော အရာမဟုတ်သည်သာတည်း။

ရုပ်တဖွဲးဖွဲး ဆိုသောစကား

ကျိလိုဆိုလျှင် ယခုကာလ ရုပ်တဖွဲးဖွဲး မြင်ရသည်ဟူသော အချက်၊ ရုပ်မှုန်ကလေးတွေ့ ပရမာနုမြူအထိ မြင်ရသည်ဟူသော အချက်တို့သည် ကြွားလုံး ဝါလုံးမျှသာဖြစ်ဟန်တူသည်။ခဏငယ် သုံးချက်နှင့် ရှိနေသော ပရမတ္ထ စစ်စစ်ဖြစ်သော တရားတို့ကို ဝိပဿနာရှုလို့မ ရနိုင်ကြောင်းလည်း ထင်ရှားပြီးသား ဖြစ်၏။ တရားစစ်တရားမှန်ကို မတွေ့သမျှ ကာလပတ်လုံး နိဗ္ဗာန်ရောက် ကြောင်းတရား၌ ခုတ်ရာတခြား ဖြစ်နေမည်မှာ ယုံမှားမရှိရာ။

အထက်ကပြခဲ့သော စက္ခုဒ္ဒါရဝီထိမှာ စိတ်အစဉ် ဖြစ်သကဲ့သို့ သောတ,ဃာန,ဇိဝှါ, ကာယဒ္ဒါရ စီထိတို့၌လည်း စက္ခုဒ္ဒါရ စီထိကဲ့သို့မှတ်ပါ၊လေ။ ပေါင်းသော် ပဉ္စဒ္ဒါရ ငါးစီထိဖြစ်၏။ ယင်းငါးပါးသော စီထိတို့သည် တဒနုဝတ္တကဟု ဆိုအပ်သော မနောဒ္ဒါရ စီထိကိုသာလျှင် မှီရာတည်ရာအဖြစ်ဖြင့်မြတ်စွာဘုရား ဟောတော်မူ၏။

အဉာဏစရိယကို ပြခြင်းပြီး၏။

ဥာဏစရိယကို ပြဆိုခြင်း

ကတမာ ဥာဏစရိယာ?
အနိစ္စာ နုပဿနတ္ထာယ အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

—ပဋိသမ္ဘိဒါမဂ် ပါဠိတော်

ဥာဏစရိယာ၊ ဥာဏစရိယသည်။ ကဘမာ၊ အဘယ်နည်း။ အနိစ္စာနုပဿနတ္ထာယ၊ မမြဲဟုရှုသော အနိစ္စာနုပဿနာအကျိုးငှာ။ အာဝဇ္ဇန ကိရိယာ ဗျာကတာ၊ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်းဟုဆိုအပ်သောကိရိယာ ဗျာကတစိတ်သည်။ ဝိညာဏစရိယာ၊ ဝိညာဏ စရိယမည်၏။

အနိစ္စာ နုပဿနာ ဉာစဏရိယာ။

—ပဋိသမ္ဘိဒါမဂ်

အနိစ္စာနုပဿနာ၊ အနိစ္စကို အဖန်တလဲလဲရှုခြင်းသည်။ဉာဏစရိယာ၊ ဥာဏစရိယမည်၏။

ဒုက္ခာနုပဿနာ၊ ဒုက္ခကို အဖန်တလဲလဲ ရှုခြင်း။
အနတ္တာနုပဿနာ၊ အနတ္တကိုအဖန်တလဲလဲ ရှုခြင်း။
နိဗ္ဗိဒါ နုပဿနာ၊ ငြီးငွေ့ခြင်းကို ။ပ။ ရှုခြင်း။

ဝိရာဂါနုပဿနာ၊ ရာဂကင်းခြင်းကို ။ပ။ ရှုခြင်း။
နိရောဓာ နုပဿနာ၊ ချုပ်ခြင်းကို ။ပ။ ရှုခြင်း။
ပဋိနိဿဂ္ဂါ နုပဿနာ၊စွန့်ခြင်းကို ။ပ။ ရှုခြင်း။
ခယာနုပဿနာ၊ ကုန်ခမ်းခြင်းကို ။ပ။ ရှုခြင်း။
ဝယာနုပဿနာ၊ ပျက်ခြင်းကို ။ပ။ ရှုခြင်း။
ဝိပရိဏာမာ နုပဿနာ၊ ဖောက်ပြန်ခြင်းကို ။ပ။ ရှုခြင်း။
အနိမိတ္တာ နုပဿနာ၊ သန္ဓါရနိမိတ်ကင်းခြင်းကို။ပ။ရှုခြင်း။
အပ္ပဏိဟိတာ နုပဿနာ၊တဏှာဟူသောတောင့်တခြင်းကင်း
သည်ကို ။ပ။ရှုခြင်း။
သုညတာနုပဿနာ၊ သုဉ်းဆိတ်ခြင်းကို ။ပ။ ရှုခြင်း။
အဓိပညာနုပဿနာ၊ အဓိပညာကို ။ပ။ရှုခြင်း။
ယထာဘူတာ နုပဿနာ၊ ယထာဘူတဉာဏ်ကို ။ပ။ ရှုခြင်း။
အာဒီနဝါ နုပဿနာ၊ အပြစ်ကို ။ပ။ ရှုခြင်း။
ပဋိသင်္ခါနုပဿနာ၊ ဆင်ခြင်ခြင်းကို ။ပ။ ရှုခြင်း။

ဤဆိုအပ်ခဲ့ပြီးသော အလုံးစုံသည် ဉာဏစရိယ တရားတော်ဟု မှတ်ရမည်။ ၎င်းပြင် မဂ်လေးပါး ဖိုလ်လေးပါးတို့သည်လည်း ဉာဏစရိယပင်မည်၏။

အမှန်အတိုင်းသိက ဉာဏစရိယ

ထိုဉာဏစရိယသည် အဘယ် သို့သော အနက်သဘော ရှိသနည်း?

ရာဂ	ကင်းသော	သဘော။
ဒေါသ	ကင်းသော	သဘော။
မောဟ	ကင်းသော	သဘော။
မာန	ကင်းသော	သဘော။
ဒိဋ္ဌိ	ကင်းသော	သဘော

ဥဒ္ဒစ် ကင်းသော သဘော။
ဝိစိကိစ္ဆာ ကင်းသော သဘော။
အနုသယ ကင်းသော သဘော။
ကုသိုလ်နှင့် ယှဉ်ခြင်း သဘော။
အကုသိုလ်ကံနှင့် မယှဉ်ခြင်း သဘော။
အပြုစ်ရှိသောကံနှင့် မယှဉ်ခြင်း သဘော။
အပြစ်မရှိသောကံနှင့် ယှဉ်ခြင်း သဘော။
မည်းနက်သောကံနှင့် မယှဉ်ခြင်း သဘော။
ဖြူစင်သောကံနှင့် ယှဉ်ခြင်း သဘော။

ဆင်းရဲသော အကျိုးကို ပေးတတ်သော ကံနှင့် မယှဉ်ခြင်း သဘော။

ချမ်းသာသော အကျိုးကို ပေးတတ်သော ကံနှင့် ယှဉ်ခြင်း သဘော။

ဤသဘောတရားတို့သည် ဉာဏစရိယာမည်၏။

ဤဉာဏစရိယသည် အဘယ်သို့သော သတ္တိသဘောရှိသနည်း ဟု ဆိုသော် "ဉာတေ စရတီတိ ဉာဏစရိယာ" ဟု ဟောတော်မူ၏။ အဓိပ္ပါယ်မှာ အမှန်အတိုင်း သိတတ်သည်ကို ဉာဏစရိယဟု မှတ်ပါလော။ ဤဉာဏစရိယ ဝိညာဏ်ကို "ဝိညာဏံ မဇ္ဈေ" ဟု ဟောတော်မူသောကြောင့် မဇ္ဈေဝိညာဏ်ဟူ မှတ်ရမည်။ ဤမဇ္ဈေဝိညာဏ်သည် မဇ္ဈိမပဋိပဒါ ခေါ်သော အလယ်လမ်းကျသော ဝိညာဏ်ပေတည်း။ ဝိပဿနာအားထုတ်ရာတွင် "သင်္ခါရ ပစ္စယာ ဝိညာဏံ" ဟူသော ပဋိစ္စ သမုပ္ပါဒ် ဝိညာဏ်မျိုး မဟုတ်။ ပဋိစ္စ သမုပ္ပါဒ် ဝိညာဏ်သည် အကြောင်းတရားကြောင့် ဖြစ်၏။ ထို့ကြောင့် သပစ္စယ ဝိညာဏ်ခေါ်သည်။ မဇ္ဈေဝိညာဏ်သည် အ

းကြောင်းကင်းသော ဝိညာဏ်ဖြစ်၍ အပစ္စယဓေါ်သည်။မဇ္ဈ
ဒိညာဏ်သည် မပယ်အပ်သော ဝိညာဏ်မှတ်။ ပဋိစ္စ သမုပ္ပါဒ်
ဒိညာဏ်သည် ပယ်အပ်သော ပဟာတဗ္ဗ ဝိညာဏ်ဟူ၍ မှတ်လေ။

ဤဉာဏ်စရိယ ဝိညာဏ်သည် ဝိပဿနာ ရှုကြသော ယောဂီ
ဘိုးအတွက် အလွန်အလွန် အရေးကြီးသော ဝိညာဏ် ဖြစ်သည်ကို
မမေ့အပ်။

ယင်းဝိညာဏ်ကို သိသော ဆရာကောင်း သမားကောင်းကို
ရှေးဦးစွာ ရှာရမည်ဟု ဟောတော်မူသည်။

ဝိညာဏံ ဘိက္ခဝေ အဇာနတာ အပဿတာ
ယထာဘူတံ ဝိညာဏသ္သ ယထာဘူတံ
ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

–နိဒါနဝဂ္ဂသံယုတ်

ဘိက္ခဝေ၊ ရဟန်းတို့၊ ဝိညာဏံ၊ အဇ္ဈတ္တဝိညာဏ်နှင့် ဗဟိဒ္ဓ
ဝိညာဏ်နှစ်ပါးကို။ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ အဇာနတာ၊
မသိသည်ဖြစ်၍။ အပဿတာ၊ မမြင်သည်ဖြစ်၍။ ဝိညာဏဿသ္သ၊
အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော နှစ်ပါးသော ဝိညာဏ်တို့၌။ ယထာဘူတံ၊
ဟုတ်မှန်ယည့်အတိုင်း။ ဉာဏာယ၊ သိသော။ သတ္ထာ၊ ဆရာကို။
ပရိယေသိတဗ္ဗော၊ ကြိုစားရှာဖွေအပ်လှ၏။

ဝိညာဏ် ၂-ပါး

ဤကဲ့သို့ အထူးတလည် ဟောတော်မူရခြင်းသည် "သင်္ခါရ
ပစ္စယာ ဝိညာဏံ"ဟူသော ပဋိစ္စ သမုပ္ပါဒ်ပါဠိတော်၌–

အဝိဇ္ဇာ သမုဒယာ ဝိညာဏ သမုဒယာ၊ အဝိဇ္ဇာကြောင့်
ဝိညာဏ်ဖြစ်သည် ဟူ၍ဖြင်း၊

သင်္ခါရကြောင့်ဖြင်း၊ တဏှာကြောင့်ဖြင်း၊ ဥပါဒါန်ကြောင့်

ၚင်းၤကမ္မဘဝကြောင့်ၚင်း ဤသို့စသောအတိတ်အကြောင်းငါး ပါးတို့ကြောင့်ဖြစ်သော ဝိညာဏ်သည် အန္ဓပုထုဇဉ်များပင် သိနေသော ဝိညာဏ်ဖြစ်လေသည်။ ထိုဝိညာဏ်ကို မကဲ့ပြားသော ကြောင့် သာဝတီရဟန်း, ဝစ္ဆပရဗိုဇ်, ဥပသိဝရဟန်း, ယမကရဟန်း, ဗကဗြဟ္မာ, ကောသလမင်းစသော များစ့ာသော ပုဂ္ဂိုလ်တို့သည် ဝိညာဏ်ကို မယ္ယုတတ်သဖြင့် နှစ်ပါးသောဝိညာဏ်တို့သည် ဧကတ္တနည်းအားဖြင့် တူသော သဏ္ဌာန် ရှိသောကြောင့် ဝိညာဏ်နှစ်ခုမရှိ၊ တခုသာရှိ၏ဟု ယူကြသဖြင့် နာနတ္တနည်းပျောက်ကွယ်လေတော့၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များသည် မိစ္ဆာဒိဋ္ဌိဖြစ်၍ နေကြရလေသည်။

ထိုသို့ ပြဆိုအပ်ခဲ့ပြီးသော ဝိညာဏစရိယ, အညာဏစရိယ, ဉာဏစရိယ ဟူသော သုံးပါးသော စရိယတရားတို့ကို ခဲ့ခြားခြား၍ အနုဝနှင့်ဆေး ကိုက်အောင်ပေးသင့်လေသည်။ လိမ်မာ ကျွမ်းကျင်သောသမားကောင်းပညာရှိသည် လေနှင့်ပတ်သက်သော အနာကို လေဆေးဖြင့် ကုမသကဲ့သို့ဝင်း၊ ဝမ်းနှင့်ပတ်သက်သော အနာကို ဝမ်းဆေးဖြင့်ကုမသကဲ့သို့ဝင်း၊ သွေးနှင့်ပတ်သက်သော အနာကို သွေးဆေးဖြင့်ကုမသကဲ့သို့ဝင်း၊ သူ့အနာနှင့်သူ့ဆေးကိုက် အောင်ပေးမှ ခံစားရသော ဝေဒနာပျောက်ကင်း၍ ကျန်းမာချမ်းသာသော သုခ,ရကြမည်မှာ ကျိန်းသေမှတ်လေ။

ဥပါဒါနက္ခန္ဓာသည် ရောဂါ

ထို့အတူ“ပဥ္စုက္ခန္ဓေ ရောဂတော ပဿဒုက္ခာ”ဟု ဟောတော်မူသည့်အတိုင်း ဥပါဒါနက္ခန္ဓာ ငါးပါးကို ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဟု မြင်သည်ရှိသော်—

"ခန္ဓာနံ နိရောဓော အာရောဂျံ နိဗ္ဗာနန္တိ"

ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသည်အတိုင်း ဤခန္ဓာငါးပါးတရား၌ ရောဂါသဖွယ် ကပ်ငြိစူးဝင်၍ နေကြသော ဘေးရောဂါတို့ကို အနုလောမဉာဏ်တည်းဟူသော ဉာဏစရိယ ဆေးတော်ကြီးဖြင့် ပိုင်ပိုင်နိုင်နိုင် ကုသခဲ့သည်ရှိသော် ဤခန္ဓာ၌ စွဲကပ်နေကြသော ဒိဋ္ဌိရောဂါ, တဏှာရောဂါ, မာနရောဂါဟူသမျှတို့သည် ဉာဏစရိယ ဆေးတော်ကြီး၏ဒဏ်ကို မခံနိုင်ကြသဖြင့် တဖြုတ်ဖြုတ်ပျောက်ကွယ်၍ အနုပ္ပါဒနိရောဓဟူသော သဘောသို့ ဆိုက်ရောက်ကြသော ဟူ၏။

ကောက်နုတ်ချက်။ ။ဤ ဉာဏ စရိယ ဝိဉ္ဉာဏ်သည် ဝိပဿနာရှုသောအခါ၌ အနုပဿနာတရားတို့ကို ပဋိဝေဓဉာဏ်ဖြင့် ထိုးသွင်း၍ သိမြင်သော ဝိဉ္ဉာဏ်ဖြစ်သည်။ ပုဂ္ဂလ, သတ္တ, အတ္တ, ဇီဝကိုမြင်သော ဝိဉ္ဉာဏ်မဟုတ်။ မင်္ဂလေးပါး ဖိုလ်လေးပါးဟု ခေါ်ဆိုအပ်သည့် လောကုတ္တရာဝိဉ္ဉာဏ်ဟူ၍မြဲမြံမှုတ်။

ဤကား ဉာဏ်စရိယကိုပြသောအခန်းပြီး၏။

အနုပါဒါနက္ခန္ဓာ နှင့်
ဥပါဒါနက္ခန္ဓာကို
ဒုက္ခအားဖြင့် ပြဆိုခြင်း

ဒုက္ခနိဿိတော ခုိယံ ကစ္စာန လောကော
ယေဘုယ္ယေန အတ္ထိတ္တေ၀ နတ္ထိတ္တေ၀။
—နိဒါန၀ဂ္ဂ သံယုတ်ပါဠိတော် ကစ္စာနဂေါတ္တသုတ်

ကစ္စာန၊ ကစ္စည်းမထေရ်။ အယံလောကော၊ ဤလောကသည်။ယေဘုယ္ယေန၊ များသောအာ ဖြင့်။အတ္ထိတ္တေ၀၊ရှိသည်၏အဖြစ်ကိုဆိုင်း။ နတ္ထိတ္တ မရှိသည်၏အဖြစ်ကိုဆိုင်း။ ဒုက္ခနိဿိတော၊ နှစ်ဘက်သောအဘို့ကို မှီ၍နေ၏။

ဤ ကစ္စာနသုတ္တန်သည် သာ၀တ္ထိပြည် ဇေတ၀နကျောင်းတော်၌ သီဟင်းသုံးဆူတော်မူသောအခါ ကစ္စာနအနုယ်ဖြစ်သော ရဟန်းတပါးသည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ သင့်သောနေရာမှ နေပြီး လျှင်—

“သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိတိ ဘန္တေ ဥစ္စတိ၊
ကိတ္တာ၀တာနု ခေါ ဘ၀န္တေ သမ္မာဒိဋ္ဌိ ဟောတိ”

ဟူ၍ လျှောက်ထားလေသည်။

သမ္မာဒိဋ္ဌိဖြစ်နည်း

အရှင်ဘုရား သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိဟူ၍ ဟောတော်မူ၏။ အရှင်ဘုရား အဘယ်သို့သော အသိညာဏ်ရှိမှ သမ္မဒိဋ္ဌိ ဖြစ်ပါသနည်း ဟု မေးလျှောက်ထားလေသည်။

ထိုအခါ ဒွယနိသိတော, ဟူတော၀ါကျကစ၍ ဟောတော်မူသည်။ ကစ္စာန၊ ဤလောကသည် ရှိသောသဘော မရှိသောသဘောအားဖြင့် နှစ်ရပ်သောအဘို့ကိုမှီ၍ဖြစ်နေ၏ဟု ဟောတော်မူသည်။

နှစ်ရပ်သော အဘို့ဆိုသည်ကား .... ဒွယဟူသော စကားတော်ပေတည်း။ ဒွယဟူသည် အဘယ်နည်း၊ လောကသမုဒယဖြစ်သော ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကြီးကို ဟောတော်မူသောအခါ—

"အနိစ္စံ, သင်္ခတံ, ပဋိစ္စ သမုပ္ပန္နံ, ခယဓမ္မံ,
ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓ ဓမ္မံ" ဟု

ရှုကွက် ခုနစ်ကွက်ထား၍ အဘိညာ ပရိညေယျဉာဏ်ဖြင့် ဟောတော်မူသည်။ ဤကား .... ဓမ္မာရုံ ဥပါဒါနံကွန္ဓာ တရားပေတည်း။

အဋ္ဌတ္တဋ္ဌတ္တ ဖြစ်သော မဟာဘုတ် ဓာတ်ကြီး လေးပါးကို ဟောတော်မူသောအခါ—

"အနိစ္စံ, အသဿတံ, အဒ္ဓုဝံ, ဝိပရိဏာမံ" ဟု

ရှုကွက် လေးကွက်ထား၍ ပိုင်းခြား၍ ဟောတော်မူ၏။ ဤကား....အနုပါဒါနကွန္ဓာမျိုးတည်း။

ပရိုဇေယျနှင့် အဘိညာပရိုဇေယျ နှစ်ပါးတို့သည် ဘယ်ကဲ့သို့ ထူးခြားသနည်းဆိုသော် ပရိုဇေယျသည် ပိုင်းခြားသိရုံမျှသာဖြစ်၏။ အဘိညာပရိုဇေယျသည် အထူးသဖြင့် ထိုးထွင်းသိမြင်၍ ပိုင်းခြားရမည်ဟု ဆိုလိုသည်။ ဤသဘောကိုသိမှ နိဗ္ဗာန်ရောက်ကြောင်း သွားရာလမ်း၌ သွားတတ် လာတတ်မည်၊ သို့မဟုတ်ပါက မိမိ စေတနာကတော့ နိဗ္ဗာန်သို့ အာရုံပြုတာဘဲ၊ လမ်းမမှန်တော့ ပရမတ္ထနိဗ္ဗာနစဒါဒ ဥစ္ဆေဒဒိဋ္ဌထဲသို့ ရောက်မှန်းမသိ ငြင်သာသာနှင့် ယဉ်ယဉ်ကလေး ယိုးဒယားဟန်မပျက်စေဘဲ ဥစ္ဆေဒဒိဋ္ဌိသို့ ဆိုက်သွားတတ်သည်။ သာတိရဟန်းနှင့်ယမကရဟန်းတို့သည် နိဗ္ဗာန်ကိုအလွန်အမင်း အလိုရှိကြသော ပုဂ္ဂိုလ်များဖြစ်ကြသည်။ သို့သော် ဒဿကိုမသိသဖြင့် လမ်းမှားသို့ရောက်သွားကြလေသည်။ ထိုရဟန်းတို့လို ဥစ္ဆေဒဒိဋ္ဌိ,ဖြစ်မှာကိုစိုးရိမ်မိသဖြင့် ဒဿ၏ဖြစ်ပုံ ဘုရားရှင်၏အလိုတော်ကျ အတ္ထပဋိသမ္ဘိဒါနှင့် ဆက်ဝင်စေရန် သတိပေးလိုက်သည်။

ဤတွင် ၂၂ကွက် ဒွယဖြစ်ပုံ အခန်းပြီး၏။

အာရုံဒွယဖြစ်ပုံကို ပြဆိုခြင်း

ရူပေ သဒ္ဒေ ဂန္ဓေ ရသေ၊ ဖောဋ္ဌဗ္ဗေ မနောရမေ
ဇေတေ ဆ စ တဏှာဝေမာ၊ အတိမုစ္ဆန္တိ ယေ ဗာလာ
—မဟာနိဒ္ဒေသပါဠိတော်

ရူပေစ အနုပါဒါန်၏ အာရုံဖြစ်သော ပရမတ္ထဒိဋ္ဌရုပ်ရူပါရုံ,
ဥပ္ပါဒါန်၏အာရုံဖြစ်သော တဏှာရူပါရုံ။

သဒ္ဒေစ၊ အနုပါဒါန်၏ အာရုံဖြစ်သော ပရမတ္ထ သုတ ဒုဗ္ဗ်
သဒ္ဒါရုံ, ဥပါဒါန်၏ အာရုံဖြစ်သော တဏှာသဒ္ဒါရုံ။

ဂန္ဓေစ၊ အနုပါဒါန်၏အာရုံဖြစ်သော ပရမတ္ထမုတရုပ်ဂန္ဓာရုံ,
ဥပါဒါန်၏အာရုံဖြစ်သော တဏှာ ဂန္ဓာရုံ။

ရသေစ၊ အနုပါဒါန်၏ အာရုံ ဖြစ်သော ပရမတ္ထ မုတရုပ်
ရသာရုံ, ဥပါဒါန်၏အာရုံဖြစ်သော တဏှာရသာရုံ။

ဖောဋ္ဌဗ္ဗေစ၊အနုပါဒါန်၏ အာရုံ ဖြစ်သော ပရမတ္ထ မုတရုပ်
ဖောဋ္ဌဗ္ဗာရုံ, ဥပါဒါန်၏ အာရုံ ဖြစ်သော တဏှာ
ဖောဋ္ဌဗ္ဗာရုံ။

မနောရမေစ၊ အနုပါဒါန်၏အာရုံဖြစ်သော ပရမတ္ထ ဝိညာတရုပ် ဓမ္မာရုံ, ဥပါဒါန်၏ အာရုံဖြစ်သော တဏှာ ဓမ္မာရုံ တို့သည်။

ဆ စ၊ ခြောက်ပါးအပြားရှိသည်လည်းဖြစ်ကုန်သော။ တေ ဝါဒမာ။ ထိုအနုပါဒါန်အာရုံကို လိုလားသော သူတို့၏အာဠုံတို့ သည်ဝင်း။ ဆ စ ကုန်သော။ ဧတဘဏှာ၊ ထိုဥပါဒါန်ကို လိုလားကုန်သော ဟဏှာ အာရုံတို့သည်ဝင်း။ သန္တိ၊ ရှိကုန်၏။ ယေ ဗာလာ၊ အကြင်ဥပါဒါန်လေးပါးတရားနှင့် အမြဲရှိနေကုန်သော သူတို့သည်။ အတိမုစ္စန္တိ၊ သဿတုစ္ဆေဒ အယုတ်တရားနှစ်ပါးနှင့် အမြဲရုပ်ထွေး တွေဝေ၍ နေကြကုန်၏။

အတူလာခဲ့သော ဝတ္ထုကြောင်း-၃

ဤသို့မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောတော်မူသည့် အတိုင်း စက္ခုနှင့် ရူပါရုံတို့ တိုက်ဆိုင်ကြသောအခါ ဝိညာဏ်စိတ်သည် ဖြစ်ပေါ်၍လာ၏။ ထိုဝိညာဏ်စိတ်သည် ရှေးဦးစွာ ရူပါရုံကို အာရုံပြုသောအခါ ဝိညာဏစရိယ ဖြစ်သော အဇ္ဈတ္တ ဝိညာဏ်သည် ဘယ်အာရုံကိုမမြင်ရ၊ တကျွမရှိသော မြင်ကောင်းသော ဒိဋ္ဌရုပ်ကိုသာ မြင်၏။ ထိုအခါ အဇ္ဈတ္တ ဝိညာဏ်နှင့် တကြောင်းတည်း တခရီးတည်း တဝိထိတည်း အတူတကွ ပထမဘဝင်မှစ၍ ထွက်လာခဲ့သော ဗဟိဒ္ဓဝိညာဏ်သည်မိမိ၏ယှဉ်ဘော်ယှဉ်ဘက် အပေါင်းအဖော် တဏှာ, မာန, ဒိဋ္ဌိစသော ဓမ္မာရုံကို ကွဉ်သဘော အနိဋ္ဌသဘောအားဖြင့် လောဘ, ဒေါသတို့သည် ဖြစ်ပေါ်၍ လာကြကုန်၏။ လောဘ, ဒေါသ ဖြစ်ရခြင်းမှာ လည်း မြင်ကောင်းသော ရုပ်မဟုတ်ဘဲ မမြင်ကောင်းမရှုကောင်း သော ဒိဋ္ဌိအာရုံ, တဏှာအာရုံ, မာနအာရုံဖြစ်သော သံသရာကို

ကျယ်အောင်ရှည်လျားအောင် ခွဲဘတ်သော ယောကျ်ား,မိန်းမ, ပဂ္ဂိုလ်, သဘ္ဘာဝါ, အတ္တ, ဇီဝစသော ဥပါဒါန်အစုံတို့ဖြင့် မခွဲနိုင် မခွါနိုင်အောင် ဖြစ်ပေါ်၍လာရခြင်းသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ, နာမရူပဟူသော အကြောင်းဘရားတို့ကြောင့် ဖြစ်လေသည်။

အမှန်သိ နှင့် အမှားသိ

စက္ခုဝိညာဏ်တည်းဟူသော အစ္ဆတ္တဝိညာဏ်သည် သမ္မာဒိဋ္ဌိ အယူဖြင့်အမှန်မြင်အမှန်သိသောဝိညာဏ်ဖြစ်သည်၊ဗဟိဒ္ဓဝိညာဏ်၏ ခြေဆိုးမှုကြောင့် အမှန်ကို မမြင်တော့ဘဲ အမှားကိုနှလုံးသွင်းသော အဘိနိဝေသပရာမာသ ဒိဋ္ဌိ ဖြစ်လေတော့သည်၊ထို့ကြောင့်—

ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊
“အယံ ရူပဿ အဿာဒေါ”တိအဘိနိဝေသ
ပရာမာသော ဒိဋ္ဌိ။

—ပဋိသမ္ဘိဒါမဂ်အဿာဒဒိဋ္ဌိအဖွင့်

ရူပံ၊ဥပါဒါန်ရုပ်ကို။ ပဋိစ္စ၊စဲ၍။ယံသုခံ၊ အကြင် ကိုယ်၏ချမ်းသာခြင်းတည်းဟူသော သုခသည်။ ယံ သောမနဿံ၊အကြင်စိတ်၏ချမ်းသာခြင်းတည်းဟူသောသောမနဿသည်၊ဥပ္ပဇ္ဇတိ၊ဖြစ်၏။ အယံ၊ဤဥပါဒါန်ရုပ်ကို မှီ၍ဖြစ်သော သုခ သောမနဿသည်။ ရူပဿ၊ဥပါဒါန်ရုပ်၏။ အဿာဒေါ၊သာယာဖွယ်တည်း။ ဤတို့၊ ဤသို့။ အဘိနိဝေသ ပရာမာသော၊ နှလုံးသွင်းလျက် သုံးသပ်ခြင်းသည်။ဒိဋ္ဌိ၊ ဒိဋ္ဌိမည်၏။

ရူပါရုံ၌ မှားသောအားဖြင့် သုံးသပ်ခြင်းသည် သာယာဘွယ်ဟူသောအယူကိုဖြစ်စေတတ်သောကြောင့် ‘အဿာဒဒိဋ္ဌိ”

ဟုခေါ်သည်။ကျွန်ုပ်သည် အရေအတွက်အားဖြင့် သုံးဆယ်ငါးပါး အပြားရှိလေသည်။ ယင်း ဒိဋ္ဌ ရှိသောသူကို မိစ္ဆာဒိဋ္ဌ,ဟူ၍ ၎င်း၊ ဒိဋ္ဌိဝိပ္ပတ္တိ, ဟူ၍၎င်း ဟောတော်မူ၏။ ကျွန်ုပ်အသာဒ ဒိဋ္ဌိ ရှိသောသူကို "နသေဝိတဗ္ဗော၊ နဘဇိတဗ္ဗော၊ နပယိရုပါသိတဗ္ဗော" မမှီဝဲအပ်၊ မချဉ်းကပ်အပ်၊ မဆည်းကပ် ဟု ဟော တော်မူသည်။

ကျွန်ုပ်ကား....စက္ခုနှင့်ရူပါရုံ တိုက်ဆိုင်သောအခါ အာရုံဒွယ ဖြစ်ပုံကိုပြသော သဘောမျှားဖြစ်ကြ၏။

အနိစ္စ ဒွယဖြစ်ပုံမှာ—အနိစ္စကိုရှုကွက်လေးမျိုး ခုနစ်မျိုးအား ဖြင့် အထက်ကပြခဲ့သည့်အတိုင်း အနုစိတ်၍ ထပ်မံပြပေဦးအံ့။

အရိယာအသျှင်တို့၏သံသရာ

ရူပံ အနိစ္စံ, အသာသတံ, အဒွဒံ,
ဝိပရိဏာမဓမ္မန္တိ ဝဝတ္ထတိ။

ရူပံ၊ပရမတ္ထဖြစ်သောရုပ်သည်။အနိစ္စံ ၊ဥပါဒ်,ဋ္ဌိ,ဘင်အားဖြင့် မခိုင်မြဲ။ အသာသတံ၊ဥပါဒ်,ဋ္ဌိ,ဘင်အားဖြင့် မတည်မြဲ။ အဒွဒံ၊ ဥပါဒ်,ဋ္ဌိ,ဘင်အားဖြင့် မခိုင်ခံ့။ ဝိပရိဏာမ မှမ်း၊ ဥပါဒ်,ဋ္ဌိ,ဘင် အားဖြင့် ဖောက်ပြန်ခြင်းသဘောရှိ၏။ ဣတိ၊ကျိသို့။ဝဝတ္ထတိ၊ မှတ်၍ရှုရာ၏။

အမှာ။ ။(ရူပံ)နေရာမှာ ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံဟု ခန္ဓာငါးပါးပြည့်အောင် ထည့်၍ဆို။

ဤခန္ဓာငါးပါးသည် ပရမတ္ထခန္ဓာငါးပါးဖြစ်သည်ဟုသိပါ။

ထိုပရမတ္ထ ခန္ဓာငါးပါးကို အနိစ္စံ, သင်္ခတံ, ပဋိစ္စ သမုပ္ပန္နံ, ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓဓမ္မံ, ဟု မရှုလျှင်

အကယ်၍ ရှုမိလျှင် ပရမတ္ထ တရားအစစ်သည် ပဋိစ္စ သမုပ္ပါဒ် လောကသံသရာဖြစ်၍ သွားလိမ့်မည်။သို့မဟုတ် အဝိဇ္ဇာ,သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော အတိတ်အကြောင်းကြောင့် အကျိုးဖြစ်သော ခန္ဓာဆဲသို့ ရောက်သွား ပါဝင်သွားလိမ့်မည်။ ပါဝင်သွားသည်ရှိသော် အနွှောဇဋ္ဌ, ဗဟိဇဋ္ဌဟူဟောတော်မူသည့်အတိုင်း အတွင်းရုပ် အပြင်ရုပ်ဖြစ်၍ ဖြေရှင်းမရတော့ဘဲ ချည်ခင်ထွေး စာပေါင်းသိုက်ကဲ့သို့ ပေလိမ်ထွေးယှက်ပြီးသမျှ ဒိဋ္ဌိလမ်းစဉ် ပျောက်သွားမည်မှာ ယုံမှားမရှိရာဟုမှတ်ပါ။ ထို့ကြောင့်-

လက်ဝဲ	လက်ယာ
ဝ	ဝ
အနုစ္ဆေဒမ္မ	အနုစ္ဆေ
ဒုက္ခဓမ္မ	ဒုက္ခ
အနန္တတ္တဓမ္မ	အနတ္တ
ခယဓမ္မ	
ဝယဓမ္မ	
ဝိရာဂဓမ္မ	
နိရောဓဓမ္မ	

ဤကဲ့သို့ လက်ယာနှင့် လက်ဝဲအမှတ်သင်္ကေတထား၍ ခွဲခြားရမည်၊ လက်ယာကား.... အရိယာအသျှင်သူတော်စင်တို့ ကိန်းအောင်း မွေ့လျော်ဘဲ့ နိဿရဏသံသရာဟု မှတ်ပါ။ လက်ဝဲကား....ပုထုဇဉ်ဗာလတို့ ပျော်မွေ့တဲ့ (မဟာတမ)အမိုက်မှောင် ကျနေသော "အန္ဓဝန" တောအုပ်ကြီးကဲ့သို့မှတ်ပါ။

တနည်း။ ။လက်ယာကား....ပရမတ္ထ။

လက်ဝဲကား ....ဓမ္မာရုံပညတ္တိပထ။

အတ္ထပဋိသမ္ဘိဒါဉာဏ်

ဤအနိစ္စန္ဒစ်မျိုး ဒုက္ခန္ဒစ်မျိုး အနတ္တန္ဒစ်မျိုးမှာ အသံ,သဒ္ဒါ, အက္ခရာ,ပုဒ်ဗျည်း နိရုတ်ိုနည်းအားဖြင့် အချင်းချင်း တူနေကြသော်လည်း အတ္ထသဘောမှာ မတူ၊ ကဲ့ပြားခြားနားလျက်ရှိ၏၊ အနိစ္စ,အနိစ္စဟု အသင့်သင်္ခါန် ခဲ့ခြားမရအောင် တခုတည်းကဲ့သို့ တူနေတာကို ဂေါတ္တနည်းဟုခေါ်သည်၊ သို့သော် အတ္ထ, သဘောမှာ ခြားနားသောကြောင့်ထူးခြားကဲ့ပြားသော နာနတ္ထနည်းအားဖြင့်ယူသော် ''အတ္ထပဋိသမ္ဘိဒါဉာဏ်'' သို့ ဆိုက်ရောက်လေတော့သည်။

မှတ်ချက်။ ။မြတ်စွာဘုရား ဟောတော်မူသော ဓမ္မက္ခန္ဓာတရားအပေါင်းသည် နည်းလေးပါးနှင့်ခွဲဝေစိတ်ဖြာမှု ဥပနိသျှဖြာဟူကဘုံ၏အနိစ္စန္ဒင့် ဘုရားရှင်ဟောတော်မူသောအနိစ္စန္ဒစ်ပါးကဲ့မည်၊သို့မဟုတ် နှစ်ခုကို တခုထဲမှတ်၍ ကောတ္ထဖြစ်တတ်သည်။ ကော၊ အတ္ထ။ ကော၊ တခု+အတ္ထ၊ အနက်။ သို့အတွက် အနက်သဘောတခုတည်းမယူဘဲ ဘုရားဟောနှင့် ဥပနိသျှဟော အနက်နှစ်ပါက်ခဲ့ခြားလိုသောကြောင့်၊နာနတ္ထ၊နာနာ+အတ္ထ။နာနာ၊အထူးထူး+အတ္ထ၊အနက်။ဤအနက်နှစ်ပါးကို နားလည်မှ အတ္ထပဋိသမ္ဘိဒါဉာဏ်ကို ရရှိနိုင်သည် မှတ်လေ။

ဤတွင် ဒွယအားဖြင့် ပြဆိုခြင်းပြီး၏။

သမုဒယောနတ္ထိကို ပြဆိုခြင်း

လောကသမုဒယံ ခေါ ကစ္စာန ယထာဘူတံ
သမ္မ ပညာယ ပဿတော ယာ လောကေ
နတ္ထိတာ, သာ နဟောတိ။

—ကစ္စာနသုတ်

ကစ္စန၊ ကစ္စည်းမထေရ်။ ခေါ၊ စင်စစ်။ လောကသမုဒယံ၊ လောကဖြစ်ပုံကို။ ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။ သမ္မပညာယ၊ မှန်ကန်သော ဝိပဿနာ ဉာဏ်စရိုယပညာဖြင့်။ပဿတော၊မြင်သောသူအား။လောကေ၊ဓမ္မာရုံလောက၌။ယာ၊အကြင်သမုဒယသည်။နတ္ထိတာ၊အတ္တာသတ္တိအားဖြင့်မရှိ။ သာ၊ ထိုသမုဒယသည်။ နဟောတိ၊ သူ၏ဗျာပါရသတ္တိ အစစ်ဖြင့် မဖြစ်နိုင်။

ပရဝါဒီနှင့် သကဝါဒီ

ဟောတော်မူလိုရင်းဖြစ်သော အာဘောဂမှာ "သမုဒယောနတ္ထိ" ဟူသတည်း။သမုဒယော၊ဖြစ်ခြင်းသည်။ နတ္ထိ၊မရှိဟုအနက်ယောဇနာရမည်၊ ဤကဲ့သို့ဆိုသော် စောဒနရန်ရှိ၏။ အဘယ်နည်း?

ရူပုပါဒါနက္ခန္ဓာခေါ်သော ဥပါဒါန် ရူပက္ခန္ဓာသည် ဖြစ်ပေါ်နေသည် မဟုတ်ပါလော?ဟု ပရဝါဒီမေးဘွယ်ရှိ၏။မှန်၏။

သကဝါဒီမေး။ ။အသင် ပရဝါဒီခမျာရုံဖြစ်သော ခန္ဓာတို့သည် ရုပ်တလုံးဖြစ်စေ၊ နာမ်ဘလုံး ဖြစ်စေ သူတို့၏အတ္တသတ္တိ, ဗျာပါရသတ်တိအားအစုမ်းဖြင့် ဖြစ်ပေါ်နိုင်ပါ၏လော?

ပရဝါဒီ ဖြေ။ ။ဖြစ်ပေါ်နိုင်ပါသည်။

သကဝါဒီမေး။ ။အသင်ပရဝါဒီ ထပ်မံ၍ စီစစ်ပါဦး၊ သင်၏အဖြေသည် စွမ်းအားရှိသော အတ္တသတ်တိ ဗျာပါရသတ်တို ရှိနေသဖြင့် ခမျာရုံ ဥပါဒါနက္ခန္ဓာငါးပါးသည်ဌင်း၊ တခြားသော ခမျာရုံ စိတ်, စေတသိက်, ရုပ်တရားတို့သည်ဌင်း၊ သူ့ဖာသာ သူ့အလျောက် အတ္တသတ်တန့်ဌင့် ဖြစ်နိုင်သည်ဆိုက အနတ္တမျိုး မဟုတ်၊ အတ္တမျိုး ဖြစ်နေသည် မဟုတ်ပါလော?

ပရဝါဒီ ဖြေ။ ။အတ္တမျိုးမှန်ပါသည်။

သကဝါဒီမေး။ ။အသင် ပရဝါဒီ ထင်ရှားအောင် သင့်အားမေးဦးအုံ၊ သံချောင်း နှစ်ချောင်း ရိုက်ခတ်သောအခါ ထွက်ပေါ်လာသော သဒ္ဒရုပ်သည် သူ့ဖာသာ သူ့အလျောက် ထွက်ပေါ်လာနိုင်ပါ၏လော?

ပရဝါဒီ ဖြေ။ ။မလာနိုင်ပါ။

သကဝါဒီမေး။ ။သို့ဖြစ်လျှင် အဘယ်သဘောကြောင့် ဤအသံ ထွက်ရပါသနည်း?

ပရဝါဒီ ဖြေ။ ။ထုတ် လာ သော အ သံ သည် သံချောင်းနှစ် ချောင်း ရိုက်ခတ်သည့်အတွက် ထုတ်ပေါ် လာပါသည်။

သကဝါဒီမေး။ ။အသင်ပရဝါဒီ သင်ဖြေဆိုသော စကားအရ ရှေ့နောက်မညီညွတ်သဖြင့် သေချာစွာစီစစ် ပါဦး၊ ထုတ်ပေါ်လာသော အသံသည် သံချောင်းနှစ်ခု အကြောင်းခံ၍ ဖြစ်လာသည် မဟုတ်ပါလော?

ပရဝါဒီ ဖြေ။ ။ဟုတ်ပါသည်၊မှန်ပါသည်။

သကဝါဒီမေး။ ။အသင်ပရဝါဒီ သင်ဖြေဆိုသည့်အတိုင်း မှန်ပါလျှင် သူ၏ စွမ်းအားခေါ်သော အတ္တ သတ္တိသည် ရှိနိုင်ပါမည်လော?

ပရဝါဒီ ဖြေ။ ။မရှိနိုင်ပါ။

သကဝါဒီမေး။ ။ဤသို့အတ္တသတ္တိမရှိလျှင်အတ္တလော, အနတ္တလော?

ပရဝါဒီ ဖြေ။ ။အနတ္တဖြစ်ပါသည်။

ပုဗ္ဗနိဗ္ဗာန်သို့

ဤ သကဝါဒီ ဘုရားဘက်တော်သားနှင့် ပရဝါဒီ အမျှား ဘက်တော်သားတို့ စီစစ် မေးမြန်းကြသလို သင်ယောဂီတို့မှာ လည်း မိမိဉာဏ်ကို စီစစ်၍ ဝိပဿနာတရားကို အားထုတ်ရာ၏။

ဤကဲ့သို့စီစစ်၍ အားထုတ်ပါလျှင် သုံး, ရပ်, ထိုင် လျောင်း ဟူသော ဣရိယာပုထ်လေးပါး၌ အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိ, သက္ကာ

ယဒိဋ္ဌကွာပြီး ပုဗ္ဗေဓမ္မဋ္ဌိတိဉာဏ်ကိုရ၍ ပုဗ္ဗနိဗ္ဗာန်သို့ဆိုက်ရောက်မည်၊ ထို့ကြောင့် ဤကစ္စာနသုတ်၏အနက် အတ္ထသဘောသည် “သမုဒယောနတ္ထိ” စကားတော်အတိုင်း၊ ဓမ္မာရုံဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့သည် အတ္တသတ္တိ ဗျာပါရသတ္တိဖြင့် မဖြစ်နိုင်ခြင်းမှာ ထင်ရှား၏၊ ထို့ကြောင့်—

“ယေ ဓမ္မာ ဟေတုပ္ပဘဝါ”

ယေဓမ္မာ၊ အကြင်ဓမ္မာရုံတရားတို့သည်။ ဟေတုပ္ပဘဝါ၊ဟိတ်အခြင်းကြောင့် ဖြစ်ကုန်၏ ဟု ဟောကြားတော်မူသော စကားတော်၌—

အလုံးစုံသော ဓမ္မာရုံ ပရမတ္ထတို့သည် အခြင်းကို စွဲမှီရမှ ဖြစ်ပေါ်နိုင်ကြကုန်၏၊ အခြင်းမရှိလျှင် သူညတသဘော တုစ္ဆသဘော ရိတ္တသဘော တို့သည်သာလျှင် ဖြစ်နေကြကုန်၏၊ ဤသူည,တုစ္ဆ,ရိတ္တ သဘောတို့သည် သုဉ်းဆိတ်ခြင်း၊ အချည်းနှီးဖြစ်နေခြင်း၊သင်္ခါရဓမ္မာရုံတို့၏ အရိပ်အရောင်ကင်းမဲ့နေခြင်းစသော အနတ္တသဘောတို့သည် ဃောဂီ၏ ဉာဏစရိယ ဉာဏ်ဝတ္ထုတွင် ထင်ရှားစွာ ဇော်ဒရ,သိရ,မြင်ရမည်။

သမုဒယောနတ္ထိ ကို ပြဆိုခြင်း ပြီး၏။

နိရောဓအတ္ထိကို ပြဆိုခြင်း

လောက နိရောဓံ ခေါ ကစ္စာန ယထာဘူတံ သမ္မပညာယ ပဿတော ယာ လောကေ အတ္ထိတာ, တာ နဟောတိ။

—ကစ္စာနသုတ်

ကစ္စာန၊ ကစ္စည်းမထေရ်။ ခေါ၊ စင်စစ်။ လောက နိရောဓံ၊ လောက၏ချုပ်ပုံကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပညာယ၊ မှန်ကန်သော ဝိပဿနာ ဉာဏ်စရိယပညာဖြင့်။ပဿတော၊ မြင်သောသူအား၊ လောကေ၊ လောက၌။ ယာ၊ အကြင် နိရောဓသည်။ အတ္ထိတာ၊ ရှိသည်ဖြစ်၏။ သာ။ ထိုနိရောဓသည်။ နဟောတိ၊ လောကသမုဒယ မဖြစ်နိုင်။

အမှာ။ ။ကျွန်ုပ်စကားသုတ်သည် သံယုတ္တနိကာယ်၌ သုတ်နှစ်သုတ် ထပ်၍ပါ၏။ထိုနှစ်သုတ်တွင် ခန္ဓာဝဂ္ဂသံယုတ်၌ ပါလာသောသုတ်သည် အသျှင်အာနန္ဒာသည် ဆန္နမထေရ်အား ဖောက်သည်ချသော သုတ်ဖြစ်သည်။ နိဒါနဝဂ္ဂသံယုတ်၌ ပါသောသုတ်သည် မြတ်စွာဘုရား သာဝတ္ထိပြည်တွင် သီတင်းသုံးတော်မူသော အခါ ကစ္စည်းမထေရ်ကို ဟောသောသုတ်ဖြစ်သည်။

ဘုရားရှင်၏ ဟောတော်မူလိုသော သဘောတော်မှာ "နိရောဓော အတ္ထိ" ဟူသတည်း။ နိရောဓော၊ချုပ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဤကဲ့သို့ ဆိုသော် စောဒနာရန် ရှိပြန်၏။ ဓမ္မာရုံခန္ဓာငါးပါး ဖြစ်သော ခန္ဓာတို့သည် "နိရောဓော အတ္ထိ" အရ ချုပ်ငြိမ်းနေကြသည်မဟုတ်၊ ဖြစ်ပေါ်နေကြသည်သာ ဖြစ်၏ဟု ပရဝါဒီသည် စောဒနာရန်ရှိ၏။

သကဝါဒီ။ ။အသင် ပရဝါဒီ ဤဓမ္မာရုံခန္ဓာငါးပါးတို့ကို အဘယ်ကဲ့သို့ မှတ်ထင်ပါသနည်း?

ပရဝါဒီ။ ။အသျှင်သကဝါဒီဤဓမ္မာရုံခန္ဓာငါးပါးတို့သည် "နိရောဓော အတ္ထိ" အရ ချုပ်ငြိမ်းနေကြသည် မဟုတ် ဖြစ်ပေါ်နေကြသည်သာ မျက်မြင်မှာ ထင်ရှားနေခြင်း ဖြစ်ပါသည်။

သကဝါဒီ။ ။အို-ပရဝါဒီ မျက်မြင်ဆိုသော စကားသည် ငယ်ရွယ်သူ ကလေးကအစ လူမျိုးပေါင်း များစွာနှင့် ကြက်,ငှက်, တိရစ္ဆာန်များပါ မြင်နိုင်သော အမြင်ဖြစ်၍ ဤမျက်မြင်သည် သမ္မာဒိဋ္ဌိ အမြင်မှန် ဖြစ်နိုင်ပါမည်လော?

ထိုအခါ ပရဝါဒီသည် အဖြေမပေးဘဲ တုံ့ဝဲဝေ ဆိတ် ဆိတ် နေလေ၏။

ထိုအခါ အို.... ပရဝါဒီ၊ ထိုအရာကို သင် အဘယ်ကဲ့သို့ အောက်မေ့သနည်း၊ ထင်ရှားစွာ ဖြေကြားပါဦးလော?ဟု ထပ်၍မေးသော်လည်း ဦးခေါင်းငိုက်စိုက်ကျ၍ "နဟေဝံ ဝတ္တဗ္ဗေ" ဇဝံ ဝတ္တဗ္ဗေ"ဤမှာဘက်အစွန်းနှင့် ထိုမှာဘက် အစွန်းနှစ်ချက်

ကို မမြင်နိုင်တော့ဘဲ "အမှာ ဝိက္ခေပ ဒိဋ္ဌိ" ဖြစ်၍ နေရှာလေသည်။

သကဝါဒီ။ ။အို-ပရဝါဒီ အဘယ်ကြောင့် ဆိတ်ဆိတ်နေဘိသနည်း။ သင်ပရဝါဒီသည် "သမုဒယောနတ္ထိ" ဟူသော အထက်ပုစ္ဆာက သင် အနတ္တာဟု ဖြေခဲ့သည် မဟုတ်ပါလော?

ဤကဲ့သို့ သတိပေးလိုက်သောအခါ ပရဝါဒီသည် မိမိဖြေကြားခဲ့သောအထက်ပုစ္ဆာ၏အနက်တို့ကို သတ်ရလာသဖြင့် အသျှင် သကဝါဒီ "နိဗ္ဗာနဒေသနာတော်" ဟူသော သဘောအနက်ကို အကျွန်ုပ်၏ ဉာဏ်၌ ထင်ပါပြီ၊ ဖြေကြားပါတော့အုံဟု ဝန်ခံလေသည်။

ပရဝါဒီ။ ။အို-အသျှင်သကဝါဒီ ငယ်ရွယ်သူကလေးကအစလူမျိုးပေါင်းများစွာနှင့် ကြက်, ငှက်, တိရစ္ဆာန်များပါ မြင်နိုင်သောအမြင်သည် သမ္မာဒိဋ္ဌိ အမြင်မှန် မမြင်နိုင်ပါ။

သကဝါဒီ။ ။အို-ပရဝါဒီ အဘယ်ကဲ့သို့သော အမြင်ကို ရမှဒဿနဲ့ သမ္မဒါမည်သော သမ္မာဒိဋ္ဌိဉာဏ်ကိုရနိုင်ပါမည်နည်း။

ပရဝါဒီ။ ။အို-အသျှင် သကဝါဒီ ဓမ္မာရုံဖြစ်သော စိတ်စေတသိက်, ရုပ်တရားတို့သည် ပရမတ္ထ၏ အာရုံဖြစ်သောကြောင့် အတ္တာသတ္တိ, ဗျာပါရ သတ္တိ မရှိကြပေ။ ထိုအတ္တာသတ္တိ မရှိသော ပရမတ္ထ၏ အာရုံဖြစ်သော ဓမ္မာရုံ တရားတို့သည် နိဿတ္တ,

အတိဂမ္ဘီရ သဘာဝ စွယ်စုံကျမ်း

နိဒ္ဒေဝ, ပဂ္ဂိုလ်, သတ္တဝါ, ဇီဝမှု သုဉ်းဆိတ်သောကြောင့် အနတ္တမျိုးတို့ သာလျှင် ဖြစ်ကြောင်းကောင်းစွာသိရပါ၏။ အနတ္တမျိုးဖြစ်သော သဘောတရားသည်အထည် ဒြပ်, အမာခံ အနှစ်အသား မရှိသောကြောင့် "နိရောဓော အတ္ထိ" ဆိုသည်မှာ မှန်လှပါပေ၏။ ဤသို့လျှင် ဝန်ခံလေတော့၏။

နိရောဓောအတ္ထိကို ပြဆိုသော အခန်းပြီး၏။

အစွန်းနှစ်ဘက်ကို ပြဆိုခြင်း

“သဗ္ဗ မတ္ထိ”တိုခေါ် ကစ္စာန် အယမ္ပေကော အန္တော၊
“သဗ္ဗံ နတ္ထိ”တိ အယံ ဒတိယော အန္တော။

—နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်

ကစ္စာန၊ကစ္စည်းမထေရ်။ ခေါ်။စင်စစ်။ သဗ္ဗံအတ္ထိတိ၊အလုံးစုံရှိ၏ ဟူသော။ အယံ၊ဤအယူသည်။ ကော၊တခုသော။အန္တော အစွန်းတဖက်တည်း။

သဗ္ဗံ နတ္ထိတိ၊အလုံးစုံမရှိဟူသော။ အယံ၊ ဤအယူသည်။ဒုတိယော၊ နှစ်ခုမြောက်သော။ အန္တော၊အစွန်းတဖက်တည်း။

“သဗ္ဗံ”ဟူသောပုဒ်ကိုစစ်ဆေးရမည်ဆိုလျှင် သဗ္ဗသည်သာဝသေသ သဗ္ဗ, အနဝသေသသဗ္ဗဟူ၍ နှစ်မျိုးနှစ်စား၌၏၊ သာဝသေသသဗ္ဗသည် အကြွင်းနှင့်တကွထား၍ဟောသော သဗ္ဗဟုမှတ်ရမည်။အနဝ သေသသဗ္ဗသည်အကြွင်းမထားဘဲဟောသော သဗ္ဗဖြစ်သည်။ ဤသုတ်၌ ဟောတော်မူသော သဗ္ဗသည် အကြွင်းထား၍ဟောသော သဗ္ဗ,ဟုမှတ်ရမည်။

ဥပမာ—“သဗ္ဗေ ဓမ္မာ အနတ္တာ”ဟုဟောတော်မူသော်ဒေသနာတော်သည် မရှိသော တရားဟု ဆိုအပ်သော ဓမ္မာရုံ ဥပါဒါ

နက္ခန္ဒာမျိုးကိုသာ ကောက်ယူအပ်၏။ ထို့ကြောင့် အဋ္ဌကထာတွင် "သဗ္ဗေမေမာတိ ပဋ္ဌပါဒါနက္ခန္ဓာ အဓိပ္ပေတာ"ဟု ဖွင့်ပြတော်မူသည်။ သဗ္ဗေမေမာ ဟူသောပုဒ်အရ ငါးပါးသော ဥပါဒါနက္ခန္ဓာကိုသာ ကောက်ယူရမည်ဟု ဆိုလိုသည်။ ပရမတ္ထအစစ်ဖြစ်သော ဘူတရုပ်ကြီးလေးခုနှင့် ဝိညာဏ်ဌိတိ, ဝိညာဏစရိယစသော ဥပါဒိန်, ဌိ, ဘင်, ရှိသော တရားတို့ကို အကြွင်းထား၍ ကောက်ယူအပ်၏။ အကြွင်းမထား၌ "သဗ္ဗေမေမာ အနတ္တာ" ထဲသို့ သွင်းယူခဲ့လျှင် ဝိညာဏ်ဌိတိ ခုနစ်ပါးနှင့်တကွသတ္တဝါဿဘုံကိုးဝတွင်ဥပါဒါန်မရှိသော ပရမတ္ထခန္ဓာနှင့်ဥပါဒါန်လေးပါးရှိသော ဥပါနက္ခန္ဓာငါးပါးတို့သည် ရှုပ်ထွေးပွလိမ်၍ ပရမတ္ထခန္ဓာလည်းဥပါဒါနက္ခန္ဓာဖြစ်,ဥပါဒါနက္ခန္ဓာလည်း ပရမတ္ထခန္ဓာဖြစ်၍ အရောရောအနှောနှော ရှင်းမရအောင် ရှုပ်ထွေးပွလိမ်၍နေရာ၏၊ထို့ကြောင့်ကျိကစ္စာနသုတ်၌ ဟောသောအစွန်းနှစ်ဖက်'သဗ္ဗ'ကို သာဝသေသ သဗ္ဗမှတ်ပါလေ။

မဇ္ဈိမ ပဋိပဒါတရား

ထို့ကြောင့်"သဗ္ဗံ အတ္ထိ"အရ အလုံးစုံရှိ၏ဟု ယူခဲ့သည်ရှိသော် မရှိဟုဟောသော ဓမ္မာရုံခန္ဓာငါးပါးကို အရှိတရားဟု ယူမိသည့်အတွက် သဿတဒိဋ္ဌိအစွန်အစွန်းနှင့် ငြိခြင်းတချက်။

"သဗ္ဗံ နတ္ထိ"အရအလုံးစုံမရှိဟု ယူဆခဲ့သည်ရှိသော် ရှိသော ပရမတ္ထိ ခန္ဓာငါးပါးကိုမရှိဟုယူမိသည့်အတွက် ဥစ္ဆေဒဒိဋ္ဌိ အန္တအစွန်းနှင့် ငြိခြင်းတချက်။

ဤနှစ်ချက်သော အစွန်းနှစ်ဖက်တို့ကို မငြိမကပ်မူ၍ မဇ္ဈိမပဋိပဒါ အလယ်ကျသော တရားကို နှလုံးသွင်း၍ ကျင့်ကြံအောက်မေ့ရမည်ဟူလို။ ထို့ကြောင့်—

ကစ္စာန ဉာဘော အန္တေ အနုပဂမ္မ
မဇ္ဈေန တထာဂတော မမ္မံ ဒေသေတိ။
—နိဒါနဝဂ္ဂသံယုတ်ပါဠိတော်

ကစ္စာန၊ကစ္စည်းမထေရ်။ ဉာဘောအန္တေ၊ အစဉ်နှစ်ဖက်တို့ကို အနုပဂမ္မ၊ မကပ်ရောက်မူ၍။ မဇ္ဈေန၊ အလယ်တိတိအား ဖြင့်။ တထာဂတော၊ သင်တို့ဆရာ ငါဘုရားသည်။ ဓမ္မံ၊ မဂ္ဂင် ပဋိပဒ် အကျင့်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူ၏။

လမ်းမှားသို့ မရောက်နိုင်

ဤလက်ဝဲလမ်းစဉ်နှင့် လက်ယာလမ်းစဉ်တို့ကိုမှတ်၍ထားပါ လျှင် ဤကျမ်းကို လေ့လာရာ၌ဖြင်း၊ မိမိတို့၏ နိဗ္ဗာန်ရောက် ကြောင်းတရား၌ဖြင်း မင်္ဂလာဏ်, ဖိုလ်ဉာဏ် မရသည့်တိုင်အောင် အမှားကင်းသို့မရောက်နိုင်။

ထို့ကြောင့် လက်ဝဲဘက် အမည်ဟူသမျှသည် အလုပ်စခန်း နှင့်ဆိုင်သော တရားမျှားဟု မှတ်သားထားပါ။ လက်ယာဘက်က အမည်ဟူသမျှသည် ယောဂီသူတော်စင်တို့နှင့် ပတ်သက်သောအ ရာမဟုတ်ဟုမှတ်ပါ။ သို့သော်လက်ယာလမ်းစဉ်ဟူသမျှမှာ ပိုင်း ခြားချိသိအပ်သော ပရိညေယျတရားဖြစ်ကြသည်။ လက်ဝဲလမ်း စဉ်မှာ တရားအားထုတ်သော ယောဂီမျှားသည် ထိုးထွင်းချိသိ မြင်ရေးဟုမှတ်ပါ။

သတိ။ ။ကျွန်ုပ်သို့ ဒုယဖြစ်သော မြတ်စွာဘုရား၏တရား တော်ကိုမသိမမြင်ပါလျှင် အနွှောဇဉာ(အာကွင်းရှုပ်), ဗဟိဇဉာ (အပြင်ရှုပ်)ဖြစ်၍ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်သည်ကို သတိပြုစေလို၏။

အစဉ်နှစ်ဖက် ပြဆိုခန်းပြီး၏။

ပရမတ္ထတရား လေးပါးကို အနုစိတ်၍ ပြဆိုခြင်း

ပရမတ္ထတရားတို့သည် အကျဉ်းအားဖြင့် လေးပါးအပြား ရှိ၏။ လေးပါးဟူသည်ကား—

၁။ စိတ် ပရမတ်တပါး၊

၂။ စေတသိက် ပရမတ် တပါး၊

၃။ ရုပ် ပရမတ် တပါး၊

၄။ နိဗ္ဗာန် ပရမတ် တပါး။

စိတ်ဟူသော ပရမတ္ထဝိညာဏ်တပါး၊

"ဝိညာဏ နိဿိတံ, ဝိညာဏံ ဘဝိဿတိ" ဟူ၍ ဥပရိပဏ္ဏာသပါဠိတော်၌ ဟောတော်မူသည့်အတိုင်း ပရမတ္ထ စိတ်ဝိညာဏ်ကို စဲမှီ၍ ဖြစ်သော ဓမ္မာရုံနာမ်ဟု ဆိုအပ်သော စိတ်ပရမတ်တပါး၊ ဤသို့ပရမတ္ထ စိတ်ဝိညာဏ်၌ နှစ်ပါးပြား၏။

ဓမ္မာရုံ သုံးမျိုး

ထိုနှစ်ပါးတို့တွင် ဓမ္မာရုံနာမ် မည်သော စိတ်တပါးနှင့် စေတသိက် ဓမ္မာရုံ, ရုပ်ဓမ္မာရုံ နှစ်ပါးပေါင်း၍ သုံးပါးသော ဓမ္မာရုံ

တို့ကို ပဋိစ္စသမုပ္ပါဒ် ဟူ၍၎င်း၊ ဥပါဒါနက္ခန္ဓာ ဟူ၍၎င်း၊ သမုဒယော နတ္ထိ ဟူ၍၎င်း၊ သမုဒယ ဓမ္မ, နိရောဓ ဓမ္မဟူ၍၎င်း၊ ဗဟိဒ္ဓါဓမ္မာ မိစ္ဆာအာရုံဟူ၍၎င်း၊နိဿတ္တ,နိဇ္ဇီဝ ဟူ၍၎င်းအမည် အမျိုးမျိုးပြား၍ နိရုတ္တိ နည်းအားဖြင့် ဟောတော်မူ၏။ ဤစိတ်နှင့်မ ဓမ္မာရုံ,စေတသိက်နှင့်မ ဓမ္မာရုံ, ရုပ်ဓမ္မာရုံ သုံးမျိုးကို သာလျှင် ဇာထူးဝိရိယစိုက်၍ အလုပ်လုပ်ရမည်။

ဝိညာဏခေတ် ပရမတ်ကို သစ္စာဖွဲ့၍ ဟောတော်မမူ၊သစ္စာမှ လွတ်သော သစ္စ ဝိမုတ် ဝိညာဏ် ဖြစ်သည်။ ထိုဝိညာဏ်သည် လက်ယာဘက်လမ်းက သွား၏။ဥပါဒ်,ဋ္ဌ,ဘင်ရှိ၏၊လောက သံသရာထဲသို့မဝင်၊ဓမ္မာရုံ နယ်ကြီးက အလွတ်ဖြစ်သော ဝိညာဏ်ပေတည်း။သတ္တိ ဗျာပါရ ရှိ၏၊ဘူတ ရုပ်ကြီးလေးပါးနှင့် တွဲ၍ဖြစ်မတွဲမူ၍ဖြစ်၏။ ပဉ္စဝေါဟာရ ဘုံ၌ ဖြစ်သောအခါ ဘူတရုပ်ကြီးများနှင့် တွဲ၍ဖြစ်၏။ကေဝေါကာရဘုံ, စတုဝေါကာရဘုံတို့၌ ဖြစ်သောအခါ မတွဲဘဲ ဖြစ်၏။နိရောဓောအတ္ထိ ဟူ၍၎င်း အနုပါဒါန် ဝိညာဏ်ဟူ၍၎င်း ဟောတော်မူ၏။

နိရောဓ သုံးမျိုး

၁) နိရောဓ၊ ၂) နိရောဓ ဓမ္မ၊ ၃) နိရောဓသစ္စာ ဟူ၍ သုံးမျိုးရှိသည်ကို သတိပြုအပ်၏။

၁။ **နိရောဓ**ဆိုသည်မှာ သစ္စာမှလွတ်သော ပရမတ္ထဝိညာဏ်ကို မှတ်အပ်၏။

၂။ **နိရောဓဓမ္မ**ဆိုသည်မှာ-ဥပါဒ်,ဋ္ဌ,ဘင်,အထည်ဖြုပ်,သတ္တဇီဝ မဟုတ်သော ဓမ္မာရုံနာမ်နှင့် အာရုံ ရုပ်ကို ဆို၏။

၃။ **နိရောဓသစ္စာ** ဆိုသည်မှာ နိဗ္ဗာန်ကို ဆို၏။

ယင်း နိရောဓ သစ္စာကို အနည်းငယ် ရှင်းပြဦးအံ့။

"နိရောဓ သစ္စဿ နဉ္ပါဒေါ ပညာယတိ,
နံ ဝယော ပညာယတိ,နဌိတဿ အညထ္တံ ပညာယတိ;
-ပဋိသမ္ဘိဒါမဂ် သစ္စကထာ;

သဘော အဓိပ္ပါယ်မှာ ထိုနိရောဓသစ္စာ မည်သော နိဗ္ဗာန်တရား၌ အခြားသော ပရမတ္ထ ဓမ္မာရုံကဲ့သို့ ဖြစ်ပေါ်ခြင်း ဉပ္ပါဒသည် မထင်၊ပျက်ခြင်း ဝယ သည်လည်းမထင်၊မိမိသဘော အတိုင်း တည်ရှိသော နိရောဓသစ္စာမှထပါး တခြားသောအဖြစ်သို့ ပြောင်းရွှေ့ဖြစ်နေသည်လည်းမထင်၊ကျိုကဲ့သို့ ဉပ္ပါဒ,ဝယ, အညထတ္တဟူသော နိရောဓသစ္စာ၏ လက္ခဏာသုံးပါးနှင့် အညီ အညတ် မှန်ကန်သော သဘောတရားသည်သာလျှင် ဓမ္မာရုံ ပရမတ္ထ ဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ဟူ၍ မြဲမြဲမှတ်၊ ရဟန္တာ၏ စုတိနောင်ကို နိရောဓသစ္စာဟု မယူလေနှင့်။

အတ္တ သတ္တိ မရှိပုံ

နိရောဓမေမ့ ဆိုသည်မှာ နာမ်အမည်ခံသော စိတ်,စေတသိက်, အာရုံရုပ်ဟူသော ဓမ္မာရုံတို့သည် အတ္တ ငါတို့,ဗျာပါရသတ္တိ, ဇီဝ သတ္တိ,သရီရသတ္တိ လုံးလုံးမရှိ၊ဘိတ်ဘိတ်သားမရှိ၍ သုဉ်းဆိတ်နေခြင်းသဘောဟာရုံးတို့ကို နိရောဓမေမ့ ဆိုသည်။ ဤနိရောဓ ဓမ္မာ၌ အတ္တသတ္တိ မရှိပုံကို ပြဦးအံ့။

အတ္တာတိ,ထာမကဋ္ဌတ္တာ နတ္ထိ ဟူ၍ဂုင်း၊
အနတ္တာတိ,အတ္ထ ဇီဝေန ရဟိတာ ဟူ၍ဂုင်း၊

ဟောတော်မူသော ဒေသနာတို့သည် အတ္တသတ္တိမရှိကြောင်း ကိုပြသော ဒေသနာတို့ပေတည်း။အဘ္ဘသတ္တိ မရှိပုံမှာ—

အတ္တာတိ၊အတ္တသတ္တိ ဟူသည်ကား။ ထာမကဋ္ဌတ္တာ၊အာဒေ အစ္ဆမ်ိးသည်။ နတ္ထိ၊ မရှိ။ အနတ္တာတိ၊ အနတ္တဟူသည်ကား။ အတ္တဇီဝေန၊အတ္တဇီဝမ္မ။ရဟိတာ၊ကင်းသည်တည်း။

စိတ်နာမ်,စေတသိက်နာမ်နှင့် အာရုံရုပ်တို့သည် မိမိ၏ အာဒေ အစ္ဆမ်ိးသတ္တိနှင့် ဖြစ်ပေါ်နိုင်ကြသည် မဟုတ်ကုန်၊ အကြောင်း ပစ္စယဟေတုကို စဲမှီရမှ ဖြစ်ပေါ်နိုင်ကြ၏၊ အကြောင်းမရှိလျှင် မဖြစ်နိုင်,မပေါ်နိုင်ကဲ့ဘဲ နိဗ္ဗာန ဓမ္မ ဖြစ်၍ နေကြကုန်၏၊ ဤသဘောကို တုစ္ဆ,သုညဆိုသည်မှတ်၊ထို.ကြောင့် အတ္တမဟုတ် အနတ္တဟူ၍ မှတ်အပ်၏။

နိဗ္ဗာန ဆိုသည်မှာ လက်ယာလမ်းက ပရမတ္ထတို့သည် နိဗ္ဗာဓေ အတ္တိဟု ဟောတော်မူသောကြောင့် နိဗ္ဗာနတရားသာလျှင် ဖြစ်ကုန်၏။နိဗ္ဗာနဆိုသော်လည်း ပရမတ္ထတရား ပျောက်ပျက်သုဉ်းဆုံတ်နေခြင်းမျိုးကို မယူအပ်,မယူဘောင်း။ ဤစကား မှန်၏၊ပရမတ္ထတို့ မည်သည်မှာ ချုပ်ပျောက်ကုန်ဆုံး ပျက်ပြုန်းသွားသည်ဟု ယူဆခဲ့လျှင် ယမက ရဟန်းကဲ့သို့ နတ္ထိက ဝါဒ,နတ္ထိက ဒိဋ္ဌိ ဖြစ်မည်။

ဘုရား, ပဓေကဗုဒ္ဓါ, ရဟန္တာ အသျှင်မြတ်တို့သည် မရေမတွက်နိုင်အောင် ပရိနိဗ္ဗာန်ပြု၍ သွားကြပါသော်လည်း ဘုတရုပ်ကြီးနှင့် ဝိညာဏရုပ် စိတ်ဝိညာဏ်တို့သည် လျှော့ နည်းတိုး ဆုတ် မရှိစကောင်း။ တောင်းချဉ် တောင်းချဉ် မရှိစကောင်းဟူ၍ ပရမတ္ထ၏ သဘောကိုမှတ်ပါ။ လျှော့သွားသည်၊ တိုးလာသည်ဟူသော အထင်အမြင်တို့သည် အစကတည်းက မရှိ၊ ယခုလဲ မရှိ၊ နောင်လဲ ရှိလိမ့်မည် မဟုတ်။ မျက်လှည့်ပမာ ဥပါဒါန် ဝိညာဏ်၏ လှည့်စားချက်မျှသာတည်း။

ရာဂ ဒေါသ ချုပ်ခြင်း နိဗ္ဗာန

နိဗ္ဗာနဟော အတ္ထိ ဟု ဆိုသည်မှာ ပရမတ္ထဘာရား ဟူသမျှတို့ အားလုံးကုန် ချုပ်နေသည်ဟု မယူအပ်။ ထိုလက်ယာလမ်း ဖြစ်သော ပရမတ္ထ တရားတို့၌ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဟုဆိုအပ်သော ဥပါဒါန် တရားတို့ ချုပ်ငြိမ်းနေသည်ကိုဂုဏ်း၊ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, အနုသယစသော အညစ်အကြေးတို့ ချုပ်ငြိမ်းနေကြ ကိသာ နိဗ္ဗာနဆိုသည်။ပရမတ္ထ ခန္ဓာတော် ချုပ်ငြိမ်းခြင်းကို နိဗ္ဗာနမဆို၊ ချုပ်ငြိမ်း၍လည်း မနေစကောင်းဟု မှတ်ပါ။

ရုပ်ဘက်ဆိုင်ရာက စံနစ်တကျ စီစစ်ပြန်သော်-- ဘူဘရုပ်ကြီး လေးပါးသည် သူတို့အချင်းချင်း တခုနှင့်တခု မှီ၍သာ ဖြစ်ခန နိုင်ကြသည်။ တခြားပရမတ္ထကို မမှီမူ၍ မိမိအချင်းချင်းသာလျှင် မှီတွယ်နေထိုင်ကြသည်။ထို့ကြောင့်—

ကေံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။

ကေံ မဟာဘူတံ၊ တခုသော မဟာဘူတ်ကို။ ပဋိစ္စ၊ စဲ၍။ တယောမဟာဘူတာ၊သုံးပါးသော မဟာဘူတ်တို့သည်။ ဟော၊ ဖြစ်၏။ ဖြစ်ကုန်၏။

တယော မဟာဘူတေ ပဋိစ္စ ကေော မဟာဘူတော။

-ပဋ္ဌာန်းပါဠိတော်

တယော မဟာဘူတေ၊သုံးပါးသော မဟာဘူတ်တို့ကို။ ပဋိစ္စ စဲ၍။ ကေော မဟာဘူတော၊ တပါးသော မဟာဘူတ်သည်။ ဟောတိ၊ဖြစ်၏။

ဒဋ္ဌ မဟာဘူတေ ပဋိစ္စ ဒဋ္ဌ မဟာဘူတာ။
ပဋ္ဌာန်းပါဠိတော်

ဒဋ္ဌမဟာဘူတာ၊နှစ်ပါးသော မဟာဘုတ်တို့ကို။ပဋိစ္စ၊စဲ၍။ ဒဋ္ဌ မဟာဘူတာ၊နှစ်ပါးသော မဟာဘုတ်တို့သည်။ဟောန်း၊ဖြစ်ကုန်၏။

ရုပ်ကြီးလေးပါး ဖြစ်အတူ ပျက်အတူ

အဓိပ္ပါယ်မှာ တေဇောဓာတ်က အကြောင်းဖြစ်လျှင် ပထဝီ, အာပေါ, ဝါယောဓာတ်တို့က အကျိုးဖြစ်ကြသည်။ ကြွင်းသော ဓာတ်သုံးပါးတို့က အကြောင်းဖြစ်လျှင် ကျန်ဓာတ်တပါးက အကျိုးဖြစ်သည်။ ပထဝီဓာတ်, တေဇောဓာတ်တို့က အကြောင်းဖြစ်လျှင် ကျန်ဓာတ်နှစ်ပါးက အကျိုးဖြစ်ရသည်။

ဤသို့ အချင်းချင်း "အညမညသတ္တိ" ဖြင့် အပြန်အလှန် ကျေးဇူးပြုပုံကို ဟောကြားတော်မူသည်။

အမှာ။ ။အတူတကွဖြစ်ပေါ်သည်ကို "သဟဇာတသတ္တိ" ခေါ်၏။ အချင်းချင်း ကျေးဇူးပြုသည်ကို "အညမညသတ္တိ" ခေါ်သည်။

ဘူတရုပ် နှင့် ဥပါဒါယရုပ်

ထိုဘူတရုပ်ကြီး လေးပါးတို့သည် ဖြစ်အတူပျက်အတူ ခဲခဲခါ၍ မရသော ဓာတ်ကြီးများ ဖြစ်ကြသည်။ ထို့ကြောင့် "အဝိနိဗ္ဘောဂ" ဟုခေါ်သည်။နှစ်ဆယ် လေးပါးသော ရုပ်ဓာတ်တို့က ဤမဟာဘူတ ရုပ်ကြီးလေးပါးကို မှီတွယ်ဖြစ်ကြ၏။ ထို့ကြောင့် နှစ်ဆယ် လေးပါးသော ရုပ်ငယ်ရုပ်သေးများကို ဥပါဒါယ ရုပ်ဟုခေါ်သည်။

ရုပ်နှစ်ဆယ့်ရှစ်ပါး၏ ဇယားပုံ

ပထဝီ ဓာတ်	ရူပ ရုပ်	အာဟာရ ရုပ်
အာပေါဓာတ်	သဒ္ဒ ရုပ်	အာကာသ ရုပ်
တေဇောဓာတ်	ဂန္ဓ ရုပ်	ကာယဝိညတ် ရုပ်
ဝါယောဓာတ်	ရသ ရုပ်	ဝစီဝိညတ် ရုပ်
စက္ခု ပသာဒ	ဇောဋ္ဌဗ္ဗ ရုပ်	လဟုတာ ရုပ်
သောတ ပသာဒ	ဣတ္ထိဘာဝ	မုဒုတာ ရုပ်
ဃာန ပသာဒ	ပုမ္ဘာဝ ရုပ်	ကမ္မညတာ ရုပ်
ဇိဝှါ ပသာဒ	ဟဒယဝတ္ထု	ဥပစယ ရုပ်
ကာယ ပသာဒ	ဇီဝိတိန္ဒြေ	သန္ဋတိ ရုပ်
ဂေါစရတာ ရုပ်	အာဟာရ ရုပ်	

အမှာ။ ။ဤဇယားပုံတွင် လာက်နှင့်ထောက်၍ တက္ကသိုလ်ဆရာတို့ကျောင်းသားများကို နှစ်ဆယ့်ကိုးခု ဖြစ်လိမ့်မည်။ ဇောဋ္ဌဗ္ဗရုပ်ကို နုတ်လျှင် ရုပ်ပေါင်း နှစ်ဆယ့်ရှစ်ခုဖြစ်၏။ ပထဝီ, တေဇော, ဝါယော သုံးခုကို ဇောဋ္ဌဗ္ဗရုပ်ခေါ်သည်၊ ပါရှိပြီးဖြစ်၍ နုတ်ထားရသည်မှတ်ပါ။

မဟာဘူတ

ဥပါဒိန္နာ နုပါဒိန္န သန္တာနေသု သသမ္ဘာရ
ဓာတု ဝသေန မဟန္တာ ဟုတ္ဝာ ဘူတာ-
ပါတု ဘူတာတိ မဟာဘူတာ။

—ဝိဘာဝိနီဋီကာ

ယေ မဟာဘူတာ၊ အကြင် မဟာဘူတတို့သည်။ ဥပါဒိန္နာ နုပါဒိန္န သန္တာနေသု၊ သက်ရှိသန္တာန်, သက်မဲ့သန္တာန်တို့၌။ သ သမ္ဘာရဓာတုဝသေန၊ အဆောက်အအုံ၏ အစွမ်းအားဖြင့်။ မဟန္တာ၊ကြီးကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဘူတာပါတု ဘူတာ၊ ထင်ရှားဖြစ်ကုန်၏။ ဣတိတသ္မာ၊ထို့ကြောင့်။တေ မဟာဘူတာ၊ ထိုမဟာဘုတ်တို့သည်။ မဟာဘူတာ၊ မဟာဘူတမည်ကုန်၏။

ရုပ်ငယ် နှစ်ဆယ့်လေးပါး

ဤမဟာဘူတ ခေါ်သော ရုပ်ကြီးများသည် တပါးသော ရုပ်ငယ်တို့၏ အမှီခံရုပ်ကြီးများဖြစ်ကြသည်။ ဤရုပ်ကြီးများရှိမှ သာလျှင် ရုပ်ငယ်များဖြစ်ပေါ်နိုင်သည်။ မရှိလျှင် ရုပ်ငယ်များ သုဉ်းဆိတ်၍ နေကြရ၏။ သုညတ အနတ္တသဘောပေတည်း။

ဥပါဒိယတိ နိဿယတိတိ ဥပါဒါယ ရူပံ။

—ဝိဘာဝိနီဋီကာ

ဥပါဒိယတိ နိဿယတိ၊မဟာဘုတ်ခေတ်ကြီးများကို မှီ၍ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပါဒါယ ရူပံ၊ ဥပါဒါယ ရုပ်မည်၏။

နှစ်ဆယ့်လေးပါးသော ရုပ်ငယ်များသည် မိမိတို့၏ အတ္တသတ္တိ ဗျာပါရ သတ္တိ အားအစွမ်း ရှိနိုင်ကြသည် မဟုတ်၊ မဟာဘုတ်ခေတ်ကြီးများကို အမှီပြုရမှသာလျှင် ဖြစ်လာနိုင်ကြသည်။ ဥပါဒါန် တရားများကဲ့သို့ ဥပါဒါန်ရုပ်ဟု မခေါ်အပ်သည်ကို လည်း သတိပြုပါ။ အတ္တာသတ္တိ မရှိပုံကိုသာ ဆိုသည်။

ပရမတ္ထလေးပါးကို အနုစိတ်၍ပြခြင်း ပြီး၏။

ဥပဒါနကဏ္ဍနှင့်ပါးပါးကို ပြဆိုခြင်း

ပရမတ္ထ တရားလေးပါးတို့၌ ပြအပ်သော ရုပ်နာမ်နှစ်ပါးဟူသော အမည်ကို ရသော စိတ်, စေတသိက်, ရုပ်ဟု ဆိုအပ်သော ဓမ္မာရုံ ဖြစ်သော ပရမတ္ထ တရားကိုသာလျှင် ဥပဒါနကဏ္ဍနှင့် ပါးပါးဖွဲ့အပ်၏။ ပဋိစ္စသမုပ္ပါဒ်တရားလည်း မည်၏။ သစ္စာဖွဲ့၍ ဟောတော်မူ၏။

ဝိညာဏဋ္ဌိတိ, ဝိညာဏစရိယ, ပကတိ ပရိသုဒ္ဓဖြစ်သော စိတ် ဝိညာဏ်ကို ဥပဒါနကဏ္ဍနှင့်ဖွဲ့၍ မဟောအပ်။ ထိုဝိညာဏဋ္ဌိတိ စသော ဝိညာဏ်တို့သည်ကား ...အမှုကိစ္စဟူသမျှကို ပြီးစေနိုင်၏။ အဘယ်သို့ ပြီးစေနိုင်သနည်း ဟူမူကား....ဓမ္မာပဒ ပါဠိတော်နှင့် သံယုတ်ပါဠိတော်ကြီးများတွင် "မနောပုဗ္ဗင်္ဂမာဓမ္မာ" ဟူ၍ဟော တော်မူ၏။

ဓမ္မာ၊ ပရမတ္ထ ဓမ္မာရုံဖြစ်သော စိတ်, စေတသိက်, ရုပ်တရားတို့ သည်။ မနောပုဗ္ဗင်္ဂမာ၊ မနုမည်သော ဝိညာဏစရိယ စိတ်ဝိညာဏ် သည်သာ ရှေ့သွားခေါင်းဆောင် ဖြစ်၏။ ထိုစကားကို ရှင်းပြဦးအံ့။

ဝိညာဏစရိယ

၁။ မနဉပိယေသု ရူပေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

၂။ မနဉပိယေသု သဒ္ဒေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

၃။ မနဉပိယေသု ဂန္ဓေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

၄။ မနဉပိယေသု ရသေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

၅။ မနဉပိယေသု ဖောဋ္ဌဗ္ဗေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

၆။ မနဉပိယေသု ဓမ္မေသု ရာဂဿ ဇဝနတ္ထာယ
အာဝဇ္ဇန ကိရိယာ ဗျာကတာ ဝိညာဏစရိယာ။

—ပဋိသမ္ဘိဒါမဂ်ပါဠိတော်

မနဉပိယေသု၊ စိတ်နှလုံးကို ပွားစေတတ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ ရာဂဿ၊ ရာဂ၏။ ဇဝနတ္ထာယ၊ ဖြစ်ခြင်းအကျိုးငှါ။ အာဝဇ္ဇန ကိရိယာ ဗျာကတာ၊ နှလုံးသွင်းဆင်ခြင်မှု အာဝဇ္ဇန်း ဟုဆိုအပ်သော ကိရိယာ အဗျာကတစိတ်ဝိညာဏ်သည်။ ဝိညာဏစရိယာ၊ ဝိညာဏစရိယမည်၏။

သဒ္ဒေသု၊ သဒ္ဒါရုံတို့၌။ ဂန္ဓေသု၊ ဂန္ဓာရုံတို့၌။ ရသေသု၊ ရသာရုံတို့၌။ ဖောဋ္ဌဗ္ဗေသု၊ ဖောဋ္ဌဗ္ဗာရုံတို့၌။ ဓမ္မေသု၊ အတိတ်ဓမ္မာရုံတို့၌။ ဤမျှသာ ထူးသည်၊ အကြွင်းမှာ အလုံးစုံတူ၏။

ကိလေသာဟူ၍ မြူးမျှမရှိ

ဤကဲ့သို့ဟောတော်မူသည့်အတိုင်း ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့၌ ရာဂဖြစ်လိုလတ်သည်ရှိသော် ကိရိယာ အဗျာကတ ဖြစ်သော ဝိညာဏစရိယ ဝိညာဏ်သည် အာရုံခြောက်ပါးတို့၌ ရှေ့ သွားခေါင်းဆောင်ကြီးသဖွယ် သူ၏ သတ္တိ သူ၏ဗျာပါရစွမ်းအားဖြင့် အာရုံခြောက်ပါးကို မြင်သိ, ကြားသိ, နံသိ, လျက်သိ, ထိသိ, အတိတ်ဓမ္မာရုံသိဟူသော ဝိညာဉ်တ အသိခြောက်ပါးတို့ကိုသာလျှင်၊ ဝါ၊ အသိခြောက်မျိုးတို့ကို သိရုံမျှသာလျှင်သိ၍ ရှေ့. ကိုဘာဘာညာညာ ဝေဒနာ သုံးသပ်ခြင်း မပြုတော့ဘဲ ပရမတ္ထစည်းမျဉ်းအရ ရပ်တန့်၍သာ နေ၏။ ထိုရပ်တန့်၍နေစဉ် အခါနှစ်အတွင်းမှာ ကိလေသာဟူ၍ မြူမျှမရှိ မတ်ပါလေ။

ဤသို့သော် ရာဂဖြစ်ဖွယ်ရန်အလို့ငှါ တံခါးဖွင့်ပေးသကဲ့သို့ ရာဂ, ဒေါသ, မောဟ, ဒိဋ္ဌိ, ဝိစိကိစ္ဆာစသော အကုသိုလ်တရား တို့သည် ဥပါဒါန်အားလျော်စွာ ဖြစ်ပေါ်၍လာကြကုန်၏။ ထို ဖြစ်ပေါ်၍ လာကြသော အကုသိုလ်တရားတို့ကို အဉာဏစရိယ ဟုခေါ်သည်။

နွားပိုင်ရှင် နှင့် ခြံတံခါး

ထိုအဉာဏစရိယတရားတို့သည် ခြံတွင်းက နွားသတ္တဝါတွေ နှင့် သန္ဓာန်တူသည်။ ထိုနွားတို့သည် ပတ်ဝန်းကျင် ကာရံ၍ တံခါးပေါက်ကို ခိုင်လုံသော သော့ဖြင့်ခတ်၍ ခြံအတွင်းမှာ လှောင်ထားဘိ သကဲ့သို့ နွားပိုင်ရှင်က နွားတွေကို စားကျက်သို့ လွှတ်ရန် တံခါးကိုဖွင့်ပေးမှသာ အပြင်စားကျက်သို့ ထွက်ကြရ၏။ ဥပမာ, ဥပမေယျနှစ်ပါး မှတ်သားရမည်မှာ-နွားတွေနှင့်

ကား-ရာဂ, ဒေါသ, မောဟ စသော အာကုသိုလ်ဘဆုးတို့ နှင့် တူသည်။တံခါးဖွင့်ပေးသော နွားပိုင်ရှင်နှင့်ကား ဝိညာဏစရိယ နှင့် တူသည်ဟုမှတ်ပါလေ။

ထို့ကြောင့် နွားသတ္တဝါတို့၏ အပြင်ထွက်၍ စားကျက်သို့ သွားရန်မှာ တံခါးဖွင့်ပေးသော ပိုင်ရှင်သာ ပဓာနဖြစ်၏၊ ရှေ့ သွားခေါင်းဆောင်ဖြစ်၏။ ထို့ကြောင့်-

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊မနောသေဋ္ဌာ မနောမယာ"

ဟု ဟောတော်မူသည်။

ဓမ္မာ၊ ပဋိစ္စသမုပ္ပါဒ် ဓမ္မာရုံတရားတို့သည်။ မနောပုဗ္ဗင်္ဂမာ၊ မနမည်သော ဝိညာဏစရိယသာ ရှေ့သွားဖြစ်၏။မနောသေဋ္ဌာ၊ ဝိညာဏစရိယသည်သာလျှင်မြတ်၏။ မနောမယာ၊ဝိညာဏစရိယ သည်သာလျှင် ကိစ္စပြီးအောင် ဆောင်ရွက်နိုင်၏။

ဓမ္မာရုံ စိတ်,ဧစေတသိက် တရားတို့သည် ဗျာပါရမရှိ၊ အဗျာပါရတရားတို့သာ ဖြစ်ကြကုန်၏။ ဝိညာဏစရိယ တရားသည်ကား.... အမှုကိစ္စအလုံးစုံကို ပြီးစီးအောင် ဆောင်ရွက်နိုင်၏။ ဗျာပါရရှိသော ဝိညာဏ်ဖြစ်၏။သတ္တဋ္ဌာန ဘုံကိုးဝတ္ထုင် အထည်ဖြဗ် ဥပ်ဒ်, ဋ္ဌိ,ဘင်နှင့်တကွ ဖြစ်၏။ သမ္မာသတ္တာ, သမ္မာဇီဝ ဟူ ဧခါနိုင်၏၊မိစ္ဆာမဖြစ်။

ဤသံသရာလောက

ဤသံသရာ လောကဟု ဆိုအပ်သော နယ်ကြီးသည် ပဋိစ္စသမုပ္ပါဒ် ဓမ္မာရုံနယ်ကြီးပေတည်း။နိဗ္ဗာန်ကို အပစ္စယဓမ္မာရုံဟုမှတ်။ စိတ်, ဧစေတသိက်, ရုပ်ဟူသော ဥပါဒါနကွန်ရောင်းပါးတို့သည် သပစ္စယ ဓမ္မာရုံ ဟုမှတ်လေ။

ဤသပစ္စယ ဓမ္မာရုံတို့သည် လောကသံသရာခေါ်သော ပဋိစ္စသမုပ္ပါဒ်, ပဋိစ္စသမုပ္ပန္န ဟူသော သံသရာစက်ကြီး၏ အတွင်းမှာသာ လည်ရှုဖြစ်၏။အတွက်ဟဒိဋ္ဌ အယူကို စွဲယူကြသော အန္ဓပုထုဇဉ်တို့သည် ထိုသံသရာစက်ကြီးအတွင်း၌ အကောင်းဆုံး အမှန်မြင်ဆုံးဟု မိမိတို့ထင်မြင်ယူဆသည့်အတိုင်း အမျိုးမျိုးအဖုံဖုံသော ပါသဏ္ဍအကျင့်တို့ကို ကျင့်ကြကုန်၏။ ထိုအကျင့်အယူတို့ဖြင့် အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝအကြောင်းဟေတုကို လက်ကိုင်ပြု၍ သုခချမ်းသာကို ရှာကြကုန်၏။

ပုထုဇဉ်တွေ့ မပျင်းရအောင်

အကြောင်းဟေတု ငါးပါးတို့ကလည်း အန္ဓပုထုဇဉ်တွေ့ကို မပျင်း မရိရအောင် ခန္ဓာအိမ်တခုဟောင်းလျှင် အသစ်အသစ်သော ခန္ဓာအိမ်တို့ကို ဆောက်လုပ်၍ပေးကြသည်။ပေးဆိုသော်လည်း အိမ်ပုံစံချင်း တပုံထဲထား၍ ပုံစံတူဆောက်လုပ်ပေးသည်မဟုတ်၊အန္ဓပုထုဇဉ်တို့တောင့်တသည့် အတိုင်း ရာခိုင်နှုန်း အပြည့်ဆောက်ပေးကြ၏။ အပါယ်ခန္ဓာအိမ်ဆိုလျှင်လည်း၊ အချို့ကို အငယ်ဆုံးမြှုပ်ကလေ မျှ ဆောက်လုပ်ပေး၍၊အကြီးဆုံး တယူဇနာ၊ နှစ်ယူဇနာကအစ ယူဇနာတရာ,နှစ်ရာ,သုံးရာတိုင်အောင် ဆောက်လုပ်ပေးကြ၏၊ခြေနှစ်ချောင်းအလိုရှိသောသူကို ခြေနှစ်ချောင်းသာဖြစ်စေ၏၊ ခြေလေးချောင်းအလိုရှိသောသူကို ခြေလေးချောင်းဖြစ်စေ၏၊ ခြေမပါလက်မပါတာကို နှစ်ခြိုက်သော သူအား လုံးကိုလည်း စိတ်တိုင်းကျဆောက်လုပ်ပေး၏။ ဤကား အောက်ဘန်းစားဘဝ၌မွေ့လျော်သူတို့၏ ခန္ဓာအိမ်အမျိုးမျိုးစီဆောက်ပုံကို ဉာဏ်ကုန် လှတ်၍ မြင်နိုင်ကြပါစေသတည်း။

လေသာပြူတင်း နှင့် ရှုမျှော်ခင်း

သုဂတိခန္ဓာအိမ်ကို အလိုရှိကြသော သူတို့ကလည်း အောက်တန်းစား မိလ္လာသိမ်းကအစ သုသာန်စောင့် စက္ကာလ, သူတောင်းစား, အနှူး, အရှဲ့, အမဲ့, အကာဏ်း, ခြေပြတ်, လက်ပြတ်မှစ၍ လူကောင်း, ဘုရားတကာ, ရာဇာ, မင်းမျိုး, တန်ခိုးရှိန်ဝါသိရ်သမ္ဘာမောက်, ထိန်တောက်လျှံဝင်း, ပဒေသရာဇ်နှင့်ကေရာဇ်, စကြာနရိန္ဒမန္ဓာတ်, ဘူမတ်ဘူမိန်, ဒေဝိန် သိကြား, သုဂတိဘုံသားအစားစားတို့ကို ငါးပါးသော ခန္ဓာအိမ်တို့ဖြင့် စီမံချယ်လှယ်၍ တံခါးခြောက်ပေါက်တည်းဟူသော လေသာပြူတင်းက ရှုမျှော်ခင်း အမျိုးမျိုးတို့ကို ခံစား စံစားနိုင်အောင် မျက်စိ မှက်အာကြည်ကို တပ်ဆင်ပေးခြင်း၊ သဒ္ဒါရုံအမျိုးမျိုးတွေကို ခံစားနိုင်အောင် နားအကြည်ပသာဒမှက်ကို တပ်ဆင်ပေးခြင်း၊ ဂန္ဓာရုံအမျိုးမျိုးတွေကို ခံစာနိုင်အောင် နှာခေါင်း အကြည်ပသာဒမှက်ကို တပ်ဆင်ပေးခြင်း၊ ရသာရုံအမျိုးမျိုးတွေကို ခံစားနိုင်အောင် လျှာအကြည်ပသာဒမှက်ကို တပ်ဆင်ပေးခြင်း၊ အထိ, အတွေ့အမျိုးမျိုးတွေ့ ခံစါးနိုင်အောင် ကာယ အကြည်ပသာဒမှက်ကို တပ်ဆင်ပေးခြင်း၊လွန်ပြီးသော အတိတ်ဓမ္မာရုံအမျိုးမျိုးတွေကို ခံစားနိုင်အောင် မနော အကြည်ပသာဒမှက်ကို တပ်ဆင်ပေးခြင်းဖြင့် ဝေဒယိတသုခချမ်းသာကို မြိန်မြိန်ကြီးခံစားကြ၏၊ ခြောက်ခုသော တံခါးမှ ခြောက်ပါးသော အာရုံတို့သည် သူဝင်ငါထွက် အလဲအလှယ် ဖြည့်စွမ်းကြကုန်၏။

သုခတလှည့် ဒုက္ခတလှည့်

ဝေဒယိတ ဆိုသည်ကား—သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ တို့ကို

"ဝေဒယိတ"ဆိုသည်။ ဤဝေဒယိတသုခကို ခံစားနေချိန်မှာ အမှန်အမြတ် ချမ်းသာဟု ထင်မှတ်ကြပါသော်လည်း ဝေဒယိတသည် အနှစ်အသားမရှိသော အနတ္တမျိုးဖြစ်သောကြောင့် လျှပ်စစ်သဖယ် ရေမြုပ်နှယ်သို့ ပျက်လှယ်ပြိုလှယ် ပျက်ပြိုလှယ်သော ပဋိစ္စသမုပ္ပါဒ်, သမုပ္ပန္နမျိုး ဖြစ်သောကြောင့် ဥပဒ္ဒဟိ, ဖြစ်လာ၏၊ နိရုဇ္ဈတိ, ချုပ်သွား၏၊ ဤကဲ့သို့ ဖြစ်ချုပ်သဘောနှင့်သာ ဝေဒယိတ သုခကို ပေးနိုင်သောကြောင့် ခံစားသော ဥပါဒါန်မနောဝိညာဏ်သည် မိမိလိုသလောက် မခံစားရ၍ လက်ရှိဝေဒယိတ သုခကို စွန့်လွှတ်ပြီး ဝေဒယိတ ဒုက္ခဘက်သို့ ပြောင်းလဲခံစားရပြန်၏၊ ယင်းသဘောကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ "ယံပိစ္ဆံ နလဘတိ, တမ္ပိဒုက္ခံ"ဟု ဟောတော်မူသည်။ (ယံပိစ္ဆံ၊ အကြင်အလိုရှိအပ်သော ဝေဒယိတသုခကို။နလဘတိ၊မရ။ တမ္ပိ၊ ထိုမရခြင်းသည်လည်း။ ဒုက္ခံ၊ဆင်းရဲ၏။) ထို့ကြောင့် ဝေဒယိတ ဒုက္ခကို ခံစားရသည်ဟု ဆိုလိုသည်။

ခန္ဓာအိမ်ဆောက်ရုင်း မီးလောင်ရင်း

ဤကဲ့သို့ ဝေဒယိဟဒုက္ခကို ခံစားရသော အချိန်ကစ၍ မျက်ရည် မစဲတော့ဘဲ ဥပါယာသ စသော တဆယ် တပါးသော မီးတို့သည် အကြောင်းဟေတု ငါးပါးတို့ ဆောက်လုပ်ပေးသော ခန္ဓာအိမ်ကို မီးတိုက်ကြလေကုန်၏။ ထိုခန္ဓာအိမ် မီးလောင်၍ ကျွမ်းသွားသောအခါ ဘဝသစ် တခုတွင် အိမ်သစ်တလုံးကို အကြောင်းဟေတုတို့က ဆောက်လုပ်ပေးကြပြန်လေသည်။ ဤကဲ့သို့ ဘဝတိုင်း ဘဝတိုင်း ဆောက်လုပ်နေထိုင်ခဲ့ကြသော အိမ်တို့သည် မီးလောင်ပြာကျ၍ အသစ်အသစ်သာ လဲလှယ်ခဲ့ရသော ခန္ဓာအိမ်တို့သည်ကား....ဂဏန်းချ၍ မရတော့ပေ။

ဤကဲ့သို့ အပါယ်လေးဘုံနှင့် သုဂတိခုနစ်ဘုံ ပေါင်းသော် ကာမတဆယ် တဘုံဖြစ်၏။ ထိုကာမတဆယ် တဘုံသည် ကိလေသာ၏ ဒဏ်ရာဒဏ်ချက်ကို မခံနိုင်ကြသဖြင့် အချို့ပုဂ္ဂိုလ်တို့သည် ကိုလေသာ အကြမ်းစားမရှိသော ဗြဟ္မာမျိုးသို့ ပြောင်းရွှေ့၍ ငါးပါးသော ခန္ဓာအိမ်၊ လေးပါးသောခန္ဓာအိမ်၊ တပါးသော ခန္ဓာအိမ်တို့ကို စိတ်တိုင်းကျ နေသာထိုင်သာ ရှိအောင် ဆောက်လုပ်ပြန်၏။ သို့သော်လည်း အနုစား ကိလေသာက နှိပ်စက်ပြန်သဖြင့် မီးလောင်၍ ဘဝသစ်တခု ဖြောင်းရွှေ့ရပြန်၏။ ထို့ကြောင့် အထက်ဗြဟ္မာနှစ်ဆယ်နှင့် အောက်ကာမ တဆယ် တဘုံတို့သည် မသိမသာ လောင်တာနှင့် သိသိသာသာ လောင်တာသာလျှင် ကွာခြားကြလေသည်။

ဥပါဒါနကွန်ခွေးကို ပြဆိုခဲ့ပြီး၏။

လောကသံသရာကိုပြဆိုခြင်း

လောက သံသရာ ဟူသော လောကကြီး ဖြစ်ပေါ်လာပုံ၊ လောကသံသရာကြီး ငြိမ်းသွားပုံကို မြတ်စွာဘုရားသည် သင်္ဂါယတနဝဂ္ဂသံယုတ် ပါဠိတော်၌ ဟောကြားတော်မူ၏။

လောကဿ ဘိက္ခဝေ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေဿာမိ၊ တံ သုဏာထ။ စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ အယံ ခေါ ဘိက္ခဝေ လောကဿ သမုဒယော။

—သင်္ဂါယတနဝဂ္ဂသံယုတ်

ဘိက္ခဝေ၊ ရဟန်းတို့။ လောကဿ၊ လောက၏။ သမုဒယဉ္စ၊ ဖြစ်ပေါ်ခြင်းကိုဌင်း။အတ္ထင်္ဂမဉ္စ၊ချုပ်ခြင်းကိုဌင်း။ဒေသေဿာမိ၊ ဟောပြပေအံ့။

စက္ခုဉ္စ၊ မျက်စိကိုဌင်း။ ရူပေစ၊ အဆင်းကိုဌင်း။ ပဋိစ္စ၊စဲ့၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။ တိဏ္ဏံ၊ စက္ခု အဆင်း, စက္ခုဝိညာဏ် သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ခံစားမှုဝေဒနာသည်။ သမ္ဘဝတိ၊ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသောအကြောင်းကြောင့်။ တဏှာ၊တပ်မက်မှုတဏှာသည်။ သမ္ဘဝတိ၊ ၏။တဏှာ

ပစ္စယာ၊ ဘဏ္ဍာဟာရသော အကြောင်းကြောင့်။ ဥပါဒါနံ၊စွဲလမ်း မှုဥပါဒါန်သည်။ သမ္ဘဝတိ၊ ၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန် ဟာရသောအကြောင်းကြောင့်။ ဘဝေါ၊ဘဝသည်။သမ္ဘဝတိ၊၏။ ဘဝပစ္စယာ၊ဘဝဟာရသော အကြောင်းကြောင့်။ ဇာတိ၊ ဇာတိ နှစ်မျိုးသည်။ သမ္ဘဝတိ၊ ၏။ ဇာတိပစ္စယာ၊ဇာတိဟာရသောအ ကြောင်းကြောင့်။ ဇရာ မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါ မနဿုပါယာသာ၊ အိုမှုဇရာ, သေမှု မရဏ, စိုးရိမ်မှု သောက, ငိုကြေးမှု ပရိဒေဝ, ကိုယ်ဆင်းရဲမှု ဒုက္ခ, စိတ်ဆင်းရဲမှုဒေါမနဿ, ပြင်းစွဲသောပင်ပန်းမှု ဥပါယာသ တရားတို့သည်။သမ္ဘဝတိ၊ဖြစ်ပေါ် လာကြကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။အယံခေါ၊ဤသို့ဖြစ်ပေါ်ခြင်းသည်ကား။ လောကဿ၊ လောက၏။ သမုဒယော၊ ဖြစ်ပေါ်ခြင်းပေတည်း။

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတ ဝိညာဏံ။ပ။

ဃာနဉ္စ ပဋိစ္စ ဂန္ဓေ စ ဥပ္ပဇ္ဇတိ ဃာန ဝိညာဏံ။ ပ။

ဇိဝှဉ္စ ပဋိစ္စ ရသေ စ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံ။ ပ။

ကာယဉ္စပဋိစ္စဖောဋ္ဌဗ္ဗေ စ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ။ ပ။

မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ ပ။

အမှာ။ ။ဤပါဠိများကို အထက်က စက္ခုနှင့် အတူဆို၊ အနက်လှယ်ပြီ။

စက္ခုလောက, သောတ လောက, ဃာနလောက,ဇိဝှါ လောက,ကာယလောက မနောလောက, ဟူသော ခြောက်ပါး သော လောကတို့သည်ဥပါဒါနကွန်ရောင်းပါးခြင်း အနွယ်ပုထုဇဉ်တို့၏ အကြိုက်ကို ဖန်ဆင်း၍ ထားကြကုန်၏။ ဤ လောက သမုဒယ ပဋိစ္စသမုပ္ပါဒ်ခြင်း စက္ခုကစ၍ ဟောတော်မူသော်လည်း၊ အဝိဇ္ဇာ သင်္ခါရ အစရှိသော တရားတို့သည် သဘောအားဖြင့် ပါဝင်ကြ

သည် သာဒတည်းဟု မြတ်စွာဘုရားသည် အာသျင်အာနန္ဒာအား ဟောကြားတော်မူလေသည်။

ထို့ကြောင့် အကြောင်းနှင့်အကျိုးကိုသာ ဆက်၍ပြုပေအံ့။

အဝိဇ္ဇာ နှင့် တဏှာအခဲ့ကိုပြခြင်း

နိုင်ငံလေသဖြစ်သော ဝိညဏစရိယ, ဉာဏစရိယ, ဝိညာဏံ အနန္တံ, ပဘာသရံဟု ဆိုအပ်သော ပရမတ္ထ ဝိညာဏ်နှင့်တကွ ဘူတရုပ်ကြီးလေးပါးကို ချုန်လှပ်၍၊ ထိုပရမတ္ထတို့ကို မှီ၍ဖြစ်သော စိတ်, စေတသိက် တရားတို့သည် ဓမ္မာရုံ နာမ်တရားတို့မည်ကုန်၏။ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ထဲသို့ ပါဝင်ကြကုန်၏။

ဘူတရုပ်ကြီးလေးပါးကို မှီ၍ဖြစ်သော နှစ်ဆယ့်လေးပါးသော ဓမ္မာရုံရုပ်ငယ်တို့သည်လည်း ပဋ္ဌိစ္စသမုပ္ပါဒ် စက်ထဲသို့ ပါဝင်ကြကုန်၏။ ထိုပဋ္ဌိစ္စ သမုပ္ပါဒ် စက်ကြီးသည် ရှေ့ပိုင်းတွင် အဝိဇ္ဇာကစ၏။နောက်ပိုင်းတွင် တဏှာကစ၏။ထို့ပဋ္ဌိစ္စသမုပ္ပါဒ် စက်ကြီးသည် အင်္ဂါအားဖြင့် တဆယ့်နှစ်ပါးရှိ၏။

တဆယ့်နှစ်ပါးဟူသည်ကား-

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ, နာမရူပ သဠာယတန, ဖဿ, ဝေဒနာ၊ ဤခုနစ်ပါးကို ရှေ့ပိုင်း အဝိဇ္ဇာမူလဟု ဆိုသည်။

တဏှာ, ဥပါဒါန, ဘဝ, ဇာတိ, ဇရာ မရဏ၊ ဤငါးပါးကို နောက်ပိုင်း တဏှာ မူလဟု ဆိုလိုသည်။

ဤကဲ့သို့ မူလနှစ်ပါးအရင်းတည်၍ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ကြီးသည် အဆက်မပြတ် လည်၍နေသည်ကို သံသရာဟူ၍ခေါ်၏၊ လောကဟုခေါ်၏။

လောကသံသရာကို ဖြဆိုခဲ့ကြီး ပြီး၏။

အဝိဇ္ဇာကို ပြဆိုခြင်း

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူတော အခါ ရဟန်းတပါးသည် မြတ်စွာဘုရားကို လျှောက်ထား၏။

"အဝိဇ္ဇာ အဝိဇ္ဇာတိ ဘန္တေ ဝုစ္စတိ၊ ကတမာ နု ခေါ ဘန္တေ အဝိဇ္ဇာ၊ ကိတ္တာဝတာ နု အဝိဇ္ဇာဂတော ဟောတီ" တိ။

ဘန္တေ၊ မြတ်စွာဘုရား။ အဝိဇ္ဇာ အဝိဇ္ဇာတိ၊ အဝိဇ္ဇာအဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။ ဘန္တေ၊ မြတ်စွာဘုရား။ ကတမာ၊ အာဘယ် သဘောတရားသည်။ အဝိဇ္ဇာနု ခေါ၊ အဝိဇ္ဇာမည်ပါသနည်း။ ကိတ္တာဝတာစ၊ အာဘယ်မည်သော သဘောဖြင့်လည်း။ အဝိဇ္ဇာဂတော၊ အဝိဇ္ဇာသို့ရောက်သော သူသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ကုတိဘော် ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ နှားတော်လျှောက်၏။

ဤသို့ လျှောက်ထား ပြီးသော အခါ မြတ်စွာဘုရားသည် အဝိဇ္ဇာသို့ ရောက်သော သူ အဝိဇ္ဇာရှိသော သူကို ဤဆိုလတ္တံ့ သော စကားတို့ဖြင့် မိန့်တော်မူ၏။

ဇုဓ ဘိက္ခု အာသုတဝါ ပုထုဇ္ဇနော ရူပံ နပ္ပဇာနာတိ၊ ရူပသမုဒယံ နပ္ပဇာနာတိ၊ ရူပ နိရောဓံ နပ္ပဇာနာတိ၊ ရူပနိရောဓ ဂါမိနိ• ပဋိပဒံ နပ္ပဇာနာတိ။

ဘိက္ခု၊ အဝိဇ္ဇာကိုသိလိုရေးနှင့်မေးလျှောက်လာတဲ့ချစ်သား ရဟန်း။ ဇုဓ၊ကျွိလောကဥ္စ်။ အာသုတဝါ၊ အကြား အမြင် မရှိသော။ပုထုဇ္ဇနော၊အနွှပုထုဇဉ်သည်။ ရူပံ၊ဓမ္မာရုံဖြစ်သောအာရုံရုပ်ကို။ နပ္ပဇာန်ာတိ၊ဝေဖန်ပိုင်းခြား၍မသိ။ ရူပသမုဒယံ၊ အာရုံရုပ်ဖြစ်ပေါ်ခြင်းကို။ နပ္ပဇာနာတိ၊ မသိ။ရူပနိရောဓံ၊ အာရုံရုပ်နိရောဓ ဓမ္မ ဖြစ်၍ ချုပ်ခြင်းကို။ နပ္ပဇာန်ာတိ၊ မသိ။ရူပနိရောဓ ဂါမိနိ• ပဋိပဒံ၊ အာရုံရုပ်ချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ နပ္ပဇာနာတိ၊ မသိ။

"ချစ်သား ရဟန်း ရုပ်ကိုလည်း မသိ၊ ရုပ်ဖြစ်ကြောင်းကိုလည်းမသိ၊ ရုပ်ချုပ်၍ နိရောဓဓမ္မ ဖြစ်သည်ကိုလည်းမသိ၊ ရုပ်ချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင်အကျင့်မြတ်ကိုလည်းမသိ၊ ဤသို့ မသိခြင်းသည် အဝိဇ္ဇာရှိသော သူဟုဆိုအပ်၏"ဟု ဟောတော်မူလေသည်။

ကျန်သော နာမက္ခန္ဓာလေးပါးကိုလည်း "ချစ်သားရဟန်း ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်းမသိ၊ ဤလေးပါးဖြစ်ကြောင်းကိုလည်းမသိ၊ ဤလေးပါး နိရောဓဓမ္မဖြစ်ခြင်းကိုလည်းမသိ၊ ဤလေးပါးချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိစသော မဂ္ဂင် အကျင့်မြတ်ကိုလည်း မသိ၊ ဤသို့ ဓမ္မာရုံခန္ဓာတို့ကို လေးပါးသော ဉာဏစရိယဉာဏ်တို့ဖြင့်ပိုင်းခြား

၍ မသိခြင်းသည် အဝိဇ္ဇာရှိသော သူ အဝိဇ္ဇာသို့ ရောက်သော သူ ဟုဆိုအပ်၏''ဟုမိန့်တော်မူလေသည်။

အမှာ။ ။"ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ''အစ ရှိသော ပါဠိတော်သည်လည်း အဝိဇ္ဇာပင်မည်၏။

အဝိဇ္ဇာကို ပြဆိုသောအခန်း ပြီး၏။

သဒ်္ဓါရကို ပြဆိုခြင်း

နံ ပဏ္ဍိတာ ဥပဓိသုခဿ ဟေတု
ဒါနာနိ ဒဒန္တိ ပုနပ္ပဥ္စ ဝါယ၊
သီလာနိ ရက္ခန္တိ၊ဘျာနာနိ ဘာဝေန္တိ။

—မဟာနိဒ္ဒေသပါဠိတော်

နပဏ္ဍိတာ၊ပညာမဲ့ကင်း ဉာဏ်ဖျင်းဉာဏ်နုပ် ဉာဏ်တဆုပ်သော ရှိသော အနုပုထုဇ္ဇဉ်တို့သည်။ဥပဓိသုခဿဲ၊ ကာမချမ်းသာ, ခန္ဓာချမ်းသာ, ကိလေသာချမ်းသာ, အဘိသင်္ခါရချမ်းသာဟု ဆိုအပ်သော ဥပဓိချမ်းသာ၏။ ဟေတု၊ အကြောင်းကို ငဲ့ကွက်သည် ဖြစ်၍။ပုနပ္ပဥ္စ ဝါယ၊ ဘဝတဖန် အတန်တန် ပဋိသန္ဓေနေစေခြင်းအကျိုးငှာ။ဒါနာနိ၊ ဥပဓိသုခချမ်းသာကို ညှတ်သောအလှူဒါနတို့ကို။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ သီလာနိ၊ သီလတို့ကို။ ရက္ခန္တိ၊ စောင့်ကြကုန်၏။ ဘျာနာနိ၊ သမထဘာဝနာတို့ကို။ ဘာဝေန္တိ၊ပွားများကြကုန်၏။

နောင် ဘဝသစ်၌ ငါးပါးအာရုံ ကာမဂုဏ်တို့ကို တောင့်တ၍ မြုပ်နှံသော ဒါန,သီလ,ဘာဝနာတို့ကိုသာလျှင် (ကာမုပဓို= ကာမ+ဥပဓို)ဆိုသည်။

နောင်ဘဝသစ်၌ လောဘ, ဒေါသ, မောဟတည်းဟူသော ပူပန်စေတတ်သော ကိလေသာ ဇာရးတို့နှင့် ပြည့်စုံ၍ လာခြင်းကို(ကိလေသုပဓိ–ကိလေသာ+ဥပဓိ) ဆိုသည်။

နောင်ဘဝသစ်၌ ဥပါဒါနက္ခန္ဓာ ငါးပါးနှင့် ပြည့်စုံစေခြင်းကို(ခန္ဓုပဓိ=ခန္ဓာ+ဥပဓိ)ဆိုသည်။

နောင်ဘဝသစ်၌ အဘိသင်္ခတ, သင်္ခါရဖြစ်သော အိုခြင်း, နာခြင်း, သေခြင်းစသော တရားတို့နှင့် ပြည့်စုံခြင်းသည် (အဘိသင်္ခါရုပဓိ=အဘိသင်္ခါရ+ဥပဓိ)ဆိုသည်

ကထိကအမျိုးမျိုး

ဤ ဥပဓိခန္ဓာငါးပါးကို ပဋိသန္ဓေဒါမက်ပါဋိတော်၌ သလ္လတော၊ စူးဝင်ယော မြားနှင့် တူ၏ ဟူ၍ဖွင့်။
ဂဏ္ဍတော၊အိုင်းအမာ အနာနှင့် တူ၏ ဟူ၍ဖွင့်။
အာဗာဓတော၊ကိုးဆယ် ခြောက်ဖြာ အနာနှင့် တူ၏ ဟူ၍ဖွင့်။
ဝဓကတော၊သူသတ်ယောကျ်ားနှင့် တူ၏ဟူ၍ဖွင့်။
မရဏ ဓမ္မတော၊ဓသတတ်သောသဘောတရားဟူ၍ဖွင့်။
အမျိုးမျိုးသော နိရုတ္တိနည်းတို့ဖြင့် ဟောတော်မူလေသည်။

ဤကဲ့သို့ ဟောတော်မူသည်ကို ဓမ္မာနုဓမ္မ ပဋိပန္နဂုဏ်နှင့် ပြည့်စုံတော်မူကြသော ဓမ္မကထိက ပုဂ္ဂိုလ်တို့သည် ဤကဲ့သို့ ပြုလျှင် ဥပဓိလေးပါးနှင့် လွတ်မည်၊ ဤကဲ့သို့ပြုလျှင် ဥပဓိလေးပါး၌ ကျရောက်မည်ဟု အမှန်အတိုင်းသာ ဟောတော်မူကြကုန်၏။အမှန်အတိုင်းမဟောဘဲ အမှားကို ဟောခဲ့ပါလျှင် သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲနေသော(ဝဓက ကထိက)ဟူ၍ဖွင့်။ သတ္တဝါတို့ကိုရာဂရှိုး, ဒေါသရှိုး, မောဟရှိုးဖြစ်အောင် ပို့ဆောင်

နေသော(ဥမ္မတ္တက ကထိက)ဟူ၍ဂုဏ်း ခေါ်ဆိုရလိမ့်မည်။ ဤကဲ့သို့ ခေါ်ဆိုရလျှင် ဘုရားရှင် ပေးတော်မူသော(ကထိက)မဟုတ်၊ အနက်အဓိပ္ပါယ်ကို ငဲ့၍သော်ဂုဏ်း၊ သို့မဟုတ် တရားတော်၏ အနဲက်အဓိပ္ပါယ်ကို မသိ၍သော်ဂုဏ်း(ဗဟုဇ္ဈ ကထိက)သာလျှင် ဖြစ်သင့်သည် ဟူ၍မှတ်။

ဘုရားရှင် ခွင့်ပေးတော်မူသော ဓမ္မကထိကသည်ကား....
ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ဓမ္မကထိကဝဂ်၌-

ရူပဿ, ဝေဒနာယ, သညာယ, သင်္ခါရာနံ,
ဝိညာဏဿ စေ ဘိက္ခု နိဗ္ဗိဒါယ
ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊
"ဓမ္မကထိကော ဘိက္ခု" တိ အလံ ဝစနာယ။

မြန်မာပြန်။ ။ရဟန်းရုပ်ကို, ဝေဒနာကို, သညာကို, သင်္ခါရတို့ကို, ဝိညာဏ်ကို ငြီးငွေ့ရန်၊ စွဲမက်မှုကင်းရန်၊ ချုပ်စေရန် တရားတော်ကို ဟောခဲ့မူ "ဓမ္မကထိက" ဟုန်းဟု ဆိုထိုက်၏။

မြတ်စွာဘုရားသည် ဤကဲ့သို့တိကျပြတ်သားစွာ ဟောတော်မူသောကြောင့် ဒါန, သီလ, ရူပဈာန်, အရူပဈာန် သမာဓိတရားပုညာဘိ သင်္ခါရ, အာနဉ္ဇာဘိ သင်္ခါရတို့ကို သာသနာတွင်းတရားဖြစ်အောင် ဟောပြောရန်မှာ မလွယ်ကူလှပေ။ အဘယ်ကြောင့်နည်းဆိုသော်-

စိတ်မချရသော တိဟိတ်

မဟာကုသိုလ် ဉာဏသမ္ပယုတ် တိဟိတ်ပင် ဖြစ်လင့်ကစား မဟဂ္ဂုတ်ကုသိုလ်စွမ်းတိဟိတ်ပင်လျှင် ဒေဒဝိလ, ဥဒက, အာဠာရ စျာန်ရ ပုဂ္ဂိုလ်ကြီးများသော်မှ ဒိဋ္ဌ, ဝိစိကိစ္ဆာ တည်းဟူသော အနုသယ အမြင်ကို မဖျက်ဆီးနိုင်ကြသဖြင့် တိဟိတ်ပင်

ဆိုရပြေးသော်လည်း စိတ်မချရသော တိဟိတ်တို့ပင် ဖြစ်သည်။ အနာဂတ်၌ ဒုဂ္ဂတိအဟိတ်ပင် ဖြစ်လိမ့်အုံးမည်။ ထို့ကြောင့် "ဘဝဂ္ဂန္ဓံပို့သမ့္ဘတ္တာ၊ပုန အာယန္တိဒုဂ္ဂတိ" ဟုဟောတော်မူသော ဒေသနာကို ထောက်က အထက်ဘဝ်မှသေ၍လည်း အောက် ဒုဂ္ဂတိဘဝသို့ ရောက်နိုင်သောကြောင့်တည်း။

ဒိဋ္ဌ,ဝိစိကိစ္ဆာ အနုသယနှစ်ပါး ချုပ်ငြိမ်းမှသာလျှင် လော ကုတ္တရာကုသိုလ်, ဉာဏသမ့ယုတ်, တိဟိတ်ဖြစ်၍ "ပြုလေသမျှ။ ဗိဝဋ္ဋ၊ မှတ်ကြသောတာပန်" ဟု ဆိုရမည်။ထို ဒိဋ္ဌ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ, သံယောဇဉ်သုံးပါး ချုပ်ငြိမ်းပြီးသော ပုဂ္ဂိုလ်သည် မြေပေါ်မြေအောက် အိမ်တွင်းအိမ်ပြင်မှစ၍သက်ရှိ သက်မဲ့တို့ကိုပြောင်တလင်းခါအောင် "အနဲာထပိဏ်" သူဌေးကဲ့ သို့လှူကြ, ဒါန်းကြ, ကျွေးကြ, မွေးကြသော်လည်း ဝဋ္ဋမြစ်ပြတ် သော အလှူဒါန, သီလ, သမထတို့ ဖြစ်ကြလေသောကြောင့် သန္ဓိဋ္ဌိက, အကာလိကနှင့်ကိုက်ညီအောင် လှူတော်မူကြလေကုန်။

သခ်ါရကို ပြဆိုခက်းပြီး၏။

ဝိညာဏ်ကို ပြဆိုခြင်း

ဝိညာဏ်ဟူသည်ကား....စက္ခုဝိညာဏ်, သောတ ဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်၊ ဤ ခြောက်ပါးသော ဝိညာဏ်ကို ဝိညာဏုပါဒါနက္ခန္ဓာ ဆို သည်။ ယင်းဝိညာဏ်ဆည်မိစ္ဆာဓမ္မာရုံဝိညာဏ်ဖြစ်သောကြောင့် သင်္ခါရကြောင့်ဖြစ်သော ပဋိစ္စ သမုပ္ပါဒ်ဝိညာဏ်ဖြစ်လေသည်။ ဝိညာဏဇဋိတီ ဝိညာဏ်နှင့် အသံ သဒ္ဒါ အကွရာ တခုတည်းကဲ့သို့ တူနေသောကြောင့်ဗကကြဟ္မာနှင့် သားတိရဟန်းတို့သည်ဝိညာဏ် တခုတည်းဟူ မှတ်ကြလေသည်။ ဧကတ္ထနည်းနှင့် နာနတ္ထနည်းကို မသိသောကြောင့် တခုတည်းမှတ်၍ မြတ်စွာဘုရားကို ငြင်းဆိုကြ လေသည်။ထိုဝိညာဏ်သည် ဝိညာဏဇဋိတိမည်သော စိတ်ဝိညာဏ် ကိုစွဲ၍ဖြစ်သော မိစ္ဆာဓမ္မာရုံ ဝိညာဏ်ဖြစ်၏။ အဝိဇ္ဇာ, တဏှာ, ကံ, နာမရူပ ဟူသော အကြောင်းပစ္စယမှ ပေါက်ဖွားသော ဝိညာဏ် ဖြစ်၏။

ဝိညာဏံ အတ္တာတော သမနုပဿတိ။

ဤဝိညာဏ်ကို အထည်ခြဗ်, ဥပါဒိ, ဦ, ဘင်ရှိသည်ဟုထင်၍ အတ္တာဟူ ရှုကြလေသည်။ ထင်ရှားအောင်ပြဦးအံ့။

၁။ ဝိညာဏဌိတိဝိညာဏ်, အတည်ဖြစ်ညပါဒ်,ဋ္ဌ,ဘင်ရှိ၏။
၂။ ညပါဒါန်ဝိညာဏ်,အထည်ဖြစ်,ညပါဒ်ဋ္ဌ,ဘင်မရှိ။
ထို့နှစ်ပါးတို့တွင် ၂-နံပါတ်ဝိညာဏ်ကိုသာလျှင် အနွယ်ပုထုဇဉ်တို့ သိနိုင်သည်။

၁-နံပါတ်ဝိညာဏ်သည်ကား....အနွှာပုတုဇဉ်တို့မသိနိုင်၊ အကယ်ကြောင့် မသိနိုင်သနည်း ဟူမူကာ....သတ္တဋ္ဌာန ဘုံကိုးဝတ္ထုင် ဝိညာဏဌိတိ ခုနှစ်ပါးနှင့်တကွ မပျောက်ကောင်း မပျက်ကောင်း အကြွင်းမဲ့ချုပ်ငြိမ်း၍ မသွားကောင်းသောကြောင့် မြတ်သောဉတ္တမ ပရမတ္ထ ဝိညာဏ်ဖြစ်လေသည်။

ယင်း ဉာဏ်မ ပရမတ္ထ ဝိညာဏ်သည် အပစ္စယ အကြောင်းကင်းသော ဝိညာဏ်ဖြစ်၏၊အပဟာတဗ္ဗ ဝိညာဏ်တည်း။ပရိညေယျ ဉာဏ်ဖြင့် ပိုင်းခြား၍ကား သိကောင်း၏။ သာဝကတို့သည် အဘိုးညေယျဉာဏ်ဖြင့် ထိုးထွင်း သိမြင်းခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် အနွယ်ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မိစ္ဆာဒမ္မာရုံ ဝိညာဏ်ကို အထည်ဖြစ်,ညပါဒ်,ဋ္ဌ,ဘင်ရှိသော ဝိညာဏ်မှတ်၍—

ဝိညာဏံ အတ္တာတာ သမနုပဿာတိ,ဟု ရှုကြလေသည်။
ဝိညာဏံ၊ ဓပ္ပဝရုံဝိညာဏ်ကို။အတ္တာတာ၊ အထည်ဖြစ်,ညပါဒ်,ဋ္ဌ,ဘင်ရှိသော ဝိညာဏ်မှတ်၍။သမနုပဿတိ၊ရှုကြ၏။

ဤကဲ့သို့အထင်မှား၍ ရှုလျှင် မိစ္ဆာဒိဋ္ဌ, သက္ကယဒိဋ္ဌ, အတ္တဒိဋ္ဌ,အတ္တဝါဒုပါဒါန် ဖြစ်မည် မလွဲတည်း။ဤကဲ့သို့ မရှုဘဲ မိစ္ဆာဓမ္မာရုံ အနတ္တဝိညာဏ်ကို အနတ္တအတိုင်းထား၍ရှင်း၊အထည်ဖြစ်ညပါဒ်,ဋ္ဌ,ဘင်းရှိသော ဝိညာဏ်ကို သူ့အတိုင်းတိုင်း။ထား၍ရှင်း၊ ရှုလျှင် သက္ကာယဒိဋ္ဌ,အတ္တဒိဋ္ဌ ပြုတ်လေပြီ ဟူ၍မှတ်။အထည်ဖြစ်

ရှိသော ဝိညာဏ်သည် အကြောင်းဟိတ် မရှိသောကြောင့် အတ္တ သတ္တိ,ဗျာပါရသင်္ကိရှိလေသည်။ အတ္တဟု ယူသော်လည်း မိစ္ဆာ မဖြစ်၊သမ္မာ အတ္တဖြစ်၏။ ဗျာပါရ သတ္တိနှင့် အတ္တသတ္တိသည် အသံသဒ္ဒါအက္ခရာ ပုဒ်ဗျည်းမတူသော်လည်း နိရုတ္တိပဋိသမ္ဘိဒါ အနေသာခြားနားသည်၊အတ္ထ ပဋိသမ္ဘိဒါ သဘောမှာ တထပ် တည်း တသားတည်းဟု မှတ်ယူရမည်။

ဝိညာဏ်ကို ပြဆိုသော အခန်းပြီး၏။

နာမ်ရပ်နှစ်ပါးကို ပြဆိုခြင်း

နာမ်ဆိုသည်ကား....ဓမ္မာရုံ ပရမတ္ထာဖြစ်သော ဥပါဒါရုံစိတ် ဝိညာဏ်နှင့် စေတသိက် ဒွေပညာသသည် နဲ့ာမ်တရားမျည်၏။ ဝိညာဏဒိဋ္ဌိနှင့် ဝိညာဏစရိယ ဝိညာဏ်တို့သည် နာမ်ဟူသော အမည်ကို မရကြကုန်။ အဘယ်ကြောင့်မရသနည်း။ ထို့ဝိညာဏ ဒဋ္ဌိတိဝိညာဏ်သည်ဒိဋ္ဌိ,ဝိစိကိစ္ဆာတို့နှင့် မယှဉ်၊ကိလေသာမရှိသော နိက္ကိလေသ ဝိညာဏ်မျိုး ဖြစ်သောကြောင့်ထည်း။

ရုပ်ဆိုသည်ကား....ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော အာရုံငါးပါးတို့သည် ပရမတ္ထဓမ္မာရုံဖြစ်သော ရုပ်တို့သာတည်း။ ပစ္စုပ္ပန်ခဏဋ္ဌသာ ဖြစ်၏။ အတိတ်,အနာဂတ် ဋ္ဌ မဖြစ်။

ရှင်းလင်းဦးအံ့။ ။နောက်နောက်ရက်တွေက မြင်,ကြား,နံ လျက်, ထိတွေ့ခဲ့သော ပစ္စုပ္ပန် ပရမတ္ထရုပ်တို့သည် တဖြည်းဖြည်း ပျက်၍ပျက်၍သွားကြသဖြင့် အတိတ်ဖြစ်ခဲ့လေပြီ၊ ထိုမြင်,ကြား ခဲ့သော အတိတ်ရုပ်တွေကို သတိရတိုင်း ပြန်၍ အောက်မေ့ သောအခါ ဓမ္မာရုံဟုခေါ်သည်။ ဓမ္မာရုံပင်ဖြစ်သော်လည်း ပရမတ္ထနှင့် အာရုံပေါင်း၍ ပရမတ္ထဓမ္မာရုံဟု ခေါ်သည်။ အနာ

ဂတ်ဌိလည်း တွေးတောကြံဆသော အာရုံငါးပါးတို့ဘည်လည်း ဓမ္မာရုံသာဖြစ်၏၊ မနောဝိညာဏ်၏ကြံဆခြင်းပေတည်း။ ထိုဓမ္မာရုံတို့သည်လည်း ပရမတ္ထန့ဉ် အာရုံဖေါင်း၍ ပရမတ္ထဓမ္မာရုံဟု ဖေါ်ရပြန်သည်။ လွန်ခဲ့သော ပရမတ္ထဓမ္မာရုံန့ဉ် မရောက်သေးသောပရမတ္ထဓမ္မာရုံတို့သည် မနောဝိညာဏ်၏ အာရုံပြုရတို့ပေတည်း။ ဓမ္မာရုံတရားတို့သည် ဥပါဒ်, ဌိ, ဘင် မရှိ၊ ဤအချက်၌ ဝိပဿနာဉာဏ် ထက်သန်ဘို့ အလွန်အရေးကြီးသည်။ ရေးထားသောစာကို ဘတ်၍ သူတပါးကို ပြောပြနိုင်သော်လည်း ဥပါဒ်, ဌိ, ဘင်မရှိသည်ကို ဉာဏစရိယဖြင့် တကယ့်မြင် တကယ်သိပါမှ ပဋိဝေဓအစစ်ဖြစ်သည်။ အပြောမှန်၍ သဘောဉာဏ်မရောက်က ပဋိဝေဓမဆိုက်၊ ပဋိဝေဓမဆိုက်လျှင် "သာမံပဿီတဗ္ဗော၊ ကိုယ်တိုင် မြင်အပ်၏ ဆိုသော ဘုရားစကားနှင့် ဆန့်ကျင်လိမ့်မည်။ ကိုယ်တိုင်ဆိုသည်မှာ အထည် ဒြဗ် သတ္တိဗျာပါရရှိသော လောကုတ္တရာ ဉာဏစရိယ ဝိညာဏ်ကို ဆိုသည်ဟုမှတ်ပါလေ။

ပစ္စုပ္ပန်ဖြစ်သော ဒိဋ္ဌ, သုတ, မုတရုပ်တို့သည် ဘူတရုပ်များကို မှီရမှ ဖြစ်နိုင်ကြလေသည်။ ထိုဘူတရုပ်ကြီး လေးပါးနှင့် ဝိညာဏ်ဌိတိ ဝိညာဏ်တို့သည် တခါတရံတွဲ၍ဖြစ်ကြ၏။ တခါတရံ မတွဲဘဲဖြစ်ကြသည်။ အဘယ်သို့ဖြစ်သနည်း၊ ပဋ္ဌဝေါကာရနှစ်ဆယ့်ခြောက်ဘုံမှာ ဖြစ်သောအခါ တွဲ၍ဖြစ်ကြ၏။ အသညသတ်ဘုံနှင့် အရူပလေးဘုံတွင် ဖြစ်တောအခါ မတွဲဘဲဖြစ်ကြသည်။ တွဲလျှင် ဥပါဒ်, ဌိ, ဘင် ရှိ၏။ မတွဲလျှင် မရှိ။

ဆောင်ပုဒ်

ဝိညာဏ ဌိတိ မှတ်လေဘိ ခုနစ်သွယ်မြဲကြတယ်။
ပေါ်, ရင့်, ပျက် ခဏငယ်၊-ရှိတယ်လို့ မှတ်သား။

သည်နှင့် အရှုဘုံမှာ၊ တူမစုံ နတ်ထီလို့ထား။။

ဤ ဝိညာဏဌိတိဝိဥာဏ်သည် အလွန်အလွန်သိရှိနိုင်ခဲသော ဝိညာဏ်ဖြစ်သောကြောင့် အတိဂမ္ဘီရတ္ထဖြစ်၏။။ ထို့ကြောင့် မစ္ဆိမပဏ္ဍာသ ပါဠိတော်တွင်=

ဂမ္ဘီရော, ဒုဒ္ဒသော, ဒုရနုဗောဓော။
နက်နဲ၏။။ မြင်နိုင်ခဲ၏။။ သိနိုင်ခဲ၏ဟု ဟောတော်မူသည်။။

နာမ်ရုပ်နှစ်ပါးကို ပြဆိုခြင်း ပြီး၏။။

ဆ အာယတနကို ပြဆိုခြင်း

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဟူသော ခြောက် ပါးသောဓမ္မာရုံဘရားတို့ကို အာယတနဟူ၍၎င်း၊ ဒွါရဟူ၍၎င်း၊ ဝတ္ထုဟူ၍၎င်း၊ ဂူဇြေဟူ၍၎င်း အရာဌာနအား လျော်စွာဟော တော်မူ၏။

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ယင်းငါးပါးကို ပဿာဒ ဟူ၍ ဟောတော်မူ၏။

ခြောက်ပါးသော အာယတနတို့တွင် မနမည်သော မနော ဒွါရသည် ကမ္မဇ ဟဒယဝတ္ထုရုပ်မည်၏။ဤမနမည်သောမနော ကိုရုပ်ဟုခေါ်ခြင်းမှာ ခေါ်နိုင်သောအကြောင်းရင်းကိုပြဦးအံ့။ ပဋ္ဌာန်းပါဠိတော်တွင် ပုရေဇာတပစ္စည်း၌ အာရမ္မဏပုရေဇာတ, ဝတ္ထုပုရေဇာတ, ဝတ္ထာရမ္မဏပုရေဇာတဟူ၍ သုံးပါးအပြားရှိသည်။ပစ္စပ္ပန်၌ဖြစ်သော နိပ္ပန္နရုပ်တဆယ် ရှစ်ပါးသည် အာရမ္မဏာ ပုရေဇာတပစ္စည်း ဖြစ်သည်။ ပစ္စယုပ္ပန်တရားမှာ ကာမစိတ် ငါးဆယ် လေးပါး၊ အာဘိညာဉ်နှစ်ပါး၊အပ္ပမညာကြဉ်သောစေ စာသိက်ငါးဆယ်၊ဤတရားစုသည်ပစ္စယုပ္ပန် တရားမျှားဖြစ်သည်။

ဤအာရမ္မက ပုရေဇာတသည် ခန္ဓာငါးပါး ပြည့်စုံသော ပဉ္စဝေါကာရ နှစ်ဆယ်.ခြောက်ဘုံ၌သာ ပစ္စည်း, ပစ္စယုပ္ပန် ဆက်လို့ရသည်။ ကျန်အရူပနှင့် အသညသတ်ဘုံတို့မှာ ဤပစ္စည်းမျိုး မရပေ။

ပစ္စည်းဆက်ပုံ။ ။စက္ခု, ရူပါရုံ, စက္ခုဝိညာဏ် ဤသင်္ဃတိ တရား သုံးပါးတို့တွင် စက္ခုဝိညာဏ်စိတ်သည် စက္ခုနှင့်ရူပါရုံကို စဲမှီ၍ ဖြစ်ပေါ်ရသည်။မှီရာမရှိလျှင် စက္ခုဝိညာဏ်သည် သူည, တုစ္ဆ, နိဏ္ဍာခ ဓမ္မ အနေဖြင့် နေရသည်၊ဤသူည တုစ္ဆ,နိဏ္ဍာခ ဓမ္မ ဖြစ်သော စက္ခုဝိညာဏ်သည် ရူပါရုံက ကျေးဇူးပြုသဖြင့် ပေါ်လာရ၏၊ ထို့ကြောင့် ရူပါရုံက အာရုံလဲဖြစ်သောကြောင့် အာရမ္မက ပစ္စည်း၊စက္ခုဝိညာဏ်စိတ်က ပစ္စယုပ္ပန်ဟု ခေါ်တည်။

အဘယ်ကြောင့် ဤရူပါရုံကို ပုရေဇာတဟုခေါ်နိုင်သနည်း? စက္ခုဒွါရဓိထိဋ္ဌ စက္ခုဝိညာဏ်စိတ် မဖြစ်ပေါ်မီ ရှေးဦးစွာသော အတိတဘဝင်နှင့် ပြိုင်၍ ရူပါရုံဖြစ်ပေါ်လာ၏၊ထို့ရူပါရုံကို စက္ခုဝိညာဏ်စိတ်က အာရုံပြုသည်။ စက္ခုဝိညာဏ်၏ အာရုံအပြုကို ခံရသောကြောင့် အာရမ္မက ခေါ်သည်၊ ရှေးဦးစွာ ဖြစ်နေသောကြောင့် ပုရေဇာတ ခေါ်သည်၊ ပေါင်းခေါ်လျှင် "အာရမ္မက ပုရေဇာတ" ခေါ်သည်။

ရူပါရုံရှိနေတိုင်းလည်း စက္ခုဝိညာဏ်မဖြစ်နိုင်၊စက္ခုဝတ္ထုရုပ်လည်းရှိပါမှ စက္ခုဝိညာဏ်စိတ်ဖြစ်နိုင်သည်။စက္ခုဝတ္ထု ရုပ်ကလဲ ရှေးဦးစွာဖြစ်နှင့်နေသောကြောင့်ဌင်း၊ဝတ္ထုလဲဖြစ် ရှေးကလဲဖြစ်နှင့်နေသောကြောင့်ဌင်း "ဝတ္ထုပုရေဇာတ" ဟုခေါ်ပြန်သည်။

ထို့ကြောင့် စက္ခုဝိညာဏ်စိတ်ဖြစ်ရခြင်းမှာဝတ္ထုပုရေဇာတ နှင့်အာရမ္မကပုရေဇာတ နှစ်ပါးရှိမှ စက္ခုဝိညာဏ်ဖြစ်နိုင်သည်ဟု

မှတ်ပါ၊ ဤအကြောင်းနှစ်ပါး မရှိလျှင် စကျွဝိညာဏ်စိတ်သည် တုစ္ဆ, သူည, ရိတ္တ, အနေဖြင့် နေရ၏၊ ဤကဲ့သို့ နေတာကို သိလျှင် ဉာဏစရိယ မဂ်ဉာဏ်ဟု မှတ်။

ဝတ္ထုဆုရာမှာလည်း ဟဒယဝတ္ထုရုပကုပင်ယူရမည်။ထုဟဒယဝတ္ထုရုပ်သည် မနုလည်း မည်၏၊ ထို့ကြောင့် ဝတ္ထုလဲဖြစ်၊ အာရုံပြုရာလဲဖြစ်၊ ဒွၚ်ကလဲ ဖြစ်နှင့်နေသောကြောင့် သုံးပါးပေါင်းသော် ဝတ္ထု,အာရုံ,ပုရေဇာတကို "ဝတ္ထာရမ္မဏပုရေဇာတ"ဟုခေါ်သည်။

ထို့ကြောင့် ဤ ပဋ္ဌာန်းပစ္စည်းဆက်ပုံကို သိရသဖြင့် ကမ္မဇဟဒယာဝတ္ထုရုပ်မည်သော မနသည် နာမ်တရားမဟုတ်၊ရုပ်တရားဖြစ်သည်ဟုမှတ်ပါလေ။

ဆ အာယတနကို ပြဆိုခက်းဖြီး၏။

ဖဿကို ပြဆိုခြင်း

ဖဿသည် ဓမ္မာရုံ နာမ်ဇာရား ဖြစ်သည်။ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိစသော သူ၏ ဓမ္မာရုံ အပေါင်းအသင်းတွေကို လက်ခံ၍ အမှားလမ်းသို့ ရောက်အောင် ပို့ဆောင်ပေးနေသော ဖဿဖြစ်သည်။ ဖဿသည် ဓားပြဗိုလ်ကြီးနှင့်တူသည်၊ ဓားပြဗိုလ်သည် မိမိ၏ လက်အောက်ငယ်သားတို့အား တိုက်ပုံတိုက်နည်း သင်ကြားပေးသကဲ့သို့ မှတ်။

စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကို မြင်သောအခါ ဉာဏစရိယဖြစ်သော ဝိညာဏ်ကို ပိတ်ဆို့၍ အဉာဏစရိယဖြစ်သော ဝိညာဏ်တို့ကိုသာ ရူပါရုံကို ခံစားခွင့်ပြုလေသည်။

အထင်မားပံ

ထိုသို့ခံစားခွင့်ပြုသောအခါ သူ၏ ဘက်တော်သားတွေသည် ရူပါရုံကို ရူပါရုံမှန်း မသိဘဲ "ပိယ ရူပံ သာတရူပံ" ချစ်ဘွယ် မင်ဘွယ် သာယာဘွယ်ဟု ဥပါဒါန်လေးချက်နှင့် အစဲမှားပြီး လင်းလပ်ကို ရေထင်၍ ရေသောက်ရန် သွားသော သမင်မိုက်ကဲ့သို့ဎင်း၊ ရေကန်၏အတွင်းဝယ် ရေသောက်ရန်ဆင်းသော မြေ

ခွေးသည် ကမ်းစပ်သို့အရောက်တွင် ရေထဲက မိမိအရိပ်ကိုတပါး သော မြေခွေးမှတ်၍ ရေထဲတွင် ခုန်ဆင်းပြီး ရန်သူကို ဒေါသ ကြီးစွာနှင့် မတွေ့လျှင်မနေတွေ့အောင်ရှာမဟဲ့လို့ ရေနက်တွင် လိုက်၍ရှာရင်းက ရေမွန်းပြီးသေရသော မြေခွေးမိုက်ကဲ့သို့ရင်း၊ ပရုမတ္ထကို စွဲ၍ဖြစ်သော အရိပ်ကိုအထင်မှားခြင်းသည် ဖဿ၏ သဘောတရားဖြစ်၏။

ဤကဲ့သို့ ဖဿဖြစ်သည်ရှိသော် နောက်ပါကွင်းဆက်ဝေဒနာ တဏှာ,ဥပါဒါန်ဖြစ်သော ပဋိစ္စသမုပ္ပါဒ်ဘရားတို့သည် ဖဿဖြစ် နေသမျှ ကာလပတ်လုံး လျှပ်တပြက် အချိန်ကာလ အတွင်းမှာ ပင် အသိန်း,အသန်းမက သံသရာစက် လည်၍နေပေလိမ့်မည်။

သံသရာစက် ရပ်ရန်မှာ

ဤစက်ရဟတ် မလည်ဘို့ရန်မှာ အာနတ်လွတ်ကြာ ရှေးဦးစွာ ထင်မြင်ဘို့ အရေးကြီးလေသည်။ ထိုဖဿသည် စက္ခုနှင့်တွေ့ သော ဖဿ,သောတနှင့် တွေ့သော ဖဿ, ဃာနနှင့်တွေ့သော ဖဿ, ဇိဝှါနှင့် တွေ့သော ဖဿ, ကာယနှင့် တွေ့သော ဖဿ, မနောနှင့်တွေ့သောဖဿဟူ၍ ခြောက်ပါးရှိ၏၊ယင်းသို့လျှင် ဤ ခန္ဓာ၌ မိစ္ဆာအမှားလမ်းသို့ ရောက်ရန်မှာ ဖဿခြောက်မျိုးရှိသည့် အတွက် တခုစီ လဲလှယ်၍ မရပ်မနားဘဲ ဓုန်းပြေး၍သာ နေ လေတော့သည်။ (ဓုန်းမှာ—"ဓာဝတိ"ဟူသော ပဒတ္ထကို ရည် ရွယ်သည်။)ဖဿ မဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ်စက် ရပ်တော့၏။ဤ စက်ရပ်ပုံကို မဟာနိဒ္ဒေသ ပါဠိတော်၌—

၁။ ရူပေ ဝိဘူတေ ဖဿော နော ဟောတိ၊

၂။ သဒ္ဒေ ဝိဘူတေ ဖဿော နော ဟောတိ၊

၃။ ဂန္ဓေ ဝိဘူတေ ဖဿော နာ ဟောတိ၊
၄။ ရသေ ဝိဘူတေ ဖဿော နာ ဟောတိ၊
၅။ ဖောဋ္ဌဗ္ဗေ ဝိဘူတေ ဖဿော နာ ဟုတိ၊
၆။ ဓမ္မေ ဝိဘူတေ ဖဿော နာ ဟောတိ၊

ရူပေ။ ရူပါရုံ၌။ ဝိဘူတေ၊ အနိစ္စ, ဒုက္ခ, အနတ္တ ဟု ထင်သည် ရှိသော်။ ဖဿော။ဖဿသည်။ နာ ဟောတိ၊ မဖြစ်။

စက္ခုသုံအဓိတ္တာနဝါ၊ အတ္တာနိယေနဝါ
ရူပါသုံ
စက္ခုစိညာဏံသုံ
တို့ကိုသတိထား၊ အကျိုးရှုမဟုတ်
အတ္တာသုံ၊ အတ္တာနိယ သုံမဟုတ်ပါ။
(ကျန်ပါဠိများ အနက်အတူတူ)

လက္ခဏာ တပါးပါး ထင်မြင်ရန် အရေးကြီး၏၊ တပါးပါး ထင်မြင်လျှင် ဖဿ မဖြစ်ဟု မှတ်ရမည်။

ဖဿကို ပြဆိုခြင်း ပြီး၏။

ဝေဒနာကို ပြဆိုခြင်း

ဝေဒနာ ဟူသည်ကား.... နိဗ္ဗတ္တိလက္ခဏာ ရှိသော ဝေဒနာတပါး၊ ဥပ္ပါဒါ,ပဝတ္တမမ္မာရုံ ပဋိစ္ဆသမုပ္ပါဒ်၌ ဟောတော်မူသော ဝေဒနာတပါး၊ ဤသို့ နှစ်ပါးပြား၊သည်။

ဝေဒနာ ဘိက္ခဝေ အဇာနတာ အပဿတာ
ယထာဘူတံ ဝေဒနာသု ယထာဘူတံ ဉာဏာယ
သတ္ထာ ပရိယေသိ တဗ္ဗော။

—နိဒါနဝဂ္ဂသံယုတ်

ဘိုက္ခဝေ၊ ချစ်သားရဟန်းတို့။ ဝေဒနာ၊ဝေဒနာကို။ယထာဘူတ်၊ ဟုတ်မှန်သည့်အတိုင်း၊ အဇာနတာ၊ မသိခြင်းကြောင့်။ အပဿတာ၊ မမြင်ခြင်းကြောင့်။ ဝေဒနာသု၊ ဝေဒနာတို့၌။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဉာဏာယ၊ သိသော။ သတ္ထာ၊ ဆရာကို။ပရိယေသိ တဗ္ဗော၊ ကြိုးစားရှာဖွေအပ်၏။

ဤကဲ့သို့ ဟောတော်မူသည့်အတိုင်း ဝေဒနာကို သိသော ဆရာမြတ် သပ္ပုရိသသံသေဝ ဆရာကို ရှာမှီးရမည်ဟု တိုက်တွန်းတော်မူလေသည်။ ထို့ကြောင့် ဝေဒနာသည် တမျိုးတည်း မဟုတ်၊ နှစ်မျိုးနှစ်စား ရှိသည်ဟု မှတ်ရမည်။ ထိုနှစ်မျိုးသော

ဝေဒနာတို့တွင် ဥပါဒ်, ဋ္ဌိ, ဘင် ရှိသော နိဗ္ဗတ္တိလက္ခဏာ, ဝိပရိဏာမ လက္ခဏာဟု ဆိုအပ်သော ပရမတ္ထ ဝေဒနာတပါးနှင့် ခဏမမှ, ဝယမမှ, နိရောဓ ဓမ္မဖြစ်သော ဓမ္မဗျာရုံ ဝေဒနာတပါး၊ ပေါင်း နှစ်ပါး မှတ်။

မပယ်အပ်နှင့် ပယ်အပ်

နိဗ္ဗတ္တိ လက္ခဏာရှိသောဝေဒနာကို ပရိညေယျအားဖြင့် ပိုင်းခြား၍ သိရုံသာသိရာ၏၊ မပယ်အပ်၊ အပဟာတဗ္ဗတရားတည်း။ ခဏ ဝယ, နိရောဓ ဓမ္မဖြစ်သော ဝေဒနာကိုကား-ဘာဝနာဉာဏ်ဖြင့် ပယ်ရမည်၊ ပဋိစ္စသမုပ္ပပါဒ်စက်ထဲတွင်ပါဝင်သော ပဟာတဗ္ဗ ဝေဒနာ ဟူ၍မှတ်။

ဝေဒနာနှင့် ယခုခေတ် ယောဂီ

ယခုခေတ်အခါ၌ တရားအားထုတ်ကြသော သူတို့သည် ယောဘုယျအားဖြင့် ဝေဒနာကို လိုက်၍ရှုကြသူတို့သည် အလွန်များပြား၏။ ဝေဒနုပါဒါန်ကွန္ဓာ ဝေဒနာနှင့် နိဗ္ဗတ္တိ လက္ခဏာနှင့် ဝိပရိဏာမ လက္ခဏာရှိသော ဝေဒနာနှစ်ပါးကို သိဘို့ရာ အလွန့်အလွန် တွေ့ဝေကြသည်။ စာရေးသူသည် ပင်လျှင် ဝေဒနာသံသရာ စက်ထဲမှာ တဝဲလည်လည်နှင့် ကျင်လည်ခဲ့ရဘူးသည်။

အဝိဇ္ဇာ, တဏှာ, ကံ, ဖသဟေကြာင့်ဖြစ်သော ဥပါဒါန်ဝေဒနာကို ဝေဒနုပါဒါနက္ခန္ဓာဖွဲ့၍ ဝေဒနာနုပဿနာ သတိပဋ္ဌာန်အနေဖြင့် ရှုဆင်ခြင်ရမည်ဟု မြတ်စွာဘုရားဟောတော်မူသည်ကို သတိမပြုမိကြသောကြောင့် ဝေဒနာဆိုလျှင် ပြီးရော့ဟု သတိပဋ္ဌာန မထားဘဲ ရှုလျှင် ချစ်တီးမှတ်၍ ဘိုးသူတော်ကို ပစ္စည်းအပ်မိသကဲ့သို့ဝင်း၊ ဝါဝါ အရောင်ချင်း တူဘာနှင့် သာမဏေကို ကျောင်းထိုင် ပင့်မိသကဲ့သို့ဝင်း ထို့အတူ ဝေဒနာကို အသံတူ

သဒ္ဒါတူ အကွရာတူ၍ ကေတ္ထဖြစ်သော်လည်း နာနတ္ထသဘောမှာ ဘုရားရှင်၏ မုခ်အနက်နှင့် မုခ်မဟုတ်သော အနက်နှစ်ပါး ကွာခြားသောကြောင့် မုခ်အနက်ကိုသာ မှတ်၍ ရှုရမည်။ နိဗ္ဗတ္တိလက္ခဏာရှိသော ပရမတ္ထဝေဒနာကို ရှုမိလျှင် သံဝဂဉာဏ်ရ၍ တဏှာ ကုန်ချင်ကုန်မည်၊ ဒိဋ္ဌိကတော့ ပြုတ်မည်မဟုတ်။ အဘယ်ကြောင့်နည်း၊ မပယ်အပ်သော ဝေဒနာ ဖြစ်သောကြောင့် ပေတည်း။

ပယ်အပ်သော ဝေဒနာကို မပယ်လျှင် သဿတဒိဋ္ဌိ ဖြစ်၏။ မပယ်အပ်သော ဝေဒနာကိုပယ်မိလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။ဝေဒနာဒွယ ဖြစ်ပုံကား ပဋိသန္ဓိဒါမက် ပါဠိတော်၌ ဟောတော်မူသည်။ ဥဒယဗ္ဗယဉာဏ် အဖွင့်ပြသောအခါ၌ ဆိုခဲ့ပြီးဖြစ်၏။

ဝေဒနာနုပဿနာ သတိပဋ္ဌာန် အလုပ်ကို လုပ်သောအခါ ဤဝေဒနာနှစ်ပါး ကွဲပြားခြားနားစွာ သိ၍ ပဉ္စမ ဝိပဿနာ အစစ် ဖြစ်နိုင်သည်၊ မသိဘဲနှင့် ရမ်းပဉ္စမလျှင် ပရမတ္ထနှင့် ဓမ္မာရုံတရား နှစ်ပါးသည် အတွင်းရုပ် အပြင်ရုပ်ဖြစ်၍—

"အန္တောဇဉ္စ ဗဟိဇဉ္စ၊ ဇဉ္စယ ဇဋ္ဌိတာ ပဇာ"

ဟု ဟောတော်မူသော ဒေသနာတော်အရ ရုပ်သည်ထက် ရုပ်, ထွေးသည်ထက်ထွေး၍ ပဟာဇဗ္ဗနှင့် အပွဟာတဗ္ဗတရား နှစ်ပါး မကွဲပြားဘဲ မိစ္ဆာအမှား သို့သာ ရောက်ရာ၏ဟု မှတ်လေ။

ဝေဒနာကို ပြဆိုခြင်းပြီး၏။

တဏှာကို ပြဆိုခြင်း

တဏှာဟူသည် တရားကိုယ်အားဖြင့် လောဘစေတသိက်ဟု ဆိုအပ်သော ဓမ္မာရုံ ပဋိစ္စသမုပ္ပါဒ်တရား ဖြစ်လေသည်။ ထိုတဏှာသည် အကျဉ်းအားဖြင့် ခြောက်ပါးအကျယ်အားဖြင့် တရာ့ရှစ်ပါး ဖြစ်၏။

တရာ့ရှစ်မြောက်ပုံးပုံ ဆောင်ပုဒ်

တဏှာသုံးတန်၊ အရင်းခံ၊
အာ၊ကာ၊သနဲ့နှင့် မြောက်။
တဏှာအစစ်၊ တရားစစ်၊
ဖြစ်၏လူမှာ ရောက်။

တဏှာသုံးတန် ဟူသည်ကား.... ကာမတဏှာ, ရူပတဏှာ, အရူပတဏှာ ဟူ၍ သုံးပါးဖြစ်၏။

"အာ" ဟူသည်ကား....အာရုံခြောက်ပါးတည်း။

"ကာ" ဟူသည်ကား....ကာလသုံးပါးတည်း။

"သန်" ဟူသည်ကား.... အတ္တတ္တ, ဗဟိဒ္ဓ သန္တာန်နှစ်ပါးတည်း။

မြောက်ပုံးပုံ

တဏှာသုံးပါးကို အာရုံခြောက်ပါးနှင့်မြောက်၊
၃ × ၆ = ၁၈၊ တဆယ့်ရှစ်ပါးရ၏။

ထို တဆယ့်ရှစ်ပါးကို ကာလသုံးပါးနှင့်မြှောက်၊
၁၀×၃ = ၃၄၊ ငါးဆယ့်လေးပါးရ၏။
ထို ငါးဆယ့်လေးပါးကို သန္တာန်နှစ်ပါးနှင့် မြှောက်၊
၅၄×၂ = ၁၀၈၊ တရာ့ရှစ်ပါးရ၏။

ဓမ္မတဏှာ

တရာ့ရှစ်ဖြာ ယင်းတဏှာတို့တွင် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော အာရုံငါးပါးတို့သည် ဓမ္မာရုံ ရုပ်တရား မည်၏။ စိတ်, စေတသိက် ဓမ္မာရုံတို့သည် နာမ်တရား မည်၏။ ထိုနာမ်, ရုပ် နှစ်ပါးကိုသာ ပဋိစ္စသမုပ္ပါဒ် ဖွဲ့အပ်၏။ ထိုပဋိစ္စသမုပ္ပါဒ် နိရောဓမြှောက်အား ဖြင့် ချုပ် ပြီး သည် ရှိ သော် အတိတ်ဓမ္မာရုံဟူ၍ ဖြစ်သွားလေသည်။ ထိုအတိတ်ဓမ္မာရုံ ကာမဂုဏ်တို့ကို ဥပါဒါန်ဖြင့် စွဲလမ်းပြန်သည်ရှိသော် ဓမ္မာရုံကိုစွဲသော အစွဲဖြစ်သောကြောင့် ဓမ္မတဏှာဟု ဟောတော်မူ၏။

ကာမ တဏှာ

တနည်း။ ။ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ကာမတဏှာသည် တဏှာ အာရုံ ကာမဂုဏ်တို့ကို စွဲလမ်းတတ်၏၊ နှစ်သက်တတ်၏၊ သာယာတတ်၏။ ထိုစွဲလမ်းတတ်, နှစ်သက်တတ်, သာယာတတ်သော တရားသည် သန်ဒိဋ္ဌကြောင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒ် ဝိညာဏ်ဖြစ်၏။ ဤကား ကာမတဏှာတည်း။

ဘဝ တဏှာ

ဘဝတဏှာဟူသည်ကား... အာယူဟန သဘောဖြင့် နောက်နောက်သော ဘဝ ဟခု ကို ရအောင် အားထုတ်သောတဏှာသည် ဘဝတဏှာ မည်၏။

ဝိဘင်္ဂတက္ကသိုလ်

ရူပစျာန် အရူပစျာန်တို့သည် ဝိဘင်္ဂတက္ကသိုလ် မည်၏။ ဥဒ္ဓစ္စဒိဋ္ဌိနှင့် ယှဉ်၏။

လောဘ ၂-ပါး

ထိုတက္ကသိုလ်ဟူသော သဒ္ဒါဝတာရ်း၏ တရားကိုယ်မှာ လောဘစေတသိက် ဓမ္မာရုံဖြစ်၏၊ လောဘသည်လည်း ဒိဋ္ဌိလောဘ, မာန လောဘဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အကုသလ လောဘမူလ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် လေးခုနှင့် ယှဉ်သော ဒိဋ္ဌိလောဘတပါး၊ အကုသလ လောဘမူလ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခုနှင့် ယှဉ်သော မာနလောဘတပါး၊ ဒိဋ္ဌိလောဘကို "ဒဿနသမ္ပယုတ်လို" ဟု သုတ္တန်ပါဘ်ပါဠိတော်ဋ္ဌကထာတော်မူသော ဒေသနာတော်အရ ဘုရားရှင်၏တရားတော်ကို ကြားနာရမှ ပဟာတဗ္ဗဖြစ်၍ ပယ်နိုင်လေသည်။

မာနလောဘကိုကား.....အရဟတ္တဖိုလ်ရောက်မှ ဘာဝနာဘာဝေတဗ္ဗတရားနှင့် ပယ်နိုင်၏၊ ယခုကာလ တောထွက်ခြင်း အိုမ်ယောင်မပြုဘဲနေခြင်း ခြိုးခြံ၍ ဝတ်ခြင်း, စားခြင်းတို့သည် "ဘာဝေတဗ္ဗ" မဟုတ်၊ အာရတီ, ဝိရတီမျှသာ ဖြစ်လေသည်။ အောက်မင်္ဂ သုံးပါးလုံး၏ သမ္မာဒိဋ္ဌိ ဘာဝနာသည် ထိုမာနလောဘကို အနုသယအမြစ်ပြုတ်အောင် မပယ်နိုင်သေး၊ အရဟတ္တမင်္ဂ သမ္မာဒိဋ္ဌိ ဘာဝနာဉာဏ်မှသာလျှင် အကြွင်းအကျန်မရှိ ပယ်နိုင်၏။

တနည်း။ ။ပဋိသမ္ဘိဒါမင်္ဂ ပါဠိတော် "ဓမ္မစက္ကပဝတ္တန" သုတ်၌ အကြင်သို့သော တက္ကသည် တဘန် ဘဝသစ်ကို

ထူထောင်တတ်၏။ ထိုတက္ကာသည် "ပေါနောဗ္ဘဝိကာ" တက္ကာမည်၏။

အကြင်သို့သောတက္ကာသည် ဝတ္ထုနှင့်အာရုံတွေ့ကြုံဆုံဆည်းသောအခါ တွေ့တိုင်း တွေ့တိုင်း အကြိမ်ကြိမ် အဘန်ဘန် သာယာနှစ်သက်တတ်၏။ ထိုတက္ကာသည် "နန္ဒိရာဂ" တက္ကာ မည်၏။

ထိုထိုအာရုံ အမျိုးမျိုးတို့၌ဌင်း၊ ထိုထိုဘဝတို့၌ဌင်း လွန်မင်းစွာ မခွဲရက် မခွာရက်ဘဲ နှစ်သက်မြတ်နိုးတတ်၏။ ထိုတက္ကာသည် "တတြတတြာဘိနန္ဒိနီ" တက္ကာမည်၏။

တက္ကာကို ပြဆိုခြင်း ပြီး၏။

ဥပါဒါန်ကို ပြဆိုခြင်း

ဥပါဒါန်ဟူသည်ကား.... တရားကိုယ်အားဖြင့် လောဘနှင့် ဒိဋ္ဌိ ဤနှစ်ပါးသည် ဥပါဒါန်မည်၏။ထိုဥပါဒါန်သည် လေးပါး အပြားရှိ၏၊ လေးပါးဟူသည်ကား-

၁။ ကာမုပါဒါန်
၂။ ဒိဋ္ဌုပါဒါန်
၃။ သီလဗ္ဗတုပါဒါန်
၄။ အတ္တဝါဒုပါဒါန်
ဟူ၍ လေးပါးတည်း။

ထိုဥပါဒါန်လေးပါးသည် ဥပါဒါနက္ခန္ဓာငါးပါးကို ဖြစ်စေတတ်၏၊ ဥပါဒါနက္ခန္ဓာ ငါးပါးကို ပြင်းစွာ စွဲလမ်းခြင်း သဘောရှိ၏၊ ထို့ကြောင့်-

ပဥ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂ-
ဝေမတ္တာ၊ တံ တတ္ထ ဥပါဒါနံ။

-ဥပရိဏ္ဏာသ ပါဠိတော်

ဘိက္ခု၊၊ ရဟန်း။ ပဥ္စသု ဥပါဒါနက္ခန္ဓေသု၊ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဆန္ဒရာဂဝေမတ္တာ၊ ဆန္ဒရာဂလျင် ပိုင်းခြား

ခြင်းရှိ၏။ တတ္ထ၊ ထိုဥပါဒါနကွန္ဒေဂါးပါးဌ်။ တံ၊ ထိုဆန္ဒရာဂ သည်။ဥပါဒါနံ၊ဥပါဒါန်မည်၏။

ဘေးကြီးလေးပါး

ထိုဥပါဒါန်တရား လေးပါးသည် ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး,မရဏဘေး ဟူတော လေးပါးသောဘေးကို အားကြီးသော ဆန္ဒရာဂဖြင့် တောင့်တရှာမှီး၏။

ယိုဘေးကြီးလေးပါး အမြဲပူးဝင်၍နေသော တဒင်္ဂလူ,နတ်ချမ်းသာကို သောမနဿစိတ်နှင့် သောမနဿဒဝဒနာဟု အထင်မှားဖြင့် ခံစားစံစားရန် ရှာမှီးကြကုန်၏၊ မိမိ၏ ဆန္ဒရာဂဖြင့် တောင့်တရှာမှီးသည့်အတိုင်း ဥပါဒါနကွန္ဒာ ဂါးပါးနှင့်ပြည့်စုံခဲ့သည်ရှိသော် ဇာတိဘေးကြီးနှင့် ရှေးဦးစွာ တွေ့ရ၏၊ ထို့နောင် အိုမင်း ရင့်ရော်သော ဇရာဘေးကြီးနှင့် တွေ့ရပြန်၏။ ထို့နောင် ကိုးဆယ့်ခြောက်ပြာ ဘေးအနာဟူ ဆိုးအပ်သော ဗျာဓိဘေးကြီးနှင့်တွေ့ရပြန်၏၊ ထို့နောင် "မစ္စုရာဇာ" ဟူသော သေမင်း၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ရပြန်သဖြင့် လင်တကဲ့ သားတကဲ့ မယားတကဲ့နှင့် မရဏဘေးကြီး ဆိုက်ရပြန်၏။ ဤကဲ့သို့ ဘဝအဆက်ဆက် ဇာတိဘေးစသော ဘေးကြီး လေးပါးကို ရင်ဝယ်ပိုက်၍ ဥပါဒါနကွန္ဒာ ပဋိစ္စသမုပ္ပါဒ်စက်ကြီးသည် မရပ်မနားဘဲ ခြားရဟတ်ပမာကဲ့သို့ ချာချာချာရစ်ပတ်၍ ဉာဏစရိယ, ဉာဏ်တော်ကြီးကို မဆောက်သမျှ မရသမျှ ကာလပတ်လုံး သံသရာဩဃ ရေအယဉ်ဘွင် နစ်မွန်းခြင်းသာ နေကြရရှာ၏။

ဥပါဒါနကို ပြဆိုခြင်း ဖြီး၏။

ဘဝကိုပြဆိုခြင်း

ဘဝဟူသည်ကား....ကမ္မဘဝ, ဥပပတ္တိဘဝဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါး တို့တွင် အနာဂတ်၌ ဖြစ်ရန် ပစ္စုပ္ပန် အကြောင်းတရား ငါးပါးသည် ကမ္မဘဝမည်၏။ ထိုကမ္မဘဝ အကြောင်းခံကြောင့် ရလာသော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာသည် အကျိုးဖလ ဥပပတ္တိဘဝမည်၏။

စီပါကဝဋ်

စက္ခု, ရုံပါရုံ, စက္ခု ဝိညာဏ်တည်း ဟူသော ပဋိစ္စသမုပ္ပါဒ်, အာယတနစက် လည်သည်ရှိသော် နှစ်သက်သော နန္ဒိရာဂ တဏှာသည် ဖြစ်ပေါ်၍ လာ၏။ ထိုတဏှာ ပေါလာ တာနှင့် အမျှ အနာဂတ်တွင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တည်းဟူသော ဝိပါကဝဋ်နှင့် ဆက်ရပြန်၏။ ထို့ကြောင့်—

တတြ် တတြာ ဘိနန္ဒနာ ဧဝံ အာယတိ'
ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ။

မူလပဏ္ဏာသပါဠိတော်

တတြတတြ၊ထိုထိုအာရုံကာမဂုဏ်ငါးပါး အစားစားတို့၌ အဘိနန္ဒနာ၊ အလွန်သာယာနှစ်သက်သော နန္ဒီရာဂသည်။ ဧဝံ၊ ဤသို့ပသာဒမူဏ် အကြည်ပေါ်မှာ ရာဂတဏှာထင်လာသည်ရှိသော်။ အာယတိံ၊နောင်အနာဂတ်ကာလ၌။ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိံ၊ တဘန်ဘဝသစ် ဖြစ်ပေါ်ခြင်းသည်။ ဟောတိ၊ကိန်းသေမှတ်ပေတော့ မဖယ်မလွဲမရှောင်သာသဖြင့် တကယ်ဘဲ ယောင်ချာချာဖြစ်အုံးမည်သာတည်း။

"ဇာတိဒုက္ခော တဏှာမူလကော" ဟု ဟောတော်မူသောကြောင့် နန္ဒီရာဂသည် တဏှာ၏အမည်သာဘည်း၊တဏှာသည်လောဘဖြစ်၏။

လောဘတည်း ဒိဋ္ဌိလောဘ, မာနလောဘ ရှိသောကြောင့် သေကွဲပုဂ္ဂိုလ် တို့သည် မာန လောဘ တည်းဟူသော ဘဝ၌သာ ကျင်လည်ကြရကုန်၏။ အနွဓပုထုဇဉ် တို့သည် ဒိဋ္ဌိလောဘ မာန လောဘတည်းဟူသော ဘဝ၌ ကျင်လည်ကြရကုန်၏။ ထိုအနွဓပုထုဇဉ်တို့၏ဘဝသည် ဟဒ္ဒယန္နလုံးသားကိုစူးဝင်၍နေသောဒိဋ္ဌိ, ဝိစိကိစ္ဆတည်းဟူသော မြားကြီးကို မနုတ်နိုင်သေးသမျှ ကာလပတ်လုံး ဘဝေါဃဘည်းဟူသော ရေအယဉ်၌ မြုပ်မျော မျောကြလေကုန်၏။

ဘဝကို ပြဆိုခြင်း ပြီး၏။

ဇာတိ နှင့် ဇရာ မရဏကို ပြဆိုခြင်း

ဇာတိဟူသည်ကား-ဝိညာဏဇဋ္ဌိတိ ပရမတ္ထဇာတိတပါး၊ဥပါဒါနက္ခန္ဓာ ဖြစ်ပေါ်စ ဇာတိ ဘပါး၊ ကျိသို့အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့ဘွင် ကျိုးငှိစ္စသမုပ္ပါဒစက်၌ ဟောဒတော်မူသော ဇာတိသည် "သပစ္စယ' ဇာတိမည်၏။ အကြောင်းဟာကြောင့် ဖြစ်ရသော အကျိုးဖလ ရှစ်ပါးတွင် ပါဝင်သော ဥပါဒါနက္ခန္ဓာ ဇာတိမေမ့တရားပေတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည်-

ဇာတိ ဘိက္ခဝေ အဇာနံတာ အပဿတာ
ယထာဘူတံ ဇာတိသု ယဘာဘူတံ ဉာဏာယ
သတ္ထာ ပရိယေသိတဗ္ဗော။

—နိဒါနဝဂ္ဂသံသုတ် ပါဠိတော်

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဇာတိ၊ ဇာတိကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဇာနန္တာ၊ မသိခြင်းကြောင့်။ အပဿတာ၊ ဉာဏ်မျက်စိဖြင့် မမြင်ခြင်းကြောင့်။ ဇာတိသု၊ ဇာတိတို့၌ ယဘာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဉာဏာယ၊ သိခြင်း။ သတ္ထာ၊ သပ္ပုရိသဆရာကို။ပရိယေသိတဗ္ဗော၊ကြိုးစားရှာဖွေအပ်လှပေ၏။

ဤသို့ ဘုရားရှင် ဟောတော်မူသည့်အတိုင်း ဇာတိနှစ်ပါးကို ဟောပြော ဆုံးမနိုင်သော ဆရာကို ရှာရမည်ဟူ တိုက်ဘွန်းတော်မူသော ဘုရားစကားကို ထောက်လျှင် မြဲမြံသောဒဋ္ဌိကရဏကဲ့သို့ အဓိပ္ပါယ် သက်ရောက်သည်ကို သတိပြုရမည်။

မိမိ အားထုတ်ထားသော ဘာဝနာမယဉာဏ်တွင် သက်ဝင်ယုံကြည်သည့်အတိုင်း ရေးသားပေအံ့။ ဇာတိသည် သာပစ္စယဇာတ်, အပစ္စယဇာတိ ဟူ၍၎င်း သဟေတုက ဇာတိ, အဟေတုက ဇာတိ ဟူ၍၎င်း၊ ဥပါဒါနက္ခန္ဓာဇာတိ, အနုပါဒါနက္ခန္ဓာဇာတိ ဟူ၍၎င်း၊ နိရုတ္တိ သဒ္ဒါအစဉ် အက္ခရာအစဉ် ခြားနား၏။ အတ္ထပဋိသမ္ဘိဒါ၏ သဘောမှာ တူသောအတ္ထရှိ၏။

နည်းလေးပါး

တနည်း။ ။ကေတ္ထ နာနတ္ထ နည်းနှစ်ပါးတို့တွင် ဇာတိနှင့် ဇာတိဟူ၍ အသံသဒ္ဒါ အက္ခရာ အတူတူဖြစ်နေခြင်းကို တခုတည်း ကဲ့သို့ မှတ်ထင်ရသောကြောင့် ကေတ္ထနည်းဟု ခေါ်သည်။

ထိုအသံသဒ္ဒါ အက္ခရာမှာ တထပ်တည်းကဲ့သို့ တူသော်လည်း အတ္ထ၏ သဘာဝမှာ မတူကဲ့ပြား ခြားနားသည့်အတွက် နာနတ္ထ နည်းဟု မှတ်ရမည်။

ဂုဏ်ပြင် အဇျာပါရနည်း ဂေါဓမ္မတာနည်းဟူ၍ ယင်းနှစ်ပါးနှင့် ပေါင်းပြန်လျှင် နည်းလေးပါးဟူ၍ ဖြစ်လာရ၏။ထို့ကြောင့် ကေတ္ထ, နာနတ္ထ, အဇျာပါရ, ဓေါဓမ္မတာဟူ၍ လေးပါးသော နည်းတို့ကို, မကွယ်မပျောက်အောင် ပရမတ္ထဒေသနာနှင့် ဓမ္မာရုံဒေသနာတို့ကို ရှင်းလင်းနိုင်မှ သမ္မာဒိဋ္ဌိ ဉာဏစရိယဉာဏ်ကို ရနိုင်မည် ဖြစ်လေသည်။

ဤကဲ့သို့ နည်းလေးပါးကို ခဲ့ဝေမှုမပြုဘဲ တသားထဲ တထပ်ထဲယူလျှင် နည်းလေးပါးပျောက်၍ပဋိပတ္တိကိစ္စမှာကမောက်ကမ ရောက်တတ်ရာရာ ဖြစ်မည်။ သာတိရဟန်းနှင့် ယမကရဟန်းတို့သည် နည်းလေးပါး ပျောက်၍ ကမောက်ကမ ဖြစ်ပုံကို အနည်းငယ် ရှင်းပြဦးအံ့။

ယမကရဟန်း ချွတ်ရပုံ

ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော် ထေရဝဂ္ဂ ယမကသုတ်၌ အသျှင်သာရိပုတြာသည် ယမကရဟန်းကို ဟောချတ်တော်မူရ၏။

ယမကရဟန်း၏ အယူမှားပုံမှာ—

ယထာ ခီဏာသဝေါ ဘိက္ခု ကာယဿ ဘေဒါ
ဥစ္ဆိဇ္ဇတိ၊ ဝိနဿတိ၊ န ဟောတိ ပရံ မရဏာ။

ယထာ၊ အကြင်အခြင်းအရာအား ဖြင့်။ ခီဏာသဝေါ၊ အာသဝေါကုန်ပြီးသော။ ဘိက္ခု၊ရဟန်းသည်။ကာယဿ၊ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ ပျောက်၏။ ပရံမရဏာ၊ သေသည်မှနောက်၌၊နဟောတိ၊မဖြစ်။

တထာဟံ ဘဂဝတာ ဓမ္မံ
ဒေသိတံ အာဇာနာမိ။

တထာ၊ ထိုသို့သော အခြင်းအရာ အား ဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ တရားကို။ အဟံ၊ ငါသည်၊ အာဇာနာမိ၊ သိ၏။

ဤကဲ့သို့ ယမက ရဟန်း၏ ယုတ်မာသော အယူဝါဒသည် ဖြစ်ခဲ့၏။ ထိုအခါ မျှားစွာသော ရဟန်းတို့သည် အသျှင်ယမက ထံသို့ လာကြပြီးလျှင်—

"ငါ့သျင်ယမက အာသဝေါကုန်ပြီးသောရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏။ ပျောက်၏။ သေသည်မှ နောက်၌မဖြစ်။ ထိုသို့သောအခြင်းအရာအားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားကို ငါသိ၏ဟု ပြောဆိုခြင်းသည် မှန်သလော" ဟု မေးကြကုန်၏။

ထိုအခါ ယမကရဟန်းက "မှန်ပါ၏" ဟု လျှောက်၏။

ဘုရားကို မစွပ်စွဲပါနှင့်

များစွာသော ရဟန်းတို့က အသျင်ယမကကို တားမြစ်ကုန်၏။

မာ အာဝုသော ယမက ဧဝံ အဝစ၊
မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ၊
န ဟိ သာဓု ဘဂဝတော အဗ္ဘာစိက္ခနံ၊
န ဟိ ဘဂဂါ ဧဝံ ဝဒေယျ။

အာဝုသော ယမက၊ ငါ့သျင် ယမက။ ဧဝံ၊ ကျိသို့။ မာအဝစ၊ မဆိုပါလင့်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ မာအဗ္ဘာစိက္ခိ၊ မစွပ်စွဲပါလင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏အား။ အဗ္ဘာစိက္ခနံ၊ စွပ်စွဲခြင်းသည်။ နဟိ သာဓု၊ မကောင်းသည်သာတည်း။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧဝံ၊ ဤသို့အာသဝေါကုန်ပြီးသောရဟန်းသည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်၏။ ပျောက်၏။ သေသည်မှ နောက်၌ မဖြစ်ဟူသော စကားကို။ နံဟိ ဝဒေယျ၊ ဟောတော်မမူတန်ရာ။

ဤကဲ့သို့ ရဟန်းတော်များက တားမြစ်ကြပါသော်လည်း ယမက ရဟန်းသည် မိမိစကားကို အခိုင်အမာပြု၍ အမှားကို နှုတ်သွင်းလျက်သာလျှင် နေ၏။

ရဟန်-တော်မျှားသည် ယမကရဟန်း၏ ယုတ်မာသော အယူကို ပယ်ဖျောက်ခြင်းငှါ မစ္ဆမ်းနိုင်ကြသောကြောင့် နေရာမှထ၍ သျှင်သာရိပုတြာထံသို့ ချဉ်းကပ်ပြီးလျှင် ယမကရဟန်း၏ ပျက်ပြားသောအယူကို လျှောက်ကြကုန်၏။

"အသျှင်သာရိပုတြာ သနဲ့ားသောအားဖြင့် ယမက ရဟန်းထံသို့ ကြွတော်မူ၍ ဆိုဆုံးမပါလော့" ဟု လျှောက်ကြကုန်၏။

ထိုအခါ အသျှင် သာရိပုတြာသည် ညချမ်းအခါ တပါးတည်း ကိန်းအောင်းရာမှထ၍ အသျှင်ယမကထံသို့ ကြွတော်မူပြီးလျှင် ဝမ်းမြောက်ဘွယ် သာယာဘွယ်သော စကားကို ပြောဆို၍ လျှောက်ပတ်သောနေရာ၌ နေပြီးလျှင်-

"ငါ့သျှင်ယမက အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏ ပျောက်၏၊ သေပြီးသည်မှ နောက်၌မဖြစ်။ မြင်စဘွယ်ရား ဟောတော်မူသော တရားကို ငါသိ၏ဟု ဆိုသော ယုတ်မာသော အယူကို ယူသလော" ဟု မေးတော်မူ၏။

"ငါ့သျှင် သာရိပုတြာ အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏ ပျောက်၏၊ သေပြီးသည်မှ နောက်၌ မဖြစ်ဟု ယူသောအယူ မှန်ပါ၏" ဟု ဝန်ခံလေ၏။

ထိုအခါ သျှင်သာရိတြာသည် တရားတော်ကို အမြဲကျမ်း အစပျိုးတော်မူ၏။

ရူပံ, ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ
နိစ္စံ ဝါ, အနိစ္စံ ဝါတိ? အနိစ္စံ အာဝုသော။

"ငါ့သျင်ယမက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် မြဲသလော၊ မမြဲသလော?"

"မမြဲပါ ငါ့သျင်" ဟု ဖြေကြားလေသည်။

တဘန်ထပ်မံ၍—

"ငါ့သျင်ယမက ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် ချမ်းသာသလော၊ ဆင်းရဲသလော?" ဟု မေးပြန်၏။

"ဆင်းရဲသောတရား မှန်ပါ၏" ဟု ဖြေပြန်၏။

တဘန်။ ။"ထို ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် အစိုးရသလော၊ မရသလော?" ဟု မေးပြန်၏။

"အစိုးမရသော တရားမှန်ပါ၏" ဟု ဖြေသည်။

တဘန်။ ။"ငါ့သျင်ယမက ထို့ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် အတိတ်, အနာဂတ် ပစ္စုပ္ပန်လည်းဖြစ်သော အတွင်း အပြင်လည်း ဖြစ်သော အကြမ်း အနုလည်း ဖြစ်သော အယုတ် အမြတ်လည်းဖြစ်သော အဝေးအနီးလည်းဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါးလုံးကို သတ္တဝါဟု ရှုသလော?"

"မရှုပါ ငါ့သျင်"

သတ္တဝါဟု မရပါဘဲလျက်

တဘန်။ ။"ငါ့သျင်ယမက ဤမျက်မှောက်ဘဝ၌ပင် ဥပါဒါနက္ခန္ဓာငါးပါးသည် သတ္တဝါဟု မရပါဘဲလျက် အာသဝေါကုန်ပြီးသော ရဟန်းသည် ဤခန္ဓာကိုယ် ပျက်စီးခြင်းကြောင့် ပြတ်၏ ပျောက်၏၊ သေပြီးသည်မှ နောက်၌ မဖြစ်ဟု သင်ယူသော အယူသည် သင့်လျော်ပါမည်လော?"

"ငါ့သျှင် သာရိပုတြာ တရားတော်ကို မနာရမီ ရှေးအခါက ယုတ်မာသော အယူသည် ဖြစ်ခဲ့ပါ၏။ အသျှင်သာရိပုတြာ၏ တရားတော်ကို ယခုကြားနာရသောကြောင့် ထိုယုတ်မာသော အယူသည် ပျောက်ပါပြီ၊ အကျွန်ုပ်သည်လည်း တရားတော်၏ အနက်ကို ထိုးထွင်း၍ သိမြင်ပါပြီ" ဟု လျှောက်၏။

အမှာ။ ။ဤယမကသုတ်၌ ရှင်သာရိပုတြာ ဟောတော်မူသော ဒေသနာတော်တို့သည်ကား-ကျယ်ဝန်းမြားပြားလှ၏။ အနည်းငယ်မျှသာ ပါဠိတော်မှ ကောက်နုတ် ရေးသားလိုက်၏။ အကျယ်ကို အလိုရှိလျှင် ခန္ဓာဝဂ္ဂ သံယုတ် ထေရဝဂ္ဂ,ယမကသုတ်၌ ကြည့်ရှုတော်မူကြပါကုန်။

အာသဝေါတို့မှလွတ်ခြင်း

ဤယမကသုတ်ဟန် အဆုံးတွင်"ပဉ္စုပါဒါနက္ခန္ဓာ" ဟူ၍ဂုဏ်း၊ "အယသ္မတော သာရိပုတ္တာဿ ဓမ္မဒေသနံ သုတ္ဝာ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တန္တိ" ဟူ၍ဂုဏ်း နိဂုံးချုပ်လေတော့သည်။

ဤနိဂုံးချုပ် အဓိပ္ပာယ်မှာ—

ဤတရား ဒေသနာကို ကြားနာရသောကြောင့် အကျွန်ုပ်၏ စိတ်သည် တစုံတခုကို မစွဲလမ်း မူ၍ အာသဝေါတို့မှ လွတ်ပါပြီဟု ဝန်ခံတော်မူ၏။

အသျှင်ယမကသည် မင်္ဂုလ်ကို အလွန်လိုလားတော်မူသော မထေရ်ကြီး ဖြစ်၏။ ထိုမထေရ်ကြီးသည် မြတ်စွာဘုရား ဟောတော်မူအပ်သော ဒုယ,ဖြစ်သော တရားကို ထိုးထွင်း၍ မသိသဖြင့် နာနတ္ထနည်းပျောက်၍ ဧကတ္ထနည်းဖြင့် ခန္ဓာမျိုးထဲ ယူ

ဆ၍ ဤတမျိုးချုပ်လျှင် အကြင်းအကျန်မရှိတော့ဘဲ "နတ်ဆိုက ဝါဒ ဥဒ္ဆေဒဒိဋ္ဌိ" ဖြစ်ရသည် ဟူ၍မှတ်။

မှတ်ချက်။ ။ဤ မေးခွန်းဥ် ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ သုံးဌာနခဲ့၍ အမေး အဖြေပြုသော အခါ အသျှင်ယမကသည် မူလမှတ်ထားသော အနိစ္စ, ဒုက္ခ, အနတ္တတို့ကား.... ဥပနိသျှကျမ်းလာ ဗြာဟ္မဏ တို့၏ အယူကဲ့သို့ မှတ်၍ ရဟန္တာသေလျှင် ပျောက်၏၊ ပြတ်၏ဟု ယူဆမိသည်မှာ နိယမ အနိစ္စနှင့် ဥပါဒါနက္ခန္ဓာ အနိစ္စနှစ်ပါး မကွဲပြားဘဲ တသားထဲ နေသောကြောင့် ယူမိမှားသည်။

သတိပေးချက်။ ။ဤဇသျှင်ယမက၏ သုတ္တန်သည် ပါဠိတော်၌ အကျယ် ဟောထားသဖြင့် သဘောပေါက်နိုင်ရန် အလွန်ခက်သည်၊ အတိဂမ္ဘီရကထာ ဖြစ်သည်။ ကျမ်းပြုသူတို့မှာလည်း မိမိတို့ကိုယ်တိုင်က သဘောပေါက်မှ ကျမ်းပြုသင့်သည်၊ သဘောမပေါက်ဘဲ ကျမ်းပြုက ပကာသနမှု တပါး တခြားမရှိချေ။ "မြေဒဿနံ သုတ္တာအာသဝေဟိ စိတ္တံ ဝိမုတ္တံ=တရားဒဿနာကို ကြားနာရသော၊ကြောင့်အာသဝေါတရားတို့မှလွတ်သည်" ဟုသော အချက်။ ။"သေဝန္တော ဒုက္ခဿ=ဤသို့ တရားမှန်ကို သိရသောကြောင် ဒုက္ခ၏အဆုံးသို့ ရောက်သည်" ဟူသောအချက်။ ။ယင်းအနက် နှစ်ပါးတို့သည် သဘောတူဟူ၍မှတ်လေ။

ဇာတိ ၂-မျိုး

ယခုပြခဲ့သော "ဇာတိနှင့်ဇာတိ" ပုဒ်နှစ်ပါးသည် အသံ, သဒ္ဒါ အကွဲရာတူသော်လဲ အတ္ထမတူ ဟူ၍ မှတ်ရမည်။

အာနုစိတ်၍ ပြဦးအံ့—

ထိုဇာတိ,ဇာတိ ဟူသော နှစ်ပါးသော ဇာတိတို့ဟုဉ် တခု သော ဇာတိသည် ဥပါဒါနက္ခန္ဓာ ပဋိစ္စသမုပ္ပါဒ်စက်ထဲ၌ ပါဝင် ၏၊ တခုသော ဇာတိမှာ ဝိညာဏဋ္ဌိတိဖြစ်သော ဥပါဒ်,ဋ္ဌိ,ဘင် အထည်ဖြစ်ရှိသော ပရမတ္ထဇာတိပေတည်း၊ ဗျာပါရသဘောရှိ၏။ ဝိညာဏဋ္ဌိတိ ဖြစ်သော ဇာတိသည် ဥပါဒါနက္ခန္ဓာမျိုး မဟုတ်၊ ဇာဘဝတွင် ဥပါဒ်,ဋ္ဌိ,ဘင်အားဖြင့်ပဋိသန္ဓေထိတကြိမ်၊ ဤကြိမ်ကို သတ္တဋ္ဌာန ဘုံကိုးဝတွင် ဘဝဟောင်း ဘဝသစ် စပ် ပေးသော ဘဝသစ် အစအဦး ဥပါဒ်ခဏကိုသာ သတ္တဝါ၏ အစ ဇာတိဟု ခေါ်၏။ ထိုသတ္တဝါသည် မရဏာသန္နဝီထိ, စုတိသို့ ရောက်သောအခါ ဘင်္ဂခဏ ခေါ်သော ဘင်ခဏသည် လက်ရှိဘဝ၏ အဆုံးဖြစ်၏။ ဘဝတခု၏အစ "ဇာတိ" နှင့် ဘဝတခု၏အဆုံး မရဏ၏ အကြားမှာ "ဇရာ" ဟုခေါ်၏။ ထို့ကြောင့်—

ကတမာ ဥ ဘိက္ခဝေ ဇရာ?

ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော အယံ ဥစ္စတိ ဇရာ

—နိဒါန ဝဂ္ဂ သံယုတ်ပါဠိတော် ဝိဘင်္ဂသုတ်

ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ ဇရာ၊ဇရာသည်။ကတမံ၊အဘယ်နည်း။ ယာ၊အကြင်ဇရာသည်။ တေသံ တေသံ သတ္တာနံ၊ ထိုထို သို့သော သတ္တဝါတို့၏ တမှိတမှိ သတ္တာနိကာယေ၊ ထိုထိုသို့သော သတ္တဝါတို့၏ကိုယ်၌။ ဇရာစ၊အို့မင်းရင့်ရော်ခြင်းသည်ဂုဏ်း။ ဇီရဏတာစ၊ ဆွေးမြေ့သောအားဖြင့် ဖြစ်ခြင်းသည်ဂုဏ်း။ ခဏ္ဍိစ္စံ၊သွား

ကျိုးခြင်းသည်၎င်း။ ပါလိစ်၊ ပါးဒရ တွန့်လိမ်ခြင်းသည်၎င်း။ ဝ လိတ္တစတာဝ၊ ခန္ဓာကိုယ်တခုလုံး အသားအရေတွန့်သော အ ဖြစ်သည်၎င်း။ အာယုနော၊အသက်၏။ သံဟာနိစ၊တဖြည်းဖြည်း ဆုတ်ယုတ်ခြင်း၎င်း။ ဣန္ဒြိယာနံ၊ ခြောက်ပါးသော ဣန္ဒြေတို့၏။ ပရိပါဒကော၊ရင့်ခြင်း၎င်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော သဘော တရားကို ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကား- ဝိညာဏဋ္ဌိတိဖြစ်သော မရမတ္ထခန္ဓာ ငါးပါးတို့၏ ဇရာ ဟူ၍မှတ်။ ဇာတိ, ဇရာ, မရဏဟု ဒေသနာဣန္ဒြေသာ အစဉ်ရှိသော်လည်း ပဋိသန္ဓေဇီထိနှင့် မရဏာသန္နဇီထိကို ပြလို၍ ဇရာကို ထုတ်၍ သီးခြားဆိုလိုက်သည်မှတ်။

ပရမတ္ထဇာတိဖြစ်ပုံ

ကဘမာစ ဘိက္ခဝေ ဇာတိ?
ယာ တေသံ တေသံ သတ္တာနံ တမ္ဟိ တမ္ဟိ သတ္တနိကာယေ
ဇာတိသဉ်ာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ
ပါတုဘာဝေါ အယတနာနံ ပဋိလာဘော၊
အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ။

—နိဒါနဝဂ္ဂသံယုတ် ဝိဘင်္ဂသုတ်

ဘိက္ခဝေ၊ထို့။ ဇာတိ၊ ပဋိသန္ဓေဇာတိသည် ကတမာ၊အဘယ်နည်း။ ယာ၊ အကြင်ဇာတိသည်။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမ္ဟိတမ္ဟိ သတ္တနိကာယေ၊ထိုထိုသတ္တဝါအပေါင်း၌ ဇာတိစ၊ပဋိသန္ဓေနေခြင်းဝင်း။ သဉ်ာတိစ၊ကောင်းစွာ ပဋိသန္ဓေနေခြင်းဝင်း။ ဩက္ကန္တိစ၊ သက်ရောက်ခြင်းဝင်း။ အဘိနိဗ္ဗတ္တိစ၊ တဘန်ဘဝသစ်၌ဖြစ်ခြင်းဝင်း။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ပါတု

ဘာဝေါစ၊ ထင်ရှားဖြစ်ခြင်း်ငင်း။ အာယတနာနံ၊ အာယတန တို့ကို။ ပဋိလာဘောစ၊ ရခြင်းငင်း။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤ ဆိုအပ် ခဲ့ပြီးသော သဘောကို။ ဇာတိ၊ ဇာတိဟူ၍။ ဝုစ္စတိ၊ ဆို အပ်၏။

ဤကား-ပရမတ္ထ ဇာတိဖြစ်ပုံတည်း။ ဤပဋိသန္ဓေ၌ ပဋိသန္ဓေ စိတ်ဟူသည် ဝိညာဏဋ္ဌိတိတရား၏ ရှေးဦးစွာသော ဘဝတခု၌ တည်ထောင်ခြင်းစိတ်ကို ပဋိသန္ဓေစိတ်ခေါ်သည်။ ဤဝိညာဏဋ္ဌိ တိမည်သော ပဋိသန္ဓေစိတ်သည် ပစ္စယုပ္ပန်တရားဖြစ်၏။ "ပစ္ဆိမာ ပစ္ဆိမာ" ဟု မဟာနိဒ္ဒေသပါဠိတော်၌ ဟောတော်မူ၏။ အာတိ ဂမ္မိရတ္ထဖြစ်၏။ ထို့ကြောင့် ဝိပဿနာဉာဏ်ဖြင့် ရှုမြင်နိုင်သော အရာမဟုတ်သောကြောင့် ပရိညေယျဉာဏ်ဖြင့် ပိုင်းခြားသိရုံသာ သိရာ၏-ဟု ဟောတော်မူသည်။ ထိုပဋိသန္ဓေစိတ်သည် ဥပါဒ်, ဋ္ဌိ, ဘင် ရှိ၏။ (ပဋိသန္ဓိ၊ပဋိ၊တဘန်, သန္ဓိ၊ဆက်စပ်ပေးခြင်း။ ဘဝ ဟောင်းနှင့် (ဘဝသစ်ဆက်စပ်ပေးခြင်း) သတ္တဝါတို့၏ အသက် (တသိန်းတန်းတွင်)ဥပါဒ်အစဖြစ်သောဝိညာဏဋ္ဌိတိကို ပဋိသန္ဓေ ဇာတိဟုပေါ်သည်၊ တဘဝတွင် တကြိမ်သာဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်ဇာတိ

ပဋိစ္စသမုပ္ပါဒ်စက်၌ ပါဝင်သော ဇာတိသည် စက္ခုနှင့်ရူပါရုံ ပေါင်းဆုံမှုရာဂဇာတိ, ဒေါသဇာတိ, မောဟဇာတိ, ဒိဋ္ဌိဇာတိ, မာနဇာတိဟူ၍ ခေါ်နိုင် ပြောနိုင် ပညတ်နိုင်သည်။

ဒုက္ခပျောက်၍ မင်္ဂိုလ်မရ

စက္ခုနှင့်ရူပါရုံ ပေါင်းဆုံသောအခါ ဖဿမဖြစ်လျှင် ဇာတိ 10 ချုပ်သည်ဟုခေါ်ရသည်၊ဇာတိဒုက္ခ, ဇရာဒုက္ခ, မရဏဒုက္ခဟူသော

ဒုယတရား ပျောက်နေသဖြင့် မိမိတပါးတည်းနေ၍ တရားကို အားထုတ်ပါသော်လည်း မင်္ဂဖိုလ်သို့မရောက်ဘဲ နတ်ဆိုက်ဝါဒ မှားသောအမြင် မှားသောအကြံ မှားသောအယူ မှားသော နှုလုံးသွင်းခြင်း တည်းဟူသော မိစ္ဆာဒိဋ္ဌိဘက်သို့ ရောက်သွားလေသည်။

အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး သုံးပါးကို သိဘို့ရန်မှာ မခက်ခဲလှပေ။ ပဟာတဗ္ဗ အနိစ္စ, ဒုက္ခ, အနတ္တနှင့် အ ပဟာတဗ္ဗ အနိစ္စ, ဒုက္ခ, အနတ္တကို ဒုယအားဖြင့် ပိုင်းခြားု၍ သိဘို့ရန်မှာ အလွန်အလွန် နက်နဲခက်ခဲလှပါပေသည်။ ထို့ကြောင့် အသျင်ယမက မထေရ်ကြီးသည် လက္ခဏာရေးသုံးပါးကို ထုံးလိုမ္ဘ ရေလိုနှောက်နှိုင်၏။သို့ပါသော်လဲဒုယဖြစ်သော လက္ခဏာပဋိစ္ဆဒဉာဏ်ကို ပိုင်းခြားု၍ မသိသဖြင့် အမှားမှား အမှောက်မှောက် ဖြစ်ရလေသည်။

ပရမတ္ထမရဏ

မရဏသည်လည်း ဒုယအားဖြင့် နှစ်ပါးအပြားရှိ၏။ ဘဝတခု၏ရှေ့လျောခြင်းကိုစုတိခေါ်၏။ ဤစုတိသည် ဘဝဟောင်းကို စွန့်လွှတ်သော ဘင်ခဏ မရဏပေတည်း၊ ထို့ကြောင့်–

ကတမဉ္စ ဘိက္ခဝေ မရဏံ?

ယံ ယေသေ သေသ သတ္တာနံ တမှာ တမှာ သတ္တ
နိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ
မစ္စု မရဏံ ကာလကိရိယာ ခဏ္ဍနံ ဘေဒေါ
ကဉ္ဇေ ဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿုပစ္ဆေဒေါ
ဣဒံ စုစုတိ မရဏံ။

–နိဒါနဝဂ္ဂသံယုတ်ဝိဘင်္ဂသုတ်

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မရဏံ၊ ဝိညာဏဋ္ဌိတိပရမတ္ထ မရဏသည်။ကတမံ၊အဘယ်နည်း?

ယဉ၊ အကြင်သေခြင်းမရဏသည်။ တေသံတေသံသတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမ္မာတမ္မာသတ္တာနိကာယာ၊ ထိုထိုသတ္တဝါအပေါင်းမှ။ စုတိ၊ စုတေခြင်း။ စဝနတာ၊ ရွေ့လျောခြင်း။ ဘေဒေါ၊ ပျက်စီးခြင်း။ အန္တရဓာနံ၊ ကွယ်ပျောက်ခြင်း၊ မစ္စု၊ အသက်ကို စွန့်ခြင်း။ မရဏံ၊ သေခြင်း။ ကာလကိရိယာ၊ ဘဝကို အဆုံးပြုခြင်း။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဘေဒေါ၊ ပျက်စီးခြင်း။ ကဠေဝရဿ၊ကိုယ်ကောင်းကို။ နိက္ခေပေါ၊ ပစ်ချခြင်း။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ ဥပစ္ဆေဒေါ၊ ပြတ်ခြင်း။ ဣဒံ၊ဤသဘောတရားကို။ မရဏံ၊ မရဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အသျှင်ယမက ဝန်ခံသောစကားသည် ထိုအသျှင်၏၊ဉာဏ်ထဲ၌ အနက် အဓိပ္ပါယ်ကိုသိ၍သာ ဝန်ခံခြင်းဖြစ်၏၊ စာဘတ်ပရိသတ်က ထိုဝန်ခံသောစကားကို သိလိမ့်မည် မဟုတ်သေး၊ ထို့ကြောင့် ထပ်၍ရှင်းပြဦးအံ့။

အရိယာတို့အပန်းဖြေရာ

လက္ခဏာရေး သုံးပါးတွင် အနတ္တလက္ခဏာသည် သာသနာတွင်းတရား ဖြစ်၏၊ "အနတ္တလက္ခဏံ အဝိဘူတံ အပါဠံ" ဟူသော စကားတော်ကိုထောက်၍ အနတ္တလက္ခဏာသည် ဘုရားတဆူပွင့်တော်မူမှ တကြိမ်သာ ပေါ်လာနိုင်၏၊ အနတ္တသည် တုစ္ဆ,ရိတ္တ,သုညသဘောရှိ၏၊ သုံးပါးလုံးပေါင်းလျှင် အားလုံးပင် သုညဖြစ်၏၊သုညသည် ပရမတ္ထတရား မဟုတ်သည်ကို သိအပ်၏၊ ပရမတ္ထတရားသည် အတုစ္ဆ, အရိတ္တ, အသုညတရားမျိုးဖြစ်သည်၊ကျွတရားသုံးပါးတို့သည်ကား....အရိယာတို့ ပရိနိဗ္ဗာန်မပြုမီ ခေတ္တနားနေသော သဉ္ဇပါဒိသေသ နိဿရဏ သံသရာဟု

ခေါ်သည်၊ ထိုနိသရဏသံသရာမှာ အောက်မင်္ဂသုံးပါးတို့၏ အပန်းဖြေး တည်းခိုရာစခန်းသာဖြစ်၏၊ ဤမှတဆင့် အားယူ၍ ကာမရာဂါနုသယ သတ်ရန်ရှိ.သို့ တက်ပြန်သောအခါ အရ ဟတ္ထမင်္ဂ ဘာဝနာဖြင့် တက်ခပြန်လေသည်၊ အနုသယ အမြစ် ပြုတ်အောင်သတ်ပြန်သောအခါ၊ဝါ၊သတ်၍ပြီးသောအခါ– "ခိဏာဇာတိ၊ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ" ဟူသော သဒ္ဒယတနဝဂ္ဂ သံယုတ်၌ ဟာတော်မူသည့်အတိုင်း - ဇာတိ ကုန်သည်ကို သိခြင်း၊ မြတ်သောအကျင့်ကို ကျင့်၍ပြီးခြင်း၊ ပြုဘွယ်ကိစ္စ ပြုပြီးခြင်း နောက်ထပ် မင်္ဂအလို့ငှာ ပြုရန်ကိစ္စ မရှိခြင်းကို သိတော်မူသောကြောင့် အသျှင်ယမကသည် အာသ ဧဝါတို့မှ လွတ်ပါပြီဟု ဝန်ခံလေသည်။

လင်္ကဖြန့်ပြ ဆန္ဒရာဂကင်း

တနည်း။ ။မစဲ့လမ်းပါဟု လျှောက်ထားသော စကား သည် တဏှာကာမဂုဏ် ဥပါဒါနက္ခန္ဓာတို့သည် ရှိလျှက်နှင့် မစဲ့ လမ်းတာလား၊ တကယ်.ကို မရှိလို့ မစဲ့လမ်းတာလားဟု စစ် တမ်းထုတ်ရလိမ့်အုံးမည်၊ အနတ္တ၏ တုစ္ဆ, သုည သဘောသည် အတ္တသဘော တကယ် မရှိသောကြောင့် ပေတည်း။ အတ္တမရှိ သော သဘောတရားကို ဆန္ဒရာဂဖြင့် စဲ့လမ်းသော်လည်း အချည်းအနှီးသာဖြစ်၏၊ လက်ကိုဆုပ်၍ပြသော် ရှိသည်ထင်၍ ဆန္ဒရာဂဖြင့် နှစ်သက်၏၊ဖြန့်၍ပြသော် ဘာမှမရှိသဖြင့် ဆန္ဒရာဂ ကင်း၏ဟူမှတ်။

သတ္တဇဝချုပ်ငြိမ်းနေပုံ

ဥပမာ။ ။အသံတိတ်ရုပ်ရှင်ကားကို သွားခြင်သော်အခါ ပိတ်ကားပေါ်တွင် လှုပ်လှုပ်ရွရွ မိမိပသာဒ

စက္ခုကာ မြင်၍နေရပါသော်လည်း အဆည်ဒြပ်, ညပါဒ်,ဌိ,ဘင်မရှိသော နိဿတ္တ,နိဇ္ဇီဝဖြစ်သော အာရုံရုပ်ကိုသာ မြင်တွေ့ရဘိသကဲ့သို့ အသျှင် ယမက၏ ဉာဏစရိယဝိဉာဏ်တွင် သတ္တ ဇီဝ ချုပ်ငြိမ်းနေသည်ကို ကိုယ်တိုင်ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူ၏။ လှုပ်လှုပ်ရှရှကိုကား ဝိပါက်ကမ္မဇရုပ်တို့သည် ရှိနေသဖြင့် မြင်ရမည်သာ ဖြစ်လေသည်။ ထို့သို့ မြင်ရသော်လည်း အပစ္စယ အတ္တ သတ္တိနှင့်ဖြစ်နေကြသည်မဟုတ်၊သပစ္စယ အနတ္တ သဘောဖြင့်ဖြစ်နေကြသည်ကို မြင်တော်မူသဖြင့် နိရောဓသစ္စာသို့ ဆိုက်ရောက်ပေသည်ဟု မှတ်အပ်၏။

တိုက်တွန်းချက်။ ။အသျှင် ယမကသည် ငယ်စဉ်ကပင် တရားကိုအားထုတ်၍ လာပါသော်လည်း ဒုယဖြစ်သော ဘုရားတရားတော်ကို အဒုယဟု အယူမှား၍ ဤမျှလောက်ကြာအောင် နေထိုင်ခဲ့ရသည်၊ ယခုခေတ် ယောဂီသူတော်ကောင်းတို့မှာလည်း သတိကြီးစွာထားရန် တိုက်တွန်းအပ်ပါသတည်း။

ပူသောမီးမျိုးမဟုတ်

ဤ. ဇာတိ,ဇရော,မရဏဟူသော တရားသုံးပါးသည် ဝိညာဏဇဋိတိ တရားတို့သည်သာတည်း။

ထို ပရမတ္ထဇာတိကို မီးဟုဆိုသော်လည်း ပူလောင်သော မီးမျိုးမဟုတ်၊ဇာရာမီး,မရဏာမီးတို့မှာလည်း ထို့အတူ မခံသာအောင် ပူလောင်သော မီးမျှားမဟုတ်ကုန်။ ညပါဒ်ဖြစ်သော

နိဗ္ဗတ္ထိုလက္ခဏာနှင့် ဘင်ဟူသော ဝိပရိဏာမလက္ခဏာ ရှိသော ကြောင့်သာ မီးဟူ၍ တင်စားဆိုလိုက်ရသည်မှတ်ပါ။

ထိုမီးဟူသောစကားကို အကျယ်ခွဲ၍ ပြဦးအံ့၊ ပရမတ္ထဖြစ်သော ဇာတိ,ဇရာ, မရဏ သုံးပါးတွင် ဘဝဟောင်းမှ ဘဝသစ်သို့ ဆက်ဆပ်ခြင်းသည် ဇာတိပဋိသန္ဓေဟုခေါ်၏၊ ထိုခဏသည် မခံသာအောင် ပူပြင်းသော မီးအစစ်အမှန်မဟုတ်၊ ထိုဥပါဒ်ခဏမှ စ၍ စုတိခေါ်သော ဘင်ခဏအတွင်း၌ အိုမင်ရင့်ရော်ဆွေးမြေ့ ဟောင်းနွမ်းသော အချိန်သမယ ကာလတို့ကို ဇရာသဘောဖြင့် ဌိကာလဟု ဆိုရလေသည်။ ယင်း ဌိကာလသည် သတ္တဝါ၏ သက်တန်းကိုလိုက်၍ အတို,အရှည် ရှိသည်၊ ထိုသက်တန်းအတို, အရှည်တို့သည် ပဋိသန္ဓေဥပါဒ်နှင့် စုတိဘင်ကိုနုတ်၍ အလယ်က ခဏငယ်သုံးချက်ဖြစ်သော သဘောတရားအားလုံးကို ဇရာဟုခေါ်သည်၊ ထိုဇရာသည်လည်း ပါကဋဇရာ, အပါကဋဇရာဟူ၍ဂုဏ်း၊ ပဋိစ္ဆန္နဇရာ, အပ္ပဋိစ္ဆန္နဇရာဟူ၍ဂုဏ်း နှစ်ပါးအပြားရှိ၏။ပါကဋဇရာကား-ထင်ရှားသော ဇရာတည်း၊ အပါကဋဇရာကား--မထင်ရှားသော ဇရာဘည်း၊ ထင်ရှားသော ဇရာသည် လူတို့၌ဂုဏ်း တိရစ္ဆာန်တို့၌ဂုဏ်း ထင်ရှား၏၊မထင်ရှားသောဇရာသည် နတ်၌ဂုဏ်း၊ ဗြဟ္မာ၌ဂုဏ်း မထင်ရှားပေ။

၁။ ပဋိစ္ဆန္နဇရာ = အသိညာဏ်၌ မထင်အောင်ဖုံးလွှမ်း၏။
၂။ အပ္ပဋိစ္ဆန္နဇရာ = အသိညာဏ်၌ ထင်ရှား၏၊မဖုံးလွှမ်း။
၃။ ပါကဋဇရာ= မျက်မြင်ထင်ရှား၏။
၄။ အပါကဋဇရာ=မျက်မြင်မထင်ရှား။

ဤပရမတ္ထဇရာတို့သည် မခံသာအောင် ပူလောင်သော မီးများ မဟုတ်ကြကုန်။ထင်ရှားစေဦးအံ့-လူတယောက်သည် တ

ဖြေးဖြေးနှင့် ငယ်စဉ်ကစပြီး အို၍အို၍သာ လာခဲ့လေသည်။ ထို့ကဲ့သို့ အို၍အို၍လာသော်လည်း မသိမသာ တဖြေးဖြေး အို၍သာလာသည်။ မနေသာ, မထိုင်သာ, မခံသာအောင် ပြင်းပြင်းထန်ထန်ဖြစ်၍ လာသည်မဟုတ်၊ ဆံဖြူခြင်းမှာလည်း နေမဖြစ်ထိုင်မဖြစ် နာကျင်ကိုက်ခဲအောင် ဖြစ်လာသည်မဟုတ်၊ အရိုးရင့်ခြင်း, အရေတွန့်ခြင်းတို့မှာလည်း မသိမသာ ဖြစ်ကြလေသည်။

အလုံးစုံ ဤဇရာဟူသော်၌ သတ္တုခဲ့၌ ကြည့်လိုက်သည်ရှိသော် ပရမတ္ထ ရင့်ရော်ခြင်းဟူသမျှမှာ စားနေရင်းမှာလည်း အိုနေ၏။ သွားနေရင်း၊ထိုင်နေရင်း အလှူဒါနပြုလုပ်နေရင်း ဘုရားကိုဝတ်တက်ဝတ်ကပ် ပြုနေရင်း၊ ပျော်ပွဲရွှင်ပွဲ ကြည့်နေရင်း၊ လူမှုကိစ္စအရပ်ရပ်တို့ကို ပြုလုပ်နေရင်းပင် ဤပရမတ္ထဇရာသည် တဖြေးဖြေး ရင့်ရော်၍သာ နေပါသော်လည်း အပျော်မပျက် အရွှင်မပျက်သာလျှင် အို၍အို၍ရင့်၍သာလာခဲ့၏။ထို့ကြောင့် မရမတ္ထဇာတိ,ဇရာ,မ့ရဏတို့သည် မခံသာအောင် ပူလောင်သောမီးများမဟုတ်ကြလေကုန်။

မခံသာသော မီး ၁၁-ပါး

တကယ်အကယ် ပူလောင်သော မီးတို့သည်ကား....ပဋ္ဌာန သမ္ပဟဒိစက်တွင် ပါဝင်သော တဆယ့်တပါးသော မီးတို့သည်သာလျှင် မခံသာအောင် ပူလောင်ကြလေကုန်၏။

သာဓကတ တခုကို ပြဦးအံ့-

သူငယ်တစ်ယောက်သည် ငယ်ရာမှ ကြီး၍ကြီး၍ လာခဲ့၏။ မိမိဆံပင်တို့မှာလည်း အနည်းငယ်ဖြူ၍ လာငြားအံ့၊ ထိုအခါတွင်

ထိုဖြူသောဆံပင်အား မြင်သည်ရှိသော် ထိုသူ၏စိတ်တွင် ဆံပင်ဖြူကို မြင်သဖြင့် စိတ်နှလုံး မသာမယာ မခံသာအောင်ဖြစ်ခဲ့၏။ ယင်းကဲ့သို့ မခံသာအောင် ဖြစ်ရခြင်းမှာလည်း စကျွန်ုပ် ဆံပင်တည်းဟူသော ရူပါရုံတို့ ပေါင်းဆုံမိတည်ရှိသော် ပဋိစ္စသမုပ္ပါဒ်ဝိညာဏ်သည် ဖြစ်ပေါ်၏။ ယင်းဝိညာဏ်၏ ဖြစ်စဉ်, ဖြစ်ဆုံးကို သာလျှင် ဇာတိဒုက္ခနှင့် မရဏဒုက္ခဆိုသည်။

ချစ်သူနှင့်အတူနေရခြင်းဒုက္ခ

ထို့ပြင် "ဓမ္မစက္ကပဝတ္တန" သုတ်၌-

"အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" ဟူသောစကားတော်အရှုမှာလည်း မချစ်မနှစ်သက်သော သူတို့နှင့် ပေါင်းဖော်ယှဉ်တွဲရခြင်းသည် ဆင်းရဲ၏ဆိုသည်။ ဤစကား းတော်သည် အနှစ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အနေဖြင့် တိုက်ရိုက် ဝန်ခံရုမည်သာ ဖြစ်၏။ သို့သော် ဗျတိရိုက်နည်းအားဖြင့် "ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" ဟု အပြန်အားဖြင့် ဆိုသောစကားကိုမူကား— ပုထုဇဉ်ကလက်ခံမည်မဟုတ်၊ အဘယ်ကြောင့်ဆိုသော် ချစ်သောသူတို့နှင့် ယှဉ်တွဲ၍ နေရခြင်းသည် မွန်မြတ်သော အရသာဟူ စွဲလမ်းထားသောကြောင့်ပေတည်း။

ထို့ပြင် "ယံပိစ္ဆံ နလဘတိ, တမ္ပိ ဒုက္ခံ" ဟူသော စကားမှာလည်း အကြင်အလိုရှိအပ် ဘောင့်တအပ်သော အရာ ဝတ္ထုတခုခုကိုမရ၊ထိုမရခြင်းသည်လည်း ဆင်းရဲ၏ဟု ဟောတော်မူ၏။ ဤစကားတော်ကိုလည်း အနှစ်ပုထုဇဉ်က သွက်သွက်ကြီး လက်ခံမည်ဖြစ်၏။ သို့သော် အပြန်အားဖြင့် "ယံပိစ္ဆံ လဘတိ, တမ္ပိဒုက္ခံ" ဟူသော စကားကိုတော့လက်ခံမည် မဟုတ်ပေ၊ အဘယ်ကြောင့်

ဆိုသော် အကြင် အလိုရှိအပ် တောင့်တအပ်သည့် အရာဝတ္ထု တခုခုကိုရ၏၊ ထိုသို့ ရခြင်းကို ဒုက္ခဟု မထင်နိုင်ပေ၊ သုခဟူ၍ ထင်မြင်ရန် အကြောင်းရှိသောကြောင့်ပေတည်း။

သို့သော် တမ်ဗို့ဒ်"ပိ"သဒ္ဒါဖြင့် ဗျတိရေကနည်းကိုပါ ပေါင်း၍ ဟောသောကြောင့်၎င်း၊ ဒေသနာတော်၏ ဝါကျအဆုံးတွင် "ပဋ္ဌုပါဒါနက္ခန္ဓာဒုက္ခာ"ဟူ၍ ဟောတော်မူသောကြောင့်၎င်း၊ ဥပါဒါနက္ခန္ဓာ ငါးပါး ပဋိစ္စသမုပ္ပါဒ, ဗဟိဒ္ဓ သမုပ္ပန္န တရားတို့သည် ဖြစ်လေသမျှဇာတိဒုက္ခ,ချုပ်ပျောက်လေသမျှ နိရောဓ ဓမ္မ မရုဏဒုက္ခဟု ဟောတော်မူသည်မှတ်။

ဥပါဒါန်ပြုတ်မှုမီးငြိမ်း

ဤပဋိစ္စသမုပ္ပါဒဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါး တို့သည် ဇာတိမီး, ဇရာမီး, မရဏမီးတို့သော ဖြစ်ကြလေကုန်၏။ တကယ်ပု တကယ်သောင်္ကျမ်းသော မီးတို့သော ဖြစ်၏။ အဘယ်သို့ လောင်ကျမ်းသနည်း? လောဘဖြစ်ခဲ့သည်ရှိသော် ဖြစ်စမှာ ဇာတိမီးပေတည်း။ ဖြစ်လယ်မှာ ဇရာမီးပေတည်း။ ဖြစ်ဆုံးမှာမရဏမီးပေတည်း"သောက, ပရိဒေဒ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ" စိုးရိမ်းခြင်း၊ငိုကြွေးခြင်း၊စိတ်ဆင်းရဲခြင်း၊နှလုံးမသာယာခြင်း၊တရှိုက်ငင်ငိုကြွေးရခြင်း အစရှိသည် တို့သည် ဖြစ်စ, ဖြစ်လယ်, ဖြစ်ဆုံး သုံးပါးလုံး တို့သည် ဇာတိမီး,ဇရာမီး,မရဏမီးတို့ ပေကည်း။ ထိုမီးတို့သည် အထည်ဒြပ်, ဥပါဒ်,ဋ္ဌ,ဘင် မရှိ၊ နိဿတ္တ, နိဇ္ဇီဝ သဘောသာ ဖြစ်ကြ၏။ အစိုင်အခဲမရှိဘဲ ဥပါဒါန် အစုံကြောင့် လောင်နေသောမီးဟု ဆိုလိုသည်။ ထိုမီးငြိမ်းသော သူသည် အစုံဥပါဒါန်ပြုတ်မှု မီးငြိမ်းလေတော့သည်။

ဥပါဒါနကွန္ဓာသည်ဘေး

ဥပါဒါနေ ဘယံ ဒိဿ၊ ဇာတိမရဏ သမ္ဘဝေ၊
အနုပါဒါ ဝိမုစ္စန္တိ၊ ဇာတိမရဏ သင်္ခယေ။

—ဥပရိဏ္ဏာသပါဠိတော်

ဇာတိမရဏသမ္ဘဝေ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်းတို့ဖြင့် အမြဲမပြတ်ဖြစ်၍နေသော။ ဥပါဒါန်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တည်းဟူသော ဥပါဒါနကွန္ဓာ ငါးပါး၌။ ဘယံ၊ လောကသံသရာဟူသောဘေးကို။ ဒိဿ၊ ဉာဏစက္ခုရိယဟူသောဉာဏ်ဖြင့် သိမြင်ကြကုန်သည်ဖြစ်၍။ ဇာတိမရဏသင်္ခယေ၊ ဇာတိမရဏစသော မီးတို့၏ ငြိမ်းရာကုန်ရာ ဖြစ်သော နိဗ္ဗာန်ကိုဆိုသည်။ အနုပါဒါ၊ ဥပါဒါနကွန္ဓာငါးပါးမှ ကင်းသည်ဖြစ်၍။ ဝိမုစ္စန္တိ၊ လွတ်မြောက်တော်မူကြကုန်၏။

ဤသို့ ဟောတော်မူအပ်သော ဒေသနာတော်နှင့်အညီ သပ္ပုရိသ အရိယာအပေါင်း သူတော်ကောင်းတို့သည် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟူသော ဥပါဒါနကွန္ဓာငါးပါးကို ကြောက်ခမန်းလိလိ ဘေးအတိ ဖြစ်နေသည်ကို ဉာဏစက္ခုရိယသမ္မာဒိဋ္ဌိဉာဏ်ဖြင့် မြင်တော်မူကြ၍ တဆယ့်တပါးသော မီးတို့၏ ကုန်ရာငြိမ်းရာ ဖြစ်သော၊ ဝါ။ ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နဟူသော ဥဒယဗ္ဗယ ဥပါဒါနကွန္ဓာလောကမှ လွတ်မြောက်ကြကုန်၏ဟု ဆိုလိုသည်။

ဇာတိနှင့်ဇရာမရဏကို ပြဆိုခြင်း ပြီး၏။

ပထမကဏ္ဍ ပြီး၏။

ဂဟဏုပါဒါန် ဝါဒကို ပြဆိုခြင်း

ဒုတိယကဏ္ဍ

ဂဟဏုပါဒါနံနာမ ကာမုပါဒါနာဒီကံ စတုဗ္ဗိဓံ။

—မူလပဏ္ဏာသ အဋ္ဌကထာ

ဂဟဏုပါဒါနံနာမ၊ ဂဟဏုပါဒါန်မည်သည်ကား။ ကာမုပါဒါနာဒီကံ၊ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်ဟူ ဆိုအပ်သော ဥပါဒါန်တရားသည်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

ဤ ဂဟဏုပါဒါန်ဟူ ဆိုအပ်သော ဝါဒသဘောသည် မူလအခြေခံအလုပ်တရားဖြစ်၏။ ရှင်းပြဦးအံ့- "တဏှာပစ္စယာ ဥပါဒါနံ" ဟူသော ဒေသနာကျမသည်ပင်စီစဉ်သမုပ္ပါဒ် နောက်ပိုင်းတွင် တဏှာမူလဖြစ်၏။ ထို့ကြောင့် ဥပါဒါနကွန္ဒာ ငါးပါးသည် အဝိဇ္ဇာနှင့် တဏှာကြီးစိုး၍ အစဲ့သန်သော ခန္ဓာပေတည်း။

တဏှာမရှိသော ခန္ဓာ

ယင်းခန္ဓာသည် တဏှာမရှိသော ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာတို့မှာ ဥပါဒါန်အစဲ့ကြောင့်ဖြစ်သော ပဥ္စုပါဒါနကွန္ဒာသည် နိ

ရောဓမ္မဖြစ်၍ ချုပ်ငြိမ်းတော်မူကြကုန်၏။ယင်းဥပါဒါနက္ခန္ဓာ ချုပ်ငြိမ်းခြင်းကို အကြောင်းပြု၍ ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာ အသျှင်မြတ်တို့ကို ကိလေသ ပရိနိဗ္ဗုတ အသျှင်မြတ်တို့ဟူ၍ မှတ် အပ်ကုန်၏။ တဆောင်ငါးရာ ကိလေသာ ရန်ဘေးမှ ကင်းဝေး တော်မူကြသဖြင့် (ကိလေသာ စုတ်ကျပြီးသော အရဟာတ္တဖိုလ်ကို ယူ)ထို့ကြောင့် ကိလေသ ပရိနိဗ္ဗုတပုဂ္ဂိုလ်ဟု ခေါ်သည်။ ဥပါ ဒါန်အစဲ၌ရှိသော ပဋ္ဌုပါဒါနက္ခန္ဓာ ငါးပါးတို့သည် ထိုအရဟာတ္တ ဖိုလ် ပုဂ္ဂိုလ်၌ ငြိမ်းပြီး ချုပ်ပြီး စုတ်ကျပြီး ဟူ၍မှတ်အပ်၏။ထို့ ကြောင့် မူလ ပဏ္ဏာသဋ္ဌီကာ၌-

တတ္ထ ဂဟဏ္ဏု ပါဒါန ဝါဒိနော အာစရိယာ
"အနုပါဒါ ပရိနိဗ္ဗာနန္တိ စုတ္ဥသု ဥပါဒါနေသု
အညာဇရေနာပိ ကဠေဓမ္မံ အဂ္ဂဟေတ္ဝာ ပဝတ္တံ
အရဟတ္တဖလံ အနုပါဒါ ပရိနိဗ္ဗာနံ"န္တိ ကထေန္တိ။

တတ္ထ၊ ထို"အနုပါဒါပရိနိဗ္ဗာနံ"ဟူသော ပါဋိ၌။ ဂဟဏ္ဏု ပါဒါန ဝါဒိနော၊ပဋ္ဌုပါဒါနက္ခန္ဓာ ဝါဒရှိကြကုန်သော။ အာ စရိယာ၊ ဆရာ တို့သည်။ အနုပါဒါ ပရိနိဗ္ဗုနန္တိတ္ထေ၊အနုပါဒါ ပရိနိဗ္ဗာနံဟူသော ဤပါဋိ၌။စုတ္ဥသု၊ သေးပါးကုန်သော။ ဥပါ ဒါနေသု၊ ဥပါဒါန်တရားတို့တွင်၊အညာဇရေနာပိ၊ တပါးပါးဖြင့် လည်း။ ကဠေ၊ တစုံဘခုသေ ဓမ္မံ၊ တောဘူမကတရားကို၊ဝါ၊ပဋိ သန္ဓေ ရှာဖွေကြောင်းဖြစ်တဲ့ တရားကို။ အဂ္ဂဟေတ္ဝာ၊ မစဲလမ်း မူ၍။ ပဝတ္တံ၊ဖြစ်သော။ အရဟတ္တဖလံ၊ အရဟာဖိုလ်ကို။ အနုပါ ဒါ ပရိနိဗ္ဗာန်၊အနုပါဒါ ပရိနိဗ္ဗာန်ဟူ၍။ ဝါ၊ အနုပါဒိသေသ နိဗ္ဗာန်ဟူ၍။ကထေန္တိ၊ဆိုကြကုန်၏။

အမှာ။ ။သေသကာဒီး .... ဝိပါက်ကမ္မဇကြွင်းသော ဘူတရုပ်ကြီး လေးပါးနှင့်တကွ ပရမတ္ထခန္ဓာတော်ကိုယူ။ ထို အရဟတ္တဖိုလ် ဖြစ်သော် ပရမတ္ထ ခန္ဓာတော်သည် တထောင့်ငါးရာ ကိလေသာတို့ စုတိကျပြီး၍ ကြွင်းကျန်ရစ်သော ခန္ဓာတော်ဖြစ်သည်၊ ဝိညာဏဋ္ဌိတိ, ဝိညာဏစရိယ, ဝိညာဏံမဏ္ဍမည်သော ပရမတ္ထ အဗျာကတ အနုသယ ဝိပွယုတ္တ ဖြစ်သော အသင်္ခတ ဝိညာဏ်တော်တို့ ကိန်းအောင်း စပွယ်တော် မူသော ခန္ဓာတော်ဖြစ်၏။

အောင်သော မာန်ငါးပါး

၁။ ယင်း ခန္ဓာ၏ နောက်ဆုံးတွင် ဝိပါက်ကမ္မဇခန္ဓ ပရိနိဗ္ဗာန်ပြုရန်သာ ကျန်တော့သည်။ ပဋိသန္ဓေကို ရှာဖွေကြောင်း ဖြစ်တဲ့ ကိလေသာခန္ဓာမှာ သေပြီး, စုတိကျပြီး, ငြိမ်းပြီးဖြစ်၍ ခန္ဓာမာရ်ကို အောင်ပြီ ဟူ၍ဂုဏ်း။

၂။ ပဋ္ဌုပါဒါနက္ခန္ဓာ စုတိကျပြီးဖြစ်သောကြောင့်မစ္စုမာရ်ကို အောင်ပြီ ဟူ၍ဂုဏ်း။

၃။ ပဋိသန္ဓေကို ရှာဖွေကြောင်းဖြစ်တဲ့ အာဘိသင်္ခာရ တရားတို့သည် အကြွင်းမရှိ ချုပ်ငြိမ်းတော်မူကြသဖြင့် အာဘိသင်္ခါရမာရ်ကို အောင်ပြီ ဟူ၍ဂုဏ်း။

၄။ တထောင့်ငါးရာ ကိလေသာ အကြွင်းမရှိ စုတိကျ ချုပ်ငြိမ်းတော်မူသဖြင့် ကိလေသာမာရ်ကို အောင်ပြီ ဟူ၍ဂုဏ်း။

၅။ ဘုံသုံးပါး၌ ဒေဝရာဇ်တဆူ မင်းမူ၍နေသော လောကသင်းကျစ် ဒေဝပုတ္တ မာရ်ညစ်၏ နယ်မြေမှ လွတ်မြောက်တော်မူကြသဖြင့် ဒေဝပုတ္တမာရ်ကို အောင်ပြီ ဟူ၍ဂုဏ်း။

ဘုရား ရဟန္တာ အသျှင်မြတ်တို့၏ လက်ရှိ အခြေအနေကို သဒ္ဒိဋ္ဌိက, အကာလိက သဘောကို ကြည့်၍ ဆုံးဖြတ်ရာ၏။ ဤကား.... ပဋ္ဌုပါဒါနက္ခန္ဓာမှ လွတ်မြောက်၍ မာရ်ငါးပါးကို အောင်မြင်တော်မူပုံတည်း၊

ထိုကဲ့သို့ ပဋ္ဌုပါဒါနက္ခန္ဓာကို မယူဘဲ ဝိပါက်, ကမ္မဇ ခန္ဓာကို ယူလျှင် မာရ်ငါးပါးလက်ရှိ အောင်မြင်ရန် ခက်ခဲပေလိမ့်မည်။ ထို့ကြောင့် ဂဟဏုပါဒါန်ဖြစ်သော ဝါဒသည် ပထမ မိဂဒါဝုန်မှ ဓမ္မစကြာကို အုဒ္ဓံမြစ်ချခဲ့သော ပဋ္ဌုပါဒါနက္ခန္ဓာ ဝါဒ ဟူ၍မှတ်။

ဤ ဂဟဏုပါဒါန် ဝါဒ၌ ယခုရှင်းပြခဲ့သော အရဟတ္တဖိုလ် ကို အနုပါဒိသေသ နိဗ္ဗာန် ဟူ၍ဂင်း၊ အနုပါဒါ ပရိနိဗ္ဗုတ ပုဂ္ဂိုလ် ဟူ၍ဂင်း မှတ်အပ်၏။

ထိုရဟန္တာအသျှင်မြတ်တို့၏ ဝိညာဏ်တော်သည် လောကဓမ် တရား ရှစ်ပါးနှင့် တွေ့ဆုံ ရင်ဆိုင် ရငြားသော်လည်း—

၁။ နကမ္ပတိ = မတုန်မလုပ်။
၂။ အသောကံ = စိုးရိမ် ကြောင့်ကြခြင်းလည်း မရှိ။
၃။ ဝိရဇံ = ကိလေသာရန်ဟူသော မြူမှု မရှိ။
၄။ ခေမံ – ဥပဓိလေးပါးတည်းဟူသော ဘေး မရှိ။

ရင်းလင်းချက်

၁။ နကမ္ပတိ။ ။ဤ နကပ္ပတိ ဟူသော ပုဒ်၌ မတုန်မလှုပ် ဟူ၍ မြန်မာ ပြန်ဆိုရာဝယ် ဗဟုသုတ နည်းပါးသော ပုဂ္ဂိုလ်တို့သည် ဤမြန်မာ ပြန်ဆိုချက်ကို မိမိတို့၏ ဥပါဒါန် စိတ်နှင့်

စာနာ၍၍၊ ဝါ၊ အတူပြု၍ ကောင်းသဘော မျိုးဖြင့် အတူတူပါဘဲဟု ယူဆကြပေလိမ့် မည်။ ဤလို ယူဆခြင်းသည် မဟာအမှား တော်ကြီးပေတည်း။

သာဓက တခုမှာ—

အသျှင် မဟာမောဂ္ဂလာန် ရဟန္တာသည် မိမိအား သတ်ရန် ခိုးသားတို့ လာသောအခါ အသတ်မခံဘဲ စျာန် တန် ခိုးဖြင့် ရှောင်ရှားနေသည့် အချက်မှာ ဗဟုသုတ နည်းပါးသူတို့စိတ် နှင့် ဝေဘန်၍ကြည့်လျှင် သေရမှာ ကြောက်သဖြင့် တုန်လှုပ်၍ သာ အသတ်မခံဘဲ ရှောင်ရှားသည်ဟူ တွေးတောမိပေလိမ့်မည်။ ဤကဲ့သို့ ဝေဘန် တွေးတောလျှင် ဗျတိရေကနည်း အပြန်အား ဖြင့် အသတ်ခံနိုင်သော နှလုံးရည်ရှိမှ "နကမွတိ" အစစ်ဖြစ်သည် ဟု ယူဆလိုပါသလား။ ဤကဲ့သို့ ယူလျှင် ကျားခြင်္သေးသော ရဟန်းတော်ကလေးအတွက် နောက်မှ မီးရှူး, မီးတိုင်, တောင်ဝှေး တို့ကို ကိုင်၍ လိုက်တော်မူကြတဲ့ အာသဝကင်းစင် ရဟန္တာ အသျှင်တို့သည်ပင် အံမဝင် ဂွင်မကျဘဲ တသီတတန်းကြီးမှားပြီး မှားလို့မဆုံး ရောက်ရအုံးတော့မည်။

ဤ "နကမွတိ" ဟူသော ပုဒ်သည် လျှို့ဝှက်သော ပုဒ်အနက် ရှိသောကြောင့် ပဒတ္ထဂုဇ္ဇာ ပဓဟဋ္ဌိမျိုးကဲ့သို့ဌင်း၊ ရှေ့အစွန်း နှင့် နောက်အစွန်းနှစ်ပါးကို မထင်နိုင်အောင် ကွယ်ဝှက်၍ နေသောကြောင့် ဥဘယစ္ဆန္နေ ပဟေဠိမျိုးကဲ့သို့ဌင်း ဖြစ်ချေသည်။ ထို့ကြောင့် "နကမွတိ" ပုဒ်၏ အတ္ထပဒ်သမ္ဘီဒါကို ဖော်ထုတ် ရန်မှာ အလွန်နက်နဲသော ဂမ္ဘီရယထာဖြစ်၍ ဉာဏ်မရှိသူ, ဉာဏ်

နှည်းသူတို့ မဖောက်ခဲ့နိုင်ဘဲ ရှိရလေသည်။ ထိုသို့ပင် ဖြစ်လင့်ကစား- အသင့်ယုတ်ရှိသော သဘာဝကို ရှာရလျင် အကြင် ရဟန္တာပုဂ္ဂိုလ်သည် သံသရာဘေးကို ကြောက်တတ်, လန့်တတ်, တုန်လှုပ်တတ်တဲ့ ဝိညာဏ်ကား-မူရှိတော့ပြီ ဖြစ်၍ "နကမ္ပတိ" မတုန်လှုပ်ဟု မှတ်ခဲလေ။

၂။ အသောကံ။ ။မစိုးရိမ်၊ ဝါ၊ စိုးရိမ်ကြောင့်ကြတတ်သော ဝိညာဏ် မရှိ။

၃။ ဝိရဇံ။ ။ရန်ဟူ၍ မြူမျှ မရှိ။ ဝါ၊ ဘဝတိုင်း ဘဝတိုင်း ဘုံးဘုံးလဲ မထနိုင်အောင် သတ်တတ်တဲ့ ဝဓကရန်ဝိညာဏ်လည်း မရှိ။

၄။ ခေမံ ။ဘေးရန်လည်းမရှိ။ ဝါ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ ဟူသော ဥပဓိဘေးရန်လည်း မရှိ။

ဤကဲ့သို့ယူမှု ယထာဘူတ ယထာရဟ ယထာဓမ္မ သဘာဝကျမည် ဖြစ်သောကြောင့် ပညာအမော် ကဝိကျော်တို့ ဉာဏ်မဟော် ကွန့်မြူးနိုင်ကြပါစေသတည်း။

ဥပါဒါနက္ခန္ဓာငါးပါး၊ ချုပ်ငြိမ်းပြီးသော ထိုရဟန္တာပုဂ္ဂိုလ်အား မင်္ဂလာအမြဲတေ ကိန်းဝပ်ရမည် ဖြစ်သောကြောင့်—

"မင်္ဂ• ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ"

ဟူသော ဝစနတ္ထအရ ပဥ္စုပါဒါနက္ခန္ဓာဟူ ဆိုအပ်သော မကောင်းမှုမျိုးကို၊ ဝါ၊ပဥ္စုပါဒါနက္ခန္ဓာမည်သော ဝဓကသူသတ်

သမားကို အရဟာတ္တမက် ဓားသံလျက်ဖြင့် မျိုးပြုတ်အောင် ပယ်ဖြတ်တတ်သော သူတို့ကြောင့် မင်္ဂလာမည်၏ဟူ၍ မှတ်ပါ၊လေ။

အရဟတ္တဖိုလ် ဝိညာဏ်တော်

ယခုပြဆိုခဲ့သော ဂဟဏုပါဒါန်ဝါဒ၌ အနုပါဒိသေသနိဗ္ဗာန်သည်ကား....

အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိတိ

အရဟတ္တဖလံ အနုပါဒါ ပရိနိဗ္ဗာနန္တိ ကထေန္တိ။

အနုပါဒါယ၊ ဥပါဒါန်တို့ဖြင့် မစဲလမ်းမူ၍။ အာသဝေဟိ၊ ကာမ, ဘဝ, ဒိဋ္ဌိ, အဝိဇ္ဇာ ယင်းလေးဖြာတို့မှ။ စိတ္တံ၊ အရဟတ္တဖိုလ်စိတ်သည်။ ဝါ၊ အနုသယ ဝိပ္ပယုတ္တ နာနုသယ သမ္ပယုတ္တ ဖြစ်တော်မူဘော အရဟတ္တဖိုလ် ဝိညာဏ်တော်သည်။ ဝိမုစ္စိ၊ မာရ်မင်း၏ နယ်မြေမှ လွတ်မြောက်တော်မူပြီ။ ဣတိ၊ ဤသို့-ဝ စနတော၊ ဘုရားရှင်ဟောတော်မူသောကြောင့်။ အရဟတ္တဖလံ၊ အ ရ ဟ တ္တ ဖိုလ် ကို။ အနုပါဒါပရိနိဗ္ဗာနန္တိ၊ အနုပါဒိသေသ။ ပရိနိဗ္ဗန္တဟူ၍၊ ဝါ၊ တထောင့်ငါးရာကိလေသာတို့မှ ငြိမ်းအေးတော်မူသဖြင့် စက္ခု သောတ, ဃာန, ဇိဝှါ, ကာယ, ဝိညာဏ် ဝိပါက်ကမ္မဇ ပရမတ္ထတို့၏ တာဝန်သာ ကြွင်းကျန်တော့သဖြင့် ကိလေသာ ငြိမ်းအေးသော အနုပါဒိသေသ နိဗ္ဗာန်တော်မြတ်ဟူ၍။ အာစရိယာ၊ ဇီနဝ စနယုတ္တ ဖြစ်တော်မူဘော ဝါဒအမော်ဆရာကျော်တို့သည်။ ကထေန္တိ၊ ဟောပြောပြသ ဆိုဆုံးမ၍ ဖွင့်ပြတော် မူကြကုန်၏။

ဤဝါကျ၌ ဘုရားရှင် ဟောတော်မူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဝုတ္တံသံဝဏ္ဏနာ နည်းတို့ဖြင့် ဖွင့်ပြတော် မူကြ သောကြောင့်

အဋ္ဌကထာဆရာနှင့် ဋီကာဆရာတို့သည် အညမည, သံသန္ဒန အချင်းချင်း နှီးနှောမိကြသဖြင့် ယင်း ဂဟဏုပါဒါန် ဝါဒသည် အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်သောကြောင့် အလေး အမြတ်ပြု၍ မြဲမြံစွာ ယူအပ်သော ဒဋ္ဌိကမ္မ, ဒဋ္ဌဂ္ဂဟဏ ဖြစ်ပေ လိမ့်မည်ဟု ယောဂီသူတော်စဉ်အပေါင်းတို့အား ညွှတ်ပြောင်း ဆန္ဒ ဗလဝ စေတနာ ဝေဖြာ ဖြိုးမောက်၏ဟူလို။

ဤတွင် ဂဟဏုပါဒါန်ဝါဒကို ပြဆိုခြင်းငြိုး၏။

သခ်ၤတအနတ္တနင့်
အသခ်ၤတအနတ္တကို
ပြဆိုခြင်း

သခ်ၤတာ သခ်ၤတဓမ္မာ အတ္တာသ
အဘာဝတော အနိတ္တာနာမ။

-ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ

သခ်ၤတာ သခ်ၤတဓမ္မာ၊သခ်ၤတ အသခ်ၤတ တရားနှစ်ပါးသည်။ အတ္တာသ၊ အနှစ်အသား ဖြစ်သောအတ္တ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ အနတ္တာနာမ၊ အနတ္တမည်၏။

အနိစ္စနှင့် ငြမ်းဝါးတို့တူ၏

သခ်ၤတ တရားကို အနတ္တဟု ရှုလျှင် သင့်တော် ပါသေး၏။ အသခ်ၤတ တရားကို အနတ္တဟု ရှုရမည်မှာ အချို့သော ယောဂီပုဂ္ဂိုလ်တို့သည် မရဲတရဲ ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ မဖြစ်သင့်၊ အတွေးအခေါ် အံချော်နေလိုသာ သံသယဖြစ်၏ဟု မှတ်ပါ။

အနိစ္စ ဆိုသော အသံ သဒ္ဒါ နိရုတ္တိ။
ဒုက္ခ ဆိုသော အသံ သဒ္ဒါ နိရုတ္တိ။

အနတ္တ ဆိုသော အသံ သဒ္ဒါ နိရုတ္တိ။
အသုဘ ဆိုသော အသံ သဒ္ဒါ နိရုတ္တိ။
ဝယ ဆိုသော အသံ သဒ္ဒါ နိရုတ္တိ။
ဝယ ဆိုသော အသံ သဒ္ဒါ နိရုတ္တိ။

ဤ အက္ခရာအစဉ် သဒ္ဒါ အစဉ် ဖြစ်သော နိရုတ္တိတို့တည် အသံကို ကြားရုံမျှနှင့် နိဗ္ဗိန္ဒာဏ်ကို ရနိုင်သော အသံမျိုးဖြစ် ခဲ့၏။ ပဟာတဗ္ဗဖြစ်သော၊ ဝါ၊ ပယ်အပ်သော သဘောတို့သာ ဖြစ်ခဲ့၏။ ထိုဘရားတို့သည် အလွန်အေးမြသော "သီတီဘာဝ သန္တိသုခ" ဖြစ်သော အနာလမ္ဗဏ ပရမတ္ထ သမ္မာယိကနိဗ္ဗာန် တော်မြတ်ကို ပိတ်ဆိုဖုံးကွယ်၍ နေကြသော ငြမ်း ဝါး တို့နှင့် တူ၏။

စေတီတဆူကို တည်သော အ ခါ ငြမ်း ဝါး အ ထောက် အပံ့မခံဘဲ စေတီ တည်ထားရန် မလွယ်လှချေ။ ဝါ၊ မဖြစ်နိုင် ချေ။ စေတီပြီးစီးအောင် ထိုငြမ်းကို ဆင်၍ထားရ၏။ စေတီပြီး သောအခါ ယင်းငြမ်း ဝါးတို့ကို မဖျက်ဘဲ ထားက ကြည့်ညိုလို ဆည်းကပ်လိုသူတို့ကို ကွယ်ကာ အနှောတ်အယှက် ပေးတိသကဲ့ သို့ ထိုအနိစ္စစသော ငြမ်း ဝါးတို့ကိုလည်း ပြုဘွယ်ကိစ္စ အားလုံး ပြီးခဲ့လျှင် ပယ်ဖျက်ရမည်ဟူလို။

"အနတ္တာ အသာရကဋ္ဌေန" အနတ္တ တရားသည် အနှစ် အသားမရှိဟူတော်အချက်၊ "အနတ္တာတိ ထာမကဋ္ဌတ္တာ နတ္ထိ" အနတ္တတရားသည် အဓောက်အပံ့ အကူအညီမခံဘဲ မိမိစိတ် တိုင်းကျ ဖြစ်ပေါ်တည်ရှိနိုင်သော အားအစွမ်းသတ္တိ မရှိသော ကြောင့် အနတ္တ မည်သည်ဟူသော အချက်၊ "အနတ္တာ အသရဏ

ဌေန” အနတ္တတရားကိုဆည်းကပ်ကိုးကွယ် ကြည်ညိုစရာတရား မဟုတ်ဟူသောအချက်တို့သည်ပင်သမ္မိဒါမက်အဌကထာ၌လာ၏။ (ပဋိသမ္မိဒါမက်အဌကထာဆရာသည် အသျှင်သာရိပုတြာ ဟောကြားတော်မူသောပဋိသမ္မိဒါမက်ပါဠိတော်ကိုဖွင့်ပြတော်မူသော အဌကထာအသျှင်မြတ် ဖြစ်ပေသည်။) ပါဠိတော်၌ကား အနတ္တတရားကို အနုလောမ ခန္တီဉာဏ်, ပုဗ္ဗဘာဂနိဗ္ဗာန်၌ ထားရှိ၍ ပစ္ဆာနိဗ္ဗာန်ဖြစ်သောပရမတ္ထတရားကို “သမ္မတ္တနိယာမ” ဉာဏ်၌ သွင်းရှုဟောတော်မူ၏။ပါဠိတော်၌ကား အလွန်ပင် ရှင်းလှ၏။ နိဗ္ဗာန်သည် နိရုတ္တိသဘောအားဖြင့် အမျိုးမျိုး ကဲ့ပြားသောကြောင့် အဘယ်လိုနိဗ္ဗာန်ကို အနတ္တဟူဖွင့်ပါသနည်း၊ နိဿရဏမည်သော တရားတို့သည် နိဗ္ဗာန်၏ အမည်တို့သာ ဖြစ်ကုန်၏။ ထို့ကြောင့် အဘိဓမ္မာဝတာရအဌကထာ၌—

နိဿရဏန္တိ ဟိ နိဗ္ဗာနသောဟံ နာမံ။

ဟိ၊ ထွက်မြောက်ရာဖြစ်သော နိဿရဏကို နိဗ္ဗာန်ဟုဆိုခြင်းသည် သင့်စ့။ နိဿရဏန္တိတေံ၊ နိဿရဏံဟူသော အမည်သည်။ နိဗ္ဗာနသ၊နိဗ္ဗာန်၏။နာမံ၊အမည်တည်း။

ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မံ။

ယဒိဒံနေက္ခမ္မံ၊ အကြင်ကာမမှ ထွက်မြောက်ရာ ဖြစ်သော နေက္ခမ္မမောတ်သည်။ အတ္ထိ၊ရှိ၏။ ကာမာနံ၊ ကာမတဏှာတို့မှ။ နိဿရဏံ၊ထွက်မြောက်ကြောင်းဖြစ်သော။ တေံနိဿရဏံ၊ ဤပထမစျာန် ဘာဝနာတည်းဟူသော နိဿရဏသည်းတပါး။

ရူပါနမေတံ နိဿရဏံ၊ယဒိဒံ အရူပံ။

ယဒိဒံအရူပံ၊အကြင်းအရူပစျာန်သည်။ အတ္ထိ၊ရှိ၏။ ရူပါနံ၊ ရုပ်တရားတို့မှ။နိဿရဏံ၊ ထွက်မြောက်ကြောင်းဖြစ်သော။ တံ နိဿရဏံ၊ကျ အရူပစျာန်ဟုဆိုအပ်သော နိဿရဏသည်းတပါး။။

ယံ ဧဝါ ပန ကိဉ္စိ ဘူတံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ
နိရောဓော တဿ နိဿရဏန္တိ ဟိဓုတ္တံ။

ဘူတံ၊ထင်ရှားဖြစ်သော၊ သင်္ခတံ၊ သင်္ခာ တရားဟုဆိုအပ်သော။ ပဋိစ္စသမုပ္ပန္နံ၊ ဖြစ်ပြီးလျှင်ပျက်သော ပဋိစ္စသမုပ္ပန္နံမည်သော။ ယံကိဉ္စိဘူတံ၊ အကြင်းဥပါဒါနက္ခန္ဓာ ငါး ပါး သည်။ အတ္ထိ၊ရှိ၏။ တဿ၊ ထိုခန္ဓာငါးပါး၏၊ ဝါ၊မှ။ နိဿရဏံ၊ ထွတ်မြောက်ရာဖြစ် သော။ နိရောဓော၊ ဥပါဒါနက္ခန္ဓာ မှ ပုန်းအောင်းရာ လဲလျောင်းရာဖြစ်သော ပထမစျာန်သည် ကာမမှ ထွက်မြောက်သော ဓနကွမ္မခာတ်ဖြစ်၍၊ဝါ၊ နိဿရဏခာတ်ဖြစ်၍ ကာမ၏ အစီအမံ အခန့်အခဲ့ အပြုအပြင်သင်္ခတတရားတို့မှ လွတ်မြောက်သောကြောင့် အသင်္ခာအမည်သည် အချက်။

(“ဘူတံ” တခုတည်းရှိလျက်-နှစ်ခုအနက် ယောဇနာသည်မှာ သိလေသနည်း။)

ရဟန္တာပုဂ္ဂိုလ်၏စုတိနောင်မဟုတ်

ယင်းအဋ္ဌကထာဆရာ၏ အာဃာတကို ကောက်ချက်ချရလျှင် ကာမသင်္ခတ တရားတို့မှ လွတ်ရာ ပုန်းအောင်ရာ လဲလျောင်းရာဖြစ်သော ပထမစျာန်သည် ကာမမှ ထွက်မြောက်သော ဓနကွမ္မခာတ်ဖြစ်၍၊ဝါ၊ နိဿရဏခာတ်ဖြစ်၍ ကာမ၏ အစီအမံ အခန့်အခဲ့ အပြုအပြင်သင်္ခတတရားတို့မှ လွတ်မြောက်သောကြောင့် အသင်္ခာအမည်သည် အချက်။

အရူပစျာန်သည် ကာမသင်္ခတ ရူပသင်္ခတ တရားတို့မှ ထွတ်မြောက်ရာ ပုန်းအောင်းရာ လဲလျောင်ရာ နိဿရဏခာတ် ဖြစ်သောကြောင့် အသင်္ခာမည်သည် အချက်။

ဥပါဒါနကၡန္ဓာ ငါးပါးမွ ထုတ္ေမြာက္ရာျဖစ္ေသာ ပုန္းေအာင္းရာျဖစ္ေသာ လဲေလ်ာင္းရာျဖစ္ေသာ ခ်ုပ္ငြိမ္းရာျဖစ္ေသာ နိဿရဏမည္ေသာ နိဗၺာနေဝတ်သည္ အဘိသခ်ၤရ, သခ်ၤတ တရားတို့၏ နယ္ေျမမွ ရွင္းရွင္းကြီး ကင္းကင္းကြီး လုတ္ေျမာက္ေတာ္မူကြသျဖင့္ အနတ္တရ, သမနန္တရ, နတ္ထိ, ဝိဂတျဖစ္ေသာ ဥပါဒါနကၡန္ဓာ ပစၥယအေၾကာင္း ပစ္ခဲ့သည္းဆက္တိုမွကင္းငြိမ္းေတာ္မူကြသျဖင့္ ပရိနိဗၺန္တ အရဟာတ္ဖိုလ္ဝိညာဏ္ေတာ္သည္ အသခ်ၤတမည္သည္အခ်က္။ (ပရိနိဗၺန္တဆိုသည္ကား...:ပရမတ္ထဓန္ဓာ စုတိသည္သာလ်င္ အဆုံးရွိ၏ဟု ဆိုလိုသည္။)

ထို့ေၾကာင့္သခ်ၤာ,အသခ်ၤတတရားနစ္ပါးသည္အနတ္တမည္၏ဟု အဋ္ဌကထာဆရာသည္ ဖြင့္ျပေတာ္မူသောအခ်က္မွာ ရဟန္တာပုဂၢိဳလ္၏ ပရိနိဗၺန္တစုတိေနာင္ ညြန္ၾကားေတာ္မူသည္ မဟုတ္၊ ကိုလေသာပရိနိဗၺုတ ပုဂၢိဳလ္တို့၏ အနုပါဒိေသသ နိဗၺာန္ေတာ္ျမတ္ကို ဖြင့္ျပေတာ္မူလိုရင္းျဖစ္သည္ဟု စိန္တာနုစိန္တန ျပဳေတာ္မူကြ၍ ကေန္တယထာဘူဘ, ယသာရဟ, ယထာဓမ္မ ျဖစ္ေပလိမ့္မည္ဟူလို ...။

ပဝိနိဗၺန္တစုတိေနာင္ ျဖစ္ေပၚလာေသာ အနတ္တ မည္ေသာ နိဗၺာန္ေတာ္ျမတ္ကို အသခ်ၤတ,ဟု ဝိေသသျပဳျခင္း၊ အနတ္တနိဗၺာန္ဟု ပညတ္ျခင္းငွာ ဝိေသသျပဳျခင္းငွာ လုန္စ့ာခဲယဉ္းေပလိမ့္မည္။ အဘယ္ေၾကာင့္နည္း....?

အနတ္တ နိဗၺာန္ေတာ္

ထိုနိဗၺာန္ေတာ္ျမတ္သည္=

၁။ သုဒၶိ = အသ့ယ္သ့ယ္ေသာ အညစ္အေၾကးမွ ကင္းေဝး၏။

၂။ မုတ္တိ = ဘူတရုပ်ကြီးလေးပါးမှ လွတ်တောင်မှု၏။
၃။ အနာလယံ= ဘယ်ဟာ တခုမှ မတောင့်တရာလည်း ဖြစ်၏။

၄။ နိပုဏံ = အထည်ခြုပ်မရှိ အလွန် သိမ်မွေ့လှ၏။
၅။ သုဒ္ဒသံ = ပညာဉာဏ်ဖြင့် ကျိုးကျိုးမျှ ထောက်ဆ နိုင်စရာ လွန်စွာခဲယဉ်း၏။

ဤကဲ့သို့ အတိဂမ္ဘီရ သဘာဝဖြစ်သော အနန္တနိဗ္ဗာန်တော် မြတ်ကို ဘုရားရှင်သည်ပင်လျှင် ဥပသိဝ ပုဏ္ဏားနှင့် ဝစ္ဆပရိဗိုဇ်, ကောဿလမင်းတို့ လျှောက်ထားရာ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, ကေစ္စသဿတ- ဒိဋ္ဌိ, အမရောဝိက္ခေပဒိဋ္ဌိ ဤဒိဋ္ဌိကြီးလေးမျိုးဖြစ် မည်စိုးသောကြောင့် "နဟေဝံ, နဥပေတိ, နယုဇ္ဇတိ" ဟု ဖြေဆို တော်မူ၏။ ထိုအခါ လျှောက်ထားသူတို့သည် မကျေနပ်ကြပေ။ ကျေနပ် နှစ်သက်အောင် ဖြေဆိုပြန်လျှင်လည်း လျှောက်ထားသူ တို့ ထောက်လှမ်းနိုင်ရာသော ဉာဏ်မရှိသောကြောင့် မြတ်စွာဘု ရားသည် ဖြေဆိုတော်မမူဟု မှတ်ရမည်။အကယ်၍ဖြေဆိုပြန်လျှင် လည်း နိဗ္ဗာန်၏ အနန္တသဘောကို နားလည်မည်မဟုတ်။

၁။ အစ္စုတ = ရွေ့လျှောခြင်းမရှိ။
၂။ အနိမိတ္တ = သင်္ခါ သင်္ခါရနိမိတ်ကင်းခြင်း။

ထိုနှစ်ပါးတို့သည်ကား သန္ဓိလက္ခဏာ၏ အခြံအရံမျှားဖြစ် ကြသည်။အနိမိတ္တအနတ္တကား အထည်ပြုဉာပါဒ်, ဌိ ဘင် မရှိ သော ဥပါဒါနက္ခန္ဓာက အနတ္တ ကောက်ခဲ့ပြီးဖြစ်သည်။ တခု တခုသောပရမတ္ထတို့တွင် လက္ခဏ, ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာနတို့ ကား ရှိကြ၏။ ထိုသို့ပင်ရှိသော်လည်း လက္ခဏာသည် ပကတိ

ပင်ကိုယ် သဘာဝဖြစ်၏။ ကျန်သုံးပါးတို့သည်ကား....လက္ခဏာ ၏ အခြံအရံများ အရိပ်အရောင်များ ဖြစ်ကြ၏။ ထို့ကြောင့် ပင်ကိုယ်မူလ သဘာဝသာလျှင် အချင်းခံဖြစ်လေသည်။ ယင်းသို့ ဖြစ်ခဲ့လျှင် ထိုနိဗ္ဗာန်ကို သစ်ါရ နိမိတ်ကင်းချ အနိမိတ္တ အနတ္တ, သစ်ါရတို့ သုဉ်းဆိတ်နေသဖြင့် သုညတ အနတ္တ,ဟု ခေါ်ဝေါ်သုံးစွဲလျှင် ယုတ္တိဘန်သလိုလို ရှိသော်လည်း ပကတိနိဗ္ဗာန်၏ခေတ် သားအစစ်၏ ပင်ကိုယ်သဘောကိုယူ၍ သန္ဓိ,အနတ္တဟု ပညတ် တင်လျှင်တော့ဂန္ဆန္တရန္ဒစ်စုယ်စုံသော ကျမ်းတတ်ခေါင်ထိ ကဝိ အမော် ပဂ္ဂိုလ်ကျော်တို့သည်ကား လက်ခံနိုင်မည်မဟုတ်ပေ။ သုညတ အနတ္တနှင့် အနိမိတ္တ အနတ္တတို့ကို နိဗ္ဗာန်တော်မြတ်နှင့် ကေတ္ထ အတူပြု၍ ဟောကြပြောကြလျှင် ဥပါဒါနက္ခန္ဓာတို့၏ ခယ, ဝယကို သတိပြု၍ ဟောပြောရန် လိုပေလိမ့်မည်။

ရှင်းလင်းချက်။ ။ဥပါဒါနက္ခန္ဓာတို့သည် သတ္တ, ဇီဝမှသဉ်း ဆိတ်၍ သုညတ၊ သတ္တ,ဇီဝ နိမိတ်ကင်းသောကြောင့် အနိမိတ္တ၊ ဤသည်တို့ကား.....ပင်ကိုယ်သဘောဖြစ်၏။ နိတ္တဏှအားဖြင့် တိုက်ရိုက်ယူနိုင်၏။ သုညတ, အနိမိတ္တဟူသော သဘောတို့သည် ခယ,ဝယမည်သော ပင်ကိုယ်သဘောတရား အရင်းခံများ ဖြစ် ကြ၏။ ထို ခယသဘော ဝယ သဘောတို့သည်လည်း ပဋိစ္စ-သမုပ္ပန္န စက်ရဟပ် သံသရာဒီဃာလျှင် "ခယဓမ္မာ, ဝယဓမ္မာ" ဟု ခန္ဓာဝဂ္ဂသံယုတ်ပါဠိဟော ပရမတ္ထ ဓမ္မာရုံဖြစ်သော အနတ္တ ဓမ္မသုတ်၌ ဟောတော်မူ၏။ ၎င်းပါဠိတော် အနတ္တသုတ်၌ကား= "ခယဓမ္မာ, ဝယဓမ္မာ"ဟု ဟောတော်မမူ။ နိဗ္ဗာန်တော်မြတ်၏ အတိဂမ္ဘီရတ္ထဖြစ်တဲ့ ပရမတ္ထဘရား တော်ကိုကား သိသိကျင်းလို့ သတင်းတောင်မလွှင့်လေနှင့်။

ဘုရားရှင်မဖြေသောအမေး

တနည်း။ ။ပရိနိဗ္ဗာန်ပြုပြီးသော အနန္တ အသျှင်မြတ်တို့ကို လည်း သဗ္ဗညုတ ဘုရားရှင်ဃည်သာလျှင် သမန္တ စက္ခုဖြင့် ထင်ထင်ရှားရှား မြင်စွမ်းတော်မူနိုင်၏။ သာဝကတို့၏ ဉာဏ စက္ခုဖြင့်ကား အသင့်အတင့်သာ မြင်တော်မူနိုင်ကြ၏၊ အာရုံ ပြုတော်မူနိုင်ကြ၏။ ထိုအနန္တအသျှင်တို့သည်လည်း သတ္တဝါ ဟူသော ပညတ်ကို လွန်၍ နေတော်မူသဖြင့် ဥပသိဝပုဏ္ဏားနှင့် ဝစ္ဆပရိဗိုဇ်တို့၏ လျှောက်ထားရာဝယ်.....

သဇီဝ ရဟန္တာပုဂ္ဂိုလ်သည်စုတိသည်မှနောက် (သေပြီးသည်မှနောက်)ထပ်၍—

ဖြစ်သေးသလော?
မဖြစ်တော့ဘူးလော?
ဖြစ်သည်လည်းရှိ၊ မဖြစ်သည်လည်းရှိသလော?
ဖြစ် သည် လည်း မဟုတ် မ ဖြစ် သည် လည်း မဟုတ် သလော?

ဟု လေးမျိုးလေးထွေ လျှောက်ထားကြလေသည်။ ထိုအခါ ဘုရားရှင်သည် သဇီဝရဟန္တာ စုတိသည်မှနောက် ဖြစ်၏ဟု ဖြေခဲ့လျှင် ဖြေနိုင်စရာ အကြောင်းရှိ၏။ သို့သော် မဖြေခဲ့ပေ။ ဘာ့ကြောင့် မဖြေသနည်း? မြတ်စွာဘုရားသည် သတ္တဝါဟူသော ပညတ်ကို လွန်၍နေသည်ကို သိတော်မူသဖြင့်၎င်း ရူပသန်ဓိဝိဓိမုတ္တဖြစ်သည်ကို သိတော်မူသဖြင့်၎င်း၊ အကယ်၍ ငါဘုရားသည် သဇီဝရဟန္တာ ပုဂ္ဂိုလ် စုတိပြီးနောက် အနန္တအခနနှင့် ထပ်၍ဖြစ်၏ဟု ဖြေဆိုခဲ့လျှင် ငါဘုရား၏ ရှေးဉာဏ်

တော်နှင့် မေးလျှောက်သူတို့၏အတွေးအဆသည်မတိုက်ဆိုင်မိရာ၊ ပြဒါးတလမ်းသံတလမ်းဖြစ်ပေလိမ့်မည်ဟု သဘောတော်ရသဖြင့်ဖြစ်၊ သူ့အမေးနှင့် သူ၏အတွေးအဆမှာ သဘာဝတိဒ္ဌိ ဖြစ်မည်ကို မြင်တော်မူသဖြင့်ဖြစ်၊ အဖြေမပေးဘဲ နဉပတိ,နယုဇ္ဇတိ-မသင့်ဟု ပဋိသေဓပြု၍ ဖြေတော်မူသည်။ ဤကား....ပထမဝါရတည်း။

ဒုတိယဝါရမှာ ဥစ္ဆေဒဒိဋ္ဌိဖြစ်မှာ စိုးရိမ်တော်မူသည်။
တတိယဝါရမှာ ကေစ္စ သဿတ ဒိဋ္ဌိဖြစ်မှာ စိုးရိမ်တော်မူသည်။

စတုတ္ထဝါရမှာ အမရာဝိက္ခေပဒိဋ္ဌိဖြစ်မှာ စိုးရိမ်တော်မူသည်။

ကိုယ်တိုင်မြင်အောင် အားထုတ်မှု

ဤကဲ့သို့ စိုးရိမ်တော်မူသဖြင့် 'သာမံ ဇာနိတဗ္ဗော၊ သာမံ ပဿိတဗ္ဗော" အားဖြင့် ကိုယ်တိုင်သိ,ကိုယ်တိုင်မြင်အောင် အားထုတ်မှု "ဒဿန သမ္ပဒါ" နှင့်ပြည့်စုံမည်ဖြစ်သောကြောင့် အဖြေမပေးဘဲ ထားတော်မူသည်။ ထိုစကားမှန်၏၊ အဘယ်နည်း? နားပင်းသောသူကဲ့သို့ သူတပါးက အကျိုးတောင်သောအခါ စားမတိုထုတ်ပေးသကဲ့သို့ရင်း၊ ထမင်းစားပြီးပြီလားဟုမေးသောအခါ ငြုပ်ကျည်ပွေ့ မရှိဘူးပြောသကဲ့သို့ရင်း၊ဤကဲ့သို့ အမှားမှား အယွင်းယွင်းတွေ့ ဖြစ်မှာစိုးရိမ်တော်မူသဖြင့် အဖြေမပေးဘဲ ထားသည်ဟူ၍မှတ် အဖြေမပေးသော်လည်း ကိစ္စအားလုံးပြီးပြီးသား ဖြစ်နေသည်ကို ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ" ဟူသော ပါဠိဖြင့် သိလေ။

ဂင်္ဂါရေနှင့် ယမုနာရေ ဥပမာ

အနန္တဖြစ်သော အသျှင်မြတ်တို့သည် လက်ရှိခန္ဓာ စွန့်ပြီးသော အနန္တနိဗ္ဗာန်တော်မြတ်၌ အာဘယ်ကဲ့သို့ စံနေတော်မူကြပါသနည်း? ဂင်္ဂါဝါလု သဲစုမက စံနေတော်မူသော အသျှင်မြတ်တို့နှင့် နောက်နောက် လက်ရှိခန္ဓာကိုစွန့်၍ နောက်မှ စံစားခံစားသော အသျှင်မြတ်တို့သည် အာဘယ်ကဲ့သို့ အနန္တနိဗ္ဗာန်တော်မြတ်၌ စံနေတော် မူပါသနည်းဟု အတွေးရောက်ခဲ့သော် "ဂင်္ဂေါဒကော ယမုနောဝိယ" ကဲ့သို့ ဂင်္ဂါမြစ်၌ရှိသော ရေသည် ဂင်္ဂါရေ ယမုနာမြစ်၌ရှိသောရေသည် ယမုနာရေထိုရေနှစ်မျိုးပေါင်းဆုံမိသောအခါ ဂင်္ဂါနှင့်ယမုနာ ပျောက်သကဲ့သို့ ရေနှစ်ပါးခွဲခြား၍ မရတော့ဘဲ စံနေတော်မူသည်ဟု မှတ်ပါလေ။ သို့သော် တသားတည်းမဟုတ်၊ ဤသဘောကို နားမလည် ကြဘဲ ဉာဏ်တိမ် ပက်ကော ဆံကောလောက်မှ စောက်မနက်သော စာပေသစ်တို့က ဥပနိသျှန့် နိဗ္ဗာန်ဥပမာတို့၏ ဆိုကြခြင်းသည် ပရမတ္ထန့် ဓမ္မာရုံတဆူးနှစ်ပါး ကို မမြင်ဘဲ မှောင်အတိ ကျနေသော ကြောင့်သာ စွပ်စွဲခြင်းဖြစ်တန်ရာ၏။

ထို့ကြောင့် သဒ်ဘအနတ္တနှင့် အသဒ်တအနတ္တ တရားနှစ်ပါးမှာ အသဒ်ဘသည် နိဗ္ဗာန်ဟောပုဒ် ဖြစ်သည့်အတွက် အာဘယ်နိဗ္ဗာန်သည် အနံတ္တာမည်သနည်း၊ နိဗ္ဗာန်ရှိဃမျှ အားလုံး အနတ္တာကောက်ရမည်လော၊ စုတိနောင် စမ္ပယ်ဖတော်မူသော နိဗ္ဗာန်တော်မြတ်ကိုကား ဘုရားရှင် ကိုယ်တော်တိုင်ပင် အဖြေပေးတော်မမူဘဲ "နောဟောတံ,န ဟောဝံ,န ဥပေတိ,နယုဇ္ဇတိ" ဟုပဋိသေဓပြု၍ တားမြစ်တော်မူသဖြင့် စုတိနောင် စမ္ပယ်တော်မူသော နိဗ္ဗာန်တော်မြတ်ကို အနတ္တာဟု ပညတ်ပြဆတင်ရန် ခက်ခဲဘိုးတောင်း။

စုတိနောင် ဥပသမဓာတ်ဟု မဟော

အကယ်၍ ယင်းနိဗ္ဗာန်တော်မြတ်ကို သတ္တ,ဇီဝမှ ဆိတ်သဖြင့်ရင်း၊ သစ်တသင်္ခါရနိမိတ် မရှိသဖြင့်ရင်း၊ ပရမတ္ထ ဝိသင်္ခါရ မရှိသဖြင့်ရင်း၊ သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်အနေဖြင့် ဝိညာဏဋ္ဌိတိ ၏ စုတိနောင်ရှိသော ဝူပသမဓာတ်နိဗ္ဗာန်တော်မြတ်ကို အာရုံပြုပါသည်ဟု အယူရှိပြန်လည်း သပါထာဝဂ္ဂ သံယုတ်ပါဠိတော်၌-

အနိစ္စာ ဝထ သင်္ခါရာ၊ ဥပ္ပါဒ ဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခရာ၊ အဝိဇ္ဇာ အကြောင်းခံကြောင့်ဖြစ်သော သင်္ခါရတရားတို့သည်။ အနိစ္စာဝတ၊ အမြဲမရှိသော အနိစ္စဓမ္မတရားတို့ပါတကား။ ဥပ္ပါဒ, ဝယ ဓမ္မိနော၊ အထည်ခြိမ် ဥပါဒ်, ဋ္ဌ, ဘင် မရှိ၊ ဖြစ်ပြီးလျှင် ပျက်စီးတတ်သော သဘောတရားသာရှိကုန်၏။ ဥပ္ပဇ္ဇိတ္ဝာဖြစ်ကုန်ပြီး၍၊ နိရုဇ္ဈန္တိ၊ချုပ်ကုန်၏။ တေသံ၊ ထို့ဖြစ်ပျက်တရားတို့၏။ ဝူပသမော၊ငြိမ်းအေးရာသည်။ သုခေါ၊ ချမ်းသာလှပေ၏။

ဤကဲ့သို့ ဟောတော်မူသော ဘုရားတော်တို့၌ဥပ္ပါဒနှင့်ဝယလက္ခဏာနှစ်ပါးရှိသော ပဋိစ္စသမုပ္ပန္နဓမ္မ အတိသင်္ခတ, သင်္ခါရုံတရားတို့၏ အကြောင်းမရှိ ချုပ်ငြိမ်းခြင်းကိုသာလျှင် ဝူပသမဓာတ်ဟု ဟောတော်မူသည်။ ဝိညာဏဋ္ဌိတိနှင့် ရဟန္တာအသျှင်မြတ်တို့၏ စုတိနောင် ဝူပသမဓာတ်ဟု ဟောတော်မမူ။

ဥပါဒါန်အစဲ့ မရှိသော အရဟတ္တဖိုလ် ဝိညာဏ်တော် ကိန်းဝပ်တော်မူသော အနုပါဒိါနက္ခန္ဓာကို အနတ္တ ရှုသောအခါ-

မာ ဇီယန္တု-မအိုပါစေသတည်း။
မာ မီယန္တု=မသေပါစေသတည်း။

ဤကဲ့သို့ရှုလျှင် ဘူဘရုပ်ကြီးလေးပါးနှင့်တကွ ပရမတ္ထ အနုပါဒါနက္ခန္ဓာကိုရှုသည်ဟူ၍ မှတ်အပ်၏။ သည်,ရိတ္တ,တုစ္ဆ,အသာရက,အသရဏဟုရှုလျှင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုသည်ဟုခဲ့၍ မှတ်။

ဗုဒ္ဓဝါဒနှင့် လောကဓာတ်သိပ္ပံ

ထိုမိစ္ဆာပညတ် ဓမ္မာရုံတရားကြီးကို ယခုကာလလောကဓာတ်သိပ္ပံဆရာတို့က ဗုဒ္ဓ၏ တရားတော်အစစ်ကို သိပ္ပံပညာက လက်မခံတော့ဘူး ဟူ၍ဂုဏ်း၊သိပ္ပံက ဗုဒ္ဓစံချိန်ကိုချိုးလိုက်ပြီ ဟူ၍ဂုဏ်း၊ တမလွန်လောကကို မျော်ခေါ်တဲ့ ဗုဒ္ဓဝါဒီတို့ ငွေကုန်လူပမ်းရုံသာရှိရမည် ဟူ၍ဂုဏ်း၊ဗုဒ္ဓဟောသော ဒေသနာကို တောင်မှန်းမြောက်မှန်းမသိဘဲ အရမ်းကာယော တင့်တိုး စီတ်လိုက်မာန်ပါ ရေးသားခြင်းကိုတော့ ဗုဒ္ဓစာပေကို ကျမ်းကျင်သော ပုဂ္ဂိုလ်များက လက်ခံမည်မဟုတ်၊ သာဓကတခုပြမည်။ ပရမတ္ထ အနတ္တနှင့် ဓမ္မာရုံအနတ္တဟူ၍ နှစ်မျိုးနှစ်စား ဗုဒ္ဓစာပေမှာ ရှိသည်။ ပရမတ္ထဓာတ်ကြီးလေးပါးကို သိပ္ပံပညာနှင့် စမ်းသပ်လျှင်တကယ်ပင်တွေ့နိုင်သည်၊ တွေ့လဲတွေ့နေ၏။ ဤအရာကိုကား မငြင်းလို၊ ဗုဒ္ဓဟောတော်မူတဲ့ ဓမ္မာရုံဘရားကြီးကိုတော့ သိပ္ပံက သိသိကျင်းလို့ သတင်တောင်မလွှင့်သေနှင့် အမောအဖတ်တင်ရုံဘဲရှိမည်။

ကမ္ဘာ့နိယာမ ပရမတ္ထဖြစ်တဲ့ အနတ္တအရားကိုဗုဒ္ဓပုဂ္ဂိုလ်တော်မမူခင်က အချို့.အချို့.သော အနောက်တိုင်းပညာရှင်ကြီးတို့သည် လူသားတို့မမြဲပုံ,ဆင်းရဲပုံ, အစိုးမရပုံ,အသုဘဖြစ်ပုံတို့ကို ဗုဒ္ဓမပွင့်မီအလွန်ရှေးကျသော အာဘိဓမ္မာဆရာကြီးတို့သည် သိပ္ပံနှင့် မလေ့

လာဘဲ မျက်မြင်ကိုယ်တွေ့ဖြစ်၏။ ၎င်းတို့၏ကျမ်းအစောင်စောင်တို့မှာ သူတို့တွေ့ထားသည့်အတိုင်း ရေးထားသောကျမ်းစာများယခုထက်တိုင် ထင်ရှားရှိသည်။ အပြုသဘောနှင့် ရေးသားထားသည်ဟု ယုံကြည်မိသည်။ ဤကျမ်းစာဟေ့မှာပါတဲ့ အဘိဓမ္မာသဘော အနတ္တသဘောတရားတို့ကိုသိပ်ပံနှင့်စမ်းသပ်လျှင်တကယ်တွေ့နိုင်သည်။ ဘာကြောင့် တွေ့နိုင်သနည်း၊ မပျောက်ကောင်း မပျက်ကောင်းသော ပရမတ္ထ ဖြစ်သောကြောင့်ပေတည်း။

မဂ်ကိစ္စ ဖိုလ်ကိစ္စက တလမ်း

ဗုဒ္ဓဟောတော်မူသော မဂ်ကိစ္စ ဖိုလ်ကိစ္စတို့သည်ကား....ထို ကမ္မာ့ နိယာမတရားတွေနှင့် ပြဒါးတလမ်းသံတလမ်း ဖြစ်သည်။ ထိုကမ္မာ့နိယာမတရားတွေနှင့် အသံကတော့တူခြင်တူမည်။အနိစ္စ အနိစ္စ၊ ဒုက္ခ, ဒုက္ခ၊ တနတ္တ, အနတ္တလို ဆိုလျှင် အသံကတော့တူမှာဘဲ။ သို့သော် ပရမတ္ထကမ္မာ့နိယာမအနတ္တနှင့် ဗုဒ္ဓဟောတော်မူတဲ့ အနတ္တသည် ရေမှုတ်တဖက် မီးစတဖက် ဝိသမပက္ခ ဖြစ်၍နေသည်ကိုကား.....ဗုဒ္ဓစာပေ ကောင်းကောင်း မလေ့လာဘူးသူတို့အနည်းငယ်မျှပင် ရိပ်စားမိမည်မဟုတ်၊ ဗုဒ္ဓ၏အဘိဓမ္မာနှင့် အနတ္တ၏ဝါဒကိုသိဘို့ရာဝေးလို့ ဗုဒ္ဓ၏မုခပါဠိမှရဲရဲတောက်ထွက်ပေါ်လာသော အလွန်သန့်ရှင်းပြာသားသော ခယဓမ္မာရုံ၊ဝယဓမ္မာရုံတို့ကို သမာနရူပါ ပဒေဟဋ္ဌိမျိုးကဲ့သို့ ဟောတော်မူသဖြင့် အရိပ်အမြွက်တောင် ဖော်ထုတ်နိုင်ကြသည်မဟုတ်ကုန်။သဘောတရားကိုက ပဟေဋ္ဌိဖြစ်နေသောကြောင့် ပဟေဋ္ဌိ အတိုင်းပင်ဗုဒ္ဓဖော်ထုတ်ဟောရသည်။

နှမြောဘွယ် အားမရိကန် ပညာရှင်

သမာနရူပါ ပဟေဋ္ဌိဆိုသော အဆုတို့မှာ အလွန် ကျယ်ဝန်း

မျှားပြား၏။ မုချမဟုတ်သော အနက်ကို မုချဖြစ်သော အတ္ထပဋိသမ္ဘိဒါဖြင့် ဟောတော်မူရသည်။ ထို့ကြောင့်သဒ္ဒါနှစ်ပါး ရှိ၍ အနက်နှစ်ပါးခွဲခြားခဲ့လေသည်။ အနောက်တိုင်းသား အမေရိကန်ပညာရှင်(.....)သည် ဗုဒ္ဓ၏ အနတ္တဝါဒကို အလွန်လိုလားသည့်အလျောက် ပါဠိမဂဓ စာပေတို့ကို မျှားစွာလေ့လာသည်။ မည်မျှ လေ့လာစေကာမူ ဗုဒ္ဓ၏ ပန်းတိုင်သို့ရောက်အောင်မလှမ်းနိုင်သောကြောင့် ကမ္ဘာ့နိယာမ အနတ္တကို ဗုဒ္ဓအနတ္တထင်မှတ်၍ နိဂုတ္တ, မုဠ်တဗွဖြစ်၍ အချည်းနှီးယူဆပြီး စွန့်လွှတ်လိုက်ရပြန်သည်။ ထိုပညာရှင်ကြီးသည် အလွန် နှမြောဘို့ကောင်းလေစ့၊ ထိုပညာရှင်ကြီးသည် အဖျက်သမားမဟုတ် အပြုသမားဖြစ်တန်ရာ၏။ ထိုကဲ့သို့သော ပဂ္ဂိုလ်မျိုးတို့သည် ဗုဒ္ဓ၏ဓမ္မလောကတွင် မျှားစွာရှိသည်။ ဗုဒ္ဓ၏တရားတော် အစစ်ကားသမာနရူပါ ပဟေဠိဖြစ်၍နေသည်။ ဖော်ထုတ်နိုင်သော ပဂ္ဂိုလ်မှာ ဗုဒ္ဓ၏သာဝက အာဇာနည်ပေတည်း။ ထိုပဂ္ဂိုလ်တို့သည်ကား.....“ပစ္စတ္တံ ဓဝဒိတဗ္ဗ”ဖြစ်၍နေကြသည်။

တဖန် အနောက်တိုင်းပညာရှင်ကြီး တဦးဖြစ်သူ (.....) သည်လည်း ဗုဒ္ဓနှင့်ဗုဒ္ဓ၏သာဝကများ သေသောအခါ အဘယ်ဘုံဘဝ၌ဖြစ်ကြသနည်းဟု ဗုဒ္ဓစာပေထဲသို့ ထိုးဖောက်၍ လေ့လာပြန်သည်။ ထိုအခါ ဗုဒ္ဓ၏ တမာနရူပါပဟေဠိအနက်ကို မသိဘဲ ကမ္ဘာ့နိယာမ အနက်ကိုသာ ထင်မြင်သဖြင့် ပက်လက်လန်၍ နောက်ပြန်ကျရပြန်သည်။ ဗုဒ္ဓ၏ နိကာယ်တို့၌ ဝစ္ဆပရိဗိုဇ်,ဥပသိဝပုဏ္ဏား, ကောသလမင်းတို့သည် ဗုဒ္ဓအား ရဟန္တာ၏ ကိုစွကို မေးလျောက်ကြသည်။ ထိုအခါ ဗုဒ္ဓသည် အမေးလေးချက်ကို “န ဟေဝံ”ဟု၍ဂုင်း၊ “န ဥပေတိ”ဟု၍ဂုင်း၊ “န ယုဇ္ဇတိ”ဟု၍

ၵင်း၊ "နောဟေတံ" ဟူ၍ၵင်း၊ထိုပုစ္ဆာရှင်တို့အား ပြက်ရယ်ပြုခဲ့သည်ကို မသိနားမလည်ကြပေ။

ဗုဒ္ဓပြက်ရယ်ပြုခြင်း

အကြောင်းကား အသို့ပါနည်း?ဗုဒ္ဓသည် ရဟန္တာအသျှင်တို့စုတီပြီးနောက်အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတပစ္စည်းဆက် မရှိသည်ကို သိတော်မူ၏။ ပုစ္ဆာရှင်တို့အား "နဟေဝံ,နောဟေတံ" ဟုဖြေကြားခဲ့သည်။ အဘယ်အကြောင်းကြောင့် "နဟေဝံ" လို့ဖြေကြားပါသနည်းဟု မရှက်မကြောက်ထပ်၍မေးပြန်သည်။ ထိုအခါ ဗုဒ္ဓသည် တုဏှီဘာဝေ ဆိတ်ဆိတ်ပင်နေ၏။ တိတ်ဆိတ်နေခြင်း၏အကြောင်းရင်းမှာ အနန္တရပစ္စည်းပြတ်နေသောနေရာကို ရှိသည်ဟု ဖြေခဲ့လျှင် ဗုဒ္ဓအနေနှင့်အနန္တရပစ္စည်းပြတ်ပုံကိုသိ၍ နေသော်လည်း အဘာဝဓမ္မဖြစ်သည်ကိုသိတော်မူသောကြောင့် ရဟန္တာသေပြီးနောက်ဘက်တွင် ရဟန္တာသည် ပြတ်မသွားဘူးရှိ၏ဟု ဖြေဆိုခဲ့ပါက မေးလျှောက်သော ပုစ္ဆာရှင်တို့၏ အတွေးအခေါ်မှာ အနန္တရပစ္စည်းဆက်ကိုသာ ပြန်၍ တွေးခေါ်နိုင်ပေမည်။ ထိုအခါဗုဒ္ဓ၏တရားတော်သည် ထိုသူတို့၏ ဉာဏ်၌အနန္တရပစ္စည်းမပြတ်ဘဲ သန္တတိဖြစ်သော သဿတဒိဋ္ဌိ၏ နယ်ပယ်၌သာ ကျင်လည်ပြီးလျှင်ဗုဒ္ဓ၏ အနန္တဖြစ်သော ပရိနိဗ္ဗုတ တရားတော်မြတ်သည် တိမ်သလွှာဖုံးအုပ်၍ မှောင်အတိသာကျမည်ဖြစ်သောကြောင့် "မင်းတို့နှင့်မတန်ပါဘူး၊ မသက်ဆိုင်ပါဘူး၊ မင်းတို့၏အရာမဟုတ်ပါဘူး" ဟု ပြက်ရယ်ပြု၍ နဟေဝံ, နော ဟေတံဟု ဖြေဆိုတော်မူသည်။

ဘာသာ မပြန်ရန် တားခဲ့၏

"အတ္ထော အက္ခရ သညာတော" ဟု ဟောတော်မူသော အာသျင်မဟာကစ္စည်းဆရာ သဒ္ဒါကျမ်း၏အစဖြစ်သော စကားတော်သည် ပဋိသမ္ဘိဒါ လေးပါးတို့တွင် အတ္ထပဋိသမ္ဘိဒါကို ပြသော စကားဖြစ်သည်၊ မုချမဟုတ်သော အနက်ကို ဆိုလိုသည်မဟုတ်၊ မုချဖြစ်သော ဗုဒ္ဓ၏အလိုရှိသော အနက်ကိုသာ အတ္ထပဋိသမ္ဘိဒါဟု ခေါ်သည်။

ထို့ကြောင့်.....

"အတ္ထော၊ မုချဖြစ်သော ငါဘုရား၏ အနက်ကို။ အက္ခရ သညာတော၊ မိမိတို့၏ဘာသာ အလေ့အထပြုသော အက္ခရာတို့ဖြင့် သိရမည် မှတ်ရမည်" ဟု ဟောတော်မူ၏။

အကယ်၍ ဗုဒ္ဓ၏ မုချဖြစ်သောအနက်ကို ဘာသာ အက္ခရာ အမျိုးမျိုးတို့ကမှတ်သားမှုမပြုနိုင်လျှင် ငါဘုရား၏စကားတော်ကို တပါးသောအက္ခရာသို့ ကူးပြောင်းခြင်း မပြုရ၊ မုချအနက် မဟုတ်ဘဲ ကူးပြောင်းသည်ရှိသော် ရှုတ်ဖတ်သူမှာလဲ ကာယိယ ဒုက္ခနှင့် စေတသိက ဒုက္ခဖြစ်၍ မကြုံနိုင် လက်မှိုင်ချရမည်။ ကူးပြောင်းသူမှာလဲ ဗုဒ္ဓ၏မုချဖြစ်သော အတ္ထပဋိသမ္ဘိဒါကို ဝေါဟာရကြွယ်ကြွယ်နှင့်ဖွင့်ပြမပေးနိုင်သောကြောင့် ကာယိက, စေတသိက ဒုက္ခနှစ်ပါးနှင့် ရင်ဆိုင်ရဦးမည်။ ထို့ကြောင့် ဗုဒ္ဓသည် ဗုဒ္ဓ၏ အတ္ထပဋိသမ္ဘိဒါကို ဘာသာတပါးသို့ကူးပြောင်းခြင်းမပြုရန် တားမြစ်ခဲ့သည်။ ကူးပြောင်းလျှင် ရဟန်းတို့အား ဒုက္ကဋ် အပြစ်ရောက်စေဟု ပညတ်တော်မူခဲ့၏။

မုချအနက်ကို မသိရှာသူများ

ထို့ကြောင့်မဟုတ်လော? ဗုဒ္ဓ၏ အနတ္တ ဖြစ်သော မုချအနက်ကိုဖော်ထုတ်၍ အတ္ထပဋိသမ္ဘိဒါ အမှန်ကို ဘာသာခြားစာပေသို့ ဝေါဟာရ အမျိုးမျိုးတို့ဖြင့် မရေးသားနိုင် ကြသောကြောင့် ပါဠိဘာသာကိုကျမ်းကျင်ပါသည်ဟု ဆိုသောအနောက်တိုင်း(.....)ပညာရှင်တဦးသည် မိမိသေလျှင် အိုခြင်း,နာခြင်း သေခြင်းမရှိသော ထာဝရမြဲနေသော နေရာကို မနေလိုပါ၊ ထိုနေရာသည် အလွန်ကြောက်စရာကောင်းပါသည်ဟုဆိုသည်။ ဤလိုပြောဆိုခြင်းသည် ဗုဒ္ဓ၏ မုချအနက်ကိုမသိသောကြောင့် ပြောဆိုခြင်းဖြစ်၏။ တကယ်သိပါမူကား ဤလိုပြောမည်မဟုတ်။

တချို့ကတော့ ဘဝပြတ်သွားတာကိုပင် အလွန့် အလွန် အလိုရှိကြ၏။တခြို့ကဘဝပြတ်ကိုမကြိုက်၊သေ၍ထာဝရဘုံဌာနကို ကြိုက်ကြသည်။ဤကဲ့သို့ အမျိုးမျိုးဒေဖုံဖုံ ဖြစ်နေကြခြင်းမှာ ဗုဒ္ဓ၏မုချအနက်ဖြစ်သောအတ္တစကားတော်ကို မသိသောကြောင့်သာဖြစ်လေသည်။ ဗုဒ္ဓမြင်သော တရားတော်နှင့် ကမ္ဘာ့နိယာမတရား ထိုနှစ်ပါးတို့သည် ပဟေဋ္ဌိဖြစ်၍နေသည်။ မူလပဏ္ဏာသဝမ္မိကသုတ်၌-

"နမော ကရောဟိနာဂဿ"

နာဂဿ၊ နဂါးမင်းအား။ နမော၊ ရှိခိုးခြင်းကို။ကရောဟိ၊ ပြုလော့။

ဤကဲ့သို့ ဘာသာပြန်ခြင်းသည်၊ မမှန်ဘူးလော? မှန်၏။ သို့ပင် မှန်သော်လည်းအသိဉာဏ်ရှိသောသူက တိရစ္ဆာန်ကိုရှိခိုးရမည်ဟုဆိုခြင်းသည် အလွန်မိုက်မဲသော သူမှတပါး ကျန်အားလုံးတို့က လက်ခံမည်မဟုတ်။

ချာတိတ်ကြီး အုန်းသီးစားသလို

"နမော ကရောဟိ နာဂဿ"

နာဂဿ၊ ရဟန္တာအာ။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ ပြုလော့။

ဤဘာသာပြန်မျိုးကိုတော့ လက်ခံကြလိမ့်မည်။ သဒ္ဒါကို လှည့်စားသောသဘောသည်ဝဠိုတာပဟေဋ္ဌိခေါ်၏။ထို့ကြောင့် ဗုဒ္ဓ၏ အတ္ထပဋိသမ္ဘိဒါသဘော့သည် နဂါးမဟုတ်၊ ရဟန္တာဆို ဒါ မြဲမြံမှုတ်။ အနောက်တိုင်း ပညာရှိတို့သည် ဝါကျတခု တွေ့လျှင် နဂါးကိုသာ ဘာသာပြန်သလို ပြန်ကြ ပေလိမ့်မည်။ နဂါးကိုရှိခိုးရမည်ဟု ဘာသာပြန်ဆိုခြင်းကိုတော့ ကျွန်ုပ်တို့ကလဲ လက်မခံနိုင်ပါ။ ငှက်ပျောပင်နှင့်ဗုဒ္ဓသရဏာပင် မကဲ့လျှင်တော့ ချာတိတ်ဘဲရှိပါခေသးသည်။ ထိုချာတိတ်တို့ ဗုဒ္ဓစာပေကို လေ့လာကြည့်ရှုနေခြင်းသည် ဒဏ္ဍာရီသဖွယ်သာဖြစ်မည်။ ချာတိတ်တို့ဉာဏ်နှင့် ဗုဒ္ဓတရားတော်ကို လေ့လာနေခြင်းကို "နဉ့်ပတီ" လို့ ပဋိဆေပြုလိုက်ပါ၏။ ဗုဒ္ဓဒလောကထဲမှာလဲ ချာတိတ်တို့လို ဟာတွေ့ များစွာရှိ၏။ သို့သော်လည်း ချာတိတ်ဘဝက လွတ်အောင် ကြိုးစားနေကြသည်။ ဤကျမ်းရေးသူသည်ပင်လျှင် ချာတိတ်ဘဝက လွတ်မြောက်အောင် ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရပါသည်။

သန်ဇာအနတ္တနှင့် အသန်ဇာအနတ္တကို ပြဆိုခြင်းပြီး၏။

သမ္မာသမ္ဗုဒ္ဓဘုရားကို ပြဆိုခြင်း

သမ္မာသမ္ဗုဒ္ဓဘုရားနှင့် အနောက်တိုင်းပညာရှိ

အနောက်တိုင်း ဥရောပ ပညာရှင်ကြီး(××××××)က ဗုဒ္ဓသည် သမ္မာသမ္ဗုဒ္ဓဘုရားမရှိ အကယ်၍ ရှိခဲ့ပါလျှင် ဒေဝဒတ်သည် ရဟန်းသံဃာကို သင်းခွဲခြင်းဥဒ္ဒဂင်း၊ ဗုဒ္ဓအား ကျောက်မောင်းနှင့် လှိမ့်သတ်ခြင်းဥဒ္ဒဂင်း၊ စောစောပိုင်းက ကြိုတင်၍ သမ္မာသမ္ဗုဒ္ဓဘုရားတော်ဖြင့် သိနှင့်ထားရာ၏။ သမ္မာသမ္ဗုဒ္ဓဘုရား မရှိသော ကြောင့်သာ ဆိုက်ရောက်မည့်ဘေးတို့ကို ဗုဒ္ဓသည်မသိတာဘဲဟု အလွန်အကျဉ် တွေးချလိုက်သည်။ ဤချာတိတ်လဲ အတော်ဆိုးတဲ့ချာတိတ်ဘဲ။ အုန်းသီးမမြင်ဘူးသော ချာတိတ်ကြီးတဦး အုန်းသီးစားပုံနှင့် တူနေသည်။ ချာတိတ်ကြီးသည် အုန်းသီးမှ အခွံအဖတ်တွေကို သုံးသပ်နှစ်ချောင်းသော ဒန္တာနှင့် ဝါးပြီး အစေ့ကြီးက ကြီးလှချည့်ကလား၊ အရသာလဲမရှိ၊အစေ့ကလဲကြီး၊ အလကားအသီးဘဲလို့ အိမ်နောက်ဖေးသို့သွား၍ပစ်လိုက်သတဲ့။ သမ္မာသမ္ဗုဒ္ဓတော်ကို တကယ်သိချင်လျှင် အောက်နားက ဝါကျကို လေ့လာပါ။

သဗ္ဗံ သခ်ၤတမသခ်ၤတံ အနဝသေသံ
ဇာနာတီတိ သဗ္ဗညုတညာဏံ။
တတ္ထ အာဝရဏံ နတ္ထီတိ အနာဝရဏညာဏံ။

—ပဋိသမ္ဘိဒါမဂ် ညာဏကထာ

သဗ္ဗံ၊ အလုံးစုံသော။ သခ်ၤတံ၊ ဇာတ, ဘူတ, ကတ, သခ်ၤတ အမည်ရတဲ့ မိစ္ဆာဓမ္မာရုံတရားကြီးကိုဆိုလိုသည်။ အသခ်ၤတံ၊ အဇာတ, အဘူတ, အကတ, အသခ်ၤတ အမည်ရတဲ့ အသခ်ၤတတရားတော်မြတ်ကိုဆိုလိုသည်။ အနဝသေသံ၊ အကြွင်းအကျန် အကန့်အသတ်မရှိဘဲ။ ဇာနာတီ၊ သိတော်မူတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတညာဏ်မည်၏။

လက်စသတ်တော့ ချုပ်တိတ်တို့အတွေးခေါင်ပုံနှင့်သဗ္ဗညုတ-ညာဏ်ဘော်နှင့် ပြဒါးတလမ်း သံတလမ်း၊ ဘိုးလေးတခြမ်း ငါးတခြမ်း ဖြစ်၍နေပါမင့်ကလား။ အဓေးကကြည့်လျှင် ချစ်တီးနှင့် ဘိုးသူတော် ကဲ့မည်တော့ မဟုတ်ဘူး။ သည်တော့ ဘိုးသူတော်မှန်း ချစ်တီးမှန်း မသိတဲ့ ချုပ်တိတ်တို့၏ အမြင်မှားမှုကို ဇေမယ္ယလိုပါဘူး။သဗ္ဗညုတညာဏ်တော်သည် အရှင်းသားကဲ့သို့သော် ရှင်းသထက် ရှင်းအောင် ဒဋ္ဌိကမ္မအနေနှင့် မြဲမြံစွာ ယူစေခြင်းငှာ—

တတ္ထ၊ ထိုသို့အကြွင်းမရှိ ဂျိုးကင်ဂျင်းကပ်မကျန် သခ်ၤတ, အသခ်ၤတ တရားနှစ်ပါးကိုသိရာ၌။ အာဝရဏံ၊ အပိတ် အပင် အကွယ်အကာသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အနာဝရဏညာဏံ၊ အနာဝရဏညာဏ်မည်၏။

အသခ််တဆိုသည်မှာ

သခ််တ ဆိုသည်ကား.... မိစ္ဆာဓမ္မာရုံ တရားကို ခေါ်၏။ အသခ််တဆိုသည်ကား ... ဘူတရုပ်ကြီးလေးပါးနှင့် အဇ္ဈတ္တ, အဇ္ဈတ္တဇ္ဈတ္တ ဝိညာဏစရိယကို ဆို၏၊ ဝိညာဏဇင်္ဂါတိကို ဆို၏။ သခ််တနှင့် အသခ််တ တရားနှစ်ပါး သမာနရုပါပဟေဠိဖြစ်၍ နေသည်ကို ချာတိတ်တို့ မဖေါ်ထုတ်နိုင်သောကြောင့် အလွန်အကျဉ် ခေါင်၍ တွေးလိုက်သည်။

ဈာန်နှင့်ညာဏ် ခြားနားပုံ

ဈာန်၏အရာနှင့် သဗ္ဗညုတညာဏ်၏အရာသည် တခြားစီဟူ၍ မှတ်။ ဗုဒ္ဓသည် ကျွတ်ထိုက်သော ဝေနေယျတို့ကို ကယ်ချတ်ရန် ဈာနဲကိုဝင်စားရသေးသည်။ ဈာန်မဝင်စားဘဲ ကျွတ်တန်းဝင်မည့်သူကိုမသိနိုင်၊ အတိတ်, ပစ္စုပ္ပန်, အနာဂတ်သုံးပါးတို့မှာလည်း ပဋိစ္စသမုပ္ပါဒ်စက်၏ ချုပ်ငြိမ်းခဲ့ပြီးသော အတိတ်နှင့် ဖြစ်ဆဲ ချုပ်ဆဲ ပစ္စုပ္ပန်, ဖြစ်လတ္တံ့ အနာဂတ်တို့ကိုသာ ကာဏသုံးပါးမှတ်လေ။ အခွန်ခေါ်သော သဘောပေတည်း။ "နိဗ္ဗာနံ ကာလဝိမုတ္တဥ္စ" ဟု ဖွင့်ပြသော အဋ္ဌကထာအသျှင်၏ စကားဦး နိဗ္ဗာန်သည် ကာလသုံးပါးမှ လွတ်သည်ဟုဆိုသည်၊ မှန်၏။ မိစ္ဆာဓမ္မာရုံဖြစ်သော ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နဥဒယဗ္ဗယ နယ်မြေကသို့မဟုတ်, ပုထုဇဉ်တို့၏ နယ်မြေက လွတ်လျှင်ကျွတ်လျှင် ကာလဝိမုတ္တဖြစ်၍ နိဿရဏ, ပရမတ္ထနယ်သို့ ကူးပြောင်းတော့သည်။

ဥပါဒါနက္ခန္ဓာငါးပါး၏ နယ်မြေကို ဤမှာဘက်ကမ်းခေါ်သည်။ အသခ််တ ဝိညာဏစရိယ အရဟာတ္တဖိုလ်ဝိညာဏ်တော် ပရမတ္ထ အနုပါဒါနက္ခန္ဓာကို ထိုမှာ ဘက်ကမ်း ခေါ်သည်ဟု မှတ်လေ။ ရဟန္တာစုတိမကျခင် ခေါ်နေတာမှတ်။

အနိစ္စဋ္ဌံ, ဒုက္ခဋ္ဌံ, အနတ္တဋ္ဌံ၊ တံ သဗ္ဗံ
ဇာနာတီတိ သဗ္ဗညုတညာဏံ။

အနိစ္စန္ဒြစ်ပါး၏ အနက်သဘော၊ ဒုက္ခန္ဒြစ်ပါး၏ အနက်သဘော၊ အနတ္တန္ဒြစ်ပါး၏ အနက်သဘောကို အပိတ်အပင်မရှိသိခြင်းသည် သဗ္ဗညုတဉာဏ်မည်၏။

ခန္ဓာနံ ခန္ဓဋ္ဌံ၊ တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ။
ခန္ဓာန္ဒြစ်မျိုးတို့၏ အသီးသီးသဘောကို သိခြင်း။
အာယတနာနံ အာယတနဋ္ဌံ, ဓာတူနံ ဓာတုဋ္ဌံ,
သစ္စာနံ သစ္စတ္ထံ, အသစ္စာနံ အသစ္စတ္ထံ၊
တံ သဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ။
အာယတန, ဓာတ်, တစ္စ်တ, အသစ္စ်တ အလုံးစုံတို့ကို အပိတ်အပင် အတားအဆီးမရှိဘဲ သိတော်မူခြင်းသည် သဗ္ဗညုတဉာဏ်ဟူခေါ်သည်။ ထို့ပြင် ပဋိသမ္ဘိဒါလေးပါး သစ္စာလေးပါးတို့ကို အပိတ်အပင်မရှိ သိတော်မူခြင်းသည်လည်း သဗ္ဗညုတဉာဏ်မှည်၏ဟု မှတ်လေ။

မြန်မာ့နယ်မြေက ငတိ

တဦး။ ။“မြန်မာ့နယ်မြေက မြန်မာအမျိုးသားများ ဖြစ်ကြတဲ့(ငတိ)တို့ကလဲ ဗုဒ္ဓကို သဗ္ဗညုဘဉာဏ် မရှိဘူးလို့ ဆွေးနွေးကြပြန်တယ်။ ဆွေးနွေးပုံကတော့ ပြတ်ပြတ် သားသား ဝါကျရှင်းရှင်း ဆွေးနွေးကြတာပါဘဲ။ ဗုဒ္ဓလက်ထက်က စိဉ္ဆမာနဆိုတဲ့ မိန်းမတယောက်ကို တိတ္ထိတွေက တံစိုးလက်ဆောင်ပေး၍ ဗုဒ္ဓကို အရှက်ကွဲအောင် စွပ်စွဲဖျက်ဆီးရမယ်သို့ခိုင်းထားတယ်။စိဉ္ဆမာနကလဲ တိတ္ထိတွေ နည်းပေးတဲ့အတိုင်းစောစော

ပိုင်းက ကြိုတင်ပြီး ဇောဘဝန်ကျောင်းတော်က နံနက်လင်းအား ကြီး ဆင်းလာသယောင်ယောင် အချိန် အ တော် ကြာ ကြာ ယောင်မှား ဖြစ်အောင် ပြုလုပ်ပြီး နေတာကို ဗုဒ္ဓဟာ သဗ္ဗညုတ ဉာဏ် တကယ်ရှိလျှင် မတော်တယော် အရှက်ကွဲအောင် ကြံစည် နေ၍ ရန်သူကို အချိန်မရွေး သိမှာပေါ့။ ယခုတော့ သဗ္ဗညုတ ဉာဏ် မရှိလို့ သာလျှင် အရှက်ခွဲတဲ့ ရန်သူကို မသိတာပေါ့လို့ (ငတိ)တို့ အချင်းချင်းဆွေးနွေးနေကြပါတယ်"။

စာရေးသူ၏အဖြေ

ဤ(ငတိ)ကတော့ ဟိုချာတိတ်ကြီး၏ အယူနှင့်တဆပ်ထဲဘဲ၊ ချာတိတ်ကြီးရေးသော စာအုပ်ကို သဘောကျပြီး ဝေဘန် ဘာနှင့်တူပါရဲ့။ သူတို့ဝေဘန်ပုံကလဲ အတော်ကို ဒေတ်မှိမှို ဝေဘန်တာဘဲ၊ ဤ(ငတိ)ဟာ သဗ္ဗညုတဉာဏ်၏ ပရိယန္တဘာဝ အပိုင်းအခြားကို တကယ်သိတာနှင့် တူပါရဲ့။

ဒီလိုဆိုလျှင်လဲ(ငတိ)မှာ ဗုဒ္ဓထက်လွန်ကဲသော အသိဉာဏ် ရနေသည်ဟုဆိုရမှာဘဲ။ ဗုဒ္ဓကတော့ အောက်ပါဝါကျအတိုင်း ပြတ်သားစွာသိတော်မူသည်။ထို့ကြောင့်-

ယာ ဝ တာ ခန္ဓာနံ ခန္ဓဋ္ဌ၊ တံ သဗ္ဗံ
ဇာနာတီတိ သဗ္ဗညုဘညာဏံ။

ယာဝတာ၊ အကြင်မျှလောက်။ ခန္ဓာနံ၊ နိယမဖြစ်သော ပရမတ္ထသစ္စာခန္ဓာ၊ အနိယမဖြစ်သော အရိယသစ္စာခန္ဓာတို့၏။ ခန္ဓာဋ္ဌံ၊အဖို့အစုသဘောသည်။အတ္ထိရှိ၏။တံသဗ္ဗံ၊ထိုအလုံးစုံကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုဘညာဏံ။ သဗ္ဗညုတဉာဏ်မည်၏။

ယာဝတာ ဒုက္ခဿ ဒုက္ခဋ္ဌံ၊သမုဒယဿ သမုဒယဋ္ဌံ၊ နိရောဓဿ နိရောဓဋ္ဌံ၊မဂ္ဂဿ မဂ္ဂဋ္ဌံ၊တံသဗ္ဗံ ဇာနာတီတိ သဗ္ဗညုတညာဏံ။

ယာဝတာ၊အကြင်းမျှလောက်။ ဒုက္ခဿ၊နိယာမဒုက္ခ,အနိယမဒုက္ခဟု ဆိုအပ်သောဒုက္ခန္ဒစ်ပါး၏။ ဒုက္ခဋ္ဌံ၊ ဒုက္ခ၏ အတ္ထအနက် သဘောနှစ်ပါးသည်။အတ္ထိ၊ရှိ၏။

ယာဝတာ၊အကြင်၊မျှလောက်။ သမုဒယဿ၊ နိယမဆိုအပ်သော သမုဒယ၏။ သမုဒယဋ္ဌံ၊ ဖြစ်ကြောင်း သဘောသည်။ အတ္ထိ၊ ရှိ၏။

ယာဝတာ၊ အကြင်းမျှလောက်။ နိရောဓဿ၊ နိယမ,အနိယမဖြစ်သော နိရောဓ၏။ နိရောဓဋ္ဌံ။ ပ ရမတ္ထ သစ္စာ နိရောဓန္ဒင့် အရိယသစ္စာနိရောဓန္ဒစ်ပါးသည်။အတ္ထိ၊ရှိ၏။

ယာဝတာ၊ အကြင်းမျှလောက်။ မဂ္ဂဿ၊ အရိယာသစ္စာမဂ္ဂ၏။မဂ္ဂဋ္ဌံ၊အကြောင်း၏သဘောသည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံကို။ ဇာနာတိ၊ သိ တတ် ၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတညာဏံ၊သဗ္ဗညုတဉာဏ်မည်၏။

'ထွင်းဖေါက်မြင်း'မျက်မှန်

ကိုင်း ဘယ် နှယ်လဲ။ သဗ္ဗညုတဉာဏ်ကို ဧရိတ်မိသေးဘူလား။(ငတိ)တို့တွေ့ခေါ်တဲ့ ဉာဏ်မျိုးကတော့ သဗ္ဗညုတဉာဏ်မဟုတ်ဘူးကွဲ့၊ တာဖြင့်ဘာဉာဏ်လို့ခေါ်မလဲ။ စာရေးသူခေါ်ခြင်တာကတော့ ဂျပန်ပြည်ကလာတဲ့ "ထွင်းဖေါက်မြင်" မျက်မှန်ကဲ့သို့ဆိုရင်း၊ ဥရောပကလာတဲ့ မှန်ပြောင်းကြီး ကဲ့သို့ဆိုရင်း၊

မမြင်အပ် မမြင်ထိုက်၊ မသိအပ်မသိထိုက်တဲ့ အရာဝတ္ထုတွေကို သိမြင်နေသောကြောင့် ခေတ်မှီသောဉာဏ်ဟူ ခေါ်ရလိမ့်မည်။

ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်တော်က (ငတိ)တို့ခေတ္တးခေါ်တဲ့"ထွင်းဖေါက်မြင်"မျက်မှန်မျိုးကဲ့သို့ မဟုတ်ဘူးကွဲ့။ ထိုမျက်မှန်သည် ဗုဒ္ဓ၏မုချအနက်ဖြစ်သော ဓမ္မာရုံပရုမတ္ထကို မြင်နိုင်သည်မဟုတ်ဟူ၍မှတ်။

မှတ်ချက်။ ။"သဗ္ဗညုတ=အလုံးစုံ သိတော်မူသည်"ဟုဆိုအပ်သောအချက်မှာ့ ဤ၌ "သဗ္ဗ"သဒ္ဒါသည် အနဝသေသသဗ္ဗမျိုး မဟုတ်၊ အကြွင်းထား၍ ယူအပ်သော သာဝသေသသဗ္ဗမျိုးဖြစ်သည်။ထို့ကြောင့် သဗ္ဗညုတဉာဏ်တော်၏ ပရိယန္တဘာဝ အပိုင်းအခြားသည် "သာဝသေသ သဗ္ဗ"ဟူ၍မှတ်လေ။ "သဗ္ဗေမမှာ အနတ္တာ"ပုဒ်ကဲ့သို့ ယူရမည်။နောက်ပိုင်းကလွှတ်ကိုရှင်းခဲ့ပြီး ဖြစ်သည်။ သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာအရိယသစ္စာနယ်ပယ်သည် အလွန်ကျယ်ဝန်း၏။ ဥပနိသျှပြားဟူသာကဲ့တို့သည်အရိယသစ္စာ နယ်ကြီးကို ဟောနိုင်ဘို့ဝေးစ့၊ ပရမတ္ထသစ္စာနှစ်ပါးတို့၏ သမာနရူပ,အသံတူသောလည်း အတ္တသဘောမှာ ပဟေဋ္ဌိဖြစ်၍နေ၏။ထို့ကြောင့် သဗ္ဗညုတ ဉာဏ်တော်၏ ကျက်စားရာကို နားမလည်ဘဲ ဗုဒ္ဓအပေါ်မှာ မတော်မတရားမာ အဇ္ဈာစိကို့" သတိပေးလိုက်ပါသည်။ သဗ္ဗညုတဉာဏ်တော်ကို တကယ်သိလိုတဲ့စိတ်ထား သမာဆဒ္ဒါရှိခဲ့ပါလျှင် ဗုဒ္ဓ၏နိကာယ်ငါးရပ်ကိုလေ့လာပါ၊ ရပ်ထဲရှာထဲက တောပြော တောင်ပြော ပြောကြတဲ့အသံတွေကို ဝေဖန်ပြီး ပြောရင်တော့ ပညာမဲ့ရာကျပါလိမ့်မည်။

ထို့ကြောင့် ဗုဒ္ဓဘာသာလူမျိုးတို့သည်ပင် အကြင်းလင်မယား ရန်ဖြစ်သည့်အခါ လင်က မိမိမယားကို မတော်မဘရား ပြောတော့ မယားက 'ကျုပ်ကောင်းမကောင်း ဘုရားသိတယ်.... ဘုရားသိတယ်လို့ ကြွေးကြော်၏။ ထိုသို့ကြွေးကြော်တဲ့အသံထဲမှာလဲ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလို ဖြစ်နေပြန်၏။သည်တော့ ကြားရတဲ့ပတ်ဝန်းကျင်က ဘုရားသဗ္ဗညုသည် အသေးအဖဲ့မကျန်အကုန်းလုံးသိတော်မူဘဘဲဟု အလွန်အကျွံကောက်ချက်ချလိုက်ကြတော့သည်။ငတိမှာလဲ ဤလိုဖြစ်ဟန်တူပါရဲ့။

နားလည်အောင် ပမာဆောင်၍ပြဦးမည်။

စပါးတဘင်းမှာ(၄၆)ပေါင်းရှိသည်ဆိုကြပါစို့။ ထိုစပါးတဘင်းမှာ လုံးရေပေါင်း မည်မျှရှိသည်ဆိုတာ (လက်ဆစ်ချိုးအတတ်)ခေါ်သော ပညာနှင့်တွက်လျှင် စပါးလုံးပေါင်းမည်မျှရှိသည်ကို အတိအကျသိနိုင်ပါသည်။ ဆန်လုံး၏အာဟာရဓာတ် အတွင်းမှာပါဝင်သော ဗီတာမင်ဓာတ်အားကို လဲလှူသားတို့၏ ပညာနှင့်သိနိုင်ပါ၏။ ထိုအာဟာရဓာတ်ကို လှူသားတို့စားသုံးသောအခါ အကြောဘက်သို့မည်မျှ၊ အသားဘက်သို့ မည်မျှ သွေးဘက်သို့မည်မျှ။အဆီးအစေးဘက်သို့ ဒီဂရီမည်မျှအားပေးသည်ကို လှူသားတို့၏ ပညာဉာဏ်ဖြင့်သိနိုင်ပါ၏။ ဤကမ္ဘာ၌ လှူသားတို့၏ တိုးတက်မှုဆိုတာ အဲဒါဘဲပါဘဲ။ အနှိုလိုသိတဲ့အရာတွေကို ဗုဒ္ဓဉာဏ်လို့ မခေါ်လိုက်ပါနှင့်။ ဗုဒ္ဓသိတော်မူတာက အနှီစပါးတဘင်းမှာ ပရမတ္ထနိယမ အနိုန္ဒြိယဗဒ္ဓရုပ်, ဂူန္ဒြိယဗဒ္ဓရုပ်ဟူ၍ နှစ်မျိုးရှိရာ၊ အနိုန္ဒြိယဗဒ္ဓရုပ်၌ ပရပတ္ထဓမ္မသဘာဝရှစ်ပါးရှိတယ်ဆိုတာ သိတော်မူပါသည်ဟု မှတ်ပါ။

ဟော-မဟောတရား နှစ်ပါး

သနိဒါနဝဟံ ဘိက္ခဝေ ဓမ်မံ ဒေသေမိ။

=ကထာဝတ္ထုစမ္မဒေသနာကထာ

ချစ်သားရဟန်းတို့၊ ငါဘုရားသည် အကြောင်းနှင့်တကွ ဖြစ်သော၊ ဝါ၊ အကြောင်းကြောင့်ဖြစ်သော တရားကိုသာ ဟောတော်မူ၏။

နော အနိဒါနံ။

အကြောင်းနှင့်တကွမဟုတ်သော၊ ဝါ၊ အကြောင်းမရှိသော တရားကို ဟောတော်မူသည်မဟုတ်။

သပ္ပါဋိဟာရိယာဟံ ဘိက္ခဝေ ဓမ္မံ ဒေသေမိ။

ချစ်သားရဟန်းတို့၊ ကိလေသာကိုပယ်ရှားခြင်းနှင့်တကွဖြစ်သော တရားကိုသာ ငါဘုရားဟောတော်မူ၏။

နော အပ္ပါဋိဟာရိယံ။

ကိလေသာပယ်ရှားမှုမရှိသော တရားကို ငါဘုရား ဟောတော်မူသည်မဟုတ်။

ဤကဲ့သို့ ဗုဒ္ဓဟောတော်မူသည့်တရားနှင့် မဟောဘဲထားသောတရားဟူ၍ တရားနှစ်ပါးရှိကြောင်း ကထာဝတ္ထု ပါဠိတော်၌လာ၏။ သဗ္ဗညုတ ဉာဏ်တော်၏ အရာမဟုတ်ခြင်း၊ အကျိုးမရှိခြင်း၊ သမ္ဖပ္ပလာပဖြစ်ခြင်း၊ အကြောင်းအကျိုးကင်းမဲ့သောသဘောဖြစ်ခြင်း၊ ဟိုမှာဘက်ကမ်းသို့ ညွှန် ကြား သော လမ်းစဉ်မဟုတ်ခြင်း၊ ကိလေသာနယ်မြေမှ ထုတ်နုတ်ရန်လုပ်ငန်းကိစ္စမဟုတ်ခြင်း၊ စသောအကျိုးမရှိသော သမ္ဖပ္ပလာပတို့ကို ဗုဒ္ဓ

ဟောတော်မမူဟုမူတ်ပါလေ။ ဗုဒ္ဓဟောဖတော်မူသော တရားတို့သည် သမ္မပ္ပလာပမ္မဖြစ်၊ အကျိုးတရား အပြည့်အဝ ရှိခြင်း၊ အလွန်တိုတောင်းသော သက်တန်းအခါနှင့်တွင် ဗုဒ္ဓသည် အပို အလုပ်တို့ကိုမလုပ်ခြင်း။ ဗုဒ္ဓအား တပါးသောသမဏဗြဟ္မဏတို့ကအပို အလုပ်ကိစ္စတွေကို လျောက်ထားလာလျှင် "နဉမေတိ, နယုဇ္ဇတိ, နော ဟေတံ" ဟု ပယ်လှန်ပစ်ခြင်း။

အိန္ဒိယဗုဒ္ဓဘာသာအသင်းကြီး၏ ခေါင်းဆောင်များ ဖြစ်ကြတဲ့ ပဏ္ဍိတ်တို့၏ ဖလော်ဆော်ဖိကျမ်းဋ္ဌီလည်း ဗုဒ္ဓ၏လုပ်ငန်းစဉ်တို့ကို အောက်ပါအတိုင်း ရေးသားထား၏။

Buddha was primarily an ethical teacher and reformer, not a metaphysician.

ဗုဒ္ဓသည် အခြေခံအားဖြင့် သဘာဝတည်ရှိနေသည့် အရာဝတ္ထုဟူသမျှကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာနေသော ပဂ္ဂိုလ်မဟုတ်။ လောကဌ် အမှားဟူသမျှကိုပယ်၍ အမှန် အကျိုးရှိသောတရားကိုသာ ပြုပြင်မွမ်းမံသောဗုဒ္ဓဖြစ်၏။

When any one asked Buddha metaphysical questions as to whether the soul was different from the body, whether it survived after death, whether the world was finite or infinite, eternal or non-eternal, etc., he avoided discussing them.

တစုံဘယောက်သောသူက အကယ်၍ ဗုဒ္ဓအား.....ဝိညာဏ်သည် ကိုယ်ခန္ဓာမှ အပဖြစ်သော အရာဝတ္ထု ဖြစ်ပါသလား?
ဝိညာဏ်သည် သေခြင်းမှကင်းလွှတ်ပါသလား
ဤကမ္ဘာကြီးဟာ သတ်မှတ်ပိုင်းခြားမှုရှိပါသလား?

သို့မဟုတ် မရှိပါသလား?
ဤကမ္ဘာကြီးဟာ ထာဝရတည်မြဲမှုရှိပါသလား?
သို့မဟုတ် မရှိပါသလား?

စသောမေးခွန်းများကို မေးလာသော်ဗုဒ္ဓသည် အနှိပ်စက်များကိုဆေးနှုးခြင်းမှ ငြင်းပယ်လေ့ ရှိသည်။

အမှာ။ ။ထိုကျမ်းပြု ပဏ္ဍိတ်တို့သည်ဗုဒ္ဓအား အလွန်လေးစား ကြည်ညိုသော ထေရဝါဒ ဗုဒ္ဓဘာသာများဖြစ်ကြ၏။

ထို့ကြောင့် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်ကိုမသိဘဲနှင့် တခြားသူတွေကို ယောင်ယောင်မှားမှားဖြစ်အောင် ဝါဒဖြန့်ခြင်းသည် ဗုဒ္ဓနှင့်ငတိဘယ်ဘဝက ရန်ငြိုးထားခဲ့ပါသနည်း? ဗုဒ္ဓ၏ဉာဏ်တော်တို့ကို တကယ်သိလိုလျှင် အောက်ပါတဆယ့်လေးဌာနကို သဘောပေါက်အောင်လေ့လာပါ။

၁။ ဒုက္ခေ ဉာဏံ ဗုဒ္ဓဉာဏံ။
၂။ ဒုက္ခသမုဒယေ ဉာဏံ ဗုဒ္ဓဉာဏံ။
၃။ ဒုက္ခနိရောဓေ ဉာဏံ ဗုဒ္ဓဉာဏံ။
၄။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ ဗုဒ္ဓဉာဏံ။
၅။ အတ္ထပဋိသမ္ဘိဒေ ဉာဏံ ဗုဒ္ဓဉာဏံ။
၆။ ဓမ္မပဋိသမ္ဘိဒေ ဉာဏံ ဗုဒ္ဓဉာဏံ။
၇။ နိရုတ္တိပဋိသမ္ဘိဒေ ဉာဏံ ဗုဒ္ဓဉာဏံ။
၈။ ပဋိဘာန ပဋိသမ္ဘိဒေ ဉာဏံ ဗုဒ္ဓဉာဏံ။
၉။ ဣန္ဒြိယပရောပရိယတ္တေ ဉာဏံ ဗုဒ္ဓဉာဏံ။
၁၀။ သတ္တာနံ အာသယာနုသယေ ဉာဏံ ဗုဒ္ဓဉာဏံ။
၁၁။ ယမကပါဋိဟီရေ ဉာဏံ ဗုဒ္ဓဉာဏံ။

၁၂။ မဟာကရုဏာသမာပတ္တိယာ ဉာဏံ ဗုဒ္ဓဉာဏံ။
၁၃။ သဗ္ဗညုတညာဏံ ဗုဒ္ဓဉာဏံ။
၁၄။ အနာဝရဏဉာဏံ ဗုဒ္ဓဉာဏံ။
အနက်ကား-လွယ်ပြီ။

(၁) ကစ၍ (၈)အထိ သာဝကနှင့် ဆက်ဆံသောဉာဏ် ဖြစ်၏။

(၉)ကစ၍ (၁၄)အထိ သာဝကနှင့်မဆက်ဆံ၊ အသာ-ရဏဉာဏ်ဟု ခေါ်သည်။ ထိုတဆယ်လေးပါးသော ဗုဒ္ဓ၏ ဉာဏ်တော်တို့သည် တွေ့ကရ ဗျောက်သောက် မဖယ်မရှာတို့ကို မြင်နိုင်သောဉာဏ်တော်တို့မဟုတ်ကုန်။

ဥပမာ။ ။ကျပန်"ထွင်းဖေါက်မြင်"မျက်မှန်သည်တွေ့ကရ ဗျောက်သောက်မတော်မတဲ့ဒါတွေကိုသာ မြင်နိုင်၏။ တင့်တယ်တာကိုမြင်လို့မရ၊ သူ၏သဘာဝအတိုင်းဟု ဆိုလိုသည်။ ရိုးရိုးစလင်းမျက်မှန်သည် ရိုးရိုးပကတိအတိုင်းသာမြင်ရ၏။ ဖုံးကွယ်ထားသောအရာဝတ္ထုကို မမြင်ရ၊စလင်း၏ သဘာဝအတိုင်းသာမြင်ရ၏၊ ထို့အတူ ဤဉာဏ်တဆယ်လေးပါးတို့သည်လည်း မံသမျက်စိနှင့် မြင်သလိုမဟုတ်၊ဉာဏစက္ခုရိယဉာဏ်၏ အနုအရင့်သို့လိုက်၍မြင်နိုင်ခြင်းကိုသာ သိနိုင်ခြင်းကိုသာ ဉာဏ်မျက်စိ၊ သို့မဟုတ် ဉာဏစက္ခုဟူ၍ ခေါ်လေသည်။ ဤဒု-ပါးသော အပိုင်းအခြား ပရိယန္တဘာဝနှင့် ထက်ဝန်းကျင်သမန္တဘာဝမှ ကျော်လွန်၍လည်းမမြင်၊ ယုတ်လျော့၍လည်းမမြင်၊ ၁၄-ပါးလုံးပြည့်ပြည့်ဝဝ ထက်ဝန်းကျင် မြင်တော်မူသောကြောင့် သမန္တစက္ခု

ဟု ခေါ်သည်။ ဗုဒ္ဓ၏ပညာနှင့် ထို ၁၄-ပါးသော ပရမတ္ထ-
ဓမ္မာရုံသဘာဝတို့ကို ဉာဏ်၌တွေ့မှုကို ဖဿဟု ခေါ်၏။
အဖဿိတံ ပညာယ နတ္ထိတိ သဗ္ဗညုတညာဏံ။
ပညာယ၊ ဗုဒ္ဓ၏ပညာနှင့်။ အဖဿိတံ၊ မထိမတွေ့အပ်သော
ပရမတ္ထဓမ္မာရုံသည်။နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗညုတ-
ညာဏံ၊၊တဆယ် လေးပါးသော ပရမတ္ထဓမ္မာရုံတရားကိုသိသော
ဉာဏ်မည်၏။

ဤအဆုံးအဖြတ်၌ ဂန္ဆဂရုဖြစ်မည်ဆိုသောကြောင့် အကျယ်
မပြသာပြီ၊ဤမျှဖြင့် လုံလောက်ပြီဟု ထင်မိပေသည်။

သဗ္ဗညုတဉာဏ်ကိုပြဆိုခြင်းပြီး၏။

အာသဒ်္ဓတနှင့်နိဗ္ဗာန်
အဆုံးအဖြတ်ကိုပြဆိုခြင်း

အနတ္တာ အသာရကဋ္ဌေန အနတ္တာသည် အနှစ်သာရမရှိသော အနက်သဘောဖြစ်သောကြောင့် "သာရံနိဗ္ဗာနန္တိ" ဟု လာသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်နှင့် မဆန့်ကျင်ပေ။ သင်္ဝဏ္ဏရဟန္တာ အသျှင်မြတ်တို့၏ စုတိနောင် စမ္ပယ်တော်မူသော အနန္တသီတိဘာဝ နိဗ္ဗာန်တော်မြတ်သည်ကား....အနှစ်သာရနှင့် ထက်ဝန်းကျင် ပြည့်စုံတော်မူ၏။ ထိုနိဗ္ဗာန်ကို အနှစ်သာရ မရှိသော အနတ္တလက္ခဏာ ယူရန် အလွန်ပင် အလှမ်းဝေးကွာ၍နေသည်။

သို့သော် ကျမ်းတတ်အမော် အဋ္ဌကထာ ဆရာတော်သည် ပဋ္ဌမတည်ူ ဖြစ်ပါလျက် (ဘုရားရှင်၏ အလိုတော်ကို သိပါလျက်) အဘယ်ကြောင့် အလှမ်းဝေးကွာ၍ နေပါသနည်းဟု သတိပြု ဆင်ခြင်သော် ဤမျှလောက် မဝေးကွဲတန်ရာ၊ အဋ္ဌကထာ ဆရာ၏ရည်ရွယ်ခြင်းအာဘောဂတမျိုး ရှိပေလိမ့်ဟု သဘောပေါက်ရန် လိုသည်။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင် အနတ္တာ ဟူသော ပုဒ် ကို အနုလောမ ခန္ဓိဉာဏ် လေးဆယ်တွင် သွင်း၍ ယင်းအနတ္တာသည် ဉာဏစရိယ၏ အာရုံ ပြုချက်အရ၊ အာရုံအပြုခံ ဉာတအရား၌

တည်၏။ အာရုံပြုသော ဉာဏစရိယသည်ကား-အနုလောမခန္တီဉာဏ်၌ တည်သည်။ထို့ကြောင့် နိဗ္ဗာန်ကို ဟောသော သမ္မတ္တ-နိယာမ ဉာဏ်လေးဆယ်၌ အနတ္တမပါ။ယခုတဘန် အနတ္တသည် အနုလောမခန္တီနယ်က ပြောင်းရွှေ့၍ အဘယ်ကြောင့် သမ္မတ္တ-နိယာမ် နယ်ထဲသို့ ရောက်လာရ ပါသနည်းဟု ပြတ်သားစွာ စီစစ်ရန်ရှိပေသည်။

တရားအားထုတ်ကြသော ယောဂီတို့မှာတော့ ကျမ်းဆရာတို့၏နောက်သို့ တကောက်ကောက်လိုက်နေရသဖြင့် ရှေ့ဆောင် ကျမ်းဆရာမှန်လျှင် နောက်လိုက်လဲ မှန်မည်၊ ကျမ်းဆရာ မှားလျှင်လဲ နောက်လိုက်လဲမှားမည်၊ မျက်စိ မမြင်တဲ့သူက မြင်တဲ့သူက ဒုတ်ဆွဲခေါ်ရသလို၊ မမြင်တဲ့အကာဏ်းသည် မြင်တဲ့သူနောက်သို့ တကောက်ကောက် လိုက်ပါရမည်ကား-ဓမ္မတာပေတည်း။

သို့သော် မြင်တဲ့သူသည် နေ့အခါ အလင်းရောင်ကို အမှီပြု၍ သွားလျှင် မမြင်တဲ့သူပါ ခရီပေါက်ရောက် သက်သို့၊ညအခါ မှောင်ကြီးမဲမဲသွားလျှင်တော့ မြင်တဲ့သူပါ ချေ့ာလဲ၍ အမတပြည်တော်နှင့် အိုးစား ကွဲရတော့မည်မှတ်၊ ဥပမာ ဥပမေယျ ဟပ်၍ပြသော်-ဉာဏ်တည်းဟူသော အလင်းရောင်သည် နေ့အခါ မြင်တဲ့သူနှင့်တူ၏။ အဝိဇ္ဇာအမိုက်တို့က်သည် ညအခါ မမြင်တဲ့သူနှင့်တူ၏ဟု ဥပမာ,ဥပမေယျ ဟပ်၍ကြည့်ကြလေ။

၁။ အနိစ္စသည်-နိစ္စနှင့် ဆန့်ကျင်သော တဲ့ဘက်ဖြစ်၏။
၂။ ဒုက္ခသည်-သုခနှင့် ဆန့်ကျင်သော တဲ့ဘက်ဖြစ်၏။
၃။ အသုဘသည်-သုဘနှင့် ဆန့်ကျင်သော တဲ့ဘက်ဖြစ်၏။
၄။ အနတ္တသည်-အတ္တနှင့် ဆန့်ကျင်သော တဲ့ဘက်ဖြစ်၏။

ဤအထက်ပါ ဆန့်ကျင်သော တဲ့ဘက်ကိုကြည့်လျှင် အနတ္တသည် အတ္တနှင့် တဲ့ရတော့ မလိုလို ဖြစ်တော့၏။ တဲ့လိုက်လျှင်လည်းမဆန့်ကျင်တော့ဘဲ အပေါ်းလဲ အနှစ်၊အနှစ်လဲအပေါ်းဖြစ်၍ တသားထဲ တဖြင်ထဲ နေပေလိမ့်မည်။သခ်ၤတနှင့် အသခ်ၤတ တရားနှစ်ပါးသည် တသားထဲ တသွေးထဲ တဖြင်ထဲ မဟုတ်၊ သဘာဝအားဖြင့် ကွာခြားကြသည်။ ထို့ကြောင့် ကျမ်းဂန်တို့တွင် အနိစ္စနှင့် ဒုက္ခကို ဝိဘူတံ, ပါကဋ်ဟူ၍ဂင်း၊ အနတ္တကိုကား အဝိဘူတံ,အပါကဋ်ဟူ၍ဂင်း မိန့်ဆိုတော် မူကြသဖြင့် အနတ္တတရားသည် အဝိဘူတံ, ထင်ရှားသော ဖြစ်ပေါ်မှုမရှိ။ အပါကဋ်,မထင်ရှား၊ အဝိဘူတ, ပုဒ် အနက်မှာ နေတ်ိအင္ဒ-ကထာကို မှီးသည်။ ထို့ကြောင့် အနတ္တဟူသော ပုဒ်ကို သဘော ကျအောင် ဖွင့်ပြရန်မှာ ဂမ္ဘီရကထာ ဖြစ်၍ နေပြန်သော ကြောင့် သာမာန်အားဖြင့် ဉာဏ်မှာ ထင်မြင်ရန် ခက်ခဲပေလိမ့်မည်။အနတ္တဟူသော ပုဒ်အနက်သည် ပေါ်လွင်ထင်ရှားသော သဘော မရှိ၊ ပုဒ်အနက် အလွှန်မြုပ်၍ နေသော ပမုဿိတာဝဟေဋ္ဌိ လက္ခဏာရှိသည်ဟု မှတ်ပါလေ။

"အနတ္တာတိမာ ဇီယန္တု မာ မီယန္တူတိ ဝသဝတ္တိတုံ သ သက္ကောတိ" ဟူ၍ဂင်း။

"သုညာ, အသာမိကာ, အနိဿရာ, သဗ္ဗေ ဓမ္မာတိ ပဋ္ဌပါဒါနက္ခန္ဓာ အဓိပ္ပေတာ" ဟူ၍ဂင်း။

သဗ္ဗေဓမ္မာ ဟူသော သံဝဏ္ဏေတဗ္ဗကို ပဋ္ဌပါဒါနက္ခန္ဓာ ဟူ၍ ဖွင့်ပြတော်မူသော ဓမ္မပဒ အဋ္ဌကထာ ဆရာသည် အနတ္တကောက်ယူရန် နယ်ပယ် ကို စီး တား၍ ပြတော် မူ ခဲ့သည်။ ဥပါဒါန်ကွန္ဓာ ငါးပါးကိုသာလျှင် အနတ္တ ရှုရမည်ဟု ဆိုလို

သည်။ အဘယ်ကြောင့် ဥပါဒါနက္ခန္ဓာ ငါးပါးကို သီးသန့် ထုတ်၍ ညွှန်ကြားတော်မူသနည်း၊ ယင်း ခန္ဓာ သည် သာလျှင် ခယမမှာ, ဝယမမှာ, နိရောဓ ဓမ္မာဖြစ်၏။ ပရမတ္ထ ခန္ဓာတို့သည် ခယ၊ ဝယ, နိရောဓ ဓမ္မမျိုးမဟုတ်ကြပေ။ ဥပါဒါနက္ခန္ဓာသည် သုညခန္ဓာ, ရိတ္တခန္ဓာ, တုစ္ဆခန္ဓာ တို့ပေတည်း။ ယင်းခန္ဓာကိုသာ လျှင် ရှုကြ, မှတ်ကြ, အောက်မေ့ကြ, ဆင်ခြင်ကြ, တွေးတောကြ, ကြံစည်ကြဟု သစ္စာဉာဏ်နှင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်အလို့ငှာ သီးသန့် ညွှန်ပြတော်မူခဲ့သည်။

ဤ ပဋ္ဌပါဒါနက္ခန္ဓာသည် မိဂဒါဝုန်ဓမ္မစကြာ ဒေသနာ တော်မှ ပန္နက်ချခဲ့သော ခန္ဓာဖြစ်သည်။ ထိုခန္ဓာသည် အထည်ဖြဗ်, ဥပါဒ်, ဋ္ဌိ, ဘင် ရှိသော ပရမတ္ထဲခန္ဓာ နှင့် မရောမယှက် အပြင်ဘက်က ဗဟိဒ္ဓ ဓမ္မာရုံခန္ဓာဖြစ်၏။ ထိုခန္ဓာကို မြတ်စွာဘုရားသည် "နံ သာတ္တာ, နံ ဇီဝေါ, နံ နရော, နံ ဣတ္ထီ, နံ ပုရိသော" ဟု ဟောတော်မူ၏။

မှက်ရိပ်သဒ္ဒါမြင်မှ သောတာပန်

ရှင်းပြဦးအုံး။ ။ကြေးမုံ မှက်ပြင်ကို လူတယောက် သည် ကြည့်ရှုရာ၏ ထိုအခါ မှက်ပြင်၌ ပေါ်လာသော အရိပ်သည် ကောင်္ဂ နည်းအားဖြင့် မှက်ကြည့်သောသူနှင့် ပုံပန်းသဏ္ဌာန်မှာ တထပ်ထဲ တသားထဲ တူ၏။ သို့ပင်တူသော်လည်း နာနတ္တနည်း အရယူလျှင် အသွင်တူသော်လည်း သဘာဝ မတူ ကွဲပြား၏။ မှက်ကြည့်သောသူက ဘူတရုပ်ကြီး လေးပါးနှင့်တကွ အထည်ဖြဗ်, ဥပါဒ်, ဋ္ဌိ, ဘင်, သတ္တ, ဇီဝ ရှိ၏။ မယုံလျှင် ဓားနှင့်ခုတ်ကြည့် ပါဏာတိပါတကံ ထိုက်လိမ့်မည်အမှန်။ မှက်ရိပ်ထဲကသူကို

ဓားနှင့်ခုတ်ကြည့် ဘယ်ကံမှမထိုက်။ အဘယ်ကြောင့် မထိုက်သနည်း၊ သတ္တ ဇီဝ မဟုတ်သောကြောင့်တည်း။ ထို့ကြောင့် အသျှင်အာနန္ဒာ သောတာပန်ဖြစ်ရန်အတွက် ပရမတ္ထ၏ အရိပ်ဖြစ်သော ဓမ္မာရုံကို မှတ်ရိပ်နှင့် ပမာပြု၍ဟောမှ တောတာပန် ဖြစ်လေသည်။

အနတ္တာတိ အတ္တ ဇီဝေန ပဂ္ဂလေန ရဟိတာ၊
ကေ ဓမ္မေပိ ပဂ္ဂလော နတ္ထိတိ အတ္ထော။

ထမ်းစေ တွေ့သောအခါ

ဤကဲ့သို့ ကထာ ဝတ္ထု အဋ္ဌကထာတွင် အနတ္တဆိုသော သဘောတရားသည် အတ္တ, ဇီဝ, ပုဂ္ဂလမှကင်း၏။ စိတ်, စေတသိက်, ရုပ်ဟု ဆိုအပ်သော ပဋ္ဌာ ပါဒါနက္ခန္ဓာ ဓမ္မာရုံတရားတို့တွင် တခုခုသောတရားသည်ပင် ပုဂ္ဂလ သတ္တ ရှာမရဟု ဆိုလိုသည်။အနတ္တဟူဟောတော်မူသော ဒေသနာတော်သည် အတ္တ သတ္တိ မရှိသဖြင့် ယင်း ဥပါဒါနက္ခန္ဓာ ငါးပါးကိုပင် အနတ္တဟု မှတ်ရမည်။ အနတ္တဟု လက္ခဏာတင်၍ ရှုသောအခါ=

ပဋ္ဌက္ခန္ဓေ အနတ္တတော ပဿန္တော
အနုလောမိကံ ခန္တိံ ပဋိလဘတိ။

(အနက်ကား နောက်ကပေးခဲ့ပြီ။) ပဋ္ဌာ ပါဒါနက္ခန္ဓာ ငါးပါးကိုဆင်ခြင်သော ဉာဏစရိယ ဉာဏ်ကို အနုလောမ ခန္တီဉာဏ်ဟုခေါ်၏။ ထိုဉာဏ်ကို ပုဗ္ဗနိဗ္ဗာန် ဟူ၍၎င်း၊ ပုဗ္ဗဘာဂ မဂ် ဟူ၍၎င်း၊ နိရုတ္တိ နည်းအားဖြင့် အမည်အမျိုးမျိုးပြား၍ ဟောတော်မူ၏။ ပုဗ္ဗနိဗ္ဗာန်သည် ပစ္ဆာ နိဗ္ဗာန် ဟူသော လမ်းစကို တွေ့သော ဉာဏ်ဖြစ်သောကြောင့် "သမုဒ္ဒေါ မယာ ဒိဋ္ဌော"ကဲ့

သို့(ကေ ဒေသူ ပစာနည်း)ဟု မှတ်ရမည်။ ထို ပုဗ္ဗနိဗ္ဗာန်ကိုပင် "အနတ္တ လက္ခဏ ဒိဋ္ဌေ နိဗ္ဗာနံ ဒိဋ္ဌံနာမ" အနတ္တ လက္ခဏကို မြင်လျှင် နိဗ္ဗာန်ကို တစိတ်အားဖြင့် မြင်သည် မည်၏ဟု ဟော တော်မူသော်အရာဝယ် တိုက်ရိုက် နိတတ္ထအားဖြင့် ပုဗ္ဗ နိဗ္ဗာန်ကို မြင်သည် မည်၏ဟုမှတ်ရမည်။ အနတ္တ လက္ခဏကို မြင်သော ဉာဏ်သည် ပစ္ဆာ နိဗ္ဗာန် အာနန္တနိဗ္ဗာန်ကို အာရုံ မပြုနိုင်သေး၊ ထိုသို့ပင် မပြုနိုင်သေးသော်လည်း အနတ္တလက္ခဏာ၏ သုညဘာသဘော အနိမိတ္တိသဘောတို့သည် ပစ္ဆာနိဗ္ဗာန်၏ ရသ,နှင့် ပစ္စုပဋ္ဌာန်တို့ကဲ့သို့ တစိတ် တဒင်္ဂ အားဖြင့် တူသောကြောင့် အနတ္တ လက္ခဏာကိုမြင်လျှင် နိဗ္ဗာန်ကို မြင်သည်မည်၏ဟု (ကေ ဒေသူ ပစာနည်း)အာ ဖြင့် ဟောတော်မူသည်။

ကေ ဒေသူ ပစာကား "ကေ ဒေသိနော နာမံ ကေသေဒမ့် ဉပ စာရော ဝေါဟာရော ကေဒေသူပစာရော"ဟူ သဒ္ဒါဝိဒူ ဆရာတို့သည် ဝ စနတ္ထ အားဖြင့် တည်ဆားကြကုန်၏။ ကေ, ဒေသ, ဉပစာ ဟု သုံးပုဒ်ခဲ့လေ။

ဉပမာ။ ။"အာကာသော မယာ ဒိဋ္ဌော" အာကာသ ကောင်းကင်ကို အကျွန်ုပ်မြင်ပြီဟူ၍ဂုဏ်း။

"သမုဒ္ဒါ မယာ ဒိဋ္ဌော" သမုဒ္ဒါကို အ ကျွန်ုပ် မြင် ပြီ ဟူ၍ဂုဏ်း။

ထိုကဲ့သို့ ပြောကြားသော ဝေါဟာရကို ကေ ဒေသူပစာ, ဟု ခေါ်သည်။

သမုဒ္ဒါကို မြင်သူဉပမာ

ရှင်း၍ပြဦးအုံ့။ ။အာကာသကောင်းကင်ကို မြင်သောသူ သည် အလွန် အလွန် ကျယ်ပြန့်သော အာကာသ ကောင်းကင်

ကိုမြင်သည်မဟုတ်၊ ကေဒေသ, တစိတ် တပိုင်း အားဖြင့်သာ မြင်နိုင်သည်၊ အနန္တာကာသကို မမြင်နိုင်ဟုဆိုလိုသည်။ သမုဒ္ဒာကိုမြင်ပြီဟု ဆိုသော စကားမှာလည်း သမုဒ္ဒာ အားလုံးကိုမြင်သည်မဟုတ်၊ တစိတ် တပိုင်းအားဖြင့်သာ မြင်သည်၊ သို့သော် အာကာသကိုဂျင်း သမုဒ္ဒာကိုဂျင်း မြင်ပြီဟု မဆိုနိုင်ဘူးလား? ဆိုနိုင်၏။

သို့ပင် ဆိုနိုင်သော်လည်း အလွန် ကျယ်ပြန့်သော အာကာသနှင့် သမုဒ္ဒာ တို့သည် မြင်ပြီဟု ဆိုသော အစိတ် အပိုင်းနှင့် စာလျှင် ခန့်မှန်းလို့ မရ နိုင်အောင် ဖေးငယ် လွန်းလှ၏။ ထို့ကြောင့် အနတ္တ လက္ခဏာကို မြင်ရုံသိရုံနှင့် နိဗ္ဗာန်ကိုတွေ့ပြီ မြင်ပြီဟု ဆိုခြင်းဖြစ်၏။

အနတ္တ လက္ခဏာဌ် အကျမ်းဝင်သော သဘော တရားတို့ သည်ကား သူညတ, တုစ္ဆ, ရိတ္တ, အဝသဝတ္တန, အဿာမိက, အနိဿရ, ပရမသူည, အသရက, ပရတော, အနိမိတ္တ အစရှိသည် ဖြင့် "ပဉ္စ ဓိသတိ အနတ္တာ နုပဿနာ" ဟု ခုဒ္ဒကနိကာယ် ပဋိသမ္ဘိဒါမဂ် ပါဠိတော်တွင် ဟောတော်မူ၏။ အနတ္တလက္ခဏာသို့ ပါဝင်သောအနတ္တာနုပဿနာ တရားတို့သည် နှစ်ဆယ့်ငါးပါး ရှိ၏။ ယင်း နှစ်ဆယ့်ငါးပါးတို့တွင် အာဘယ်မည်သော အနုပဿနာကို ပရိနိဗ္ဗုတ် စုတိနောင် အာဘယ် အမည်ထဲသို့ သွင်း မည်နည်း။ မိမိ သဘောကျရာယူ၍ သွင်းမည်လော? သို့မဟုတ် သုတ်တော်နှင့်ကိုက်ညီအောင် သွင်းမည်လော?

ဘုရားဟောနှင့်ညီ

မြတ်စွာဘုရားသည် မဟာဒေသ လေးပါးကို အင်္ဂုတ္တရ နိကာယ် စတုက္ကနိပါတ် သဉ္ဇောတနိယဝဂ်၌=

"ငါ့သျှင်တို့သုတ် ဝိနည်း အဘိဓမ္မာဟု ဆိုအပ်သော တရား တော်တို့ကို ပါဠိ အာဂုမ် နှုတ်ဥ ဆောင်သော မထေရ်မြတ်တို့ က ဤကား သုဘ်တည်း၊ ဤကား အဘိဓမ္မာတည်း၊ ဤကား ဝိနည်းတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံး အမ တည်း၊ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏၊ သင်ယူခဲ့ ရ၏၊ မှတ်သားခဲ့ရ၏"ဟု ပြောဆိုလာသော်လည်း ဘုရားရှင် ဟောတော်မူသော သုတ္တန်ပါဠိတော်၌ မသက်ဝင်သော် မထင် သော် မည်ဗျိ မည်ဟုတ်သော်=

ဣတိ ဟေတံ ဘိက္ခဝေ ဆဋ္ဌေယျာထ။

ထိုစကားကို စွန့်ကြကုန်တော့ဟု ဟောတော်မူသည် တချက်၊

ဘုရားရှင်ဟောတော်မူသော သုတ္တန် ပါဠိတော်တို့နှင့် သက် ဝင်ကုန်၏။ ထင်ကုန်၏၊ ညီညွတ်ကုန်၏၊ ယင်းကဲ့သို့ ဘုရား ဟော သုတ္တန်ပါဠိတော်တို့နှင့် အညီ မည် သံသန္ဒန ဖြစ်၍ ညီ ညွတ်ခဲ့သော်-

ဣဒံ ဘိက္ခဝေ။ ပ။ မဟာ ပဒေသံ ဓာရေယျာထ။

ဘိက္ခုတို့ ဤ မဟာ ပဒေသ လေးပါးကို ဆောင်ကြကုန် လော့၊ သင်ယူကြ ကုန်လော့၊ မှတ်သာကြကုန်လော့ဟု ဟော တော်မူသည်တချက်။

ထို့ကြောင့် ဘုရားရှင် ဟောတော်မူအပ်သော အနတ္တ ဒေသနာ တော်သည် အတ္တ ဂမ္ဘီရအရာ အတ္ထ ပဋိသမ္ဘိဒါ အရာ၌ လိမ္မာတော်မူကြသော ပုဂ္ဂိုလ်တို့သာလျှင် ဘုရားရှင်ဟောတော် မူအပ်သော သုတ္တန်ပါဠိတော်နှင့် ကိုက်ညီအောင် မြင်နိုင်ကြကုန် လတ္တံ့ ပဋိသမ္ဘိဒါမင် အဋ္ဌကထာတွင်လည်း....

“သခ်ၤတာ သခ်ၤတ ဓမၼာ အတ္တာသ
အဘာဝေတာ အနတ္တာနာမ”

ဟု ဖွင့်ပြသည်ကား-ပုဗ္ဗေ ဓမ္မဋ္ဌိတိ ဉာဏံ ဟူသော ပဋိစ္စ သမုပ္ပါဒ မည်သော နိဿရဏ သံသရာ၌ သ ဥပါဒိ သေသ နိဗ္ဗာန်တော် မြတ်ရှိကြောင်းကို နိဒါန်းဂုဏ သံယုတ္တ နိကာယ်၌ ဟောတော်မူ၏။ ဥဒါန်း ပါဠိတော် ၌လည်း ပဋိစ္စသမုပ္ပန္န ဖြစ်သော အနိစ္စဓမ္မသည် ဇာတဒုက္ခ, ဘူတဒုက္ခ, ကတဒုက္ခ, သခ်ၤတ ဒုက္ခ-မည်သော ထိုဒုက္ခကြီး လေးပါးကို သိသောဉာဏ်သည် ပုဗ္ဗေ ဓမ္မဋ္ဌိတိ ဉာဏ်မည်၏။ ထို ဓမ္မဋ္ဌိတိဉာဏ်ကိုပင် နိဿရဏ နိဗ္ဗာန် ဟုခေါ်သည်။ အနိစ္စ ဖြစ်သော ဓမ္မာရုံကို ဖြစ်စေ အပ်သော ကြောင့် ဇာတ, ဘူတ မည်၏။ ပြုစေအပ်သောကြောင့် ကတ, သခ်ၤတမည်၏။ ထိုလေးပါးသော တရား တို့မှ လွတ်ငြိမ်းချမ်းသာသော သဘောကို အဇာတ နိဗ္ဗာန်, အဘူတ နိဗ္ဗာန်, အကတ နိဗ္ဗာန်, အသခ်ၤတ နိဗ္ဗာန်ဟု ဟောတော်မူ၏၊ထို့ကြောင့် ဥဒါန်း ပါဠိတော်၌-

ယသ္မာစ ခေါ ဘိက္ခဝေ အဇာတံ, အဘူတံ,
အကတံ အသခ်ၤတံ၊ တသ္မာ ဇာတဿ, ဘူတဿ,
ကတဿ,သခ်ၤတဿ နိဿရဏံ ပညာယတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မာစ ခေါ၊ အကြင်ကြောင့်သာ လျှင်။ အဇာတံ၊ ဇာတမှထွက်မြောက် သည်ဖြစ်၍၊ ဝါ၊ ထွက်မြောက်သောကြောင့် အဇာတ နိဗ္ဗာန်သည်ချင်း။အဘူတံ၊ဘူတမှ ထွက်မြောက်သည်ဖြစ်၍၊ဝါ၊ကြောင့် အဘူတ နိဗ္ဗာန်သည်ချင်း။ အကတံ၊ကတမှ ထွက်မြောက်သည်ဖြစ်၍၊ဝါ၊ ကြောင့် အကတ နိဗ္ဗာန်သည်ချင်း။အသခ်ၤတံ၊ သခ်ၤတမှ ထွက်မြောက်သည် ဖြစ်၍၊

ဝါ၊ကြောင့် အသခ်ၤတ နိဗ္ဗာန်သည်ရင်း။ အဘာဝိဿ၊ ဖြစ်ရာ၏။ တသ္မာ။ထို့ကြောင့်။ ဇာတဿ၊ ဇာတ၏။ ဘူတဿ၊ ဘူတ၏။ ကတဿ၊ ကတ၏။ သခ်ၤတဿ၊ သခ်ၤတ၏။ နိဿရဏံ၊ ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်သည်။ ပညာယတိ၊ ဉာဏ်၌ ထင်ရှား၏။

ဤကဲ့သို့ ပဋိစ္စသမုပ္ပါဒ လောက သံသရာ၌ နိဿရဏ နိဗ္ဗာန် နိရောဓသစ္စာ ရှိကြောင်းကို ပြတော်မူ၏။ နိရောဓ သစ္စာ ဆိုသည်မှာ အဘယ်တရား**တို့ချုပ်ငြိမ်းခြင်း**သည် နိရောဓ သစ္စာ **မည်သနည်း?**

ဥပါဒါနက္ခန္ဓာ ငါးပါး**တို့**သည် ဥပပ္ဇ္ဇတိ, နိရုဇ္ဈတိ ဖြစ်လိုက် **ချုပ်လိုက်နှင့်** အဘန် တလဲလဲ ဖြစ်ချုပ်နေခြင်းသည် နိရောဓ ဓမ္မမည်၏။ ထိုနိရောဓ ဓမ္မ ဖြစ်ချုပ်သည် နောင်တဘန် မဖြစ်တော့ဘဲ အကြွင်းမဲ့**ချုပ်ငြိမ်းခြင်း**ကိုသာ နိရောဓသစ္စာမည်၏။ ဤကဲ့သို့ ချုပ်ငြိမ်းခြင်းကိုသာ နိဗ္ဗာန် ခေါ်သည်။

ထိုနိရောဓ သစ္စာမည်သော တရားသည် နောက်တဘန်ထပ်၍ မဖြစ်သောကြောင့် အဇာတံ, အဘူတံဟူ၍၎င်း၊ နောက် တဘန် ဖြစ်ပေါ်ရန် ပြုပြင်မှု ကင်းငြိမ်းသောကြောင့် အကတံ,အသခ်ၤတံ ဟူ၍၎င်း၊ နိဗ္ဗာန်၏အမည်လေးမျိုး ပြတော်မူသည်။ လေးမျိုး ပြသော်လည်း သော ဓမ္မောတခုထဲ ဖြစ်သည်ကို ဉာဏ်နှင့် မြင်အောင်ကြည့်။

နောက်တဘန် ဖြစ်ပေါ်မှု ပြုပြင်ရှုမှု မရှိ၊ ဤတကြိမ်ထဲပင် ကိစ္စပြီးသောကြောင့် မြတ်စွာဘုရားသည် ပါဠိတော် အစောင် စောင်တို့တွင်....

ခီဏာ ဇာတိ၊ခုသိတံ ဗြဟ္မဝစရိယံ၊ ကတံ ကရဏီယံ။ နာ ပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ဇာတိ၊ ဇာတိသည်။ခီဏာ၊ ကုန်ပြီး။ ဗြဟ္မစရိယံ၊ မြတ်သော မဂ် အကျင့်ကို။ခုသိတံ၊ ကျင့်သုံးအပ်ပြီး။ ကရဏီယံ၊ မဂ်ကိစ္စကို။ကတံ၊ပြုပြီးပြီ။ ဣတ္ထတ္တာယ၊ ဤ မဂ်ကိစ္စအလို့ငှာ။ အပရံ၊ တပါးသော မဂ္ဂဘာဝနာ ကိစ္စသည်။နာတိနဣတိ၊ မရှိတော့ပြီဟူ၍။ပဇာနာတိ၊အထူးသဖြင့်သိ၏။

ဤ ကဲ့သို့ဟောတော်မူသော ဒေသနာတော်ကို ကြပ်ကြပ်စည်းစား သတိထား၍ ကိုးစွပြီး မပြီးတို့ အကြိမ်ကြိမ် ဆင်ခြင်လေ။ဥပါဒါနက္ခန္ဓာ၏နောက်ထပ် တဘန် ဇာတိ မဖြစ်သည်ကို သာဟောတော်မူ၏။ ဘဝဟောင်း စွန့်၍ ဘဝသစ် ပဋိသန္ဓေနေသည့်အရာမျိုးကို ဟောတော်မူသည် မဟုတ်။ ယင်း အနတ္တဓမ္မ ခန္ဓာဓသပျောက်စရာ မရှိတော့သဖြင့် အမတဟူ၍၎င်း၊မစ္စုမာရ်ကို အောင်ပြီးဟူ၍၎င်း၊ခန္ဓာမာန်ကို အောင်ပြီဟူ၍၎င်း၊ ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်း အဝိဇ္ဇာ,နောက်ပိုင်း တဏှာ ဟူသော ဒွေမူလာတို့သည် "သသေသဝိရာဂ နိရောဓ" ဖြစ်၍ အကြွင်းမရှိ ချုပ်ငြိမ်းခြင်းကြောင့် ကိလေသ မာရ် အောင်ပြီ ဟူ၍၎င်း၊ ဟောတော် မူ၏။ထို့ကြောင့်....

ရူပံ,ဝေဒနာ,သညာ, သင်္ခါရာ, ဝိညာဏံ ဓေါ အာနန္ဒ အနိစ္စံ,သင်္ခတံ,ပဋိစ္စ သမုပ္ပန္နံ,ခယဓမ္မံ,ဝယဓမ္မံ,ဝိရာဂဓမ္မံ, နိရောဓ ဓမ္မံ၊ တဿ နိရောဓော နိရောဓောတိဝုစ္စတိ။

—ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ရူပံ၊ ရူပဝုဒါနက္ခန္ဓာ သည်၎င်း၊ဝေဒနာ၊ ဝေဒနုပါဒါနက္ခန္ဓာသည်၎င်း။ သညာ၊ သညု

ပါဒါနကွန္ဓာသည်၎င်း။သင်္ခါရာ၊ သင်္ခါရုပါဒါနကွန္ဓာသည်၎င်း။ ဝိညာဏံ၊ ဝိညာဏု ပါဒါနကွန္ဓာသည်၎င်း။ အနိစ္စ ၊ မမြဲသော အနိစ္စဓမ္မမည်၏။ သင်္ခတံ၊ ဒွေမူလအကြောင်းတရားတို့ ပေါင်းဆုံ ပြုပြင်မှု ဖြစ်ပေါ်လာရသော သင်္ခတ ဓမ္မ မည်၏။ ပဋိစ္စသမုပ္ပန်၊ ဖြစ်ပြီးလျှင်ချုပ်ငြိမ်းရသော ပဋိစ္စသမုပ္ပန္န ဓမ္မမည်၏။ ခယ ဓမ်မံ၊ ကုန်ခန်းတတ်သော ခယ ဓမ္မ မည်၏။ ဝယဓမ်မံ၊ ပျောက်ပျက်တတ်သော ဝယဓမ္မမည်၏။ ဝိရာဂ ဓမ်မံ၊ ကွေကွင်းကင်းကွာတတ်သော ဝိရာဂ ဓမ္မ မည်၏။ နိရောဓ ဓမ်မံ၊ ချုပ်ပျောက်တတ်သော နိရောဓ ဓမ္မမည်၏။ တသ္မာ၊ ဆိုအဘ့ုန်တလဲလဲ ချုပ်ပျောက်တတ်သော နိရောဓ ဓမ္မ၏။ နိရောဓော၊ တကြိမ်ထဲ အပြီးသတ်ချုပ်ငြိမ်းခြင်းကို၊နိရောဓောတိ၊ နိရောဓ သစ္စာနိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏း ဆိုလေ၊ဆိုရမည်။

ဤကဲ့သို့အသျှင်အာနန္ဒာအား ရှုကွက်ခုနစ်ကွက်ထား၍ဟော တော်မူသောကြောင့် နိဗ္ဗာန်သည် အမတမည်၏၊ အမရဏ မည်၏။။ ဝိညာဏဋ္ဌိတိ မည်သော မရဏာသန္နဝိထိဖြင့် စုတိဖြစ်၍ ချုပ်ငြိမ်းသည်ကို၊ ဝါ၊ ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန် ပြုသည်ကို အမတဟု ဝိသေသပြု၍ ဟောတော်မူ။ ရှေ့ပိုင်းအဝိဇ္ဇာနောက် ပိုင်းတဏှာဖြစ်သော ကိလေသဝဋ်တို့သည်လည်း နောက်ထပ် တဘန် ဇာတိမဖြစ်သောကြောင့် နဉပါဒိ မည်၏၊ ဝိပါက် ကမ္မဇ,ပရမတ္ထ ခန္ဓာငါးပါး သည်သာလျှင် ကြွင်း ကျန်သော ကြောင့်(သေသ)မည်၏၊ နဉပါဒိကို (အနုပါဒိ)ပြင်၍ (သေသ)နှင့်တွဲလျှင်(အနုပါဒိသေသ)ဟု သမ္မန္နဂုဏာလင်္ကာရကိုဖေါ်ထုတ်လေ၏။။

နိဗ္ဗာန်ဆိုသည်မှာ ဝါန,ပုဒ်ကို ပဋိသေဓပြု၍ နိ, ဟူသော

ဥပသာရပုဒ်ဖြင့် ဝါန,သဒ္ဒါ၏ရှေ့ကနေ၍ ဆန့်ကျင်ဘက်အနက်ကို စီရင်လေသည်။ အဘယ်တို့ဆန့်ကျင်သနည်း?

ဝါန,သဒ္ဒါသည် ကပ်ငြိတတ်, တပ်စွန်းတတ်, တပ်နှစ်သက်တတ်သောတဏှာကိုဟော၏။ ထို့ကြောင့် အချို့ပုဂ္ဂိုလ်တို့သည် နိဗ္ဗာဏ်ဟု(ဏ-ကြီး)သတ်၍ရေးသားကြသည်။ မည်သို့ပင်ဖြစ်စေ ဝါန,သဒ္ဒါသည် (တဏှာအစစ်တရာ့ရှစ်) ကို ဟောသောပုဒ်ဖြစ်သောကြောင့် တဏှာဟူ၍ပင် မှတ်သားရမည်၊ ထိုတဏှာ၏ကုန်ခြင်း၊ ချုပ်ငြိမ်းခြင်းမရှိခြင်း အနက်ကို နို,ဟူသော ဥပသာရပုဒ်ကကပ်၍စီရင်ဓလသည်။(ပဓာနပုဒ်ရင်း၏အနက် အဓိပ္ပါယ်ကိုတားမြစ်သည်ဟုဆိုလိုသည်)ဥပသာရပုဒ်တို့သည် နှစ်ဆယ်မျှရှိ၏။ အချို့သောဥပသာရပုဒ်တို့ကား.....ပဓာနမူလအနက်ကို မပျက်စေဘဲ တိုးပွားအောင် ထောက်မပေး၏။ ပုံစံကား.....ဥဂ္ဂစ္ဆတိ အထက်သို့တက်၏၊၊ဂမုဓာတ်၏ သွားခြင်းကြိယာရိုးရိုးကိုဥ,ဟူသော ဥပသာရပုဒ်က ထောက်မလေသည်။

အချို့သော ဥပသာရပုဒ်တို့သည်ကား.....မူလဓာတ်၏ အနက်ကိုမပျက်စေဘဲ စောင့်ရှောက်သောအားဖြင့် စီရင်ပေး၏။ ပုံစံကား.....အနုယာတိ အစဉ်လိုက်၏၊ ဣဒ္ဓိ ယာ,ဓာတ်၏သွားခြင်းကြိယာကို မပျက်စီးစေဘဲ အနု,ဟူသော ဥပသာရပုဒ်က စောင့်ရှောက်လေသည်။

ရုဟန္တာစုတ်ပြီးနောက်နိဗ္ဗာန်

ထို့ကြောင့် နိဗ္ဗာန,ဟူသောပုဒ်၌ ဝါန,ဟူသော မူလအနက်မှာ တဏှာဖြစ်၍၊ ယင်းတဏှာကို မရှိဟူသော တားမြစ်ခြင်း

အနက်သို့ရောက်စေရန်(နိဝါန)ဟု ပဋိသေဓတ္ထအနက်ထုတ်ရလေသည်။ဝ,ကိုစသဒ္ဒါဖြင့် ဗထက်ချိုက်ပြု၊နိ,ကို၄.၍ ဗဒ္ဒေးဘော်ပြု နိဗ္ဗာန(နိဗ္ဗာန်)ဟုရုပ်ပြီးသည်။ အနိလိုဆိုလျှင် သဇီဝ ရဟန္တာ စုတိပြီးနောက် နိဗ္ဗာန်အထူးမရှိဟု မိန့် မြွက်တော်မူကြသော ကျေးဇူးတော် အသျှင်မြတ်ကြီးများ ဖြစ်ကြတဲ့ တတိယရွှေကျွင် ဆရာတော်ဘုရားကြီးနှင့် ကျောက်စာတိုင် ဆရာတော်ဘုရားကြီး တို့၏စကားတော်သည် ကျောက်တိုင် ကျောက်သား ကျောက် တောင်ကြီးအလားကဲ့သို့ မားမားမတ်မတ် မယိမ်းမယိုင် ခိုင်ခိုင် ခန့်ခန့် ကြံ့ကြံ့ကြီး တည်နေတော်မူပါပေသည်ဟု အံ့သြ၍ မဆုံး ဖရဏာပိတိဖုံးလျက် ကိုယ်လုံးနှံ့ဖြစ်ပါပေ၏တကား.....

အရဟတ္တဖိုလ် စိညာဏ်တော်ကျန်၏

ရဟန္တာဆိုသည်ကား.....အဘယ်သို့သော သဘောတရားကို ရဟန္တာဆိုသနည်း? အရဟန္တဟူသောပုဒ်မှ အ,ကျေ၍ရဟန္တာ ဆိုသည်တချက်၊ တ,ကျေ၍ ရဟန်း,ဆိုသည်တချက်၊ ဤကဲ့သို့ ပဒဝိပ္ပတ္တိပုဒ်ဖျက်ပြီးလျှင် ရဟန္တာ, ရဟန်းဟူ၍ ခေါ်ဝေါ်ပညတ်ကြသည်။အရ,အရိသဒ္ဒါမှာ ကိလေသာဟော၊ ဟန္တ,ဟတ သဒ္ဒါသတ်ခြင်းအနက်ဟောဖြစ်၍ အရနှင့် ဟန္တပေါင်းသော်— အရဟန္တမှ အ,ကျေ၍ ရဟန္တာဟုခေါ်လေသည်။ ထိုရဟန္တာ ပုဂ္ဂိုလ်သည် ဝါနပုဂ္ဂလမှ, နိဝါနသေသ ဖြစ်လာသောကြောင့် ကိလေသာကုန်ဆုံး ချုပ်ငြိမ်းပြီးသောပုဂ္ဂိုလ်ဟု ခေါ်လေသည်။ ကိလေသ ပရိနိဗ္ဗန္တပုဂ္ဂိုလ်ဟူ၍လည်းခေါ်သည်။ ပရမတ္ထခန္ဓာတော်သည်သာလျှင် ကြွင်းကျန်တော့သည်။ယင်းခန္ဓာတော်သည်ကား.....ကံ၊စိတ်၊ဥတု၊အာဟာရတည်းဟူသော သမုဋ္ဌာန်လေးချက်ကိုအမှီပြု၍ တည်တန့်နေနိုင်လေသည်။ သမုဋ္ဌာန်လေးချက်

တို့၏ အားအစွမ်း ကုန်ခန်းသောအခါကျမှ ထိုသမုဒ္ဒရာန်လေး ချက်ကိုစွန့်၍ စုတိပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် ချုပ်ငြိမ်းလေတော့သည်။ မချုပ်မငြိမ်းကောင်းသော အရဟာတ္တဖိုလ်၏မှီရာဝိညာဏ်တော်အဗျာကတသည် ကျန်ရှိသည်ဟူ၍မှတ်။

နိဗ္ဗာန်အတွက် ကထာ ၁၁ ပါး

မှတ်ချက်

၁။ ထိုရဟန္တာပုဂ္ဂိုလ်၏ ဂမ္ဘီရကထာဌ်ဒ် အချို့သော အဋ္ဌကထာဌီကာတို့တွင် ပစ္စယုပါဒါန်ဝါဒအရ အရဟာတ္တဖိုလ်ကို ပရမတ္ထခန္ဓာအကြွင်းကိုယူ၍ သဉ္ဉပါဒိ သေသနိဗ္ဗာန်ကောက်သည်၊စုတိပြီးနောင်ကို အနုပါဒိသေသနိဗ္ဗာန်ကောက်သည်၊ နိဗ္ဗာန် ဆိုသည်မှာ နောက်ကပြခဲ့သော အဓိပ္ပါယတ္ထဌ် တဏှာအကြွင်း မရှိချုပ်ငြိမ်းသည်ကိုသာ နိဗ္ဗာန်ဆိုသည်၊ ဤရဟန္တာပုဂ္ဂိုလ်၏ စုတိပြီးနောင် နိဗ္ဗာန်ဟု(ဝါ-တဏှာအကြွင်း မရှိ ချုပ်ငြိမ်းခြင်းဟု)ဝိသေသပြုပြန်သလော?

၂။ ရဟန္တာပုဂ္ဂိုလ်တို့သည် တဏှာရှိသေးသလော?

၃။ ထိုကြောင့် စုတိပြီးနောင် နိဗ္ဗာန်ဟုပညတ်သလော?

၄။ ရဟန္တာပုဂ္ဂိုလ်တို့သည်တဏှာအကြွင်းမရှိ၊ကျိုးကပ်ကျင်းကပ်မကျန်အောင်ချုပ်ငြိမ်းသည်မဟုတ်ပါသလော?

၅။ ရဟန္တာပုဂ္ဂိုလ်တို့သည်တဏှာအနည်းငယ်ကျန်သေးလို့ စုတိပြီးနောင်နိဗ္ဗာန်ဟုပညတ်ရပြန်သလော?

၆။ အနည်းငယ်သောတဏှာသည် စုတိပြီးနောင်ဇာတိဒုက္ခကိုဖြစ်စေနိုင်သလော? မဖြစ်စေနိုင်သလော?

၇။ တဏှာအနည်းငယ်ကျန်သော်လည်း ဇာတိဒုက္ခ မဖြစ်နိုင်ဟု သုတ္တန်ပါဠိ ရှိပါသလော?

၈။ နိဗ္ဗာန်သည် နှစ်ပါးတို့လော? အသင်္ဘတသည် နှစ်ပါးတိလော?

၉။ ရဟန္တာပုဂ္ဂိုလ်သည် မာရဓမ္မမာရ်, ကိလေသမာရ်, ခန္ဓာမာရ်, ပစ္စုပ္ပန်မာရ်, အဘိသင်္ခါရမာရ်, ဤမာရ်တို့ကို အောင်အပ်ပြီးပြီလော?

၁၀။ ဝါန, သဒ္ဒါသည် ဤမာရ်ငါးပါးတို့လော? သို့မဟုတ် ကံ, စိတ်, ဥတု, အာဟာရ သမုဋ္ဌာန်လေးပါးကြောင့် ဖြစ်နေသော ရုပ်တို့လော?

၁၁။ ရဟန္တာသည် ခက်မငါးဖြာ ဖြစ်သော လက်, ခြေ, ဦးခေါင်းတို့လော? သို့မဟုတ် သုံးဆယ့်နှစ်ကောဋ္ဌာသ ဆံ, အမွေး, ခြေသည်း, လက်သည်းတို့လော?

ဤမှတ်ချက်၌ပဟေဋ္ဌိပြု၍ (Logic)ဒလော့ဂျစ်ဆန်ဆန် မေးခွန်းထုတ်ရခြင်းသည် နိဗ္ဗာနဝါဒ၌ ဥပနိသျှပြာဟူဏတို့၏ အယူဝါဒသို့ မသက်ဝင်စေခြင်းငှါ တဆယ့်တပါးသော ကထာကို တက်သတည်း။

မရှိ နှင့် အရှိ၂မျိုး-ဝန်ခံတော်မူ၏

ဥပနိသျှပြာဟူဏတို့၏ ပရမတ္ထဝါဒ၌ ခန္ဓာငါးပါးတမျိုးတည်းမှတပါး တခြားမရှိချေ။ ပုဒ္ဓဝါဒ၌ ပြဟူဏတို့၏ ခန္ဓာငါးပါးကို=

"တံ တထာဂတော အဘိသမ္ဗုဇ္ဈတိ"

ထိုပရမတ္ထမ, ဝါဒနှင့် ထိုထက် နက်နဲခက်ခဲသော ပရမတ္ထဓမ္မာ

ရုံခေတ်ကြီးကို ငါဘုရားသည် ထိုးထွင်း၍ သိမြင်တော်မူ၏ဟု ဆိုသည်။

ထိုဥပနိသျ ဗြဟ္မဏတို့၏ဝါဒ၌ အဘယ်သဒ္ဒါ တရားတို့သည် ခန္ဓာငါးပါး၌ ရှိကြသနည်း?

ဥပနိသျ့ဗြဟ္မဏတို့၏ ခန္ဓာငါးပါး၌—

၁။ နိစ္စ,ဓုဝ,သဿတ,အဝိပရိဏာမ သဘောမျိုးမရှိဟု သမုတ်ကြသည်။

၂။ အနိစ္စ,အဓုဝ,အသဿတ,ဝိပရိဏာမ သဘောတို့သည် ကား-ရှိသည်ဟု သမုတ်ကြသည်။

ဗုဒ္ဓကာလသည်း ၁-နံပါတ်ကို "အဟမ္မိ တံ နတ္ထိတိ ဝဒါမိ" ၂-နံပါတ်ကို "အဟမ္မိ ဟံ အတ္ထိတိ ဝဒါမိ"မရှိနှင့် အရှိနှစ်မျိုးကို ဗုဒ္ဓဝန်ခံတော်မူသည်။သို့သော် ဗုဒ္ဓက "ဘံ တထာဂတော အဘိသမ္ဗုဒ္ဓတိ အဘိသမေတိ" ဟူ၍ သဗ္ဗညုတဉာဏ်တော်၏ အမြင်ကို ထပ်၍ဆင့်လိုက်သည်။ဗုဒ္ဓသည် ဥပနိသျ့ကျမ်းလာ ဝါဒတို့ကို ဟောနေတာပါဘဲဟု ကြက်ကဏ်းဆဲ့ ခွတ် (ခွပ်)သလို မခွတ်လိုက်ပါနှင့်၊ ခွတ်ရင်လဲ ခွတ်တဲ့လူအကဏ်းဘဲမှတ်၊ မိမိ ကြက်ကဏ်းဆဲ့ခွတ်တဲ့ ကျမ်းတွေကိုလဲ တိုင်းပြည်မှာတင်ပြလျှင် ယိုသူမရှက် မြင်သူရှက်သာဖြစ်မည်၊ (ပရမတ္ထနှင့် ပရမတ္တမအတူတူ) ကျယ်ကျယ်ပြန့်ပြန့်သိလိုလျှင် ခန္ဓဝဂ္ဂသံယုတ် ပုပ္ဖသုတ်တွင် ကြည့်ကြလေကုန်။

သစ္စာ၃-မျိုးကဲ့ပါစေ

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်နှင့် ထိုးထွင်း သိမြင်သော အရိယသစ္စာတရား၌လည်း နိစ္စ,ဓုဝ, သဿတမရှိ၊ အနိစ္စနှင့် အဓုဝ, အသဿတသာ ရှိလေသည်၊ သမ္မုတိသစ္စာ,ပရမတ္ထသစ္စာ,အရိယ

သစ္စာ ဤသုံးမျိုးကို ခဲ့ခြားနိုင်သော ဉာဏ်မျက်စိ မရှိသော အစက္ခုက ပုဂ္ဂိုလ်သည် ဘယ်တရားကိုဘဲ ကျင့်ကျင့် ဥပနိသျှ ပြဟ္မဏတို့၏ ပရမတ္ထမ, ဝါဒနယ်ပယ်က လွတ်မြောက်ရန် ခက်ခဲ ဘိဘောင်း၊ သဿတဘဝနှင့် ဥစ္ဆေဒဘဝ သံသရာ၌သာ မြုပ် မျောပေါ်မျော မျောနှစ်မျောဖြင့် သံသရာ့ သစဉုတ် အဆင့် က မတက်နိုင်ဟူ၍ မြဲမြဲကြီးမှတ်လေတော့။

သိတာမှာဆိုး ကိစ္စတုံး၏

ဗုဒ္ဓ၏ လက်ထက်တော်က ရဟန္တာ ပုဂ္ဂိုလ်၏ စုတိပြိုးနောက် ဖြစ်မဖြစ်ကို အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကများ ဖြစ်ကြတဲ့ အသျှင်မြတ် တို့သည် စုတိနောင် ဘာဘာညာညာ လျှောက်ထားခြင်းကိစ္စမရှိကြ။ ယမက ရဟန်းသည်လည်း စုတိ နောင် ဉာဏ်အမြင်မရှိစဉ်ကသာ အယူမှားသည်၊ အသျှင် သာရိ ပုတြာ ဟော၍ ဉာဏ်၌သိမြင်လာသောအခါ ဘယ်အကျင့်ကိုမှ မကျင့်ရဘဲ၊ ငှက်နားတာနှင့် ငှက်အရိပ်မြေမှာ ထင်ရှားသလို အမှန်သိတာနှင့် ရဟန္တာဖြစ်တာ တပြိုင်ထဲကဲ့သို့ မှတ်လေ။ ထို့ ကြောင့် ကျေးဇူးရှင် ရှေကျင် ဆရာတော် ဘုရား၊ဆုံးမတော်မူ သောစကားမှာ "မသိဘာအစ-သိတာအဆုံး ကိစ္စဘုံး၏" ဟူ၍ ဆုံးမတော်မူလေသည်။

တရားအားထုတ်သူများ

ယခုမြန်မာပြည်၌ တရားအားထုတ်ကြသော ပုဂ္ဂိုလ်တို့ပြော ကြသော စကားများမှာ အလုပ်တရား ဆိုသည်မှာ မည်သည့် အရာကို ခေါ်သနည်းဟု စဉ်စားသောအခါ ငုတ်တုတ်ထိုင်၍ ကိလေသာ မဝင်အောင် သမာဓိအလုပ်ကို လုပ်နေတာနှင့်

ရှုပ်တဖွဲးဖွဲး မြင်နေတာ ခန္ဓာကိုပျောက်သွားတာကြီအလုပ် မျိုးစတွဲလုပ်နေတာကို အလုပ်ဟုဆိုလျှင်ငင်းတို့အဖို့ဟုတ်မည်ထင် ၏။ယင်းအလုပ်တို့ကား .. ဥပနိသျ ဗြစ်ဟူဏတို့၏ ပရမတ္ထမ, အ လုပ်နှင့်ထပ်တူပင်ဖြစ်၏ဟု သတိပြုပါ။ဇာတိ,ဇရာ,ဗျာဓိ,မရဏ, အနိစ္စ,ဒုက္ခ,အနတ္တအားလုံး အတူပင် ဖြစ်နေ၏။ မည်သူမဆို အနိစ္စသံ, ဒုက္ခသံ, အနတ္တသံ တို့သည် တသံထဲ ထွက်နေကြ၏။ ဥပနိသျအနိစ္စနှင့် ဗုဒ္ဓ၏အနိစ္စ အကွရာတူသော်လည်းတသံတည်း မဟုတ်၊နှစ်သံဟုမှတ်လေ။

တခုချုပ်လျှင် တခုကျန်၏

ဥပနိသျဗြာဟ္မဏတို့၏ ဝါဒသည် ဗုဒ္ဓမပ္ပင့်မီ ရှေးပဝေဏီက ပင်ရှိနေသော ဝါဒဖြစ်၏။ ထိုဝါဒနှင့် နိရုတ္တိပဋိသမ္ဘိဒါ အကွရာ အစဉ်တူ၏၊ အတ္ထပဋိသမ္ဘိဒါမှာ မတူ၊နာနတ္ထဖြစ်၏။ထို့ကြောင့် ဒုယအားဖြင့် အစုံစုံပြု၍ ဟောတော်မူ၏။ ဗြာဟ္မဏတို့၏ ပရမတ္ထမ,ဝါဒအတိုင်းသာယူလျှင် ရဟန္တာ၏ စုတိနောင် ရှိမရှိ ဆုံးဖြတ်ရန် အလွန်အလွန် ခက်ပေလိမ့်မည်။

ဥပမာ။ ။အရာဝတ္ထုတခုထဲ ရှိနေလျှင် ထိုအရာ ဝတ္ထုချုပ်ငြိမ်းပါက နောက်ထပ် ရှိမရှိ ဆုံးဖြတ်ရန်မလို၊နိရုတ္ထက နှင့် အဘ္ဘာဝဖြစ်ရန်သာရှိသည်။အရာဝတ္ထုနှစ်ခုရှိနေလျှင် တခုချုပ် ငြိမ်းက တခုကျန်ရှိ၏ဟူသောအဓိပ္ပါယ်သည် ဘွားဘွားကြီးပေါ် လွင်ထင်ရှားသကဲ့သို့ ထို့အတူကံ,ကိလေသာခန္ဓာ ချုပ်ငြိမ်းလျှင် ကံ,ကိလေသာမှလွတ်သော ဝိမုတ္တိရသ ပရမတ္ထဖြစ်သောသဘော တရားသည် မချုပ်ကောင်းဟူ၍မှတ်။

တနည်း။ ။ကံ,ကိလေသာရှိသော သဘောတရားသည်သာလျှင် ပဋိသန္ဓေနှင့် စုတိကိုဖြစ်စေနိုင်၏။ကံ,ကိလေသာ မရှိသော

သဘောတရားသည်ပဋိသန္ဓေနှင့်စုတိကို မဖြစ်စေနိုင်၊ထို့ကြောင့် ရဟန္တာ၏စုတိနောင် မချုပ်ကောင်းမပျောက်ကောင်းသော ကံ ကိလေသာမရှိသော အဗျာကတဝိညာဏ်သည်(စရိယ)ဖြစ်သော ပညတ်မှလွတ်၍နေပြန်သောကြောင့် "ဝိညာဏံအနန္တံ" ဟု ဟော တော်မူသည်။ ကံ,ကိလေသာရှိသောသဘောတရားသည် သစ်ရာကဟောင်း၊ ဟောင်းပြန်တော့ အသစ်ကို ပြန်လည်ပြုပြင် ထူထောင်ရပြန်သည်။ ကံ, ကိလေသာ အညစ် အကြေး မရှိသော အဗျာကတဝိညာဏ်သည် အဟောင်းနှင့်အသစ်ဟူသော ဝေါဟာရ ပညတ်မှလွတ်၍နေပြန်သည်။

အနန္တ ဝိညာဏ်တော်

အထူးရှင်းလင်းချက်။ ။အဟောင်းနှင့် အသစ် ဖြစ်သော ဝေါဟာရမှလွတ်နေသော ဝိညာဏ်တော်ကို-

"ဝိညာဏံ အနိဒဿနံ အနန္တံ သပ္ပဇေတောပဘံ"

—ကောဝဋ္ဋနှင့် ပြဟ္မနိမန္တနသုတ်

ဤအနန္တဝိညာဏ်တော်ကို အနုပုထုဇ္ဇဉ်နှင့် အောက်သေက္ခ ပုဂ္ဂိုလ်သုံးယောက်တို့ မမြင်စကောင်း၊ ယင်းဝိညာဏ်သည်အညစ် အကြေးကင်းစင်၍ အခါခပ်သိမ်း တောက်ပလျက်ရှိ၏ဟု ဆိုလိုသည်။ မီးရောင်, နေရောင်, လရောင်, အရာဝတ္ထု တခုခု တို့၏ အရောင်ကဲ့သို့ တောက်ပသည် မဟုတ်ကုန်။ကံ, ကိလေသာအညစ် အကြေးစင်၍ တောက်ပသည်ဟုဆိုလိုသည်။။ယင်းကံ,ကိလေသာ မရှိ စင်ကြယ်သန့်ရှင်းသော အဗျာကတဝိညာဏ် အကြောင်းကို မိဂဒါဝုန် ဓမ္မဘဏ် သမယမှု ပြတ်ပြတ် သားသား ဟောတော်မူခဲ့သည်။

ဉာဏ်ဥ ပန မေ ဒဿနံ ဥဒပါဒိ။အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

—ပဋိသမ္ဘိဒါမဂ် ဓမ္မစက္ကာသုတ်

ဟေ၊ ငါ၏။ဝိမုတ္တိ၊ကံ,ကိလေသာမှလွတ်သော အရဟတ္တဖိုလ်၏မြိရာဝိညာဏ်သည်၊အကုပ္ပါ၊မပျက်နိုင်ပြီ။ဝါ၊မချုပ်ငြိမ်းတော့ပြီ၊ မဖသဘော့ပြီ။ဘယံဇာတိ၊ဤဘဝသည်။ အနန္တိမာ၊အဆုံးဖြစ်သော။ ဇာတိ၊ဘဝပေါသည်း။ ဒါနိဣဒါနိ၊ယခုအခါ၌။ ပုနဗ္ဘဝေါ၊တဖန်ဘဝအသစ်ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိ၊ ဤသို့။ ဉာဏ်ဥဒဿနံ၊ ပစ္စဝေက္ခဏာဉာဏ်အမြင်သည်။ဥဒပါဒိ၊ ထင်ရှားဖြစ်ခဲ့ပြီ။ ဣတိ၊ ဤသို့။အာဝမန္တေသိ၊ ပဉ္စဝဂ်ခေါ် ငါ့ရဲကျော်တို့အား တရားစည်ကြိုး ဖိမ့်ဖိမ့်ဟီးအောင် ရိုက်တီးဆော်ချမ်းလိုက်ပေပြီ။

ဤဓမ္မစက္ကသုတ်၌ "အကုပ္ပါ မေ ဝိမုတ္တိ" ဟူသော ဝါကျငယ်သည် အဂ်ိဝစ္ဆဝရိဗြိဇ်နှင့် ဥပသိဝပုဏ္ဏားတို့၏ ရဟန္တာသေလျှင်ဖြစ်သေးသလော၊ပြု ပြုဘူးလော၊ စသောအမေးလေးချက်ကိုမေးစရာမရှိအောင် ဖြေရှင်းထားသော သုတ်ဖြစ်သည်။ မည်မျှပင် ပြေလည်အောင် ဖြေရှင်းထားပါသော်လည်းဗုဒ္ဓရှင်တော်၏ အတ္ထအနက်ကိုနားမလည်ကြသောကြောင့်ယခုထက်ထိသဗ္ဗတ်အား စာဗူးတောင်းလိုက်၍ ရွှပ်တုန်း ထွေးတုန်းပင် ရှိကြသေး၏။ အရဟတ္တဖိုလ်၏မြိရာဝိညာဏစရိယမည်သော ဝိညာဏ်တော်သည် ဝိပါဂ်ကမ္မဇရုပ်ချုပ်ငြိမ်းသော်လည်း မပျက်မစီး မသေမပျောက်ဟု ဟောထားပါလျက် ရဟန္တာ၏စုတိနောင်ဖြစ်မဖြစ် မေးစရာမရှိ၊ အလွန်ထင်ရှားရှိလျက်နေသည်ကို ဗုဒ္ဓ၏သာဝကကြီးတို့သည် သိ

မြင်ပြီးဖြစ်ကြ၏။ ထို့ကြောင့် ဤပြဿနာသည် ရဟန္တာအသျှင်မြတ်တို့လက်ထက်မှာ မပေါ်ပေါက်ခဲ့။

မြန်မာပြည်ဗုဒ္ဓဝါဒ ထွန်းလင်းရာ နိုင်ငံဌ်လည်း ဤပြဿနာပေါ်ပေါက်လျက်ပင်ရှိ၏။ ထို့ကြောင့် ဗုဒ္ဓဝါဒီကုဋ္ဌေဂါးဆယ်ကဒ္ဒဂ္ဂ-သန်း ယုတ်လျော့သွားသည်မှာ ဤပြဿနာမဖြေရှင်းနိုင်သောကြောင့် ဗုဒ္ဓသုဿသီတို့ နောက်ဆုတ်ဟန်ရှိသည်။ ထိုသုတေသီပုဂ္ဂိုလ်တို့သည် အရေးကြီးဆုံးသောပုဂ္ဂိုလ်တို့ပေတည်း။ ထိုပုဂ္ဂိုလ်တို့၏နောက်ဌ် ပရိသတ်ပေါင်းမြောက်များစွာ ရှိသည်ကို သတိပြု။

အရမ်းမယူဆလိုက်ပါနှင့်

ကျမ်းရေးသောအခါ သူတပါးရေးပြီးသားမပြတ်မသားတဲ့စာအုပ်တွေကိုကူးချ၍မရေးအပ်။ မိမိကိုယ်တိုင် နိကာယ်ငါးရပ်ကိုလေ့လာ၍ "ဇိန ဝစန ယုတ္တ" ဖြစ်တဲ့ ဗုဒ္ဓ၏ စကားတော်အစစ်ကိုသာလျင် ရွေးချယ်၍ ရေးသားရာ၏။ အဋ္ဌကထာ,ဋ္ဌီကာဆိုသည်တို့မှာသည်း ထိုပုဂ္ဂိုလ်တို့၏မူလဘာသာရင်းဖြစ်တဲ့ ရိုးရာဝါဒတို့သည် အနှည်းငယ်မျှပါရှိဘတ်သည်။ ထိုပါရှိသည့်ဝါဒကို ဗုဒ္ဓ၏စကားတော်နှင့် ဇိန ဝ စနယုတ္တ ဖြစ်မဖြစ် စီစစ်ဝေဘန်ရ၏။ ထို့ကြောင့် အဂုံတွရ နိကာယ် ကေသမုတ္တိသုတ်တွင်-

မာ အနုဿဝေန = ပြောသံကြားဖြင့် မှန်လှ ပြီဟု မယူကြနှင့်။

မာ ပရမ္ပရာယ = အစဉ်အဆက်စကားဖြင့်လည်း မယူကြပါနှင့်။

မာ ဣတိကိရာယ = ဤလို ဖြစ်ဘူးသတတ် ဟူ၍လည်း မယူကြပါနှင့်။

မာ ပိဋ္ဌက သမ္ပဒါနေန = ငါတို့ ပိဋ္ဌကတ်နှင့် ညီပေသည် ဟူ၍လည်း မယူကြပါနှင့်။

မာတက္ကဟေတု = ကြံဆတွေးတော၍ ယူခြင်းဖြင့် လည်း မယူကြပါနှင့်။

မာနယဟေတု = သူတပါးတို့၏ နည်းကို မှီး၍ ယူခြင်းဖြင့်လည်းမယူကြပါနှင့်

မာ ပရမ္ပရာယ၊ မာ ပိဋ္ဌကသမ္ပဒါနေန၊

မာ ဘက္ကဟေတု၊ မာ သမဏော နော ဂရုတိ =

ဟူ၍ ဟောဒတ်မူသောအရာမှာ မိမိတို့၏ မျိုးရိုးအစဉ်အဆက်အယူ၊ မိမိတို့စာပေပိဋ္ဌကတ်နှင့်ညီညွတ်ပြီဟူသောအယူ၊ မိမိစိတ်၌ ကြံဆတွေးတော၍ရသောအယူ၊ မိမိတို့ လေးစားသော ဆရာရဟန်း၏အယူနှင့်တူ၏၊ သို့အတွက် ဤအယူကိုငါယူအံ့ဟူ မိမိကိုယ်တိုင် တရားကိုမသိဘဲ ရမ်း၍ မယူလိုက်ပါနှင့်ဟု ဟော တော်မူသည်၊ ဘုရားရှင်ဆုံးမတော်မူသော စကားတော်သည် အနှစ်သာရနှင့် ပြည့်စုံသော စကားတော်ဖြစ်၍ အချို့သော အဋ္ဌကထာ ဋီကာတို့သည် မိမိတို့၏ ဝါဒရိုးရာဆွဲ၍ၿငင်း၊ သင့်လျော်ညီညွတ်သည်ဟု ကြံဆ၍ၿငင်း၊ မိမိလေးစားသော ဆရာ၏ အယူကိုသော်ၿငင်း၊ ထိုကျမ်းတို့၌ အသင့်အတင့်ပါရှိတတ်၏။ ဝါ ကျတိုက်လေးတခု မှားသွားလျှင်ပင် ပိဋ္ဌကတ်အားလုံး ဖရိုဖရဲ ဖြစ်လာတတ်၏။ အယူအဆတွေ ဖောက်ပြန်တတ်၏။

ဗုဒ္ဓအား အထင်သေးသူများ

သို့အတွက် မည်သည့်အဋ္ဌကထာက ရှေးကျသည်၊ မည်သည့် ဋီကာကနောက်ကျသည်၊ ဤကျမ်းက နောက်မှ ဝင်လာသော

ကျမ်း၊ဤကျမ်းက သံဂါယနာ သုံးတန်တွင် ပါဝင်သောကျမ်း၊ ဤကျမ်းက အသျှင်ဥပါလိမှ သုံးဆက်မြောက် မည်သူမည်ဝါပြု သောကျမ်း၊ ဤကျမ်းက ပုဂ္ဂိုလ်အရ အလေးအမြတ်ပြုအပ်၏၊ ဤကျမ်းကား....မပြုအပ်ဟု ဝေဘန်နေမည့်အစား ဘုရားစကား တော်နှင့်အညီ ယှဉ်မယှဉ်၊ဇိုန ဝစန ယုတ္တံ ဟိ ဖြစ်မဖြစ်ကိုသာ လျှင် ရှေးချယ်ဝေဘန်အပ်၏။ ကျမ်းရေးသူနှင့် ဤကျမ်းက ရှေ့ကျသည် နောက်ကျသည် စသည်တို့ မဝေဘန်အပ်၊ဝေဘန် ဖေသော်လည်း အမှန်သို့ရောက်မည်မဟုတ် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓထိုးထွင်း၍ သိမြင်အပ်သော တရားနှင့်၊ ဥပနိသျ ဗြာဟ္မဏတို့တရားနှင့် အသံတူသော်လည်း အဆန်ကဲသည်ကို ကောင်းစွာ သတိပြုအပ်၏။ဗုဒ္ဓအား အထင်သေးကြသော အနောက် တိုင်းသား သုတေသီတို့သည် အသံတူသည်ကို အကြောင်းပြု၍ မည် သည့် ဘာသာမှာ ဤစကားရှိ၏၊မည်သည့်ဝါဒမှာ ဤအသံမျိုး ရှိ၏၊ဤသို့စသည်ဖြင့် ဗြာဟ္မဏကရှေးကျသည်၊ ဗုဒ္ဓကနောက်ကျ သည်၊ဤကဲ့သို့ ဝေဘန်ခြင်းသည် ပညာရှိ လက္ခဏာ ကင်းမဲ့လှ ၏။နိရုတ္တိ ပဋိသမ္ဘိဒါနှင့် အတ္ထပဋိသမ္ဘိဒါကို နားမလည်သော ကြောင့်သာ ရှေတောင်ကြီး တွေ့ပါလျှက် ရှေမရှဲ နောက် ကြောင်းသို့ ပြန်ကြရလေသည်။

အစ၊အလယ်၊ အဆုံး ပြည့်ဝပုံ

ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကြီး သည် ဗောဓိပက္ခိယ တရားအပေါင်းနှင့် ပြည့်ဝလျက်ရှိ၏။ အစမှအဆုံးတိုင် အာဒိ, မဇ္ဈေ, ပရိယောသာန ကလျာဏတို့နှင့် ကြွယ်ဝသော သဘောရှိ ပေသည်။ထိုသုတ်၌ အဆုံး၏ ကောင်းခြင်းလက္ခဏာရှိသော ဝါ ကျတိုကလေး တပုဒ်ပါရှိ၏။ ယင်းဝါကျတို့ ကလေးကား....

"အကုပ္ပါ မေ ဝိမုတ္တိ"

မေးငါဘုရား၏။ ဝိမုတ္တိ၊ ဝိညာဏစရိယ အဗျာကတ ဖြစ်သော် ကံ့ကဲ့လေသာ မရှိသော အရဟတ္တဖိုလ်၏မှီရာ ဝိညာဏ်တော်သည်။ အကုပ္ပါဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းမရှိ၊ ဝ'ါမပျက်စီးနိုင်။

နောက်ဆုံးက ဝါကျတပုဒ်ကို ကြည့်လိုက်ပါအုံး။

"နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ"

ဒါနိဝိုဒါနိ၊ ယခုအခါကာလ၌။ ပုနဗ္ဘဝေါ၊ နောက်ဆပ်တာဖန် ဘဝသစ်ဖြစ်ပြန်ခြင်းသည်။နတ္ထိ၊မရှိတော့ပြီ ။ကွတိ၊ ဤသို့။ အာမန္တေသိ။ မိန့်တော်မူ၏။

ပဘဿရဖြစ်၍ စံနေတော်မူသည်

ရှင်းလင်းချက်။ ။အရဟတ္တဖိုလ်၏ မှီရာ ဝိညာဏ်တော်သည် ပရိနိဗ္ဗာန်ပြုသောအခါ ဝိပါက်ကမ္မဇရုပ်ချုပ်ငြိမ်းသော်လည်းမပျက်မစီးနိုင်၊မချုပ်ငြိမ်းနိုင်သော အလွန်အေးမြတဲ့ သီတီဘာဝ ပရမတ္ထဖြစ်တဲ့ အနန္တဝိညာဏ်တော်သည် ပဘဿရဖြစ်၍ စံနေတော်မူသည်မဟုတ်ဘူးလော?ယင်းဝိညာဏ်တော်သည် တာဏ,လေဏ,ပရာယဏ,အဇာတ,အဘူတ,အကတ,အသင်္ခတစသော ဝိသေသဂုဏ်တော် အပေါင်းတို့နှင့် ပရိနိဗ္ဗာန်မပြုခင်က ရထားသောကြောင့် ထိုဂုဏဝိသေသဂုဏ်အပေါင်းတို့သည်လည်း အနန္တဝိညာဏ်တော်၏အသရေတော်များဖြစ်ကြလေသည်၊ထိုအသရေတော်တို့ဖြင့် တင့်တယ်စွာ စံနေတော်မူသော အနန္တဓာတ်ကိုယ်တော်မြတ်သည် ဓုဝ၊ ခိုင်ခန့်တော်မူ၏။ အစလန၊ လှုပ်ရှားခြင်းမရှိ။သန္တိဘာဝ၊ငြိမ်သက်သောလက္ခဏာနှင့် ပြည့်စုံတော် မူပါပေ၏။တာဏ၊ဘေးဘျမ်းထူပြောတဲ့ အနတ္တတောထဲမှ ထုတ်နုတ် ကယ်တင်၍ စောင့်ရှောက်တော်မူပါပေ၏။သရဏံ၊ကိုးကွယ်

အားထားရာအစစ် ဖြစ်တော်မူပါပေ၏။ သားရုံ၊ အန္နစ်အသား နှင့်ပြည့်စုံတော်မူပါပေ၏။ ပရာယဏံ၊ ဥပါဒါနက္ခန္ဓာဒိ ဘေး အပေါင်းတို့မှ ငြိမ်းတော်မူသဖြင့် ငြိမ်သက်စွာ ဧလျာင်းစက် ရာလည်း ဖြစ်တော်မူပါပေ၏။ (ခန္ဓာဒိဋ္ဌ အာဒိ၏ အာဒိဝန် လည်းရှိသင့်သောကြောင့် ဝိပါက်ကမ္မဇခန္ဓာပါယူလေ။)

အနောက်နိုင်ငံ ပညာရှင်များ

နိဗ္ဗာန်ဆိုသည်မှာ ရဟန္တာ၏ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိ ချုပ်ငြိမ်းခြင်းမှနိဗ္ဗာန်ဟု အယူရှိကြသူများပြား၏။ ထို့ကြောင့် ယင်းပညာရှင်တို့သည် ရဟန္တာ၏စုတိနောင်ကို အဘယ်သို့သော သဘောရှိသနည်းဟု ဗုဒ္ဓ၏နိကာယ်တို့ကိုလေ့လာကြ၏။မည်သို့ ပင် လေ့လာကြပါသော်လည်း (ရွှေယုန်ဖို့မြောက်ကိုပြေး မုဆိုး ကတောင်ကိုလိုက်)ဆိုသလို ဖြစ်နေကြ၏။ မူလဋ္ဌိကာဋ္ဌ ရဟန္တာ အသျှင်မြတ်တို့၏ အရဟတ္တဖိုလ် ဝိညာဏ်ကို "ပစ္ဆိမစိတ်တံ အပ္ပဋိသန္ဓိကံ" အရဟတ္တဖိုလ်၏ နောက်ဆုံးစိတ်သည် ပဋိသန္ဓေကဲ့မဖြစ် စေနိုင်ဟူ၍၎င်း၊ ချုပ်ငြိမ်း၍လည်း မသွား ဟူ၍၎င်း၊ ပဋိသန္ဓိ ဒါမဂ်ဋ္ဌလည်း "အကုပ္ပါ မေ ဝိမုတ္တိ" ရဟန္တာ အသျှင်မြတ်၏ အရဟတ္တဖိုလ်၏မှီရာဝိညာဏ်သည် မပျက်မစီးဟူ၍၎င်း၊(တဏှာမူလတ်မြောက်သောစိတ်ဟု ဆိုလိုသည်) ဤကဲ့သို့ ဆင်ကောင်ကို ထင်ရှားစွာ တွေ့ပါလျက် ဆင်ခြေရာ ရှာလိုသေးသလား... ။ ရှာလိုလျှင်ရှာကြ ပုထုဇဉ်ဘာဝလို့မှတ်။

ဥပနိသျှတို့၏နိဗ္ဗာန်

ဥပနိသျှဩဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒသည် တူသယောင်ယောင် ဝါဒဖြန့်ကြ၏။ အသံသာတူသည် အတ္ထမှာ မတူကြောင်းထင်

ရှားလျက်ရှိ၏။ ဗုဒ္ဓ၏ အနတ္တဝါဒမှာတော့ ဥပနိသျန့် ဖြောင့် ဖြောင့်ကြီးဆန့်ကျင်သည်။ဥပနိသျက အတ္တသဘောနှင့် ထာဝရ အမြဲရှိသည်ဟု ယုံကြည်ကြသည်။ ထိုယုံကြည်ချက် သည်လည်း စိတ်ကူးယဉ်ကလွဲသာ တည်သည်။ ယင်းကလွဲကာ.... မဟာ ဗြဟ္မာတို့၏ ဇာတိ, ဇရာ, မရဏ ထင်သည်ကို ဆိုသည်။ ယင်းကို ထာဝရဘုံနန်းဟုခေါ်ကြသည်။ ထို ဥပနိသျဆရာတို့၏ နိဗ္ဗာန်ကား.....ပညာရှိတဦးသေဆုံးပြီးနောက် အတ္တဘာဝမျိုးလည်း မဟုတ်၊ မူလအသစ်တ အမည်ရတဲ့ပရမတ္တမခေါ်သော ဓာတ်တမျိုးနှင့်တသားထဲ ခွဲမရအောင် ပေါင်းဆုံသည်ဟု ဆိုသည်။ ယင်းသည်ပင် ဥပနိသျတို့၏နိဗ္ဗာန်ပေတည်း။ ထိုကဲ့သို့ပေါင်းဆုံသောသက္ခကာကို သဘောပေါက်စေရန်ဌင်းတို့၏ သာဝကတို့ အား မြစ်နှင့်သမုဒ္ဒြာကဲ့သို့ ဥပမာပြု၍ဟောကြသည်။ အဓိပ္ပါယ်မှာ မြစ်များမှ စီးဆင်းသွားသော ရေသည် သမုဒ္ဒြာသို့ စီးဝင်သောအခါ မြစ်နှင့်သင်္ဘာန်ကိုစွန့်၍သမုဒ္ဒြာနှင့် တပေါင်းတည်းဖြစ်သည်ဟု ဆိုသည်။ ထို့အတူ ပညာရှိတဦးသေပျောက်လျှင် အသစ်တ အမည်ရတဲ့ ပရမတ္တမနှင့် တပေါင်းတည်း တစုတည်း တသားတည်းဖြစ်သည်ဟုဆိုသည်။

အနုပဒိုလောမကွရအားဖြင့် ဟော၏

ကျွန်ုပ်ဘို့၏ဗုဒ္ဓဟောသော နိဗ္ဗာန်သည်ကား.....တဏှာကုန်ဆုံးချုပ်ငြိမ်းခြင်းကိုသာ နိဗ္ဗာန်လို့ဟောသည်၊ မသေမပျောက်ရသေးဟုမှတ်။ သေပျောက်ပြီးလျှင် မသေခင်က အမည်ပညတ်သည် အနုယာယနသဘောဖြင့် မပျောက်သေး သောကြောင့် "အနန္တံ ဝုစ္စတိ နိဗ္ဗာနံ" နိဗ္ဗာန်သည် အနန္တမည်၏ဟူ၍ တချက်၊ အနန္တသည်နိဗ္ဗာန်မည်၏ဟူ၍တချက်၊ အနုပဒိုလောမကွရအား

ဖြင့် ဟောထားလျက်ရှိ၏။ သို့သော် ပုဒ္ဓဝါဒီတို့သည် တချို့က သေပြီးမှ နိဗ္ဗာန်ကိုရသည်ရောက်သည်ဟူ၍၎င်း၊ တချို့က မသေခင်ရသည် ရောက်သည်ဟူ၍၎င်း၊ ဝါဒနှစ်မျိုးကွဲပြားကြ၏။ မည်သို့ပင် ကွဲပြားစေကာမူ ဝါန့်မရှိတာကို နိဗ္ဗာန်ဆိုသဖြင့် နိဗ္ဗာန်သည် အကြောင်းတရား ဖြစ်၏ဟုဆိုသော(သမ္မာ-နေတို့)တို့နှင့် ကိုက်ညီအောင်ယူ၍ အမှန်လည်းဖြစ်ရမည် ဖြစ်သောကြောင့် အကျိုးတရားကား....အဘယ်နည်းဟု မေးရန်ရှိသည်။

ပဋိသန္ဓေစိတ်သည် ဌီတိဝိညာဏ်

သတ္တဝါသ,ဘုံကိုးဝဋ်ရှိနေသော ဝိညာဏဌီတိ ဝိညာဏ်သည် ဌီတိ'အမည်ကို ခံယူ၍ ပဋိသန္ဓေကို ရှာဖွေကြောင်းဖြစ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို၊ ဝါဘဝဟောင်းကို စွန့်လွှတ်လိုက်ကြသော အသစ်အသစ်သော ခန္ဓာတို့ကို ပဋိတန္ဓေတည်နေရန် လက်ခံထား၏၊ထိုလက်ခံထားသော ဝိညာဏဌီတိ ဝိညာဏကို ပဋိသန္ဓေစိတ်ဟု ခေါ်သည်။ ထိုကဲ့သို့ ပဋိသန္ဓေလက်ခံသော အခါဌီသာ ဌီတိဟူသော အမည်ကိုရသည်။ ထိုမှနောက် ဒုါရခြောက်ပေါက် တံခါးခြောက်ခုခေါ်သော၊စက်, သော,ဃာ,ဇီ,ကာ,မနိတို့၏ လုပ်ငန်းကိစ္စတွင် ရှေးဦးစွာမြင်, ကြား, နံ, လျက်, ထိ,သိ တို့တွင် ဝုဋ္ဌော,စိတ်တိုင်းအောင် ဖြစ်ခွင့်ရလေသည်၊ ထိုသို့ဖြစ်ခွင့်ရသော အခါ(စရိယ)အမည်ဖြင့် လဲလှယ်ရပြန်သည်။ထိုအခါဝိညာဏ-စရိယဟု ခေါ်သည်။မနောပုဗ္ဗင်္ဂမာ,မနောသေဋ္ဌာ, မနောမယာဟု ခေါ်ဆိုခြင်းသည် ဤဝိညာဏစရိယစိတ်ပင်တည်း၊ ထိုစရိယစိတ်သည် ဟိတ်ခြောက်ပါးက လွှတ်နေသော စရိယစိတ် ဖြစ်သည်။

အနန္တဓာတ် ရှင်တော်မြတ်ကြီး

ဤစရိယစိတ်သည် သေကောင်း ပျောက်ကောင်းသော စိတ် မဟုတ်၊ဘူတာရုပ်ကြီး လေးပါးနှင့် တွဲရသောအခါ ဥပါဒ်, ဌိ, ဘင်ရှိ၏၊ မတွဲလျှင် မရှိဟုမှတ်။ ရဟန္တာ ဖြစ်သော အခါ အရဟတ္တဖိုလ်စိတ် သည် ဤစိတ်ပင်တည်း။ ပရိနိဗ္ဗာန်ပြုသော အခါဝိပါက်ကမ္မဇရုပ်သာ ချုပ်သည်၊ ထိုဝိညာဏစရိယ အမည် ခံတဲ့ အရဟတ္တဖိုလ်စိတ်ကား-မချုပ်ကောင်းမပျောက်ကောင်းဟု မှတ်ပါလေ၊ထို့ကြောင့်"အကုပ္ပါမေဝိမုတ္တိ၊အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ"ဟု ဓမ္မစက္က ပဝတ္တန သုတ်တွင် ဟော တော်မူသည်။ သည်တော့ ဆင်ကောင်ကြီး တွေ့ပါလျက် ဆင် ခြေရာရှာကြခြင်းသည် မျက်စိလည်နေလို သာဖြစ်ရမည်။အတိ-ဂမ္ဘီရတ္ထဖြစ်တဲ့ အနန္တဓာတ် ရှင်တော်မြတ် ကြီးသည် အကျိုး ကြီးမား လှစ်ကဲသော တရားတော်မြတ်ကြီး ဟူ၍မှတ်ကြပေ တော့

ယင်းတရားတော်မြတ်ကြီးသည် ဇာတနိဗိတ်, ဘူတနိဗိတ်, ကတနိဗိတ်,သခ်္ခတနိဗိတ် ကင်းစင်း၍ စင်းလုံးချော ဓာတ်သား အစစ် ပရမတ်အနှစ် ဖြစ်သည်။ ပဋိသမ္ဘိဒါမဂ်၌ "သာရံ= နိဗ္ဗာနန္တိ"ဟု ဟောတော်မူသော စကားတော်သည် ဤသဘော ပင်တည်း။ ဇာတနိဗိတ် အစရှိသည်တို့ကင်းသောကြောင့် အဇာ တဆိုသည်၊ဘူတနိဗိတ်ကင်းသောကြောင့် အဘူတဆိုသည်၊ကတ နိဗိတ်ကင်းသောကြောင့် အကတဆိုသည်၊ သခ်္ခတနိဗိတ် ကင်း သောကြောင့် အသခ်္ခတဆိုသည်၊ ဤလိုစင်းလုံးချော ဓာတ်သား အစစ်ဖြစ်၍ ကင်းသည်မဟုတ်၊ အဓိကတည်းက ကင်းလျက်ပင် ရှိ၏။ သို့သော် သခ်္ခတအညစ်အကြေးတွေနှင့် ဝိုင်းအုံသော နံယ်

ခြေမှာယှဉ်တွဲ၍နေရသဖြင့် စင်းလုံးချောသဲလဲစင် မခေါ်နိုင် မပညတ်နိုင်သေးကြပေ၊ တချို့ ဝိပဿနာဆရာတို့ အတ္ထပဋိသမ္ဘိဒါသဘောကိုနားမလည်ကြသဖြင့် မစဲကြယ်သော စိတ်သည် တခြဖြေးဖြေးနှင့် တရားကိုကြိုးစား၍ အားထုတ်ပါက စင်ကြယ်လာသည်ဟူ ဟောပြောကြသည်။ ဤဟောပြောချက်သည် အတ္ထပဋိသမ္ဘိဒါသဘောကိုမသိလို့ မျက်ရမ်းမျက်ဆ ဟောပြောခြင်းမျှသာဖြစ်သည်။

အတိဂမ်္ဘီရ သဘာဝစွယ်စုံ

ပဏ္ဍာရ, ဖြူစင်သော အနန္တဓာတ်သည် အတိဂမ္ဘီရ, ဖြစ်၏။ သဘာဝ, ဆိုသည်မှာ အတ္ထ ပဋိသမ္ဘိဒါကိုခေါ်သည်။ စွယ်စုံ, ဆိုသည်မှာ ဥပနိဿဿကတို့၏ ပရမတ္ထမ အနိစ္စနှင့် ထိုအနိစ္စကို ထိုးထွင်း၍သိမြင်သော အရိယာသစ္စာဉာဏ်အမြင် ဗုဒ္ဓ၏ သင်္ခါရအနိစ္စ, ဤနှစ်မျိုး ဒွယအစုံ တို့ကို (စွယ်စုံ) ခေါ်သည်။ ထို့ကြောင့်(အတိပမ္ဘီရ သဘာဝစွယ်စုံကျမ်း)ဟု အမည်ပေးလိုက်သည်။

မသိတာ သီဒအောင်လုပ်

လောကဓာတ်ဆရာနှင့် သိပ္ပံပညာရှင်တို့သည် အစဉ်ခန္ဓာ ငါးပါးနှင့် ဤအနန္တဓာတ်ကို ဘယ်နည်းနှင့်မျှ စမ်းသပ်ရှာဖွေ၍ မရဟုမှတ်ပါ၏လေ။ ထိုအနန္တဓာတ် ကိုယ်တော်မြတ်၏ လဲ့ခလျောင်းရာ ပရာယဏကို အနန္တ ဟု အမည်ပေးရဲလျှင် လူစွမ်းကောင်းကြီးအတုလထိပ်ပြောင်ဟု သာ မှတ်ပေတော့၊ အချို့ကမ္မဋ္ဌာန်းပြဆရာတို့သည် ညစ်နွမ်းနေသော စိတ်ကို ဖြူစင်အောင် လုပ်ကြ၊ သမာဓိရလျှင် ဖြူစင်တာဘဲဟု အလုပ်လုပ်ခိုင်းကြသည်၊ သည်လို ဆိုလျှင် "မီးသွေးခဲ" ခဝါပေးတာနှင့်တူလှ၏။ အမဲကိုဖြူအောင်

လုပ်ရတာမျိုးမဟုတ်၊ ဤလိုဆိုလျှင် ဥပနိသျှတရားနှင့် တသားထဲ ဖြစ်နေပြန်ပေတဲ့။ ဥပနိသျှက မဲတာကို ဖြူအောင် လုပ်ရသော စျာန်လမ်းစဉ်ဘဲ၊ဗုဒ္ဓ၏အလုပ်က ''နပ္ပဇာတိနှင့် ပဇာနာတိ''ဟူ၍သာ အလုပ်ပေးတော်မူသည်၊ အဓိပ္ပါယ်မှာမသိတာကို သိအောင်လုပ်ဟု ဆိုလိုသည်။

ဥပါဒါနက္ခန္ဓာ ချုပ်ငြိမ်းရန်သာ

စုတိပြီးနောင် အနန္တဓာတ်ရှင်တော်မြတ်ကိုမှသိမမြင် အာရုံတော် မထင်နိုင် ကြသောကြောင့် ဥပသိငပုဏ္ဏားနှင့် အဂ်ဝစ္ဆပရိဗိုဇ်တို့မေးလျှောက်ကြသည်။ ထို့ကြောင့် ပြဿနာအမျိုးမျိုးယခုအချိန်အထိ ပေါ်ပေါက်လျက်ရှိသည်။ ဗုဒ္ဓထင်ရှားရှိစဉ်က သာဝကာ ကြီးတို့သည် သိပြီးသားဖြစ်တော် မူကြသောကြောင့် ဤပြဿနာမျိုးမပေါ်ခဲ့။ ယခုလည်း သိလျှင်ပေါ် မည်မဟုတ် ကျန်ုပ်တို့ မြန်မာပြည်တွင် ရှင်လူရဟန်း ''သိ-မသိ'' နှစ်စားရှိသည်။ မသိသူတို့မှာ ဖြစ်ချုပ်က မလွန်မြောက်သေး၊ သိသူတို့သည်''ဖြစ်ချုပ်''ကို လက်လှတ်လိုက်ကြတော့သည်။တချို့လည်း အာနာပါန သံသရာထဲမှာ တဝဲလယ်လယ်နှင့် ကျင်လည်ဆဲပင်ရှိသေးသည်။သိအောင်လုပ်ရသော ဗုဒ္ဓ၏လုပ်ငန်းမှာ ခမ္မစကြာကထောက်ခံလျက်ရှိသည်၊ သိရမည်ဆိုသည်မှာ အာဘယ်ကိုသိရမည်နည်း? အရိယသစ္စာကို သိရမည်၊ ပရမတ္ထ သစ္စာကို သိရမည်မဟုတ်။ယခုကား.... ပရမတ္ထသစ္စာကို လိုက်နေကြသည်၊ မောရုံဘဲရှိမည်။ အသျှင်ကောဏ္ဍညသည် အရိယသစ္စာကိုပိုင်းပိုင်းခြားခြားသိသွားသောကြောင့်(အံ့ညာသိကောဏ္ဍည)ဟု အမည်တွင်သည်။(အာနာပါန ကမ္မကာရကကောဏ္ဍည)ဟု မဟောခဲ့၊ဗုဒ္ဓ၏တရားတော်သည် အလွန်ကျယ်ဝန်းများပြားသည်ဟု ဆိုရသော်

လည်း သတ္တုချကြည့်လျှင် ဥပါဒါနက္ခန္ဓာချုပ်ငြိမ်းရန် ဓမ္မစကြာသဘောအတိုင်းသာဖြစ်သည်။

လွယ်လွယ်နှင့် မမြင်နိုင်

ဥဒါန်းပါဠိတော်၌ ဟောတော်မူသော ဇာတ, ဘူတ, ကတ, သင်္ခတသဘောတို့သည်ရင်း၊ အဇာတ, အဘူတ, အကတ, အသင်္ခတ ဘဝဘေးတို့သည်ရင်း၊ စုတိ ပရိနိဗ္ဗာန်မပြုခင် ဟိုဘက်နှင့် ဤမှာ ဘက်သာလျှင်ဖြစ်သည်။ ယင်းအဇာတ အစရှိသည်တို့ကို ဟောရခြင်းမှာလည်း အာကယ်သဘောတရားကို ရည်ညွှန်း၍ ဟောတော်မူရပါသနည်းဟု ဆင်ခြင်းသော် ဒါန, သီလ, သမထ တရားတို့၏ ပြုလုပ်မှုကိစ္စပါရမီအဝဝတို့ကို အကျိုးမရှိ နိရတ္ထကဖြစ်မှာစိုးရိမ်တော်မူသောကြောင့် ကတနှင့် အကတ နှစ်ပါးကို ဟောတော်မူရပြန်သည်။ ကတနှင့်အကတသည် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သောတရား ဟုတ်, မဟုတ်ကို ပြလတ္တံ့ဖြစ်ခဲ့ရာ သဘော၌ ထင်ရှားလတ္တံ့။

တံ နဟိ သုဒဿနံ နသုခေန ပဿိတပ္ပံ၊
သုစီရမ္မိ ကာလံ ပုဉ္ဉ ဉာဏ သမ္ဘာရေ
သမာနေန္ဓေဟိပိ ကာသိရေနေဝ သမဓိဂန္တ္ဗတော။

—ဥဒါန်းပါဠိတော်

သုစီရမ္မိကာလံ၊ အလွန် ကြာမြင့် စွာသော ကာလပတ်လုံးလည်း၊ ပုဉ္ဉဉာဏသမ္ဘာရော၊ ဒါန သီလ သမထ ကုသိုလ် ပါရမီထိုထို အဆောက်အဦးတို့ကို။ သမာနေန္ဓေဟိပိ၊ ကောင်စွာအားထုတ်ကုန်သော သူတို့သည်လည်း။ ကာသိရေနေဝ၊ ဘဝမျှားစွာသံသရာက အပန်းတကြီးအားထုတ်နိုင်မှသာလျှင်။ သမဓိဂန္တ္ဗ

တော၊ကောင်းမှုန်စွာ ရောက်အပ်သောကြောင့်။ တံ၊ ထိုနိဗ္ဗာန်သည်။သုဒဿနံသုခေနပသီတပ္ပံ၊ ဿယ်လျယ်နှင့် တွေ့နိုင်မြင်နိုင်သောတရားမျိုးသည်။နဟိ၊မဖြစ်နိုင်တော့သည်သာတည်း။

ပါဠိတော် အလို သဘော အဓိပ္ပါယ်မှာ ပါရမီဆယ်ပါး ဒါန သီလ ကုသိုလ်တရားတို့၏ အထောက် အပံ့ အားဖြင့်သာ ထိုနိဗ္ဗာန်ကို ရနိုင် ရောက်နိုင် သိနိုင်မြင်နိုင်သည်ဟု ဆိုသည်။ အဆောက်အအုံကုသိုလ်ပုည သမ္ဘာရမရှိဘဲ အလွယ်တကူနှင့် မရနိုင်ဟုဆိုသည်။မျက်မှောက် သန္ဓိဋ္ဌက, အကာလိကမျိုး၊မဟုတ်၊လွန်ခဲ့ပြီးသော အတိတ်ကိုဆိုသည်။ ထို့ကြောင့် ကတမှအကတ ဖြစ်လာခဲ့ရခြင်းသည် ကတနှင့်အကတခြား ယူဇနာမည်မျှလောက် ကွာခြားပါသနည်းဟု အမေးရှိခဲ့သော် ရှေ့စိတ်၏ ဘင်ခဏနှင့် နောက်စိတ်၏ ဥပါဒ်ခဏဟု ဖြေပါလေ။ ထို့ကြောင့် ကတမှ အကတ ဖြစ်လာရခြင်းသည် ခဏငယ်မခြားဘဲ ဖြစ်လာရ၏။ ယင်းကဲ့သို့ဆိုလျှင် ရဟန္တာအသျှင်မြတ်တို့၏ နိဗ္ဗာန်သည် ဒါန သီလပါရမီ အဆောက်အအုံ ကြီးမားသောကြောင့်ရင်း၊ ယခု ပစ္စက္ခမှာ လယ်တာမြေကောင်းသဘွယ်ဖြစ်သော သုပ္ပဋိပန္နဂုဏ်နှင့်ပြည့်စုံတော်မူကြသော ရှင်, လူ, ရဟန်းတို့အား လှူဒါန်း၍ ထို အသျှင်တို့၏ အတိဒုလ္လဘ တရားတော်မြတ်ကို ကြားနာရသဖြင့် သန္ဓိဋ္ဌက, အကာလိက ဂုဏ်နှင့်ပြည့်စုံ၍ မိမိတို့လူအပ်သော ဒါန ဆောက်တည်အပ်သော သီလပ ရမီတို့သည် ဝဋ်မှကျွတ်လွတ်၍ ဝိဝဋ္ဋမျိုးတွေသာ ခြစ်ကုန်ကြ၏။

နှ သခ်ံတံ သခ်ံတလက္ခဏရဟိတန္တိ အသခ်ံတံ။

—အဋ္ဌကထာဝိဂြိုဟ်

သခ်ၤတမ့ လွနခ်သောဘရားသည် သခ်ၤတမဟုတ်သည် တချက်။ သခ်ၤဘလကၠာမ့ကင်းနေသော တရားသည် အသခ်ၤတမည်သည် တချက်၊ကျိကဲသို့အဋ္ဌကထာ အသျင်မြတ်၏ညွှန်ပြသော ဝစနတ္ထကို မှီးသောအားဖြင့် "ကတမို ကတလကၠာရဟိတန္တိ အကတံ" ကတမို၊ဒါန သီလ ပုညသမ္ဘာရကုသိုလ်ပါရမီမျိုးတို့ကို မျှားစွာပင်တောင့်တရည်မှန်း၍ ပြုလုပ်ခဲ့ရပါသော်လည်း။ ကတလကၠာရဟိတံ၊ဒါန သီလ ပါရမီအကြောင်းခံ အရင်းအနှီးမြုပ်နှံ၍ ပြုလုပ်ပါ၌သော်လည်း ပြုလုပ်သူတို့၏ ကတ အရိတ်နိမိတ် မထွက်။ ကွတိ ထို့ကြောင့်။အကတံ၊ အကတမည်၏ (အကတ)၌ အ, ကား ပဋိသေဓတ္ထမဟုတ်(ဝိရဟတ္ထ)။

သခ်ၤမို သခ်ၤဘလကၠာရဟိတန္တိ အသခ်ၤတံ။

ကျိကား အဋ္ဌကထာ၏နိဒဿတ္ထ။ ။သခ်ၤတမို၊ အမျိုးမျိုးသော ပုညသမ္ဘာရတို့ဖြင့် တော်ငှတ် ရည်းမှန်၍ ပြုပြင်အပ်ပါသော်လည်း။သခ်ၤတ လကၠာ ရဟိတံ၊ပြုပြင်အပ်သော အရိပ် နိမိတ်မပေါ်မထွက်။ကွတိ၊ထို့ကြောင့်။အသခ်ၤတံ၊ အသခ်ၤတ မည်၏။ အသခ်ၤတဉ် အ,ကို ပဋိသေဓအနက် ယူဆခဲ့လျှင် သခ်ၤတတရားနှင့် အကြောင်းကင်း၍ ဆန့်ကျင်ဘက် ဖြစ်သော အနက်ကို ဟောရပေလိမ့်မည်။ကျိသို့ ပဋိသေဓအနက်ကို ဟောခဲ့လျှင် ဒါန သီလ,ပါရမီထိုထိုတို့သည် နိဗ္ဗာန်ထက အချည်းအနှီးသို့ရောက်ခဲ့ရာ၏။ ကျိသို့လည်း အကျိုးမရှိသော နိရတ္ထကမျိုး မဟုတ်သောကြောင့်(အသခ်ၤတ)ပုဒ်၌အ,ကို ဝိရဟတ္ထကြံလေဦး။ထို့ကြောင့်

သခ်ၤတံ ပန နလတ္တကၤံ၊လ့ကၠကဲ့ နသခ်ၤတံ၊
နစသခ်ၤသံ ဝိနၵ လကၠကဲ့ ပညၵေပတုံ သက္ကၵ၊
နၵပိ လကၠကံ ဝိနၵ သခ်ၤတံ။

—ပဋိသမ္ဘိဒါမဂ်(၌)

သခ်ၤတံပန၊ သခ်ၤတသည်ကား။ နလကၠကံ၊ လကၠကာမဟုတ်။ လကၠကဲ့၊လကၠကာသည်။ နသခ်ၤတံ၊သခ်ၤတမဟုတ်။ သခ်ၤတံ၊ သခ်ၤတကို။ဝိနၵ၊ ကြ၍။ လကၠကံ၊ လကၠကာကို။ ပညေပတုံ၊ ပညတ်ခြင်းငှါး။ နှ သက္ကၵ၊ မတတ်ကောင်း။ လကၠကံ၊ လကၠကာကို။ ဝိနၵ၊ ကြ၍။ သခ့်တံ အပိ၊ သခ်ၤတကိုလည်း။ပည—ေပတုံ၊ပညတ်ခြင်းငှါး (သိစေခြင်းငှါး)။ နှ သက္ကၵ၊ မတတ်ကောင်း။

အသခ့်တ ပဟေဋိ

သခ်ၤတနှင့်လကၠကာသည် (ကမ္မဓာရည်း) အရတူ မဖြစ်နိုင်သည်ကို ထောက်၍ အဋ္ဌကထာအသျှင် ညွှန်ပြတော်မူသည့် အတိုင်း အသခ်ၤတ၌ အ,ကို (ဝိရဟတ္ထ) ကဲ့သည်။ ထို့ကြောင့် အသခ်ၤတ,ဟူသော ပုဒ်သည် သခ်ၤတ လုံးလုံးကြီး ရှင်းရှင်းကြီး မဟုတ်သောကြောင့် အသခ်ၤတဆိုသည်မဟုတ်၊ "သခ်ၤတံ လကၠကံ ဝိယ"ကဲ့သို့—

သခ်ၤတသည် လကၠကာလော?မဟုတ်။
လကၠကာသည် သခ်ၤတလော ?မဟုတ်။
သခ်ၤတနှင့်လကၠကာသည် ဟပါးစီလော?မဟုတ်။
ဤပဟေဋိကိုဖေါ်ထုတ်နိုင်မှ (အသခ်ၤတ)ကို နားလည်မည်။

စပယ်ပန်းနှင့် ပဟေဋ္ဌိဖေါ်ထုတ်ခဏ်း

ဥပနိသျကျမ်းလာ ဗြာဟ္မဏ တို့၏ အသခ်ၤတတမျိုး မဟုတ်၊ "မာဂဓိပုပ္ပံဝိယ" ကဲ့သို့ စပယ်ပန်းကို ပန်ဆင်လိုသောသူသည် စပယ်ပင်၏ အကိုင်းတခုကို စိုက်ပျိုးသောအခါ ကျောက်ပြား ပေါ်မှာ စိုက်၍လည်းမရ၊ ကောင်းကင်မှာ စိုက်၍လည်းမရ၊ အဘယ်၌စိုက်ရသနည်း?အပုတ်အစပ် ရှုံရှာစက်ဆုပ်ဘွယ်ရှိသော မြေသြဇာတို့၌ စိုက်မျိုးလျှင် အပင်သန့်စင်မှု၍ အခက်အလက် ဝေဝေဆာဆာနှင့် ပေါ်ထွက်လာမည် အမှန်ပင်တည်း၊ထိုအခါ အခွင့်သာ အချိန်ကျ၍ ငုံမာလာဖူးပွင့်သောအခါ သုဂန္ဓ ရနံ့ အေးပျံ့မွှေး၍ တကြိုင်ကြိုင် ပျိုတိုင်းကြိုက် စပယ်ခိုင်ကို မပယ်နိုင်ဆင်မြန်းကြဘိသကဲ့သို့တည်း။

ရှင်းလင်းချက်။ ။စပယ်ပင်ကို စိုက်ပျိုးသောအခါ သန့်ရှင်းသော ကျောင်းကင်နှင့် ကျောက်ပြားတို့တွင်စိုက်ပျိုးလို့မရ၊ ရှုံစရာစက်ဆုတ်ဘွယ်ရှိသော မြေဆွေးမြေသြဇာတို့၌သာ ပေါက်ရောက်ကြီးပွားး၍ လာရပါသော်လည် ရှုံစရာ စက်ဆုတ်စရာ ဒုဂန္ဓမကောင်းသော အနံ့တို့သည် စပယ်ပန်း၌ မပါဘိသကဲ့သို့ ၎င်း၊ ထိုသို့မပါသော်လည်းစက်ဆုပ်စရာ အပုတ်အစပ်မြေဆွေးတို့သည် စပယ်ပင်အား ကျေးဇူးပြုသကဲ့သို့၎င်း၊အပင်သည်အပွင့်အား ကျေးဇူးပြုသကဲ့သို့၎င်း၊ ထိုကဲ့သို့ အဆင့်ဆင့် ကျေးဇူးပြုကြသော်လည်း ပန်းပွင့်၌ အပုတ်အစပ်အရိပ်နိမိတ် မပါသကဲ့သို့ ယင်းနိမိတ်တို့မှ ကင်းသောကြောင့် ပျိုတိုင်းကြိုက် ပန်းစပယ် နန်းလယ်မှာ တင့်ဘိသကဲ့သို့ ထို့အတူအသခ်ၤတဂုဏ်ဟိတ်ဖြင့် တံဆိပ်နာမံ ဘွဲ့ထူးတော်ခံတဲ့ အနန္ဒဓာတ် ရှင်တော်မြတ်သည် အတိုဂမ္ဘီရဏ္ဍဖြစ်၍ အလွန်အလွန် နက်နဲတော်မူ၏ဟု ကြံလေ။

ဒုဂန္ဓ မြေဆွေးတို့သည် စပယ်အနံ့တို့လော? မဟုတ်။
သုဂန္ဓ စပယ်ပန်းသည် မြေဆွေးတို့လော? မဟုတ်။
ဒုဂန္ဓနှင့် သုဂန္ဓသည် အဆက်ပြတ်ကြသနည်းလော? မဟုတ်။
သို့မဟုတ် အတူတူလော? မဟုတ်။
ဤကဲ့သို့ ပဉ္ဟာဋ္ဌိကို ဖော်ထုတ်ခြင်းပေတည်း။

တနည်း၊

၁။ အရဟာတ္တဖိုလ်ဝိညာဏ်သည်(အသင်္ခတ)လော?
(အာမန္တာ)
၂။ အရဟာတ္တဖိုလ်စုတိနောင် အနန္တနိဗ္ဗာန်တော်မြတ်သည်
(အသင်္ခတ)လော? (အာမန္တာ)
၃။ အသင်္ခတသည်နှစ်ပါးတို့လော? (နဟေဝံ)

ထို့ကြောင့် မြေဆွေးသည် ဥပါဒါနက္ခန္ဓာငါးပါးနှင့်တူ၏။ အပင်သည် ဝိပါက်ကမ္မဇ ပရမတ္ထ ခန္ဓာငါးပါးနှင့်တူ၏။ ရဟန္တာ ပုဂ္ဂိုလ်၏စုတိနောင် စင်းလုံးချော ငြိမ်းအေးသော အနန္တဓာတ်ကိုယ်တော်မြတ်သည် ပန်းရနံ့နှင့်တူ၏ဟု မှတ်ကြလေ။

မှတ်ချက်။ ။ပန်း၏အနံ့၌ မြေဆွေး မြေပုတ်တို့သည် အကြောင်း မကင်းကြသော်လည်း အပုတ်နံ့တို့သည် ပန်းအနံ့၌ မပါဘဲသကဲ့သို့ ထို့အတူ ပရိနိဗ္ဗာန စုတိနောင် ငြိမ်းအေးသော အနန္တဓာတ် ကိုယ်တော်မြတ်၌လည်း ဇာတ,ဘူတ,ကတ,သင်္ခတ အရိပ်နိမိတ်တို့သည် မပါမရှိသောကြောင့် အနန္တရာဒိ ပစ္စည်း ဆက်ပြတ်၏ဟူ၍ဝင်း၊ အဇာတ, အဘူတ, အကတ, အသင်္ခတဟု နာမခပ်နှိပ် ဂုဏ်ထူးတံဆိပ်တို့ဖြင့်ဝင်း ဝိသေသ အထူးပြုအပ်သည်ဟူလို....။

ထိုအနန္တရာတ် နိဗ္ဗာန်တော်မြတ်သည်. ဒါနသီလပါရမီထိုထို အကြောင်းပစ္စည်း ကုသိုလ်တို့ကြောင့် ဖြစ်ပေါ် လာရသော်လည်း ထိုအကြောင်းကြောင့် ဖြစ်ပေါ်လာနိုင်စရာ မထင်နိုင်အောင် အလွန့်အလွန်နက်နဲ၍ ဒေတိဂမ္ဘီရတ္တာ ဖြစ်သည်ဟူ၍မှတ်။

နိဗ္ဗာနဓာတ်၊ အလိုလိုဖြစ်မလာ

ကာရဏေန ဝိနာ သယမေဝ နဘူတန္တိ အာဘူတံ။

—ဥဒါန်း (၄)

ယံ၊ အကြင်နိဗ္ဗာန်ဓာတ်တော်မြတ်သည်။ ကာရဏေန၊ ဒါနသီလပါရမီအကြောင်းခံနှင့်။ ဝိနာ၊ ကင်း၍။ သယမေဝ၊ မိမိအလိုလို သာလျှင်။ နဘူတံ၊ မဖြစ်နိုင်။ ဣတိ၊ ထို့ကြောင့်။ အဘူတံ၊ အဘူတမည်၏။

ရဟန္တာပုဂ္ဂိုလ်၏ စုတိနောင် ဖြစ်ပေါ်လာသော ငြိမ်းအေးသောနိဗ္ဗာနဓာတ်သည် အလိုလိုဖြစ်ပေါ်လာသည်မဟုတ်၊ ပါရမီအကြောင်းခံတို့ကြောင့် ဖြစ်လာရသည်ဟု ဆိုလိုသည်။ အလိုအလျောက် အမြဲထာဝရ ဖြစ်ပေါ်နေသောနိဗ္ဗာန်တို့သည် ကား-ထာဝရကိုးကွယ်သောနိဗ္ဗာန်၊ ဥပနိသျှပြာဟ္မဏတို့၏ နိဗ္ဗာန်ဖြစ်လေသည်။ အချို့နားမလည်သောသူတို့သည် ဥပနိသျှပြာဟ္မဏတို့၏တရားကို ပဋ္ဌကဆရာပြောနေသလိုလို ဝါဒဖြန့်ကြ၏၊ ထို ဝါဒဖြန့်သော သူတို့သည်လည်း ပဋ္ဌ ထိုး ထွင်း၍ သိမြင်သောလမ်းစဉ်ကို နားမလည်ကြသောကြောင့် ဝါဒဖြန့်ခြင်းဖြစ်ပေသည်။

ပရိနိဗ္ဗာန် ၂-မျိုး

နိဗ္ဗာနဓာတ်သည် တမျိုးတည်းပင် ရှိသော်လည်း ပရိနိဗ္ဗာန်ကား....နှစ်မျိုးနှစ်စားရှိ၏။ ထို့ကြောင့်—

> ပရိနိဗ္ဗာနေ ဉာဏန္တိ အရဟတော ကာမစ္ဆာန္ဒဝဒိနံ
> ပရိနိဗ္ဗာနံ ပဝတ္တံ အနုပါဒိသေသ ပရိနိဗ္ဗာနဉ္စ
> ပစ္စဝေက္ခန္တဿ တသ္မိံ ကိလေသပရိနိဗ္ဗာန ခန္ဓ-
> ပရိနိဗ္ဗာနေစ ပဝတ္တံ ဉာဏံ။

—ပဋိသမ္ဘိဒါမဂ် (၂)

ပရိနိဗ္ဗာနေ ဉာဏန္တိ၊ ဉာဏံ ဟူသည်ကား။ အရဟတော၊ ရဟန္တာဝပုဂ္ဂိုလ်အား။ ကာမစ္ဆန္ဒဒိနံ၊ ကာမစ္ဆန္ဒအစရှိသည်တို့၏။ ပရိနိဗ္ဗာနံ၊ ငြိမ်းအေးခြင်းဟုဆိုအပ်သော။ ပဝတ္တံ၊ ဖြစ်ခြင်းကို ရှင်း။ အနုပါဒိသေသ ပရိနိဗ္ဗာနဉ္စ၊ ဥပါဒါန်အကြွင်းမရှိသော အနုပါဒိသေသ ပရိနိဗ္ဗာန်ကိုရှင်း။ပစ္စဝေက္ခန္တဿ၊ဆင်ခြင်သော ရဟန္တာဝပုဂ္ဂိုလ်အား။တသ္မိံ၊ ထိုသို့ဆင်ခြင်စဉ်အခါ၌။ကိလေသ-ပရိနိဗ္ဗာနေစ၊ ထောင့်ငါးရာကိုလေသာကုန်ခြင်းဟုဆိုအပ်သော ကိလေသ ပရိနိဗ္ဗာန်ပြုခြင်း၌ရှင်း။ ခန္ဓပရိနိဗ္ဗာနေစ၊ ဝိပါက်စာမမူဇခန္ဓာ ချုပ်ငြိမ်းခြင်းဟုဆိုအပ်သော ခန္ဓပရိနိဗ္ဗာန်၌ရှင်း။ ပဝတ္တံ၊ဖြစ်သော။ဉာဏံ၊ ဉာဏ်သည်၊ ပရိနိဗ္ဗာနေဉာဏံ၊ ပရိနိဗ္ဗာန်ကို သိသောဉာဏ်မည်၏။

မိမိနိဗ္ဗာန် နှင့် သူတပါးနိဗ္ဗာန်

ဤပရိနိဗ္ဗာန်နှစ်မျိုး၌မာရဓမ္မမာရ်, ထောင့်ငါးရာကိလေသာမာရ်, ပဥ္စုပါဒါနက္ခန္ဓာဟူသော ခန္ဓာမာရ်, ပဥ္စုပါဒါနက္ခန္ဓာ

စုတိ မရဏ ချုပ်ငြိမ်းပြီးသော မစ္စုမာရ်, အဘိသင်္ခတသင်္ခါရဟူ ဆိုအပ်သော အဘိသင်္ခါရမာရ် ဤငါးပါးသော သဘောတရား တို့မှ ငြိမ်းအေးသော ကိလေသပရိနိဗ္ဗာန်။ ။ဝိပါက် အဗျာကတ နှင့် အာဝဇ္ဇန်း ကိရိယာ အဗျာကတတို့၏လှုပ်ရှားမှုမှ အကြွင်း မရှိဇာတ်သိမ်း၍ အေးငြိမ်းရသော ခန္ဓပရိနိဗ္ဗာန်၊ ဤပရိနိဗ္ဗာန် နှစ်မျိုးကို ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်သည်ရှိသော် ဝိပါက် ကမ္မဇခန္ဓပရိနိဗ္ဗာန်ပြုပြီး၊ ဝါ၊ စုတိပြီးနောက် စံစားရမည်ဖြစ် သော ငြိမ်အေးသော အနန္တနိဗ္ဗာန်တော်မြတ်ကို အာရုံပြုသော အားဖြင့် မြော်မှန်း၍ အာရုံပြုဆင်ခြင်သောအခါ သူတပါး နိဗ္ဗာန်ကို အာရုံပြုသလော? မိမိနိဗ္ဗာန်ကို အာရုံပြုသလော? ဟု စောဒနာရန်ရှိသောကြောင့် သူတပါးနိဗ္ဗာန်ကို အာရုံ မပြု၊မိမိနိဗ္ဗာန်ကိုသာ အာရုံပြု၏ဟူလို။

မိမိနိဗ္ဗာန်ကလည်း စုတိနောင် မရှိသေး သော ကြောင့် သို့မဟုတ် ခန္ဓာပရိနိဗ္ဗာန်မပြုသေသော ကြောင့် အဘယ်ကိုအာရုံ ပြုပါသနည်းဟူသော စောဒနာကို ဤသို့သိမြင်ရာ၏။ အထက်၌ ပြဆိုခဲ့ပြီးသော "ဂစ္ဆိမစိတ္တံ အပဂ္ဂိသန္ဓိကံ" ဟူ၍၎င်း၊ "အကုပ္ပါ မေဝိမုတ္တိ" ဟူ၍၎င်း၊ "နတ္ထိဒါနိ ပုနဗ္ဘဝေါတိ" ဟူ၍၎င်း၊ "ဉာဏဉ္စ ပနမေဒဿနံ ဥဒပါဒိ" ဟူ၍၎င်း၊

ဉာဏဉ္စ ဒဿနံ၊ မချုပ်ကောင်း မပျောက်ကောင်းသော ဝိညာဏစရိယ အရဟတ္တဖိုလ် ဝိညာဏ်ကို သိမြင်ခြင်းတည်း ဟူသောဉာဏ်သည်။မေဂါအား။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီး။

ဤသို့ဟောတော်မူသော ဘုရားရှင်၏ ဉာဏ်အမြင်ကိုထောက်၍ ထိုရဟန္တာပုဂ္ဂိုလ်တို့မှာလည်း ယင်း ဉာဏ်အမြင်ကိုရလေပြီး ဖြစ်သောကြောင့် မိမိ၏ဝိပါက် ကမ္မဇခန္ဓာနှင့် တစင်တည်းရှိနေ

သေစ အရဟာတ္တဖိုဝိဉာဏ်သည် လူပ်ရှားမှုနှင့်တကွ ဖြစ်သော ဝိပါက်ကမ္မဇတို့နှင့် ခဲ့ခဲ့ရသောအခါ၊ဝ ၊ခန္ဓပရိနိဗ္ဗာန်ပြုရသော အခါ လူပ်ရှားမှုမရှိဘဲ ငြိမ်သက်သော သန္တိ,အေးမြသော သိဝ, အဖြစ်ဖြင့် ရဆဲ,ရလတ္တံ့ကို အာရုံပြု၏ဟူလို။

အနန္တဓာတ် ကိုယ်တော်မြတ်

ထိုအေးမြငြိမ်သက်သော အနန္တဓာတ် ကိုယ်တော်မြတ်သည် အဘယ်မျှနက်နဲ၍ နေတော်မူပါသနည်း? အဇ္ဈာသယ ဂမ္ဘီရ အားဖြင့် နက်နဲခြင်း၊ ဂုဏဂမ္ဘီရအားဖြင့်နက်နဲခြင်းစသော နက်နဲခြင်းတို့ဖြင့် တိုင်းတာ၍ မရနိုင်အောင် နက်နဲတော်မူသည်မှာ အနန္တဓာတ် ကိုယ်တော်မြတ်၏ ဓာတ်သဘောစစ် ပရမတ္ထအနှစ်သည် ဘယ်လိုဟာနှင့်မျှနှိုင်းစာ၍ မရနိုင်အောင် မတူနိုင်အောင် မထောက်လှမ်းနိုင်အောင် ပုံမဟပ်နိုင်အောင် နက်နဲတော်မူခြင်းသည် အဇ္ဈာသယအားဖြင့် နက်နဲတော်မူ၏။ အနန္တဓာတ် ကိုယ်တော်မြတ်သည် သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ် ဤဂုဏ်တို့ဖြင့်လည်း နှိုင်းစား၍မရနိုင်အောင် ဂုဏဂမ္ဘီရအားဖြင့် နက်နဲတော်မူ၏။မဟာသမုဒ္ဒြာကြီးကို တောင်တာကြိုး၀ါးတို့ဖြင့် မထောက်မလှမ်းနိုင်ဘိသကဲ့သို့ နက်နဲတော်မူ၏ မှတ်ကြလေ။

အနန္တနိဗ္ဗာန်၌ အဘယ်အရာရှိသနည်း

၁။ ပရိနိဗ္ဗုတော ပဂ္ဂလော အတ္ထိ တ္ထိမှိ၊နတ္ထိ တ္ထိမှိ။

-ကထာဝတ္ထုပါဠိတော်

၁။ ပရိနိဗ္ဗုတော ခန္ဓပရိနိဗ္ဗာန် ပြုပြီးသော။ ပဂ္ဂလော၊ ရဟန္တာ,ပုဂ္ဂိုလ်သည်။ အတ္ထိမှိ၊ နိဗ္ဗာန်၌။ အတ္ထိ၊ ရှိသလော? အတ္ထိမှိ၊နိဗ္ဗာန်၌။နတ္ထိ၊မရှိသလော?(ထေရ၀ါဒ)

၂။ ပရိနိဗ္ဗုတော ပဋ္ဌလော အတ္ထ'တ္ထမိ့။
၂၊ ပရိနိဗ္ဗာန်ပြုပြီးခသာ ပုဂ္ဂိုလ်ဘည် နိဗ္ဗာန်ဒ္ဒ် ရှိပါ၏။
(ပရဝါဒီမဟာဟာန)

၃။ ပရိနိဗ္ဗုတော ပဋ္ဌလော အတ္ထ'တ္ထမိ့ နတ္ထ'တ္ထမိ့။
၃။ ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည့် နိဗ္ဗာန်ဒ္ဒ် ရှိသလော? မရှိသလော? (ထေရဝါဒ)

၄။ ပရိနိဗ္ဗုတော ပဋ္ဌလော နတ္ထ'တ္ထမိ့။
၄။ ပရိနိဗ္ဗာန်ပြုပြီးသောပုဂ္ဂိုလ်ဟာည် နိဗ္ဗာန်ဒ္ဒ်မရှိပါ။
(ပရဝါဒီမဟာယာန)

ပဋိက္ခေပပြုသော သာသနတာနှင့် ဥစ္ဆေဒွောတိုကို ချင်းချက်ပြုခဲ့ခြင်းမှာ စာဖတ်ယောဂီတို့မကြုံနိုင် လက်မှိုင်ချရမည်ဖြစ်သောကြောင့် လျစ်လျူရှုခဲ့ရသည်။

အဘယ်ကြောင့် မကြုံနိုင်ရသနည်း? နိစ္စ, ဓုဝ, သဿတတို့၏ ဓမ္မပဋိသမ္ဘိဒါကို အတ္တပဋိသမ္ဘိဒါ ဖေါ်ထုတ်ရန် နောက်နဲသောကြောင့်ဝင်း၊ အနိစ္စ အဒ္ဓုဝ, အသဿတ, ဥစ္ဆေဒ, ဥစ္ဆိန္နဓမ္မပဋိသမ္ဘိဒါကို အတ္တပဋိသမ္ဘိဒါ ဖေါ်ထုတ်ရန် အတိဂမ္ဘီရတ္ထဖြစ်၍ဝင်း၊ ဗုဒ္ဓကိုယ်တိုင်ပင်လျှင် ပရိနိဗ္ဗာန်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်သည် "အကုပ္ပါမေဝိမုတ္တိ"ဟု သုတ္တန်ပါဠိရှိပါလျက် ဤကထာဝတ္ထုဒ္ဒ် သဿတော- မြဲသလော? ဥစ္ဆေဒွော- ပြတ်သလော? ဟု အခြေအတင် ပြုဖန်ခြင်းသည် အဂ္ဂိဝစ္ဆ ပရိဗိုဇ်နှင့် ကောသလမင်းတို့ ရှုပ်ထွေးသလို စာဖတ်ယောဂီတို့မှာလည်း ရှုပ်ထွေးမည် ဖြစ်သောကြောင့် သုတ္တန်ပါဠိ အရ "အကုပ္ပါ မေဝိမုတ္တိ"ဟု ဟောတော်မူသော မိဂဒါဝုန်ဒေသနာကိုသာ အာဂုံဆောင်ကြလေ။

နိဗ္ဗာန်၌ ဝိပါက်ကမ္မဇရုပ်မရှိ

၁။ ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိသလော? ရှိ၏။ ။ရှိ၏ ဆိုသည်အဘယ်နည်း? အရဟတ္တဖိုလ် ဝိညာဏ်ပေတည်း။

၂။ ပရိနိဗ္ဗာန်ပြုပြီးသော ပုဂ္ဂိုလ်သည် နိဗ္ဗာန်၌ ရှိသလော? မရှိ။ ။မရှိဆိုသည်မှာ အဘယ်နည်း? ပုဂ္ဂလအမည် ခံသော ဝိပါက်ကမ္မဇရုပ်တို့တည်း။

အမှာ။ ။ကထာဝတ္ထုကျမ်းသည် အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပါဝင်သော်လည်း အသျှပ်မဟာမေဂ္ဂလိပုတ္တတိဿမထေရ်မြတ် ဟောသော ကျမ်းဖြစ်သည်။ ထိုမထေရ်မြတ်၏ဝါဒကိုမနှစ်သက်၍ လျစ်လျူ။ ရှုခဲ့သည်မဟုတ်၊ သုတ္တန်ပါဠိက ထင်ရှားနေပြီဖြစ်သောကြောင့်တည်း။ ဂမ္ဘီရကို ဖေါ်ထုတ်၍ ရှင်းပြန်လျှင်လည်း ဝန်မလေးလှခေ။ သို့သော် ယောဂီ၏ ဉာဏ်၌လည်း ရှုပ်ထွေးဘွယ်ဝေမည်၊ ဂန္ဓဂရုလည်းဖြစ်မည်၊ ဤနှစ်လီ တို့ကြောင့် လျစ်လျူ။ ရှုခဲ့သည်ကို သတိပြုတော်မူကြကုန်။

ဤဝိပါက်ကမ္မဇ ခန္ဓပရိနိဗ္ဗာန်သည် ဝိသေသအထူးပြုရသော နိဗ္ဗာန်မဟုတ်၊ ရဟန္တာအသျှင်မြတ်၏ ဝိပါက်ကမ္မဇ, ဇီဝိသိန္ဒြေရုပ်၏ သက်တမ်း ကုန်ဆုံ၍ စွန့်လွှတ်ချုပ်ငြိမ်းလိုက်ရခြင်းမျှသာ ဖြစ်သည်၊ အထူးအားထုတ်ဖန်ရသည် မဟုတ်ကုန်။ အရဟန္တာဟု အမည်ရသော ဝိညာဏ်တော်သည်ကား.....မပျက်ကောင်း မချုပ်ကောင်းသောကြောင့် ပကတိ အတိုင်းပင် ထင်ရှားရှိနေသည်သာဖြစ်၏။ ဤသို့ ဗုဒ္ဓကိုယ်တော်တိုင် မိဂဒါဝုန် ဒေသနာတော်မှ စမ္မစကြာ ရတနာကြီးကို ကောင်းမွန်စွာ လှည့်လည်

တော်မူထားသဖြင့် ရဟန္တာ ပုဂ္ဂိုလ်၏ စုတိနောင် ဖြစ်သေးသလော?၊ မဖြစ်တော့ဘူးလော?၊ ဖြစ်သည်လည်းရှိ မဖြစ်သည်လည်း ရှိသလော?၊ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်သလော?၊ စသော မေးခွန်း လေးမျိုး တို့ဖြင့် လျှောက်ထားကြသော ပုဂ္ဂိုလ်တို့အား ဖြေဆိုလျှင်လည်း ဖြေနိုင်စရာအကြောင်းရှိ၏။ ဗုဒ္ဓသည် ဖြေဆိုခြင်း မပြုသည်ကား— အဘယ်ကြောင့်နည်း?

မာလုက္ယ ပုတ္တန့်ဗုဒ္ဓ

ကဿဝ စေတံ မာလုက္ယပုတ္တ အဗျာကတံ။

-မဇ္ဈိမ ပဏ္ဏာသ ပါဠိတော်

မာလုက္ယပုတ္တ အဘယ်ကြောင့် ဤလေးပါးသော ပုစ္ဆာကို ငါဘုရားမဟောသနည်း။

တံရူပံ တထာဂတာသ ပဟီနံ။

ငါဘုရားသည် တထာဂတ,သညာဟူသော သတ္တသညာကို ပယ်အပ်ပြီးဖြစ်သောကြောင့်တည်း။

တထာဂတ အဓိပ္ပါယ်

တထာဂတ, ဆိုသည်ကား....သာမည အနွှပုထုဇဉ်ကိုဎင်း၊ သတ္တဝါဟူသော ဝေါဟာရကိုဎင်း၊ထိုသတ္တဝါသညာနှင့် စပ်၍ မေးလျှောက်သောကြောင့် ဗုဒ္ဓသည်ဖြေကြားခြင်း မပြုဟူ၍မှတ် အကယ်၍ ဗုဒ္ဓက ဖြေဆိုလျှင် ဖြေနိုင်ချ၏ ဟူသော အချက်မှာ အကယ်၍ဖြေဆိုပါက မေးလျှောက်သော သူတို့ကလည်းသတ္တဝါကိုသာ မေးခြင်းဖြစ်သည် အရဟတ္တဖိုလ် ဝိညာဏ်တော် ဖြစ်သော အရဟန္တာကို မေးသည်မဟုတ်၊ထို့,ကြောင့် ဗုဒ္ဓကဖြေသော်

ဖြေနိုင်စရာ အကြောင်း ရှိပေမင့် ဗုဒ္ဓဖြတာက အတ္တဲပဋိ-သမ္ဘိဒါးမေးလျှောက် သူတို့ နားလည်းမှာက သတ္တဝါ သညာ၊ ထို့ကြောင့်အဖြေနှင့် အမှတ်သညာ တခြားစီဖြစ်မှာ စိုးရိမ်တော် မူသဖြင့် ပယ်တော်မူသည်မှတ်။

ဥပမာ။ ။ပဋိသန္ဓေက စက္ကူနှစ်ကွင်း အလင်းမရှိသောသူ သည် အဖြူဆိုတာ ဘယ်လိုနေပါသနည်ဟုမေးသောအခါ မြင်တဲ့သူက အဖြူဆိုဘာ နွားနို့နှင့်တူပါသည်ဟူ၍ ဖြေပြခဲ့လို့။ ထိုအခါ မမြင်တဲ့သူက နွားနို့အဖြူကို သိချင်ပါသည်၊ စမ်းသပ်၍ ကြည့်ပါမည်ဟုဆိုလျှင် မီးဖိုပေါ်မှာ ပွက်ပွက်ဆူအောင်ချက်ထားသော နွားနို့အိုးကိုချ၍ ပေးလိုက်လေ၏။ထိုအခါ အဖြူကို သိလို၍ စမ်းသပ်လိုသော မျက်မမြင်သည် နွားနို့ပူပူအိုးကို နှိုက်၍ ကြည့်လိုက်သောအခါ အောင်မလေးဗျာဟူ အော်ဟစ်၍ ညည်းညူရှာ၏တဲ့။ သည်တော့ မျက်မမြင်က အဖြူဆိုတာကောင်း တာမဟုတ်ဘူး၊ အင်မတန်ပူတဲ့ဟာကြီးဘဲဟု ဆိုသတဲ့။

ဒိဋ္ဌ-မျိုး ဖြစ်မှာစိုး၍

ထို့အတူ ဗုဒ္ဓ၏အပိတ်အပင်အတားအဆီးမရှိသောသဗ္ဗညုစာ အနာဝရဏ ဉာဏ်တော်နှင့် ကြည့်ရှုတော်မူသောအခါ အနန္တ ဓာတ်ကိုယ်တော်မြတ်သည် ဗုဒ္ဓ၏ ဉာဏ်တော်၌ထင်ရှားစွာ မြင်တော်မူသည်။ထို့ကြောင့် မာလုက္ကရဟန်းကြီးမေးလျှောက်သည့် “တထာဂတော ပရံ မရဏာ ဟောတိ” ဟူ၍ လျှောက်ထားချက်စကားခဲ့ တထာဂတ ပညာတ်သော သတ္တဝါသညာကိုဗုဒ္ဓ ပယ်ပြီး သောကြောင့်၎င်း၊ လျှောက်ထား သူက တထာဂတ သတ္တဝါသညာကို မပယ်သေးသော ကြောင့်ရင်း၊ ဒိဋ္ဌလေးမျိုး ဖြစ်မှာစိုးရိမ်၍၊ဝါနွားနို့ပူပူအိုးကို နှိုက်မိမှာစိုးရိမ်၍ “နော-

ဟေတံ"(တေံ၊ဤသင်မေးသောစကားသည်။ နောဟိ၊ မသင့်။)
ဟူ၍ပယ်တော်မူသည်ဟု မြဲမြံမှတ်။

အနန္တနိဗ္ဗာန်

အနန္တဆိုတို့ အန္တရဟိတံ၊နိစ္စန္တိ အတ္ထော။

ဥပရိပဏ္ဏာသ(၌)

အနန္တန္တိ၊အနန္တဟူသည်ကား။အန္တရဟိတံ၊ဥပါဒ်နှင့်ဘင် ဟူသော အစွန်းနှစ်ဘက် ကင်းသော နိဗ္ဗာန်။နိစ္စံ၊ မပျောက်မပျက် အမြဲပင် တည်၍နေသော နိဗ္ဗာန်။ ဤတိအယံ၊ ဤသည်ကား။ အတ္ထော၊အနက်တည်း။

ပရိယန္တ ဘာဝရဟိတတ္တာ အနန္တံ ဧစ္စတိ နိဗ္ဗာနံ။
-ပရိဝါ(၌)

ပရိယန္တဘာဝ ရဟိတတ္တာ၊ ရှေအစွန်းနောက်အစွန်းနှစ်ပါး ဖြစ်သော ဥပါဒ်နှင့်ဘင် ကင်းသောကြောင့်။နိဗ္ဗာနံ၊သိတိဘာဝ အားဖြင့် ငြိမ်အေးခြင်းသဘောရှိသော နိဗ္ဗာန်ကို။ အနန္တံ၊ အနန္တဟူ၍။ဝစ္စတိ၊ဆိုအပ်၏။

ယင်းကဲ့သို့သော အနန္တနိဗ္ဗာန်တော်မြတ်သည် အဒ္ဓါသယ-ဂမ္ဘီရဿာဖြင့် နက်နဲတော်မူ၏။ဂုဏ်ဂမ္ဘီရအားဖြင့်လည်း နက်နဲတော်မူ၏။ ဤသို့အတိဂမ္ဘီရအားဖြင့် နက်နဲတော်မူသောအနန္တဓာတ် ကိုယ်တော်မြတ်ကို ဥပသိဝ, ယမက, အင်္ဂိဝစ္ဆ, သာတိ, မာလုက္ယပုတ္တ, ဖဂ္ဂုန, ကောသလ စသောပုဂ္ဂိုလ်တို့သည် ဗုဒ္ဓအား မေးလျှောက်ကြပါသော်လည်း အဘယ်သို့လျှင် အာရုံပြုနိုင်မည်နည်း၊မပြုနိုင်သည်သာတည်း။ ထို့ကြောင့် ယင်းပုဂ္ဂိုလ်တို့အား ပယ်တော်မူသည်ဟူ၍မှတ်ပါလေ။

အကြောင်းဖြစ်သောနိဗ္ဗာန်

ကထာဝတ္ထုပါဠိတော် သဗ္ဗမတ္ထိတိကထာ၌-

၁။ နိဗ္ဗာနံ အတ္ထိတိ=
နိဗ္ဗာန်ဆိုသောတရားသည် ရှိသလော (မဟာယာန)

၁။ အာမန္တာ=နိဗ္ဗာန်ဆိုသောတရားသည် ထင်ရှား၊ ရှိပါသည်။ (ထေရဝါဒ)

၂။ အတ္ထိ နိဗ္ဗာနန္တိ=
ယခုလက်ရှိခန္ဓာ၌ ရှိဆဲတရားသည် နိဗ္ဗာန်လော (မဟာယာန)

၂။ အတ္ထိ သိယာ နိဗ္ဗာနံ သိယာနော နိဗ္ဗာနန္တိ=
လက်ရှိခန္ဓာ၌ ရှိဆဲတရားသည် တချို့က နိဗ္ဗာန်ဖြစ်၍၊ တချို့က နိဗ္ဗာန်မဟုယ်ပါ။(ထေရဝါဒ)

အသောကမင်းကြီးအတွက် သင်တန်း

ထိုအခါမဟာယာနဂိုဏ်း ပရဝါဒီသည် ထေရဝါဒ၏လမ်းစဉ်ကို မကြိုက်နှင်၍ အမျိုးမျိုးဖိနှိပ်၏။ မကြိုက်ဆိုသည်မှာလည်း ၎င်းတို့၏ ကေစ္စသဿတဝါဒ, အန္တာနန္တိကဝါဒ,အမရောဝိက္ခေပိကဝါဒ,အဓိစ္စသမုပ္ပန္နဝါဒ, သညီဝါဒ အသညီဝါဒ, ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ဥစ္ဆေဒအယူတို့ကို ပဋိပရိနိဗ္ဗာန်ပြုပြီးသည်နောက် သာသနာတော် ၂၇၅-နှစ် မြောက် (ဘီ-စီ-၂၆၉) တွင် အသောကမင်းဘိသိက်ခံပြီး ၂၉-နှစ်မြောက်၌ ထိုဝါဒတို့ကိုတွန်းလှန်ဖြိုဖျက်၍ အသျှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာ အသျှင်မြတ်ဦးစီးကာ တတိယသံဂယနာ တင်တော်မူခဲ့လေသည်။ ထို

တတိယ သံဂါယနာတွင်မှ မူလ မဟာသံဃိက ခေါ် (ယခု မဟာယာန)ဂိုဏ်းဟု တွင်၏။မူလထေရဝါဒဂိုဏ်း ခေါ် (ယခု တုံဂိုဏ်း၊ရုံဂိုဏ်း၊ ရွှေကျင်,သုဓမ္မာအစရှိသော)ဂိုဏ်းတို့သည် တတိယသံဂါယနာ ထေရဝါဒမှဆင်းသက်သော ဂိုဏ်တို့သာဖြစ်ကြကုန်၏။မဟာသံဃိကဂိုဏ်းမှ မွေးဖွားခဲ့သောပဏ္ဏတ္တိဝါဒ,စေတိယဝါဒတို့သည် ယခုမြန်မာပြည်၌မရှိတော့ပြီ။သို့သော် ဆာဇဂိရိက,သဗ္ဗတ္ထိက, ပုဗ္ဗသေလိယ, အန္ဓက စသော သီခြား ဂိုဏ်းတို့၏ အယူဝါဒတို့သည်ကား....တတိယ သံဂါယနာမှ ဖြိုဖျက်ခဲ့ပါသော်လည်း အောင်မြင်သင့်သလောက်သာ အောင်မြင်၏။ တတိယ သံဂါယနဲ့ထိပ်တန်း ဝန်ဆောင်ဖြစ်သော အသျှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးသည်တတိယသံဂါယနာတင်တော်မူမည်ဟု ကြံသောအခါ အသောက မင်းကြီး၏ ဉယျာဉ်တော်၌ သီတင်းသုံးတော်မူပြီး မင်းကြီးအား အယူဝါဒတို့ကိုကျကား ...မဟာယာန,ကျကား....ထေရဝါဒ ဟူ၍ အယူအမျိုးမျိုးတို့ကို သင်ကြားပေး၏။ထိုနောက်မှ သံဃာအားလုံးစည်းဝေးစေပြီး၊တပါးစီ တင်းတိမ် အရုံအတွင်းသို့ ဝင်စေ၍ ပုဒ္ဓဝါဒကိုမေးစစ်တော်မူလေသည်။

စစ်မေးပုံ

၁။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘုယ်ဝါဒရှိသနည်း

၁။ ဖြေ။ ။ဗုဒ္ဓသည် သဿတဝါဒရှိပါသည်။

၂။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝါဒရှိသနည်း

၂။ ဖြေ။ ။ဗုဒ္ဓသည် ဥစ္ဆေဒဝါဒရှိပါသည်။

၃။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝါဒ ရှိသနည်း

၃။ ဖြေ။ ။ဗုဒ္ဓသည် ဧကစ္စသဿတဝါဒရှိပါသည်။

၄။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝါဒရှိသနည်း?
၄။ ဖြေ။ ။ဗုဒ္ဓသည်အမရာဝိဂေ့ဝါဒ ဝါဒရှိပါသည်။

၅။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝါဒရှိသနည်း?
၅။ ဖြေ။ ။ဗုဒ္ဓသည် အနက္ခာနန္တိကဝါဒရှိပါသည်။

၆။ မေး။ ငါ့သျှင် ဗုဒ္ဓသည်အဘယ်ဝါဒရှိသနည်း?
၆။ ဖြေ။ ။ဗုဒ္ဓသည် အဓိစ္စသမုပ္ပန္နဝါဒရှိပါသည်။

၇။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝါဒရှိသနည်း?
၇။ ဖြေ။ ။ဗုဒ္ဓသည် သညီဝါဒရှိပါသည်။

၈။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝဲါဒရှိသနည်း?
၈။ ဖြေ။ ။ဗုဒ္ဓသည် အသညီဝါဒရှိပါသည်။

၉။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝါဒရှိသနည်း?
၉။ ဖြေ။ ။ဗုဒ္ဓသည် ဒိဋ္ဌဓမ္မနိဗ္ဗာနဥစ္ဆေဒဝါဒရှိပါသည်။

၁၀။ မေး။ ။ငါ့သျှင် ဗုဒ္ဓသည် အဘယ်ဝ့ါဒရှိပါသနည်း?
၁၀။ ဖြေ။ ။ဗုဒ္ဓသည် နေဝသညီနာသညီဝါဒရှိပါသည်။

ဒိဋ္ဌ၂၂-ပါး

ဤဒိဋ္ဌတို့သည် ငဋ္ဌိသမ္ဘိဒါဂံပါဠိ,အဋ္ဌကထာ, ဋီကာတို့၌လာ၏။ နိကာယ်ငါးရပ်တို့၌လည်းလာ၏။ ကျယ်ဝန်းများပြား၏။ အကျဉ်ချုံးသော် သဿတဒေါ် ပုဗ္ဗန္တဒိဋ္ဌိ (၁၈)ပါး၊ ဥစ္ဆေဒဒေါ် အပရန္တဒိဋ္ဌိ(၄၄)ပါး၊ ဧကပါဋ်းသော် (၆၂)ပါး အကျင်းအာဖြင့်ရှိ၏။ နတ္ထိက, အဟေတုက, အကိရိယတို့ကား-အလွတ်ဖြစ်သည်။

ထိုမိစ္ဆာဒိဋ္ဌိပေါင်း မြောက်မျှားစွာတို့သည် မိမိတို့မှာလ အယူဝါဒကိုမစွန့်ဘဲ ဗုဒ္ဓအယူဟုဆိုကာ အစစ်အဆေးခံကြလေသည်။ ထိုအခါ အာသောကမင်းကြီးသည် ရှေးဦးကပင် အယူဝါဒတို့ကို သင်ကြားထားပြီးဖြစ်သည့်အတိုင်း ထိုရဟန်းတို့၏ အဖြေကို ကြားရလျှင်ပင် ဤရဟန်းသည် ရဟန်းကောင်းမဟုတ်၊ မိစ္ဆာဒိဋ္ဌိအယူရှိ၏ဟူသိကာအဝတ်ဖြူလဲ၍ရဟန်းဘောင်မှန့်ထုတ်၏။ ဝိဘဇ္ဇဝါဒီဖြစ်၏ဟု ဖြေကြားသောရဟန်းတို့ကိုတွေ့လျှင် ဤရဟန်းတို့ကား ရဟန်းကောင်း ရဟန်းစစ်ဖြစ်ပေသည်ဟု နှစ်သိမ့်ချီးမွန်းတော်မူ၍ ကောင်းမွန်စွာ သီတင်းသုံးစေလေသည်။

ဝိဘဇ္ဇဝါဒီဆိုသည်မှာ

ဝိဘဇ္ဇဝါဒဆိုသည်မှာ နိကာယ်ငါးရပ်တို့၌ ဝိဝရတိ (ဖွင့်ပြ၏၊)ဝိဘဇတိ (ခွဲခြားဝေဘန်ရာ၏။)ဥတ္တာနီကရောတိ (ထင်ရှားအောင်ပြုရာ၏၊)ဤကဲ့သို့ပါဠိတော် အစောင်စောင်တို့၌ ဝိဘဇ္ဇဝါဒသဘောကိုဟောထားလျက်ရှိ၏။ ဗုဒ္ဓသည်တဖက်သတ်အားဖြင့် ဟောလေ့မရှိ။ တရားနှစ်သယူဆ၍ ဟောပြောလေ့မရှိ။ မည်သည့်တရားမဆို ခွဲခြားဝေဘန်ပညာဉာဏ်ဖြင့်ထိုးထွင်း၍သာ ဟောကြားတော်မူတတ်သည်ကို "ဝိဘဇ္ဇဝါဒီ" ဟုဆိုသည်။

ကောက်နုတ်ချက်။ ။ဤအသင်္ခတနှင့် နိဗ္ဗာန်သည် အဘယ်သို့ကွာခြားသနည်း နိဗ္ဗာန်ဆိုသောအရာမှာ၊ ငြိမ်အေးခြင်းကို နိဗ္ဗာန်ဆိုသည်။ နိဗ္ဗာပေတိ-ငြိမ်းစေ၏ဆိုသကဲ့သို့ နိဗ္ဗာနသဒ္ဒါ ငြိမ်အေးခြင်းအနက်ကိုဟော၏။ နိဗ္ဗုတိသဒ္ဒါသည်လည်း ငြိမ်းပြီးသည်ကိုဟော၏။ အဘယ်အရာသည် ငြိမ်သနည်း၊ မီးဖိုကမီးငြိမ်းသွားတာကို မီးမရှိတော့ပြီဟုဆို၏။ အဓိကရုဏ်း ဖြစ်နေ

သည်ကို မဖြစ်အောင်ပြုလုပ်ကါက အဓိကရုဏ်း ငြိမ်းသွားပြီဟု ဆိုရ၏။ မီးငြိမ်းတာနှင့် အဓိကရုဏ်းငြိမ်းတာသည်၊ အငြိမ်းချင်း တူသော်လည်း အဓိပ္ပါယ်မှာမတူ ကွဲပြား၏။ပကတိ မီးလောင် နေသည်ကို အဓိကရုဏ်းဖြစ်နေသည်ဟုဆိုက လောကသမ္မုတိ သစ္စာကိုဖျက်စီးရာကျ၏။ ထို့ကြောင့် ငြိမ်းအေးခြင်းဖြစ်သော သဘောသည် မူလအခြေခံ ဗျူဟာတ်ကား-ရှိနေရမည်ဖြစ်သည်။ "နိဗ္ဗာန" ဟူသောပုဒ်၌ မူလအခြေခံမှာ တဏှာပင်ဖြစ်၏။တဏှာ ဝါန,ဟု ခေါ်ရပြန်သောကြောင့် ဝါန, မရှိတာကို ဝါန ငြိမ်း သွားတာကို နိဝါနဟူ၍ဂုင်း၊နိဝါနကိုရုပ်ပြီးစီးရင်၍ နိဗ္ဗာနဟူ၍ ဂုင်း၊အဆင့်ဆင့်ပြောင်းလဲပေးရ၏။ ထို့ကြောင့် "ဝါနသင်္ခါ-တာယ တဏှာယ နိကွန္တတ္တာတိ နိဗ္ဗာနံ" ဟု ဝစနပြုရုလေသည်။ "ဝိဘဝါက ကမ္မဇ ပရမ္ပတ္ထ သင်္ခတာယ နိကွန္တတ္တာတိ နိဗ္ဗာနံ" ဟု သုတ္တန်ပါဠိ၌ ဗုဒ္ဓဟောထားသော ဒေသနာမရှိ။

ထို့ကြောင့် တဏှာငြိမ်းခြင်း တဏှာချုပ်ခြင်း တဏှာမရှိ ခြင်းတို့သည် အေးသွားသောကြောင့် ငြိမ်အေးခြင်းဆိုရသည့် **အချက်။**

မည်သည့်အရာသည် ငြိမ်အေးသနည်း။

စရိယအာမည်ခံယူခြင်း

ခန္ဓာအိမ်ကို အနုမတဂ္ဂ သံသရာကလက်ခံ၍ လာခဲ့ရသော ပဋိသန္ဓေစိတ်သည်(ဝိညာဏဌိတိ, အမည်ခံ၏၊ ဆဒ္ဒါရိကဇောတို့ ဖြင့် ဝိညာဏဌိတိ၏ ဆောင်ရွက်မှုကိုစွမ်ရှိလျှင် ဆဒ္ဒါရိကဇောတို့ သည် မဖြစ်နိုင်ကြသေသောကြောင့်)ဖြစ်ပေါ်နိုင်ခြင်းတည်းဟူ

သော စရိယ, အမည်ကိုခံယူ၍ ဝိညာဏစရိယ, ဟူသဒ္ဒပညတ်တင်ရပြန်သည့်အချက်။

လူတယောက်သည် ဝတ်လုံလည်းဖြစ်၏၊ တရားခွင်၌ တရားစီရင်သော တရားသူကြီးလည်းဖြစ်သကဲ့သို့တည့်။

ခန္ဓာအိမ်၏ ဆောင်ရွက်ရမှုငြိမ်းခြင်း

နောက်ဆုံးတွင် ဝိညာဏစရိယဝိညာဏ်သည် ဝိပါက်ကမ္မဇာခန္ဓာရှိနေသော အဝိဇ္ဇာဂွင်းဆက်, တဏှာဂွင်းဆက်တို့သည် မဟာကုသိုလ်ညဏသမ္ပယုတ်ခေါ်သော၊ ဝါ၊မဇ္ဈဝိညာဏ်ခေါ်သော ညာဏစရိယဇော၏ တိုက်ဖျက်မှုအင်အားကို မခုခံနိုင်ကြသောကြောင့် ဂွင်းဆက်ပြုတ်၍ ခယ ဝယဖြစ်ကာ ချုပ်ငြိမ်းသွားကြသည်။ယင်းသဓာတို့အား နောက်ထပ်တဘန် လက်ခံရန်အကြောင်းမရှိ အေးငြိမ်း၍သွားသောကြောင့်၎င်း၊ "သဗ္ဗာတေ ဖါသုကာ ဘဂဝါ" ခန္ဓာအိမ်တည်းဟူသော ထုတ်, ယောက်, ဒိုင်း, မြား, အမိုး, အချင်းတို့ကို အကြွင်း အကျန် မရှိအောင် လောကုတ္တရာ ခေါ်သော ညာဏစရိယ မဂ်ဉာဏ် တည်းဟူသော ခေးလက်နက်ဖြင့် ဘုံးဘုံးလဲ လက်စသတ် ချိုးဖဲ့ဖျက်ဆီးလိုက်သဖြင့် ခန္ဓာကိုယ်၏ဆောင်ရွက်ရမှုကိစ္စသည် ဝိညာဏစရိယခေါ်အရဟတ္တဖိုလ်ဝိညာဏ်၌ အေးငြိမ်းသွားပြီဖြစ်၍ အေးငြိမ်းသည်ဟူဆိုရသည့်အချက်။

အခွန်ခွာက အနှစ်ကျန်

နိဂြောဓသစ္စာဆိုသည်ကား.... ဓမ္မာရုံဥပါဒါနက္ခန္ဓာ၊ ဝါ၊ အနတ္တာခန္ဓာ၊အဝိဇ္ဇာတဏှာဟူဆိုအပ်သော ဝါနခန္ဓာတို့ ချုပ်ငြိမ်းသွားခြင်းကိုသာ နိဂြောဓသစ္စာဆိုသည့်အချက်။

သစ္စာဝိမုတ်ဖြစ်သော ဝိညာဏစရိယသည်ကား.... ပရမတ္ထ ဖြစ်သောကြောင့်၎င်း၊ခယ, ဝယ သဘော မရှိသောကြောင့်၎င်း အကုပ္ပါ မေ ဝိမုတ္တိဖြစ်၍ မချုပ်ကောင်း မပျက်ကောင်း ဟူသောအချက်။

အဂ္ဂိဇန္ဆ ပရိဗိုဇ်ကို မိးပုံနှင့် ဥပမာပြု၍ အဝိဇ္ဇာ,တဏှာ,ကံ, ဖဿ,အာဟာရ,နာမရူပတို့ကြောင့်ဖြစ်သောဥပါဒါနကွန်ခွမီးပုံကြီး ငြိမ်းသွားပုံကိုပြု၍၎င်း၊ ဝစ္ဆပရိဗိုဇ်ကလည်း တရားတော်၏ အတ္ထုဒ္ဓိသမ္ဘိဒါကို ထိုးထွင်းသိမြင်၍၊ မဟာသာလရုက္ခ,စသော အင်ကြင်းပင်ကြီး ဥပမာဖြင့် အခွန်အခေါက်ကိုခွာသော် သာရ, ဟူသော အနှစ်ကျန်သကဲ့သို့ ဗုဒ္ဓ၏တရားတော်မှာလည်း အနုတ္တ ဖြစ်သော အခွန်အခေါက်တွေ ဝိုင်းအုံ ရစ်ပတ်နေသောကြောင့် ယင်းအခွန်အခေါက်တွေ ချုပ်ငြိမ်းသောအခါ ဝိမုတ္တိရသဖြစ်တဲ့ အရဟတ္တဖိုလ် ဝိညာဏ်သည် မချုပ်ငြိမ်းဘဲ သန္ဓိသဘောဖြင့် တည်ရှိနေသည်ဟူသော အချက်။

အမှာ။ ။ကြင်းပင် ဥပမာမှာ "အကုပ္ပါ မေ ဝိမုတ္တိ" နှင့် တထပ်ထဲ ဖြစ်သည်ကို သတိပြု။

မိမိနိဗ္ဗာန်၊ သူတပါးနိဗ္ဗာန်

မိမိနိဗ္ဗာန် သူတပါးတို့၏ နိဗ္ဗာန်ဆိုသည်မှာလည်း အသျှင်သာရိပုတြာ၏ အရဟတ္တဖိုလ်ဝိညာဏ်သည် အသျှင်မောက္ခလာန်၏ဝိညာဏ်မဟုတ်၊ အသျှင်မောက္ခလာန်၏အရဟတ္တဖိုလ်ဝိညာဏ် သည်လည်း အသျှင်သာရိပုတြာ၏ဝိညာဏ်မဟုတ်၊ ကျကဲ့သို့မိမိ ဝိညာဏ် သူတပါးဝိညာဏ်ဟု ခဲခြားမှု ရှိပြန်သောကြောင့် မိမိ နိဗ္ဗာန် သူတပါးနိဗ္ဗာန် ရှိရမည် ဟူသော့အချက်။

အနန္တစာတ် ကိုယ်တော်မြတ်

ယင်းဝိညာဏ်တော်ကို အနန္တ ဆိုသည်မှာလည်း အန္တမျိုး မဟုတ်သောကြောင့်ရင်း၊ ရှေ့အစွန်းဥပါဒ်နှင့်နောက်အစွန်းဘင်းသောကြောင့်ရင်း၊ ကမ္ဘာကမ္ဘာ အသင်္ချေ အနန္တမည်မျှပင်ကြာသော်လည်း ပကတိစာတ်သားအတိုင်း ရှေ့လျှောခြင်းမရှိ တည်နေသောကြောင့် အနန္တစာတ် ကိုယ်တော်မြတ်ဟု ဆိုသောအချက်။

သဇီဝရဟန္တာနှင့် နိဇ္ဇီဝစာတ်

သဇီဝ ရဟန္တာနှင့် နိဇ္ဇီဝစာတ် ကိုယ်တော်မြတ်သည်ဟု သုံးနှုန်းရခြင်းမှာလည်း ပရိနိဗ္ဗာန်မပြုခင် ဇီဝိတိန္ဒြေရုပ် ထင်ရှားရှိနေပြန်သောကြောင့် ဌာနီကို ဌာနဒ္ဒိတင်စား၍ သဇီဝအသျှင်မြတ်ဟု ဝေါဟာရအားဖြင့်သိရှိရန်အချက်။

သေပြီးမှ နိဗ္ဗာန်အစွဲအလမ်း

ပရိနိဗ္ဗာန်ပြုပြီးသောအခါ ဝိပါက်ကမ္မဇ ဇီဝိတိန္ဒြေရုပ်သည် အကြွင်းမဲ့ချုပ်ငြိမ်းတော်မူသဖြင့် အသက်ဟူ၍ ခေါ်ဆိုစရာမရှိသောကြောင့် နိဇ္ဇီဝအသျှင်မြတ်ဟု ဝေါဟာရအားဖြင့်သိရှိရန်အချက်။

ယခုခေတ်နှင့် ရှေးခေတ်လူတစုတို့တွင် သေပြီးမှနိဗ္ဗာန်ရောက်မည်ဟူသော အစွဲအလမ်းသည် ရာခိုင်နှုန်း ၉၅-လောက် ရှိမည်ထင်သည်။ ထိုသို့ထင်မြင်ယူဆခြင်းသည် မှားယွင်းစွာ ယူဆကြသောအချက်။

စုတိမကျမိက ပမာဏအတိုင်း

ရဟန္တာ ပုဂ္ဂိုလ်၏အရဟတ္တဖိုလ်ဝိညာဏ်သည် စုတိမကျခင်းနှင့် စုတိကျပြီးနောက် အတိုင်းအတာ ပမာဏ ကွာခြားသေးသလား။ သို့မဟုတ် အတူတူဘဲလား ဟူသော သဘောမျှလည်း စတ်လုံတော်ရရှေ့နေ အမှုလိုက်လုပ်ငန်းနှင့် တရားခွင်ကိုတက်၍ ကောက်ချက်ချသောလုပ်ငန်းနှစ်ခု ကွာခြား ငြင်းသော်လည်း ပုဂ္ဂိုလ်အရကား .. ဤသူပင် ဖြစ်သောကြောင့် စုတိမကျခင်က ပမာဏအတိုင်းပင် ရှိသည်ဟူသော အချက်။

ဥတ္တမ ပရတ္ထ အနန္တနိဗ္ဗာန်

နိဗ္ဗာန်တရားသည် စုတိမကျမီနှင့် စုတိကျပြီးနောက် အဘယ်သို့ထူးခြားသည် ဟူသော သဘောမျှလည်း ဝါန ချုပ်ငြိမ်းခြင်းတည်းဟူသော ပရမတ္ထဓမ္မာရုံနိဗ္ဗာန်၊ အရဟတ္တဖိုလ် ဝိညာဏ်တည်းဟူသော ဥတ္တမ ပရမတ္ထ အစစ်ဖြစ်သော အနန္တ နိဗ္ဗာန်မည်သောအချက်။

အမှာ။ ။အခွန်ခွာ၊ အကာပစ်၊ အရည်စစ်၍ အနှစ်ကျန်သည်ကို ဆိုသည်။

ရဟန္တာ ပုဂ္ဂိုလ်၏ စုတိနောင်ဟူ သုံးနှုန်းရသောအချက်မှာလည်း အရဟတ္တဖိုလ်ဝိညာဏ်သည် လုပ်တိုင်းကုန်းမရှိ၊ ဝိပါက်ကမ္မဇဇီဝိတရုပ်သည်သာလျှင် လုပ်တိုင်းကုန်းရှိ၏။ အပွဓာနကို ပဓာနဌ် တင်စား၍ ဝေါဟာရအားဖြင့် သုံးစွဲရသည် ဟူသော အချက်၊

ထိုမှာဘာက်ကမ်း

ထိုမှာဘာက်ကမ်းဟူ ဆိုသော အရာမှာလည်း ဝိပါက်ကမ္မဇရုပ်တို့၏ နောင်အနာဂတ်ကို ထိုမှာဘာက်ကမ်းဆိုသည်မဟုတ်၊ ချုံ့နှယ်ပိတ်ပေါင်းတည်းဟူသော မိစ္ဆာဒိဋ္ဌိ အနတ္တတောဖြစ်တဲ့ ဤမှာဘာက်ကမ်းမှ ထွက်မြောက်၍ မပျက်မစီးသော အတိဂမ္ဘီရဖြစ်သော အရဟတ္တဖိုလ်ဝိညာဏ် ပေါ်လာရခြင်းကိုသာ သန္ဒိဋ္ဌိက, အကာလိက ဟေပသိက, ဩပနေယျိက, ပစ္စတ္တံ ဝေဒိတဗ္ဗ ဖြစ်၍ ထိုမှာဘာက်ကမ်း ခေါ်ရသည်ဟူသော အချက်။

အသံတူ၏ အတ္ထမတူ

ဥပနိဿနှင့် ဥရောပပါဋိပညာရှင်တို့ကို ထည့်သွင်းရခြင်းမှာလည်း ဗုဒ္ဓမပ္ပဉ်မိ ရှေးပဝေဏီက ယူဆနေသော ဝေါဟာရ အသုံးအနှုန်းနှင့် ၎င်းတို့၏ ဘာသာ ဝေါဒ, အမည်တူ, အကွဲရာတူ, အသံပင်တူသော်လည်း ဗုဒ္ဓဝါဒနှင့် အတ္ထသဘောမှာ လွဲလွဲမှားမှားတူသောကြောင့် သမာနရူ ပဟေဋ္ဌိကို ဖော်ထုတ် ရခြင်းတည်းဟူသော အချက်။

အရိတ်ထွက်နှင့် မထွက်

ရဟန္တာဟူ ဆိုခြင်းမှာလည်း ဝတ္ထုရုပ် ၃၀-နှင့်တကွ ဖြစ်သော ပဋိသန္ဓေဝိညာဏ်သည် ကာလရင့်ညောင်း၍ တရားအပေါင်းနှင့်ပြည့်စုံကာ ရဟန္တာ ဖြစ်လာသောအချိန်၌ ရုပ်သဘောတရား၏ ကောင်းကင်ဈာန်ပုံ၌ အရိတ်ထွက်သောပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်ဆိုခြင်းနှင့် အရိပ်မထွက်သော အရဟတ္တဖိုလ်ဝိညာဏ်ကို ရဟန္တာဟုပညတ်က ရဟန္တာစစ် ဖြစ်သည်ဟူသော အချက်။

နိဗ္ဗာနဓာတ်ကို သန္ဓိလက္ခဏာရှိသည်ဟု ဆိုရခြင်းမှာလည်း နိဗ္ဗာန် သန္ဓိလက္ခဏာ၊ အစ္စုတရသံ၊ အနိမိတ္တာပစ္စုပဋ္ဌာန်၊ နတ္ထိပဒဋ္ဌာန်၊ ငြိမ်းအေးသော ဝိညာဏ စရိယ အရဟာတ္တဖိုလ်ဝိညာဏ်ကိုသာ သန္ဓိလက္ခဏာဆိုသည်၊ စုတိရွေ့လျောခြင်း မရှိသည်ကိုသာ အစ္စုတကိစ္စရသဆိုသည်၊ ဇာတနိမိတ်, ကတနိမိတ်, ဘူတနိမိတ်, သင်္ခတနိမိတ် စသည်တို့ အလျင်းမရှိသည်ကိုသာအနိမိတ္တာဆိုသည်၊ ထိုဝိညာဏ်၏ ငြိတသဘာဝအားဖြင့် တည်ရှိနေသည်မှာ မိမိ၏သဘောသဘဝတို့နှင့်သာတည်နိုင်၍၊ မိမိ၏အနီးကပ်သဘောဖြစ်သော အာဝဇ္ဇနစိတ်ခုခုတို့၌ အမှီသဟဲမရှိဘဲဘည်နေခြင်းကိုသာ နတ္ထိပဒဋ္ဌာန်ဆိုသည်။ ထို့ကြောင့် အနိမိတ္တာ ပစ္စုပဋ္ဌာန်ကိုမြင်သဖြင့် အနိမိတ္တာ အနုတ္တလို့မယူလေနှင့် အနတ္တာဘုံရွှေပ်ထဲက ထွက်မြောက်လာသည်ဟူသောအချက်။

မဂ်ဆိုက်ဖိုလ်ဆိုက်

ဗုဒ္ဓ၏ အသိဉာဏ်တရားသည် သုတမယသိနှင့် စိန္တာမယသိတို့ကိုပယ်၍ ဘာဝနာမယ ပဋိဝေဓသိဖြင့် သိရသည်၊ မြင်ရသည်ကိုသာ မဂ်ဆိုက်, ဖိုလ်ဆိုက်ဟူသောအချက်။

အမှာ။ ။ပရမတ္ထဓန္ဓာနှင့် ဥပါဒါန်ကန္ဓာ နှစ်မျိုးကို ပိုင်းခြားနိုင်သော ပရိစ္ဆေဒဉာဏ်ကိုရလျှင် ပဋိဓဝဒဘာဝနာ ဖြစ်နိုင်သည်။

ဝိဘင်္ဂဆိုသောအရာမှာလည်း သဗ္ဗညုတဉာဏ်တော်၏ အာရုံကျက်စားရာဖြစ်သော တရားတို့နှင့် မတိမ်းမဆောင်းညီညွတ်မှုန်ကန်အောင်သာဝေဘန် ရမည်ဟု ဆိုလိုသည်။ တခြားသောဘာသာဝါဒနှင့် ညီညွတ်ရမည်ဟုမဆိုလို။

လူဝတ်နှင့် ရဟန္တာ

တချိုသော သူတို့သည် ရဟန္တာကိစ္စတွင် လူရဟန္တာသည် ရဟန်းဘောင်သို့ ဝင်လျှင်ဝင်၊ မဝင်လျှင် ခုနစ်ရက်လွန်က ပရိနိဗ္ဗာန်ပြုရသည် ဆိုသောတရားသေ ဝါဒမျိုးကို ဝေဘန်ရမည်

သောတာပန်နှင့် အရက်

သောတာပန် ပုဂ္ဂိုလ်ဘယောက်ကို ရေနှံ့အရက် ရောတိုက်လျှင် ရေသာဝင်၏၊ အရက်မဝင်ဆိုသော တရားသေ ဝါဒကို ဖြစ်နိုင် မဖြစ်နိုင် ဝေဘန်ရမည်။ တာဒေယျပုဏ္ဏားတို့၏ အယူဝါဒ၌ လူသေပြဟ္မာဖြစ်၊ ပြဟ္မာသေ-လူဖြစ် ဆိုလော တရားသေ ဝါဒကိုဝေဘန်ရမည်။ လူသေလူဖြစ်၊ ခွေးသေ ခွေးဖြစ်စသော တရားသေဝါဒတို့ကို ဝေဘန်ရမည်၊ သို့မှသာ ထေရဝါဒဝိဘင်္ဂ-ဝါဒီ ဖြစ်နိုင်သည်။

ရုံးထိုင်သော တရားသူကြီးတို့ သည်ပင်လျှင် တရားလို၏ တဘက်သတ်စွဲချက်ကို အမျိုးမျိုးစစ်ဆေးဝေဘန်ရသည်၊ သက်သေသည်ပင်လျှင် မှန်ကန်သော သက်သေဟုတ် မဟုတ် စစ်ဆေးဝေဘန်ရသည်။ ယင်းတရားကို ကောက်ချက်ချသော အခါ၌လည်း စာအုပ်ကြီးအတိုင်းမချ၊ စာအုပ်ကြီးထဲမှာ ပါသော လောကဓမ္မသတ်ကို တရားသေအပြစ်ပေးရန် ထောင်ဒဏ်ငွေဒဏ် ရှိသော်လည်း ဒဏ်နှစ်ရပ်စလုံး ပေးသင့်က ပေးရသည်။ ထို့ကြောင့် အင်္ဂုတ္တရနိကာယ် တိကနိပါတ် ကေသမုတ္တိ မည်သော ကာလာမသုတ်၌ဝိဘင်္ဂဝါဒသဘောကိုဟောထားလျက်ရှိသည်။

ဤကျမ်း၌လည်း ဗုဒ္ဓဟော သုတ္တန်ပါဠိကို ထုတ်ဆောင်၍ ထိုသုတ္တန်ပါဠိနှင့်ယှဉ်သော ညီညွတ်သော "ဇိနဝစနယုတ္တ" ဖြစ်

သောသာဝကဝါဒများကသာစစ်နိုင်သလောက်စစ်၍ ရေးသား ဖော်ပြခြင်း ဖြစ်သည်။ စာရှိတိုင်း ရေးသားသည် မဟုတ်၊ သို့အတွက် ထေရဝါဒကို အလိုရှိသော သူတော်စင်အပေါင်းတို့ သည် ဤကျမ်းကိုလေ့လာဆည်းပူး၍ ဗုဒ္ဓ၏ဂုဏ်ဂမ္ဘီရ, ဓမ္မဂမ္ဘီရ, အဋ္ဌာသယဂမ္ဘီရ သဘောတို့ကို ရှာမှီးသင့်သည်ဟု ယုံကြည်မိပေသည်။

အသစ်တန့်နိဒါန်းကို ပြဆိုခြင်း ဒုတိယကဏ္ဍပြီး၏။

လက္ခဏာ ဒွယကိုပြဆိုခြင်း

တတိယကဏ္ဍ

အနိစ္စ .... အနိစ္စဓမ္မ

ဒုက္ခ .... ဒုက္ခဓမ္မ

အနတ္တ .... အနတ္တဓမ္မ

သမုဒယ ....သမုဒယဓမ္မ

နိရောဓ ....နိရောဓ ဓမ္မ

ဤသို့လျှင်....အနိစ္စ အစရှိသည်တို့ကို ဒွယဖြစ်ပုံ ပါဠိတော်မှ ထုတ်နုတ်၍ ပြပေအံ့။

အနိစ္စေန အပရေ ဒုဝေါ၊
ဒုက္ခေန စ ဒုဝေါ ဝုတ္တာ၊
အနတ္တေန တထေဝ စ။

—ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်

အနိစ္စဒွယ, ဒုက္ခဒွယ, အနတ္တဒွယဖြစ်ပုံတို့ကို နောက်ပိုင်းက ပြခဲ့ပြီးဖြစ်သော်လည်း ယခုတဘန်ထပ်၍ ပါဠိတော်မှထုတ်နုတ် ပြဦးအံ့၊ ဘုရားရှင် ကိုယ်တော်မြတ်သည် အနိစ္စဒွယ ဖြစ်ပုံကို အဘယ်ကဲ့သို့ ဟောတော်မူသနည်း?

ပရမတ္ထအနိစ္စနှင့် သင်္ခေသခ်ါရအနိစ္စဟူ၍ ဟောတော်မူ၏။ ပရမတ္ထအနိစ္စသည် သင်္ခေသခ်ါရထဲ၌ မပါဝင်၊ ထို့ကြောင့်

သဗ္ဗဥ္ဉ ပရမတ္ထကိုချန်လှပ်၍ "သာဝသဗ္ဗ" ဟု မှတ်လေဦး။ ကံ, စိတ်, ဥတု, အာဟာရအမြောက်များတို့မြောင့်ဖြစ်သော ဝိပါက်ကမ္မဇ ခန္ဓာငါးပါး ဤကိုယ်ကောင်ကြီး၌ အနိစ္စ မမြဲသော တရားသည်ရှိ၏။ ရှိသော်လည်း ခဏတစ်ဖြုတ်မျှ ဘင် အနေနှင့်မရှုရ၊ အဘယ်ကြောင့်မရှုရသနည်း? အတိလဟုကအလွန်လျင်မြန်သော ကြောင့် ရှုလို့မရ၊ ဘုရားရှင်တို့၏ဉာဏ်တော်အရာသာဖြစ်သည်။ ခန္ဓာကိုယ်ကောင်ထဲ၌ရုပ်တဖွားဖွားတို့သည် ပျက်နေသောအနိစ္စ တရားမျှားဖြစ်သည်။ ဤခန္ဓာကိုယ်ကောင်ကို အနိစ္စဟုရှုဆင်ခြင်သော သူသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ကို ရနိုင်သော အခွင့်အရေးမရှိ၊ နိဗ္ဗိန္ဒဉာဏ်ကိုရ၍ ကိလေသာကုန်ခန်းခြောက်သွေ့, နိုင်သော အကျိုးကိုသာဖြစ်စေနိုင်သည်။ အကယ်၍ သင်္ခါရအနိစ္စကိုမရှုမိဘဲ ဤပရမတ္ထအနိစ္စကိုရှုမိပါက ပစ္စက္ခဆာလောင်မှု ကိခလသာကင်းရုံမှုတပါး အခြားသော အကျိုးထူးပါမျှမရှိချေ။ ပရမတ္ထအနိစ္စ ဆိုသောစကားသည်ကား—ဘုရားရှင် ကိုယ်တော်မြတ်ကြီး တို့ပွင့်တော်မမူသော ကပ်ကမ္ဘာကာလ၌ပင်လျှင် အစဉ်ထာဝရရှိနေသော အနိစ္စဖြစ်သည် လူမျိုးအစားစားတို့ သိမြင်နိုင်သော အနိစ္စဖြစ်သည်။ ယင်းပရမတ္ထအနိစ္စ၏ ရှုကွက်ဖြစ်သော အရာကို ဦးကာ၌ "သန္ဓတိဘင်္ဂင်္ဂါပန သာဝကာနံ ဝိသယော" ဟုဖွင့်ပြသောကြောင့်သန္ဓတိ ဘင် သည် သာဝကတို့ အာရုံပြုနိုင်သော အပျက်သဘော ဖြစ်သော အနိစ္စဟုဆိုတ်ပါ။

သန္ဓတိဘင် ဆိုသည်မှာ ခဏဘင်္ဂယ ဘင်၏ အစဉ်သန္ဓတိကို စောင့်၍ အနိစ္စဟု ရှုလိုသော ယောဂီပုဂ္ဂိုလ်သည် အလွန်စိရိယစိုက်နိုင်မှ သို့မဟုတ်တနာရီ နှစ်နာရီလောက်ကြာသော်လည်းပရမတ္ထ၏ ဘင်ခဏကို သိမြင်နိုင်ရန်အလွန်ခက်သည်။ သတိနှင့်စိရိယအားနည်းလျှင် ထိုသန္ဓတိဘင်ကိုပင် ရှုမြင်ခြင်းငှာ မစွမ်းနိုင်။

ယခုခေတ်ဝိပဿနာရှုမြင်နေကြသော ယောဂီပုဂ္ဂိုလ်တို့သည်ကျွှ သန္ဓေတိဘင်ကိုပင်ရှုနေကြသည်။ သခ်ၤါရအနိစ္စဖြစ်သော အပျက်ကိုရှုနေကြသည်မဟုတ်ကုန်။ ထို့ကြောင့်လုံးချာလိုက်ပြီး ရှုလို့မှဆုံး တသံသရာလုံး ဆိုသလို ဖြစ်နေကြ၏။

ရှင်းရှင်းပြောရလျှင် ဥပနိဿဒြဟ္မဏတို့၏ ရှုနည်း ရှုကွက်ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်မြတ် လက်ခံဆောတော်မူသော အနိစ္စဖြစ်၏။ သဗ္ဗညုဘဉာဏ်ခဘင်ဖြင့် ထိုးထွင်း သိမြင်သော မဂ်ကျိုးဖိုလ်ကျိုးကို ရနိုင်သောအနိစ္စမျိုးမဟုတ်၊ထိုပရမတ္ထအနိစ္စကို“သဗ္ဗေသခ်ၤါရာအနိစ္စ”ဟု ထင်မှတ်၍ ရှုလျှင် ခုတ်ရာတခြားရှရာဘခြားသာဖြစ်မည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ပရမတ္ထအနိစ္စနှင့် ဓမ္မာရုံအနိစ္စနှစ်ပါးကို ခဲခြားဖြ်ပောဟောတော်မူရပြန်သည်။ မဂ်ကျိုးဖိုလ်ကျိုးကိုရနိုင်သော သခ်ၤါရအနိစ္စသည်ကား-“ပုညာဘိသခ်ၤါရ, အပုညာဘိသခ်ၤါရ, အာနဉ္ဇာဘိသခ်ၤါရ”သုံးမျိုးတို့ရှိသည်တွင် ပုည, အပုည, အာနဉ္ဇကိုချ၍ အဘိသခ်ၤါရဟု ခေါ်၏။ အဘိသခ်ၤါရမှာ ဆိုသည်ကား.... ကျိသည်ပင်တည်း၊ ကာယသခ်ၤါရ, ဝစီသခ်ၤါရတို့ကား.... ပရမတ္ထနယ်ကဖြစ်ကြလေသည်။

ထိုအဘိသခ်ၤါရတရားတို့ကိုမသတ်နိုင်မဖြုတ်နိုင်သမျှမှာဥပ္ပါဒါန်အစဲရှိနေသည်ဟု မှတ်ပါ၊လ။ ကျိအဘိသခ်ၤါရ မာရ်ကို အောင်မြင်လျှင် ကြွင်းသော မာရ် လေးပါးတို့ သည်လည်းအန္တရာ ကတ ဖြစ်၍ တချက်ခုတ်လျှင်ငါးချက်ပြတ်သွားတော့၏။ ကျိမာရ်ကို အောင်ဘိုရာမှာ သဗ္ဗေသခ်ၤါရာအနိစ္စနှင့် သဗ္ဗေသခ်ၤါရာဒုက္ခ, အားလုံးခြုံ၍ သဗ္ဗေဓမ္မာအနတ္တာ,ဟု ဟောတော်မူသောဗုဒ္ဓ၏ဒေသနာတော်ကို အကွက်ကျကျ ရှုတတ် ပွားတတ်

ရှမည်။ ပထမရှုကွက်မှာနောက်ပိုင်းက ပြခဲ့သော "အနိစ္စံ, သင်္ခတံ, ပဋိစ္စသမုပ္ပန္နံ, ခယဓမ္မံ, ဝယဓမ္မံ, ဝိရာဂဓမ္မံ, နိရောဓ ဓမ္မံ" ဟု အနိစ္စဦးစီး၍ ခုနစ်ဌာန၊ ဒုက္ခဦးစီး၍ ခုနစ်ဌာန၊ အနတ္တကား.... ခုနစ်ဌာနလုံးပင် ဖြစ်သည်။

ဥပါဒါန်ဝိညာဏ်ချုပ်က နာမ်ရုပ်ချုပ်

အဘိသင်္ခါရတရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တ မည်သော တရားတို့သာဖြစ်ကုန်၏ဟု ပိုင်းခြား၍ သိကာမျှ သည်ပင်လျှင် အသိဉာဏ်၏တန်ဘိုးကို ဖြတ်လို့မရနိုင်တော့ပေ။ ရှုလို့တကယ် မြင်လျှင် ဆိုဘွယ်ရာမရှိတော့ပြီ။ ထို့ကြောင့် သင်္ခါရအနိစ္စဖြစ်ပုံကို ရှင်းပြဦးအံ့....သင်္ခါရဆိုသည်မှာ မိမိ၏ ဝိပါက်ကမ္မဇခန္ဓာကိုယ်ကြီးကို ဆိုလိုသည်မဟုတ်၊ အကယ်၍ဆိုခဲ့လျှင် အဘိသင်္ခါရမာရ်ကိုအောင်မြင်ရန်လမ်းစမရှိတော့ပေ၊ ဘုရားရဟန္တာတို့သည် အဘိသင်္ခါရမာရ်ကို အောင်မြင်ပြီးကြသော ဝိသေသပုဂ္ဂိုလ်တူးကြီးများ ဖြစ်ကြလေသည်။

၁။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊
အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟု ဟောတော်မူ၏။

၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ၊
သင်္ခါရကြောင့် ဥပါဒါန်ဝိညာဏ် ဖြစ်သည်ဟု ဟောတော်မူ၏။

၃။ ဝိညာဏ ပစ္စယာ နာမရူပံ၊
ဥပါဒါန်ဝိညာဏ်ကြောင့် နာမ်နှင့်ရုပ် ဖြစ်သည်ဟု ဟောတော်မူ၏။

၁။ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊
အဝိဇ္ဇာချုပ်လျှင် သင်္ခါရချုပ်သည်ဟု ဟောတော်မူ၏။

၂။ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
သင်္ခါရချုပ်လျှင် ဥပါဒါန်ဝိညာဏ်ချုပ်သည်ဟု ဟောတော်မူ၏။

၃။ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
ဥပါဒါန်ဝိညာဏ်ချုပ်လျှင် နာမ်နှင့်ရုပ်ချုပ်သည်ဟု ဟောတော်မူ၏။

ချုပ်မချုပ်သိလျှင် ရှင်းသွားပြီ

ပုဂ္ဂလဝိဿဿဖြစ်တော်မူကြတဲ့ ဘုရားရဟန္တာ အသျှင်မြတ်တို့မှာ နာမ်နှင့်ရုပ်ရှိမရှိ, ချုပ်မချုပ်ကိုတကယ်သိ အဟုတ်သိသိခဲ့လျှင် စာပေဂါဇင်းသိုက် စာပုဒ်းတောင်းဖြစ်နေတဲ့ ဝါဒအမျိုးမျိုးတွေရှင်းသွားပြီး လင်းသွားပြီဟူ၍ မှတ်ပေတော့၊ "သင်္ဘေသင်္ခါရာအနိစ္စ" ဟု ဟောတော်မူသောအချက်မှာ နာမ်နှင့်ရုပ်ပင်တည်း၊ နာမ်,ဆိုသောသဘောတရားသည် မြော်တွေး၍ ညွတ်တတ်သော သဘောဘရားကိုဆိုသည်။ အဘယ်သို့ညွတ်သနည်း?

ဒါန၊သီလ၊သမထတို့ကိုပြုလုပ်ကြသောအခါ ပေါ်နောင်ဘဝ-ကာ,ဟု ဟောတော်မူသည့်အတိုင်း ဘဝသစ်ကို မြော်တွေး၍ ညွတ်တတ်သော ဥပါဒါန်ဝိညာဏ်နှင့် စေတသိက်ဓမ္မာရုံတို့ကို နာမ်,ဟုခေါ်သည်၊ ထိုနာမ်သည် အရဟတ္တဖိုလ်သို့ ရောက်မှုအကြောင်းမရှိချုပ်ငြိမ်းသည်၊ ထိုနာမ်၏ မြင်ကွင်းကျယ်မှာ ဘဝသစ်တခုခုနှင့် လူရုပ် နတ်ရုပ် ဗြဟ္မာရုပ် စသောအာရုံရုပ်အမျိုး

 မျိုးတို့ကို နှစ်သက်စဲ့လန်းနေသော နန္ဒိရာဂ,တဏှာ၊ထိုထို အာ

ရုံကာမဂုဏ်တို့ကို လှမ်းမြော်၍နှစ်သက်နေခြင်း "တဏှာဘိနန္ဒိနီ" စသော နာမ်ရုပ်တို့သည် ဥပါဒါန်အစဲ့ရှိသော ပုဂ္ဂိုလ်တို့၌ အမြဲဖြစ်၍နေသည်၊ ဤနာမ်ရုပ် မချုပ်သမျှကာလပတ်လုံး သံသရာသစ်ငုတ်ဖြစ်၍သာနေမည်။

ဝိပဿနာ လုပ်ငန်းဆိုသည်မှာ

ထို့ကြောင့်ဗုဒ္ဓသည် နာမ်နှင့်ရုပ်ချုပ်ငြိမ်းရန်အတွက် ရှုကွက် ခုနှစ်ကွက်ထား၍ အလင်္ကာရနည်းအမျိုးမျိုးဖြင့် တန်ဆာဆင်၍ သဗ္ဗေသင်္ခါရာအနိစ္စ ဟူ၍ဂင်း၊ အနိစ္စာဝတာ သင်္ခါရာ ဟူ၍ဂင်း ဟောတော်မူ၏၊ ကုသိုလ်အဘိသင်္ခါရ, အကုသိုလ်အဘိသင်္ခါရ, ရူပ အရူပကုသိုလ်အဘိသင်္ခါရ စသောကဲ့သို့နှင်းသောသင်္ခါရတို့ကို မဖြစ်စေရန်အနိစ္စာနုပဿနာ, ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ဉာဏ်တို့ကို ဟောတော်မူရသည်။ ထိုအနုပဿနာဉာဏ်တို့ဖြင့်ရှု၍ ပဉ္စဝါးမျိုး အာဒီးထုတ်သောသူတော်စင်တို့၏ ကမ္မကိစ္စအဝဝကို ချုပ်ငြိမ်းစေရန် အာထုတ်နေမှုကိုသာ ဝိပဿနာလုပ်ငန်းဟု ခေါ်သည်။အဘိသင်္ခါရတို့၌ အကျမ်းဝင်နေသော ကမ္မကိစ္စတို့ ချုပ်ငြိမ်းမှု "ကမ္မနိရောဓ" ဖြစ်နိုင်သည်။ ကမ္မနိရောဓ ဖြစ်မှု "ကုသလာ ကုသလံ ဇဟံ" ကုသိုလ် အကုသိုလ်ပြတ်သည်။မိမိ၏ ဝိပါက်ကမ္မဇခန္ဓာကို ညှဉ်းဆဲနေခြင်းမှာ အတ္တကိလမထ, ဟု ဟောတော်မူသည်။

ခေါင်းလောင်းလှူသူဥပမာ

ဥပမာ။ ။ယခုဘဝတွင် အသံမကောင်း၍ကြွေးစည်ခေါင်း လောင်း လှူလိုသော ပုဂ္ဂိုလ်သည် ကြွေးစည် ခေါင်းလောင်း အတွက် ရှာဖွေရသောငွေကြေးကိစ္စတို့၌ ပင်ပန်းဆင်းရဲရသော

စိတ်တို့သည် သခ်ါရဒုက္ခဖြစ်လေသည်၊ ယင်းဒုက္ခကို သဗ္ဗေသခ်ါရာဒုက္ခဟု ဟောတော်မူသည်အတိုင်း ဒုက္ခဖြစ်ရပုံကို ရှုရမည်၊ ထိုဒုက္ခဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းမှာ ဥပါဒါန်အစဲ့ အလမ်းကြောင့်ပင်ဖြစ်ကြလေသည်။ ထိုဒုက္ခဖြစ်ပေါ်လာရခြင်းသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ, အာဟာရ, နာမရူပအကြောင်းတို့ကြောင့်ဖြစ်သည်၊ ဤသခ်ါရဒုက္ခ ဖြစ်ပုံကို မသိလျှင် ထိုထို သုတ္တန်ပါဠိတော်တို့၌ "ဒုက္ခံ နပ္ပဇာနာတိ" ဟု ဟောတော်မူသည်။ ဒုက္ခ၏ဖြစ်ကြောင်းတရားကို မသိလျှင် "ဒုက္ခသမုဒယံ နပ္ပဇာနာတိ" ဟု ဟောတော်မူသည်၊ ဒုက္ခ၏ချုပ်ငြိမ်းကြောင်းကို မသိလျှင် "ဒုက္ခနိရောဓံ နပ္ပဇာနာတိ" ဟူ၍၎င်း၊ ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့်ကို မသိလျှင် "ဒုက္ခနိရောဓဂါမိနိပဋိပဒံ နပ္ပဇာနာတိ" ဟူ၍၎င်း ဟောတော်မူသည်။

ထိုသခ်ါရဒုက္ခဖြစ်ပုံကိုသိခဲ့လျှင် ဒုက္ခံပဇာနာတိ, ဟူ၍၎င်း၊ ဒုက္ခ၏ ဖြစ်ပေါ်ကြောင်းတရားကို သိခဲ့လျှင် ဒုက္ခသမုဒယံပဇာနာတိ, ဟူ၍၎င်း၊ ဒုက္ခချုပ်ငြိမ်းကြောင်းကိုသိလျှင် ဒုက္ခနိရောဓံ ပဇာနာတိ, ဟူ၍၎င်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း ဝိပဿနာဒီးလုပ်ကိုသိခဲ့လျှင် ဒုက္ခနိရောဓဂါမိနိပဋိပဒံ ပဇာနာတိ, ဟူ၍၎င်း ဟောတော်မူသည်။

သခ်ါရ ဒုက္ခ ငြိမ်းသော အလုပ်

ဝိပဿနာ အကျင့်မြတ်အလုပ်ကိုလုပ်၍ ထိုသခ်ါရဒုက္ခချုပ်ငြိမ်းခဲ့သည်ရှိသော်–သေဝန္တော ဒုက္ခဿာဘိ, ဟူ၍ ထိုထိုပါဠိတော်တို့၌ ဟောတော်မူသည်။ ဤကား....ဒုက္ခ၏ အဆုံးပေတည်း၊ မိမိခန္ဓာကိုယ်၌ရှိနေသော ဒုက္ခတို့သည် ကာယ်ကဒုက္ခနှင့်

စိပရိဏာမဒုက္ခတို့သာဖြစ်လေသည်။ ထိုကာယိကနှင့် စိပရိဏာမဒုက္ခတို့သည် ခန္ဓပရိနိဗ္ဗာန်ပြုပြီးမှ အကြွင်းမရှိ ချုပ်ငြိမ်းတော့သည်၊ သင်္ခရဒုက္ခမှာ အရဟတ္တဖိုလ်သို့ရောက်မှ အကြွင်းမရှိ ချုပ်ငြိမ်းသည် ဟူ၍မှတ်။

ယခုဘဝ အဆင်းမလှ၍ နောက်ဘဝသစ်၌ အဆင်းလှလိုသောသူသည်ရင်း၊ ယခုဘဝ ဓနဥစ္စာမပြည့်စုံ၍ နောက်ဘဝသစ်၌ ပြည့်စုံစေခြင်းငှာ လှူဒါန်းသော ဒါန, ဆောက်တည်သော သီလ, ကျင့်ကြံအားထုတ်သော သမထတို့သည်ရင်း၊ သင်္ခါရဒုက္ခတို့သာဖြစ်ကြလေသည်။ သင်္ခါရဒုက္ခချုပ်ငြိမ်းသော ဝိပဿနာအလုပ်ကဲ့သာ လုပ်ရာ၏။ ကိလေသာဝင်မလာအောင် လုပ်သော အလုပ်မျိုးတို့သည်ကား.... သမထလုပ်ငန်းပင် ဖြစ်လေသည်။ အဘိသင်္ခါရကို ပယ်ဖျောက်အောင်လုပ်နေခြင်းပေတည်း။ ဤကဲ့သို့ လုပ်နေခြင်းတို့မှာလည်း ပရမတ္ထအနိစ္စနှင့် ဓမ္မာရုံသင်္ခါရအနိစ္စ နှစ်ပါးကို ပိုင်းခြားသိမြင်သော ပရိညေယျဉာဏ်ကို မရသမျှ မသိသမျှ သံသရာစက်ထဲမှာ တဝဲလည်လည်နှင့်ကျင်လည်၍သာ နေရမည်အမှန်ပင်တည်း။

သိမြင်ရမည့် ဤ ၅-ချက်

၁။ ထို့ကြောင့် ပရမတ္ထ အနိစ္စနှင့် ဘဝ သစ်ကို တောင့်တမြော်ခေါ်စဲ့လမ်းသော ဥပါဒါန်သင်္ခါရအနိစ္စနှစ်ပါးကို ကဲ့ကဲ့ပြားပြားသိမြင်ရမည်။

၂။ ပရမတ္ထ ဒုက္ခနှင့် ဘဝသစ်ကို တောင့်တ မြော်ခေါ်စဲ့သမ်းသော ဥပါဒါန် သင်္ခါရဒုက္ခ နှစ်ပါးကို ကဲ့ကဲ့ပြားပြား သိမြင်ရမည်။

၄။ ပရမတ္ထအနတ္တန္ဒုင့် ဘဝသစ်ကို ဖောင်းတ,မြော်ခေါ် စဲလမ်းသော ဥပါဒါန်ဓမ္မာရုံ အနတ္တန္ဒစ်ပါးကို ကဲ့ကဲ့ ပြားပြားသိမြင်ရမည်။

၄။ ပရမတ္ထ သမုဒယန္ဒုင့် ဘဲဝသစ်ကို ဖောင်းတ,မြော်ခေါ် စဲလမ်းသော ဥပါဒါန်သမုဒယ နွစ်ပါးကို ကဲ့ကဲ့ပြား ပြားသိမြင်ရမည်။

၅။ ပရမတ္ထနိရောဓန္ဒုင့် သဝသစ်ကို ဖောင်းတ,မြော်ခေါ် စဲလမ်းသော ဥပါဒါန်နိရောဓ နွဲ့ပါကို ကဲ့ကဲ့ ပြား ပြားသိမြင်ရမည်။

ဤကဲ့သို့ ကဲ့ပြားစွာ မသိမမြင်သောသူမှာ ဥပနိသျ့ဖြားဟူ၏ ဝါဒနှုင့် ပုဒ္ဓဝါဒန္ဒစ်ပါးကို သိလိမ့်မည်မဟုတ်ဟူ၍မှာ်"ဥပနိသျ့ တို့၏ဝါဒ,တို့သည်ကား— ပုဒ္ဓပုင့်တော်မူသည့် ကမ္ဘာမှာဖြစ်စေ၊ မပုင့်သော သည်ကမ္ဘာမှာဖြစ်စေ၊ ထိုထိုပညာရှိတို့သိနိုင် မြင်နိုင်သော ပရမတ္ထမ,ခေါ်သောဝါဒမျိုး ဖြစ်လေသည်။ သခ်ါရ ဒုက္ခတို့သည်ကား... ပုဒ္ဓပုင့်တော်မူမှ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ပိုင်းခြားဝေဘန်၍ ဟောတော်မူသော အနိစ္စဒုက္ခတို့ ဖြစ်လေသည်။ရုမ်းကျင့်မှန်းကျင့် ကျင့်နေကြသော ပုဂ္ဂိုလ်ကိုသည် ပုဒ္ဓ ဟောတော်မူသော တရားကို မမြင်၊ ဥပနိသျ့ဖြားဟူ၏ပရမတ္ထမတရားကိုသာ တွေ့မည်ပင်ဖြစ်လေသည်။

လက္ခဏာ ဒဋ္ဌယကိုပြဆိုခြင်းပြီး၏။

ဝန်ထုပ်ကိုပြဆိုခြင်း

ဘာရဥ္ဇခေါဘိက္ခဝေ ဒေသေဿာမိ
ဘဂ္ဂာရဟာရဥ္ဇ ဘာရဒါနဥ္ဇ ဘာရနိက္ခေပနဥ္ဇ၊
တံ သုဏာထ။

မြန်မာစကားပြေ။ ။ချစ်သားတို့အစမထင်သောအနမတဂ္ဂ သံသရာက ထမ်းပိုးချလာခဲ့သော ဝန်ထုပ်ကြီးနှင့်တကွ ထိုဝန် ထုပ်ကြီးကို သယ်ပိုးထမ်းဆောင်သော ဝန်ဆောင်သမားကိုငင်း၊ ထိုဝန်ထုပ်ကြီးကို ယူချလာခဲ့ကြောင်းကိုငင်း၊ ဝန်ထုပ်ကြီးကို ပစ်ချလိုက်ရခြင်းကိုငင်း၊သင်ချစ်သား ချစ်သို့တို့အား ငါဘုရား ဟောကြားပေအံ့။ထိုတရားကိုနာကြကုန်လော။

ကတမော စ ဘိက္ခဝေ ဘာရော၊
ပဉ္စုပါဒါနက္ခန္ဓာတိဿ ဝစနီယံ။

ချစ်သား၊ချစ်သို့တို့၊ဝန်ထုပ်ဝန်ပိုကြီး ဆိုသည်ကား—အဘယ် တရားကိုခေါ်သနည်း?

ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ဝန်ထုပ်ကြီးဟူ၍ဆိုအပ်၏။ဘဝ သစ်တခုဌ် မြောဌ်မှန်းတန်းတ၍ အာရုံပြုရသော အာရုံရုပ်ကို ရူပ ပါဒါနက္ခန္ဓာ ဟူ၍ငင်း၊ထိုအာရုံရုပ်ကိုခံစားသောသဘောတရား ကို ဝေဒနုပါဒါနက္ခန္ဓာဟူ၍ငင်း၊ ထိုအာရုံရုပ်ကို မှတ်သားသော

သဘောတရားကို သည်ပါဒါနကွန္ဒာဟူ၍ ၎င်း၊၊ ထိုအာရုံရုပ်ကို ပြုပြင်၍ပေးသော သဘောတရားကို သင်္ခါရပါဒါနကွန္ဒာဟူ၍ ၎င်း၊ထိုအာရုံရုပ်ကို သိမြင်နေသောသဘောတရားကို ဝိညာဏ-ပါဒါနကွန္ဒာဟူ၍၎င်း၊ ယင်းငါးပါးကို ပေါင်း၍ ပဉ္စုပါဒါ-နကွန္ဒာဟူ၍ဆိုအပ်၏။

အယံ စုစ္စတိ ဘိက္ခဝေ ဘာရော၊

ချစ်သားချစ်သီးတို့ကျိုပဉ္စုပါဒါနကွန္ဒာတရားငါးပါးကိုဝန်ထုပ်ကြီးဟူ၍ဆိုအပ်၏။ ထိုဝန်ထုပ်ကြီးကို သံသရာလည်၍ထမ်း ဆောင်နေသောသူကို ဝန်ဆောင်ပုဂ္ဂိုလ်ဟူ၍မှတ်ကြ၊ ထိုဝန်ထုပ်ကြီးထဲ၌ အဘယ်မည်သောအရာ ဝတ္ထုတို့သည် ပါကြသနည်း ?

ယာယံ တဏှာ ပေါနောဘဝိကာ၊

အကြင်းသို့သော တဏှာသည် ဘဝသစ်ကို တဖန် ဖြစ်စေတတ်၏။

နန္ဒီရာဂ သဟဂတာ၊

နှစ်သက်ခြင်းနှင့်တကွ ဖြစ်စေတတ်၏။

တတြတတြာဘိနန္ဒိနီ၊

ထိုထို ဘဝသစ် တို့၌ မရဆေးသော ဝတ္ထု, မရဆေးသော အာရုံ,မရဆေးသော ကာမဂုဏ်တို့ကို လွန်ကဲစွဲလမ်းသော အဘိနန္ဒိနီ တရားတို့ဖြင့် တောင့်တမြဲခေါ် နေကြကုန်၏ဟု ဆိုလိုသည်။

ကတံ ဝုစ္စတိ ဘိက္ခဝေ ဘာရဒါနံ၊

ချစ်သားချစ်သမီးတို့ ထိုထိုအာရုံ ကာမဂုဏ်တို့ကို တောင်းတစွဲလမ်း၍ ကုသိုလ် ပုည ပါရမီ အဝဝတို့ကို ပြုလုပ်သည့် အခါ

တိုင်း တောင့်တမြော်ခေါ်တဲ့သဘောတရားကို ဝန်ထုပ်ကြီးဟုဆို အပ်၏။ ထိုဝန်ထုပ်ကြီး၌ ပါလာသောအရာဝတ္ထုတို့သည်ကား.... ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာတို့ပင် ဖြစ်ကြကုန်၏၊ ဤတဏှာဝန်ထုပ်ကြီးကို အဘယ်နေရာ၌ချကြမည်နည်း?

ယော တဿာယေဝ တဏှာယ အသေသ
ဝိရာဂနိရောဓော, စာဂေါ, ပဋိနိဿဂ္ဂေါ,
မုတ္တိ, အနာလယော။

အကြင်းသို့သောတဏှာသည် ထိုထိုအာရုံ ကာမဂုဏ်တို့၌ လို ချင်တပ်မက်မှု အကြွင်းမရှိ ချုပ်ငြိမ်းခြင်း၊စွန့်လိုက်ခြင်း၊ မကပ် ငြိခြင်း လွတ်မြောက်ခြင်း၊ တွယ်တာသော အာရုံမရှိခြင်း၊ ဤသဘော တရားတို့ကို "ဘာရနိက္ခေပနံ၊ ဝန်ကို ချကြောင်းဟု ဆိုအပ်၏။

နိက္ခိပိတ္ဝာ ဂရုံ ဘာရံ အညံ ဘာရံ အနာဒိယ၊

ဤလေးလံလှစွာသော ဝန်ထုပ်ကြီးကို ချ၍ ပြီးသောအခါ တပါးသော ဝန်ထုပ်ကိုလည်း မသယ်မဆောင်တော့ပြီဟု ဆိုလို သည်။

သမူလံ တဏှာမဗ္ဗုယှ နိစ္ဆာတော ပရိနိဗ္ဗုတော၊

သခ်ါရဒုက္ခကို ဖြစ်စေတတ်သော ထိုထိုအာရုံ ကာမဂုဏ်တို့ကို စွဲလမ်းနှစ်သက်တတ်သော ဥပါဒါန်တရားတို့သည် အမြစ်အရင်း နှင့်တကွ ဖြတ်တောက်ချိုးဖဲ့၍ ဖျက်ဆီးလိုက်သဖြင့် ဘဝသစ်၌ ဆာလောင်မွတ်သိပ်သော တဏှာသည် ကင်းပြတ်၍ ကိလေသ-ပရိနိဗ္ဗာန် ပြုလေပြီဟု ဆိုလိုသည်။

ဝန်ထုပ်ဘယ်နေရာ၌ ချသနည်း

ထပ်၍ရှင်းပြဦးအံ့။ ။အစမထင်သော အနမတဂ္ဂ သံသရာက ထမ်းပိုးသယ်ဆောင်၍ လာခဲ့ရသော ဥပါဒါနက္ခန္ဓာ ငါးပါးကိုသာ ဝန်ထုပ်ဟုဆိုလိုသည်။ ပရမတ္ထခန္ဓာကို ဝန်ထုပ်ဟု မဆို၊ ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဤဝန်ထုပ်ကြီးကို ချပြီးသော ပုဂ္ဂိုလ်များဖြစ်ကြသည်၊ ဝန်ဆောင်ယမားများ မဟုတ်ကြတော့ပြီ။

အသျှင် ယမကရဟန်းသည် မိမိ၏ဝန်ထုပ်ကြီးကို အဘယ်နေရာ၌ချသနည်း? အသျှင် သာရိပုတြာ ပြဿနာရှင်းပြသော ညချမ်းအချိန်အခါ၌ မိမိသတင်းသုံးနေထိုင်သော ကျောင်းသစ်မ်း၌ ဝန်ထုပ်ကြီးချလိုက်၏။ သုဒ္ဓါဓနမင်းကြီးသည် သံသရာက ထမ်းဆောင်လာခဲ့သော ဝန်ထုပ်ကြီးကို အဘယ်နေရာ၌ ချသနည်း? မိမိ၏နန်းတော် ကနက်ကဒဏ်ထီးဖြူအောက်၌ ဝန်ထုပ်ကြီးချလိုက်၏။ ဘုရားကိုယ်တော်မြတ်သည် အနမတဂ္ဂ သံသရာက ထမ်းပိုးလာခဲ့သော ဝန်ထုပ်ကြီးကို အဘယ်နေရာ၌ ချသနည်း? မိုးသောက်ယာမ်အချိန်၌ မဟာဗောဓိပလ္လင်တော်ပေါ်တွင် ချတော်မူလိုက်၏။

ယခုအခါ ထိုတရားကိုအားထုတ်နေကြသော အသင် ယောဂီတို့ အဘယ်နေရာ၌ သင်တို့၏ လေးလန်လှစွာသော ဝန်ထုပ်ကြီးကိုချကြမည်နည်း။

ဤဝန်ထုပ်ကြီး၏ လေးလန်သော အကြောင်း အလုံးစုံကို ခန္ဓဝဂ္ဂ သံယုတ္တနိကာယ် ဘာရသုတ်၌ဟောတော်မူသည်။

ဝန်ထုပ်ကြီးကိုပြဆိုခြင်းပြီ၏။

နာမ်နှင့်ရုပ်ဖြစ်ပုံကို ပြဆိုခြင်း

အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ— ထိုအကြောင်း တရားငါးပါးကိုတည်ထား၍ နာမ်ရုပ်ဖြစ်ပုံကိုပြမည်။

အဝိဇ္ဇာသမုဒယာ နာမရူပ သမုဒယော၊

အဝိဇ္ဇာသမုဒယာ၊အဝိဇ္ဇာဖြစ်ခြင်းကြောင့်။ နာမရူပ သမု—ဒယော၊နာမ်ရုပ်ဖြစ်ခြင်းသည်။ဟေတော်၊ဖြစ်၏။

အဝိဇ္ဇာအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ဟု ဆိုလိုသည်။ အဝိဇ္ဇာချုပ်သော် နာမ်ရုပ်မဖြစ်ဟု မှတ်ပါလေ။ ဘုရားရဟန္တာ အသျှင်မြတ်တို့၌ နာမ်ရုပ်မရှိဟုမြဲမြဲမှတ်လေ။ နာမ်ရုပ်ရှိသည်ဟု ထင်လျှင် ဘုရားရဟန္တာတို့၌ အဝိဇ္ဇာရှိသည်ဟု စွပ်စွဲရာရောက်သည်။

သင်္ခါရသမုဒယော နာမရူပ သမုဒယော၊

သင်္ခါရကြောင့် နာမ်ရုပ်ဖြစ်သည်။ သင်္ခါရမရှိလျှင် နာမ်ရုပ်မဖြစ်ဟုမှတ်ပါလေ။

တဏှာသမုဒယော နာမရူပ သမုဒယော၊

တဏှာကြောင်းခံကြောင့် နာမ်ရုပ်ဖြစ်သည်။ဘုရားရဟန္တာတို့၌ နာမ်ရုပ်ရှိသည်ဟုထင်မြင်လျှင် တဏှာလည်းရှိသည်ဟုစွပ်စွဲရာရောက်သည်။

ဥပါဒါနဿမုဒယာ နာမရူပ သမုဒ့ယော၊
ဥပါဒါန် လေးပါးကြောင့်သာ နာမ်ရုပ် ဖြစ်သည်။
ဘဝသမုဒယာ နာမရူပ သမုဒယော၊
သဿတဘဝနှင့် ဥစ္ဆေဒဘဝနှစ်ပါးကြောင့် နာမ်ရုပ်ဖြစ်သည်။

ရှင်းလင်းချက်။ ။သဿတဘဝ ဆိုသည်မှာ မ ရ သေး မရောတ်သေးသော ဘဝသစ်တခုခုဌ် ကြောင့်ခေါ် ဖောင့်တ၍ သိမ်းပိုက်မှုကို သဿတဘဝဆိုသည်။ ။ဥစ္ဆေဒဘဝဆိုသည်မှာ နောင်ဘဝသစ်မရှိဟု စွန့်ပယ်ထားသောအယူကိုသာ ဥစ္ဆေဒဘဝ ဆိုသည်။ ယခုလက်ရှိ ဝိပါက်ကမ္မဇ ခန္ဓာကြီး၏ ပဋိသန္ဓေမှ စုတိ အကြား တည်ရှိနေသော ပရမတ္ထ ခန္ဓာကြီးကို ဘဝခေါ်သည် မဟုတ်၊ သို့သော် ဥပနိဿ ဗြာဟ္မဏတို့သည်ကား....လက်ရှိ ခန္ဓာကြီးကို ဘဝခေါ်သည်။

ဘဝနိရောဓေ နိဗ္ဗာနံ၊

ဘဝနိရောဓေ၊ သဿတ ဘဝနှင့် ဥစ္ဆေဒ ဘဝနှစ်ပါးချုပ်ငြိမ်းခြင်းသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

ထိုဘဝနှစ်ပါး ချုပ်ငြိမ်းခြင်းကို သာလျှင် နိဗ္ဗာန်ဆိုသည်။ ပရမတ္ထ ခန္ဓာ ချုပ်ငြိမ်းသည်ကို နိဗ္ဗာန်မဆို။ တနည်း၊ နာမ်နှင့်ရုပ်ချုပ်ငြိမ်းသည်ကိုသာလျှင် နိဗ္ဗာန်ဆိုသည်။ နိဗ္ဗာန်၌နာမ် ရုပ်မရှိ၊ မရှိပုံကိုရှင်းပြီးအံ့။

အဝိဇ္ဇာနိရောဓာ နာမရူပနိရောဓော၊

အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာချုပ်ခြင်းကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဝိဇ္ဇာ အရှင်းမရှိသော အရိယာတို့မှာ နာဝမ်ရုပ်မရှိ ချုပ်နေသည်ဟု မြဲမြဲမှတ်ပါ။

သင်္ခါရနိရောဓာ နာမရူပနိရောဓေ၊
သင်္ခါရချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။
တဏှာနိရောဓေ နာမရူပ နိရောဓေ။
တဏှာချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။
ဥပါဒါန် နိရောဓေ နာမရူပ နိရောဓေ၊
ဥပါဒါန်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။
ဘဝနိရောဓာ နာမရူပနိရောဓေ၊

သဿတဘဝနှင့် ဥစ္ဆေဒဘဝနှစ်ပါး ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။

ဖဿ ဖြစ်ခြင်း

အဝိဇ္ဇာသမုဒယာ ဖဿသမုဒယော၊
အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဖြစ်ခြင်းကြောင့် ဖဿသမုဒယော ဖဿဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။
သင်္ခါရသမုဒယော ဖဿသမုဒယော၊
တဏှာသမုဒယာ ဖဿသမုဒယော၊
ဥပါဒါနသမုဒယာ ဖဿသမုဒယော၊
ဘာသမုဒယာ ဖဿသမုဒယော၊

မြန်မာစကားပြေမှာ။ ။သင်္ခါရဖြစ်လျှင် ဖဿ ဖြစ်၏။ တဏှာဖြစ်လျှင် ဖဿဖြစ်၏။ ဥပါဒါန်ဖြစ်လျှင် ဖဿဖြစ်၏။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးဖြစ်လျှင်ဖဿဖြစ်၏။ အကြမ်း

အားဖြင့် မိစ္ဆာဒိဋ္ဌိ ၆၂-ပါးဖြစ်လျှင်ဖယဆဖြစ်၏။ အကျယ်အား ဖြင့် ဒိဋ္ဌိအနုန္တဖြစ်လျှင် ဖယဆဖြစ်၏ဟု မှတ်ပါလေ။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည် အပါယဂမနီယ ဖြစ်သော ဖယဆတို့မှ လွတ်မြောက်လေကုန်ပြီ။ အခြားသောဖယဆ တို့ကား ရှိသေး၏။ အကျယ်ကိုသိလိုလျှင် ထိုထိုနိကာယ်တို့၌ရှု တော်မူကြကုန်။

အမည်မဖော်လိုသော ပုဂ္ဂိုလ်တယောက် (××ာ×)သည် စာရေးသူ၏ တပည့်တယောက်နှင့် ဆွေးနွေးသောအခါ-ရှုပါရုံ ကိုမြင်သော အခိုက်အတန့်၌ ဖယဆ မဖြစ်ဘို့ အရေးကြီးသည်ဟု တပည့်က ဆွေးနွေး၏။ ထိုအခါ-တခြားသူက ဖယဆ,သည် သဗ္ဗ-စိတ္တသာဓာရဏ,ဖြစ်၍ အလုံးစုံသောစိတ်နှင့် ယှဉ်သော၎ကြောင့် ဖယဆသည် မဖြစ်ဟူ၍မရှိ အလုံးစုံဖြစ်သည်သာဟု ဆွေးနွေးပြန် သတဲ့၊ ထိုအခါတပည့်ဖြစ်သူက ဖယဆ,မဖြစ်ပုံကို ဆွေးနွေးပြန် သတဲ့၊ ယင်းကဲ့သို့ ဆွေးနွေး၍ အတော်ကြာသောအခါ တပါး သူက မင်းတို့ဆရာကြီးကို ပြန်၍မေးပါအုံး၊ ကျမ်းဂန်မှာ မတွေ့ ဘူးဟုဆိုသတဲ့၊ ထိုပုဂ္ဂိုလ်နှင့်အလားတူ တော်တော်များများ တွေ့ရ၏။ အပြုသဘောနှင့် ဆွေးနွေးသော ပုဂ္ဂိုလ်များဖြစ်သည် ဟူ၍လည်း သတိပြုမိ၏။

ရှင်းတမ်းကိုပြမည်။ ။ဖယဆ,ဖြစ်ပုံနှင့် မဖြစ်ပုံ သဘောတ ရားတို့ကို နိကာယ်တို့၌ဌင်း၊ နိကာယ်မှ လွတ်သော ပါဠိတော်တို့ ၌ဌင်း(ပေယျာလ) ထိုး၍ မပြခဲ့၊ ရှင်းရှင်းနှင့်ဘွင်းဘွင်းကြီးသာ ပြ၍ ဗုဒ္ဓဟော်တော် မူခဲ့သည်။ အဘယ်သို့ ဟောတော် မူခဲ့ သနည်း?

ဒိဋ္ဌေ ဒိဋ္ဌမတ္တောဝါသုတေသုတမတ္တောဝါမုတေ မုတမတ္တောဝါ ဝိညာတေ ဝိညာတမတ္တောဝါ ဒိဋ္ဌေ နု လိမ္ပတိ၊ သုတေ နု လိမ္ပတိ၊ မုတေ နု လိမ္ပတိ၊ ဝိညာတေ နု လိမ္ပတိ။

-ခုဒ္ဒကနိကာယ် စူဠနိဒ္ဒေသ

မေတ္တာဂူမာဏဝ ပုစ္ဆာ၊ အဋ္ဌမ ၆၅၊

ဤပါဠိတော်၌ ဖဿ,ကို ဗျဥ်းနိုရုတ်ဆိုသဒ္ဒါအားဖြင့် တိုက်ရိုက်မပြသောကြောင့် ဖဿ,ဖြစ် မဖြစ်ကို သိမည်မဟုတ်၊သို့သော် ဒိဋ္ဌေ နလိမ္ပတိ၌ ကရဏတ္ထမကြံလေနှင့် ကြံလျှင်တော့ ဖဿ ဖြစ်မှာဘဲ၊ ဖဿဖြစ်လျှင်လဲ ဗုဒ္ဓဟော်တော် မူလိုရင်း သဘောနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်မည်၊ဤကာ (ဂုဠ္ဍတ္ထ) ဗုဒ္ဓဟော်တော် မူလိုရင်းက မြင်သောအခါ၊ ကြားသောအခါ၊ နံသောအခါ၊ လျက်သော၊ ထိခတ်သောအခါ၊ သိသောအခါတို့၌ မိမွှာဖဿနှင့် မလိမ်းကျံပုံ၊ မကပ်ငြိပုံ၊ မစွန်းမထင်းပုံ၊ မငြိတွယ်ပုံ၊ မရောနှောပုံ၊ မဖြစ်ပုံတို့ကို နလိမ္ပတိ, ပုဒ်ကဟောသည်။

ဥပမာ။ ။ရေ၌ပေါက်၍ ရေ၌ပင် ကြီးပွား၍ လာရသော ကြဲာပင် ဖြစ်လင့်ကစား၊ ထိုကြာရွက်သည် ရေနှင့်မလိမ်းကျံ မကပ်ငြိ၊ရေ၏အစွန်းအထင်းမရှိသကဲ့သို့ရှုပါရုံကိုမြင်သော်လည်း မိမွှာဖဿမဖြစ်သည်ကို နလိမ္ပတိပုဒ် ဟောသည်ဟုမှတ်ပါ။

"ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ" အစရှိသည်တို့မှာလည်း ဧသေဝနယော ဟုမှတ်။ ထိုပြင် စူဠနိဒ္ဒေသပါဠိတော်၌—

"ဆဠင်္ဂုပေက္ခာယ သမန္နာဂတော ဟောတိ"ဟု ဟောတော်မူသော ဒဿနာမှာလည်း ဝိညာဏ ခြောက်ပါး၌ ဖဿမဖြစ်

သည်ကိုပြသော နေကွမ္မသိတ, ဥပေက္ခာခြောက်ပါး ဖြစ်သည်ဟု ဆိုလိုသည်။

ဂေဟာသိတ ဥပေက္ခာသည် အိုးအိမ်ကို စွန့်ပစ်၍ တောထွက် သွားသော သူဌေးသားရအပ်၏၊ နေကွမ္မသိတ ဥပေက္ခာမှာကား.... တောထွက်ရန် အခြောင်းမရှိ၊ ကွန်ဒြိယ ဘာဝနာကဲ့သို့ ရူပါရုံကိုမြင်သော်လည်း ဖဿ မ ဖြစ် သော ကြောင့် နေကွမ္မသိတ ဥပေက္ခာသာ ဖြစ်လေသည်။ ထို့ကြောင့်-

စက္ခုနာ ရူပံ ဒိသွာ ဥပ္ပဇ္ဇတိ ဥပေက္ခာ၊

ဟုဟောတော်မူသည်။ သော်တ, ဃာန အစရှိသည်တို့၌လည်း ဤနည်းပင် မှတ်လေ။

ထင်ရှားဖော်သော သာဓကကို ပြအုံးမည်၊ ထိုထိုနိကာယ်တို့၌ သဠာယတန ပစ္စယာ ဖဿော။

အာယတန ခြောက်ပါးကြောင့် ဖဿ ဖြစ်သည်ကို ဟော တော်မူသည်။

သဠာယတနနိရောဓာ ဖဿနိရောဓောဟု ဟောတော်မူသော ဒေသနာတော်သည် သံသရာကို ခွဲထွင်တတ်သော အာယတန ခြောက်ပါး တဏှာ, မာန, ဒိဋ္ဌိတရားတို့သည် ချုပ်ငြိမ်းခဲ့သည်ရှိသော် ဖဿသည် အကြောင်းအကျန်မရှိ ကျိုးကပ်တောင် မကျန် အောင် ဟောတော်မူဖော်သော ဒေသနာတို့သည် ထိုထိုနိကာယ် ထိုထိုပါဠိတော်တို့၌ ခဏခဏတွေ့ရသည်ကို ကြည့်ရှုကြပါကုန် လော။

အာသဝကင်းစင်ပြီးသော အရိယာ အသျှင်မြတ် တို့သည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ, အာဟာရ, နာမရူပတရားတို့ ချုပ်ငြိမ်း

သောကြောင့် ဥပါဒါနက္ခန္ဓာငါးပါး မဖြစ်သည်ကို ရိပ်မိလျှင် ဖဿချုပ်၍ ဖဿမဖြစ်သည်ကို သိတော်မူကြကုန်လော၊ အကယ်၍ ထိုအသျှင်မြတ်တို့၌ ဖဿဖြစ်သည်ဟု အထင်ရှိခဲ့လျှင် ထို အသျှင်မြတ်တို့ကို ပုထုဇဉ်ဟူ၍ မှတ်ရမည်သာတည်း။

အနုပါဒါနက္ခန္ဓာ၌ရှိသောဖဿနှင့် ဥပါဒါနက္ခန္ဓာငါးပါး၌ ရှိသော မိစ္ဆာဖဿကို သရုပ်မကဲ့ပါက ဗုဒ္ဓဟောတော်မူသောရုပ် နာမ် ချုပ်ပုံကို နားလည်မည် မဟုတ်ဟု မှတ်လေ။

နာမ်နှင့်ရုပ် ဖြစ်ပုံကို ပြဆိုခြင်းပြီး၏။

ပရမတ္ထ၏ နိဗ္ဗုတိ
လက္ခဏာကိုပြဆိုခြင်း

နိဗ္ဗုတ်ိလက္ခဏံ ပသေန္တာပိ ရူပက္ခန္ဓသ ဥဒယံ ပသတိ။
—ပဋိသမ္ဘိဒါမဂ်ပါဠိတော်

နိဗ္ဗုတ်ိလက္ခဏံ။ ဥပါဒ်အားဖြင့် ပရမတ္ထ၏ ဖြစ်ပေါ်ခြင်း
လက္ခဏာကို။ ပသေန္တာပိ၊ မြင်သော်သည်လည်း။ရူပက္ခန္ဓသ၊
ဝိပါက် ကမ္မဇ ပရမတ္ထခန္ဓာ၏။ ဝါ၊ ခဏငယ် သုံးချက်ရှိသော
ရူပက္ခန္ဓာ၏။ ဥဒယံ၊ ဥပါဒ် ဖြစ်ခြင်းဥဒယကို ပသတိ၊ မြင်၏။

နိဗ္ဗုတ်ိလက္ခဏံ ။ပ။ ဝေဒနာက္ခန္ဓသ ဥဒယံ ပသတိ။
နိဗ္ဗုတ်ိလက္ခဏံ ။ပ။ သညာက္ခန္ဓသ ဥဒယံ ပသတိ။
နိဗ္ဗုတ်ိလက္ခဏံ ။ပ။ သင်္ခါရက္ခန္ဓသ ဥဒယံ ပသတိ။
နိဗ္ဗုတ်ိလက္ခဏံ ။ပ။ ဝိညာဏက္ခန္ဓသ ဥဒယံ ပသတိ။

(အနက်ကား လွယ်ပြီ)

ပရမတ္ထ၏နိဗ္ဗုတ်ိလက္ခဏာရှိသောခန္ဓာငါးပါးကို ပါဠိတော်၌
အလွန်ကျယ်ပြန့်စွာဟောထား၏။ အကျဉ်းခြုံး၍သာ ပြလိုက်
သည်။ ထိုပရမတ္ထခန္ဓာသည် ဥပါဒ်,ဌိ,ဘင် အတည်ဖြစ်ရှိသော
ခန္ဓာငါးပါးပေတည်း။ ထိုခန္ဓာငါးပါး၌ အဖြစ်ကိုမြင်အောင်

ရှုမှတ်နိုင်သောပုဂ္ဂိုလ်သည် ဥဒယာနုပဿနာဉာဏ်ကိုရ၏။ သို့သော် နောက်ပိုင်းကဏ္ဍတို့ကပြခဲ့သော "ခဏတ္တယ ဘင်္ဂေါ အတိလဟုကော" ဟုဆိုသောစကားကိုတော့ ဗုဒ္ဓကိုယ်တော်မြတ်သည်သာ ရှေ့ဉာဏ်တော်ကျက်စားနိုင်သည်။ သာဝကတို့နှင့် မဆက်ဆံဟု မှတ်ပါ။

"သန္ဓတိဟ ဂေါ ပန သာဝကာနံ ဝိသယော" ဟု ဖွင့်ပြသော ဥကာ၏စကားရိပ်ကိုဖော်ထုတ်လျှင် သန္ဓတိဘင်ကိုကား— ရှုမှတ်နိုင်သော ဟုမှတ်ပါ။ ထိုပရမတ္ထခန္ဓာ၌ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည် ဓာတ်မင်္ဂလာစ်ပါးကိုရထားပြီးသော ယောဂီဖြစ်ရမည်။ အောက်မင်္ဂလာကိုမရထားဘဲရှုပါက နိဗ္ဗိန္ဒဉာဏ်နှင့် ကိလေသာကုန်ရုံမှတပါး မဂ်ဖိုလ်တို့ကား အချည်းနှီးဖြစ်လိမ့်မည်။ ဈာန်ဘက်သို့ရောက်သွားတတ်သည်၊ အကယ်၍ ဈာန်ဘက်သို့ရောက်သွားလျှင် ဥပနိဿဖြာဟူမဏ္ဍတို့၏ ဝါဒလမ်းစဉ်နှင့်ထပ်တူပင်ဖြစ်နေပေလိမ့်မည်။ ဥပနိဿကျမ်း၌ ပရမတ္ထကို ပရမတ္တမဟု ခေါ်ဝေါ်ပညတ်ကြသည်။ ပရမတ္ထအနိစ္စကို သန္ဓတိဘင်အနေဖြင့် ဗုဒ္ဓမပုဉ္ဇိကရှုမှတ်နိုင်ကြသည်။ ဓမ္မာရုံ သစ်္ခ ရအနိစ္စကို ဗုဒ္ဓပုဉ္ဇိတော်မူမှဟောတော်မူသော အနိစ္စဖြစ်သည်။ ထို့ကြောင့် အနိစ္စဒုက္ခ ဟူသံယုတ္တနိကာယ်၌ဟောတော်မူသည်။

ပရမတ္ထ၏ နိဗ္ဗတ္တိလက္ခဏာကို ပြဆိုခြင်းပြီး၏။

ပရမတ္ထ၏ဝိပရိဏာမ

လက္ခဏာကို ပြဆိုခြင်း

ဝိပရိဏာမ လက္ခဏံ ပဿဒ္ဓေါပိ ရူပက္ခန္ဓသ ဝယံ ပဿတိ။ ဝိပရိဏာမလက္ခဏံ၊ ဥပါဒိဒ္ဒီ, ဘင်္ဂအားဖြင့် ဖေါက်ပြန်ခြင်း သဘောရှိသော ပရမတ္ထလက္ခဏာကို။ ပဿဒ္ဓေါပိ၊ ရှဆင်ခြင်ရသောဃရိပုဂ္ဂိုလ်သည်လည်း။ ရူပက္ခန္ဓသ၊ အဃည်ဖြင့်ဥပါဒိဒ္ဒီ,ဘင်ရှိသော ပရမတ္ထ ရူပက္ခန္ဓာ၏။ ဝယံ၊ ဘင်္ဂအားဖြင့်ပျက်ခြင်းကို။ ပဿတိ၊ ရှုမြင်၏။

ဝိပရိဏာမလက္ခဏံ ။ပ။ ဝေဒနာက္ခန္ဓသ ဝယံ ပဿတိ။
ဝိပရိဏာမလက္ခဏံ ။ပ။ သညာက္ခန္ဓသ ဝယံ ပဿတိ။
ဝိပရိဏာမလက္ခဏံ ။ပ။ သင်္ခါရက္ခန္ဓသ ဝယံ ပဿတိ။
ဝိပရိဏာမလက္ခဏံ ။ပ။ ဝိညာဏက္ခန္ဓသ ဝယံ ပဿတိ။

(အနက် လွယ်ပြီ)

ဤပရမတ္ထ ခန္ဓာငါးပါး၌ (ခယနှင့်ဝိရာဂ) ပုဒ်မပါသည်ကို သတိပြုပါ။ အဘယ်ကြောင့် ခယနှင့်ဝိရာဂ မပါသနည်းဟုတိ်ကျကျ ဆင်ခြင်သော်"ခယ"သဒ္ဒါသည် ကုန်ခန်းသောအနက်၊ အထည်ဖြစ်မရှိသော အနက်တို့ကိုဟော၏။"ဝိရာဂ" သဒ္ဒါသည်

ကင်းခေသာအနက်၊ ပြတ်သောအနက်၊ အထည်ဒြပ်မရှိ ဟူသော အနက်တို့ကိုဟော၏။ ထို့ကြောင့်ပရမတ္ထခန္ဓာဌ် နိဗ္ဗတ်လက္ခဏာနှင့် ဝိပရိဏာမလက္ခဏာ နှစ်ပါးသာရှိသည်ယူ၍မှတ်။

ဥပါဒါနက္ခန္ဓာငါးပါးမှာ သင်္ခတ, ပဋိစ္စသမုပ္ပန္န, ခယဓမ္မ, ဝယဓမ္မ, ဝိရာဂဓမ္မ, နိရောဓဓမ္မတို့သာဖြစ်သည်ဟူ၍မှတ်ပါလေ။

ယောဂီတို့သတိ

ထို့ကြောင့် ဝိပဿနာရှုကြသော ယောဂီပုဂ္ဂိုလ်တို့သည် ဂန္ဓဗ္ဗရှင့်တက္ခ သဘာဝဓမ္မတို့ကိုနားလည်သော သပ္ပုရိသ သံသေဝထံသို့ ချဉ်းကပ်၍ ကျိုးနွဲ့စွာ သင်ယူမှတ်သားပြီးမှ ဘာရားကိုအာရုံထုတ်သင့်၏၊ အရမ်းအာရုံမထုတ်သင့်။ အဘယ့်ကြောင့်ဆိုသော် အပျက်ကိုရှုသော ပရမတ္ထ၏ ဘင်္ဂါနုပဿနာသည် နိဗ္ဗတ်လက္ခဏာရှိသော ဥဒယနှင့် ဝယလက္ခဏာရှိသော ဘင်္ဂါကိုပေါင်းမှ ခန္ဓငါးပါး၌ ဥဒယဉာဏ်ငါးပါး၊ ဝယဉာဏ်ငါးပါးအားဖြင့် ဥဒယ္ဗယဉာဏ်ဆယ်ပါးသာရှိသည်။ အဘိညေယျအားဖြင့် ထင်ရှားစွာထိုးထွင်းသိမြင်နိုင်သော ဉာဏ်မျိုးမဟုတ်သည်လည်း တကြောင်း၊ ဥပနိဿဖြာဟူဏတို့၏ အသိဉာဏ်နှင့်ဝါဒချင်း တူနေပြန်သောကြောင့်ဌင်း၊ စျာနလာဘီပုဂ္ဂိုလ်တို့အတွက်သာ အရေးပါ အရာရောက်သောကြောင့်ဌင်း၊ ပိုင်းခြားဝိသိရုံမျှသာသိရသောကြောင့်ဌင်း၊ မဂ်ဆိုက်ဖိုလ်ဆိုက်ကိစ္စမဟုတ်သောကြောင့်ဌင်း၊ အကယ်၍ပရမတ္ထ၏ ဥဒယဗ္ဗယဉာဏ်သည် မဂ်ဖိုလ်သို့ဆိုက်ရောက်သောတရားဟုအယူရှိ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကိုမရလျှင်မနေ အရိုးကျေကျေ အရေခန်းခန်း ပင်ပန်းကြီးစွာ အဆင်းရဲခံပြီး အားထုတ်လျှင် ရနိုင်၏ဟု

အယူရှိ၍ အားထုတ်ပါ့ကာ ဒုတ္တကိလမထဖြစ်ရုံမှတပါး မင်္ကီစုံ ဖိုလ်ကိုစု အလျင်းမရှိချေ။ မပယ်အပ်သော (ဒုပဟာတဗ္ဗ) တရားဖြစ်နေ၍ မင်္ကီစု ဖိုလ်ကိစ္စမရှိဟု ဆိုသည်။

မင်္ကီစုဖိုလ်ကိစ္စံ တို့သည်ကား....နိဗ္ဗာနသစ္ဆာတရားကို မျက်မှောက်ပြုနိုင်မှ မင်္ကဖိုလ်ရနိုင်သည်။ ထိုနိဗ္ဗာန်ကို လက္ခဏာ ရှိသော ပရမတ္ထတို့သည် ဥပါဒ်၌၎င်း ဘင်္ဂ၌တက္ခဏ သစ္ဆာဝိမုတ် ဖြစ်နေပြန်သောကြောင့်၎င်း၊ မပယ်အပ်သော ပရမတ္ထတရား ဖြစ်နေပြန်သောကြောင့်၎င်း၊ ပယ်ဆဲသော်လည်း ပယ်၍မရသောကြောင့်၎င်း၊ အကြွင်းမရှိ အသေသဝိရာဂနိရောဓမဖြစ်သောကြောင့်၎င်း နိဗ္ဗာန်ကို လက္ခဏာရှိသော ပရမတ္ထ၏ ဥဒယဗ္ဗယဉာဏ်ကို မင်္ကီစုဖိုလ်ကိစ္စ အတွက်မရှိအပ်။ နိဗ္ဗိန္ဒဉာဏ်နှင့် မိမိ၏ခန္ဓာကိုယ်ကို ရှု မုန်းငြီးငွေ့ရန်သာ ပရိယေသိဉာဏ်ဖြင့် ရှုအပ်၏။

"အနိစ္စာ ဝတ မရမတ္ထာ၊ ဥပ္ပါဒ ဝယဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ"
ဟု ဗုဒ္ဓဟောတော်မူသော ပိဋကတ်တွင် မရှိ။
"အနိစ္စ ဝတ သင်္ခါရာ" ဟူ၍သာ ရှိလေသည်။

ပရမတ်သိအောင် အားထုတ်ရမည် ဆိုသည်ကား ... ဤပရမတ္ထကို ဆိုသည်မဟုတ်၊ ဓမ္မာရုံပရမတ်ကိုသာဆိုသည်။ ဓမ္မာရုံပရမတ်သည်ကား "သမုဒယော နတ္ထိ" ဟု နိဒါန်ဝဂ္ဂ သံယုတ် ပါဠိတော်၌ ဟောတော်မူသော တရားပေတည်း။

ဥဒယဗ္ဗယဉာဏ်

ဥပါဒါနက္ခန္ဓာ ငါးပါး၌ ဥဒယာနုပဿနာဉာဏ် ၅×၅= ၂၅-ပါး၊ ဝယာနုပဿနာဉာဏ် ၅×၅= ၂၅-ပါး ပေါင်းသော်

ဥဒယဗ္ဗယညာဏ် ငါးဆယ်ဖြစ်၏။ ယင်းဥဒယညာဏ်နှင့် ဝယညာဏ် ဖြစ်ပါးဖြစ်ပျက် တရားကိုသာ အနိစ္စမမြဲ, ဒုက္ခမဲမြဲ, အနတ္တမမြဲဟု ပေါ်ထင်မှုသည်။ ဤဥဒယဗ္ဗယဉာဏ် ဝယာနုပဿနာ ဉာဏ်ကို နိဗ္ဗာန်ရောက်အောင် နုပဿနာ ဉာဏ်ဟူ၍လည်း ခေါ်သည်။ ထိုဉာဏ်ကို နိဗ္ဗာန်ဟူ၍ မမှတ်လင့်ဦး, အနုလောမခန္တီဉာဏ် တည်သော အနိစ္စ-စမမြဲသာရှိသေးသည်။ အနိစ္စခမမြဲ အကြွင်းမရှိ ။။ပ်ပြိုမ်၍ နိစ္စ ပရ-မတ္ထခမမြဲရုံဖြစ်လာ [illegible] "နိစ္စထာခဿစ္စာ နိဗ္ဗာ ဟု ဆို လိုသည်။ ထိုကြောင့် ပဋိသမ္ဘိဒါမဂ်ဉာဏ် နိစ္စနိဗ္ဗာန်ကို ပဿနာသမမှတ်နိယာမံ သြကွမတိ" ဟူ၍ အသျှင်သာရိပုတြာဟောတော်မူသည်။

နိဗ္ဗာန်ဆိုသည်မှာ နိစ္စပရမတ္ထခမမြဲရုံ, သုခပရမတ္ထ ခမမြဲရုံ ဤ ခမမြဲတရားတို့ကို နိဗ္ဗာန်ဟု ဟောတော်မူသည်။ ခန္ဓပရိနိဗ္ဗာန် ပြုပြီး၍ စုတိနောင် ကျန်ရှိသော အဓိဂမ္ဘီရ, အဇ္ဈာသယဂမ္ဘီရ, ဂုဏဂမ္ဘီရ, အသခ်ေယျ, အပ္ပမေယျ ဖြစ်သော အရဟတ္တဖိုလ်၏ မှီရာ ဝိညာဏ်တော် [illegible] နိဗ္ဗာန်၏ အကျိုးအစစ် ပရမတ္ထအနှစ်ဖြစ်သည်။ သို့သော် မိမိဉာဏ်၌ အဓိဝစန သမ္မာပယုဒ်ဖြင့် ထိုအကျိုးဖြစ်သော ဥတ္တမဓာတ်ကို နိဗ္ဗာန်ဟု သိ၍ ခေါ်ဆိုလျှင် ဆိုနိုင်စရာအကြောင်းရှိ၏။

ဥပမာ။ ။မိမိ၏ချစ်လှစွာသော အိမ်ရှင်မကို နာမည်ရင်း ကို မခေါ်ဘဲ ချစ်စနိုးနှင့် အမည်တမျိုးမျိုးကို ပြောင်းလဲ၍ ခေါ်ဘိသကဲ့သို့ ထို့အတူအနန္တဓာတ် ကိုယ်တော်မြတ်ကိုလည်း မိမိတို့နှစ်သက်သော အမည်အမျိုးမျိုးဖြင့် ဗျုပ္ပတ်ကို ကြည့်၍ ခေါ်နိုင်ကြောင်း မှတ်သားအပ်၏။ အဋ္ဌကထာနှင့် ဋီကာဆရာတို့သည် ဤသဘောအတိုင်းဖွင့်ပြကြသည်။

ပရမတ္ထ၏ ဝိပရိဟာရလက္ခဏာကို ပြဆိုခြင်းပြီး၏။

ဝေဒနာဖြစ်ပုံချေပုံကို ပြဆိုခြင်း

၁။ အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ၊
၂။ သင်္ခါရကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ၊
၃။ တဏှာကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ၊
၄။ ဥပါဒါန်အစွဲကြောင့် ဖြစ်ပေါ်လာသော ဝေဒနာ၊
၅။ သဿတနှင့်ဥစ္ဆေဒကြောင့်ဖြစ်ပေါ်လာသောဝေဒနာ၊

ဤကဲ့သို့ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဟူသော အကြောင်းငါးပါးကြောင့် ဝေဒနာတို့သည် ခဏမစဲ သွင်ပြင်ပါထွက် ဖြစ်ချုပ်သဘောဖြင့် အလဲအလှယ် ဖြစ်ပေါ်၍ နေကြကုန်သည်။ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကို ရှုပွားလိုသော ယောဂီသည် ဤအကြောင်း ငါးပါးကြောင့်ဖြစ်သော ဝေဒနာကိုသာ ရှုပွားရ၏။ ယင်းဝေဒနာကို ရှုပွားသော ယောဂီ ပုဂ္ဂိုလ်သည် ဝေဒနာ၏ အတ္တသတ္တိမရှိပုံကို တွေ့မြင်သောအခါ အနုတ္တာ-နုပဿနာဉာဏ်သို့ရောက်၍ ပုဗ္ဗဘာဂမဂ်သို့လည်း ဆိုက်နိုင်၏။ ထို့ပြင် ဝေဒနာ၏အဖြစ်နှင့်အပျက်ကို ထိုးထွင်းသိမြင်၍အနိစ္စာနုပဿနာဉာဏ်သို့လည်း ဆိုက်ရောက်နိုင်၏။

ယင်းဝေဒနာ၏ ဝေဒယိတသုခကို ရှာမှီးရသဖြင့် အလွန် လေးလံစွာသော ဝေဒနာဝန်ထုပ်သို့မဟုတ် ဝေဒနာ၏တာဝန် တွေကိုထမ်းပိုးသယ်ဆောင်နေရတဲ့ဒုက္ခ၊ထိုဒုက္ခကိုခံ၍ ဝေဒယိတ သုခချမ်းသာကိုရမလားဟု အပင်ပန်းခံ၍ ထမ်းဆောင်ပါ၊သော် လည်း သုခနှင့်မတွေ့ ဒုက္ခအမျိုးမျိုးတို့နှင့်သာ တွေ့ကြုံရသော ကြောင့် ဝေဒနာ၏ နိုဗ္ဗိန္ဒာဏ်ကိုရ၍ ဒုက္ခာနုပဿနာသို့ တင်၍ ရှုသောအခါ ဝေဒနာ၏အဖြစ်တရားနှင့်အပျက်ဘင်္ဂး နှစ်ပါးကို သိမြင်သောခဏ၌ ဝေဒနာ၌တပ်ခြင်းကင်း၍ "တော်ပဲ ဝုပဿမော သုခေါ" ဟု ထိုထိုပါဠိတော်တို့၌ဟောတော်မူသည့်အတိုင်း အစဲ့ ပြုတ်၍ ဝေဒနာ၏ ဘယကန္တာရ ဘေးကြီးမှ လွတ်မြောက်၍ ထောင်ငါးရာဟု ဆိုအပ်သော ကိလေသာကန္တာရနယ်မှ လွတ် မြောက်ခါ အရဟာတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်သည်။

အထူးရှင်းပြဦးအံ့။ ။ဝေဒနာသည် ဇောတ္ထအားဖြင့် တခု တည်းဟုထင်ရသော်လည်း နာနတ္ထအားဖြင့် ပရမတ္ထဝေဒနာ၏ သဘောနှင့် ဓမ္မာရုံဝေဒနာ၏သဘောတရားတို့သည် အတ္ထ ပဋိ သမ္ဘိဒါအားဖြင့် ခြားနားသည်ဟု မှတ်ရမည်။ ဖဿဒုယဖြစ်ခဲ့ လျှင် ဝေဒနာလည်း ဒုယဟုမှတ်ပါ။ ဒုယကိုပိုင်ခြား၍ မရှုဘဲ အဒုယကခုတည်းပြု၍ ဝေဒနာကိုရှုလျှင် ဘယ်မင် ဘယ်ဖိုလ်မှ မရဟုမှတ်ပါ၊လေ၊ ပရမတ္ထဝေဒနာကို ရှုလျှင်လည်း မင်ဖိုလ်နှင့် မဆိုင်.အဘယ်ကြောင့်မဆိုင်သနည်း? နိရောဓသစ္စာတရားမဟုတ် သောကြောင့် မင်ဖိုလ်နှင့်မဆိုင်ဟု ဆိုလိုက်သည်။ ပရမတ္ထဝေဒ-နာသည် လုပ်တိုင်းကုန်းရောက်မှ ချုပ်သည်။ဓမ္မာရုံဝေဒနာသည် မင်ဖိုလ်ဆိုက်လျှင်ချုပ်သည်။ ရဟန္တာပုဂ္ဂိုလ်မျှားဓမ္မာရုံဝေဒနာ ခံစားမှုမရှိ၊ ပရမတ္ထဝေဒနာ၏ ခံစားမှုကား ရှိ၏ဟု မှတ်လေ။

ရဟန္တာပုဂ္ဂိုလ်များ ခံစားမှုမရှိဟု ပြောကြသည့်အရာမှာ ဓမ္မာရုံဝေဒနာဟူ၍မှတ်၊ ထို့ကြောင့် ဇဝဒနာနုပဿနာ သတိပဋ္ဌာန်တရားကိုအာ.ထုတ်ကြသော ယောဂီများသည် အဘယ် ဝေဒနာကို သတိပဋ္ဌာန်အရာ၌ ဟောတော် မူသနည်းဟု စစ်စစ်ဆေးဆေးမေးမြန်းပြီးမှဒါးထုတ်ရာ၏။နောက်ပိုင်း ကဏ္ဍတို့ကလည်း ပြခဲ့ပြီ ဖြစ်သည်။

အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော၊
အဝိဇ္ဇာချုပ်လျှင် ဇဝဒနာချုပ်သည်ဟု ဆိုသည်။
သင်္ခါရ နိရောဓာ ဝေဒနာနိရောဓော၊
တဏှာနိရောဓာ ဝေဒနာနိရောဓော၊
ဥပါဒါန နိရောဓာ ဝေဒနာနိရောဓော၊
ဘဝနိရောဓာ ဝေဒနာနိရောဓော။

(အနက်လွှယ်ပြီ)

အကြောင်းငါးပါး ဥဒယ,ဖြစ်လျှင်
အကျိုးငါးပါးလည်း ဥဒယ,ဖြစ်၏။
အကြောင်းငါးပါး ဝယ,ဖြစ်လျှင်
အကျိုးငါးပါးလည်း ဝယ,ဖြစ်၏။

ဥဒယဖြစ်သောအခါ-ဖြစ်ချင်သလိုဖြစ်၍၊ ဝယဖြစ်၍ ချုပ်သောအခါ မဂ်စဉ်အတိုင်း ချုပ်ငြိမ်းကြ၏။ ထိုအကြောင်း ငါးပါးကြောင့်ဖြစ်သော ဝေဒနာသည် (ထာမကဒုတ္ထာ နတ္ထိ) ဟု ဟောတော်မူသည့်အတိုင်း မိမိ၏ အတ္တ,အား အစုမ်းသတ္တိဖြင့် မဖြစ်လာနိုင်၊ အကြောင်းကြောင့် ဖြစ်လာရသည်၊ အကြောင်း

ချုပ်ငြိမ်းလျှင် ယင်းဝေဒနာသည်လည်းချုပ်ငြိမ်းရတော့သည်၊ ဝေဒနာကို ချုပ်ငြိမ်းအောင် လုပ်လို့မရ၊ အကြောင်းကိုသတ်မှသာလျှင် အလိုလိုချုပ်ငြိမ်းသည်ဟူ၍မှတ်၊ ထို့ကြောင့်အနတ္တလို့ ဟောကြားတော်မူသည်။

ထို့ကြောင့် ခုဒ္ဒကနိကာယ် စူဠနိဒ္ဒေသ ဥပသီဝမာဏဝပုစ္ဆာဌ်"ထာမဂတော ပိ ဝါ။ ဟ အဘိသင်္ခါရာ ပဟီနာ" ဟူ၍ ဥပသီဝအား ဟောတော်မူသော [illegible] ဘိသင်္ခါရမာရ်ကို အောင်အပ်ပြီးသော ဟန္တဝုဂ္ဂိုလ်သည် အကြောင်းငါးပါးတို့ကြောင့် ဖြစ်ပေါ်သော ဝေဒနာ အားအစွမ်းတို့သည် မရှိဟူ၍ရင်း၊ ပယ်အပ်ပြီးပြီ ဟူ၍ရင်း၊ ဟောတော် မူသည်။ "သော ဟတု နတ္ထိ, ပစ္စယော နတ္ထိ, ကာရဏံ နတ္ထိ" ဟူ၍လည်း ဟောတော်မူသည်။

ယင်းဓမ္မာရုံဝေဒနာ အကြောင်းမရှိ ချုပ်ငြိမ်းလေပြီးသောအရိယာ အသျှင်သူမြတ်၌ "ရူပဝိမာဏံ နတ္ထိ, ဝေဒနာဝမာဏံ နတ္ထိ, သညာဝမာဏံ နတ္ထိ, သင်္ခါရ [illegible] ဏံ နတ္ထိ, ဝိညာဏဝ [illegible] ဏံ နတ္ထိ, န [illegible] တ္ထိ, နသံဝိဇ္ဇာတိ, နူပ [illegible] ဒိ, ပဟီနံ, သမုစ္ဆိန္နံ, ဝူပသန္တံ" - ဟူ၍ ဟောကော်မူသော သဝ [illegible] တရားတို့သည် ရူပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အကြောင်းမရှိ ချုပ်ငြိမ်းတော်မူကြသော အရိယာအသျှင်မြတ်တို့ အားဟောသော ပါဠိတော်ဟူ၍ မြဲမြံမှုတ်ကြပါကုန်။

ဝေဒနာဖြစ်ပုံ ချုပ်ပုံကို ပြဆိုခြင်းပြီး၏။

ကုန္ဒြိယအနုတ္တရ ဘာဝနာကို ပြဆိုခြင်း

ဤကဏ္ဍ၌ ဥပနိသျှ ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓ၏ ထေရဝါဒ နှစ်ပါးကို ထင်ရှားအောင် ရေးရမည်ဖြစ်သောကြောင့် ယောဂီသူတော်စဉ်တို့ သတိပြုတော်မူကြပါကုန်။

အခါတပါး၌ ဗုဒ္ဓကိုယ်တော်မြတ်သည် ဂဇင်္လာ နိဂုံးသုဝဏ္ဏတောင်၌ သတင်းသုံးနေထိုင်တော်မူ၏။ ထိုအခါပါရာသိဝိယ၏ တပည့်ဖြစ်သော ဥတ္တရလုလင်သည် ဗုဒ္ဓထံတော်သို့ ရောက်လာ၍ သင့်လျော်သောနေရာက ထိုင်နေပြီးလျှင် ဝမ်းမြောက်ဘွယ် သာယာဘွယ်သောစကားတို့ဖြင့် လျှောက်ထားပြောဆို၍နေ၏။

ထိုအခါဗုဒ္ဓကိုယ်တော်က ပါရာသိဝိယအမည်ရှိသောသင်တို့ ဆရာဗြာဟ္မဏသည် ကုန္ဒြိယအနုတ္တရ ဘာဝနာကို ဟောသလော ဟု မေးတော်မူ၏။ အရှင်ဘုရား ပါရာသိဝိယ အမည် ရှိသော ဗြာဟ္မဏ ဆရာကြီးသည် တပည့် အပေါင်းတို့အား ကုန္ဒြိကို စောင့်ရှောက်ကြောင်းဖြစ်တဲ့ ကုန္ဒြိယ ဘာဝနာကိုဟောပါသည်ဟု လျှောက်သည်။

ထိုအခါဗုဒ္ဓကိုယ်တော်က သင်တို့၏ ဗြာဟ္မဏဆရာကြီးသည် အဘယ်ကဲ့သို့ ကုန္ဒြိယဘာဝနာကိုဟောသနည်းဟု ထပ်၍မေးပြန်

သည်။ ဥတ္တရလုလင်သည် အစမှအဆုံးတိုင် ကုန္ဒြိယဘာဝနာတရား ဟောပုံကို ဖေလျှောက်ဖေလသည်။

လျှောက်ထားပုံ

အရှင် ဂေါတမ အာကျန့်ပ် တို့၏ ဗြာဟ္မဏဆရာကြီးသည် ကုန္ဒြိယဘာဝနာကို ကျိန်းကျိပုံဟောပါသည်ဟု လျှောက်ထားသည်။

ကုဓ ဘော ဂေါတမ စက္ခုနာ ရူပံ နပဿတိ၊
သောတေန သဒ္ဒံ နသုဏာတိ။

–ဥပရိပဏ္ဏာသပါဠိ

ဘော ဂေါဘမ၊ အိုအရှင်ဂေါတမ။ ကုဓံလောဓကော၊ ကျိလောကဒ်ဒီ။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ နပဿတိ၊ မကြည့်ရ။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ နသုဏာတိ၊ နားမထောင်ရ။

ယောဂီတို့ ဥပနိဿ္ဝ ဗြာဟ္မဏကြီးဟောပုံကို ရိပ်စားမိကြပလား။ မျက်စိဖြင့် အဆင်းကိုမကြည့်ရဘူးတဲ့၊ နားဖြင့်အသံကို နားမထောင်ရဘူးတဲ့၊ အနှိုက်အိုးဆိုးဖာ ခက်ထာဘဲ၊ အဆင်းကလဲ အမျိုးမျိုးရှိပြန်တော့ ကိုယ့်အိမ်သားတွေကိုတောင် ထမင်းဝိုင်းမှာအတူတူစားကြရင် မျက်စိမှိတ်စားကြတော့မှာဘဲ၊ ဥပနိဿ္ဝ ဗြာဟ္မဏတို့၏ ဥပဒေကလဲ ပြင်းထန်လှချည့်ကလား၊ မည်သည့် အဆင်းကိုသာလျှင် မကြည့်နှင့်၊ ဤမည်သောအဆင်းကိုတော့ ကြည့်တော့လို့ ညွှန်ကြားချက်မရှိသောကြောင့် ထိုဘာဝနာကို အားထုတ်ကြသော ယောဂီတို့မှာ မျက်စိ၏လှုပ်လှုပ်ခွင့်၊ နား၏

လွတ်လပ်ခွင့်မရသဖြင့် အတော်ပင်ပန်းကြရှာမှာဘဲ၊ ဒါ့ကြောင့် ဗုဒ္ဓကိုယ်တော်မြတ်က မိဂဒါဝုန်ဒေသနာမှာ "အတ္တကိလမထ" ဟု ဟောတော်မူတာဘဲ၊ ကြည့်ရှုရန်ခွင့်ပြုပြန်လျှင်လဲ ကာမ-သုခလွတ်က" နှင့်တိုးတော့မှာအမှန်ဘဲ၊ ဤကား— ကျမ်းရေးသူ၏ တွေးခေါ်ချက်။

ကြည့်ရင်ဘယ်လိုဖြစ်တတ်သလဲ

၁။ စက္ခုနှာ ရူပံ ဒိဿာ ဥပ္ပဇ္ဇတိ မနာပံ၊
ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါမနာပံ။
—ဥပရိပဏ္ဏာသပါဠိ ၃၄၈

၁။ စက္ခုနှာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိဿာ၊ မြင်သည်ရှိသော်။ မနာပံ၊ နှစ်သက်ခြင်း သောမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အမနာပံ၊ မနှစ်သက်ခြင်း ဒေါမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မနာပါမနာပံ၊ နှစ်သက်ခြင်းမနှစ်သက်ခြင်းဟုဆိုအပ်သော ဂေဟာသိတဥပေက္ခာဝေဒနာသည်။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤအထက်ပါ အချက်သုံးချက်ကိုမြင်လို့ ဥပနိဿ ဖြာဟ္မဏကြီးက တပည့်သာဝကတို့အား ...အဆင်းကိုမကြည့်နှင့်၊ အသံကိုနားမထောင်နှင့်ဟု ပိတ်ပင်တာနှင့်တူသည်။

၂။ သောတေန သဒ္ဒံ သုတ္ဝာ ဥပ္ပဇ္ဇတိ မနာပံ၊
ဥပ္ပဇ္ဇတိ အမနာပံ၊ ဥပ္ပဇ္ဇတိ မနာပါမနာပံ၊

၂။ နားဖြင့်အသံကို ကြားသည်ရှိသော် နှစ်သက်ခြင်း မနှစ်သက်ခြင်း စသော သဘောတရားတို့သည် ဖြစ်ပေါ်ကြကုန်သည်

ဖြစ်၍၊ မဖြစ်နိုင်မပေါ်နိုင်အောင် မကြည့်ကြနှင့်ဟု ပိတ်ပင်တဲ့ ကျင့်စဉ်ဘဲ။

၃။ ဃာနေန ဂန္ဓံ ဃာယိတ္ဝာ ဥပ္ပဇ္ဇတိ
မနာပံ ။ပ။ မနာပါမနာပံ။
၄။ ဇိဝှါယ ရသံ သာယိတ္ဝာ ဥပ္ပဇ္ဇတိ
မနာပံ ။ပ။ မနာပါမနာပံ။
၅။ ကာယေန ဖောဋ္ဌဗ္ဗံ ဖုသိတ္ဝာ ဥပ္ပဇ္ဇတိ
မနာပံ ။ပ။ မနာပါမနာပံ၊
၆။ မနသာ ဓမ္မံ ဝိညာယ ဥပ္ပဇ္ဇတိ
မနာပံ ။ပ။ မနာပါမနာပံ။

အမှာ။ ။ပေယျာလကိုဖေါ်ထုတ်၍ အထက် (၁) နံပါတ် အတိုင်း ဘာသာပြန်လေ။

စက္ခု၊ ဃောဘ, ဃာန, ဇိဝှ , ကာယ, မနဟူသော ခြောက်ဝ သောဋ္ဌ နမှ ခြောက်ပါ၊သောဒါရုံနှင့် တိုက်ဆုံသည်ရှိသော် ဣဋ္ဌ, အနိဋ္ဌကောင်းမကောင်း. သဘောတို့သည် အန္ဓပုထုဇဉ် ပဂိုလ်တို့၌ မရပ်မနား တလစပ်ဖြစ်ပွားနေကြကုန်၏။ ထိုသို့ ဖြစ်ပွားနေခြင်းသည်ပင် သံသရာလည်ရန်အကြောင်းအထောက် အပံ့များဖြစ်ကြကုန်၏။ ပါရာသိဝိယ ဗြာဟ္မဏကြီးသည် တဏှာ မဖြစ်လျှင် သံသရာလည်နိုင်သော အကြောင်းမရှိဟု အယူရှိ သဖြင့် အဆင်းကိုမကြည့်နှင့်။ အသံကို နားမထောင်ကြနှင့် ဟု မြောက်များစွာသောတပည့်တို့အား ဟောပြောပြသ ဆိုဆုံးမ၍ နေလေသည်။ ထိုဆရာကြီး၏အတွင်းနေတပည့် ဥတ္ထရလုလင်

သည်လည်း ထိုဆရာကြီးအကျင့်ပဋိပတ်ကိုသာလျှင်မြတ်နိုးသော လုလင်ဖြစ်၍ ဗုဒ္ဓ၏ထံတော်ပါးသို့ ရဲဝံ့စွာလာ၍ မိမိ၏ ပဋိပတ်ကို ဗုဒ္ဓအား တင်ပြလေသည်။

ထိုအခါ ဗုဒ္ဓသည် ဥတ္တရလုလင်အား မေးတော်မူသည်မှာ အသင်တို့၏ ဥပနိဿဖြာဟ္မဏသည် အဆင်းကိုမကြည့်နှင့် အသံကို နားမထောင်နှင့်ဟု ဟောခဲ့ပြောခြင်းသည် နှစ်သက်မှုရာဂမနှစ်သက်မှုဒေါသစသော အကုသိုလ်တရားတို့သည် မဖြစ်မပေါ်နိုင်ရန် တားမြစ်ခြင်း ဖြစ်ပေလိမ့်မည်။ သည်လိုဆိုလျှင်—ဗုဒ္ဓကိုယ်တော်က မေးတော်မူသည်မှာ—

အန္ဓော ဟိ ဥတ္တရ စက္ခုမာ ရူပံ နပဿတိ၊
ဗဓိရော သောတေန သဒ္ဒံ နသုဏာတိ။

—ဥပရိပဏ္ဏာသပါဠိ

ဥတ္တရ၊ ချစ်သားဥတ္တရ။ ဟိ၊ သင်ပြောစကားတကယ်မှန်ပါကော။ အန္ဓော၊ အမိုက်မှောင်သူ ပဋိသန္ဓေကစ၍ စက္ခုနှစ်ကွင်းအလင်းမရှိ ဝံကန်းလာသော်သူသည်၊ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ နပဿတိ၊ မြင်ခဲ့ဖူးသင့်လည်းမမြင်ရ။ ဗဓိရော၊ ပဋိသန္ဓေကစ၍ နားပင်းလာသော်သူသည်။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ နသုဏာတိ၊ ကြားခဲ့ဖူးသင့်လည်းမကြားရ။

လိုရင်းအဓိပ္ပာယ်ကတော့ ပဋိသန္ဓေက စက္ခုပသာဒခဲ့ရှိတဲ့လာသော်သူသည်ဖြင့် နားပင်းလာသော သူသည်ဖြင့် အထူးတလည်ရှောင်ကြဉ်စရာမရှိတော့ဘဲ အလိုလိုပဋိပတ်ကိစ္စ ပြီးနေတော့သည်ဟုမှတ်ရလိမ့်မည်။ အနှိုလိုဆိုလျှင် မျက်စိကန်းအောင် နားပင်းအောင် ဆုတောင်းပေးရလိမ့်မည်။

ဤကဲ့သို့ဗုဒ္ဓကိုယ်တော်ကမိန့်တော်မူသောအခါပါရာသီဝိယ၏သာဝကကြီးဖြစ်သော ဥတ္တရလုလင်သည် မကြုံနိုင်လက်မှိုင်ချ၍ အဖြေမရတော့ဘဲ တုဏ္ဍိဘူတော—ဆိတ်ဆိတ်နေ၏၊ မကုံဘူတော—ရှက်၍နေ၏၊ အဓောမုခေါ- ဦးခေါင်းငိုက်ဆိုက်ကျ၍နေ၏၊ ပဗျာယန္တော— မကြုံနိုင် လက်မှိုင်ချ၍နေ၏။ ယောဂီတို့ ဤအကျင့်ပဋိပတ်သည် ဗုဒ္ဓကိုယ်တော်မြတ်၏ ဝါဒမဟုတ်၊ ဥပနိသျှပြာဟ္မဏတို့၏ဝါဒဟု မြဲမြံမှတ်ကြလေကုန်။

မျက်စိနှင့်နားကို ကန့်သတ်လို့ရသော်လည်း နှာခေါင်း, ပါးစပ်, ကိုယ်ကာယ, မနောတို့ကိုနှစ်သက်မှု မနှစ်သက်မှုကင်းအောင် ဘယ်လိုကျင့်ရမလဲ၊ ကျင့်လျှင်တော့ ဇာတ်ကိုလမထနှင့်တိုးတော့မှာဘဲ၊ မကျင့်နိုင်လျှင်ကာမသုခလွှဲကနယ်မြေက ထွက်မြောက်နိုင်မည်မဟုတ်၊ ကဲ .. ဘယ်လိုလုပ်ကြမလဲ၊ ဘယ်လိုကျင့်ကြမလဲ၊ ဝိဘင်္ဂဝါဒအရ ဝေဘန်ပါ။

ဤလိုကျင့်ကြပါ

ဥပဉ္ဇံ ခေါ မေ ဇာဒံ မနာပံ၊ ဥပဉ္ဇံ
အမနာပံ၊ ဥပဉ္ဇံ မနာပါမနာပံ။
တဉ္စ ခေါ သဓ်တံ ဩဠာရိကံ ပဋိစ္စသမုပ္ပန္နံ။

—ဥပရိပဏ္ဏာသပါဠိ

ခေါ၊ စင်စစ်။ မေ၊ ငါ၏။ ဇာဒံမနာပံ၊ ကျိုနှစ်သက်ခြင်းသည်။ ဥပဉ္ဇံ၊ ဖြစ်ပြီ။ ဇာဒံအမနာပံ၊ ကျိမနှစ်သက်ခြင်းသည်။ ဥပဉ္ဇံ၊ ဖြစ်ပြီ။ ဇာဒံမနာပါမနာပံ၊ကျိနှစ်သက်ခြင်း မနှစ်သက်ခြင်းသည်

ဥပပ္ဇန်း၊ ဖြစ်ပြီ။ ဧခါ၊ စင်စစ်အားဖြင့်။ တဥ္စ၊ ထိုနှစ်သက်ခြင်းမနှစ်သက်ခြင်း စသောသဘောတရားသည်။ သခ်ၤတံ၊ ပြုပြင်ရသော သခ်ၤတ တရားပေတည်း။ သြဠာရိကံ၊ ရုန့်ရင်းကြမ်းတန်း၏။ပဋိစ္စသမုပ္ပန်း၊ အကြောင်းကိုစွဲပြီးမှ ပျက်စီးရသော ခယဝယ တရားပေတည်း။

အဓိပ္ပါယ်

အဓိပ္ပါယ်မှာ အာရုံခြောက်မျိုးတို့နှင့် တွေ့ဆုံသောအခါ နှစ်သက်ခြင်းသည်ဂုဏ်း၊ မနှစ်သက်ခြင်းသည်ဂုဏ်း၊ ထိုနှစ်ပါးစုံသည်ဂုဏ်း၊ ရုန်ရင်းကြမ်းတန်းသော ဇာတ, ဘူတ, ကတ, သခ်ၤတနယ်မြေမှ လွတ်မြောက်သောတရားသည်ကား- ဥ နိသျ ဗြာဟ္မဏတို့၏ လမ်းစဉ်မဟုတ်၊ ဗုဒ္ဓ၏ကျင့်စဉ် ပဋိပတ်သည်သာလျှင် လွတ်မြောက်နိုင်သည်။ ထိုလမ်းစဉ်သည် ဝိပဿနာဉာဏ်စရိယဖြင့် ရှုမြင်နိုင်သော ပဋိပတ်သည် နှစ်သက်ခြင်း မနှစ်သက်ခြင်းတို့ကို ချုပ်ငြိမ်းစေနိုင်၏၊ ထို့ကြောင့်-

ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ ဥပေက္ခာတိ၊
တဿ တံ ဥပ္ပန်းံ မနာပံ ဥပ္ပန်းံ အမနာပံ
ဥပ္ပန်းံ မနာပါမနာပံ နိရုဇ္ဈတိ၊ ဥပေက္ခာ သဏ္ဌာတိ။

-ဥပရိပဏ္ဏာသပါဠိ

ယဒိဒံ- ယံ ဣဒံ ဥပေက္ခာ၊ အကြင် ဝိပဿနုပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ တေ ဥဝိပဿနုပေက္ခာသည်။ သန္တံ၊ ငြိမ်သက်၏။ ပဏီတံ၊ မြတ်၏။ ဣတိ၊ ဤသို့။ ဇာနာတိ၊ ပညာဖြင့်သိ၏။ တာဿ၊ ထို ဝိပဿနုပေက္ခာဉာဏ်ကို ရအောင် အား ထုတ် သော ပုဂ္ဂိုလ်၏ ဥပဉ္ဇန်း၊ ဖြစ်ပေါ်သော။ တံမနာပံ၊ ထိုနှစ်သက်ခြင်း သည်ဂုဏ်း၊ ဥပဉ္ဇန်း၊ ဖြစ်ပေါ်သော။ တံအမနာပံ၊ ထိုမနှစ်သက် ခြင်းသည်ဂုဏ်း၊ ဥပဉ္ဇန်း၊ ဖြစ်ပေါ်သော။ တံမနာပါမနာပံ၊ ထိုနှစ် သက်ခြင်း မနှစ်သက်ခြင်းသည်ဂုဏ်း။ နိရုဇ္ဈတိ၊ ချုပ်၏။ဥပေက္ခာ၊ ဝိပဿနုပေက္ခာသည် သဏ္ဌာတိ၊ ကြင်းကျန်၍ တည်၏။

အဓိပ္ပါယ်

အဓိပ္ပါယ်မှာ ဝိပဿနုပေက္ခာဉာဏ်ရှိသော ယောဂီပုဂ္ဂိုလ်သည် အာရုံခြောက်ပါးတို့၌ မြင်,ကြား,နံ,လျက်,ထိ,သိ၍ နေခြားသော်လည်း ဝိပဿနုပေက္ခာဉာဏ်ဖြစ်၍ နေတော့၏။အသျှင်မောဂ္ဂလာန်ရဟန္တာအား လူဆိုးတို့က သတ်မည်ဟု လာကြသော အခါအသျှင်မောဂ္ဂလာန်သည် မနှစ်သက်ဖွယ်ရှောင်တိမ်း၍ နေခြင်းသည်အမနာပ, ရှိမရှိဝေဘန်ရမည်။ထိုရှိမရှိအရာကို စွဲငြိနှံဒွေသပါဠိတော်ဥပသိဝမာဏဝပုစ္ဆာ၌ (သောဇာတုန်တို့ ကာရဏ့်နတ္ထိ)ဟူ၍ ဟောတော်မူသောကြောင့် အဝိဇ္ဇာ, သင်္ခါရ,တဏှာ, ဥပါဒါန်,ဘဝဟူသော အတိတ်အကြောင်းတို့သည်ဂုဏ်း၊ အဝိဇ္ဇာ, တဏှာ, ကံ, ဖဿ,အာဟာရ, နာမရူပ ဟူသောအကြောင်းရင်းတို့သည်ဂုဏ်း၊ ထိုအကြောင်းဝေး အကြောင်းနီ တို့သည် နတ္ထိသဒ္ဒါဖြင့် ဟောတော်မူသောကြောင့် အသျှင်မောဂ္ဂလာန်ကိုယ်တော်မြတ်မှာ လူဆိုးတို့အရိုက်အနှက် မခံလို၍၊ ဝါ၊ မနှစ်သက်၍ ရှောင်တိမ်း၍နေခြားသော်လည်း ဝိပဿနုပေက္ခာဉာဏ်ဖြစ်သည်

သာလျှင်တည်း။ ထိုဉာဏ်သည် သစ်္ခတနယ်မြေမှ လွတ်မြောက်သောကြောင့် နေကွမ္မဿိတ ဥပေက္ခာ ဟူ၍လည်းခေါ်၏။ ဝိညာဏခြောက်ပါး၌ ဥပေက္ခာသာဖြစ်သောကြောင့် ဆဠင်္ဂုပေက္ခာဟူ၍လည်းခေါ်၏၊ ဥပနိဿယပါရာသီဝိယ ဗြာဟ္မဏဆရာကြီးပြသောပဋိပတ်သည်ကား- ဂေဟဿိတဥပေက္ခာခေါ်သည်။ ဥဒကရသေ့နှင့် အာဠာရရသေ့တို့ ကျင့်သော ပဋိပတ်သည်ကား-စျာနဂုံပေက္ခာခေါ်သည်။ ထို့ကြောင့် ဂေဟဿိတဥပေက္ခာနှင့် စျာနဂုံပေက္ခာနှစ်ပါးတို့မှ လွတ်မြောက်သော ဥပေက္ခာသည် ဝိပဿီနဲ့ပေက္ခာဟူ၍ဂုဏ်း၊ နေကွမ္မဿိတဥပေက္ခာဟူ၍ဂုဏ်းခေါ်၏။ ယင်းဥပေက္ခာဖြစ်ပုံကိုအောက်၌လေ့လာပါ။

နေကွမ္မဿိတ ဥပေက္ခာ

တတ္ထ ကတမာ ဆ နေကွမ္မဿိတာ ဥပေက္ခာ
ရူပါနံတွေဝ အနိစ္စတံ ဝိဒိတ္ဝာ။

—ဥပရိပဏ္ဏာသပါဠိ ၂၆၁

တတ္ထ၊ ထိုဝိပဿနုပေက္ခာ၌၊ နေကွမ္မဿိတာ၊ ပုထုဇဉ်တို့နယ်မြေမှထွက်မြောက်၍ အရိယာဘူမိ၌မှီ၍နေကြကုန်သော။ ဆ၊ ခြောက် ပါး ကုန် သော၊ ဥ ပေ က္ခာ၊ ဥ ပေ က္ခာတို့သည်။ ကတမာ၊ အဘယ်သည်တို့နည်းဟူမူကား-ရူပါနံတွေဝ၊ ရူပါရုံတို့၏သာလျှင်။အနိစ္စတံ၊ မမြဲသည်၏အဖြစ်ကို။ ဝိဒိတ္ဝာ၊ ထင်ရှားစွာသိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

နေကွမ္မဿိတ ဥပေက္ခာသည် ခြောက်ပါး အပြာရှိ၏၊ ခြောက်ပါးဆိုသည်မှာ အဘယ်နည်း?

ရူပါရုံကိုမြင်သောအခါ၌ ဟိတ်ကင်းသော ဥပေက္ခာ သဟဇာတ် စက္ခုဝိညာဏ်သည် ဖဿကို မဖြစ်စေနိုင်၊ ဖြစ်စင် သန့်ရှင်း

ဖသော အနုပါဒါန်စက္ခုဝိညာဏ်ဖြစ်သည်။ ယင်းစက္ခုဝိညာဏ်ကို ဥဒ္ဒကနိကာယ်၌ ရူပေ ဝိဘူတေ နု ဖုသန္တိ" ဟူ၍ဝင်း၊ "ရူပေဝိဘူတေ ဖုသော နု ဟောတိ" ဟူ၍ဝင်း၊ "နု ဖုသန္တိ" ဟူ၍ဝင်း၊ ဤကဲ့သို့ ဟောတော်မူသော အချက်မှာ ဖဿမဖြစ်သည်ကို ဟောတော်မူသည်ဟုမှတ်ပါ။ ဒိဋ္ဌဒိဋ္ဌမတ္တံ ဘဝိဿတိ" စသော စကားတော်တို့သည်လည်း နေကွေ့ ဿိတဥပေက္ခာဖြစ်မှ "ဒိဋ္ဌ ဒိဋ္ဌ မတ္တံ" အစစ်ဖြစ်နိုင်သည်။

ဒေသ အနုပါဒါန်စက္ခုဝိညာဏ်ဖြစ်သည်။ ယင်းစက္ခုဝိညာဏ်ကို ဥဒ္ဒကနိကာယ်၌ ရူပေ ဝိဘူတေ နု ဖုသန္တိ" ဟူ၍ဝင်း၊ "ရူပေဝိဘူတေ ဖုသော နု ဟောတိ" ဟူ၍ဝင်း၊ "နု ဖုသန္တိ" ဟူ၍ဝင်း၊ ဤကဲ့သို့ ဟောတော်မူသော အချက်မှာ ဖဿမဖြစ်သည်ကို ဟောတော်မူသည်ဟုမှတ်ပါ။ ဒိဋ္ဌဒိဋ္ဌမတ္တံ ဘဝိဿတိ" စသော စကားတော်တို့သည်လည်း နေကွေ့ ဿိတဥပေက္ခာဖြစ်မှ "ဒိဋ္ဌ ဒိဋ္ဌ မတ္တံ" အစစ်ဖြစ်နိုင်သည်။

ပါရာသိဝိယ၏ ဥပေက္ခာ မျိုးနှင့် အာဠာရ ဥဒက တို့၏ ဥပေက္ခာမျိုးတို့သည်ကား .... မိစ္ဆာဖဿချုပ်ဘို့ရန် အကြောင်းမရှိ၊ မူလမိစ္ဆာဖဿထက် ၄-ပိုင်း ၃-ပိုင်းမျှ တိုးခြံလာလေသည်။ ဤသဘောကို နားမလည်ကြသော ယောဂီတို့သည် "ဒိဋ္ဌ ဒိဋ္ဌ

အာဇီဝပါယ်

အာဇီဝပါယ်မှာ— မြင်သော အခါ၊ ကြားသော အခါ၊ နံသောအခါ၊ စားသောအခါ၊ ထိသောအခါ၊ သိသောအခါ၊ ဤနှစ်ခြောက်ပါးသော ဌာနတို့၌ အာရုံခြောက်မျိုးနှင့် တွေ့သော အခါ သံသရာခဲ့ဖူးတတ်သော တဏှာ, မာန, ဒိဋ္ဌိတို့နှင့် မကပ်ငြိမလိမ်းကျံ၊ မငြိတွယ်သောသဘောကို "ဖဿော နု ဟောတိ" ဟူ၍ဝင်း၊ "နု ဖုသန္တိ" ဟူ၍ဝင်း၊ ဤကဲ့သို့ ဟောတော်မူသော အချက်မှာ ဖဿမဖြစ်သည်ကို ဟောတော်မူသည်ဟုမှတ်ပါ။ ဒိဋ္ဌဒိဋ္ဌမတ္တံ ဘဝိဿတိ" စသော စကားတော်တို့သည်လည်း နေကွေ့ ဿိတဥပေက္ခာဖြစ်မှ "ဒိဋ္ဌ ဒိဋ္ဌ မတ္တံ" အစစ်ဖြစ်နိုင်သည်။

ပါရာသိဝိယ၏ ဥပေက္ခာ မျိုးနှင့် အာဠာရ ဥဒက တို့၏ ဥပေက္ခာမျိုးတို့သည်ကား .... မိစ္ဆာဖဿချုပ်ဘို့ရန် အကြောင်းမရှိ၊ မူလမိစ္ဆာဖဿထက် ၄-ပိုင်း ၃-ပိုင်းမျှ တိုးခြံလာလေသည်။ ဤသဘောကို နားမလည်ကြသော ယောဂီတို့သည် "ဒိဋ္ဌ ဒိဋ္ဌ

မတ္တံ”ပဋိပတ်ကို ဥစ္စေဒဆန်ဆန်၊ ဝါစျာနုပေက္ခာ ဆန်ဆန် သင်တန်းပေးလိုက်ကြသည်၊ ထို့ကြောင့် ပါရာသိဝိယ ဗြာဟ္မဏ ဆရာတို့၏နည်းနိဿသာအဖတ်တင်ခဲ့လေသည်။ ဗုဒ္ဓ၏ နည်းကို ကား-ဒုယမက္ခဲသမျှ ကာလပတ်လုံး တရားတော်၏ အစစ်အမှန်ကို သိဘို့ရန် အလွန်ခက်ပေလိမ့်မည်။

စိပဿနာနုပေက္ခာဉာဏ်

“ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ ဘဝိဿတိ”ဟု ဟောတော်မူသော ဒဿနာ တော်သည် ဟိတ်ကင်းသော ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ် ဖြစ်သည်ကို သာသျှင် ဟောတော်မူသည်၊ “သုတေ သုဘမတ္တံ ဘဝိဿတိ” အစရှိသည်တို့မှာလည်း ဥက္ခောသဟဂုတ်သောတ ဝိညာဏ်၊ “မုတေ မုတမတ္တံ ဘဝိဿတိ”၌ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ် အစရှိသောအာဒြင့် ဖြင်ဆဲ ကြားဆဲနံဆဲ ခဏာ တို့၌ ဟိတ်ကင်းသော ဥပေက္ခာသဟဂုတ် ဝိညာဏ်နှင့် တကွ လေးကုတ္တရုံ ဥာဏသမ္ပယုတ် စိတ် [illegible] နှစ်စွဲ၊ ဒုက္ခ၊ အနတ္တ တရားတို့ကိုမြင်မှ မင်ဆုံကဲ့ ဖိုလ်ဆိုဟူသော စိပဿနုပေက္ခာ ဉာဏ်ကို ရနိုင်လေသည်။

စျာန်ဂုံပေက္ခာမျိုးဖြင့် သမာဓိကို ယူ၍ သော်၎င်း၊ ထို့ စျာနဂုံပေက္ခာကိုမရဘဲ ဂေဟသိတာ ဥပေက္ခာမျိုးဖြင့်အောင့် အဲသည်းခံ၍ ကြံဘန်ခါ ကိုလသာမဂ်နိုင်အောင်ပယ်ဖျောက် ခြင်းသည်လည်း ဒိဋ္ဌ ဒိဋ္ဌ မတ္တံ မဟုတ်။

အထူးစီစစ်ချက်

အာရုံ ခြောက်ပါးနှင့် တွေ့သော အခါ ဝိညာဏစရိယ၏ ဝုဋ္ဌောဝါဒမည်သော ဝေါဋ္ဌပ္ပနဝါဒမှ ဉာဏစရိယ၏ ဇဝန-

ဝါဒတဒါရုံတိုင်အောင် သတ္တရသယုဂပြည့်၍ သုညတအနတ္တ, တုစ္ဆအနတ္တ, အနိမိတ္တ အနတ္တ ထင်မြင်ခြင်းနှင့်တကွ ပရမတ္ထ-ဓမ္မာရုံ အဆင်းကို ဒဿနကိစ္စတပ်၍ မြင်ခြင်းကိုသာ "ဒိဋ္ဌ-ဒိဋ္ဌမတ္တံ" ဟုဆိုသည်။ ထို့အတူ သဒ္ဒါရုံ ကိုလည်း သဝန ကိစ္စ တပ်၍ ကြားခြင်းကိုသာ "သုတေ သုတမတ္တံ" ဆိုသည်၊ ဂန္ဓာ ရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်း အစဉ်အတိုင်း ဃာယနကိစ္စ, သာယနကိစ္စ, ဟုသာနကိစ္စအခိုက်အတန့်မတ္တကိုသာ "မုတေ မုတ-မတ္တံ" "ဆိုသည်။ ထိုထိုပရတ္ထဓမ္မာရုံတို့ကိုလည်းသိခါမျှ ဇာနနကိစ္စ အခိုက်အတန့်ကိုသာလျှင် "ဝိညာတေ ဝိညာတမတ္တံ" ဟု ဆို သည်။ ထို့ကြောင့် ဒိဋ္ဌရုပ် သုတရုပ် မုတရုပ် ဝိညာတရုပ်တို့ကို မကြည့်နှင့် မကြားနှင့်စသော ပိဟ်ပင်မှုကို ဗုဒ္ဓအလိုမရှိ၊ ဂေဟ သိဘ ဥဓပကွာဖြင့်ဂုဏ်း၊ စျာနဂုံပေကွာ ဖြင့်ဂုဏ်း၊ ဥပနိဿ ဖြာဟမ္မကတို့၏ ဝါဒကို ဗုဒ္ဓပယ်ဇေတာ်မူသည်။

ဇိပဿနုပေကွာ ဥဒဗ္ဗေသညာဏပဋိဂမ္ဘီ

ထို့ကြောင့်ဗုဒ္ဓသည် "စက္ခုနာ ရူပံ ဒိသွာ ဥပဥ္ဇတိဥကွော" ဟူ၍ ဟောတော်မူသည်။ မျက်စိဖြင့် အဆင်းကိုမြင်သောအခါ ဒဿနကိစ္စတပ်၍ သုညတအနတ္တ စသောဝိပဿနာ ဉာဏစရိယ တို့၏ ဖြစ်နေခြင်းကိုသာ မိစ္ဆာအာရုံကို လျစ်လျူရှု ထား ရသဖြင့် ယင်းကိုပင် ဝိပဿနုပေကွာ ဟူ၍ဂုဏ်း၊ နောကွမ္မသိတ ဥပေကွာဟူ၍ဂုဏ်း၊ ခြောက်ပါးလုံးစုံ အကုန်ခြုံ၍ ဥပေကွာဖြစ်ခဲ့ လျှင် ဆဠင်္ဂုံပေကွာဟူ၍ဂုဏ်း၊ ဟောတော်မူသည်။ စိတ်တခုကို ကောဂတာကျအောင်ထိန်းသိမ်း၍ သမထ သမာဓိဖြင့်နေနိုင်ခြင်း ကိုစျာနဂုံပေကွာသာဖြစ်သည်ဟူ၍မှတ်။ထိုစျာနဂုံပေကွာကို ဗုဒ္ဓ အလိုမရှိ၊ ဗုဒ္ဓ၏အလိုတော်မှာကား....မဟာနိဒ္ဒေသ ပါဠိတော်

မှာလာသည့်အတိုင်း အာရုံခြောက်ပါးနှင့် တွေ့ဆုံသောအခါ နဖုသန္တီ, ဟူ၍ဝင်း ဖဿောနဟောတိ, ဟူ၍ဝင်း၊ အဝိဇ္ဇာ တဏှာ, ကံ, ဖဿဲ, အာဟာရ နာမရူပဟူသော ပစ္စက္ခအကြောင်းဟာရားတို့ ချုပ်ငြိမ်းခြင်းကိုသာ မြင်ခါမျှ, ကြားခါမျှ, နံခါမျှ, စားခါမျှ, ထိခါမျှ, သိခါမျှဖြစ်သော "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ" အစရှိသည်တို့ မုချဖြစ်နိုင်သည်ဟု ဟောတော်မူ[illegible]ခါမျှ အစရှိသည်တို့ ဖြစ်နေသော်လည်း ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဖြစ်သော ပရမတ္ထခန္ဓာတို့သည် မချုပ်ဟူ၍မှတ်။

ဝိပဿနုပေက္ခာဖြစ်ပုံ

သေယျထာပိ အာနန္ဒ စက္ခုမာ ပုရိသော ဥမ္မိလေတ္ဝာ ဝါနိမိလေယျ၊ နိမိလေတ္ဝာ ဝါဥမ္မိလေယျ၊ ဧဝမေဝ ခေါ အာနန္ဒ ယဿ ကဿစိ ဧဝံ သိဃံ ဧဝံ တုဝဋ္ဋံ ဧဝံ အပ္ပကသိရေန ဥပ္ပန္နံ မနောပံ ဥပ္ပန္နံ အမနောပံ ဥပ္ပန္နံ မနောပါ မနောပံနိရုဇ္ဈတိ၊ ဥပေက္ခာ သဏ္ဌာတိ။

—ဥပရိပဏ္ဏာသပါဠိ

အာနန္ဒ, အာနန္ဒာ။ စက္ခုမာ၊ မျက်စိရှိသော။ ပုဂ္ဂိုလ်သာ၊ ယောကျ်ားသည်။ ဥမ္မိလေတ္ဝာ၊ မျက်စိဖွင့်၍ နေသော်လည်း။ နိမိလေယျ၊ သေယျထာပိ၊ မှိတ်၍နေသကဲ့သို့ဝင်း။ နိမိလေတ္ဝာဝါ၊ မျက်စိကိုမှိတ်၍နေသော်လည်း ဥမ္မိလေယျ၊ သေယျထာပိ၊ ဖွင့်၍နေသကဲ့သို့ဝင်း။ အာနန္ဒ, ချစ်သားအာနန္ဒာ၊ ဧဝမေဝံ၊ ခေါ၊ ဤပမာအတူသာလျှင်။ ယဿကဿစိ၊ တစုံဘယောက်သော သူ၏။ ဧဝံသိဃံ၊ ဤသို့လျှင်စွာ။ ဧဝံတုဝဋ္ဋံ၊ ဤသို့မြန်စွာ။ ဧဝံအပ္ပကသိရေန၊ ဤသို့ ပင်ပန်းခြင်း မရှိသဖြင့်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ မနောပံ၊ နှစ်သက်ခြင်းသည်ဝင်း။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော အမနောပံ

မန္ဒစ်သက်ခြင်းသည်၎င်း။ ဥပုန်း၊ ဖြစ်ပေါ်သော။ မနာပါ-
မနာပံ၊နှစ်သက်ခြင်း မန္ဒစ်သက်ခြင်းသည်၎င်း။ နိပ္ပဇ္ဇတိ၊ ချုပ်၏။
ဥပေက္ခာ၊ဝိပဿနုပေက္ခာသည်။သဏ္ဌာတိ၊ ကြင်းကျန်၍တည်၏။

ဗုဒ္ဓအလိုတော်

ဗုဒ္ဓကိုယ်တော်မြတ်က အဆင်းကိုမြင်လျှင် မျက်စိကို မှိတ်၍ မထားနှင့်၊ အသံကိုကြားလျှင် နားကိုပိတ်၍မထားနှင့်၊ ဃာန, ဇိဝှါ,ကာယ,မနတို့၌လည်း ဆို့အတူ ပင်ပန်းဆင်ရဲအောင် ဆို့ပိတ်၍မထားနှင့်၊ အနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာ ဉာဏ်တို့ကိုသာ ရအောင်လုပ်၊ ထိုဉာဏ်တို့ကို ရလျှင် ဝိပဿနုပေက္ခာဉာဏ်ကို ရသည်ဖြစ်၍ အဆင်းကိုမြင်သော အခါမိမိ၏မျက် စိကိုဖွင့်၍ ကြည့်နေသော်လည်း မှိတ်၍ ထားသကဲ့သို့၎င်း၊ မှိတ်၍ထားသော်လည်း ကြည့်နေသကဲ့သို့၎င်း၊ မပင်မပန်းဘဲ အတွက်လမထနှင့် ကာမသုခလွတ်၍ အရိယာတို့၏ အာယုတရစက်၌ လည်၍ နေထိုင် အပြစ်မရှိ ပကတိ စင်ကြယ်သော အရိယာဘူမိ၌ တည်၏ဟူ၍ ဟာတော်မူသည်။

ဤဒေဒိဋ္ဌမတ္တံ ပဋိပတ်၌ အနာထပိဏ်သူဌေးသည် ပြင်းထန်သော ရောဂါကပ်ရောက်သောအခါ အသျှင်သာရိပုတ္တရာနှင့် အသျှင် အာနန္ဒာတို့သည် ကွလာတော်မူကြ၍ သူဌေးကြီး၏ လျှောက်ထားတောင်းပန်ချက်အရ ကျင့်သုံးနေထိုင်ပုံကိုအောက် ပါအတိုင်း ဟောတော်မူ၏။

(၃၀၅)"နု စက္ခုဝိညာဏံ ဥပါဒိယိသာမိ၊ နု စမေ
စက္ခုဝိညာဏ နိဿိတံ ဝိညာဏံ ဘဝိဿတိ"တိ
ဧဝံ ဟိတေ ဂဟပတိ သိက္ခိတဗ္ဗံ။
ဥပရိပဏ္ဏာသ(၃၀၄)–မဇ္ဈိမနိကာယ် သဠာယတနဝဂ်

ဂဟာပတိ၊သူဌေးကြီး။ စက္ခုဝိညာဏံ၊ ဥပါဒါန်စက္ခုဝိညာဏ်ကို။နှ ဥပါဒိယိသောမိ၊အစဲမရှိအံ့။ဓမေ၊ ငါ၏။စက္ခုဝိညာဏနိသ်ိတံ၊ ဥဓပက္ခေသဟဂုတ် ပရမတ္ထစက္ခုဝိညာဏ်ကို မှီ၍ဖြစ်သော။ ဝိညာဏံ၊ဥပါဒါန်ဝိညာဏ်သည်။ နဘဝိဿတိ၊မဖြစ်လတ္တံ့။ (စ) အနုက်မဲ့။

ဆိုလိုရင်းအဓိပ္ပါယ်

ဤကဲ့သို့ ဟောတော်မူသော အရာမှာ ဝိညာဏ် ဒွယဖြစ်ပုံ ထင်ရှား၏။ဆိုလိုရင်းအဓိပ္ပါယ်မှာ တဏှာကိုအာရုံပြုသော မိစ္ဆာဝိညာဏ်သည် ကုသိုလ်ဟိတ် အကုသိုလ်ဟိတ်တို့မှကင်းသောကမ္မနိရောဓဖြစ်တဲ့ ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်စိတ်ကိုမှီ၍ ဖြစ်၏ ဟုဆိုလိုသည်။ ထိုမှီ၍ဖြစ်သော ဥပါဒါန်ဝိညာဏ်သည် ဝိပဿနာ ဉာဏစရိယဇောတို့ဖြင့် ခြဲခန်းသောအာရုံတို့ကို အာရမ္မဏာဓိပတိပစ္စည်းဖြင့် အကြိမ်ကြိမ်မှီပြု၍ သုညတဉာဏ် နိရောဓမမှကို အာရုံပြုသောအခါ မိစ္ဆာဝိညာဏ်ပျောက်၍ ဥပါဒါန်ဝိညာဏ်သည် သူ၏ အာရုံပြုနေက္ခ တဏှာအာရုံတို့ကို ပြုခွင့်မရတဲ့ အချည်းနှီး တုစ္ဆသဘောသို့ ရှေ့လျော ရသောကြောင့် ဟိတ်ကင်းသော ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်သည်သာလျှင် ကြွင်းကျန်တော့၏ဟု ဆိုလိုသည်။ ဤသဘောကို ရည်၍—

> “ဥပ္ပန္နံ မနာပံ ဥပ္ပန္နံ အမနာပံ ဥပ္ပန္နံ မနာပါမနာပံ
> နိရုဇ္ဈတိ၊ ဥဓပက္ခာ သဏ္ဌာတိ” ဟူ၍ ဟောတော်မူသည်။

မနာပံ, အမနာပံ, မနာပါမနာပံ စသော ဥပါဒါန်ဝိညာဏ်ကြောင့်ဖြစ်သော နှစ်သက်မှုမနှစ်သက်မှုတို့သည် တုစ္ဆ, သူညဖြစ်မှု ဥပေက္ခာသဟဂုတ်စက္ခုဝိညာဏ်သာ ကြွင်းကျန်တော့၏ဟု မြဲမြဲ

မှတ်လေ၊ယင်းကိုပင်စကၠုန္ဒြေကိုစောင့်စည်းသောဣန္ဒြိယအနုတ္တရ ဘာဝနာဟု ခေါ်သည်။

အမှာ။ ။သောတ, ဃန, ဇိဝှါ, ကာယ, မနတို့မှာလည်း စက္ခုနေရာမှာ သောတအစားထိုး၍ ရှုမှတ် ပွါးများကြပါလေ။

ဝေဠုဝံလင်အောင်

မိစ္ဆာအာရုံ၏ နှစ်သက်မှုမနှစ်သက်တို့သည် အကြွင်းမဲ့ ချုပ်ငြိမ်း၍ သွားကြသော သဘောကိုသာ ရေးသား၍ ဤနေရာက ရပ်တန့်လိုက်လျှင် ပုထုဇဉ် သဘာဝ တွေးနေကျတွေးလုံး ကြံနေကျကြံလုံးဖြင့် အာသဓဝါကုန်ပြီးသောရဟန္တာပုဂ္ဂိုလ်များအာရုံငါးပါးနှင့်တွေ့ဆုံသောအခါ နှစ်သက်မှု မနှစ်သက်မှုတို့သည် မရှိဟူ၍ လောကဌ် ပြောဟောနေကြသော တရားသံ တို့ကြောင့် ရဟန္တာဖြစ်ချင်သောသူတို့၏ စိတ်နှလုံးဌ် ဘေကြပ်ဘီကြပ် အနေခက်အထိုင်ခက် အိုး တိုးအင့်ဘင့်ဖြစ်အောင် ဝေဘန်ကြသော ဗြာဟ္မဏဝါဒီ ဒုဿုတေသီတို့၏ မိစ္ဆာဘရားကိုပယ်ဖျောက် ခြင်းငှာငင်းဤကျမ်းဆရာ၏ စေ့ငုံလင်အောင် ပြတ်သားစွာရေးသားရမည်တာဝန်ရှိနေပြန်သောကြောင့်ငင်း ဂန္ထဂရုနှင့်အတိပ္ပပဉ္ဉေနာလံ ဟူသော ဂန္ထဝိတ္ထာရ ဒေါသကို အပြစ် မမြင်ဘဲ အောက်နားက ဘုရားရှင်ဟောတော်မူသော အမိန့်သံကို နာခံလိုက်ပါဦး။

ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတာကရဏီယော ဩဟိတ ဘာရော အနုပ္ပတ္တ ပဒတ္ထော ပရိက္ခီဏ ဘဝ သညော ဇနော သမ္မ ဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဋိန္ဒြိယာနိ၊ ယေသံ

ဘာဝိတတ္တာ မနာပါမနာပီ ပစ္စုပ္ပန္နေဘောတိ၊သုခ ဒုက္ခံမဋ္ဌိ သံဝေဒိယတိ။

-ဣတိဝုတ်ပါဠိတော်

ခီဏာသဝေါကုန်ဒေပ်ပြီးသော အာသဝေါရှိမဟုတ်မူသော။ စုသိတဝေါကျင့်အပ်ပြီးသော အရိယာမဂ်ဝိုလ်သော။ ကာကရ ဏီယော၊ပြုအပ်ပြီးသောအရဟတ္တဖိုလ်ကိစ္စရှိပြီးသော။ ဩဟိ-တဘာရော၊စွန့်အပ်ပြီးသော က မဂုဏ်ရှိဖေထသော။ အနုပ္ပတ္တ ပဒတ္တော၊မဂ်အားဖြင့် အစဉ်အတိုင်းရောံအပ်သောကြောင့် မြတ် သော အရဟတ္တဖိုလ်လည်းရှိပေထဖသော။ပရိက္ခီဏ ဘဝ သံယော ဇနော၊ အရဟတ္တမဂ်ဉာဏ်ဖြင့်ကုန်ခမ်းစေအပ်ပြီးသော သံယော-ဇဉ်ရှိထသော။ သမ္မ-သမ္မာ၊ မှန်ကန်စွာ၊ အညာ-အညာယ၊ အ ဟုတ်တကယ်သိပြီးသည်ဖြစ်၍။ဝိမုတ္တော၊ဉပါဒါနက္ခန္ဓာဘေးဆိုး ကြီးမှလွတ်ကြီးလွတ်၍နေသော။ ဝါ၊ လွတ်သည်ဖြစ်၍။ အရဟံ ကိလေကင်းစင် ရဟန္တာအသျှင်သည်။ ဟောတိ၊ ဖြစ်ရ၏လော်။ ဘိက္ခဝေ၊ချစ်သားတို့။တသ၊ ကိုရဟန္တာဖြစ်လေပြီးသောပုဂ္ဂိုလ် အား။ပဋိဒ္ဒေသနာ၊စကားစသောဣန္ဒြေငါးပါးတို့သည်။တိဋ္ဌန္တေဝ၊ တည်ရှိကုန်သေးသည်သာတည်း။ဧယသံ ယင်းသို့သော မျက်စိ စသော ဣန္ဒြေငါးပါးတို့၏။ ဘာဝိတတ္တာ၊ ဖြစ်နေ ရှိနေသေး သောကြောင့်။ မနာပါမနာပံ၊နှစ်မျိုး.ဘုယ်မနှစ်မျိုး.ဘုယ်သော အာရုံငါးပါးကို။ ပစ္စနုဘောတိ၊ သုံးဆောင် စံစားရသေး၏။ သုခဒုက္ခံ၊ချမ်းသာဆင်းရဲကို။ ပဋိသံဝေဒိယတိ၊ စံစားရသေး၏။

အဓိပါယ်

အဓိပါယ်မှာ=ဤလောကဌ ဗြာဟ္မဏအယူကို အလွန်အကျွန် ယူပြီးသား ရှိနေကြကုန်သော ပုဂ္ဂိုလ်တို့က ကိလေသာကုန်ပြီး

သော ရဟန္တာ အသျှင်မြတ်တို့မှာ ဆွမ်းဘုန်းပေးသော်လည်း အရသာကိုမခံစားဘဲ အမှတ်တမဲ့မျိုချသလိုလို ခံစားမှုအလျင်း မရှိသလိုလို ပြောဆိုနေကြသော စကားသံတို့သည် ခဏခဏ ကြားနေရ၏။ သဘောကတော့ ဝေဒနက္ခန္ဓာကို ဖျောက်၍ ခံစားမှုအလျင်းမရှိဟု ဆိုခြင်းပေတည်း။ မချုပ်ကောင်းမပျောက် ကောင်းသော ပရမတ္ထဝေဒနာကို ချုပ်အောင် ပျောက်အောင် တွေးတောခြင်းသည် သာသနာတော်ကိုဖျက်ဆီးရာရောက်သည်။

ဗုဒ္ဓကိုယ်တော်တိုင်က ဘိက္ခုတို့ အာသဝေါကင်းစင်ပြီး သော ရဟန္တာပုဂ္ဂိုလ်သည် ဥပါဒါနက္ခန္ဓာဖြစ်သော ဘေးဆိုး ကြီးမှလွတ်မြောက်၍ ကိစ္စသာအလျင်းမရှိသော်လည်း စက္ခု စသော ဣန္ဒြေငါးပါးတို့က ထင်ရှား ရှိနေပြန်သောကြောင့် အာရုံငါးပါးနှင့်တွေ့ဆုံသောအခါ နှစ်လိုဘွယ် မနှစ်လိုဘွယ်တို့ သည်လည်းရှိနေသေးသည်ဟု ဟောတော်မူသော ဒေသနာတော် ကိုထောက်၍ အာသဝေါကင်းစင်းပြီးသော ရဟန္တာအသျှင်များ သည်လည်း မနာပုံ,အမနာပံဟူ[illegible]အချက် ထင်ရှား ရှိ၏ဟု မှတ်ရမည်။

မေးဘွယ်ရှိ၏

ယင်းကဲ့သို့ မနာပုံ,အမနာပံရှိနေလျှင်—ဥပေက္ခာ သဏ္ဌာတ် ဆိုတဲ့ပါဠိတော်နှင့် မဆန့်ကျင်ဘူးလား ဟူ မေးဘွယ်ရှိ၏။ ထို စကားမှန်၏၊ဥပေက္ခာ ဆိုသည်မှာ လျစ်လျူရှုသည် ကိုသာ ဥပေက္ခာဆိုသည်၊မည်သည့်အရာကို လျစ်လျူရှုသည်ဟု သိဘို့ရန်, အလွန်အရေးကြီးသည်၊အလွန်နက်နဲခက်ခဲသည်။ရဟန္တာပုဂ္ဂိုလ် များမှာ—

ယေန ရာဂေန ဝေဒေယျုံ၊
ယေန ဒေါသေန ဝေဒေယျုံ၊
ယေန မောဟေန ဝေဒေယျုံ၊

အကြင်ရာဂဖြင့် အကြင်ဒေါသဖြင့် အကြင်မောဟဖြင့် နှုတ်မြွက်၍ ဆိုကုန်ငြားသော်လည်း "နစအတ္ထိ" (မရှိသည်သာ)ဟု စူဠနိဒ္ဒေသ၌ ဟောတော်မူသောကြောင့်ဂုဏ်း၊

မုဠ္ဍောတိ ဝါ၊ ပရာမဋ္ဌောတိ ဝါ၊

တွေဝေသော်သူ၊ ဒိဋ္ဌိဖြင့်သုံးသပ်သောသူ မဟုတ်ဟူ၍ဂုဏ်း ဟောတော် မူသောကြောင့် ထိုရဟန္တာပုဂ္ဂိုလ်တို့အား အာရုံငါးပါးတို့နှင့်တွေ့ကြုံ၍ နှစ်သက်မှု မနှစ်သက်မှု မနာပုံ အမနာပုံ ဖြစ်သော်လည်း ဥပေက္ခာသာလျှင်ကြွင်းကျန်၏ဟု မှတ်လေ။

ဥပေက္ခာဟူသည်

ဥပေက္ခာဆိုသည်မှာ ဝိပဿနာဉာဏ်ဖြင့် ဥပါဒါနက္ခန္ဓာငါးပါးကို လျစ်လျူရှုခြင်းကို ခေါ်သည်၊ ဒဿနကိစ္စ, သဝနကိစ္စ တပ်သော မြင်မှု ကြားမှုတို့ကို မမြင်မကြားအောင် လျစ်လျူရှုသည် မဟုတ်ဟုမှတ်။

အပိ စ မေ ဒီဃရတ္တံ သတ္ထာ ပယိရုပါသိတော၊
မနောဘာဝနီယာ စ ဘိက္ခူ၊ နစ မေ ဝေရူပီ
ဓမ္မီ ကထာ သုတပုဗ္ဗာတိ။
နခေါ ဂဟပတိ ဂိဟီနံ သဒါတဝသနာနံ
ဝေရူပီ ဓမ္မီ ကထာ ပဋိဘာတိ၊ ပဗ္ဗဇိတာနံ
ခေါ ဂဟပတိ ဝေရူပီ ဓမ္မီ ကထာ ပဋိဘာတိတိ။

—ဥပရိပဏ္ဏာသပါဠိ

အပိစ၊ စင်စစ်သော်ကား။ မေ၊အကျွန်ုပ်သည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ သတ္ထာ၊မြတ်စွာဘုရားကို။ပယိ-ရုပါသိတော၊ ဆည်းကပ်အပ်ပြီ။ မဒုနာဘာဝနီယာ၊ စိတ်နှလုံးကိုပွားစေတတ်ကုန်သော။ ဘိက္ခု၊စ၊ ရဟန်းတို့ကိုလည်း။ ပယိ-ရုပါသိတာ၊ ဆည်းကပ်အပ်ကုန်ပြီ။ စ၊ ထို့သို့ဆည်းကပ်သော်လည်း။ မေ၊ အကျွန်ုပ်သည်။ ဧဝရူပီ၊ ဤသို့သဘောရှိသော။ ဓမ္မီ၊ တရားနှင့်ယှဉ်သော၊ကထာ၊စကားကို။နုသုတပုဗ္ဗာ၊ မကြားနာအပ်ဘူးပါ။ဣတိ၊ ဤသို့လျှောက်၏။

ဂဟပတိ၊ သူဌေးကြီး။ ဩဒါတဝသနာနုံ၊ဖြူသောအဝတ်ကို ဝတ်ကုန်ဿသာ။ ဂိဟီနုံ၊ လူတို့၏။ဧဝရူပီ၊ ဤသို့သဘောရှိသော ဓမ္မီ၊တရားနှင့်ယှဉ်သော၊ ကထာ၊ စကားသည်။ နခေါပဋိဘာတိ၊ မထင်နိုင်။ဂဟပတိ၊ သူဌေးကြီး။ ပဗ္ဗဇိတာနုံခေါ၊ ရဟန်းတို့၏သာလျှင်။ ဧဝရူပီ၊ ဤသို့သဘောရှိသော။ ဓမ္မီ၊ တရားနှင့်ယှဉ်သော။ ကထာ၊ စကားသည်။ ပဋိဘာတိ၊ ထင်မြင် နိုင်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အဓိပ္ပာယ်

အဓိပ္ပါယ်မှာ—အနာထပိဏ်သူဌေးက အသျှင်သာရိပုတြာကို “အသျှင်ဘုရား၊ အကျွန်ုပ်သည် နှစ်ရှည်လများစွာ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်း၍ ဘုရားရှင်ကိုဆည်းကပ်ခဲ့ရပါသော်လည်း ဤတရားမျိုးကို မကြားနာရဘူးပါ”ဟု လျှောက်၍ ဝမ်းနည်းစွာဖြင့် မျှော်ရည်ကျ၏။ အဘယ်ကြောင့်တပည့်တော်ကို ရင်းနှီးသောဒါယကာဖြစ်ပါလျက် ဤတရားကို မဟောပါသနည်းဟု လျှောက်ထားသောအခါ—

"ဒါယကာသူဌေးကြီး၊ ဤတရားကား—ဝတ်ဖြူဝတ်ကြောင်ကိုဝတ်သော လူတို့သည် တရားတော်၏အနက်ကို ထင်မြင်နိုင်ရန် ခက်၏။ ထို့ကြောင့် မြတ်စွာဘုရားဟောတော်မမူ" ဟု အမိန့်ရှိလေသည်။

ထိုအခါ သူဌေးကြီးက "အသျှင်ဘုရား.... ဝတ်ကြောင်ကို ဝတ်၍နေသော်လည်း ဤတရားတော်ကို သိနိုင်သောအမျိုးကောင်းသားတို့သည် ရှိကြပါကုန်၏။ ထို့ကြောင့် ဤတရားကို ဟောတော်မူပါ" ဟု လျှောက်ထားလေသည်။

ပဋ္ဌပါဒါနက္ခန္ဓဝင်းပါးကိုဟောခြင်း

၁။ နရုပံ ဥပါဒိယိသာမိ၊ နစမေ
ရူပနိသိတံ ဝိညာဏ ဘဝိသတိ။

၁။ ရူပံ၊ မိစ္ဆာဧမ္မာရုံဖြစ်သောအာရုံရုပ်ကို။ နဥပါဒိယိသာမိ၊ အစဲမရှိအံ့။ ရူပနိသိတံ၊ မိစ္ဆာအာရုံကိုမှီ၍ ဖြစ်သော။ဝိညာဏံ၊အစဲဝိညာဏ်သည်။မေ၊ငါ့အား။ နစဘဝိသတိ၊ မဖြစ်လတ္တံ့။

၂။ နဧဝေဒနံ ဥပါဒိယိသာမိ၊ နစမေ
ဧဝေဒနာနိသိတံ ဝိညာဏံ ဘဝိသတိ။

(ဧဝေဒနုပါဒါနက္ခန္ဓာကို ဘာသာပြန်လေ။)

၃။ နသညံဥပါဒိယိသာမိ၊ နစမေ
သညာနိသိတံ ဝိညာဏံ ဘဝိသတိ။

(သညုပါဒါနက္ခန္ဓာကိုဘာသာပြန်လေ။)

၄။ နသန်ဒါရေဥပါဒိဿာမိ၊ နစမေ
သန်ဒါရာနိဿိတံ ဝိညာဏံ ဘဝိဿတိ။
(သန်ဒါရုပါဒါနကွန္ဓာကို ဘာသာပြန်လေ)။

၅။ နဝိညာဏံ ဥပါဒိယိဿာမိ၊ နစမေ
ဝိညာဏနိဿိတံ ဝိညာဏံ ဘဝိဿတိ။
(ဝိညာဏုပါဒါနကွန္ဓာကို ဘာသာပြန်လေ)

ပါဠိတော်၏ နိဒဿနအားဖြင့်

နပဉ္စုပါဒါနက္ခန္ဓေ ဥပါဒိယိဿာမိ၊ နစမေ
ပဉ္စုပါဒါနက္ခန္ဓ နိဿိတံ ဝိညာဏံ ဘဝိဿတိ။
(ဥပါဒါနက္ခန္ဓာငါးပါးလုံးစွဲ၍ ဘာသာပြန်ဆိုလေ)။

ဤကား–ဥပါဒါန်အစွဲနှင့်တကွ ဖြစ်ပေါ်သော ဥပါဒါန်ဝိညာဏ်ကိုမဖြစ်စေရန် ဟောတော်မူသော အချက်ပေတည်း။ အဘယ်သို့ကျင့်သုံးနေထိုင်မှ ဥပါဒါန်ဝိညာဏ်ချုပ်နိုင်သနည်း။ "ရူပေဝိဘူတေ ဖဿော နဟောတိ" ဟု နောတ်ပိုင်းကပြခဲ့သည့် အတိုင်း မိစ္ဆာအာရုံကို မဖြစ်စေရန် လက္ခဏာထင်မြင်ဘို့အရေးကြီးလေသည်။ အနတ္တလက္ခဏာတခုထင်မြင်လျှင်ပင် မိစ္ဆာဖဿ မဖြစ်နိုင်၊မိစ္ဆာဖဿ မဖြစ်သည်ရှိသော် အာရုံခြောက်ပါးဌဉ်ဥပါဒါန်ဝိညာဏ်မဖြစ်နိုင် သောကြောင့် ဝိပဿနုပေက္ခာသာ ဖြစ်၏ ဟူ၍မှတ်။

အနာဂါတ်၌ ဥပါဒါန်မဖြစ်စေရန်

နပရလောကံ ဥပါဒိယိဿာမိ၊ နစမေ
ပရလောကနိဿိတံ ဝိညာဏံ ဘဝိဿတိ။

ကာမုပါဒါန်ပြုတ်ရန် တမလွန်လောကကို မစွဲနှင့်ဟု ဆိုလို သည်။

အနုထပိဏ်သူဌေး ကွယ်လွန်ခြင်း

ထိုအခါ အနာထပိတ်သူဌေးသည် အသျှင်သာရိပုတြာ၏ ဆို ဆုံးမသောသြဝါဒကထာကို ခံယူပြီးသည့်နောက် အသျှင်သာရိ ပုတြာနှင့် အသျှင်အာနန္ဒတို့ ကျောင်းတော်သို့ ပြန်ကြွသော ထိုညည်ဦးပင် သူဌေးကြီးကွယ်လွန်လေသည်။ "တုသိတံကာယံ ဥပ ပဇ္ဇိ"ဟု ပါဠိတော်၌လာသောကြောင့် တုသိတာနတ်ဘုံ၌ ဖြစ်သည်ဟုဆိုသည်။

ရှင်းပြဦးအံ့။ ။ကုသိုလ် အကုသိုလ်ဟိတ်တို့မှ ကင်းသော အဟေတုကဖြစ်သော စက္ခုဝိညာဏ်သည် နှစ်ပါးအပြားရှိ၏။ထို နှစ်ပါးတို့တွင် အနိဋ္ဌာရုံကိုဖြစ်စေတတ်သော အမနာပဖြစ်သော ဥပေက္ခာ စက္ခုဝိညာဏ်၊ ကြိဋ္ဌာရုံကိုဖြစ်စေတတ်သော မနာပဖြစ် သော ဥပေက္ခာစက္ခုဝိညာဏ်၊ထိုနှစ်ပါးသော စက္ခုဝိညာဏ်တို့ သည် ဝိပါက်အကုသိုလ်ခန္ဓာ၌ ပဋိသန္ဓေက ပါလာသောကြောင့် ထောင့်ငါးရာ ကိလေသာကုန်သော်လည်း ပရမတ္ထစက္ခာယတန သည် ချုပ်ပျောက်၍မသွားစကောင်း၊ ခန္ဓာပရိနိဗ္ဗာန် ပြုသော အခါမှသာလျှင် ချုပ်ပျောက်၍သွားသည်။ ထိုအခါအရဟတ္တ– ဖိုလ်၏မှီရာဝိညာဏ်သည်သာ ကျန်တော့သည်။

ရဟန္တာနှင့်ဥပေက္ခာ

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်များ ဥပေက္ခာသဟဂုတ်စက္ခု- ဝိညာဏ်ဖြင့် ကြည့်ရှုတော်မူသည်ဟု မြဲမြံမှတ်လေ။ယင်းကိုပစ် ၀ "ဥပေက္ခာသဏ္ဌာတိ"ဟူ၍ဟောတော်မူသည်။ရဟန္တာပုဂ္ဂိုလ်မှာ

ဆဋ္ဌင်္ဂုံပေကွာဖြစ်သော အာရုံခြောက်ပါးလုံးဌဋ္ဌဉာဏပေကွာခြောက်ပါးဖြစ်သည်ဟု မှတ်အပ်၏။ မနာပံဋ္ဌ သုခသဟဂုတ်ဝိညာဏ်အမနာပံဋ္ဌ ဒုက္ခသဟဂုတ်ဝိညာဏ်ဟုခွဲ၍မှတ်လေ။ အောက်မဂ်အောက်ဖိုလ်မှာ ဆဋ္ဌင်္ဂုံပေကွာမဖြစ်၊ မိမိမဂ်အားလျော်စွာသာဒဿနကိစ္စ,သဝနကိစ္စတပ်၍ ဥပေက္ခာဖြစ်နိုင်သည်။

ဝါဒနှစ်ပါးနှင့်ဥပေက္ခာ

ဥပနိဿဖြာဟူဏဝါဒဌဋ္ဌကား.... မကြည့်ဘဲ မကြားဘဲနေမှ ဥပေက္ခာ ဖြစ်သည်ဟု အယူရှိကြသည်။ ဗုဒ္ဓဝါဒဌဋ္ဌကား.... ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်ဖြစ်သည်ကိုသာလျှင်ဒဿနကိစ္စဟူ၍ဂင်း၊ ဒိဋ္ဌဒိဋ္ဌမတ္တံဟူ၍ဂင်း၊ဒိဋ္ဌနလိမ္ပတိဟူ၍ဂင်း၊စက္ခုနာရုံပံဒိသ္ဝာဥပ္ပဇ္ဇတိဥပေက္ခာဟူ၍ နိရုတ္တိဟာရနည်းအားဖြင့်သဒ္ဒါအမျိုးမျိုးပြား၍ ဟောသော်လည်း အတ္ထပဋိသမ္ဘိဒါမှာ အတူတူ ဟူ၍သာ မှတ်လေ။

ဝတ်ကြောင်နှင့်ကုန္ဒြိယဘာဝနာ

ထိုသို့ရှင်းပြခဲ့သော သဘော်အသီးသီးကို သုတမယဉာဏ်ဖြင့်နားလည်စေ၍ ဘာဝနာမယဉာဏ်ဖြင့် ထိုဧရာက်အောင် အားထုတ်နိုင်သောသူမှသာ ဤကုန္ဒြိယဘာဝနာကိုရနိုင်သည်။အပြောရလွယ်သော်လည်း သဘောမရပါက အချည်းအနှီးပင်မှတ်၊ပါဌာသိ ဝိယဖြာဟူဏကိုဟောသော ကုန္ဒြိယဘာဝနာနှင့် အနာဏာပိဏ်သူဌေးကိုဟောသော ဩဝါဒကထာ ဒေသနာတို့သည် သဘောအားဖြင့် အတူတူဟူ၍သာမှတ်၊ ဤဘာဝနာကို ဝတ်ကြောင် ပုဆိုးဝတ်၍နေသောသူတို့အား ဗုဒ္ဓသည်ဟောတော်မူအာဃာယ်ကြောင့် မဟောသနည်း၊ ဃရာဝါသ ကိစ္စများများ

လူတို့ဘောင်တွင် နေထိုင်ကြကုန်သော သူတို့သည် ဤဘာဝနာကို ထင်မြင်နိုင်ရန်အကြောင်း အလွန်နည်းပါး၍ ဟောတော်မမဟာမတ်။

မှတ်ချက်။ ။အနာထပိန် သူဌေးသည် ဝိညာဏ်ဒဲ့ယနှင့် ခန္ဓာဒဲ့ယကိုသိရုံမျှသာသိ၍ သောတာပန်ဖြစ်လေသည်။ တရားဘော်ကို အားထုတ်ခြင်းကိစ္စမပြုရသေးပေ။

ဤကျမ်း၌ သုံးပိုင်းသုံးကဏ္ဍတို့ဖြင့်ပိုင်းခြား၍ တန်ဆာဆင်ထားရပါသော်လည်း ကျမ်းရေးသူ၏စိတ်၌ ကြေနပ်မှုမရှိသေးပါ၊ ထို့ကြောင့် ဒုတိယအကြိမ်ရိုက်နှိပ်သောအခါမှု ကွန်ဖြူယအနုတ္တရ ဘာဝနာကို ထပ်မံဖြည့်စွက် ရိုက်နှိပ်မည် ဖြစ်ပါသည်။

ပစ္စုပ္ပန်၌ ဥပါဒါန် မဖြစ်စေရန်
နဂ္ဂဓ လောကံ ဥပါဒိယိဿာမိ၊ နစ မေ
ဂ္ဂဓံ လောက နိဿိတံ ဝိညာဏံ ဘဝိဿတိ။
=ဥပရိပဏ္ဏာသပါဠိ

ဂ္ဂဓလောကံ၊ ဤလောကကို။ နဥပါဒိဿာမိ၊ မစွဲလမ်းနှင့်ဟူ၍ နိဿယတို့၌ ဘဝသာပြန်ဆိုကြသည်၊ အဋ္ဌကထာ,ဋီကာတို့၌လည်း တိုက်ရိုက်ဖွင့်ဆိုချက်မရှိ၊ သို့သော် အသျှင်ဗုဒ္ဓပိယ မထေရ်ရေးသားသော ရူပသိဒ္ဓိကျမ်း၌ကား နေယျတ္ထအားဖြင့် ပရိယာယ သဒ္ဒါကိုဆောင်၍ ဖွင့်ပြသည်ကို သတိပြုအပ်၏။

အဝိဇ္ဇမာနံ ပိ ဟိ လောကော သဒ္ဒါဘိဒေယျတာယ
ဝိဇ္ဇမာနံ ဝိယ ဂဟေတွာ ဝေါဟရတိ။
—ရူပသိဒ္ဓိ

ဟိ၊ လောကသဒ္ဒါကို ထင်ရှားအောင်ပြဦးအံ့။ အဝိဇ္ဇမာနံပိ သတ္တာ,ဇီဝမရှိသောပညတ်ကိုလည်း။ သဒ္ဒါဘိဒေယျတာယ မြို့ဘာ

နိရုတ္တိသဒ္ဒါသည် ဟောအပ်သည်၏အဖြစ်ကြောင့်။ လောကော၊ ဥပါဒါနက္ခန္ဓာလောကသည်။ ဝိဇ္ဇမာနံဝိယ၊ သတ္တဇီဝရှိသကဲ့သို့။ ဝေါဟရတိ၊ ခေါ်ဝေါ်သုံးနှုန်းကြလေ၏။

သတ္တဇီဝ မရှိသော်လည်း

အဓိပ္ပါယ်မှာ– ဥပနိသျှ ဗြာဟ္မဏဘုရားယောင်တို့သည် ဗုဒ္ဓဟူသောအမည်ကိုခံယူ၍ကမ္ဘာလှည့်လည်ခါ တရားဟောကြလေသည်။တချို့က သမာပတ်ရှစ်ပါးကိုရကြသဖြင့် အလွန်လေးစားယုံကြည်ကြသည်။ထိုဘုရားယောင်တို့ဟောကြားသော တရားတို့သည် နိဃဏ္ဍုသဒ္ဒါကျမ်းတို့ပေတည်း၊(အမျက်အဆစ်အဖုအထစ်များပြားသည်ဟုဆိုလိုသည်၊) ဗုဒ္ဓ၏ပဋိဝေဓံ သာဿနာတော်ကိုနှောက်ယှက်ဖျက်ဆီး၏။ အသျှင်ဗုဒ္ဓပိုယသည် ပုရိသော ဂါမံဂစ္ဆတိ,ဟူသောပုဒ်၌ ပုရိသော၌ (သို)ဝိဘတ်သည် ဟောအပ်သော ယောကျ်ားဟူသော ဗာဟျတ္ထနှင့် ဓမ္မာရုံ ပရမတ္ထကိုနိဿက္ကဲ့,နိဇ္ဇီဝအနက်၌ပြု၏။ ထို့ကြောင့်သိစေကြောင်းဖြစ်သောပညတ်တိပထ, အမည်ဟူသော အဓိဝစနဂထ ပု-သဒ္ဒါ,ရီ-သဒ္ဒါ,သေ-သဒ္ဒါ ဟူသော နိရုတ္တိပထ, ဤပထသုံးပါးကို သမ္မာပထဖြင့်မသုံးဘဲ မိစ္ဆာပထဖြင့် ခေါ်ဝေါ်သုံးစွဲသော ဥပနိသျှဘုရားယောင်တို့၏ လမ်းစဉ်သို့ လိုက်ကြကုန်သော ဗျာကရုဏ်းစသောကျမ်းတို့သည် များစွာရှိကုန်၏။ ထိုကျမ်းတို့ကိုသာ အလေးပြု၍ ဗုဒ္ဓ၏ အတ္ထပဋိသမ္ဘိဒါကိုချောင်ထိုး၍ ထားကြလေသည်။

အနက်မှန်

ထို့ကြောင့်“ပရိယတ္တိဗဟုလော နော ဓမ္မဝိဟာရီ”ဖြစ်၍နေကြလေသည်။ ပရိယတ္တိ ဗဟုလော ဓမ္မဝိဟာရီတို့သည်ကား–အ

လွန်နည်းပါး၏။ ဥပနိဿဖြာဟမ္မဏဘုရားယောင်တို့၏ ဗာဟိ-ရကဖြစ်သော သဘောကိုသာအလေးပြု၍ကြိုးစားကြသည်၊ ဗုဒ္ဓ၏ ဝိညာဏဋ္ဌိတိ ဝိညာဏစရိုက သတ္တဝါသဖြစ်သော ဘူတရုပ်ကြီး လေးပါးတို့သည် သဘာမည်သည်ကို သတိမပြုကြကုန်၊ ယင်းကိုမှီ၍ဖြစ်သော စက္ခုပသာဒ ရူပါရုံစသော ဥပါဒါယရုပ် တို့သည် သတ္တနိသိတဖြစ်၍ သတ္တိဟု ခေါ်ရပြန်၏။ ထို့ကြောင့် ပုရိသော၌ အာကာရ ဓမ္မာရုံကိုသာလျှင် သတ္တဇဝဓမ္မိဟု ဟောသည်။ အဏည်ဒြဗ်ဝတ္ထုရှိသော သဘော့ကို နိဿတ္တနိဇ္ဇီဝ ဟူ၍ မဒဟာ၊ ဟောမဟော နှစ်ပါးလုံး၌ နိဿယနှင့် နိသိတဖြစ်၍နေသည်ကို ပညာမော် ကဗိကျော်တို့ ဆင်ခြင်တော် မူကြပါကုန်၊ ထို့ကြောင့် "ဣဓ လောကံ၊ ဤဓမ္မာရုံ ပရမတ္ထ ဖြစ်သော ဥပါဒါနက္ခန္ဓာ လောကကို" ဟူ၍သတိရှိတော်မူကြရာ၏။

ပန်ကြားချက်

အသျှင်ဗုဒ္ဓပိယသည် ဗျာကရဏ်းကျမ်းတို့ကို မွေ့နှောက်၍ ရူပသိဒ္ဓိကျမ်းကို ရေးသားစေကာမူ သမ္မာပထနှင့် မိစ္ဆာပထကို ခွဲခြားတော်မူသဖြင့် ထေရဝါဒ အယူရှိသော အသျှင်မြတ်ဟု မှတ်အပ်၏။ ထိုအသျှင်မြတ် ထေရဝါဒဖြစ်ခဲ့လျှင် စာသင်သား တို့သည်လည်း အသျှင်ဗုဒ္ဓပိယနောက်သို့ လိုက်တော်မူကြပါရန် လေးနက်စွာ ပန်ကြားအပ်ပါသည်။

သတိ။ ။ဥပနိဿဖြာဟမ္မဏဝါဒကို ဖျောက်ဖျက်၍ မရနိုင်အောင် အလွန်အကျွန် အသည်းစွဲ၍ စိတ်ဝင်စားလေ့လာထားသောပုဂ္ဂိုလ်များ ဤကျမ်းကိုမကြည့်ရှုသင့်ဟု ယူဆမိပေသည်။

ဣန္ဒြိယအနုတ္တရ ဘာဝနာကို ပြဆိုခြင်းပြီး၏။

နိဂမနံ

ဣဒါနေတ္ထ ပဝကွာမိ နိဂမနံ

ဣဒါနိ ဣမိသာ "ဂမ္ဘီရသဘာဝသမ္ပုဏ္ဏာ" နာမိကာယ ဋီပဂိယာ နိဂမနံ သခေ်ပေန ဝုစ္စတေ။

သာဟိ သာရသမ္ပုဏ္ဏာဟိ ဗုဒ္ဓပါဝစနဘူတာဟိ ကတိ ဂမ္ဘီရ ဘာရတီဟိ ဝိဘူသိတာ စေဝ နာနုပဂရဏေဟိ ထေရဝါဒံ သမုဒ္ဓ ရိတ္ဝာ ပါကဋီတတ္ဝာ ပကာသန္တော ဝိဘဇတိ ဝိဝရတိ ဥတ္တာနီ ကရောတိ၊ ယ္ဝာယံ နိဋ္ဌံ သမ့ာပနံ ဣဒံတာ ဂတော သမ္ဗတ္တာတိ နိဋ္ဌိတော။

တဗ္ဗစနံ ဝိတ္ထာရေမိ၊ ကိဉ္စာပိ၊ ဣမံ အာဘိဂမ္ဘီရ သဘာဝယုဂ သမ္ပုဏ္ဏံ လိခံတုံ မမ စိတ္တံ နတ္ထိ။ ကိ ပနေတ္ထ မမစိတ္တံနုဘ်ိတိဝဒါမိ၊ ဣမသ္မိ လောကေ ဗဟူနေဟိ ဗုဒ္ဓဿ ပါဝစနံ နုပညာယတိ၊ အပ္ပသုတေဟေဝ ဒုဗ္ဗညာ ဟောန္တိ ဥပနိဿ ဗြာဟ္မဏဝါဒေ ဂဏ္ဟာတိ၊ ဘဝဝဘာဒေသိတ သုဒ္ဓမ္မသမုပ္ပါဒေ ထေရဝါဒတ္ထ ပဋိသမ္ဘိဒေဉာဏံ ဇာနိတုံစေဝ ပဿိတုံစနေဝ သက္ကောန္တိ သုဇ နာ၊ နစဟောန္တိ သုလဘာ။

တသ္မာ စ ဘဂဝတော ဒေသိတော သုဒ္ဓမ္မ သမုပ္ပါဒေါ သု ဂမ္ဘီရော၊ ဂမ္ဘီရတ္ထတာယ သုဒုဒ္ဒသော၊ သေယ္ယထာပိ မဟာ သမုဒ္ဒေါ ဝိယ။

ဧဝံစ ပနဘဂဝတာ ဒေသိတံ ဓမ္မဋ္ဌိတိဉာဏံ နဝိဇာနန္တိတသ္မာ ဟိ မမ စိတ္တံ လိခိတ္ဝံ နိဋ္ဌိတိ ဝဒါမိ။

တထာပိ ဝေရိကွယ နံဂရေ သမ္မာဇီဝေနဇီဝိတံ ကပ္ပေတ္ဝာ နိဝါသော ယ္ဝာယံသပ္ပုရိသော အတ္ထိ၊ သ္ဝားယံ ဗုဒ္ဓါဒိရတနတ္တယ ဂုဏ သမ္မာပသန္နစိတ္တာသ ဆူးလေစေတိယသ္မေ ဂဂါပက ဘူတေန ကိုတ္တိသေသေန "ဥိးဘဏ္ဍန်း" နာမကေန သိဒ္ဓိ်တသ္မ ဘရိယာယ ဂေဟာသ္ဓာမိနိယာ "ဒေါအမာဇင်" နာမိကာယ နိမန္တိတော ဟံ တေသံ ဓမ္မာရာမသ္မ ဥပရိမတလေ ဒ္ဝါဒသဝဿာနိ သူရဒိနာနံ ရတ္တိဘာဂေ ဝေရိကွယ နာဂရိကာနံ ဥပနိသ္ဒ ဗြာဟ္မဏဝါဒံ ထပေတ္ဝာ ထေရဝါဒနယံ ဒတ္ဝာ မရမ္မရဋ္ဌပါကဋ္ဌ ဓမ္မကထိကော အဟောသိ။

ကေဒါဟံ တန္နာဂရိကေဟိ ဓမ္မရတေဟိ သိဿေတိ "ဣဒါနိ အာစရိယော မဟလ္လကော၊ သိဿာနံ ဟဒယံ သမပ္ပိတုံ သမတ္ထော ထေရဝါဒနယံ လိခိတ္ဝာ သိဿာနံ ဒဒါတူ" တိသမသမံ သညာစိတော၊ တဒါမေ "သိဿာနု ရူပေန ဂန္ထေန နာမ အတိဂမ္ဘိရ သဘာဝယုဂံ ဘဝိတပ္ပံ၊ တဂ္ဂန္တဿ စ အတိဂမ္ဘိရတ္ထတ္တာ သာမညု ပဋိလေဟိ ပဋိဋ္ဌောန လဘ္ဘေယျ၊ တထာပိ မရမ္မ ဝေါဟာရေဟိ ဥပမာဝိဘူသိတေဟိ ဗျ။ဒ္ဓိရိတ္ဝာ လိခိတော စုဋ္ဌမန္တက သဒိသမ်ိ ပဋိလံ အနာယာသေန ဗုဒ္ဓေန ပါပေတပ္ပဋ္ဌာနံ ပါပေယျာ" တိ အဝဂတိ အဟောသိ၊ တသ္မာ ဟိ အယံ အတိဂမ္ဘိရသဘာဝ သမ္မုဏ္ဏာနာမ ဋီပ္ပဂီ လိခိတာ။

တထာဟံ မမ ဥပကာရသ္မ အာစရိယသ္မ တတိယ ရွှေကျင် နိကာယ ဥက္ကဋ္ဌဝိနာယက မဟာထေရသ္မစ မသဋ္ဌကရတ္ထမ္ဘာရာ မိက မဟာထေရသ္မ စဂန္ထန္တရစ္ဆက ဘာဝပ္ပတ္ထဋ္ဌယ အကာရ

ပဒဝါကျ တဒတ္ထာ ဓိပ္ပါယတ္ထ ကောသလ္လ ဉာဏ သန္ဒါယကာနံ ဗဟူန အာစရိယာနံ စ တဂ္ဂုဏ္ဍေ မနသိတ္ဝာ ဣမာယ အတိဂမ္ဘီရ သဘာဝယုဂ သမ္ပုဏ္ဏာဂန္ထလေခန သခ်ါတာယ သမ္မာ ပဋိပတ္တိယာ ပဋိပူဇာမိ။

ယဒိ ပနေတ္ထ ဓမ္မိကာ အယုတ္တံ ပဿန္တိ၊ တံ ဗျ ပနေတ္ဝာသုဝဏ္ဏ မိဂ သုဝဏ္ဏ ဟံသာနံ စက္ခုသဒိသေန သောမနဿ သမ္ပယုတ္တ စက္ခုနာ ယုတ္တမေဝ ဂဏ္ဟန္တု။

ဣမိနာဟံ ဂန္ထကရဏ ပုဉ္ဉေန ပစ္စက္ခဘဝေယေဝ အရဟတ္တ ဖလဘာဂိ အဿံ၊ တဂ္ဂန္ထပရိစယ ယောဂိနောပိ တထေဝ တမ္ဖလ ဘာဂိ ဟောန္တု။

အယံ အတိဂမ္ဘီရသဘာဝသမ္ပုဏ္ဏာနာမ ဋီပကီ ဆဗ္ဗိသာဓိက တိသတေက သဟဿေ အဿယုဇ မာသေ ပုဏ္ဏမာသိယံ ရတ္တိ ဘာဂေ အဒြနက္ခတ္တေန စန္ဒ ယုတ္တ သမယေ ပရိနိဋ္ဌိတာ။

အတိဂမ္ဘီရ သဘာဝ စွယ်စုံကျမ်း ပြီး၏။

အာတိဂမ္ဘီရသဘာဝစွယ်စုံကျမ်း (၁)

အမှား	အမှန်	ကြောင်းရေ	စာမျက်နှာ
အလွန်အာ	အလွန်အမင်း	၁၆	၇
ဗျဂ်္ဃတ္ထ ဘော	ဗျဂ်္ဃတ္ထသဘော	၁၂	၁၅
ဝိညာ ၏	ဝိညာဏ်၏	၇	၃၉
ပဋိသိဝေဒီ	ပဋိသံဝေဒီ	၁၉	၄၂
ပစ္စယာဝိညာဏ်	ပစ္စယာဝိညာဏံ	၁၅	၄၅
ဓပဲ့ဝရုံဝိညာဏ်	ဓမ္မာရုံဝိညာဏံ	၁၇	၁၁၃
ဝိညာဏဒိဋ္ဌိ	ဝိညာဏဋ္ဌိတိ	၃	၁၁၅
လောဘာဘည်	လောဘသည်	၁၁	၁၃၄
အယ်သွဲ့ဓတာ	အာယသ္မာတော	၁၂	၁၄၁
ခန္ဓာ မျိုးထဲ	ခန္ဓာတမျိုးထဲ	၂၁	၁၄၁
ဤဇေသျင်ယမက	ဤအသျင်ယမက	၁၀	၁၄၂
ဘိက္ခဝေ၊ထို့။	ဘိက္ခဝေ၊တို့။	၁၆	၁၄၄
အခ်ပ်ပါယ်	အဓိပ္ပါယ်	၁၃	၁၄၇
ဇာတိဇရော	ဇာတိ,ဇရာ	၁၈	၁၄၉
တကယ်အကယ်	တဆာယ်,တကယ်	၁၆	၁၅၁
ဂဟဏ္ဍုပါဒါနနာမ	ဂဟဏ္ဍုပါဒါနံနာမ	၁	၁၅၅
ရင်းလင်းချက်	ရှင်းလင်းချက်	၁၉	၁၅၈
ဂမ္ဘီရယထာ	ဂမ္ဘီရကထာ	၂၂	၁၅၉
ဝယ	ခယ	၃	၁၆၄
နိဗ္ဗာနသော်ဟံနာမ	နိဗ္ဗာနသော်တံနာမ	၁၃	၁၆၅
ပဋိစ္စသမုပ္ပန်မည်	ပဋိစ္စသမုပ္ပန္နမည်	၂	၁၆၆
ပဝိနိဗ္ဗန္တစ်တိ	ပရိနိဗ္ဗန္တစ်တိ	၁၇	၁၆၇
အထည်ဖြဲ့	အထည်ခြဲ့	၁၉	၁၆၈
သုဉ်တအန်တ်	သုညတအန္တ	၁၀	၁၆၉

အမှား	အမှန်	ကြိုးရ	စာမျက်နှာ
ပရမတ္ထဘုရားတော်	ပရမတ္ထတရားတော်	၂၃	၁၆၉
အင်္ဂါတောင်သော	အင်္ဂါတောင်းသော	၁၅	၁၇၁
အသခ်ဘသည်	အသခ်တသည်	၁၇	၁၇၂
သခ်ါရုံတရား	သခ်ါရတရား	၁၆	၁၇၃
အနတ္တအရားကို	အနတ္တတရားကို	၁၈	၁၇၄
နဟေပံ	နဟေစံ	၂၄	၁၇၆
ဂျိုးကင်ဂျင်းကင်မကျန်	ဂျိုးကပ်ဂျင်းကမ်မကျန်	၁၉	၁၈၂
တခ်ဘ	သခ်တ	၁၁	၁၈၄
ထွင်းဖေါက်မြင်း	ထွင်းဖေါက်မြင်	၁၇	၁၈၆
အကြင်းသင်မယား	အကြင်လင်မယား	၁	၁၈၈
အဋ္ဌကထာ	အဋ္ဌကထာ	၈	၁၉၄
အနတ္တာတိမာ ဇီယန္တု	အနတ္တာတိ, မာဇီယန္တု	၁၇	၁၉၆
သုတ္တန်ပါဠိတော်	သုတ္တန်ပါဠိတော်	၁၃	၂၀၁
ဧသောဓမ္မော	ဧကောဓံမ္မော	၁၉	၂၀၃
ကျင့်သုံးအပ်ပြီး	ကျင့်သုံးအပ်ပြီ	၄	၂၀၄
ခန္ဓာဓသပျောက်စရာ	ခန္ဓာသေပျောက်စရာ	၁၃	၂၀၄
သသေသဝိရာဂ	အသေသဝိရာဂ	၁၆	၂၀၄
ဘံတထာဂတော	တံတထာဂတော	၁၂	၂၁၀
သံသရာသစဉ်တ်	သံသရာသစ်ဉ်တ်	၅	၂၁၁
ပရမတ္ထမ	ပရမတ္တမ	၃	၂၁၂
ဗုဒ္ဓသုဓေသီတို့	ဗုဒ္ဓသုတေသီတို့	၆	၂၁၅
ပဋိဘန္ဓေတည်	ပဋိသန္ဓေတည်	၁၁	၂၂၁
အတိပမ္ဘိရသဘာဝ	အတိဂမ္ဘီရသဘာဝ	၁၃	၂၂၃
ဆင်ခြင်းသော်	ဆင်ခြင်သော်	၉	၂၂၅

အမှား	အမှန်	ကြောင်းရေ	စာမျက်နှာ
သန္ဒိဋ္ဌိက	သန္ဒိဋ္ဌိက	၁၉	၂၂၆
သီလပရမီ	သီလပါရမီ	၂၀	၂၂၆
ခြစ်ကူန်ကြ၏	ဖြစ်ကုန်ကြ၏	၂၁	၂၂၆
သခ်ဘလက္ခဏရဟိတ္တိ	သခ်တလက္ခဏရဟိတ္တိ	၁၁	၂၂၇
ပညတ်ခြင်းဥါး(သိစေခြင်းဥါး)	ပညတ်ခြင်းဥါ(သိစေခြင်းဥါ)	၉	၂၂၈
အသခ်္ဘာပဲဟေဋိ	အသခ်ဘပဟေဋိ	၁၀	၂၂၈
ဂစ္ဆိမစိတ်ံ	ပစ္ဆိမစိတ်ံ	၁၆	၂၃၃
သေစအရဟာတ်ာဖို	သော—အရဟာတ်ာဖိုလ်	၁	၂၁၄
ဖြစ်ာသာ	ဖြစ်သော	၁	၂၃၄
အနန္တခုဂတ်	အနန္တဓာတ်	၁၀	၂၃၄
ပုဂ္ဂိုလ်ဘည်	ပုဂ္ဂိုလ်သည်	၂	၂၃၅
ပုဂ္ဂိုလ်သည့်	ပုဂ္ဂိုလ်သည်	၄	၂၃၅
ပုဂ္ဂိုလ်ဟည်	ပုဂ္ဂိုလ်သည်	၇	၂၃၅
ဟူဟောတော်မူသော	ဟု,ဟောတော်မူသော	၂၁	၂၃၆
အသျပ်မဟာမေဂ္ဃလိ	အသျင်မဟာမောဂ္ဂလိ	ဂ	၂၃၆
မေးသည်ဓဟုတ်	မေးသည်မဟုတ်	၂၀	၂၃၇
စက္ကူန္ဒြစ်ကွင်း	စက္ကုန္ဒြစ်ကွင်း	၅	၂၃ဂ
အနန္ဆိတ်	အနန္တိတ်	၃	၂၃၉
ဓမ္မာရုံဥပါဒါနက္ခန္ဓာ	ဓမ္မာရုံဥပါဒါနက္ခန္ဓာ	၁၉	၂၄၅
ဇီဝိတိန္ဒြျပ်	ဇီဝိတိန္ဒြရုပ်	ဂ	၂၄၇
ခုနစ်ရက်လွန်ံက	ခုနစ်ရာက်လွန်က	၂	၂၅၁
ပုဂ္ဂိုလ်ဘယောက်	ပုဂ္ဂိုလ်တယောက်	၄	၂၅၁
ထာဒေယျ	တောဒေယျ	၆	၂၅၁
သဗ္ဗညုဘဉာဏ်တော်	သဗ္ဗညုတဉာဏ်တော်	၇	၂၅၅
အသျင်မြတ်ဘို့မှာ	အသျင်မြတ်တို့မှာ	၉	၂၅၇
ဒုက္ခဿာဘိဟူ၍	ဒုက္ခဿာတိဟူ၍	၂၁	၂၅၉

အမှား	အမှန်	ကြိုးရေ	စာမျက်နှာ
ပရမတ္ထမ	ပရမတ္ထမ	၁၄	၂၆၁
ပရမတ္ထမ	ပရမတ္ထမ	၁၉	၂၆
ပဥ္စ ပါဒါနက္ခန္ဓာ	ပဥ္စုပါဒါနက္ခန္ဓာ	၁၁	၅၆
ရူ ပ ပါဒါနက္ခန္ဓာ	ရူ ပုပါဒါနက္ခန္ဓာ	၁၅	၂၆၂
အကြင်းသို့သော	အကြင်သို့သော	၁၂	၂၆၃
ဘာ သမုဒယာ	ဘာဝသမုဒယာ	၁၈	၂၆၈
ဗုဒ္ဓဟော်တော်	ဗုဒ္ဓဟ့ောတော်	၂၂	?
ဗုဒ္ဓဟော်တော်	ဗုဒ္ဓဟောတော်	၉	၂
ပုဒ္ဓဟော်တော်	ဗုဒ္ဓဟောတော်	၁၀	၂၇၀
သဋ္ဌာဟာဘနနိရောဓော	သဋ္ဌာယတနနိရောဓော	၁၅	၂၇၁
အနိစ္စာဝတမရမတ္ထာ	အနိစ္စာဝတပရမတ္ထာ	၁၃	၂၇၇
ဘယ်မဂိ	ဘယ်မဂ်	၁၈	၂၈၀
မနုသာ	မနုသာ	၉	၂၈၆
ကဲ့....ဘယ်လိုလုပ်ကြမလဲက....ဘယ်လိုလုပ်ကြဲမလဲ		၁	၂၈၈
ဥ နိသျှဖြဟ္မဏ	ဥပနိသျှဖြဟ္မဏ	၁၄	၂၈၉
ဝိပဿနပေက္ခာ	ဝိပဿနုပေက္ခာ	၁၆	၂၈၉
ဥပေက္ခာသဟဂတ်	ဥက္ခောသဟဂုတ်	၂၃	၂၉၁
ဖြစ်ပေါ်သော	ဖြစ်ပေါ်သော	၁	၂၉၆
ပါဋိတော်၌	ပါဠိတော်၌	၇	၃၀၅
အနာထပိန်သူဌေး	အနာထပိဏ်သူဌေး	၄	၃၀၇
အဓိဝစနဂထ	အဓိဝစန ပထ	၁၅	၃၀၈
သွားယံဗုဒ္ဓါဒိ	သွာယံဗုဒ္ဓါဒိ	၄	၃၁၁

သတိ.....စာမျက်နှာ(၂၉၄)စာကြောင်းရေ(၁၄)၌

ဥဒဗ္ဗေသဉ္ဉာဏပဋိဂမ္ဘီဟူသောစပုဒ်ဟာပိုနေပါတယ်